www.burmeseclassic.com



www.burmeseclassic.com

၂၀၁၄၊ ဖေဖော်ဝါရီလထုတ်၊ အတွဲ(၁၀)၊ အမှတ်(၂)

## ဂန္ထဝင်အမွေ


ပြည့်–နဝဒေး
(ပြည့်–မြင်ဗာဟုဘုရားတိုင်ရတု) .......... ၅


## ကဗျာ


| | | |
|---|---|---|
| တင်မိုး | (မြစမ်းမျက်ရည်) | ၆ |
| အံ့မောင် | (ချင်းတွင်းလှိုင်းတံပိုးများ) | ၇ |
| မောင်သင်းခိုင် | (ရန်ကုန်မှာရေးတဲ့ ကဗျာ) | ၈ |
| ပေါ်ဦးသစ် | (တံခါးတွေကို ငါ ဖွင့်လိုက်ပြီ) | ၉ |
| ကျော်ကျော်ခင် | (ဆင်းရဲခြင်းလွတ်ကင်းအောင်) | ၁၀ |
| နိုင်ဝင်းမိုရ်–တလုပ် | (သေတွင်းထွက်ကဗျာ) | ၁၁ |
| ဆွေရည်ရွှယ်အောင် | (မျောလွင့်နေသော စိတ်တိမ်တိုက်များ) | ၁၂ |
| မင်းမော်ကွန်း | (ရုပ်ရှင်–၁) | ၃၈ |


## ကဗျာအချပ်ပို


| | | |
|---|---|---|
| သားဦး | (ကျွန်းမကြီးလမ်း) | အချပ်ပို (၁) |
| မြတ်ဝေ | (စာသားရုပ်ရှင်) | အချပ်ပို (၂) |
| မောင်ရေချမ်း | (လူငယ်တစ်ယောက်) | အချပ်ပို (၃) |
| မောင်ရာစု | (ရာစုသစ် ပုဇွ) | အချပ်ပို (၄) |


## ကြယ်ပွင့်တို့လှုပ်ရှားမှု


| | | |
|---|---|---|
| အေးမြတ်သီ | (အကယ်ဒမီဆုကို ရလိုက်တာက ပရိသတ်တွေ သမီးကို ဘယ်လောက်ချစ်လဲ သိခွင့်ရစေခဲ့တယ်ဆိုတဲ့ ယွန်းယွန်း) | ၁၃ |
| အေးမြတ်သီ | (ကိုပိုင်းတော်လို့ ဖွေဖွေး အကယ်ဒမီ ရခဲ့တာပါ) | ၁၈ |
| သန္တာမော် | (ဘယ်နေရာကိုပဲသွားသွား မြန်မာ ဝတ်စုံကိုပဲ ဝတ်ခဲ့ပါတယ်ဆိုတဲ့ ထားထက်ထက်) | ၂၀ |
| မျိုးသီဟန် | (ငါသာ တကယ်လုပ်ရင် ဖြစ်မှာပါဆိုတဲ့ မေဖူးကို) | ၂၃ |
| အေးမြတ်သီ | (အနုပညာစိတ်ကြောင့် စိတ်ညစ်မှုဆိုတာ ဘာမှ မဟုတ်တော့ဘူးဆိုတဲ့ ညီထွဋ်ခေါင်) | ၂၇ |
| မျိုးသီဟန် | (ပရိသတ်ကို ရိုးသားစွာ ဝန်ခံလိုက်တဲ့ ဒီဒီး) | ၃၉ |
| ရွှေအမ်းသား | (ရိုးသားစွာ နေထိုင်ပြီး ဂီတမှာ ပျော်မွေ့နေတဲ့ သားကြီး) | ၄၂ |
| အေးမြတ်သီ | (ခရီးသွားလိုက်တာ ခွန်အားသစ်တွေ ရခဲ့တယ်ဆိုတဲ့ ကေကေမိုးမြင့်) | ၅၀ |
| မျိုးသီဟန် | (ဒီနှစ်သစ်ရဲ့အစဟာ ကံကောင်းခြင်းရဲ့အစလို့ ပြောတဲ့ သွန်းဆက်) | ၅၃ |
| ရွှေအမ်းသား | (ဖုန်းသီချင်းတွေနဲ့ အကျိုးပေးတယ်လို့ ပရိသတ်တွေ သတ်မှတ်ထားတဲ့ ရတနာမိုင်) | ၅၅ |
| အဋ္ဌလီ | (ကျော်ကြားအောင် တမင်မလုပ်ပါဆိုတဲ့ နန်းဆုရတီစိုး) | ၅၈ |




www.burmeseclassic.com

www.burmeseclassic.com



အဥ္စလီ (အဖေရော အမေရော အများကြီး ပံ့ပိုးခဲ့ပါတယ်ဆိုတဲ့ အောင်ရဲလင်း) ၆၁
ကေကေ (မြန်မာသံစဉ်တွေက ခက်တယ်ဆိုတဲ့ အာကာအောင်ခင်ဝင်း) ၆၄
အဥ္စလီ (အချိန်ကို လေးစားတန်ဖိုးထားတဲ့ ဝါဆိုမိုးဦး) ၆၆
မုံရွာညိုလေး (အကယ်ဒမီ ပြေတီဦး) ၆၉
အဥ္စလီ (အသားအရေပျက်စီးမှာ အရမ်းကြောက်တဲ့ သဥ္ဇာနွယ်ဝင်း) ၇၂
ကေကေ (လူပျိုကြီးဇာတာပါတယ်ဆိုတဲ့ ရဲသွေးနောင်) ၇၄
အဥ္စလီ (အပြုံးနဲ့ အနိုင်ယူမယ့် သက်သခင်) ၇၆

## သတင်း

သတင်းစကား ၄၆

BURMESE CLASSIC .com

## ရုပ်ကွင်း

ရွှေဖီး–ဓာတ်ပုံ (၃၉– ဗိုက်ပူ) ၃၀
ဘာမီတွန် (ခေသူမဟုတ်) ၃၂
မုံရွာညိုလေး (သပြေသွေးရဲ့ ဒိုင်ယာရီ) ၃၄
ဘာမီတွန် (နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ) ၃၆

## တစ်လတစ်ခါချက်စရာ

မအိမ်စိုး (အိမ်ရှင်မများအတွက် မသိမဖြစ် ဟင်းလျာပြင်ဆင်နည်း) ၉၄

## နိုင်ငံတကာအနုပညာရေးရာ

ဒဂုန်ကိုကို (ချစ်သူများပြီး မိန်းမမရှိသော စူပါစတား မင်းသားကြီး ဆယ်မန်ခန်း) ၇၉
ထွဋ်ဝင်းထွဋ် (အသက်ကြီးပေမယ့် မပျက်စီးသေးဘူးဆိုတဲ့ မင်းသားကြီး စတားလုံးနဲ့ ဒီနီရိုး) ၈၁
သက် (အယ်လ်ဘမ်အသစ်နဲ့ ထေရန်) ၈၃
သက် (မြေခွေးလူသား ဇာတ်လမ်းတွဲများနဲ့ အောင်မြင်တဲ့ မင်းသမီးငယ် ကင်ရိုဂျန်) ၈၅
သက် (Good Doctor စီးရီးရဲ့ ဖန်သားပြင်ပေါ် ရောက်လာပြန်တဲ့ မွန်ချာဝန်) ၈၈
သက် (တို့ကျောင်းတော်၊ ယောက်ျားတို့ဂုဏ်ရည်တွေနဲ့ လူသိများလာခဲ့သော ကင်ဝူးဘင်) ၉၀
သက် (ကိုးရီးယားသတင်းအတိုအထွာများ) ၉၂

## စာပေနှင့်အနုပညာရေးရာ

မြသန်းတင့် (မဟောသီတစ်ပါး၏ ဝေါဝိန်အလွမ်း ) ၁၀၂
မောင်သာနိုး (အအေးတိုင်းပြည်သို့ တစ်ခေါက်) ၁၁၅
ရက္ခသိန်းထွန်း– မြောက်ဦး (သက်လူမျိုးတို့၏ ဝတ်စားဆင်ယင်မှု) .......... ၁၁၈
ထက်မြက် (ကမ္ဘာကို ပြောင်းလဲခဲ့သော စာအုပ်များ) ၁၂၇
မောင်သစ်လွင် (လူထု) (နိုင်ငံချစ်စိတ် မျိုးဆက်ပြတ်လှ) ၁၃၇
ကျော်မျိုးမြင့် (ပြုံးသူမှာ မျက်ရည်စတွေနဲ့) ၁၃၈
မျိုးသန့် (နွေလယ်နေ၏ အရိုးစု) ၁၄၈

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| မောင်ခင်မင်-ဓနုဖြူ | (အိမ်ထောင်သက် နှစ်လေးဆယ်မှသည်) | ၁၅၁ |
| ဇေယျာလင်း | (Make It New နှင့် အယူလွဲမှု) | ၁၇၂ |
| စောမဥ္ဇူ (ဖျာပုံ) | (လှူငယ်နှင့် နိုင်ငံတော်သီချင်း) | ၁၇၉ |
| ငြိမ်း (ရွှေလီ) | (အညာစကားပုံ၊ အညာဆိုရိုးစကား) | ၁၇၇ |
| မှန်ဘီလူး | (ရေဒီယိုချစ်သူတစ်ဦး၏အမြင်) | ၁၈၈ |
| အောင်သန်းချစ် | (ဤအရာကို စာရေးဆရာဟု ခေါ်သည်) | ၁၉၀ |
| အောင်မိုးဆောင်း | (စိန်ရတုလူထုကြီးပွားရေးစာအုပ်တိုက် စာအုပ်ကောင်း) | ၁၉၁ |


## ဒဂုန်တာရာအမှတ်တရ


| | | |
|---|---|---|
| ဟံသာဝတီ ဦးဝင်းတင် | (ဒဂုန်တာရာ၏ မေးခွန်းတွေ) | ၁၆၅ |


## စာပေဝေဖန်ရေး


| | | |
|---|---|---|
| ဖြိုးထိန် | (မိုးလုံးပြည့် မှသာဝါဒ အင်တာဗျူး) | ၁၆၇ |


## ကျန်းမာရေးစောင့်ရှောက်မှု


| | | |
|---|---|---|
| ဒေါက်တာ အောင်ခင်ဆင့် | (ကျွန်တော်ကြိုက်တဲ့ လက်ဖက်ဆီဆမ်း) | ၁၄၂ |


## ခရီးသွားရသ


| | | |
|---|---|---|
| စိုးရီ- Tourism | (ခမာမြေတစ်ခေါက် ရောက်ခဲ့စဉ်က-၃) | ၉၇ |
| မောင်သန်းဆွေ ထားဝယ် | (ခဏာမဆိုင်း ဘရူနိုင်းသို့-၇) | ၁၃၁ |


## ဝတ္ထု


| | | |
|---|---|---|
| မစန္ဒာ | (ရှူယ်) | ၁၁၀ |
| ကြူးနှစ် | (တစ်ခါက မိုးတစ်ညမှာ) | ၁၂၂ |
| အေးလွင်-ကသာ | (ကျေးဇူးရှင်ကြီး) | ၁၃၄ |
| အံ့ငြိမ်းသာ | (စည်းမဲ့နာရီ) | ၁၄၄ |
| မေလှိုင်းဖြူ | (လွတ်လပ်စွာ ပြောဆိုခွင့်) | ၁၇၄ |


## စင်တင်ပွဲသစ်


| | | |
|---|---|---|
| နန်းကြာဖြူ(ဘားအံ) | (ကျွန်မ၏ မိတ်ဆွေသစ်ကလေးများ) | ၁၈၄ |


## ဝတ္ထုရှည်(စ-ဆုံး)


| | | |
|---|---|---|
| ထွန်းနိုင် | (အိပ်မက်မဟုတ်သော) | ၁၅၄ |


## အခန်းဆက်ဝတ္ထုရှည်


| | | |
|---|---|---|
| မှုဝံ | (မာလာ) | ၁၉၄ |


## ပေဒင်ကဏ္ဍ


| | | |
|---|---|---|
| စံ-ဇာဏီဘို (၇)ရက်သားသမီးပေဒင် | | ၂၀၅ |




www.burmeseclassic.com

www.burmeseclassic.com

ချစ်မောင် (အဝကျွန်း)

BARLCBLDMLDIL

ဘင်အင်ဦး

ဥက္ကာဦး၊ ဖိုးကျော်

ရှုမောင်

ရှုမောင်၊ မျိုးမင်းဦး

သီချင်းသတင်းဓာတ်ပုံ – ရွှေဖီး
အနုပညာသတင်းဘာသာနှံ့ – ကောင်းမြတ်ပိုင်၊ အေးမြတ်သီ
ဖန်တီးမှုအနုပညာရှင်များ – ပန်းချီဝင်းတင့်၊ ယဉ်မင်းပိုက်၊
မောင်မိုး၊ လင်းသစ္စာ၊ ကိုကိုနိုင်
ဓာတ်ပုံပညာရှင်များ – ဉာဏ၊ ရွှေဖီး၊ ကိုလင်း (Studio K)၊
အောင်မောင်ဝင်းကို (Sun Star)၊ ပြည့်ဖြိုးဖြိုး
စာပြင်ဘာသာနှံ့ – ဇာင့်လွင်
ကွန်ပျူတာစာစီ – မပတုတ်
မျက်နှာဖုံးရှင် – ယွန်းယွန်း
မျက်နှာဖုံးဓာတ်ပုံ – ကိုဉာဏ



www.burmeseclassic.com

အယ်ဒီတာအဖွဲ့ရုံး

အမှတ် (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၁ ...

www.burmeseclassic.com



## ကျွန်းမကြီးလမ်း

ငယ်ဘဝကို ပြန်ပြီးမိမလားလို့ မိုးရေကို လက်ဝါးလေးနဲ့ ခံကြည့်တယ်
ရှခင်းကို ပြန်များရမလားလို့ တိုက်တွေကို စိတ်ကူးနဲ့ ဖြိုချတယ်
တစ်ခါက သံယောဇဉ်
မျက်ရည်ရယ်သံ တလင်းပြင်နဲ့
မီးခိုးခြေရာ ပြာသာဒ်များ
စွန်ငယ်ကို ပြန်များရမလားလို့ ရစ်ဘီးကို အကြိမ်ကြိမ် ရစ်ကြည့်မိပါတယ်
ပုံပြင်ကို ပြန်ကြားရမလားလို့ နားတွေကို အခါခါစွင့်ကြည့်မိပါတယ်
သံသရာဆိုတာ လည်နေတဲ့ကြေးပြားစေ့ကို လက်ဖဝါးလေးနဲ့အုပ်ပြီး
ခန့်မှန်းရသလို
တောတန်းချည်ခင် မြက်ခင်းပြင်နဲ့
ဝင်းပနေရောင် ခြေသံများ
ကောင်းကင်ကို ပြန်များရမလားလို့ တိမ်ကျပ်ခိုးကို လှည်းကျင်းမိတာပါ
မြစ်ပြင်ကို ပြန်များရမလားလို့ သောင်ကမ်းစပ်ကို စောင့်ကြပ်မိတာပါ
ဒီမိုး
ဒီမြေ
ဒီလူတွေနဲ့
လောကဓံတရားဆိုသူရဲ့ အဖိတ်အစဉ်များလွန်းတဲ့ လမ်းထဲ . . . ။

သားဦး

www.burmeseclassic.com

www.burmeseclassic.com



# စာသားရုပ်ရှင်

ကျွန်တော်တို့ ရှင်သန်ကြတယ် သေဆုံးကြတယ်
ပြေးလမ်းပေါ်မှာ မရပ်မနား မောပန်းမှုတွေ နာကျင်မှုတွေ
အဆုံးသတ်မှာ နောက်ထပ်ဆာလောင်မှုတွေ ဝေဝါးလာတဲ့ သိစိတ်တွေ
အထပ်ထပ် အနည်ကျ
တွေ့ချင်တဲ့လမ်းတွေဆီ အချက်ပြပြီး ထွက်ခွာသွားသူတွေ။
ဝိုင်းဖွဲ့စားသောက်ဖို့ တိုက်ခိုက်ခဲ့ရပုံတွေ
ဘာကိုမှ မမြင်နိုင်ပေမယ့် မီးကင်ထားတဲ့ အသားတွေ
အဆီတွေ မီးထဲကို တစ်စက်ချင်း။ အငွေ့နဲ့ ညှော်နံ့တွေ
အမွှေးနံ့တစ်ခုအဖြစ် ဝမ်းမီးတောက်လောင်နေခဲ့တယ်။
နေထိုင်ဖို့အတွက် အခန်းကျဉ်းတွေ အနေကြာလာတဲ့အခါ
ထွက်ပေါက်ရှာဖွေဖို့၊ အဖြူနဲ့အနက်ဟာ ကျွန်တော်တို့အခန်းထဲ
အလှည့်ကျ ဝင်ရောက်လာတာ လက်ခံလိုက်ရ
ကျွန်တော်တို့ရဲ့ နောက်ခံကားချပ်တွေ အရောင်တွေမျိုးစုံ ပြောင်းလဲနေ တယ်
အလင်း အမှောင် ကစားခွင့်ရတဲ့ ပိတ်ကားတွေ
နွေရာသီမှာ လှည့်ဖြားတတ်တဲ့ တံလျှပ်တွေ
ဆောင်းရာသီရဲ့ မှုန်ဝါးမှိုင်းနေတဲ့ နှင်းမြူခိုးတွေ
မိုးရာသီပေါ်က ခုန်ဆင်းလာရတဲ့ ရေမှုန်တိမ်ရိပ်တွေ
ရုပ်ရှင်ထဲမှာ အသံတိတ်နေတဲ့ နေရာမှာ အမှန်တကယ် ဆွည်နေတာတွေ
ကျွန်တော်တို့ ဘာမှမသိခဲ့ဘူး တကယ့်ကို ဘာမှမသိခဲ့ဘူး။
အမှန်းတွေဆီက လွင့်ထွက်လာတဲ့
ချစ်ခြင်းတရားဆီက အသံထွက်လာတဲ့
ချုပ်နှောင်မှုတွေ။
ယုံကြည်မှုတွေက ထွက်လာတဲ့ အနာတရတွေ
သီချင်းတွေ ဆိုနေပေမယ့် ကျွန်တော်တို့ ငိုနေခဲ့ရတယ်
စာသင်ခန်းတွေဆီမှာ ကျွန်တော်တို့ သင်ယူကြရတယ်
ရှေ့အဆက်ဆက်က လူသားတွေ သိရှိခဲ့တာတွေ ပြုလုပ်ခဲ့တာတွေ
စစ်ပွဲတွေ တော်လှန်ရေးတွေ တွေ့ရှိခဲ့တာတွေ လေ့လာခဲ့တာတွေ
ကျွန်တော်တို့ဟာ မိမိကိုယ်မိမိ ကာကွယ်ခွင့်တွေ ရှိတဲ့အတွက်
မလုံခြုံတဲ့ လောကကြီးထဲမှာ နေထိုင်နေရမှန်း သိသာတယ်။
တောထဲမှာ အင်အားကြီးသူဟာ အနိုင်ရသလို သမိုင်းထဲမှာ
ဂွမ်းစတွေ ပတ်တီးလိပ်တွေ သွေးတွေနဲ့ နီရဲနေတဲ့ မြေကြီးတွေ
ကျွန်တော်တို့ဟာ ဆေးရုံတွေကို သွားခဲ့ကြရတယ်၊ ဆေးပေးခန်းတွေ လူနာတွေ
ဆရာဝန်တွေ၊ ဆေးနဲ့ ငွေတွေ
အေးစက်နေတဲ့ စာရွက်စာတမ်းတွေပေါ်မှာ ဘာတွေရှိနိုင်မလဲဆိုတာ
ပြောဆိုဝေဖန်ခဲ့ကြတယ်။
အချိန်တန်ပြီဆို ခြင်တွေဟာ ကိုက်ခဲဖို့ ရောက်လာမယ်
ရေမြောင်းတွေဟာ ပြည့်လျှံဖို့ ရောက်လာမယ်
ပိုးလောက်လန်းတွေ ကြွပ်ကြွပ်အိတ်တွေ ငြိမ်သက်နေတဲ့ ယင်ကောင်တွေ
အမြဲသွားလာနေရတယ် အမြဲ တိတ်ဆိတ်နေရတယ်။
လိုချင်တဲ့ ကမ္ဘာမှာ လိုတာမရတဲ့ ကလေးလေး။
အငတ်ဘေး အစာရေစာ ရှားပါးမှု၊ ငွေရှားသော အကျပ်အတည်းကာလ
အစိုးရ အဖွဲ့အစည်းတွေမှာ လည်ပတ်နေတဲ့ လုပ်ငန်းသဘောတွေ
ရုံးကိစ္စ၊ စာပို့ရန်၊ ခေါ်ယူတွေ့ဆုံခြင်း အစည်းအဝေး၊ ကွပ်ကဲမှု
သင်၏ လုံခြုံရေးအတွက် စစ်ဆေးနေပါသည် ကြည့်ဖြူစွာ စစ်ဆေးခံပါ။
အသေခံဗုံးခွဲသမားများ၏ အကြမ်းဖက် လူ့အခွင့်အရေး။

မြတ်ဝေ

www.burmeseclassic.com

www.burmeseclassic.com

# လူငယ်တစ်ယောက်

♛ လူငယ်တစ်ယောက်ရဲ့ နွေရွဲ့တွေဟာ
ချစ်ခြင်းမေတ္တာကို သိမ်းဆည်းပြီး ခပ်ဝဝရှိ လွှမ်းခဲ့ပါတယ်

♛ လူငယ်တစ်ယောက်ရဲ့ လက်သီးဆုပ်ထဲမှာ
အမှားလက္ခဏာ ဘယ်လောက်၊ အမှန်လက္ခဏာဘယ်လောက်
ဘယ်တော့ဖြစ်ဖြစ်
ရုန်းလို့မှမရတဲ့ ကမ္ဘာထဲမှာ တေးကိုသွေးပြီး တရားကိုလည်း မွေးထားခဲ့ရ
စိတ်လိုလက်ရ မှုတဲ့အခါ
ကြယ်ကြွေနေ့တွေ ကောက်ဖို့အတွက် အပြာရောင်အိတ်ကပ်လေး တစ်လုံးကို ချုပ်နေမိတယ်
စိတ်အချဉ်ပေါက်တဲ့အခါ
Tatannic ဇာတ်ကားထဲက လီယိုနာဒိုလို တံတွေးကို ကိုယ်နဲ့ အဝေးဆုံး ရောက်အောင် ထွေးပစ်ခဲ့

သေချာတာကတော့
တရားမျှတမှုကိုလည်း နိုင်ငံတော်အလံပမာ သဘောထား ဦးညွတ်ခဲ့ ပါတယ်
ပြီးတော့ လူငယ်ပီသစွာနဲ့
ချစ်ခြင်းမေတ္တာကို ခပ်ဖွဖွလေး နမ်းမွေးခဲ့ပါတယ်။

မောင်ရေချမ်း



www.burmeseclassic.com

www.burmeseclassic.com





## ရာစုသစ်ပုပ္ပ

♛ ပုပ္ပ
သင့်အထွတ်တင် ဦးခေါင်းမှာ
ဖြူလွလွ တိမ်တစ်ဆုပ်
သိုးဆောင်း ဦးထုပ်သို့ ရစ်ခွေ
သိုးကလေး ဆိုရော့ထင့်
♛ ပုပ္ပ
ရံခါတိမ်ခမောက် ဆောင်းတဲ့အခါ
သင့်စမ်းတွေတွေ သွန်းလောင်း
အချောင်းချောင်းတို့
တချောင်းချောင်း ဒေါသ
ဆတ်သေချောင်းလည်း ဖြစ်ရ
ဒေါင်းသေချောင်းလည်းဖြစ်ရ
♛ ပုပ္ပ
တော်လဲ ရှုံးကြွ
ခုံးထမြေအနို့ အစို့စို့ပေါက်ဖွား
သင့်ပခုံးသားနှင့် လက်ရုံးများတို့ ဆန့်တန်းရာ
ရေမဝေနိုင်တော့တဲ့
ရေဝေကုန်းတန်းများမှသည်
မြေလျော ပြန့်ပြူးရာ လွင်သို့တိုင် . . .
♛ ပုပ္ပ
နေရောင်ခြည်တည့်မတ်စွာ ကျရောက်ရာ
ငါတို့ရဲ့ မြောက်ခွင်တစ်ခို
ငါတို့ရဲ့ ရင်၊ ဝမ်းကို
ငါတို့ရဲ့ ကျောပြင်နဲ့သာ မိုးကာခဲ့ရ
ဟိုမှာ . . . တံလျှပ်တို့ တောထ
ဆပ်ပြာပွင့်တွေ တဝေဝေမွှင့်ကြွ
မြေကန္တာရ ဘဝကို တဝက်ဆုံးမခဲ့
မြေသူတော့လူနံ့
မြေနံ့တော့ လူသူ
မြေက လူကို ကူကယ်မရ
လူက မြေကို ကူကယ်မရ
ချပ်၊ ရှိ၊ ထူး ကျင်း၊ သင်းဖွဲ့ခုန်ကူး
တစ်တီတူးတွေက
တစ်တီတီးလို့ မြည်ကြွေးကြော်
'အမယ်မင်း' ငါတို့နားမှာတော့
ဖြစ်ပြီဖူးလို့ ကြားရသော် . . .

မောင်ရာစု (ပျဉ်းမနား)

www.burmeseclassic.com

www.burmeseclassic.com



ဂ န္ထ ဝင် အ မွေ

# ပြည်–မြင်ဇာဟုဘုရားတိုင်ရတု

သာလှမော၍ စုံတောဂနိုင်၊ ရွက်ချင်းဆိုင်သား
ရိပ်မြိုင်မြင့်ထက်၊ ရေကျောက်စက်ဝယ်၊ မြခက်ဝေဝေ
ပန်းသင်းခွေနှင့်၊ သပြေချရား၊ ကြိုင်ရှားသရဖီ
ထပ်စီရွှေသား၊ စကားအတိ၊ ပည်းမျှရှိလည်း
ဖာတိကျွန်းစည်၊ မင်းနေပြည်မှ၊ ရွှေခေတ္တာဝယ်
သက်မျှရွယ်တူ၊ အိမ်သူစုံတိ၊ သီရိကလျာ
မြူပြာနွဲ့နွဲ့၊ ကျန်ရစ်ခဲ့၍ ရှင့်လျက်ပင်
ညှိုးမရှင်တည့်၊ သူ့ခွင်ရပ်မြေ၊ ချီရလေသော်
ညာကြေကျော်သောင်း၊ တန်းခိုးခြောင်းသား
ဘေးလောင်းဘုန်းခေါင်၊ ဒွတ္တဘောင်လျှင်၊ ငါးထောင်သာသနာ
တည်စိမ့်ငှာဟု၊ ကြည်စွာကောင်းမှု၊ ထားခဲ့ပြုသည်
ဇာဟုတောင်ထိပ် မိုဖျားသောဝ်။

ပြည်–နဝဒေး

www.burmeseclassic.com

www.burmeseclassic.com



# မြစမ်းမျက်ရည်

ကိုယ့်နေရာ
သာယာသည်ဖြစ်စေ
နုံချာသည်ဖြစ်စေ
ကိုယ့်ရွာ၊ ကိုယ့်ရပ်၊ မိခင်မြတ်တည့်။
မည်မျှကြီးမြင့်၊ မည်မျှတင့်လည်း
မပွင့် နေခြည်၊ အုံ့မှိုင်းသည်သို့
မကြည်မွေ့ရှေ့၊ သူ့ရပ်မြေတည့်။
သူတို့စကား၊ သူတို့ကြား၌
ပျားသို့မချို၊ မိုးသို့မလန်း၊ ပန်းသို့မရွှင်
ကိုယ့်မိခင်ကို၊ တမြင်မြင်တမ်း၊ အစဉ်လွမ်းခဲ့။
ရေချမ်းစင်က၊ ရေကြည်မြကို
သောက်ရပေဖူး၊ သူကျေးဇူးကို
အထူးသိလည်း၊ ဇာတိလွမ်းနာ၊ မပြေသာခဲ့။
သူ့မြေမှာမူ
သာယာဘိခြင်း၊ သင်းပါဘိတောင်း
ကောင်းပါဘိတကား၊ အသီသားပင်
တရားလက်ကိုင်၊ ဆင်ခြင်နိုင်လည်း
မနိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းသည်
မြစမ်းမျက်ရည် စိမ့်စိမ့်တည်း။

တင်မိုး

www.burmeseclassic.com

www.burmeseclassic.com





# ချင်းတွင်းလှိုင်းတံပိုးများ

စိမ်းလည်း စိမ်းစွ
မြန်လည်း မြန်စွ
ပြင်းလည်း ပြင်းစွ
မြစ်မချင်းတွင်း
လှိုင်းနှင်းလှိုင်းတက်
လှိုင်းလက်လှိုင်းဖြာ
ဝေးစွာ ခရီး
သူခုန်စီးသည့်
တောင်ကြီးများကို
ကျော်ဖြတ်ကျော်ဖြတ်လေ။
တနိုင်းခ တရုန်ခ
မြစ်လှမ္မာဆင်း
တောင်မင်းခါကာဘိုရာဇီ
စာရာမေတိ ပတ်ကွိုင်
ဟူးကောင်းလိုဏ်မှ
မြားပြိုင်လွှတ်နှယ်
တောင်ဟုန်သွယ်ကြ
မိုင်နယ် ဂျွဝ
ရောမယ်နှင့်
ဆက်သွယ်ပူးပေါင်း ပူးပေါင်းလေ။
ချင်းတွင်းတဲ့လေ
တောင်ခြေတောရစ်
သဲသောင်သစ်နှင့်
ဖွင့်လှစ်မြို့ရွာ
ပန်းပျိုးလာခဲ့
နာဂ ချင်း ရှမ်း
ဗမာ စွမ်းရည်
လယ်ယာစည်၍
တိုင်းပြည် မြန်မာ
တည်ကြတည်ကြလေ။
ချင်းတွင်းတဲ့လေ
ရွှေမြေပရိမ္မ
မင်းခမ္မ ကျွန်စစ်
မွေးမြေဖြစ်၏
ပြည်ချစ်သားလှ
ဗန္ဓုလနှင့်
ကြီးစွဉာဏ်ရည်
ဘုန်းလယ်တီတို့
မြန်ပြည်ဂုဏ်ရောင်
ဆောင်ကြဆောင်ကြလေ။
ချင်းတွင်းတဲ့လေ
မိမြေကို ချစ်
နယ်ချဲ့ညစ်ကို
ခုတ်ထစ်တော်လှန်
ဆရာစံနှင့်
အဂ္ဂတောင်မှ
မောင်သန့်ထ၏
ကြီးလှ ရာဇဝင်
မော်ကွန်းတင်သူ
အရှင် ဦးဝိစာရ
သွေးလမ်းပြခဲ့
သခင်လေးမောင်
ဂုဏ်ရောင် ဒို့ဗမာ
ခေါင်းဆောင်လာခဲ့
ဆရာသိန်းဖေမြင့်
ဖွင့်လှစ်တော်လှန်ရေး
ဖက်ဆစ်ပြေးခဲ့
လွတ်ရေး တို့ကြိုး
လှိုင်းတံပိုးထန် ထန်လေ။
ချင်းတွင်းတဲ့လေ
တောင်သူတွေလည်း
တောင်သူအလိုက်
အလုပ်သမားတွေလည်း
အလုပ်သမားတွေအလိုက်
ကျောင်းသားတွေလည်း
ကျောင်းသားအလိုက်
အမျိုးသမီးတွေလည်း
အမျိုးသမီးအလိုက်
လူမျိုးစုတွေလည်း
လူမျိုးစုအလိုက်
လူထုတွေလည်း
လူထုအလိုက်
တိုက်ပွဲဝင်ကြ
လှဖို့ ချင်းတွင်း
မြန်မာ မြန်မာလေ။
ချင်းတွင်းတဲ့လေ
သည်မြေသာမော
ကြေးနီကြောတူး
မြူတောလက်ပံတောင်း
တောင်တော်ခေါင်းဖြတ်
လက်ဖြတ်ခြေဖြတ်
သားမြတ်ဗိုက်ခွဲ
အူအသည်းနုတ်ဆွဲ
ရိုင်းယုတ်စွကို
မြစ်မချင်းတွင်း
သားသမီးရင်းတို့
ရင်ချင်းတွဲယှက်
ကန့်ကွက် ကန့်ကွက်လေ။
ချင်းတွင်းတဲ့လေ
လှိုင်းထန်ရေသည်
စီးနေလျက်သာ
မြန်မာလူထု
စုဝေး ချီတက်
ရှေ့တိုးလျက်သာ
သာယာ လှပ
ငြိမ်းမြ လွတ်လပ်
မြင့်မြတ်တရား
စီးပွား ကြွယ်ဝ
တူမျှ တန်းညီ
တို့တိုင်းပြည်ကို
ဆောက်တည်
ဝိုင်းဝန်းဝိုင်းဝန်းလေ
ငြိမ်းချမ်း ငြိမ်းချမ်းလေ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



# ရန်ကုန်မှာရေးတဲ့ကဗျာ

(၁)
စပိန်ပြည်ရဲ့
ဖက်ဆစ်အာဏာရှင်ကြီး
'ဖရန်ကို' ကွယ်လွန်သွားပြီဆိုတဲ့ သတင်း
တစ်နိုင်ငံလုံးက ပြည်သူတွေ ကြားလိုက်ရတော့ . . .
သမားရိုးကျ မြန်မာစကားနဲ့ ပြောရရင်
လှည်းနေလှေအောင်း မြင်းဇောင်းမကျန်
အိမ်ပေါက်စေ့ တစ်အိမ်တစ်ယောက်မကျန်
အနှစ်နှစ် အလလက စစ်သံချွာအောက်မှာ
ပြားပြားဝပ်ခဲ့ရတဲ့ ဦးခေါင်းတွေ
ထူမတ်လာကြပြီး လမ်းမတွေပေါ် ထွက်လာခဲ့ကြ
လွတ်ပြီဟေ့ ကျွတ်ပြီဟေ့ မင်းဆိုးမင်းညစ်
ဖက်ဆစ်လက်က လွတ်ပြီ ကျွတ်ပြီဟေ့ လွတ်ပြီ
အိမ်ရှင်မ မိန်းမသားထုကြီးကလည်း ဟော့သလို မေတ္တာပို့ကြလေရဲ့
ဟဲ့ . . . သေနာကောင်၊ သေခြင်းဆိုး 'ဖရန်ကို' နင့်အလှည့်ရောက်ပြီလေ
ဟဲ့ အုတ်ကြားမြက်ပေါက်ကောင်ရဲ့ သွားတော့၊ သွားတော့
ငရဲမင်းကြီးရဲ့ သံသရာဝဲဂယက်မှာ နင်လည်စင်းခံပေရော့
ဟဲ့ . . . 'ဖရန်ကို'အလှည့်ကျရင် မခွဲ့ရဘူးဆိုတာမှတ်ထား။ ။
(၂)
အဲဒီညက
'ဖရန်ကို' . . . ကို ကောင်းချီးပေးတဲ့အနေနဲ့
တစ်ပြည်လုံး ပျော်ရွှင်မှု အထိမ်းအမှတ်အဖြစ်
သောက်လိုက်ကြတဲ့ အရက်တွေ စပိန်တစ်ပြည်လုံး
ရှန်ပိန်တွေ ပြတ်သွားကြသတဲ့
အဲဒီအကြောင်းကို သတင်းစာတွေက ရေးသားခဲ့ကြတယ်။ ။
(၃)
ကဲ . . နေထက်နိုင်ရေ့ . . တို့လည်း
လိုရမယ်ရပေါ့ကွာ
ဘယ်လိုအရက်မျိုးပဲဖြစ်ဖြစ်ပေါ့လေ
မင်းတို့ ငါတို့ ခုကတည်းက
ကြိုတင်ပြီး စုဆောင်းကြရင်
မကောင်းဘူးလားဟေ့။

မောင်သင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

# တံခါးတွေကိုငါဖွင့်လိုက်ပြီ

တံခါးတွေကို ငါ ဖွင့်လိုက်ပြီ
လေကောင်းလေသန့် မရလည်း
တံခါးတွေကို ငါ ဖွင့်လိုက်ပြီ
အရင်လူတွေအကြောင်းလည်း သိစရာမလိုတော့
ဆံပင်ဖြူတစ်ချောင်းလည်း ကြည့်စရာမလိုတော့
တံခါးတွေကို ငါဖွင့်လိုက်တာ
ခံစားမှုအားလုံး လွင့်စဉ်လျှံကျ
ငါ ရခဲ့တဲ့ ဒဏ်ရာအားလုံး
ငရဲတွင်းဝဆီ ပြန်ကြွသွားပြီ။
ဟိုတုန်းက
တံခါးတွေကို ဖွင့်လိုက်ရင်
ခရမ်းရောင် စွယ်တော်ပွင့်တွေ
တောင်ကုန်းပေါ်က နေခြည်တွေ
အလွမ်းတကာကို ရမ်းခါသွားစေနိုင်တဲ့
ရာသီဦးကလေးတွေ
ငါ မခူးခွတ်ခဲ့တဲ့
အပင်ပေါ်က သစ်သီးမှည့်တွေ။
အလွမ်းဆီ ရောက်အောင်
ဖောက်ထားတဲ့လမ်းတွေ
အနမ်းနဲ့နီးအောင်
ခွေးထားတဲ့ သီချင်းတွေ
အလင်းဓာတ်နည်းအောင်
မှိုင်းမှောင်တဲ့နေ့တွေ
အခု
ငါ
မခံစားလိုတော့ပါ။
တံခါးတွေကို ငါ ဖွင့်လိုက်ပြီ
ငါ ဖွင့်လိုက်တဲ့ တံခါးတွေကို
ငါ ဘယ်တော့မှ
ပြန်မပိတ်တော့ပြီ
တံခါးတွေကို ငါ ဖွင့်လိုက်ပြီ။

ပေါ်ဦးသစ်



www.burmeseclassic.com

www.burmeseclassic.com



# သင်းရဲခြင်းလွတ်ကင်းအောင်

♛ မြေညီတယ်ဆိုရင်ပဲ
အနိမ့်ကို ဖို့ပြီး ညှိရတာ ခက်ခဲတယ်
အမြင့်ကို ဖြိုပြီး ညှိရတာ သဘာဝ . . .
♛ မျှမျှတတ လုပ်မယ်ဆိုရင်ပဲ
အပိုအလျှံတွေကို
လိုနေတဲ့နေရာမှ ဖြည့်ရတာ သဘာဝ . . .
♛ အလှူအတန်းစနစ်ရဲ့ ပထမဆုံးအလှူဟာ
စတုဒိသာပဲ . . .
♛ အမြင့်မြတ်ဆုံး ကထိန်သင်္ကန်းဟာ
အချို့တဲ့ဆုံး ရဟန်းအတွက် ရည်စူးတာပဲ . . .
♛ သင်းရဲခြင်းကင်းအောင်ဆိုရင်တော့
ရိုးရိုးနဲ့ ရှင်းရှင်းပြောမယ်
ဆယ်ဘဝစာလောက် ရှိတဲ့လူတွေဆီက
တစ်ဘဝစာလောက် ဖဲ့လိုက်ပေါ့ . . .

ကျော်ကျော်ခင်

www.burmeseclassic.com

www.burmeseclassic.com

# သေတွင်းထွက်ကဗျာ

အလင်းရောင်မရှိလို့ မှောင်ရိပ်ခိုခဲ့ရသောညများ
မြူလိုလို နှင်းလိုလို အဆိပ်ငွေ့မှုန်းကျပ် နံနက်ခင်းများ
မြေကိုခွဲ၍ ငရဲမီးလျှံတောက်ပခဲ့သော နေ့ရက်များ
နှလုံးမခုန်တစ်ချက် ခုန်တစ်ချက် အသက်ငင်နေသော
 ဆည်းဆာများ
ချစ်သူတွေအပေါ် ဖိစီးလေးလံခဲ့သော ဆန္ဒဖော်ကျောက်တုံးများ
ညာဏ်နည်းသူ ဗာလနံတို့ရဲ့ စိတ်ကူးယဉ်သုပေယာင်အိပ်မက်များ
ငါတို့ ဖြတ်သန်းခဲ့ရ
ငါတို့ မသေမရှင် ရှေ့လျှားလာခဲ့ရ။
အမှောင်အားဖြင့် ထုံးခတ်ထားသော နံ့ကျုံးမှ
အသူရကာယ်တမျှ ဆင်းရဲခြင်းကြီးလှသော တွင်းနက်မှ
လွတ်မြောက်လာစ ချစ်သောကဗျာ
ချစ်ခြင်းအမွန်ဖြင့် ဆက်ရန်ခရီးရှိနေဆဲပါ
သေတွင်းထွက်ခဲ့ပြီလို့ မယုံရဲသေးပါ ချစ်သောကဗျာ
ဒီတောင်ကို တကယ်ကျော်ခဲ့ပြီလား ချစ်သောကဗျာ။

နိုင်ဝင်းဆိုင် (တလုပ်ငြိ)



www.burmeseclassic.com

www.burmeseclassic.com

# မျှော်လင့်နေသောစိတ်တိမ်တိုက်များ




ရာသီဥတုက အိုက်စပ်စပ်နဲ့
မုန်တိုင်းများ ရှိလေဦးမှာလား
ပင်လယ်လေကြောင့် နဂိုမဖြူတဲ့ အသားတွေ မည်းကုန်ပြီ
လက်ရှိ ကာလထဲမှာ
ပီတိရက်စွဲထက် သောကအချိန် ပိုများနေတာ
သတ်ပုံမှားတဲ့ ဇာတ်ညွှန်းတစ်ပုဒ်လား
ရင်ဘတ်က နာကျင်နေမှာတော့
အခန်းကျဉ်းကလေးထဲ အလွမ်းငွေ့တွေ များနေတာ ဘာဆန်းလဲ
မချစ်သင့်တာကို ချစ်မိသွားပေမယ့်
မဖြစ်သင့်တာတွေ မဖြစ်အောင် စောင့်ထိန်းရမှာပဲလေ
တစ်ချိန်ချိန်ကို မျှော်ရင်း
ပွဲစဉ်တစ်လျှောက်လုံး ကြိုးစားခဲ့ပြီးမှ
ပယ်နယ်တီနဲ့ အရှုံးပေးရတော့မှာတဲ့လား
ဒဏ်ရာရ သိုးငယ်လေးအကြောင်း
ဘာသာသုံးမျိုးနဲ့ စာလုံးပေါင်းထားတယ်
စောင့်နေရမှာကို စိတ်မရှည်ချင်တော့ဘူး
ဘဝက
ဆယ့်နှစ်ရာသီ မီးပျက်နေလေတော့
ကိုယ်တစ်ယောက်တည်းလိုနေတဲ့ လူ့စုံစုံ မိသားစုရုပ်ရှင်ကားကို
ဘယ်နေ့ကျမှ ကြည့်ရမှာတဲ့လဲ။

ဆွေရည်ရွှယ်အောင်

www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီဆုကိုရလိုက်တာကပရိသတ်တွေ
ယွန်းကိုဘယ်လောက်ချစ်လဲသိခွင့်ရစေခဲ့တယ်

# အကယ်ဒမီ ယွန်းယွန်း

ဒေအးမြတ်သီ

တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီဇာတ်ကားနဲ့ ကလေးသရုပ်ဆောင် အထူးဆုဖြစ်တဲ့ အကယ်ဒမီထူးချွန်ဆုကို ဆွတ်ခူးခဲ့တဲ့ ဆယ်ကျော်သက်ကောင်မလေးတစ်ယောက်ပါ။ ပါးမှာ ပါးချိုင့်လေးနှစ်ဖက်နဲ့ ချစ်စရာကောင်းတဲ့ ကလေးသရုပ်ဆောင်လေးက အခုချိန်မှာ မင်းသမီး ဘဝ အကူးအပြောင်း ကာလထဲကို ဝင်ပါတော့မယ်။ ပရိသတ်တွေရဲ့ ဂရုစိုက်မှု၊ ချစ်ခင်မှုကို ပြည့်ပြည့်ဝဝ ရထားတဲ့ ကောင်မလေး က ကျောင်းစာတစ်ဖက်၊ အနုပညာအလုပ်တစ်ဖက်နဲ့ နှစ်ဖက်စလုံးကို မလစ်ဟင်းရအောင် ကြိုးစားနေပုံက တကယ့်ကို ချီးကျူးစရာပါ။ ဇန်နဝါရီလ ၁၉ ရက်နေ့ သူမရဲ့ မွေးနေ့ကို သူမရဲ့ ရိုက်ကွင်းရှိရာ ချောင်းသာမှာပဲ ကုန်ဆုံးခဲ့တယ်လို့ သိရပါတယ်။ ရုပ်ရှင်တေးကဗျာ အဖွဲ့သားအားလုံးမှလည်း ဇန်နဝါရီ ၁၉ ရက်နေ့မှာ ကျရောက်မယ့် ညီမလေးယွန်းယွန်းရဲ့ ၁၄ နှစ်ပြည့် [illegible] ကျန်းမာချမ်းသာ လိုအင်ဆန္ဒ ပြည့်ဝပြီး အောင်မြင်သော မင်းသမီးတစ်လက်အဖြစ် အနာဂတ်မှာ ထွန်းလင်းတောက်ပပါစေလို့ ဆုတောင်းပေးလိုက်ရင်း ပရိသတ်ကြီးအတွက် ညီမလေးယွန်းယွန်းရဲ့ အင်တာဗျူးလေးကို တင်ဆက်ပေးလိုက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com



**မေး– လတ်တလော အနုပညာလှုပ်ရှားမှု အကြောင်းလေး တစ်ချက်လောက် ပြောပေးပါဦး။**

ဖြေ– လက်ရှိမှာ ဦးညီညီထွန်းလွင် ရိုက်ကူးတဲ့ 'ဝါစိမ်းနီကမ္ဘာသိမ်းမည်' ဆိုတဲ့ (Skynet ရုပ်သံဇာတ်လမ်းတွဲ) ကားလေးမှာ စီနီယာ သရုပ်ဆောင် အများကြီးနဲ့ ပါဝင် သရုပ်ဆောင်ထားပါတယ်။ ကာရိုက်တာက ဆယ်ကျော်သက်အရွယ် ကောင်မလေးအနေနဲ့ပါ။ ပြီးတော့ မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက် ဓာတ်ပုံရိုက်ပေးဖြစ်နေပါတယ်။

**မေး– ဝါစိမ်းနီ ကမ္ဘာသိမ်းမည် ဆိုတဲ့ ဇာတ်ကားမှာ ပါဝင်ရမယ့် ကာရိုက်တာအတွက်**



**ဘာတွေ ပြင်ဆင်ခဲ့ရလဲ။**

ဖြေ– အရမ်းကြီး ပြင်ဆင်စရာမလိုပါဘူး။ အဲဒီထဲက ကာရိုက်တာကလည်း သမီးရဲ့ အပြင်ကာရိုက်တာနဲ့ ခပ်ဆင်ဆင်ပဲ ဆိုတော့လေ။ ဇာတ်ညွှန်း သေချာဖတ်တာလောက်ပဲ ရှိပါတယ်။

**မေး– လက်ဦးဆရာတွေက။**

ဖြေ– ဘွားဘွားဒေါ်သဲနုခိုင်၊ အောင်ပြည့်စုံ (ထုတ်လုပ်သူ)၊ ဦးပြုံး၊ ဦးကျော်ဟိန်း၊ ဦးကျော်ဇော်လင်း (အတွေးပုံရိပ်)၊ ဦးဝိုင်း၊ ဦးညီညီထွန်းလွင်တို့ပါ။

**မေး– ပထမဦးဆုံး ကလေး သရုပ်ဆောင် ဖြစ်ဖို့ အကြောင်းဖန်လာတာကကော။**

ဖြေ– ဘွားဘွား ဒေါ်သဲနုခိုင်ရဲ့ ရှုတင်ကို စရောက်တာ Porducer နဲ့ ဘွားဘွားက မိတ်ဆက်ပေးရင်းနဲ့ Producer က သမီးကို ချစ်ပြီး ဝင်သရုပ်ဆောင်မလား မေးတယ်။ သမီးကလည်း စနေတယ်ပဲထင်ပြီး လုပ်မယ်လို့ ပြောလိုက်တာ။ နောက်မှ တကယ်ပြောတာ ဖြစ်နေတယ်။

**မေး– လက်ရှိ အခြေအနေက ညီမလေး မျှော်လင့်ထားတဲ့ အခြေအနေမှာ ရှိနေပြီလား။**

ဖြေ– အနုပညာလောကထဲမှာ နေရတာ ကြာပြီဆိုတော့ နေသားလည်း ကျနေပြီ။ စီနီယာတွေကို ချစ်တယ်။ ပရိသတ်တွေကို ချစ်တယ်။ အခုလို ကလေး သရုပ်ဆောင်အနေနနဲ့ ကြာကြာ ရပ်တည်ရတဲ့အတွက် ကျေနပ်ပါတယ်။ သမီးက အနုပညာကို အရမ်းကြီး ရူးသွပ်လို့ ဝင်လာခဲ့တာ မဟုတ်ဘူး။ လမ်းတွေက သမီးရဲ့ရှေ့မှာ အလိုလို ပွင့်လာတာ သမီးစပြီး ကလေး သရုပ်ဆောင်လုပ်တဲ့အချိန်မှာ သရုပ်ဆောင်တွေက ရှားနေတယ်။ သမီးဆရာတွေကလည်း အသင်အပြ ကောင်းကြတော့ တဖြည်းဖြည်းနဲ့ ကြိုးစားချင်စိတ် ပေါက်လာတယ်။ ပရိသတ်တွေ ရှိတဲ့အတွက် ပိုပြီးတော့ အနုပညာကို ချစ်တတ်လာတယ်။ ဒီ့ထက်မက ကြီးကြီးမားမား မမျှော်လင့်ထားပါဘူး။

**မေး– ဆယ်ကျော်သက်အရွယ် ညီမလေး အနေနဲ့ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ အကြောင်း ပရိသတ်သိအောင် ပြောပေးဦး။**

ဖြေ– တစ်ခါတလေတော့လည်း သူများ ကလေးတွေလို လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါးလေး နေချင်တာပေါ့။ တခြားကလေးတွေက တစ်ခုတည်းမှာပဲ အာရုံစိုက်နေရတဲ့ အချိန်မှာ သမီးက အနုပညာနဲ့ ကျောင်းစာ နှစ်ခုမှာ အာရုံစိုက်နေရတယ်။ အဲဒီလောက်ပဲ ကွာဟချက် ရှိတာပါ။ ကျန်တဲ့ အခက်အခဲ ကြီးကြီးမားမား မရှိပါဘူး။

**မေး– ဟိုတလောက ကျောင်းမှာလည်း ညီမလေး ဆုယူရသေးတယ်နော်။**

ဖြေ– ဟုတ်ကဲ့၊ အဲဒါက အခု ဆရာမကြီး အသစ်လက်ထက်မှာ အကယ်ဒမီ ထူးချွန်ဆုအတွက် ထပ်ဆင့် ဂုဏ်ပြုဆု၊ အရှေ့တောင်အာရှ ကလေးရုပ်ရှင်ပွဲတော်အတွက် ဂျပန်နိုင်ငံကို သွားရတဲ့အတွက် မြို့နယ်အလိုက် စကားရည်လုပွဲ ပထမဆု၊ ခရိုင်ကျောင်းအဖွဲ့လုံးက ပဒ္ဒာန်းပြိုင်ပွဲ တတိယဆုတို့ပါ။

**မေး– ညီမလေးအနေနဲ့ ကျောင်းစာတစ်ဖက်၊ အနုပညာတစ်ဖက် လုပ်နေရတဲ့ အတွက် နှစ်ဖက်စလုံးမှာ မလစ်ဟင်းရအောင် ဘယ်လို ထိန်းချုပ်မှုတွေ လုပ်လဲ။**

ဖြေ– အချိန်အခက်အခဲကတော့ အနည်းနဲ့ အများ ရှိပါတယ်။ ပညာရေးကိုလည်း လက်လွှတ်စပယ် မဖြစ်ရအောင် သမီးကိုယ်တိုင်ကော မိဘတွေဆရာတွေက ဝိုင်းဝန်းပြီး ထိန်းချုပ်ပေးပါတယ်။

**မေး– အနုပညာအလုပ်အတွက် မိဘတွေရဲ့ ပံ့ပိုးမှုက ဘယ်နှရာခိုင်နှုန်းလောက်ရှိလဲ။**

ဖြေ– ၁၀၀ ရာခိုင်နှုန်းပါပဲ။

**မေး– အနုပညာသည်တစ်ယောက်ဖြစ်တဲ့ အတွက် လူတန်းစား အလွှာအသီးသီးနဲ့ နေ့စဉ် ကြုံတွေ့နေရမှာပဲ။ အဲဒီအခါ ပေါင်းသင်းဆက်ဆံရေးဆိုတာ အရမ်း လိုအပ်လာပြီ။ ညီမလေးဘက်ကကော ဘယ်လို တည်ဆောက်လဲ။**

ဖြေ– သမီးက အခု ဆယ်ကျော်သက်တစ်ယောက်ဖြစ်လာတဲ့အတွက် လူကြီးတစ်ယောက်လိုလည်း Social မှာ အပြည့်အဝ မပေါင်းနိုင်ဘူး။ အထူးသဖြင့် ကလေးတစ်ယောက်လို လုံးလုံးလျားလျား နေလို့ မရတော့ဘူး။ နေလို့လည်း မတတ်တော့ဘူး။ ထိလွယ်ရှလွယ် ဖြစ်လာတယ်။ သမီးတစ်ယောက်တည်းမှ မဟုတ်ပါဘူး။ သမီးတို့အရွယ်တိုင်း အဲဒီလို ခံစားမှုအတက်အကျ ဖြစ်လွယ်တယ်။ တစ်ခါတစ်ရံ စိတ်ထဲက မပါပေမယ့်လည်း မျက်နှာပျက်သွားတာမျိုး၊ ဒေါသဖြစ်တာမျိုး အဲဒါမျိုးတွေကို လိုက်ဖြည့်ဆည်းနေရတယ်။

**မေး– ညီမလေးက ဘယ်လိုကလေးအမျိုးအစားထဲမှာ ပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်လဲ။**

ဖြေ– သမီးက ဂျီကျတာမျိုးတော့ ငယ်ငယ်ကတည်းက မရှိပါဘူး။ အဖေနဲ့ အမေကလည်း တစ်ဦးတည်းသောသမီးဆိုပြီးတော့ စိတ်ကောက်ခွင့် မပေးဘူး။ စိတ်ကောက်တယ်ဆိုတာ အချိန်ကုန်ပြီး လူပင်ပန်းတယ်လေ။ ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာကို နှိုင်းယှဉ်တယ်။ ပြီးရင် အတူတူ ဆွေးနွေးပြီး လုပ်ကြတယ်။ အဲဒီတော့ သမီးက ပုံမှန်ကလေးတစ်ယောက်လိုပါပဲ။ အလိမ္မာကြီးပဲလည်း မဟုတ်ဘူး။ အဆိုးကြီးလည်း မဟုတ်ပါဘူး။

**မေး– ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ဘယ်လိုဖန်တီးယူလဲ။**

ဖြေ– လုပ်သင့်လုပ်ထိုက်တာကို အကြွေးမကျန်အောင် လုပ်တယ်။ သမီး ဘာလုပ်သင့်တယ်ဆိုတာကို ပတ်ဝန်းကျင်ပြောတာ နားထောင်တယ်။ မိဘပြောတာ နားထောင်တယ်။ ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်စဉ်းစားတယ်။ ဆုံးဖြတ်တယ်။ နောက် တစ်ခုက ဥပမာ- ရိုက်ကွင်းရှိတယ်ဆိုရင် ဇာတ်ညွှန်းကြိုဖတ်တယ်။ များသောအားဖြင့် ကြိုတင်ပြင်ဆင်မှုနဲ့ပဲ ယုံကြည်မှု တည်ဆောက်တယ်။

**မေး- လက်ပံကားထဲက ကာရိုက်တာလိုကော ညီမလေးကို ပုံသွင်းထားခဲ့ရတာမျိုး တချို့တစိတ်တစ်ပိုင်းမှာ ရှိလား။**

ဖြေ- မိဘတွေအနေနဲ့ဆိုရင် သမီးအပေါ်မှာ အဲဒီလိုမျိုး လုံးဝပြင်းထန်မှု မရှိပါဘူး။ သမီးက တစ်ဦးတည်းသောသမီးဖြစ်တဲ့အတွက် အခြားညီအစ်ကိုမောင်နှမတွေနဲ့ ပေါင်းသင်းဆက်ဆံတယ်။ ပြီးတော့ လုပ်သင့်လုပ်ထိုက်တာကို ဆွေးနွေးခွင့် ရတယ်။ လုပ်ခွင့်ရတယ်။ အဲဒီအတွက် သမီး ခံစားချက်ကလည်း 'လက်ပံ' ကားထဲကလို မပြင်းထန်ပါဘူး။

**မေး- အခုချိန်ထိဆိုရင် ညီမလေး ပါဝင်ရိုက်ကူးခဲ့တဲ့ ကားတွေလည်း မနည်းတော့ဘူး။ အခုဆို အကယ်ဒမီ ထူးချွန်ဆုကို လည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ပြီ။ လက်ရှိ အချိန်ထိ အမှတ်တရ အဖြစ်ဆုံး၊ ရိုက်ကွင်း၊ ရှိရင် ပရိသတ်တွေအတွက် ဝေမျှပေးပါဦး။**

ဖြေ- မလုပ်ဖူးတဲ့ ကာရိုက်တာ အသစ်တွေ လုပ်ခွင့်ရတဲ့ ဇာတ်ကား တော်တော်များများဟာ အမှတ်တရ ဖြစ်တယ်လို့ ပြောလို့ ရပါတယ်။ အခုလက်ရှိ အကယ်ဒမီ ဆုရထားတဲ့ 'တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ' ကားကြီးမှာ သမီးတစ်ခါမှ သရုပ်မဆောင်ဖူးတဲ့ ကာရိုက်တာနဲ့ ပထမဦးဆုံး နှစ်ကိုယ်ခွဲ သရုပ်ဆောင်ထားရတယ်။ အရှေ့မှာလည်း ကားကြီးတွေ ရိုက်ထားပေမယ့် လည်း ဒီကားမှာ အထူးဆုကိုပါ ရသွားတဲ့ အတွက် သမီးအနေနဲ့ ပိုပြီးတော့ အမှတ်တရ ဖြစ်သွားတယ်။

**မေး- 'တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ' ဇာတ်ကားကြီးမှာ အခြားသော Title ဆုတွေ မှန်းထားခဲ့သော်လည်း ညီမလေးအတွက် အထူးဆုတစ်ဆုက လွဲပြီး ကျန်တဲ့ Title ဆုတွေ မရရှိခဲ့တဲ့အပေါ်ကော ဘယ်လိုမြင်မိလဲ။**

ဖြေ- ဟုတ်ပါတယ်။ သမီးတို့တွေ နှစ်ဆုသုံးဆု လောက် ရလိမ့်မယ်လို့ ထင်ထားတယ်။ ရစေချင်တဲ့စိတ်ပဲ ရှိတာလေ။ ကျန်တာတော့ သမီး ဝင်စွက်ဖက်ပိုင်ခွင့်မှ မရှိတာ။ ရစေချင်တဲ့စိတ်ကတော့ ရင်ထဲမှာ ရှိနေပါတယ်။

**မေး- နောင်တစ်ချိန် ညီမလေး မင်းသမီးတစ်ယောက်အနေနဲ့ ဖြစ်လာခဲ့ရင် လက်ရှိ ဘယ်မင်းသမီးလိုမျိုး ဖြစ်ချင်လဲ။**

ဖြေ- အဲဒီလို မရှိပါဘူး။ သူတို့ရဲ့ စံချိန်နဲ့ သမီးရဲ့ စံချိန်က မတူနိုင်ဘူးလေ။ သမီးသတ်မှတ်ထားတဲ့ စံချိန်ကိုပဲ မီအောင် ကြိုးစားမှာပါ။

**မေး- ညီမလေးအနေနဲ့ ခေါင်းဆောင်မင်းသမီးတစ်ယောက်အဖြစ် ဘယ်တော့ လောက်စပြီး ရိုက်ကူးဖြစ်မလဲ။**

ဖြေ- မျှော်လင့်ထားတာတော့ ၁၀ တန်းပြီးလောက်မှပါ။ ဒါကလည်း မှန်းထားရုံသက်သက်ပဲ ရှိပါသေးတယ်။ သေချာ Plan မဆွဲရသေးပါဘူး။

**မေး- အနုပညာတစ်ယောက်အနေနဲ့ ကျန်းမာရေးကို ဘယ်လိုဂရုစိုက်ဖြစ်လဲ။**

ဖြေ- ထွေထွေထူးထူးတော့ မရှိပါဘူး။ ရောဂါလည်း မရှိဘူးလေ။ ဘယ်အရာကိုမှ လွန်လွန်ကျူးကျူး မလုပ်ဘူး။ မစားဘူး။ GYM တို့ ဘာတို့ ဆော့ဖို့ အစီအစဉ် ရှိပါတယ်။ ဒါပေမဲ့ အကောင်အထည်တော့ မဖော်ဖြစ်သေးဘူး။

**မေး- အကယ်ဒမီပေးပွဲတုန်းက စင်မြင့်ပေါ်မှာ ကျေးဇူးတင်စကားပြောသွားတာ အရမ်းတော်တယ်ဆိုပြီး အားလုံးက ချီးကျူးကြတယ်။ အဲဒီတုန်းကကော ညီမလေး ရမယ်မှန်း ကြိုသိခဲ့လို့ ပြင်ဆင်ထားတာလား။**

ဖြေ- သမီး လုံးဝကြိုမသိခဲ့တာ အမှန်ပါ။ အန်တီ ဒေါ်မြင့်မြင့်ခိုင် စင်ပေါ်တက်သွားတဲ့ အထိကို မသိပါဘူး။ ခုနက ပြောခဲ့သလိုပဲ သမီးက ကြိုတင်ပြင်ဆင်မှုနဲ့ ယုံကြည်မှုကို တည်ဆောက်တယ်ဆိုတာလေ။ အဲဒီတုန်းကလည်း အဲဒီလို ကြိုတင်ပြင်ဆင်မှုထဲက တစ်ခုပါပဲ။ မရခဲ့ရင် ကိစ္စ မရှိဘူး။ ရသွားခဲ့ရင် စင်ပေါ်မှာ သက်သောင့်သက်သာ မရှိရင် ပရိသတ်ကို မလေးစားရာ ရောက်မှာစိုးတဲ့အတွက် ပြင်ဆင်မှု အထိုက်အလျောက်တော့ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ စင်ပေါ်ရောက်မှ ထပ်တိုးလိုက်ရတဲ့ အချက်တွေလည်း ရှိပါတယ်။

**မေး- ပရိသတ်အတွက်။**


ဖြေ- ၁၃ နှစ်အရွယ်ကလေးတစ်ယောက်အနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ နှစ်တွေထဲက ကလေးသရုပ်ဆောင်တစ်ယောက် အနေနဲ့ အခုလို အားပေးချစ်ခင်မှုကို ပရိသတ်ဆီက ရခဲ့မယ်လို့ မထင်ထားခဲ့ပါဘူး။ အကယ်ဒမီ ရလိုက်တာက ပရိသတ်တွေ သမီးကို ဘယ်လောက်ချစ်ကြလဲဆိုတာကို သိခွင့်ရခဲ့တယ်၊ တကယ်ကို ပရိသတ်ကြီးကို ချစ်လည်း ချစ်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်လို့ ပြောချင်ပါတယ်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com





# ကိုဝိုင်းတော်လို့ ဖွေးဖွေး အကယ်ဒမီရခဲ့တာပါ

ဒေးမြတ်သီ

မကြာသေးခင်ကမှ အကယ်ဒမီဆုကို ပူပူနွေးနွေးလေး ရထားတဲ့ မင်းသမီးလေး ဖွေးဖွေးရဲ့ အကယ်ဒမီရပြီး ခံစားချက်ဟာ အခုချိန်မှာ ပြင်းထန်လျက် ရှိပါတယ်။ အကယ်ဒမီပွဲ စင်ထက်မှာ ဝမ်းသာလုံး ဆို့ပြီး ကိုယ့်ကိုယ်ကိုယ် အိပ်မက်လား၊ တကယ်လား ပြန်ဆန်းစစ်နေတုန်းပဲ ရှိနေပါသေးတယ်ဆိုပြီး ပြန်နိုးလာလို့ အကယ်ဒမီဆုကြီး မရှိတော့ရင် ဘယ်လိုလုပ်ရမလဲ တွေးနေမိတဲ့သူ။ အခုချိန်မှာတော့ တကယ့် အစစ်အမှန်ဆိုတာ သိလောက်ပါပြီ။ 'လက်ပံ' ရုပ်ရှင်ဇာတ်ကားကြီး ရိုက်စဥ်ကာလ အချိန်တစ်ခုကို ဖွေးဖွေးရဲ့ ရင်ခုန်သံတွေနဲ့အတူ ခဏတာလောက် သွားကြည့်ကြရအောင်နော်။

www.burmeseclassic.com

www.burmeseclassic.com





**ကိုဝိုင်းတော်လို့ ဖွေးဖွေး အကယ်ဒမီ ဆိုတာကို ရတာပါ။ ကိုဝိုင်း အကယ်ဒမီရမရ ဆိုတဲ့အပေါ်မှာတော့ ပရိသတ်နဲ့ ထပ်တူ ထပ်မျှပါပဲ။ ကိုဝိုင်းကို ဖွေးဖွေးရဲ့ရင်ထဲ မှာတော့ အကယ်ဒမီပေးထားပြီးသားပါ။**

PHOTO : MYO MIN SOE

ဖွေးဖွေး ဇာတ်ဆောင်အဖြစ် ပထမဦးဆုံး ရိုက်ထားတဲ့ ရုပ်ရှင်ဇာတ်ကားကြီးမှာ အကယ်ဒမီရတဲ့အတွက် တကယ့်အမှတ်တရပါပဲ။ ပရိသတ်ရော၊ စာနယ်ဇင်းရော၊ အကဲဖြတ် ဒိုင်လူကြီးတွေရော သတ်မှတ်ချက်ကိုပဲ ကိုယ်က ခံယူရမှာပါ။ ကိုဝိုင်းရဲ့ စကားကို ဖွေးဖွေး အပြည့်အဝ ထောက်ခံပါတယ်။ ကိုဝိုင်းတော်လို့ ဖွေးဖွေး အကယ်ဒမီ ဆိုတာကို ရတာပါ။ ကိုဝိုင်း အကယ်ဒမီရမရ ဆိုတဲ့အပေါ်မှာတော့ ပရိသတ်နဲ့ ထပ်တူ ထပ်မျှပါပဲ။ ကိုဝိုင်းကို ဖွေးဖွေးရဲ့ ရင်ထဲမှာတော့ အကယ်ဒမီ ပေးထားပြီးသားပါ။ ပွဲတက်ကတည်းက အကယ်ဒမီရမယ်လို့ မှန်းမထားပါဘူး။ ကြော်ငြာတဲ့အချိန် ရင်တော့ ခုန်တယ်။ အခုမှ အနုပညာသက် တမ်း ၄ နှစ် ကျော် ၅ နှစ်လောက်ပဲ ရှိသေး တယ်။ အဲဒီအချိန်မှာ ကိုယ့်ရဲ့ ဇာတ်ဆောင် ဖြစ် ဇာတ်ကားကြီးကလည်း ဆန်ခါတင်တဲ့ အထဲ ဝင်သွားတယ်ဆိုကတည်းက ရင်တော်တော်ခုန်နေပြီ။ ဆုကြေငြာတဲ့အချိန် စိတ်ကို တည်ငြိမ်အောင် နေရတယ်။ အသက်မှန်အောင် ရှူနေရတယ်။ အခုအချိန်အထိ ထတယ်လား၊ အိပ်မက်လား ဆိုတာကို မယုံနိုင်သေးဘူး။ အိပ်ပျော်နေတာ လားလို့ပေါ့။ ပြန်နိုးလာတော့မှ အကယ်ဒမီ မရှိတော့ရင် ဘယ်လိုလုပ်မလဲပေါ့။ မယုံနိုင်တော့ဘူး။ အဲဒီလိုချည်း ဖြစ်သွားတယ်။

'လက်ပံ'ဆိုတဲ့ အသံကို ကြားလိုက်တယ်။ ပရိသတ်တွေရဲ့ ဟေးဆိုတဲ့အသံကို ကြားလိုက်တယ်။ ပြီးတော့ ဘာမှမသိတော့ဘူး။ လူတွေဝိုင်းလာတယ်။ အဲဒီတော့မှ အသိဝင်လာတယ်။ အကယ်ဒမီ ရတာ၊ မရတာနဲ့ တော့ ပေါင်းသင်းဆက်ဆံရေးက ပြောင်းလဲမှု မရှိဘူး။ ဖွေးဖွေးက ငယ်ငယ်ကတည်းက အနုပညာအလုပ်ကို အရမ်း **Serious** ထားပြီး လုပ်တယ်။ ကိုယ့် ဝါသနာနဲ့ အသက်မွေးဝမ်းကျောင်း တစ်ထပ် တည်းကျတယ်။ အဲဒီအချိန်ကတည်းက ဖွေးဖွေးက ဒီပုံစံလေးအတိုင်းပဲ ဆက်နေ သွားမှာပါ။ လက်ပံကားကို ရိုက်တဲ့အချိန်မှာ ဗီဒီယို နှစ်ကားပဲ ရိုက်ရသေးတယ်။ ကိုဝိုင်း က ကိုယ့်ကို စွန့်စားပြီး သင်ရတဲ့သဘော ပါပဲ။ အဲဒီအချိန်တုန်းက မဖြစ်နိုင်ဘူးလို့ ပြောကြတဲ့ သူတွေလည်း ရှိတယ်။ လက်ပံ ကာရိုက်တာက အရမ်းမာတယ်။ သူက အပြင်မှာ ပျော့စိပျော့စိနဲ့ မဖြစ်နိုင်ဘူးပေါ့။

အဓိကကတော့ ကိုယ့်ကို အာမခံပြီး တင် ပေးခဲ့တဲ့ ကိုဝိုင်းကြောင့်ပါ။ အခုချိန်မှာ ကြိုးစားမှုကို အသိအမှတ်ပြုခဲ့တဲ့ အကယ်ဒမီဆုကို ရခဲ့တယ်။ အဲဒီအတွက် တကယ် ပီတိ ဖြစ်ခဲ့ပါတယ်။ ဖွေးဖွေးရဲ့ ပရိသတ်အတွက် ဖွေးဖွေး မှတ်တိုင်တစ်ခု လုပ်ပေးနိုင်ခဲ့တယ်။ ပရိသတ်နဲ့ ဖွေးဖွေးက နားလည်မှု၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းနဲ့ စကားမပြောဘူး။ ဒါပေမဲ့ သူနဲ့ကိုယ်နဲ့ နားလည်မှု ရှိသလို ခံစားရတယ်။

ဒီနှစ်အကယ်ဒမီအခင်းအကျင်းနဲ့ ပတ်သက်ပြီးတော့ ခံစားမှုကတော့ တော်တော်မိုက်ပါတယ်။ အကုန်လုံးလည်း အဆင်ပြေပါတယ်။ ပြီးတော့ ဖွေးဖွေးက အကယ်ဒမီပွဲဆိုလို့ လေးခါပဲ တက်ဖူးသေးတယ်။ အဲဒီအထဲမှာ နေပြည်တော်ပွဲနဲ့၊ ဒီပွဲက တော်တော်ခမ်းနားတယ်။ ဒီလက်ပံမှာ ဆုရသွားတယ်ဆိုပေမယ့်လည်း လက်ပံကာရိုက်တာနဲ့ ရသွားတာလေ။ အခြား ကာရိုက်တာတွေ အများကြီး ကျန်သေးတယ်။ အဲဒီအတွက် ထပ်ပြီး ကြိုးစားရပါဦးမယ်။ အများကြီးမှ အများကြီး ကျန်သေးတယ်။

အကယ်ဒမီ ပေးပွဲတုန်းကလည်း ပရိသတ်တွေက စိတ်မဆိုးဘဲနဲ့ ဖွေးဖွေးကို ထပ်တူ ခံစားပေးတယ်။ ကိုယ်ချင်းစာပြီး ခံစားပေးတယ်။ ရင်ခုန်ပြီး ဝမ်းသာလုံးဆို့ပြီး စကားမပြောနိုင်တော့ဘူးဆိုတာ သူတို့ နားလည်ပေးတယ်။ ကျေးဇူးတင်မိတာကတော့ အားလုံးလိုပါပဲ။ ဝါရင့် သရုပ်ဆောင်တွေ ရှိရဲ့သားနဲ့ အကယ်ဒမီရသွားတဲ့အပေါ် ဆိုတဲ့ မေးခွန်းကိုတော့ ကိုယ့်ခံစားမှုကို အသိအမှတ်ပြုပေးတယ်လို့ ထင်ပါတယ်။ အဲလောက်ပဲ ဖြေတတ်တယ်။

**ဆွေမြင့်မိ**

www.burmeseclassic.com


မြန်မာ့ယဉ်ကျေးမှုပေါ်လွင်အောင်
မြန်မာဝတ်စုံကိုသာဝတ်ခဲ့ပါတယ်တဲ့
ထူးထက်ထက်
သန္တာမော်

www.burmeseclassic.com



ရုပ်ရှင်တေးကဗျာရဲ့ ပရိသတ်တွေကို ဒီလမှာ ထိုင်းနိုင်ငံမှာ ပထမဦးဆုံး ပြုလုပ်တဲ့ ပွဲဖြစ်တဲ့ Miss Grand International ပြိုင်ပွဲကြီးမှာ ဆုလေးဆုကို မြန်မာ့ကုဏ်ဆောင် ရယူပေးနိုင်တဲ့ မြန်မာ့လက်ရွေးစင် ဂျွမ်းဘားမယ်ဖြစ်တဲ့ ထားထက်ထက်ရဲ့ အင်တာဗျူးကို တင် ဆက်ပေးလိုက်ပါတယ်နော်။

**မေး– အနုပညာလောကထဲကို ဂျွမ်းဘားမယ်ဘဝကနေ ဘယ်လိုဝင်ရောက်လာဖြစ်ခဲ့တာလဲ။**

ဖြေ– Miss Tourism ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်ကစပြီး ဝင်ရောက်ဖြစ်ခဲ့တယ်။ နောက်တစ်လ အကြာမှာ Miss Myanmar 2012 ကို ထပ် ပြိုင်ဖြစ်ခဲ့တယ်။ Miss Tourism ပြိုင်ပွဲမှာတော့ ဆန်ကာတင် ၂၀ ဦးမှာ ပါခဲ့ပေမယ့် ဘာဆုမှ မရခဲ့ဘူး။

**မေး– ဘာဆုမှ မရခဲ့တော့ အဲဒီအချိန်မှာ စိတ်ဓာတ်မကျသွားဘူးလား။**

ဖြေ– **စိတ်ဓာတ်**ကျမိတာပေါ့။ ဒါပေမဲ့ ဆက်ပြီးတော့ ဖြစ်အောင် လုပ်မယ်ဆိုပြီး ကြိုးစားခဲ့တဲ့အခါမှာ Miss Myanmar 2012 မှာ ဆုရခဲ့တယ်။ Top 5 မှာ အရွေးခံရပြီး 3rd Runner up and Miss Rakhine ဆုကို ရခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ပိုအားတက်လာခဲ့ပြီး ပိုကြိုးစားခဲ့တယ်။

**မေး– ပထမဦးဆုံးအကြိမ် ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ Miss Grand International 2013 မှာ ဆုလေးဆု ရခဲ့တဲ့အတွက်ရော ဘယ်လိုတွေ လေ့လာပြင်ဆင်ခဲ့ရလဲဆိုတာ ပြောပြပါဦး။**

ဖြေ– Miss Grand International **2013** ပြိုင်ပွဲမှာ Talent Show အတွက် မြန်မာ့စောင်းကို မြန်မာ့တူရိယာအဖြစ် လူသိအောင် ပြနိုင်ဖို့ လေ့ကျင့်ဖြစ်ခဲ့တယ်။ အရင်ကတည်းက ကျွမ်းကျင်ပြီးသားဖြစ်တဲ့ ကျွမ်းဘားကို ထပ်လေ့ကျင့်ပြီး ဆက်နွယ်တဲ့ ဘဲလေးကတာမျိုး








www.burmeseclassic.com

www.burmeseclassic.com



ကို လှေကျင့်ခဲ့တယ်။

**မေး– အဖွဲ့အစည်းကကော ဘယ်လို အထောက်အကူပြုပြီး သင်ပေးလဲ။**

ဖြေ– Camp သွင်းတယ်။ ပြီးတော့ နေ့စဉ် အထွေထွေ ဗဟုသုတပိုင်းဆိုင်ရာတွေ၊ လမ်းလျှောက်ပုံတွေ သင်ပေးတယ်။ စာအုပ်တွေ ဖတ်ဖို့လည်း အများကြီး ပေးထားတယ်။

**မေး– မြန်မာနိုင်ငံ ကိုယ်စားပြုတစ်ယောက် အနေနဲ့ သွားရတဲ့အတွက် ရေကူးဝတ်စုံနဲ့ ပြိုင်ရတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိအောင် ဘယ်လိုပြင်ဆင်လဲ။**

ဖြေ– မြန်မာ့ယဉ်ကျေးမှုပေါ်လွင်အောင် ဘယ်နေရာပဲသွားသွား မြန်မာဝတ်စုံကိုပဲ ဝတ်ဖြစ်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ရေကူးဝတ်စုံနဲ့ ပြိုင်ရတယ်။ မြန်မာနိုင်ငံအနေနဲ့ ယဉ်ကျေးမှုအရ ဆက်စပ်မှု မရှိပေမယ့် သူတို့ရဲ့ Purpose က ခန္ဓာကိုယ်အလှအပြင် ကျန်းမာကြံ့ခိုင်မှုကိုပါ စစ်ဆေးတာ။ လူအများကြီး ပိုင်းကြည့်တဲ့အချိန်မှာ ရှက်တယ်။ ဒါပေမဲ့ ကြောက်တဲ့စိတ် မဖြစ်အောင်နဲ့ အကောင်းဆုံးပြိုင်ပွဲဝင်နိုင်အောင် ကြို တင်လေ့ကျင့်ခဲ့ရတယ်။

**မေး– တူရိယာတွေ အများကြီးထဲကမှ မြန်မာ့စောင်းကို ဘယ်လိုစတီးဖြစ်ခဲ့တာလဲ။**

ဖြေ– ငယ်ငယ်ဘဝကတည်းက မိန်းကလေး တစ်ယောက်အနေနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ သင် ချင်တယ်။ ဒါပေမဲ့ ကျောင်းစာတစ်ဖက်နဲ့ အချိန် မရတော့ အခုနောက်ပိုင်းမှ အချိန် သေချာပေးပြီး သင်ယူနေပါတယ်။

**မေး– ဝင်ပြိုင်ခဲ့ချိန် စိုးရိမ်မှုတွေကား။**


ဖြေ– စိုးရိမ်မှု နည်းနည်းရှိပါတယ်။ ဟိုမှာရှိတဲ့ မြန်မာပရိသတ်တွေကလည်း တောက်လျှောက် Vote ပေးကြတယ်။ တချို့ဆို Message တွေ ပို့ပြီး အားပေးစကား ပြောကြတော့ ယုံကြည်မှုတွေ ပိုရခဲ့တယ်။ အဲဒါကြောင့်လည်း အခင် ပြေပြေနဲ့ ယှဉ်ပြိုင်နိုင်ခဲ့တာပေါ့။

**မေး– ရခဲ့တဲ့ဆုတွေအကြောင်း ပြောပြပေး ပါဦး။**

ဖြေ– **Miss Popular, T- pageant က ပေးတဲ့ People Choice award, Global Beauties favourite poll winner ဆုနဲ့ The Beauty Concept ကပေးတဲ့ People's Choice Award တို့ကို ရခဲ့ပါတယ်။**

**မေး– မြန်မာ့လက်ရွေးစင် ဗွန်းဘားမယ် ဖြစ်ဖို့ ဘယ်တုန်းက စတင်ခဲ့တာလဲ။**

ဖြေ– ငယ်ငယ်က ချစ်ကြည်ရေးပွဲတစ်ပွဲ ကြည့်ဖြစ်တော့ သူတို့ ဗွန်းထိုးတာ အရမ်းကြည့်လို့ ကောင်းတယ်။ အရမ်းလှလို့ စိတ်ဝင်စားခဲ့တယ်။ အဖေကလည်း ကစားချင်တာနဲ့ ၆–နှစ် အရွယ်ကစပြီး ကစားဖြစ်ခဲ့တယ်။




၁၉၉၇ ခုနှစ်မှာ ကစားဖြစ်တယ်။ ၃–နှစ် လောက်ကြာတော့ မြန်မာလက်ရွေးစင် ဖြစ်ခဲ့တယ်။

**မေး– ဗွန်းဘား ပြိုင်ပွဲတွေ ဝင်ပြိုင်ရင်း အမှတ်တရရှိခဲ့ရင် ပြောပေးပါဦး။**

ဖြေ– အသက် ဆယ့်တစ်နှစ်အရွယ်လောက်မှာ ဗွန်းဘားပြိုင်ပွဲ ဝင်ခဲ့တယ်။ စသွားတုန်းကတော့ ပျော်တယ်။ အိမ်ကိုတောင် သိပ်သတိမရဘူး။ နောက်ပိုင်းမှာ အရမ်း သတိရလာတယ်။ တရုတ်ပြည်မှာ Camp ဝင်နေရတဲ့ နေရာက တရုတ်ပြည်မှာရှိတဲ့ တောင်ကုန်းပေါ်မှာ။ အိမ်ကို စာရေးတော့ လပြည့်နေ့။ တောင်ကုန်းပေါ်က ကြည့်တော့ လက အကြီးကြီး မြင်ရတယ်လို့ ရေးဖြစ်ခဲ့တယ်။ ပြန်ရောက်တော့ အဖေတို့က တရုတ်ပြည်က လကမှ ပိုကြီးတာလားလို့ စကြတယ်။ အဲဒါလေးတော့ ခုထိ အမှတ်ရဖြစ်တယ်။

**မေး– နိုင်ငံတကာ အတွေ့အကြုံအနေနဲ့ ပထမဦးဆုံး ပြိုင်ပွဲဝင်ခဲ့ရတာက ဘယ် အချိန်လောက်ကလဲ။**

ဖြေ– ၂၀၁၃ ခုနှစ်မှာ ပထမဦးဆုံး ပြိုင်ရတာ။

**မေး– စိတ်ခံစားမှုကား။**

ဖြေ– အရမ်းကို စိတ်လှုပ်ရှားပြီး အမှားမှား၊ အယွင်းယွင်းတွေလည်း ဖြစ်ခဲ့တယ်။ ပြုတ်ကျတယ်။ နောက်တစ်နှစ်မှာတော့ ပထမနှစ်နဲ့ မတူပဲ စိတ်တည်ငြိမ်မှု ရသွားတယ်။ အတွေ့အကြုံရှိသွားတော့လေ။

**မေး– မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့ 2013 Sea Games မှာ မြန်မာ့လက်ရွေးစင် ဗွန်းဘားမယ်အနေနဲ့ ဝင်မပြိုင်ခဲ့ရတဲ့ အကြောင်းအရင်းလည်း ပြောပြပေး ပါဦး။**

ဖြေ– ခါးက ဒဏ်ရာရှိနေတော့ အခွင့်အရေး အများကြီးရှိပေမယ့် ဝင်ပြိုင်လို့ မရနိုင်ခဲ့တာပါ။ စိတ်မကောင်းလည်း ဖြစ်ရတယ်။

**မေး– ပရိသတ်အတွက် စကားလက်ဆောင်လေး ပြောပေးပါဦး။**

ဖြေ– ပရိသတ်ရဲ့ အားပေးမှုကြောင့် ရခဲ့တဲ့ဆုတွေဖြစ်လို့ တတ်နိုင်သမျှ ပရိသတ်အတွက် လူမှုရေးအလုပ်တွေ လုပ်သွားမှာပါ။ ပြီးတော့ ထားထက်ထက်ကို ဆက်လက်ပြီး အားပေး ကြပါဦးလို့ ပြောချင်ပါတယ်။

သန္တာမော်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




# MAY PHU KO

PHOTO: YEYE



အကောင်းဆိုတာကလည်း တစ်ချိန်တုန်းကတော့ အသစ်ဖြစ်ခဲ့ပါတယ်။ အခု ၂၀၁၄ နှစ်သစ်မှာတော့ ကြိုးစားမှုတွေနဲ့ ရှေ့ဆက်နေတဲ့ သရုပ်ဆောင်မင်းသမီး ချောမလေးတစ်ယောက်နဲ့ ပရိသတ်ကို မိတ်ဆက်ပေးရင်း နှစ်သစ်ရဲ့လေကို တဝကြီး ရှူလိုက်ကြစို့နော်...

www.burmeseclassic.com

www.burmeseclassic.com



**ထက်တလော လုပ်ဖြစ်နေတာတွေက**

ရှိုးပွဲတွေ လျှောက်ဖြစ်တယ်။ ပြီးတော့ MTV တွေ ရိုက်ဖြစ်တယ်။ MTV ရိုက်တာက ၁၁ ပုဒ်လောက် ရှိသွားပြီ။ ရွှန်းမွှေးတောင် လတ် ဖက်ကြော်ကြီးကို နန်းမြတ်ဖြူသင်းတို့နဲ့ အတူ ရိုက်ထားတယ်။ ဆီဆိုင်း-ဒီးချမ်းမှုလည်း ညီမ သူငယ်ချင်း မော်ဒယ်တွေနဲ့အတူ သရုပ်ဆောင်ထားပါတယ်။

**အနုပညာလောကကို စတင်ဝင်ရောက်ခဲ့ပုံ**

အနုပညာလောကကို စတင်ဝင်လာတာက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလောက်က စပြီး မော်ဒယ်သင်တန်းတက်ရင်းနဲ့ ဝင်လာခဲ့တာပါ။ ဆရာရွှန်းလွင်ဆီမှာ မော်ဒယ်သင်တန်းတက်ပြီးတော့ စကားဝါ သရုပ်ဆောင်သင်တန်းကို တက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းကာ စပြီး တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာတာပါ။

**ငယ်ငယ်က ဖြစ်ချင်ခဲ့တာက**

အိမ်က ပညာရေးကိုပဲ ဖိုးတော့ ဦးစားပေးခဲ့တာပါ။ စာလည်း အရမ်း ကြိုးစားခဲ့တယ်။ အဲဒီတုန်းကတော့ ဆရာဝန်ဖြစ်ချင်ခဲ့တာ။ ဒါပေမဲ့ မမီတဲ့အတွက် GTC BE (civil) ပြီးခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အနုပညာအလုပ်ကိုပဲ တစိုက်မတ်မတ် လုပ်ဖြစ်သွားမှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ် ဘာကို ဝါသနာပါလဲဆိုတာကို သိရှိသွားလို့ပါ။

**စိုးရိမ်မှုတွေအကြောင်း**

ဝင်လာတဲ့အချိန်မှာ ဖြစ်မှဖြစ်ပါ့မလား ဆိုတဲ့ စိုးရိမ်မှုတွေတော့ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ မော်ဒယ်သင်တန်းတက်တဲ့အချိန်မှာ ငါ တကယ် လုပ်ရင် ဖြစ်မှာပါဆိုတဲ့ စိတ်နဲ့ ရှိုးပွဲတွေကို လျှောက်နိုင်ခဲ့တယ်။ သရုပ်ဆောင်လောကကို စဝင်တဲ့အချိန်မှာ ဘယ်လောက် ဝါသနာပါလည်းဆိုတာ၊ ဘယ်လောက် မူးသွင်းလဲဆိုတာ သိချင်ခဲ့တယ်။ သရုပ်ဆောင်ပိုင်းမှာ ပိုပြီး ဝါသနာပါတယ်။ ပိုပြီး အာသာတက်ပါ။ အဲဒါကြောင့်မို့လို့ ဒီသရုပ်ဆောင်ပိုင်းကိုပဲ ဆောက်ချပြီး လုပ်မယ်။

www.burmeseclassic.com

www.burmeseclassic.com






**အနုပညာအပေါ် ခံယူချက်**

အနုပညာဆိုတာကို ညီမရဲ့ဘဝလို့ ခံယူထားတယ်။ အနုပညာအလုပ်တွေကို မြတ်နိုးတယ်၊ တန်ဖိုးလည်း ထားတယ်။ ချစ်လည်းချစ်တယ်၊ အဲဒါကြောင့် အနုပညာအလုပ်ကို လုပ်တဲ့အခါမှာ စေ့စေ့စပ်စပ်၊ သေသေချာချာ လုပ်မယ်၊ ညီမဘက်က အကောင်းဆုံး လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်။

**နေရာတစ်ခုအတွက် လိုအပ်မှုတွေ**

အနုပညာလောကမှာ နေရာတစ်ခု ရဖို့က အဖက်ဖက်က လိုအပ်တယ်၊ ကြိုးစားမှုလည်း လိုအပ်တယ်၊ ပံ့ပိုးမှုတွေလည်း လိုအပ်တယ်။ ပြီးတော့ ဝိရိယရှိမှု၊ ကြိုတင်ပြင်ဆင်ထားမှုတွေရှိမှ အစစ၊ အရာရာ အဆင်ပြေမှာလေ။ ကိုယ့်ဘက်က ဝမ်းစာတွေ ပြည့်နေရုံနဲ့ အဆက်အသွယ်မရှိရင်လည်း မဖြစ်ပါဘူး။ ကိုယ့်ကို ခေါ်သုံးမယ့် ဒါရိုက်တာတွေ မရှိရင်လည်း ဘာမှလုပ်လို့ မရပါဘူး။ Media တွေရဲ့ အကူအညီတွေလည်း အများကြီး လိုအပ်တယ်။

**ပေါင်းသင်းဆက်ဆံရေးနဲ့ ပတ်သက်ပြီး**

ပေါင်းသင်းဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့လည်း အားလုံး အဆင်ပြေအောင် ပေါင်း ပါတယ်။ ဘယ်နေရာဖြစ်ဖြစ် အားလုံးက ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပဲလေ။ အနုပညာလောကမှာ ပေါင်းသင်းဆက်ဆံရေးက နံပါတ် ၁ အရေးကြီးပါတယ်၊ အားလုံးနဲ့ လှုဝင်ခံ့မှသာ နေရာတစ်ခုကို ရမှာပါ။ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး နားလည်မှု လွဲခဲ့တာတွေလည်း ရှိတယ်၊ လက်မှာတောင်မှ လက်ဖမိုးနဲ့ လက်ဖဝါးဆိုတာ ရှိတာပဲ အမြင်ချင်းကတော့ ကွဲမှာပဲလေ၊ တစ်ခါတလေ ကိုယ့်ဘက်က သဘောရိုးနဲ့ ပြောလိုက်ပေမယ့် အခြားတစ်ဖက်မှာတော့ တစ်မျိုးမြင်တာ ရှိမှာပေါ့လေ။

**ယုံကြည်မှု တည်ဆောက်ခြင်း**

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် အများကြီး ကြိုးစားနေပါတယ်။ အရင်ကထက်စာရင်တော့ အခု ယုံကြည်မှုတွေ ပိုပြီးတော့ ရှိလာပါတယ်။ ကိုယ့်ရဲ့ စီနီယာတွေ၊ အပေါင်းအသင်းတွေက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုပြောဆိုရမယ်၊ ဘယ်လိုသွားလာရမယ်ဆိုတာကို သင်ကြားပေးပါတယ်။ အဓိက သင်ကြားပေးတာကတော့ ညီမရဲ့ ဒီဇိုင်နာ ကိုမင်းသက်စံ ဖြစ်ပါတယ်။ ဖယောင်းတိုင်ကြည့်တာအစ အများကြီး ပြောပြပေးပါတယ်။

**ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ တစ်ထပ်တည်း မကျတဲ့အခါ**

အခုလက်ရှိမှာ ဖြစ်နေတာနဲ့ ဖြစ်ချင်တာနဲ့ မတူညီတဲ့အခါ စိတ်ဓာတ်ကျတာမျိုးတွေ ရှိပါတယ်။ အဲလိုမျိုးအခါမှာဆိုရင် ဖြစ်သင့်တဲ့အပေါ်မှာ အကောင်းဆုံး လုပ်ဆောင်သွားတာက အသင့်တော်ဆုံးလို့ ထင်ပါတယ်။ အဲလိုမှ မဟုတ်ဘဲ စိတ်ဓာတ်ကျနေမယ်ဆိုရင်တော့ အချိန်တွေသာ ကုန်ပြီး ဘာမှဆက်လုပ်နိုင်မှာ မဟုတ်ဘူး။ အဲဒါကြောင့် ရောက်နေတဲ့ နေရာ၊ ရောက်နေတဲ့ အလုပ်မှာ အကောင်းဆုံး လုပ် သွားတာက အမှန်ဆုံးပါပဲ။ ကိုယ့်ဘဝ ကောင်း မွန်ဖို့အတွက်လည်း ဖြစ်တယ်။

**ပရိသတ်အတွက်**

အခုလာမယ့် ၂၀၁၄ နှစ်သစ်မှစပြီး ပရိသတ်ကြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အထူးကောင်းမွန်ပြီး ကိုယ်ချစ်သောသူများနှင့် အတူတကွ ဖြတ်သန်းနိုင်ကြပါစေလို့ နှစ်သစ်ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**မျိုးသီဟန်**

www.burmeseclassic.com


www.burmeseclassic.com



အသေးအသားထဲက လုပ်ချင်နေတဲ့ အနုပညာစိတ်ကြောင့် စိတ်ညစ်မှုဆိုတာ ဘာမှမဟုတ်တော့ဘူး...

# ညီထွဋ်ခေါင်

အေးမြတ်




# NYI HTUT KHAUNG

PHOTO:MG FUJI



ဖြစ်ချင်တာ၊ ဖြစ်သင့်တာတွေကို အန်တုပြီး အခက်အခဲတွေ အများကြီးထဲမှာ လမ်းလျှောက်နေရတဲ့ အနုပညာရှင်တစ်ယောက် အနေနဲ့ ပရိသတ်ရဲ့ အားပေးသံက တကယ့်ကို နားဝင်ချိုတဲ့ တေးသီချင်းတစ်ပုဒ်လိုပါပဲ။ 'အောင်းပဒင်၊ အင်ပဒေါင်း' ဇာတ်ကားမှာ စသိခဲ့တဲ့ ပရိသတ်တွေကတော့ သူ့ကို ဝင်းဦးပေါက်စလို့ ခေါ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း 'မျက်လုံးလေး ကလယ်ကလယ်' ဇာတ်ကားနဲ့ လှုပ်လှုပ်ရှားရှား သိလာခဲ့ကြပြီးနောက်ပိုင်း အခု မကြာသေးခင်ကမှ ထွက်ရှိထားတဲ့ 'ငါ့ရည်းစားကို ဘယ်သူ အကွက်ရွှေ့သွားလဲ' ဆိုတဲ့ ဇာတ်ကားနဲ့လည်း ထပ်ပြီး ပရိသတ်ရဲ့ အားပေးမှုကို ခံနေရတဲ့ ညီထွဋ်ခေါင်နဲ့ ရိုက်ကွင်းမှာဆုံတုန်း စကားလက်ဆုံကျ ခဏတာ မေးမြန်းဖြစ်ခဲ့သမျှကို တော့ ရုပ်ရှင်တေးကဗျာ ပရိသတ်ကြီး ကြိုက်နှစ်သက်နိုင်မယ့် အကြောင်းအရာများနဲ့ ထပ်တူကျနိုင်ဖို့ ရည်ရွယ် တင်ဆက်လိုက်ရပါတယ်ရှင်။

**မေး- ကိုညီထွဋ်ခေါင် လတ်တလောမှာ လုပ်ဖြစ်နေတဲ့ အနုပညာလှုပ်ရှားမှု အကြောင်းလေး ပြောပြပါဦး။**

ဖြေ- ဒါရိုက်တာနေပိုင် ရိုက်တဲ့ 'ကကြိုးတွေ သွယ်ကာရစ်ကာလို့' ဆိုတဲ့ ကားလေးကိုမြင့်မြတ်၊ ကျွန်တော်၊ သွန်းဆက်တို့နဲ့ ရိုက်ကူးနေပါတယ်။

**မေး- အခုဆိုရင် နှစ်သစ်လည်း ရောက်ပြီဆိုတော့ အစ်ကိုစွဲထားတဲ့ New Year Plan ကို ပရိသတ်တွေကို ဝေမျှပေးဦး။**

ဖြေ- နှစ်ဟောင်းက မှားခဲ့တဲ့ အမှားတွေလည်း ရှိမယ်။ လွဲခဲ့တဲ့အလွဲတွေလည်း ကြိုးစား အားထုတ်မှု လျှော့နည်းခဲ့တာတွေလည်း ရှိမယ်။ အဲဒါတွေ အကုန်လုံးကို ပြန်ကြည့်တယ်၊ စဉ်းစားတယ်၊ သုံးသပ်တယ်။ အဲဒီတော့ နှစ်သစ်မှာ ဘာတွေ ပြင်ဆင်မလဲ၊ အရင်တုန်းကနဲ့ မတူအောင်၊ အရင်တုန်းကထက် တိုးတက်အောင် ဆိုပြီး ကြိုးစားပြင်ဆင်ထားပါတယ်။ လုပ်ဖြစ် နေတဲ့ အရာတွေကို ပြင်ဆင်ဖို့ ဆိုတာထက် မလုပ်ဖြစ်လိုက်တဲ့ဟာကို လုပ်ဖို့ ပြင်ဆင်ပါတယ်။ Personal ပဲဖြစ်ဖြစ်၊ အလုပ်ပဲဖြစ်ဖြစ် မှားခဲ့တာတွေတော့ ရှိမှာပေါ့။ အဲဒါတွေကိုလည်း ပြန်ပြင်ဖို့ ကြိုးစားနေပါတယ်။

**မေး- အစ်ကို့အနေနဲ့ ဘယ်လိုကာရိုက်တာမျိုးကို ရိုက်ချင်တဲ့စိတ် ပြင်းပြနေလဲ။**

ဖြေ- များသောအားဖြင့်ကျတော့ ကိုသူဌေးသား၊ မင်းသမီးနဲ့ ပေးစားမယ့်သူ၊ ဒုတိယနေရာကနေ ခပ်အေးအေးနဲ့ ကာရိုက်တာမျိုး အဲဒီလို ခေါ်ကြတာ များပါတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒီနေရာကြီးကို အမြဲတမ်းပဲ မလုပ်ချင်ဘူး။ တစ်ခါတလေ ထူးခြားတာလေးတွေ၊ အပြင် ကာရိုက်တာနဲ့လည်း ရိုက်ချင်တဲ့ စိတ်တော့ ရှိတယ်။ ဒါပေမဲ့ ကိုယ့်ကိုပေးလိုက်တဲ့ ကာရိုက်တာက ပုံစံတူထဲကပဲ ဖြစ်နေတယ်။

**မေး- ဘယ်ဇာတ်ကားတွေနဲ့ ကိုညီထွဋ်ခေါင်ကို ပရိသတ်တွေ သတိထားမိပြီး သိသွားတယ်လို့ ထင်လဲ။**


ဖြေ- ကျွန်တော် ထင်တယ်။ ကျွန်တော့်ကို 'အောင်းပဒင်း အင်ပဒေါင်း'ဆိုတဲ့ ဇာတ်ကားမှာ ထူးခြားတဲ့ ကာရိုက်တာလေးပေါ့။ ဝင်ဦးပုံစံလုပ်ရတဲ့ကား မျက်စိထဲမှာ အသစ်တစ်ယောက်အနေနဲ့ စပြီး သတိထားမိတယ်နဲ့ တူပါတယ်။ စိတ်ထဲမှာထင်တာပေါ့နော်။ နောက်ပြီးတော့ 'မျက်လုံးလေး ကလယ်ကလယ်'ပေါ့။ လှုပ်လှုပ် ခတ်ခတ်လည်း ဖြစ်သွားတော့ ပိုပြီးတော့ သိသွားတယ် ထင်ပါတယ်။

**မေး- 'ငါ့ရည်းစားကို ဘယ်သူအကွက်လာရွှေ့သွားလဲ'ဆိုတဲ့ ဇာတ်ကားမှာ အစ်ကို့ရဲ့ ကာရိုက်တာနဲ့ ပတ်သက်ပြီး ပရိသတ်တွေရဲ့ အားပေးမှုကို လှုပ်လှုပ်ရှားရှား ရခဲ့တယ်နော်။**

ဖြေ-(ရယ်လျက်) ဟုတ်တယ်ဗျ။ အဲဒီကားမှာ ကျွန်တော်က အခြောက်လုပ်ရတာ။ ဟိုးတစ်နေ့က လွှတ်လပ်ရေးနေ့ ကန်တော်ကြီးမှာ သီချင်းသွားဆိုတော့ အမျိုးသားတွေကော၊ အမျိုးသမီးတွေကော ကျွန်တော့်ကိုတွေ့ရင် အဲဒီကားထဲက ကာရိုက်တာရဲ့ စကားပြောတွေနဲ့ စကြတယ်။ 'မစားကောင်းတဲ့အသီး ကျနေတာပဲ၊ ကျွန်မက ရေချိုးလာတယ်နော်'ဆိုပြီး တော့ပေါ့။ ဇာတ်ပုံတွဲရိုက်တဲ့ ကောင်မလေးတွေကလည်း အစ်ကို သမီးက ရေချိုးလာတယ်နော်ဆိုတော့ ချက်ချင်း ဘာပြောမှန်း မသိဘူး။ ကျွန်တော်က ရှုတင်သွားရတော့ "ဟုတ်ကဲ့" လို့ ကျွန်တော်က မချိုးခဲ့ရဘူး၊ ရှုတင်က တိုက်ရိုက်လာတာဆိုတော့လို့ ပြောလိုက်တယ်။ သူက ကိုယ့်ကို နောက်နေတာ၊ ကျွန်တော်က မသိဘူး။ အဲဒါလေးကတော့ အခု လတ်တလောမှာ နည်းနည်းလေး ပရိသတ်တွေလည်း ကြိုက်တယ်လို့ ပြောကြတယ်။

**မေး- အနုပညာသမားတစ်ယောက်အနေနဲ့ ဘယ်လိုလေ့လာမှုတွေနဲ့ ရှေ့ကို ဆက်နေလဲ။**

ဖြေ- လိုအပ်ချက်တွေကတော့ အနုပညာသမားမှန်ရင်တော့ ကျွန်တော် သိထားတာက



www.burmeseclassic.com





အမြဲတမ်း လိုအပ်ချက်ရှိနေမှာပဲ။ ဥပမာ မနှစ်က ရိုက်ထားတဲ့ကား မဟုတ်ဘူး။ ရှေ့မှာ ရိုက်ထားတဲ့ကား ထွက်လာလို့ ကြည့်လိုက်ရင် လိုအပ်ချက်တွေ အများကြီး တွေ့နေရတာပဲ။ ကျွန်တော် အဲဒီလိုမျိုး တစ်ကားနဲ့တစ်ကား မတူ အောင်၊ ပိုကောင်းအောင် ဒီကာရိုက်တာကိုပဲ ရှေ့စီနီယာတွေက ဘယ်လိုသွားလဲ၊ နိုင်ငံခြားက လူတွေက ဘယ်လိုသွားလဲ ဒီလိုပဲ ပြန်ပြန်လေ့လာပြီးတော့မှပဲ သွားရတာပဲ။ ကျွန်တော် ထင်တယ်၊ တစ်သက်လုံး ဟောဒီအလုပ်ကို လုပ်နေသရွေ့ သင်ယူလို့ ကုန်နိုင်ပါဘူး၊ မပြည့်စုံနိုင်ပါဘူး။

**မေး– အနုပညာပြေးလမ်းပေါ်ကို ရောက်နေတဲ့ ကိုညီထွဋ်ခေါင်အနေနဲ့ ဘယ်အချိန်ထိ၊ ဘယ်အတိုင်းအတာထိ သွားနိုင်မယ်လို့ ယုံကြည်ထားလဲ။**

ဖြေ– ယုံကြည်မှုဆိုတာထက် တစ်ခါတလေကျတော့လည်း လုပ်ရင်းကိုင်ရင်းသွားရင်း၊ လာရင်းနဲ့ အားပျက်သွားတာမျိုးလည်း ရှိတယ်။ ညည်းငြူယ်ချက် ပျက်စီးသွားတာမျိုးလည်း ရှိတယ်။ ဒါပေမဲ့လည်း အသွေးအသားထဲက အဲဒါချည်းကို လုပ်ချင်တဲ့စိတ်ကလည်း ရှိနေတာကျတော့ စိတ်ကို ပြန်ဖြေရတယ်။ ဘယ်အချိန်ထိ၊ ဘယ်အတိုင်းအတာထိ သွားနိုင်မယ်လို့ ယုံကြည်လဲ ဆိုတော့ ကျွန်တော် ကြိုးစားနေတယ်။ ဒီနေရာ လေးထက် ဘယ်လောက်ထိ သွားလို့ရဦးမှာလဲ။ သွားလို့ရသရွေ့တော့ ကျွန်တော် ကြိုးစားပြီးသွားမှာပါ။

**မေး– ကိုယ်လိုချင်တဲ့ ပန်းတိုင်အထိ ဆုံးအောင် လျှောက်ဖို့ ဘာတွေ လိုအပ်မယ်ထင်လဲ။**

ဖြေ– ပရိသတ်တွေ လက်ခံဖို့ အားပေးဖို့ဆိုတာကလည်း ကျွန်တော်တို့ ကြိုးစားဖို့ အများကြီး လိုအပ်ပါတယ်။ ကျွန်တော့်ကို သရုပ်ဆောင်သစ်တစ်ယောက်အနေနဲ့ ပရိသတ်က စပြီး အသိအမှတ်ပြုနေမိနေတဲ့ အခြေအနေပဲ ရှိသေးတယ်။

**မေး– အနုပညာလမ်းမှာ လျှောက်ရင်းနဲ့ စိတ်ဓာတ်ကျသွားတာမျိုးပဲ ဖြစ်ဖြစ်၊ တိုက်နိုက်ခံရတာမျိုးပဲဖြစ်ဖြစ် ဘယ်လိုပြန်ဖြေရှင်းဖြစ်လဲ။**

ဖြေ– များသောအားဖြင့်က ကျွန်တော် ဖန်တလဲလဲ စဉ်းစားတယ်။ ဖြစ်သွားတဲ့ ကိစ္စတစ်ခုကို စဉ်းစားတယ်။ ကျွန်တော်စဉ်းစားပြီး ကိုယ့်စိတ်ကို ကိုယ်ပြန်ဖြေလိုက်တာပဲ များပါတယ်။ ဖြစ်သွားတဲ့ အကြောင်းအရာကို သေချာစဉ်းစားတယ်။ တန်နန့်နဲ့ ခံစားတတ်တဲ့အကျင့် ရှိတယ်။ ဘုရား၊ တရားလည်း သူများတွေလိုတော့ ကြီးကြီးကျယ်ကျယ်ကြီး မလုပ်ဖြစ်ပါဘူး။ ကိစ္စတစ်ခုကို ပြန်ခံစားပြီး ဘယ်လိုဖြစ်သင့်သလဲ၊ ချက်ချင်းဖြေရှင်းမှ ဖြစ်မယ့်ကိစ္စကို ချက်ချင်းပဲ ဖြေရှင်းလိုက်တယ်။ အဲဒီလိုမှ မဖြေရှင်းရင် ကျွန်တော်နေလို့ အဆင်မပြေဘူး။ ကျွန်တော် တစ်ယောက်ယောက်နဲ့ အဆင်မပြေတာပဲ ဖြစ်ဖြစ် တစ်ယောက်ယောက်က ကိုယ့်အပေါ်မှာ အမြင်တစ်မျိုးနဲ့ မြင်သွားတာပဲဖြစ်ဖြစ် အပြစ်မလုပ်ဘဲနဲ့ အပြစ်လို့ မြင်နေတဲ့ကိစ္စကိုပဲဖြစ်ဖြစ် အဲဒီလိုမျိုးဆို ကျွန်တော်က မရှင်းရမချင်း ကျွန်တော်နေလို့ အဆင်မပြေဘူး။

**မေး– ခံစားမှု လွယ်တဲ့အထဲမှာပါလား။**

ဖြေ– မေ့ပျောက်ဖို့ မမေ့ပျောက်ဖို့ဆိုတာကတော့ ပြဿနာတစ်ခုကို ရှင်းလိုက်တယ်ဆိုရင်တော့ မေ့သွားရော၊ တချို့ စွဲလမ်းစရာကိစ္စတွေဆိုလည်း တော်တော်စွဲလမ်းတယ်၊ အစွဲအလမ်းကြီးတယ်။

**မေး– အနုပညာအလုပ်ကို ဆက်လုပ်ဖြစ်သွားမယ်ဆိုတာကို ခိုင်မြဲစေတဲ့ အကြောင်းအရာက ဘာဖြစ်မလဲ။**

ဖြေ– ပရိသတ်ရဲ့ လက်ခံမှုဆိုတာကလည်း ဒါရိုက်တာတွေ၊ ပရိုဂျူဆာတွေ၊ မန်နေဂျာတွေရဲ့ နေရာပေးမှု၊ သူတို့တွေက နေရာပေးတဲ့အတွက် ကိုယ်လုပ်တတ်တာလေးကို လုပ်ပြခွင့် ရတဲ့အတွက် ပရိသတ်က သိတယ်။ နယ်တွေသွားပြီး သီချင်းဆိုရင်လည်း ပရိသတ်ရဲ့ အားပေးမှုက အရင်ကဆို မသိဘူး၊ နာမည်တောင် မသိတာ၊ လူသိဖို့ဆိုတာ အဝေးကြီးပဲ၊ အခုတော့ ဘာပဲဖြစ်ဖြစ် ရှိုးတွေဘာတွေဆိုရင် နာမည်လေးတွဲပြီး အားပေးတယ်။ 'အရမ်းအားပေးတယ်နော်၊ ကြိုးစားပါ၊ ဖြစ်နိုင်တယ်'ဆိုတဲ့ စကားနဲ့ အားပေးမှုတွေက ကျွန်တော် ဆက်လျှောက်မယ့် လမ်းအတွက် တကယ့်အင်အားတွေပါ။ အဲဒီအချက်ကလည်း ကျွန်တော့်ရပ်တည်မှုအတွက် ခိုင်မြဲချက် တစ်ခုပါ။

**မေး– ပရိသတ်အတွက် ဘာတွေပြောချင်သေးလဲ။**

ဖြေ– ပရိသတ်စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ နှစ်သစ်မှာ နေနိုင်ကြပါစေ။

**အေးမြတ်သီ**

www.burmeseclassic.com

www.burmeseclassic.com











ရိုက်ကွင်းသတင်း

# ဒါရိုက်တာ ညွန့်မြင့်မာ ညီညီအောင်ရိုက်တဲ့ ၃၉ ဗိုက်ပူ

ရွှေဖီး(ဓာတ်ပုံ)

ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးအတွက် မင်းမြတ်အေး စီစဉ်ပြီး နေရီမင်း၏ ဇာတ်လမ်းကို နေစိုးသော်ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ ညွန့်မြင့်မာညီညီအောင် ရိုက်တဲ့ '၃၉-ဗိုက်ပူ' ချစ်ခြင်းမေတ္တာဖွဲ့ ဟာသ ရုပ်ရှင်ဇာတ်ကားကြီး မကြာမီ ရုပ်ရှင်ချစ်ပရိသတ်ရှေ့ ရောက်လာပါတော့မည်။

သရုပ်ဆောင်များအဖြစ် နေတိုး၊ ဝေဠုကျော်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ ဝတ်မှုံရွှေရည်၊ ချောရတနာ၊ မေသဥ္ဇာဦး၊ ဗေလုဝ၊ မိုးဒီ၊ ပွင့်၊ ချစ်ဖွယ်၊ အုန်းသီး၊ ကောင်းစံ၊ ထက်ထက်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားသည်။ ဇာတ်ကားအကျဉ်းလေးကတော့-

လူချော (နေတိုး)နှင့် စိန်ပေါ (ဝေဠုကျော်)မှာ ညီအစ်ကိုဝမ်းကွဲများ ဖြစ်ကြသည်။ လူချောက မိဘများ မရှိတော့ဘဲ စိန်ပေါတို့နှင့်အတူနေရာမှ စိန်ပေါ၏ဖခင် ရုတ်တရက်ကွယ်လွန်သွားရာ ကြွေးများသာ ကျန်ရစ်ခဲ့သောကြောင့် အိမ်ရောင်း၍ ဆပ်လိုက်ရသည်။ အမွေအဖြစ် အကြွေးအချို့နှင့် ဗိုက်ပူဘတ်စ်ကားအိုကြီးသာ ကျန်တော့၏။

လူချောနှင့် စိန်ပေါတို့သည် ဘတ်စ်ကားကို နေအိမ်ပြု၍ လုပ်ကိုင်စားသောက်နေကြ၏။ လူချောမှာ မူလက နိုင်ငံခြားသို့သွား၍ ပတ်စ်ပို့လုပ်ထားရာ ကြွက်ကိုက်သွားသဖြင့် ပတ်စ်ပို့ ပျက်ဆီးသွားရာ နိုင်ငံခြားသွား၍ မရတော့သဖြင့် ကြွက်ကို မုန်းတီးနေသူဖြစ်သည်။ စိန်ပေါကမူ ချစ်သူပစ်သွား၍ မိန်းမမုန်းနေသူ ဖြစ်သည်။

MRTV-4 မှ 'ဘဝကြေးမုံ' ဇာတ်လမ်းစုံကဏ္ဍအတွက် လူချောတို့၏ ဘတ်စ်ကားအား အင်တာဗျူးရာ လူချောနှင့် စိန်ပေါက သူတို့ရည်မှန်းချက်မှာ ၎င်းကားအား မြန်မာနိုင်ငံတွင် ခေတ်အမီဆုံးနှင့် အကောင်းဆုံးကားဖြစ်အောင် ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း ပြောကြား ကြသည်။

တစ်ရက်တွင် လူချောတို့၏ ဘတ်စ်ကားပေါ်သို့ လူငယ်တစ်ယောက် ခွေခွေလေး အိပ်နေသည်ကို တွေ့ရ၏။ မောင်းချသော်လည်း မရ။ သူ့နာမည်က ဆန်နီဖြစ်ကြောင်းနှင့် သူ့အား အလုပ်ပေးပြီး အတူနေခွင့်ပြုရန် ပြောပြီး စရိတ်အချို့လည်း ထုတ်ပေး၍ တောင်းပန်သည်။ သို့သော် လူချောသည် ဗေဒင်အရ ခြေနှစ်ချောင်းအား လ[illegible]၍ မရကြောင်းနှင့် ထမင်းဆိုင်မှ ဒေါ်ဝတုတ်ထံတွင် အပ်[illegible]ထားမည်ဟု ပြောလိုက်လေသည်။

လူချောတို့၏ ဘတ်စကားကြီး၏ ဒဏ်ကို [illegible]၍ ကူညီပေးနေသူမှာ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော်ယာဉ် ယာဉ်ထိန်းရဲကြီးဦးဒီလုံးဖြစ်သည်။ ကြွေးမရ၍ ဒေါသထွက် လာတောင်းသူမှာ ဒေါ်စိန်နက်။ ပြဿနာတက်တိုင်း အာမခံ ပေးရသူမှာ ဦးဒီလုံး။

တစ်ရက်တွင် လူချောက ဆန်နီမှာ ယောကျ်ားလေး မဟုတ်ဘဲ မိန်းကလေးဖြစ်ကြောင်း သိသွားသည်။ ထိုနေ့က ဘိုင်ပြတ်နေသဖြင့် လူချောက စိန်ပေါ၏ဖခင် ဓာတ်ပုံတွင် ချိတ်ထားသော ဆုတံဆိပ်ကို အတုဖြင့်လဲ၍ ရောင်းချရန် ကြံသည်ကို ဆန်နီကလည်း တွေ့သွားသည်။ ထို့ကြောင့် လူချောနှင့် ဆန်နီတို့ အပြန်အလှန်သဘောဖြင့် စိန်ပေါအား လျှို့ဝှက်ထားရန် သဘောတူလိုက်ကြသည်။

လူချောက ဆန်နီအား အကာအကွယ်ပေးသလို ဆန်နီကလည်း လူချောကို ကူညီရင်း တစ်ဦးနှင့်တစ်ဦး ရင်ခုန်လာကြသည်။ တစ်နေ့၌ လူချောထောင်ထားသော ကြွက်ထောင်ချောက်တွင် ကြွက်မိနေသည်ကို ဆန်နီ လွှတ်ပေးလိုက်ရာ လူချော စိတ်တိုသည်။ ဆန်နီက ထွက်ပြေး၍ လူချောလိုက်ဖမ်းရင်း နှစ်ဦးစလုံး လဲကျရာမှ ဖက်မိသွားကြပြီး စိတ်လှုပ်ရှားသွားကြသည်။

ကြွေးရှင် ဒေါ်စိန်နက်က ကြွေးဆပ်မည်ဟူသော ကတိများ [illegible] ပျက်သဖြင့် ကြွေးဖြင့် ပစ္စည်းများ သိမ်းရန်လာရာ ဆန်နီက "မိမိဆပ်ပါမည်၊ ရက်အကန့်အသတ်ပေးပါ" ဟု ဝင်၍ တောင်းပန်သည်။ ဒေါ်စိန်နက် ပြန်သွားလျှင် ဆန်နီက ဖုန်းဆိုင်တစ်ခုမှနေ၍ အိမ်သို့ ဖုန်းဆက်ကာ "မိမိပြန်လာမည်၊ ငွေသုံးသိန်းပို့ပေးပါ"ဟု တောင်းဆိုသည်။ လူချောက မိမိတို့အတွက် ဆန်နီ အနစ်နာခံသည်ကို သိ၍ စိတ်မကောင်း ဖြစ်သွားသည်။

ဆန်နီသည် မိန်းကလေးဖြစ်ကြောင်း လူချောက စိန်ပေါအား ထုတ်ပြောပြီးနောက် စန္ဒီ (ဆန်နီ)က သူမ၏ နောက်ကြောင်းအား ထုတ်၍ ဝန်ခံပြောပြခဲ့၏။ သူမ၏ မိခင်ကွယ်လွန်ပြီးနောက် ဖခင်က နောက်အိမ် ထောင်ပြုရာ မိထွေးဖြစ်သူက ကောက်ကျစ်သောသူ ဖြစ်နေခဲ့၏။ စန္ဒီ ရမည့်အမွေပစ္စည်းများကို အပိုင်သိမ်းရန် မိထွေးက သူ၏ မောင်ဖြစ်သူ နှင့် အတင်းလက်ထပ်ပေးရန် စီစဉ်ရာ ဖခင်က မိထွေးအလိုကို လိုက်သဖြင့် စန္ဒီက လက်မခံဘဲ အိမ်မှ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။ ယင်းကို သိ၍ လူချောနှင့် စိန်ပေါမှာ သနားပိုသွားခဲ့ပြီး စန္ဒီအား ယခင်ကထက်ပို၍ ဂရုစိုက် စောင့်ရှောက်ကြတော့သည်။

ဆက်လက်၍ စန္ဒီ၏ဖခင် သိသွား၍ တပည့်များနှင့်အတူ လိုက်လာပြီး လူချောတို့ကို ပြဿနာရှာမည်လား၊ စန္ဒီက ဖခင်ထံ ပြန်လိုက်သွားမည်လား။။ လူချော၊ စိန်ပေါ၊ စန္ဒီ ရေ့လျှောက် ဘာတွေဖြစ်ကြမလဲ ဆိုတာ ရုပ်ရှင်ရုံကြီးတွင် ဝင်ရောက်ခံစားကြပါစို့။ '၃၉-ဗိုက်ပူ' ရဲ့ ရည်ရွယ်ချက်ကတော့ ငွေကြေးဥစ္စာဓနထက် ချစ်ခြင်းမေတ္တာက ပို၍ အရေးကြီးကြောင်း၊ လူသားအချင်းချင်း ကူညီရိုင်းပင်းခြင်းသည် လူတို့အတွက် မွန်မြတ်သော ကျင့်ဝတ်ဖြစ်ကြောင်း အသိပေး တင်ပြခြင်း၊ ဘဝကို ပျော်ရွှင်မှု၊ ရိုးသားကြိုးစားမှုဖြင့် ဖြတ်သန်းသွားနိုင်ကြရန် ရည်ရွယ် ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။

ရွှေဖို့(ဓာတ်ပုံ)

www.burmeseclassic.com

www.burmeseclassic.com





# ပြင်းရှရှ ‘ခေသူမဟုတ်တဲ့’ ကောင်မလေးနဲ့ အောင်ရဲလင်း

ဘာမိတွန်



ဓာတ်ပုံ– ရဲရဲ

ရုပ်ရှင်ဝေးကဗျာ ပရိသတ်ကြီးအတွက် ရိုက်ကွင်းသတင်းအနေနဲ့ တင်ဆက်ပေးချင်တာကတော့ လေဒီဇော် (နှလုံးသားပြတိုက်)ရဲ့ ဝတ္ထုကို ဇာတ်ညွှန်းမြင့်ဦးဦးမြင့်က ရေးသားထားပြီး ဒါရိုက်တာ သားကြီး ရိုက်ကူးပုံဖော်ထားတဲ့ ‘ခေသူမဟုတ်’ ဆိုတဲ့ ဇာတ်ကားလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီကားလေးမှာ အဓိကအားဖြင့် သရုပ်ဆောင်ထားကြတာကတော့ အောင်ရဲလင်း၊ ထွန်းအိန္ဒြာဗိုလ်၊ နန်းဆုဦး၊တို့ ဖြစ်ကြပါတယ်။

အခုလက်ရှိမှာ တက်လာတဲ့ မင်းသမီးတွေထဲကမှ တစ်လက်ဖြစ်တဲ့ နန်းဆုဦးကို အသွင်တစ်မျိုးနဲ့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ နန်းဆုဦးအနေနဲ့ ကားတွေ ဆက်တိုက်ရိုက်ဖို့ ရှိသလို ဒီကားလေးဟာ သူမအတွက် အောင်ရဲလင်းနဲ့ ထွန်းအိန္ဒြာဗိုလ် သားအမိနှစ်ယောက်ဆီကို ဘယ်လို ကောင်မလေးက ဘယ်လိုပုံစံမျိုးလေး ဟန်ဆောင်ပြီး ဝင်လာမလဲဆိုတာကိုတော့ ရုပ်ရှင်ဝေးကဗျာ ပရိသတ်ကြီး ရိုက်ကွင်းဓာတ်ပုံလေးတွေကို ကြည့်ပြီး သိနိုင်မှာပါ။ ခန့်လည်း ခန့်မှန်းကြည့်စေချင်ပါတယ်။ ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com







ဓားကဗျာပရိသတ်ကြီးကို ရိုက်ကွင်းသတင်း တင်ဆက်ပေးရခြင်း ရည်ရွယ်ချက်ကတော့ ရိုက်ကွင်းဓာတ်ပုံလေးတွေကို ကြည့်ရှုပြီး တခဏ တာ ကိုယ်ကိုယ်တိုင် သူတို့ရဲ့ ရိုက်ကွင်းထဲကို ရောက်ရှိသွားသလို ခံစားမှုမျိုး ရစေချင်ပါတယ်။ ဒီရိုက်ကွင်းဓာတ်ပုံလေးတွေ ကြည့်ပြီး ဒီ ကားလေးထွက်လာတဲ့အချိန်ကို စောင့်မျှော်ပြီး ဇာတ်ကားလေးရဲ့ ending ကို ဘယ်လိုဆုံးစေမလဲ စဉ်းစားရင်း ရင်ခုန်စေချင်လို့တဲ့ ရည်ရွယ်ချက် ပါ။ ဒီဇာတ်ကားမှာ ပါဝင်တဲ့ မင်းသားအောင်ရဲလင်းအနေနဲ့လည်း သူ့ရဲ့ ဇာတ်ရုပ်က ပေါ့ပေါ့ပါးပါးပဲ ဖြစ်တဲ့အတွက် ပုံမှန်ပါပဲလို့ ပြောပြီး ပရိသတ်တွေအနေနဲ့ ဒီကားလေးကို ကြည့်စေချင်ပါတယ်။ ကြိုက်မယ် လို့လည်း မျှော်လင့်ပါတယ်။ ဇာတ်လမ်းလေးက နည်းနည်းတော့ ပြုံးရှုရှု လေးပါလို့ ပြောခဲ့ပါတယ်။

ကဲ.. ပရိသတ်ကြီးလည်း ရိုက်ကွင်းပုံလေးတွေနဲ့ သတင်း[illegible] တစ်စလေးကို ဖတ်ကြည့်ပြီး ဒီကားလေးရဲ့ ကိုယ်ထည်နဲ့ [illegible] အားလုံးအတူတူ အဖြေညှိပြီး စောင့်မျှော်ကြည့်ကြ[illegible]
[illegible]

www.burmeseclassic.com

www.burmeseclassic.com







ရိုက်ကွင်းသတင်း

# သပြေသွေးရဲ့ဒိုင်ယာရီ

မုံရွာညိုလေး

ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရိုက်ကွင်းမှာ ဆုံဖြစ်ကြရင်း . . .

♛ ကိုညီအောင် အခုရိုက်နေတဲ့ ***Location*** နှင့် ***Scene*** လေး ပြောပြပါဦး''

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းရိုက်ဖို့ အဆင်မပြေဘူး။ Mict Park တို့၊ ဘာတို့ တက္ကသိုလ်ဆိုရင် အရင်တုန်းက သွားရိုက်တယ်။ အဲဒီနေရာတွေက စျေးကြီးတယ်၊ ယဉ်ကျေးမှုတက္ကသိုလ် သွားရိုက်ပြန်တော့လည်း စနေ၊ တနင်္ဂနွေပဲ ရိုက်လို့ ရတယ်။ ကျန်တဲ့ ရက်တွေ ရိုက်လို့ မရဘူးဆိုတော့ အခက်အခဲ ဖြစ်တယ်၊ ဝမ်းသာဖို့ကောင်းတာက မှတ်တမ်းရုံးမှာ ရိုက်လို့ ရတယ်လို့ ကြားရာက အခုရိုက်လို့မရဘူး။ ကြားပြန်ရော တက္ကသိုလ်ကျောင်းဆိုလည်း ဒီနေရာပဲ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းဝင်းနေရာ အစစ်အမှန်တွေနဲ့ ရိုက်ချင်ပါတယ်။ ကားရဲ့ Quality ကျတာလည်း အဲဒါ တွေနဲ့ ဆိုင်တယ်။ သက်ဆိုင်ရာဝန်ကြီးဌာန နှင့် ရုပ်ရှင်အစည်းအရုံး ပူးပေါင်းဆောင်ရွက်ပေးနိုင်ရင် ကောင်းမယ် ထင်တယ်။

'ဒီဇာတ်က သပြေသွေးရဲ့ ဒိုင်ယာရီ' တဲ့။ ဝတ္ထုက ကျွန်တော်နှင့်ကားဆက်ခန်း တစ်ခုမှာ တွေ့ခဲ့တဲ့ မိန်းကလေးတစ်ယောက်က သူ့ရဲ့ ကိုယ်တွေ့ဆန်ဆန်ဖြစ်တဲ့ အဖြစ်အပျက်လေး ဇာတ်လမ်းရေးပေးတာကို ကျွန်တော်တို့က ကြိုက်တာနဲ့ ပြန်ပြီး အခန်းစဉ် (Scene) ခွဲပြီး ရိုက်ဖြစ်တဲ့ Romance အချစ်ဇာတ်လမ်းလေးပါ''

♛ ဒီနှစ် အကယ်ဒမီပေးပွဲအပေါ် ထင်မြင်ချက်လေး

''ဒီနှစ်အကယ်ဒမီပေးပွဲရဲ့ Presentation လေးကို သဘောကျပါတယ်။ ပရိသတ်ရွေးတဲ့ ကား ထင်မြင်ချက်ပေးတဲ့ဟာနဲ့ ရတဲ့ဟာ အကုန်တစ်ထပ်တည်း မဟုတ်တောင် သူတို့ စိတ်ကြိုက် ဖြစ်ပါတယ်။ အရင်နှစ်တွေနှင့် အများကြီး ပြောင်းလဲသွားပါတယ်''လို့ သူက ပြောပါတယ်။

ရိုက်ကွင်းကို ကြည့်လိုက်တော့ သရုပ်ဆောင်သင်တန်းမှ မင်းသမီးလေးတစ်ဦးကို ဒါရိုက်တာ သင်ပြပေးနေပါတယ်။

''ဘာလဲ၊ သမီး Dialogue ပြောရင်းနဲ့ အိုက်တင်လိုက်လုပ်''

''ဘာလဲ၊ ယူ့ တို့ကို အဆောင်ဖြတ်လိုက်ပြီလား၊ နောက်ခြေလှမ်းတစ် လှမ်းနေပြီ

www.burmeseclassic.com

www.burmeseclassic.com



လား''

''ဟာ မဟုတ်ဘူး၊ ဟိုလေ ကိုယ် သဘောတကျဖို့ လုပ်နေတာ မအားလို့ပါ''

''လူကိုယ်တိုင်မလားဖြစ်တောင်မှ ဖုန်း တော့ ဆက်လို့ ရပါတယ် ကိုရဲရယ်၊ ဘာလဲ ဖုန်းနံပါတ်တောင် ပျောက်သွားပြီလား။

''မပျောက်ပါဘူး မပျောက်ပါဘူး''

''အဲဒီမှာ သမီးရောက်လာမယ်။ ကိုရဲ ဒီရောက်နေတာ ကြာပြီလား။ ယာယာနောက် ကျသွားတယ်၊ ဒီဖက်က ကောင်မလေးမျက်နှာ လှမ်းကြည့်လိုက်တင်းသွားပြီ၊ တင်းသွားပြီ၊ စတက်လာကတည်းက နောက်မှာပါတယ်။ ကိုယ်က သိနေတယ်။ ''အရေးကြီးတဲ့ကိစ္စဆို တာ သူလား၊ ကိုရဲရဲ့ သူငယ်ချင်းက အလန်း စားလေးပဲ''။ ''ဟာ . . . မဟုတ်ဘူး မဟုတ် ဘူး၊ မဟုတ်လည်း ကိုရဲအကြောင်း ကောင်း ကောင်းသိတယ်။ Good Buy ကိုရဲ ''သူပြော သွားတာတွေ ဘာလဲ ကိုရဲရင့်သွေး''





''ကိုရဲရင့်သွေးလို့ ခေါ်တာ သမီး မကျေ နပ်လို့ခေါ်တာ၊ မကျေနပ်တဲ့ ဟန်အမူအရာ လေးထည့်''

*''ဘာမှမဟုတ်ပါဘူး ယာယာ''*

''ဘာမှ မဟုတ်ရင်လည်း ဘာမှမဟုတ် အောင် ရှင်းထားလိုက်၊ ယာယာလည်း မရှင်း မလင်းကြားထဲမှာ အပြောမခံနိုင်ဘူး''

ဒါတွေကို ဒါရိုက်တာက သင်ကြားနေပါ တယ်။

တက္ကသိုလ်ကျောင်း ကော်ရစ်ဒါလှေကား အတက်အဆင်းတွင် ပြေတီဦး၊ ရွှေပိုးအိမ်၊ ချစ်ချင်စရာလေး အိမ့်မြတ်ချယ်တို့ ဆုံ ကြခြင်း မျက်နှာများသော ပြေတီဦးကို ချစ်သူဖြစ်သူ ရွှေပိုးအိမ်က ဂွတ်ဘိုင်လုပ် သော အခန်းတွင် သရုပ်ဆောင်သစ်လေး အိမ့်မြတ်ချယ်အား စကားပြောအသံ အနိမ့် အမြင့်၊ ကင်မရာ အဝင်အထွက်၊ Timming များ မှန်စေရန် ရိုဟာဆယ် လုပ်နေခြင်းဖြစ် သည်။ ကင်မရာ Trolly shot ရိုက်ရန် ပြင်ဆင်နေချိန်၌ ပြေတီဦးနှင့် တွေ့ဆုံဖြစ်ရင်း . . .

''ညီလေးပါဝင်ရတဲ့ Character လေး ပြောပြပါ''

''အခု ဒီကားလေးက ဒါရိုက်တာက ညွန့်မြန်မာညီညီအောင်၊ မင်းသမီးက ဝတ်မှုန် ရွှေရည်၊ ရွှေပိုးအိမ်၊ ရဲမွန် ဇာတ်လမ်းကတော့ Fany Romance လေးပါ။ ကားနာမည်က ' သပြေသွေးရဲ့ ဒိုင်ယာရီ' ကျွန်တော့် Chara- cter ကတော့ ရည်းစားများပြီး ရှုပ်တဲ့ ပွေတဲ့ တက္ကသိုလ်တက်ရင်း သဘောလိုက်ဖို့ ကြိုးစား နေတဲ့ လူငယ်တစ်ယောက်ပေါ့။ ထူးခြားတဲ့ လုပ်ကွက်(Plot)လေးတွေကတော့ Romance စစ်စစ်လေးတွေပေါ့။ ကျိုက်ထီးရိုးဘုရားပေါ်မှာ ဇာတ်သိမ်းလေးတွေ၊ Love Scene လေးတွေ ရှိတယ်။ ထူးထူးခြားခြားလေးနဲ့ ကောင်းမယ့် အခန်းလေးတွေပေါ့''

*ဝတ်မှုန်ရွှေရည်နှင့် ဆုံဖြစ်သောအခါ၌–*

''ဇာတ်လမ်းကတော့ သူနဲ့ ကစ်နဲ့က သူကို တွေ့ကတည်းက ကိုယ်က ရင်ခုန်တာ ပေါ့။ သူမှာ ရည်းစားတွေ အများကြီး၊ သူက ကစ် သူငယ်ချင်း (ရွှေပိုးအိမ်)နဲ့ ကြိုက်တာ။ ရွှေပိုးအိမ်နဲ့လည်း တွဲ၊ တခြားမိန်းမလေးတွေနဲ့ လည်း တွဲ၊ သူက ကစ်ကို သတိမထားမိဘူး။ ကစ်ကသာ တဖက်သတ်ချစ်နေရတာ၊ ထူးခြား တဲ့ ဇာတ်ကွက် (Plot) လေးတွေကတော့ ကျိုက် ထီးရိုးဘုရားဖူးသွားရင်း ဖြစ်ပျက်တဲ့ Romance လေးတွေပါပဲ''

ရွှေပိုးအိမ်နှင့် တွေ့တော့ သူက–

''သမီး နာမည်က ဒီကားထဲမှာ ယာယာ ပါ။ သမီးက ကိုပြေတီဦးနဲ့ ပထမဆုံး ကြိုက်တဲ့ ကောင်မလေး။ မဝတ်မှုန်ရွှေရည်နဲ့ က သူငယ်ချင်း။ ကိုပြေတီဦးက ဖယားတွေ ရှုပ်လွန်းတော့ ကွဲသွားပြီး ကိုရဲမွန်နှင့်ကြိုက် တာ။ သူတို့နဲ့ တွဲလျက် တောက်လျှောက်ပါ တာ။ Scene အနေနဲ့တော့ (18) Scene လောက်ပါတယ်။ လုပ်ရတဲ့ လုပ်ကွက်တွေက တော့ အများကြီးပါပဲ။ ကိုယ်က မလုပ်နိုင်တာ သာ ရှိတာ။ မကစ်က အေးတယ်။ သမီးက သွက်တယ်။ အပြိုင်အနေနဲ့ လုပ်ရတာမဟုတ်ပါ ဘူး။ သူငယ်ချင်းအနေနဲ့ တွဲလျက်ပါတာ၊ သမီးနဲ့ ကိုရဲမွန်က သူငယ်ချင်း ကိုရဲမွန် သူငယ်ချင်းက ကိုပြေတီဦး။ သမီးသူငယ်ချင်းက မဝတ်မှုန်ရွှေရည် (၄) ယောက်ဆုံတော့ သမီးနဲ့ ကိုပြေတီဦးနဲ့ ကြိုက်သွားတယ်။ မဝတ်မှုန်ရွှေရည်ကို ကိုရဲမွန်က ကြိုက်တယ်။ နောက်တော့ ကိုပြေတီဦး ရည်းစားများမှန်း သိသွားပြီး ကိုရဲမွန်နဲ့ ထပ်ကြိုက်တယ်။ မဝတ်မှုန်ရွှေရည်က ကိုပြေတီဦးကို တိတ်တခိုး ချစ်နေတာ။ အဲဒါကိုလည်း သူတို့ နှစ်ယောက် အဖြစ်မှန်ကို သိသွားပြီး ချစ်သူတွေ ဖြစ် သွားပြီးတဲ့နောက်မှာ ရင်နင့်ဖွယ်ရာ အချစ် ဇာတ်လမ်းလေးပေါ့။

Seven Colour ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူး ပြီး ပြေတီဦး၊ ဝတ်မှုန်ရွှေရည်၊ ရွှေပိုးအိမ်၊ ရဲမွန် တို့ ပါဝင်သော 'သပြေသွေးရဲ့ ဒိုင်ယာရီ' Romance အချစ်သီးသန့်ဇာတ်လမ်းလေးကို ဗီဒီယို ဖန်သားပြင်ပေါ်ရောက်မည့် ရက်အခါ မျှော်ရှုစားကြပါလို့ သတင်းကောင်းပါးရင်း . .

ရွှေညီလေး

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကွင်းသတင်း

# နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများနဲ့ မြင့်မြတ်ကို ဒါရိုက်တာကိုပေါက်က ရိုက်လိုက်ပြီ

## ဘာမီတွန်

ဓာတ်ပုံ– ရဲရဲ

အောင်သီရိထုတ်လုပ်ရေးက ဖြန့်ချိမယ့် ရာဇဝင်ကိုရဲ့ ဝတ္ထုကို ကိုပေါက်က ဇာတ်ညွှန်းပြန်ရေးထားပြီး ကိုပေါက်ကပဲ ဒါရိုက်တာအဖြစ် ရိုက်ကူးပုံဖော်လိုက်တဲ့ ဒီကားလေးက ပုံမှန်ကားတွေနဲ့ မတူ ထူးခြားပြီး ပုံစံဆန်းဆန်းလေးနဲ့ ဖြစ်ပါတယ်။ 'နှစ်ဆယ့်တစ်ရာစု မိန်းမပျို' များလို့ အမည်တပ်ထားတဲ့ မိန်းမပျို ၃ ယောက်ကို တစ်ယောက်တစ်မျိုးစီ စတိုင်သစ်များနဲ့ မြင်တွေ့ရမှာပါ။ ဒီကားမှာ မြင့်မြတ်၊ ယုသန္တာတင်၊ ရွှေမှုန်ရတီ၊ သွန်းဆက်တို့က ပါဝင်သရုပ်ဖော်ပေးထားပြီး ပရိသတ်များ အမြင်မှာ ဆန်းသစ်စေဦးမှာပါ။ ဒီကားထဲမှာ ယုသန္တာတင်က တရားသမားအဖြစ် သရုပ်ဆောင်ထားပြီး ရွှေမှုန်ရတီကတော့ ဈေးထဲမှ ကြက်သားသည်အဖြစ် သရုပ်ဆောင်ထားပါတယ်။ သွန်းဆက်က လုံးဝ Sexy ဆန်တဲ့ ကောင်မလေး လန်းလန်းလေးအနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ဒီကားရဲ့ ထူးခြားချက်တွေကတော့ ရွှေမှုန်ရတီကို လုံးဝ ပီပြင်တဲ့ ကြက်သားသည်အဖြစ် တွေ့မြင်ရမှာဖြစ်ပြီး သွန်းဆက်ကိုလည်း လုံးဝ အလန်းစားအနေနဲ့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားလေးမှာ မြင့်မြတ်က နှစ်ဆယ့်တစ်ရာစု မိန်းမပျိုလေးများ ဖြစ်တဲ့ ယုသန္တာတင်၊




www.burmeseclassic.com











...တ်၊ ရွှေမှုန်ရတီတို့ကို တစ်ပြိုင်နက် ရည်းစားတော်ပြီး ပုံစံအမျိုး ... ထွဲပါတယ်။ နောက်မှ သူတို့တွေလည်း သိပြီး ပြဿနာတွေ ...ကြပါတယ်။ နောက်ဆုံး မြင့်မြတ်က မဲနိုက်ပြီး ဆုံးဖြတ်ရတဲ့အထိ ...တယ်။ အဲဒီနောက် ဘယ်သူ မဲပေါက်သွားတယ်ဆိုတာကိုတော့ ...ထဲမှာပါတဲ့ မင်းသမီး သုံးယောက်စလုံးလည်း တကယ် မသိခဲ့ပါဘူး။ ...တော့ ဒီမင်းသမီးသုံးယောက်နဲ့အတူ ပရိသတ်ကြီးလည်း ဘယ် ... မြင့်မြတ်ရဲ့ ရည်းစားအဖြစ် ကျန်ခဲ့မလဲဆိုတာကို စောင့်မျှော်ပြီး ... ရှုစေချင်ပါတယ်။

...ကားလေးနဲ့ ပတ်သက်ပြီး မင်းသမီးသွန်းဆက်ကလည်း–

"...ရိသတ်တွေ တကယ်အကြိုက်တွေ့စေမှာပါ။ ယုံကြည်ပါတယ်။ ...အနေနဲ့ ဒီကားထဲမှာ ဆိုးဆိုးဝါးဝါး အရက်သောက်ပြီး မူးရတဲ့ အခန်းတွေ ပါတယ်။ အပြင်မှာ လုံးဝသောက်လို့ မရဘူး။ သွန်းဆက်က အယ်လ်ကိုဟောလ်သောက်ပြီးရင် အလက်ဂျစ်တွေ ထလာရော။ ဒီကားထဲမှာ အချိုရည်သောက်ပြီး တကယ်မူးတဲ့ပုံစံ သရုပ်ဆောင်ရတဲ့ အတွက် သေသေချာချာ သဘ္ဘာန်တူအောင် သရုပ်ဆောင်ခဲ့ပါတယ်။ အတတ်နိုင်ဆုံးလည်း လုပ်ခဲ့ပါတယ်။ ပရိသတ်ကြီး ကြည့်လိုက်ရင် သိမှာပါ" လို့ ပြောပြခဲ့ပါတယ်။ မင်းသမီး ရွှေမှုန်ရတီအနေနဲ့တော့ ဒီကား အပြီးမှာ ဘန်ကောက်ကို ခဏထွက်သွားတယ်လို့ သိရပါတယ်။ ...ကဲ ပရိသတ်ကြီးလည်း သိသင့်သလောက် သိပြီမို့လို့ **မင်းသမီး ...** ယောက် နဲ့အမတူ စောင့်ကြည့်ကြမယ်နော်။

**...ထွန်း**

www.burmeseclassic.com

# ရုပ်ရှင်ဂီတနယ်ပယ်မှ ကဗျာချစ်သူ

အေးမြတ်သီ

အနုပညာသမားဆိုတာ စိတ်ခံစားမှုလွယ်ကြတဲ့ လူမျိုးများဖြစ်ကြပါတယ်။ စိတ်ထားနူးညံ့ပြီး အရာရာကို သည်းခံနိုင်တာထက် ပိုပြီး သည်းခံနိုင်ကြတဲ့ လူတွေလို့ တချို့ကတော့ ဖွင့်ဆိုကြတယ်လေ။ သူတို့ရဲ့ စိတ်ခံစားမှုတွေကို ဖွင့်ထုတ်ဖို့အတွက် ဒိုင်ယာရီရေးခြင်း၊ ကဗျာရေးခြင်း၊ သီချင်းရေးခြင်း၊ ပန်းချီဆွဲခြင်း ...စတဲ့ အကူအညီတွေတော့ ယူရတာပေါ့။ အဲဒီထဲမှာမှ ရုပ်ရှင်တေးကဗျာ ပရိသတ်ကြီးကို အနုပညာလောကထဲက ရင်ဖွင့်သံတွေအတွက် သူတို့ရဲ့ ကဗျာလေးတွေကို ကဏ္ဍလေးတစ်ခုအဖြစ် ဖန်တီးပြီး တင်ဆက်ပေးလိုက်ပါတယ်နော်။



## ရုပ်ရှင်(၁)

ပိတ်ကားပေါ်
အနှစ်နှစ် အမြစ်စွဲနေတဲ့
မြင်ကွင်းကျယ်ရုပ်ရှင်လို
မသိစိတ်ထဲ စူးနေတဲ့
ဒဏ်ရာဟောင်းတွေ
ကိုယ်တိုင်
ထိုင်ကြည့်နေမိတယ်။

**မင်းမော်ကွန်း**

www.burmeseclassic.com

www.burmeseclassic.com



ငယ်သူ့အိပ်မက်

# ပရိသတ်ကို ရိုးသားစွာဝန်ခံလိုက်တဲ့ DANDY (ခေါ်) ဒီဒီး

မျိုးသီဟန်

www.burmeseclassic.com

www.burmeseclassic.com



# ငယ်သူ့အိပ်မက်

အခု ကျောင်းပြီးတော့မှ မော်ဒယ်လ် အလုပ်ကို စလုပ်ဖြစ်တာ၊ ဒီလအတွင်းမှာတော့ Cosmestic ပြိုင်ပွဲတစ်ခု ဝင်ဖို့ရှိတယ်။ ဟိုး ငယ်ငယ်လေးကတည်းက သမီးက ဒီအလုပ်ကို ဝါသနာပါခဲ့တာ။ သမီးရဲ့အစ်မ လမင်းအိမ်က လည်း မော်ဒယ်လ်ဆိုတော့ သမီးအတွက် အဆင်ပြေတာပေါ့။ အစကတော့ Photo Model ဖြစ်ချင်ခဲ့တယ်။ ဒါကြောင့်လည်း လေ့လာတယ်။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ဖတ် တယ်။ အင်တာနက်မှာ မော်ဒယ်တွေရဲ့ Design တွေရော Post တွေရောကို Save လုပ်ထားတယ်။ ပြီးရင် ပြန်ပြန်ကြည့်တယ်။ ဟန်ပန်တွေ ဘယ်လိုလုပ်ရလဲ။ အဝတ်အစား ကို ဘယ်လိုဝတ်ရမလဲ။ ကိုယ်နဲ့ လိုက်ဖက်မယ့် ဒီဇိုင်းတွေကို ဘယ်လိုရွေးချယ်မလဲ။ အဲဒါတွေ ကို အမြဲမပြတ် ကြည့်တယ်။ ကိုယ့်စိတ်တိုင်း ကျ ဖက်ရှင်ဆိုရင်တော့ ဘောင်းဘီတိုလေး တွေ၊ T-Shirt လေးတွေ ဝတ်ရတာ သဘော ကျတယ်။

အခု လောလောဆယ်မှာ သမီးအမေရိ ကားသွားဖို့ ရှိတယ်။ ဟိုမှာ စီးပွားရေးလေး လည်း လုပ်ကြည့်မယ်။ သမီးမှာ အရမ်းစိတ် ညစ်စရာလည်း မရှိပါဘူး။ ရှိရင်လည်း အော် ငိုပစ်လိုက်တာပဲ။ မျက်ရည်နဲ့အတူ စိတ်ညစ် စရာတွေ ပါသွားတယ်လို့ ခံစားရတယ်။ သမီး က ဘယ်လို ကလေးအမျိုးအစားထဲမှာ ပါလဲ ဆိုတော့ ညီမနှစ်ယောက်မှာ အငယ်ဆိုတော့ ကလေးဆိုး ဆိုးတယ်။ ကျောင်းမှာဆို ပွဲတိုင်း သမီးမပါရင် မပြီးဘူး။ ၃ နှစ်၊ ၅ နှစ်၊ ၁၀ နှစ် အရွယ်တွေတုန်းကဆိုရင် ကျောင်းကပွဲ ချစ်စရာအရွယ် ကစားကြမယ်။ သီချင်းဆိုပွဲ၊ ကပွဲ တောက်လျှောက်ပါဖြစ်တယ်။ ပတ်ဝန်း ကျင် အနီးအနားမှာဆိုရင်လည်း မသိတဲ့လူ မရှိဘူး။ အရမ်းဆော့တယ်။ ငယ်ငယ်က အကျင့်က ရှုံးတယ်ဆိုတာကို လက်မခံချင်ဘူး။ ရှုံးပြီဆိုတာနဲ့ အော်ငိုပြီး ပြန်လာတာ။ အခုထိ လည်း လုပ်ရင် ဖြစ်မှ ကြိုက်တယ်။ ယုံကြည် မှုလည်းရှိတယ်။ ဝါသနာနဲ့လည်း ဆိုင်မယ်။ စင်တို့၊ ကင်မရာတို့ တစ်ခုမှ မကြောက်ဘူး။ ဒါပေမဲ့ အမှုအရာတော့ နည်းနည်းလိုတာပေါ့။ စိတ်ဓာတ်ကတော့ အရမ်း ပြင်းပြတယ်။ ဘာပဲ လုပ်လုပ် ဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ် ကလေးရှိတယ်။ အနုပညာရှင်ထဲကဆိုရင် အိန္ဒြာကျော်ဇင်၊ ဖွေးဖွေး။ ပြည်ပဆိုရင် ဆယ်လီနာဂိုမက်စ်တော့ ကြိုက်တယ်။

အနုပညာလောကထဲမှာမှ မဟုတ်ပါဘူး။ ဘယ်လောကမှာမဆို ပေါင်းသင်းဆက်ဆံရေး ကတော့ အရေးကြီးတယ်။ သမီးက ငယ်ငယ် လေးကတည်းက အပေါင်းအသင်းဆံ့တယ်။ မွေးနေ့တွေ ဘာတွေ လုပ်မယ်ဆိုရင်လည်း ဒီ အတိုင်းပဲ ဆက်နေတာပဲ ပေါင်းသင်းဆက်ဆံ

www.burmeseclassic.com





နဲ့ ပတ်သက်လို့ကတော့ မိဘတွေ စိတ်ပူစေရဘူး။ ရှုံးတယ်ဆိုတာကိုပဲ သမီးက သက်မခံနိုင်တာပါ။

တစ်ခါတုန်းကဆိုရင် မူကြိုကျောင်း အချင်းချင်း ၁၂ ယောက်တစ်ဖွဲ့စီ သကြန်အကြိုပြိုင်ပွဲလေးတွေ လုပ်တယ်။ အဲဒီမှာ သမီးတို့အဖွဲ့က ဒုတိယပဲ ရခဲ့တယ်။ ကျန်တဲ့ ၁၁ ယောက်က ဘာမှမဖြစ်ဘူး။ သမီးတစ်ယောက်တည်း အော်ကြီးဟစ်ကျယ် ငိုတာ။ အဲဒီအရွယ်ကတည်းက စိတ်ဓာတ်က ပြင်းထန်တယ်။ တစ်ခုခုကို စိတ်ထဲ ထည့်လိုက်ရင် မရ ရတော့ဘူး။ သမီး ဒီအနုပညာအလုပ်ကို စိတ်ထဲကို ထည့်ထားပါတယ်၊ ဆက်လုပ်ချင်ပါတယ်၊ ဒါကြောင့် ပရိသတ်တွေရဲ့ အားပေးမှုကို အမြဲ လိုချင်ပါတယ်လို့ ဒီစာမျက်နှာကတစ်ဆင့် ရိုးသားစွာ ဝန်ခံပါတယ်ရှင်။

မျိုးသီဟန်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




# ရိုးသားစွာနေထိုင်ပြီး ဂီတမှာပျော်မွေ့နေတဲ့ သားကြီး

ရွှေအိမ်းသား

www.burmeseclassic.com

"Yes I do [illegible]" နာခံမယ် တယ် အချိန်မဆို--- ငါ ပေးမယ့်အချိန်--- ကြိုး ဆိုရာလိုက်မယ်--- မင်းသာရှာဖွေနေမယ် မင်းအတွက် ငါ ရှိပေးနေမှာပဲလို့" ဆိုတဲ့ စာသားလေးတွေနဲ့ ချစ်သေးစရာသီချင်းကို ပရိသတ်ရင်ထဲထိအောင် ဆိုနိုင်ခဲ့တဲ့ အဆိုတော် သားကြီးရဲ့ ဂီတလှုပ်ရှားမှုတွေကို မေး မြန်းဖြစ်ခဲ့ပါတယ်။

**မေး– ကိုသားကြီးလတ်တလော အနုပညာလှုပ်ရှားမှုတွေက။**

ဖြေ– ငွေရှာကြေးရှာ အစီအစဉ်သေးတဲ့ပွဲတွေမှာ သီချင်းတွေ သွားဆိုတယ်။ အခုလည်း ထိုင်းကော်က ပြန်ရောက်တာ။ နောက် (၂) ရက်လောက်ဆိုရင် မလေးရှားကို သွားဖို့ရှိတယ်။ အခြားပွဲတွေ လက်ခံထားတယ်။ Bo Bo Music (၃)နှစ်ပြည့်မှာ (၂) ပုဒ် ဆိုထားတယ်။ နောက် သင်္ကြန်ပွဲတော်အတွက် သီချင်းတွေ ရေးပေးနေတယ်။

**မေး– ဒုတိယတစ်ကိုယ်တော်ခွေအတွက် ပြင်ဆင်နေတာကရော အဆင်ပြေနေပြီလား။**

ဖြေ– ကျွန်တော် ဒုတိယတစ်ကိုယ်တော်ခွေကို ဗီယဆေးလို့ ပေးထားတယ်။ ၂၀၁၄ ခုနှစ်ဧပြီ ရဲ (၂၈) ရက်နေ့မှာ ထွက်မှာပါ။ ဗီယဆေး အတွက် သီချင်းပိုင်းကတော့ အကုန်ပြီးနေပြီ။ ခုတော့ ပိုစတာကိစ္စတွေကို အချိန်အားတိုင်း လုပ်နေတယ်။ တစ်ယောက်တည်း မင်္ဂလာရွှေ တစ်ယောက်တည်း အဆိုတော်ဆိုတော့ နည်းနည်းတော့ ပင်ပန်းပါတယ်။ ဒါပေမဲ့ ကျွန်တော် ပျော်ပါတယ်။

**မေး– ဗီယဆေးစီးရီးအကြောင်း ရင်ဖွင့်ပေးပါဦး။ ပရိသတ်တွေကလည်း မျှော်နေကြပြီဆိုတော့ . . .**

ဖြေ– ဗီယဆေးက ကျွန်တော် ပညာရှိသမျှအစွမ်းကုန် (၁၀၀ ရှိရင် ၉၀) လောက် ထုတ်သုံးထားတဲ့အခွေပါ။ ရှေ့က ဆယ်ပုံတစ်ပုံခွေထက်လည်း ကောင်းမယ်။ ပရိသတ်တွေလည်း အားလုံးကြိုက်ကြလိမ့်မယ်။ Featuring အနေနဲ့ ဂျောက်ဂျက်၊ ကျော်ထွန်းဆွေ၊ မီစနီ၊ ထိန်ဝင်း၊ အသစ်ထဲက ဘေဇ (MC) သီချင်းတွေအားလုံးက ကော်မယ်ရှယ်တွေ ပါမယ်။ တစ်တိုင်းပြည်လုံး ကျွန်တော့်ဗီယဆေး တိုက်ကျွေးမယ်။ ဗီယဆေးအခွေကို နားထောင်ပြီးတာနဲ့ အပျိုလူပျိုတွေအားလုံး စွဲကို စွဲစေမယ်၊ ဦးတိုက်ထားပါတယ်။ မှန်းထားပါတယ်။ ဗီယဆေးကို နားထောင်တဲ့သူတွေ အားလုံး စွဲစေရမယ်ဗျာ။ အဲဒီလို ရည်ရွယ်ချက်နဲ့ လုပ်ထားပါတယ်။

**မေး– အခုနောက်ပိုင်း တက်လာတဲ့ အဆိုတော်အသစ်တွေ အစ်ကို လက်တွဲခေါ်တာတွေ့ရတယ်။ အစ်ကို အသစ်ဘဝတုန်းကနဲ့ ကိုယ်ချင်းစာလို့လား။**

ဖြေ– အဲဒါလည်း ပါတယ်။ ကျွန်တော်တို့တုန်းကဆို တာကယ်သနားဖို့ကောင်းတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်တွေးရင် တာကယ်ကို သနားဖို့ ကောင်းပါတယ်။ ဘယ်သူမှလဲ လက်ကမ်းမခေါ်ဘူး။ အဲဒီတုန်းက အဆိုတော်တွေက မိုင်းရိုင်းပြောရရင် ပင်ခေါင်းကျယ်ကြတယ်။ နာမည်ကြီးတွေကလေး ကပ်လို့လည်း မရဘူး။



ကျွန်တော်တို့ကလည်း အနုပညာမျိုးရိုးတော့ ရှိတယ်။ ဒါပေမဲ့ အားမကိုးဘူး။ ကျွန်တော့်အဘွား မီးဘာဆိုးလီဆိုရင် အင်္ဂလိပ်သီချင်းတွေဆိုတဲ့ အဆိုတော်ဆိုပြီး လူကြီးတွေ သိကြတယ်။ ဒါပေမဲ့ ကျွန်တော့်အဘွား အရှိန်အဝါကို မသုံးဘူး။ အောက်ခြေက လူညာဘဝကပြီး ကြိုးကြိုးစားစားနဲ့ ပင်ခဲ့ရတယ်။ ဝင်ကတည်းကလည်း တော်တော်ခက်ခဲတယ်။ အခုလို အွန်လိုင်းတွေ ဖေ့စ်ဘွတ်လေးတွေ အချိန် ဖိုရမ်ဆာတွေ အားလုံးကလည်း မသတ်နိုင်ကြတော့တဲ့အချိန်။ အဲဒီအချိန် ကျွန်တော်တို့ တော်တော်ဒုက္ခရောက်တယ်။ ၂၀၁၁ ခုနှစ်မှာ မိုလ်လှပွဲအခွေ စထွက်တယ်။ နောက်ပိုင်းတော့လည်း ကျွန်တော် ကြိုးစားရင်း ကြိုးစားရင်း တစ်ဆင့်ချင်းဆီပေါ့။ Featuring တွေဆိုပြီး ကိုယ့်ထက် စီနီယာအဆိုတော်တွေဖြစ်တဲ့ ကိုစိုးလေးတို့ ဘာတို့က ခေါ်ဆိုတယ်။ နောက်တော့ အဲလိုပဲ ဂျောက်ဂျက်တို့ ကျော်ထွန်းဆွေ ဆိုနဲ့ အတူတူတက်လာခဲ့ကြတယ်။ ကြိုးစားခဲ့ကြတယ်။ အောင်မြင်လာခဲ့ကြတယ်။ အခုခေတ်ကာလေးတွေက ကံကောင်းကြတယ်။ အွန်လိုင်းမှာလည်း အလွယ်တကူ သီချင်းတွေ ပြန့်လို့ရတယ်။ နောက် ကျွန်တော်တို့ဆို အောက်ခြေက တက်လာခဲ့တာ ဆိုတော့ အောက်သက်ကျေတယ်လို့ ပြောရမယ်။ ကလေးတွေကို စာနာတယ်။ သီချင်းခွေတွေမှာ သည့်ဆိုခိုင်းတယ်။ တကယ်တော်တဲ့ သူတွေကို ဆိုလည်း အနုပညာကြေး မယူဘဲ စင်တင်ပေးခဲ့တယ်။

**မေး– အခုနောက်ပိုင်း ဂီတလောကမှာ စီးရီးခွေတစ်ခွေက ထွက်ပြီဆိုရင် သီချင်းတွေကို ပရိသတ်က သိကြပြီး စီးပွားရေးအရကျတော့ အဆင်မပြေဘူး။ အစ်ကို့အနေနဲ့ကော 'ဗီယဆေး'အခွေကို ဘယ်လိုတွန်းအားတွေနဲ့ လုပ်ဖြစ်နေလဲ။**

ဖြေ– သိတာပေါ့။ ရှုံးတာပဲ ပထမအခွေ ဆယ်ပုံတစ်ပုံဆိုလို့ရှိရင် ကိုယ်စုထားတဲ့ ငွေလေးနဲ့ ထုတ်ခဲ့တာ အခု အကြွေးတွေ မကျေသေးဘူး။ ဒီဗီဒီခွေထွက်တုန်းကလည်း လျှော့ထုတ်ထားတာ မပါဘူး။ ကြည့်မှုတဲ့ သူတွေ သိပါတယ်။ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်တယ်။ ပြန်တော့အကျိုးလာဒ်က ထင်ထားတာထက် ဆယ်ပုံတစ်ပုံလောက်တောင် ပြန်မရဘူး။ အဲလို ပြန်မရလို့ မလုပ်တော့ဘူးဆိုလည်း ကျွန်တော် မလုပ်ဘဲ မနေနိုင်ဘူး။ ရှေ့ဆက် [illegible] ချက်ရှိတဲ့ အလုပ်တွေကို [illegible] လုပ်တာ။

**မေး– ဘယ်လိုအလုပ်တွေကို စွန့်ပြီးတော့ ဂီတကို ရွေးချယ်ခဲ့တာလဲ။**

www.burmeseclassic.com

www.burmeseclassic.com



ဖြေ- သဘောလိုက်ဖို့ အဆင်သင့်ဖြစ်ခါမှ ကျွန်တော် မလိုက်ခဲ့ဘူး။ အိမ်ပေါ်က ဆင်းပြီး နေခဲ့တယ်။ လွန်ခဲ့တဲ့ ၈ နှစ်လောက်က စား သုံးပညာနဲ့ ဒီမှာတင် ၃၊ ၄ သိန်း (အဲဒီတုန်း က ဘယ်သူမှ ရှာဖို့မလွယ်နိုင်တဲ့ငွေ) ရနေပြီ။ ဒါပေမဲ့ ကျွန်တော် သီချင်းမဆိုဘဲ မနေနိုင်တဲ့ အတွက် အဲဒီအလုပ်ကို စွန့်လွှတ်ပြီး မေ့ပစ် လိုက်တယ်။ ပရိသတ်တွေ အားပေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့အတွက် ရပိုင်ခွင့် မရလို့ ပေါ်တော့ဘူးဆိုလည်း မနေနိုင်ဘူး။ အဲဒီ တော့ သီချင်းခွေ တစ်ခွေထွက်တာ အရှုံးက တော့ အရှုံးကြီးပဲ၊ အဲဒီအတွက် ကျွန်တော် ပြောချင်တာက ကိုယ် တကယ်ချစ်တဲ့ အနု ပညာရှင်မှန်ရင် ကိုယ်ကြိုက်တဲ့သူကို အမှန် တကယ် ရွေးချယ်ပြီးတော့ မူရင်းခွေကို အား ပေးရင်းနဲ့ ဂုဏ်ယူနိုင်ကြပါစေ၊ နိုင်ငံကြီးသား ပီသကြပါစေလို့ ပြောချင်ပါတယ်။

**မေး- အစ်ကို သီချင်းတွေလည်း သူများ အတွက် တော်တော်ရေးပေးခဲ့တယ်နော်။**

ဖြေ- ဟုတ်တယ်၊ သီချင်းတွေ ရေးပေးလို့ ကျွန်တော် ခုလို ရပ်တည်နေနိုင်တာ။ သီချင်း ရေးတဲ့ ပိုက်ဆံလေးတွေနဲ့ တစ်နှစ်ပတ်လုံး စု ပြီး ကျွန်တော့်သီချင်းခွေအတွက် ပြန်သုံးတယ်၊ အကျိုးအမြတ်လည်း ပြန်မရဘူး။ ရေထဲကို ကျောက်ခဲပစ်လိုက်ရအောင် 'ပလုံ'လို မြည် တယ်။ အခု ဒုတိယအခွေကတော့ ကိုယ်ပိုင် သီချင်း ကိုယ်ပိုင်သီချင်းတွေချည်းပဲ၊ ကော်ပီ တစ်ပုဒ်တောင် မရဘူး။

**မေး- အစ်ကို့သီချင်း တော်တော်များများ ထဲမှာ ရုပ်သေးရုပ်သီချင်းက တော်တော်ကို ပေါက်တဲ့သီချင်းဖြစ်တယ်။ ရှိုးပွဲတွေမှာ ဆို နေဖြစ်တဲ့ သီချင်းဆိုရင်ကော ဘယ်သီချင်း ဖြစ်မလဲ။**

ဖြေ- တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပေါက်တဲ့ သီချင်းဖြစ်တဲ့ ရုပ်သေးရုပ်သီချင်းက ကျွန်တော် မိနစ်ပိုင်းအတွင်း ရေးလိုက်တဲ့ သီချင်းလေးပါ။ ဘာလေး တစ်လက် ကောက်ကိုင်ပြီးတော့ စဉ်းစားတာ တစ်ခုမှ မပါဘဲ ကိုယ်ပိုင်သံ သီချင်းလေးပါ။ ဘယ်သွားသွားလည်း ဒီသီ ချင်းက ကျွန်တော့်ရဲ့အသက်ပါ။ ဒီသီချင်းမဆို ရင် ကျွန်တော်သားကြီးလည်း မဖြစ်ဘူး။ လူ လည်း မဖြစ်ဘူး။ ဘယ်နယ်သွားသွား အဲဒီသီ ချင်းကိုပဲ အကုန်ရကြတယ်၊ အဲဒီအတွက် ဝမ်းသာတယ်။ ကျွန်တော့်သီချင်းတွေက တ ဖြည်းဖြည်းချင်း ပေါက်တဲ့သီချင်းတွေပါ။ ခုချိန် ထိလည်း ဘယ်အချိန်ဆိုဆို မရိုးသေးဘူး။ ပရိ သတ်ကလည်း ကြိုက်တုန်းပဲ။ ကျန်တဲ့သီချင်း တွေလည်း ပေါက်တော့ ပေါက်တယ်၊ ဒါပေမဲ့ ရုပ်သေးရုပ်ကို မမီသေးဘူး။ အဲဒီရုပ်သေးရုပ် လို ကျော်မယ့်သီချင်းတွေကို အခု ဒုတိယခွေ မှာ ထည့်ထားတယ်။ ဒီပီယဆေး အခွေလေး က မြန်မာနိုင်ငံတစ်ခုတည်း မဟုတ်ဘူး အင် တာနေရှင်နယ်ထိအောင် ထိုးဖောက်နိုင်အောင် ကြိုးစားထားတယ် ဒီထဲက သီချင်းတွေက ကျွန်တော့်သီချင်းတွေ တွေးရင်း ကြားသွားတဲ့ ဆေးခန်းတွေ ဘာတွေတောင် သွားခဲ့ရတဲ့ အထိ ကျွန်တော် ပေးဆပ်ခဲ့တယ်

**မေး- 'ပီယဆေး'မှာ အသည်းကွဲသီချင်း တွေပါဦးမလား။**

ဖြေ- အသည်းကွဲသီချင်း နှစ်ပုဒ်ပါပါမယ် သီချင်းစီးလို့ အဲ နှစ်ပုဒ်ပဲ ထည့်ထားတယ် တစ်ခွေလုံးကို ခြုံပြောရရင် သာသာယာယာ ကြည်ကြည်နူးနူး ချစ်စရာကောင်းပြီးတော့ အဓိကကတော့ ဆယ်ကျော်သက်တွေအတွက် ရည်ရွယ်ပြီးတော့ ဖန်တီးထားတယ်။

**မေး- သီချင်းတွေ တော်တော်များများလည်း ရေးဖြစ်တော့ ပရိသတ်တွေရင်ထဲကို ထိစေ မယ့် စာသားလေးတွေထွက်ဖို့ ဘယ်လိုကုန် ကြမ်းတွေ ရှာတွေ့ခဲ့လဲ။**

ဖြေ- ကိုယ်ချင်းစာစိတ်ဖို့ပါပဲ။ ဥပမာ လူတစ် ယောက် မူးလဲနေရင် ကိုယ့်အစ်ကိုတစ်ယောက် သာ ဖြစ်ခဲ့ရင်ဆိုတဲ့ စိတ်ကလေး သွင်းလိုက် ရင် စာသားတွေ ထွက်လာတယ်။ အနုပညာ သမားဆိုတာ ကိုယ်ချင်းစာစိတ် ၁၀၀ ရာခိုင် နှုန်းအပြည့် ရှိရမယ်။ အဲဒီစိတ်ကလေးကို သွင်းထားတယ်။ အသည်းကွဲတဲ့ သီချင်းရေး မယ်ဆိုရင် ကိုယ်တကယ် အသည်းမကွဲဘဲနဲ့ အရင်တုန်းက ကိုယ်ခံထားဖူးတဲ့ ခံစားချက်တွေ ကို အသစ်အတိုင်း ဖြစ်အောင် ပြန်ခံစားပြီးရေး တယ်။ ပျော်တဲ့အကြောင်း ရေးမယ်ဆိုလည်း ကိုယ့်မှာ ရည်းစားမရှိပေမယ့် ရည်းစားနဲ့ လျှောက်သွားခဲ့ရင်ဆိုတဲ့ စိတ်ကလေး သွင်းပြီး တော့ ရေးဖြစ်ခဲ့တယ်။

**မေး- ကိုသားကြီးရဲ့ ပြောင်းလဲမှုတွေထဲမှာ ရင့်ကျက်မှုတွေလည်း ပါမယ် ထင်တယ်။**

ဖြေ-ဒါပေါ့၊ ကျွန်တော် တော်တော့်ကို ရင့် ကျက်သွားတယ်၊ ကျွန်တော် လူတွေအကြောင်း ကောင်းကောင်း သိလာခဲ့တယ်။ ၂၀၁၃ ထဲမှာ ဆိုရင် ကျွန်တော် အရင်ကထက် ပိုလိမ္မာလာ တယ်။ မိန်းကလေးတွေနဲ့ ဖုန်းအီစီကလီတောင် မလုပ်တော့ဘူး။ အခုဆို ဘီယာပဲ သောက် တော့တယ်။ အများကြီး ပြောင်းလဲသွားခဲ့တယ်။ စိတ်နေ စိတ်ထားက အစပေါ့။ ကိုယ့်ကို ဘလိုင်းကြီး လာဖဲ့နေရင်တောင်မှ သူ့အတွက် ပြည့်တွေးပြီး နားလည်တတ်လာအောင် ပြောင်းလဲ လာတယ်။

**မေး- ဘယ်လိုစိတ်မျိုးတွေနဲ့ လူ့ဘဝကြီးမှာ နေ့စဉ်လည်ပတ်နေလဲ။**

ဖြေ- လူတစ်ယောက်က အကောင်းတွေကြီးပဲ တွေး၊ အကောင်းတွေကြီးပဲ လုပ် မှုဒိတာတွေ ပွားနေရင် တစ်ပတ်ပြန်လည်ရင် အကောင်း တွေကြီး ပြန်လည်လာလိမ့်မယ်။ အဲဒီမှာ အ ဆိုး တွေပါလာရင် အဆိုးတွေ ပြန်လည်လာလိမ့် မယ်။ ကျွန်တော့်အသန့်စင်ဆုံး၊ အရိုးသားဆုံး နေတယ်။ အဲဒါကြောင့် အကောင်းတွေ ပြန် လည်လာမယ်လို့ ကျွန်တော် ယုံကြည်တယ်။

**မေး- ၂၀၁၃ ထဲမှာ အစ်ကို့အတွက် အဆိုး တွေကြီးပဲ ဖြစ်ခဲ့တယ်။ ဘယ်လိုစိတ်တွေနဲ့ ရှေ့ဆက်ခဲ့လဲ။**

ဖြေ- ၂၀၁၃ ထဲမှာ ကိုယ့်ကိုယ်ကိုယ် သတ် သေမလို့အထိ ဖြစ်ခဲ့ဖူးတယ်။ အဲဒါမျိုးတွေ စိတ်ဓာတ်ကျသွားတယ်၊ စိတ်ညစ်ဖူးတယ်။ စိတ် ဒုက္ခရောက်ခဲ့တယ်။ ၂၀၁၂ ကလည်း အဲဒီ လောက်က မကောင်းခဲ့ဘူး။ ၂၀၁၃ ထဲမှာ ပိုဆိုးတယ်။ သူငယ်ချင်းတွေအားလုံးက ကျွန် တော့်ကို နောက်ကျောကို ဓားနဲ့ထိုးတယ်၊ ကျွန်တော့်ကို သစ္စာဖောက်ကြတယ်။ အထင် လွဲခံရတာတွေ ရှိတယ်။ ရည်းစားကလည်း တခြားတစ်ယောက်နဲ့ ပါသွားတယ်။ အဲဒီတော့ လုံးဝ Un Lucky ပဲ။ လမ်းမှန်ကို တွေ့အောင် ရှာပြီး အလင်းကို တွေ့အောင်ရှာတယ်။ အခု တော့ ပြောင့်သွားပြီ။ မဟုတ်တာ ဘာမှမလုပ် ဘူး၊ ကောင်းတဲ့စိတ်တွေပဲ တွေးတယ်၊ အခု တော့ အကောင်းတွေ လည့်တာက စနေပြီပေါ့ နော်။

**မေး- ပရိသတ်ကြီးကို ပြောချင်တာတွေ ရှိသေးရင်။**

ဖြေ- ပရိသတ်တွေ ခုချိန်ထိ အားပေးနေကြတဲ့ အတွက် ကျွန်တော် ပရိသတ်ကို အထူးပဲ ကျေး ဇူးတင်ပါတယ်။ အရမ်းလည်း ဝမ်းသာ ပါတယ်။ အဲဒီတော့ ကျွန်တော့်ကို အားပေးတာ နဲ့ ထိုက်တန်အောင် ကျွန်တော့်ဘက်က အတတ်နိုင်ဆုံး ဆက်လက်ပြီးတော့ ကြိုးစား သွားမယ်၊ လေ့လာသွားမယ်လို့ ပြောချင်ပါ တယ်။ ပရိသတ်ကြီး အားလုံးကို စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဒီစာမျက်နှာပေါ်က တစ် ဆင့် ဆုတောင်းပေးပါတယ်။ ပရိသတ်တွေ အပေါ်မှာ ကျွန်တော် ဘယ်တုန်းကမှ မစော် ကားခဲ့ပါဘူး။ စော်လည်း မစော်ကားခဲ့ပါဘူး ပရိသတ်တွေသည် ကျွန်တော်တို့ရဲ့ ထမင်းကျွေး ကျေးဇူးရှင်တွေပါ။ ပရိသတ်တွေ အားပေးမှ လည်း ပရိသတ်တွေပေးတဲ့ နေရာ တစ်နေရာ မှာ ကျွန်တော် ရပ်တည်နေနိုင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



# သတင်းစကား



## အကယ်ဒမီ ပြေတီဦးနှင့် အကယ်ဒမီ ဖွေးဖွေးတို့၏ မွန်မြတ်သော အလှူပွဲ

ဇန်နဝါရီ ၂ ရက်နေ့တွင် အကယ်ဒမီ ထူးချွန်ဆုရရှိသူနှစ်ဦး ဖြစ်သော အကယ်ဒမီ ပြေတီဦးနှင့် အကယ်ဒမီ ဖွေးဖွေးတို့၏ အလှူပွဲအခမ်းအနားကို Park Royal Hotle တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အလှူပွဲနှင့်ပတ်သက်ပြီး ...

**ပြေတီဦး**

ကိုယ်တော်သူတို့ ကိုလှမင်းတို့နဲ့က ကျွန်တော် ဒုတိယမင်းသားနေရာကနေပြီး ရုပ်ရှင်ပေါင်းများစွာ ထက်ကျိုးတော့ ရိုက်ခဲ့တာပါ။ အခုလို ကျွန်တော်တို့အစ်ကိုတွေ လက်တွဲခေါ်ခဲ့တဲ့အတွက် ဒီအနုပညာလောကကို အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်ခဲ့တာပါ။ ဒီလိုပဲ ကျွန်တော့်ရဲ့ အခြားအနုပညာအစ်ကို အစ်မတွေ အများကြီး ရှိပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်နဲ့အတူတူ အနုပညာလောကထဲကို ဝင်လာခဲ့ကြတဲ့ အနုပညာမောင်နှမများ၊ ကျွန်တော့်ထက်သာလွန်တဲ့ ဂျူနီယာညီအစ်ကို မောင်နှမတွေ၊ Supporting တွေ အဖွဲ့သားတွေ Cameramen တွေ၊ ဒီအနုပညာလောကမှာ လှုပ်ရှားနေကြတဲ့ မင်းနေရာတွေ အားလုံး ကျွန်တော့်အပေါ်မှာ စေတနာထားပြီး လုပ်ပေးခဲ့ကြလို့ ဒီဆုကို ရခဲ့တာလည်း ပါပါတယ်။ အနုပညာလောကမှ ညီအစ်ကိုမောင်နှမများကို လည်း ဒီဆုက ရိုက်တော့ပြပါတယ်။ ပရိသတ်တွေ အားလုံးနဲ့အတူ ဒီအလှူပွဲလေးကို သာဓုခေါ်ချင်ပါတယ်။

**ဖွေးဖွေး**

အသင်းအဖွဲ့တစ်ခုမှာ တာဝန်ရှိတဲ့ လူအားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်။ ဖွေးဖွေး အသက်အရွယ်နဲ့ဆိုရင်တော့ ဒီလိုမျိုး အခမ်းအနားနဲ့ တစ်ခါမှ မလုပ်ဖူးပါဘူး။ ကိုယ့်အစ်ကို ပြေတီဦးနဲ့ ဖွေးဖွေး အကယ်ဒမီရတဲ့ အပေါ် အနုပညာသမားတွေအားလုံးအတွက်ရော ပရိသတ်တွေအတွက်ရော သာဓုခေါ်နိုင်အောင်လို့ ဒီပွဲလေးကို လုပ်လိုက်တာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်ရှု (မြန်မာ့ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)**

ပြေတီဦးနဲ့ ဖွေးဖွေး (အကယ်ဒမီဆုရှင်နှစ်ဦး) ဒီနေ့ကောင်းမှုအလှူလုပ်တာ ကြွရောက်လာကြတဲ့ တာဝန်ရှင်များ၊ ရုပ်ရှင် အသင်းအဖွဲ့များအားလုံးကိုယ်စား ကျွန်တော် စကားတစ်ခွန်း ပြောချင်ပါတယ်။ ပြေတီဦး ကတော့ တစ်နေ့က ကျွန်တော့်ကို ပြောတီး ရုပ်ရှင်တော့ ... ဒီအခမ်းအနား ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီလို အခမ်းအနားမျိုးတွေ မတက်တာ ကြာပါပြီ။ မင်္ဂလာဆောင်အခမ်းအနားတို့ ဧည့်ခံပွဲတို့ပေါ့။ အခုပွဲကတော့ အရင်တုန်းက ကျွန်တော့်ရဲ့ အနုပညာညီအစ်ကိုဖြစ်ခဲ့တဲ့ မြတ်ဦးတို့၊ အုပ်တို့ (ဖွေးဖွေးကတော့ ကျွန်တော်နဲ့ မဆုံဖူးပါဘူး) ကိုယ်တိုင် ဖိတ်ကြားခဲ့တဲ့အတွက် ကျွန်တော် တက်ရောက်ခဲ့တာပါ။ ကျွန်တော့်ကို သတိရတဲ့အတွက် အများကြီး







ကျေနပ်တယ်။ ပီတိလည်း ဖြစ်မိတယ်။ ၂၀၀၇ စက်တင်ဘာထဲက ဒီရုပ်ရှင်လောကနဲ့ ကွာဟသွားတဲ့အချိန်မှာ အခုလို သတိတရနဲ့ ကျွန်တော့်ကို ဖိတ်ကြားခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော့်ကို သတိရတယ်ဆိုတာဟာ ပြည်သူလူထုကို သတိရတာနဲ့ အတူတူပါပဲ။ ကျွန်တော် ၂၀၀၇ စက်တင်ဘာက နောက်ပိုင်း ကျွန်တော် ပြောတဲ့စကားတွေ၊ ကျွန်တော်လှမ်းခဲ့ ခြေလှမ်းတွေ၊ ကျွန်တော် လုပ်တဲ့အလုပ်တွေဟာ ပြည်သူလူထုတွေအတွက်တော့ သေချာတယ်။ အဲဒီအတွက် ဒီအလှူလေးကို သာဓု သာဓု သာဓုလို့ ရင်ထဲက နှစ်နှစ်ကာကာ ခေါ်ပါတယ်။

ဦးလူမင်း (ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)

လူတိုင်းမှာ အတ္တနဲ့ ပရဆိုတာ ရှိပါတယ်။ ဒီနေ့အခမ်းအနားမှာ ပရဆိုတာကို ရှေ့တန်းတင်ပြီး လှူဒါန်းခဲ့ကြတဲ့ လူတွေရဲ့ အလှူငွေတွေကို လက်ခံပေးမှာ ဖြစ်ပါတယ်။ ကြွရောက်လာကြတဲ့ လူတွေအားလုံးမှာလည်း မုဒိတာတရားတွေ ရင်မှာ ရှိကြမယ်လို့ ထင်ပါတယ်။ ပရိသတ်အားလုံးနဲ့အတူ ဒီနေ့ရာကနေ သာဓုခေါ်ပြီး လက်ခံပါတယ်။

ဟု အသီးသီး ပြောကြားခဲ့ပြီး အလှူငွေများအား ရုပ်ရှင်သက်ကြီးရန်ပုံငွေ၊ နာရေးကူညီမှုအသင်း၊ ဆည်းဆာရိပ် ဂီလာနအိုးဘွားရိပ်သာ၊ သုခရိပ်မြုံ၊ အမျိုးသမီးအတတ်သင်ကျောင်း၊ ဝိသာခါသီလရှင် အမျိုးသမီး စာသင်ကျောင်း၊ ထိန်လင်း အခမဲ့ဆေးခန်း၊ 'လက်ပံ' ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သော စက်မှု လုပ်သားများ၊ မြတ်ဦး ပညာရေး ဖောင်ဒေးရှင်း၊ ပုဂ္ဂလိက စာနယ်ဇင်းများ နာမကျန်းရန်ပုံငွေ အဖွဲ့တို့အား လှူဒါန်းခဲ့ကြောင်း သိရပါသည်။

မျိုးသီဟန်

## 'အဝေးရောက်ချစ်သူ' ဆိုတုန်းက အတိုင်း ပြန်လည် ကျန်းမာလာတဲ့ ဆိုတေး

၂၀၁၃ ခုနှစ်က ကားအက်ဆီးဒင့် ဖြစ်ခဲ့တဲ့ အဆိုတော် ဆိုတေးရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်၍ ပြန်လည်ပြီး ကျန်းကျန်းမာမာ ရှိလာပြီဟု သိရပါသည်။ အဆိုတော်ဆိုတေး၏ မိသားစုဝင် တစ်ဦးသို့ ဖုန်းဆက်ပြီး သတင်းမေးသည့်အခါ အခုလို အဆိုတော် ဆိုတေးကိုယ်တိုင် ပြန်လည်ဖြေကြားပေးခဲ့ပါသည်။

"အရင်ကထက်စာရင်တော့ တော်တော်ကောင်းနေပြီလို့ ပြောလို့ ရပါတယ်။ ဒါပေမဲ့ အသံကိုတော့ ဂရုစိုက်ရဦးမယ်။ မူလအသံကို ပြန်ရဖို့ကိုတော့ တော်တော်ကြိုးစားရဦးမယ်။ အနုပညာအလုပ်တွေကတော့ ကျွန်တော်က ဆန္ဒရှိနေတဲ့အတွက် ကျန်းမာရေး ပြန်ကောင်းလာတာနဲ့ကို ချက်ချင်းလုပ်ဖြစ်မှာပါ။ အခုလောလောဆယ်တော့ နှစ်လပိုင်း ပြည်ထောင်စုနေ့မှာ ကျွန်တော့်ရဲ့ 'မင်္ဂလာပါဆိုတေး' ဆိုတဲ့ အခွေလေးကို ထွက်ဖို့ လုပ်နေပါတယ်။ Happy New Night မှာ မန္တလေးဆေးရုံက ဆရာဝန်ကြီးတွေနဲ့ အားလုံးအမှတ်တရဖြစ်အောင် ဂါရဝပြုဆိုပြ လိုက်တာပါ။ အားလုံးကို ပျော်စေချင်တာလည်း ပါတာပေါ့။ အသံကတော့ မူလအသံရဖို့ကို ကြိုးစားရဦးမယ်။ အရင်ကထက်စာရင်တော့ နည်းနည်း ပိုပိန်သွားတာပေါ့။ ဟိုးအရင်က 'အဝေးရောက်ချစ်သူ' ဆိုတုန်းက ပုံစံမျိုးလေး ပြန်ဖြစ်သွားတယ်။ အခုတော့ အစားအသောက် မှန်လို့ အသားတော့ ပြန်ဖြစ်လာပါပြီ" ဟု ဆိုတေးက ပြောပါသည်။

မျိုးသီဟန်

www.burmeseclassic.com

www.burmeseclassic.com



# သတင်းစကား

## သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲ ကျင်းပမည်



ဖေဖော်ဝါရီ ၁၇ ရက်နေ့ နေ့လယ် ၁ နာရီတွင် မဟာသန္တိသုခ ခန်းမ၌ သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲအား ကျင်းပမည် ဖြစ်ပါသည်။ တစ်နိုင်ငံလုံး၌ရှိသော အသက် ၈၀ နှင့် ၈၀အထက် သက်ကြီးဂီတပညာရှင်ကြီးများ အားလုံးကို ပူဇော်ကန်တော့ကြမည် ဖြစ်ပြီး ဇန်နဝါရီလ ၁၄ ရက်နေ့အထိ အသစ်တိုးသော သက်ကြီးပညာရှင်များမှာ ၁၆–ဦး ရှိသွားပြီဖြစ်သည်။ တတိယအကြိမ်မြောက် နောက်တွင် ကွယ်လွန်သူများမှာ ၇– ဦး ရှိသွားပြီဖြစ်ပြီး ယခု ထပ်မံ အသစ်တိုး ၁၆–ဦးကို သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များဖြင့် အလှူရှင်များကို ကြေညာပေးသွားမည် ဖြစ်ပါသည်။ တစ်နိုင်ငံလုံး၌ ရှိသော အလှူရှင်များကို ဖိတ်ကြားလိုသည်မှာ မြန်မာနိုင်ငံ ဂီတအစဉ်အလာသို့ သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား အချိန်မီ လှူဒါန်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မျိုးသီဟန်

## မြန်မာသံတေးစီးရီး ‘အောင်ကြပါစေ’ ထွက်ရှိ

‘အောင်ကြပါစေ’ တေးစီးရီးကို ထင်းရှူးရိပ်တေးသံသွင်းမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ မြန်မာသံတေးစီးရီး ‘အောင်ကြပါစေ’ နှင့် ပတ်သက်ပြီး ဒါရိုက်တာတေးရေးတေးဆို စိုးထွဋ်နိုင်မှ–

“ဒီစီးရီးလေးမှာ နံနက်ခင်း ကြည်နူးဖွယ်တေးမျိုးတွေ ပါတယ်။ ရာဇာဝင်းတင့်နဲ့ ရွှေရည်ဝင်းတို့စုံတွဲဆိုထားတဲ့ ‘အရုဏ်ဆွမ်း’ ဆိုတဲ့ သီချင်းလေးကတော့ ဒီစီးရီးရဲ့ အားအရဆုံးလို့ ပြောလို့ရတယ်။ ဒါပေမဲ့လည်း ကျန်တဲ့ သီချင်းတွေကလည်း အချိန်အခါမရွေး ဖွင့်နိုင်တဲ့ မင်္ဂလာရှိတဲ့ မင်္ဂလာတေးတွေပါပဲ။ ထင်းရှူးရိပ်ကနေ တစ်နိုင်ငံလုံးကို ဖြန့်ချိထားတယ်။ ထူးခြားတာကတော့ တေးသီချင်းအားလုံးက အသစ်စက် စက်သီချင်းတွေ ဖြစ်ပါတယ်။ ဒါနဲ့ဆိုရင် ကြည်နူးဖွယ် ဓမ္မတေးသီချင်းတွေက ၅–ခွေမြောက် ဖြစ်ပါတယ်။ ဒီ ၅ခွေ ထဲမှာ ‘ချမ်းသာကိုယ်စိတ်မြဲစေသော်’၊ ‘ဘုရားကိုးဆူမော်ကွန်း’ တို့ကတော့ ပရိသတ်အကြိုက် အအောင်မြင်ဆုံး တေးတွေပေါ့။ အားအရဆုံး ဆိုရင်တော့ ဒီနောက်ဆုံးခွေပေါ့”ဟု ပြောခဲ့ပြီး အခုခေတ် ဂီတဈေးကွက်အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း “အခုခေတ် ဂီတဈေးကွက် အခြေအနေကတော့ သိတဲ့အတိုင်း ထုတ်တိုင်းရှုံး၊ အရင်းပြန်မရတဲ့ အခြေအနေက များပါတယ်။ အနုပညာကို ချစ်တဲ့ စိတ်ကို အရင်းတည်မှသာ ဒီလောကမှာ အဆင်ပြေမှာပါ”ဟု ထပ်ဆင့်ပြောကြားခဲ့ပါသည်။

ယင်းတေးစီးရီးတွင် အဆိုရှင်များအဖြစ် ရာဇာဝင်းတင့်၊ စိုးထွဋ်နိုင်၊ နှင်းအိဖြူတို့နှင့်အတူ အခြား အနုပညာရှင်များမှလည်း အားဖြည့်သီဆို ထားပြီး တစ်ပြိုင်နက် MTV ပါ ထွက်ထားပြီးဖြစ်ကြောင်း သိရသည်။

မျိုးသီဟန်

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စတိုင်နဲ့ ဇေရဲထက်

လိုအပ်ချက်တွေကတော့ အသစ်တစ်ယောက်အနေနဲ့ အများကြီး ရှိနေပါတယ်။ ဒါပေမဲ့ အခွင့်ကောင်း တစ်ခုပြီးတစ်ခု ပြုပြင်ပြီးတော့ ကြိုးစားနေပါတယ်။ အခွင့်အရေးကို လက်လွှတ်မခံဘဲ ဆုပ်ကိုင်ထားပြီး ပရိသတ် ကို စိတ်ပျက်အောင်မလုပ်ပါဘူး။ ကျွန်တော် 'ရ' ကောက်နဲ့ 'ခ'ခွေး မပီဘူး။ အဲဒါလေး ရှိတယ်။ ဒါပေမဲ့ သရုပ်ဆောင်တဲ့အခါ တော်တော်လေး ထိန်းပြီး ကြိုးစားနေပါတယ်။ နှုတ်တွင်းမှာ 'ချစ်တယ်' လို့ပြောရင် 'ရှစ်တယ်' ဆိုပြီး ထွက်ထွက်လာလို့ ပြင်ရတယ်။

ကျွန်တော် စတက်လာတုန်းက ပရိသတ်တွေက အောင်မြင်နေတဲ့ အနုပညာရှင်တစ်ယောက်နဲ့ နှိုင်းယှဉ်ပြီး ပြောကြတဲ့အတွက် ကျွန်တော် ကိုယ်တိုင်လည်း ဝုတ်ယူပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုဟိန်းဝေ ယံကို အားကျမိပါတယ်။ အခြားလူတွေကလည်း ကိုဟိန်းဝေယံရဲ့ လွှမ်းမိုးမှုအောက်မှာ ရှိတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ ကာရိုက်တာ ပိုင်းကို အတုယူတယ်လည်း မဟုတ်ပါဘူး။ အတုမယူဘူး လည်း မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စတိုင်နဲ့ပဲ လုပ်သွားတာပါ ခင်ဗျာ"ဟု ဇေရဲထက်မှ ပြောကြားခဲ့ပါသည်။

ချိုးသီဟန်

---

# ယိုးဒယား Brand ဖိနပ် Ja Ja Co ကြော်ငြာကို ပုံဖော်ထားတဲ့ စိုင်းစိုင်းခမ်းလှိုင်နဲ့ ခင်စုစုနိုင်




လတ်တလော လှုပ်ရှားမှုက နယ်ရှိုးတွေ ခက်တိုက်သွားဖို့ဖြစ်နေတယ်။ အဖြူရောင်နေ့ရက်များ အခွေထဲမှာ သီချင်းတွေ ဆိုထားတယ်။ Romanson ထဲမှာလည်း The me song တစ်ပုဒ်ရယ်၊ Duet တစ်ပုဒ် ဆိုထားတယ်။ City FM အဖွင့်သီချင်းလည်း ဆိုထားတယ်။ ပြီးတော့ Summer holiday 3 မှာ ကိုဒီယံနဲ့ ဆိုထားတယ်။ နောက်အတွဲခွေတွေ အများကြီး ဆိုထားပါသေးတယ်။


လောလောလတ်လတ်မှာ ယိုးဒယား Brand ဖိနပ် Ja Ja Co ဆိုတဲ့ ကြော်ငြာလေးကို ရိုက်ထားတယ်။ စိုင်းစိုင်းခမ်းလှိုင်နဲ့ပါ။ ဒါရိုက်တာက ဝဏ္ဏခွာနီ။ ရိုက်ဖြစ်ခဲ့တာက ခိန်ဂေဟာကာရေ ကာလလှမ်းခဲ့တာပါ။ ညီမရဲ့ MTV ကိုကြည့်ပြီး အဆင်ပြေလို့ ကမ်းလှမ်းခဲ့တယ်။ ရိုက်တဲ့ပုံလေးကတော့ ကြော်ငြာသီချင်းအပေါ်မှာ လိုက်ပြီး ရိုက်ဖြစ်တယ်။ ကတ်များတာတော့ သီချင်းဆိုတဲ့ အပိုင်းတွေပေါ့။ Idea အမျိုးမျိုးနဲ့ ရိုက်ထားတာများတယ်။ ညီမက ကိုယ်ဟာနဲ့ကိုယ် အလုပ်တွေ များနေတာ။ ကမ်းလှမ်းလို့သာ ရိုက်ဖြစ်တာ။ ကြော်ငြာဆိုရင် ကိုယ့်ဟာကိုယ် ယုံကြည်မှု သိပ်မရှိဘူး။ ရှေ့မှာ ရိုက်ထားတဲ့ ကြော်ငြာတွေတော့ ရှိပါတယ်။ အဆင်မပြေမှာစိုးတယ်။ အခု ကြော်ငြာကိုတော့ အကောင်းဆုံး လုပ်ဆောင်ခဲ့ပါတယ်။ ကိုယ်က သီချင်းဆိုရတာကျတော့ ဆိုနေကျလည်း ဖြစ်တယ်၊ ဝါသနာလည်း ပါတယ်။ ဒါပေမဲ့ သရုပ်ဆောင်ကျတော့ အဲဒီလို မဟုတ်ဘူးလေ။ သရုပ်ဆောင်လိုင်းပြောင်းဖို့တော့ မရှိပါဘူး။ သီချင်းဆိုရတာနဲ့ ကြော်ငြာရိုက်ရတာ မတူတဲ့ ခံစားချက်တွေပေါ့။ ကြော်ငြာရိုက်ရတာ စိုးရိမ်မှုရှိတယ်။ ရင်လည်း ခုန်တယ်။ ဒီဖိနပ် Brand ကြော်ငြာလေးကိုတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ ပညာတွေလည်း တော်တော် ရပါတယ်။ တော်တော်လည်း ကြိုးစားရပါဦးမယ်။ အခုထိတော့ လိုအပ်နေတာတွေ အများကြီးပါပဲ။ မနှစ်ကလည်း သီချင်းတွေဆိုရင်းနဲ့ပဲ လုံးလည်ချာလည် လိုက်နေတာဆိုတော့ ဒီနှစ်လည်း အဲဒီလိုပဲ ကုန်ဆုံးဦးမှာပါ။ ပရိသတ်ကြီးကို ပြောပြချင်တာတွေက တစ်ကိုယ်တော် DVD ထွက်ဖို့လည်း ရှိပါတယ်။ ညီမရဲ့ အနုပညာ လှုပ်ရှားမှုတွေလည်း အဆက်မပြတ် ရှိနေပါတယ်။ ညီမကို အားပေးပါ၊ ဝေဖန်ပေးပါ၊ ကြိုးစားပါ့မယ်လို့ ပြောချင်ပါတယ်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






ခရီးသွားခြင်းဟာ နှုပျိုခြင်း၊ ဗဟုသုတ ကြွယ်ဝခြင်း၊ ပေါင်းသင်းဆက်ဆံရေး တိုးတက် ကောင်းမွန်ခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။ ဒီလမှာတော့ ပရိသတ်တွေကို Celebrity တို့နဲ့ ခရီးသွားခြင်းဆိုတဲ့ ကဏ္ဍ လေးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ ပရိသတ် တွေချစ်တဲ့ Celebrity တို့ရဲ့ ခရီးသွားခြင်း၊ profile လေးတွေကို ဖတ်ပြီး ဓာတ်ပုံလေးတွေ ကိုကြည့်ပြီး ကိုယ်တိုင်ခရီးတစ်ခုကို ရောက် ရှိနေသလိုမျိုး ခံစားမှုများကို ပေးစွမ်းချင်တဲ့ ရည်ရွယ်ချက်တချို့ကြောင့် တင်ဆက်ရခြင်း ဖြစ်ပါတယ်။ ပရိသတ်တွေအနေနဲ့လည်း ခရီး သွားခြင်းရဲ့ အကျိုးကျေးဇူးကို သိစေချင်ပါ တယ်။ အကယ်၍ ခရီးတစ်ခုကို သွားဖို့ ရည် ရွယ်ထားတယ်ဆိုရင်လည်း ဘယ်နေရာမှာ ဘာလေးတွေ ရှိတယ် ဆိုတာလေးတွေကို အကြိုမိတ်ဆက်လိုက်ရခြင်း ဖြစ်ပါတယ်။

မေး– လတ်တလော အနုပညာ လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ဘာတွေလုပ်ဖြစ်နေလဲ။


ဖြေ– ဇာတ်ကားတွေ ပုံမှန်ရိုက်ဖြစ်နေတယ်။ ဟိုတလောကမှ မောင်မောင်ဦး (စန်းပွိုက်)နဲ့ ရိုက်ထားပြီးတော့ Sampaoo သောက်ရေသန့် က ထုတ်တဲ့ အချိုရည်ကြော်ငြာလေး ရိုက် ထားတယ်။ မင်္ဂလာဇင်းတို့၊ ဂျာနယ်တို့မှာလည်း အလုပ်အားတဲ့အချိန်နဲ့ ကိုက်ညီတဲ့အခါတွေမှာ ရိုက်ပေးဖြစ်နေပါတယ်။

အမှတ်တရ ခရီးသွားဆိုရင်တော့ နှစ် မကုန်ခင်လေး သွားခဲ့တဲ့ မြစ်ကြီးနားနဲ့ New Year မှာ သွားခဲ့တဲ့ ချောင်းသာ အဲဒီနှစ်ခုက တော့ စိတ်ထဲမှာ တကယ့်အမှတ်တရပါပဲ။

www.burmeseclassic.com

www.burmeseclassic.com





မြစ်ကြီးနားက ဧြဖျော်ရေးကိစ္စနဲ့ သွားတာ။ မြစ်ကြီးနားကို အရင်က ရောက်ဖူးပေမယ့် မြစ်ဆုံကိုတော့ မရောက်ဖူးသေးဘူး။ အခုမှ ရောက်ဖူးခဲ့တယ်။ တော်တော်လေးလည်း စိတ်ချမ်းသာခဲ့တယ်။ ဒါပေမဲ့ အရင်ကထက်စာရင် ကျောက်တွေ နည်းသွားတယ်။ ရေလည်း နည်းသွားတယ်။ စိတ်မကောင်းတော့ ဖြစ်မိတယ်။ ပြီးတော့ 'လန်နခ' ရေတံခွန်ကိုလည်း ရောက်ခဲ့တယ်။ အဲဒီကနေ ဆက်သွားရင် တရုတ်ပြည်ရောက်ပြီ။ အမှတ်တရကတော့ ရေတံခွန်မှာ ဇိနပ်ကျသွားလို့ မနည်းပြန်ဆယ်ရတာ။ လုလည်း လှတယ်။ တောဝက်သုပ်တို့ ဇီတန်သုပ် (ကချင်ဘာသာစကား) ဆိုတာက ဆေးဘဲဥသုပ်ကို ခေါ်တာ။ ကျားစွယ်တို့ ကျန်တဲ့ မမြင်ဖူးသေးတဲ့ အရာတွေ တွေ့ခဲ့သေးတယ်။ အချမ်းပြေ ဝိုင်တို့ ဘာတို့သောက်ပြီးတော့ ပျော်ပျော်ပါးပါးပဲ၊ ပျော်မြူးရွှင်ပြီးတော့ သွားလည်ကြတာလေ။ အဲဒီမှာ ကချင်ဘာသာစကား အများဆုံး သုံးတယ်။ မြို့မစျေးထဲရောက်တော့ ကချင်ထည်တွေ ကချင်အစားအသောက် နည်းနည်းပါးပါး ဝယ်လာဖြစ်တယ်။ မလမင်းထင်တံတားဘက် က သွားရင် 'ဝါရှောင်ရေလွှဲဆည်'တို့၊ ဘာတို့ သွားလည်ခဲ့ပါတယ်။ ဝယ်လာတဲ့ ပစ္စည်းတွေ လေယာဉ်ကွင်းမှာ ကျန်ခဲ့လို့ အခုထိ မမြင်ရသေးဘူး (ရယ်လျက်)

....

နောက်ထပ် ခရီးတစ်ခုက ချောင်းသာ။ မိတ်ခွေကုမ္ပဏီနဲ့ Brand abassader လည်းဖြစ်၊ အတိုင်ပင်ခံရှေ့နေလည်းဖြစ်တော့ ဝန်ထမ်းတွေနဲ့အတူ ချောင်းသာခရီးစဉ်ကို လိုက်သွားဖြစ်တာ။ ချောင်းသာမရောက်ခင် ပန်းတနော်ကို အရင်ရောက်တယ်။ ဓာတ်ပုံတွေ စုရိုက်ပြီးတော့မှ ချောင်းသာဘက်ကို ဆက်ဆင်းတာ။ ခရီးလမ်းတစ်လျှောက်မှာ အားရပါးရ မုန့်စားကြတယ်။ ပင်လယ်စာတွေ စားတယ်။ United Eleven ကုမ္ပဏီက သူတို့ရဲ့ နှစ်ပတ်လည်ပေါ့။ တာဝန်နဲ့ သွားရင်း နိုင်လူကြီး ဝင်လုပ်လိုက်ရသေးတယ်။ ဝန်ထမ်းတွေအတွက် သီချင်းဆိုပြိုင်ပွဲလေး လုပ်တော့ ဒိုင်လူကြီးဖြစ် သွားတာ။ အမှတ်တွေပေး ဆုတွေချီးမြှင့်ခဲ့ရသေးတယ်။ ညဘက်ကျတော့ မီးပုံပွဲတွေ လုပ်တယ်။ Newyear မှာ တော်တော်စည်တယ်။ ရွှေဟသာ်ာဟိုတယ်မှာ တည်းတာ။ နေလယ်စာကို ရွာထဲမှာ ချက်နိုင်းပြီး ဟိုတယ်ကို လာပို့ခိုင်းတော့ အများကြီးပဲ။ အပြန်ကျတော့ ရွှေမော်တောက 'ခင်ခင်ခ' ထမင်းဆိုင်မှာ ဝင်စားကြတယ်။ အဲဒီရှေ့မှာ မရှိဆင်းရဲသားတွေ အများကြီး တွေ့ခဲ့ရတယ်။ အဲဒီတော့ စိတ်ထဲမှာ မကောင်းဘူး။ ပြည်ပက ဧည့်သည်တွေလာရင် ကြည့်လို့ မကောင်းဘူးပေါ့။ မိသားစုအလိုက် တောင်းရမ်းနေကြတာလည်း တပုံကြီး တွေ့ခဲ့ရတယ်။ သူတို့အတွက်ကို သက်ဆိုင်တဲ့လူကြီးတွေက စီစဉ်ပေးရင်တော့ ပိုကောင်းတယ်လို့ ထင်တယ်။ အလုပ်ပေးတာမျိုးပဲဖြစ်ဖြစ် အိမ် နေရာပေးတာမျိုးပဲဖြစ်ဖြစ် လုပ်ပေးနိုင်ရင်တော့ ပိုကောင်းမယ်။

ခရီးသွားတာက ကျန်းမာရေးအတွက်ဆိုရင် စိတ်ထဲမှာ အရမ်းအေးချမ်းသွားတယ်။ ခွန်အားသစ်တွေ ဘာတွေ ရသွားတယ်။ ပရိသတ်ကို အသစ်အသစ်တွေ ချပြလို့ရမယ့် ခွန်အားသစ်တွေ ရလာသလိုပဲ။ ခရီးသွားတဲ့အချိန်မှာ သီချင်းလေးတွေ၊ စာအုပ်ကလေးတွေနဲ့ သွား။ ဟိုရောက်ရင် ကိုယ့်ရဲ့ စိတ်ညစ်တာ၊ စိတ်ရှုပ်တာတွေဘာတွေ ရှိရင်လည်း အားလုံး ထုတ်လိုက်၊ ပြီးရင် မေ့လိုက်၊ ပင်လယ်တွေရှိရင် ပင်လယ်ရေနဲ့ ဆေး၊ ကိုနီးယားကားထဲကလို ခဏရှူပြီး အော်ချလိုက်၊ အဲဒါဆို စိတ်ဟာ ပြောင်းလဲသွားလိမ့်မယ်။ ၉၀ ရာခိုင်နှုန်းလောက် ပျောက်သွားသလိုပဲ။ ကိုယ့်ရဲ့ ချစ်တဲ့သူငယ်ချင်း တွေ၊ မိသားစုတွေနဲ့ ခရီးသွားပါလို့ ပရိသတ်တွေကို အကြံပြုချင်ပါတယ်။

အေးမြတ်သီ

www.burmeseclassic.com





အောင်မြင်မှုတစ်ခု ရဖို့
အတွက် ကံ၊ စန်း၊ ဝီရိယ၊
ကြိုးစား အားထုတ်မှုတို့
အားလုံး စုပေါင်းမှ ရမှာပါ။
မျက်စိရှေ့မှာတင် တကယ်
အားသွန် ခွန်စိုက်နဲ့
ကြိုးစားရင်း တက်လာတဲ့
မင်းသမီးလေးတွေ၊
မင်းသားလေးတွေ
အများကြီးပါ။ တကယ်
ကြိုးစားရင် တကယ်
အောင်မြင်မှု ရရမှာပါ။
လှေကားထစ်ကို
ခုကျော်မတက်ဘဲ
တစ်ဆင့်ချင်း တစိုက်
မတ်မတ်နဲ့ ရိုးသားစွာ
တက်လာတဲ့ အနာဂတ်ရဲ့
ကြယ်ပွင့်လေးတွေထဲမှာ
သွန်းဆက်ဆိုတဲ့
ကောင်မလေးလည်း
တစ်ယောက်အပါအဝင်
ဖြစ်ပါတယ်။

PHOTO : FRED (NEW STUDIO)

ဒီနှစ်သစ်ရဲ့အစဟာ
ကံကောင်းခြင်းရဲ့အစကိုရောက်ရှိနေတယ်ဆိုတဲ့

# သွန်းဆက်

မျိုးသီဟန်

www.burmeseclassic.com

www.burmeseclassic.com





အနုပညာ သက်တမ်း ၁ နှစ်ကျော်အထိ အပြိုင်မင်းသမီး ဘဝနဲ့ အနုပညာဝမ်းစာကို ဖြည့်စွက်ရင်း ယခု အချိန်မှာ ခေါင်းဆောင် မင်းသမီး ဘဝကို ရောက်ရှိနေပါပြီ။ ဒီလမှာ ရုပ်ရှင်တေးကမ္ဘာ ပရိသတ်ကြီးအတွက် နှစ်သစ်မှာ ကံကောင်းခြင်းတွေရဲ့အစကို ပိုင်ဆိုင်ထားတယ်ဆိုတဲ့ သွန်းဆက်ရဲ့အကြောင်း အချို့ကို တင်ဆက်ပေးလိုက်ပါတယ်နော်။

♛ လက်ရှိမှာ ဘာတွေလုပ်ဖြစ်နေလဲ။

– ကားတွေပဲ ဆက်တိုက်ဆက်ရိုက်နေ ဖြစ်တယ်။ အခုရိုက်နေတာက 'ကကြိုးတွေသွယ်ကာရစ်ကာလို့' ကိုမြင့်မြတ်ရယ်၊ ကိုညီထွဋ်ခေါင်ရယ်၊ သွန်းဆက်ရယ်ပေါ့။

♛ ကာရိုက်တာလေးကကော။

– အိမ်ထောင်ကျသွားတဲ့ ကောင်မလေးတစ်ယောက်အကြောင်းပေါ့။ ကိုယ် မချစ်မနှစ်သက်တဲ့ သူနဲ့ ရပြီး အိမ်တွင်းရေးပြဿနာတွေ ဖြစ်လာတဲ့ပုံစံမျိုးပေါ့။

♛ ဒီကားလေးနဲ့ သွန်းဆက်ရဲ့ အမှတ်တရလေးတွေရှိရင် ပြောပြပါဦး။

– အရင်ကဆိုရင် ပြောရတာတို့၊ ဘာတို့က အခန်းနည်းတယ်၊ ပြီးတော့ အပြိုင်အနေနဲ့ပေါ့။ အခု ဒီကားမှာက အပြိုင်မပါဘူး။ သွန်းဆက်တစ်ယောက်တည်းချည်းပဲ။

♛ အဲဒီအတွက် ဖိအားတွေကောရှိလား။

– စကားပြောရတဲ့အခါမှာ စကားမပီတော့ နည်းနည်း အခက်အခဲရှိတယ်။ ထိန်းထိန်းပြီး ပြောနေရတာပေါ့နော်။ ဖိအားတွေတော့ မရှိပါဘူး။ ကိုမြင့်မြတ်ကလည်း အစကတည်းက ခင်တယ်။ ကိုနေပိုင်ကလည်း ရှေ့မှာ ကိုစည်ပြုံးနဲ့ တစ်ကားရိုက်ထားတော့ ခင်နေတယ်၊ မင်းသားကော၊ ဒါရိုက်တာကော၊ စက်အဖွဲ့ကောက အားလုံးရင်းနှီးနေတဲ့ လူတွေချည်းပဲဆိုတော့ အေးဆေးပါပဲ။

♛ နှစ်သစ်မှာ ဘယ်လို ပြင်ဆင်ပျော်ရွှင်အောင်နေမလဲ။

– သွန်းဆက် ဒီနှစ်သစ်မှာ အရင်ထက် ပိုပြီး ခေါင်းဆောင်နေရာကနေ တောက်လျှောက် ရိုက်ပြီဆိုတော့ အရင်ထက် ပိုပြီးတော့ ကြိုးစားရမယ်၊ ပရိသတ် လက်ခံအောင် မင်းသမီး သွန်းဆက်ဆိုပြီး ပရိသတ်အားပေးအောင် အများကြီး ကြိုးစားရမှာပေါ့။ အဲဒါပဲ ရှိပါတယ်။ စိတ်ကတော့ နဂိုကတည်းက ပျော်ပျော်ပဲ နေတတ်တော့ တစ်နှစ်လုံးလည်း ပျော်ပျော်ပဲ နေမှာပါ။

♛ ကိုယ့်ကိုယ်ကိုယ် အားမရသေးတဲ့ လိုအပ်ချက်တွေ ရှိရင် ပြောပြပေးပါဦး။

– လိုအပ်ချက်တွေကတော့ အများကြီးပဲ။ ပြည့်စုံတယ်ဆိုတာ မရှိသေးဘူး။ ကိုယ်က အသစ်

ဆိုတော့လေ၊ ပြီးတော့ အနုပညာသက်တမ်းကလည်း တစ်နှစ်လောက်ပဲ ရှိသေးတော့ သက်တမ်းကလည်း နုသေးတယ်လေ။ အဲဒီတော့ ကိုယ့်မှာက အကုန်လုံး အစစ၊ အရာရာ လိုအပ် နေတာ အမြဲတမ်း ရှိနေတယ်။

♛ သွန်းဆက်ရဲ့ ရင်ထဲမှာ အနုပညာခံယူချက်ကို ဘယ်လိုသတ်မှတ်ထားလဲ။

– ပရိသတ်အတွက်ပဲ သွန်းဆက်ဇာတ်ကားတွေ ဆက်ရိုက်မှာပဲ။ ဒီအနုပညာ သရုပ်ဆောင်တဲ့အလုပ်ကို သွန်းဆက် သေသေချာချာ ကြိုးစားသွားမှာပါ။

♛ ဒီ **New Year** က သွန်းဆက်အတွက် ကံကောင်းတဲ့နှစ်လို့ ပြောလို့ရလား။

– အခုလက်ရှိမှာ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာက တစ်ထပ်တည်းကျနေတယ်။ ဒီမင်းသမီးအလုပ် ကို ငယ်ငယ်လေးကတည်းက အရမ်း ရူးသွပ် တာ၊ အခု နှစ်သစ်မှာ ခေါင်းဆောင်အနေ ရိုက်နေရတာဆိုတော့ သွန်းဆက် အရမ်းပျော် တယ်။ ဒီနှစ်သစ်ဟာ ကံကောင်းခြင်းရဲ့အစကို ရောက်ရှိနေတယ်လို့တော့ ထင်တာပဲ။

♛ ဒီနှစ်အကယ်ဒမီပေးပွဲမှာ အရမ်းပေ နေတဲ့ ကားတွေ လွဲချော်ခဲ့ရတာမျိုး ရှိတယ် ဒီအနုပညာလောကထဲ အနုပညာရှင်တ ယောက်အနေနဲ့ ဘယ်လိုထင်မိလဲ။

– ဒါကတော့ လူကြီးအပိုင်းတွေ ဆုံးဖြတ်တာ လေ။ အကုန်လုံးက ပြောတယ်။ သေချာကြိုး စားပြီး ရိုက်ထားကြတာဆိုတော့ ကိုယ်ကတော့ အကုန်လုံးကို ရစေချင်တာပဲ၊

♛ ငယ်ငယ်တုန်းက အားကျရတဲ့ အနုပညာ ရှင်ကော ရှိခဲ့လား။

– ငယ်ငယ်ကဆိုရင် ကြော်ငြာတွေ အရ ကြည့်တာ။ အဲဒီတုန်းက မထက်ထက်မိုးဦး ကြော်ငြာတွေဆိုရင် အရမ်းကြိုက်တယ်၊ မသိအောင် ခိုးပြီး လေ့ကျင့်တယ်။

♛ ပရိသတ်အတွက် ဘာပြောချင်သေးလဲ။

– ကိုယ်လုပ်နိုင်သလောက်၊ ပရိသတ် လက် ခံသလောက် ကြိုးစားသွားမှာပါ။ ၂၀ မှာ သွန်းဆက်ရိုက်ထားတဲ့ ကားတွေ အမ ကြီး ရှိတယ်။ ၁၅ ကားလောက် ရှိတယ်။ အတွက် ပရိသတ်ကြီး သေချာကြည့် ပေးဖို့ အကြံပြုပေးပါလို့ ပြောချင်ပါတယ်

မျိုးသီဟ

www.burmeseclassic.com

www.burmeseclassic.com



ရွှေအမ်းသား

ဖုန်းသီချင်းတွေနဲ့အကျိုးပေးတယ်လို့
ပရိသတ်တွေသတ်မှတ်ထားတဲ့

# ရတနာမိုင်



ဂီတလောကမှာ ကြယ်ပွင့်လေးတွေဖြစ်တဲ့ အဆိုရှင် တော်တော်များများဟာ သီချင်းခွေတွေ ထွက်လာတာ တွေ့ရပါတယ်။ ထွက်ခဲ့တဲ့သီချင်းတွေကလည်း သူတို့ပရိသတ်တွေနဲ့ သူတို့ အတိုင်းအတာတစ်ခုအထိ အပေးအယူမှုခဲ့ကြပါတယ်။ အဲဒီအထဲမှာ ရတနာမိုင်ရဲ့ ပုံရိပ်များ စီးရီးလည်း ပါဝင်တာ တွေ့ရပါတယ်။ အဲဒီအတွက် ရတနာမိုင်ရဲ့ ခံစားချက်တချို့ကို မေးမြန်းဖြစ်တော့ သူမရဲ့ ရင်ထဲက စကားလုံးတွေက အခုလိုပဲ ဖွင့်ဟလာခဲ့ပါတယ်။

**မေး– မိုင်လေးရဲ့ အနုပညာလှုပ်ရှားမှုတွေ ကို ပရိသတ်ကြီးကို ပြောပြပေးပါဦး။**

ဖြေ– မိုင်လေး အခု နေပြည်တော်မှာ သီချင်းသွားဆိုဖြစ်ခဲ့တယ်။ ပြီးတော့ မိုင်လေးရဲ့ တတိယစီးရီးဖြစ်တဲ့ 'ပုံရိပ်များ' ဗီစီဒီကို အသက်သွင်းနေပါတယ်။ နောက် ရှိုးပွဲတွေနဲ့ အတွဲခွေတွေမှာ သီချင်းတွေ ဆိုဖြစ်နေပါတယ်။

**မေး– 'ပုံရိပ်များ' စီးရီးထဲက Goodnight သီချင်းလေးက ပရိသတ်တွေကြားထဲမှာ တော်တော်ပေါက်တယ်နော်။**

ဖြေ– ဟုတ်ပါတယ်။ goodnight သီချင်းက ဖုန်းသီချင်းအသစ်ပေါ့နော်။ အဲဒီအတွက်လည်း ဝမ်းသာ ပျော်ရွှင်ရပါတယ်။ 'ပုံရိပ်များ' ဗီစီဒီ အတွက်ကိုလည်း အများကြီး ကြိုးစားနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





**မေး– 'ဖုန်းမဆက်နဲ့'တို့၊ ဘာတို့ ဖုန်းသီချင်းတွေ တော်တော်များများက အရမ်းပေါက်ခဲ့သလို အခု Goodnight Phone သီချင်းလေးကလည်း အရမ်းပဲ ပရိသတ်တွေ Heart ထိခဲ့တော့ မိုင်လေးရဲ့ ခံစားချက် တချို့ကရော . . .**

ဖြေ– မိုင်လေး ဖုန်းနဲ့ပတ်သက်ပြီး အကျိုးပေးတယ်လို့ပဲ ပြောရမလား။ ပရိသတ်တွေက အားပေးကြပါတယ်။ အရင်က ဖုန်းသီချင်းတွေနေရာမှာ အခု ဖုန်းသီချင်းအသစ် ပြန်ပြောင်းသွားတာ ပေါ့နော်။ ဒီသီချင်းကို ရေးပေးတဲ့ ကိုယုန်လေးရဲ့ စာသားလေးတွေက ကောင်းတော့ ပရိသတ်တွေရင်ထဲ ထိသွားတာလည်း ပါပါတယ်။

**မေး– 'ပုံရိပ်များ'စီးရီးမှာ ရှိုင်းသီချင်းတွေဖြစ်တဲ့ 'ထားခဲ့ပြီလား' သီချင်းနဲ့ 'ဒဏ်ရာ ၂' သီချင်းတွေကို ပြန်ဆိုထားတာ တွေ့ရတယ်။ ခံစားချက် သီချင်းတွေဆိုတော့ ပရိသတ်ကလည်း ထိကြတယ်နော်။**

ဖြေ– အဲဒီသီချင်း နှစ်ပုဒ်နဲ့ မေမေ မိုင်ရဲ့ 'မလွမ်းပို' သီချင်းတွေကို ပြန်ဆိုတဲ့အချိန်မှာ မူရင်းသီချင်းတွေကို မပျက်စီးရအောင် အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ အခုခေတ်ပုံစံမျိုး ဆိုခဲ့တာပါ။ အဲဒီသီချင်းတွေက အရင်ကတည်းက နာမည်ကြီး သီချင်းတွေဆိုတော့ အရမ်းလည်း တာဝန်ကြီးသွားတယ်။

**မေး– "Who are You" သီချင်းကလည်း မြူးမြူးလေးဆိုတော့ အလွမ်းသီချင်းတွေနဲ့ အဆွေးသီချင်းတွေ အစုံဆိုဖြစ်နေသလိုပဲ။**

ဖြေ– မိုင်လေးက ဂီတကို အရမ်းရူးသွပ်တဲ့လူ တစ်ယောက်ပါ။ အဲဒီအတွက်ကြောင့် သီချင်းမြူးမြူးလေးတွေရော ခံစားချက်တွေပါတဲ့ အလွမ်းသီချင်းလေးတွေရော အစုံဆိုဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com






သလို ပရိသတ်ကလည်း နှစ်မျိုးလုံးကို အားပေးကြတဲ့အတွက် ရှေ့ဆက်ရမယ့် ဂီတလမ်းပေါ်မှာ မိုင်လေး အားသစ်အင်သစ်တွေ ရခဲ့ပါတယ်။

**မေး– မိုင်လေးအနေနဲ့ အရင်ကနဲ့အခု အခြေအနေမှာ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲမှုတွေဆိုရင် ဘာတွေဖြစ်မလဲ။**

ဖြေ– ဟုတ် .. အရင်ကထက် ဆိုပုံဆိုပေါက်တွေ ပြောင်းလဲလာတယ်။ တစ်နှစ်နဲ့တစ်နှစ် မတူအောင် ကြိုးစားခဲ့လို့ ပြောင်းလဲသွားတယ်လို့ ထင်ပါတယ်။ သီချင်းဆိုနေရင် ပျော်တဲ့အတွက် ဂီတကိုတော့ ပိုပြီးတော့ အာရုံစိုက်ပြီး လုပ်ဖြစ်တယ်။ ကြိုးလည်း ကြိုးစားခဲ့ပါတယ်။ ဘယ်သူမဆို ကြိုးစားရင်တော့ ကြိုးစားလို့ရတဲ့ အသီးအပွင့်ကို ခံစားကြရမယ်လို့ ထင်ပါတယ်။

**မေး– မိုင်လေးရဲ့ လက်စွဲဆောင်ပုဒ်ဆိုရင်ကော . . .**

ဖြေ– ကိုယ်ကောင်းရင် ခေါင်းမရှောင်ဘူး။ စိတ်ထားကောင်းရင် ကံကောင်းမယ်ဆိုတဲ့ စကားပုံနှစ်ခုကို လက်ကိုင်ထားပြီးတော့ မိုင်လေး အဲဒီလိုမျိုးဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းကောင်းအောင် နေပါတယ်။

**မေး– အရင်က ဇာတ်ကားတွေမှာ သရုပ်ဆောင်တာ တွေ့ရတယ်။ ပရိသတ်ကလည်း ကြိုက်ကြတယ်။ အခုနောက်ပိုင်း သရုပ်ဆောင်မှု အပိုင်းမှာ သိပ်မတွေ့ရတော့ဘူး။**

ဖြေ– သရုပ်ဆောင်မှုအပိုင်းနဲ့ ပတ်သက်လို့ကတော့ မိုင်လေး ဇာတ်လမ်းကောင်းရင် ကိုယ်လည်း လုပ်နိုင်မယ်ထင်တဲ့ ဇာတ်ကောင်စရိုက်တွေ လာရင်မှ ရံဖန်ရံခါမှ ရိုက်ဖြစ်တာများပါတယ်။ အခုနောက်ပိုင်းတော့ မိုင်လေး ကိုယုန်လေးတို့နဲ့ အဆိုတော်တွေနဲ့ပဲ ဇာတ်လမ်းဆင်ထားတဲ့ 'ပျော်ပြီးရင်း ပျော်' ဆိုတဲ့ ဇာတ်ကားမှာ တတ်နိုင်သလောက်တော့ အကောင်းဆုံး ဖြစ်အောင် သရုပ်ဆောင်ထားပါတယ်။

**မေး– မိုင်လေးရဲ့ ချစ်ပရိသတ်ကြီးအတွက် ပြောချင်တာတွေက။**

ဖြေ– မိုင်လေးရဲ့ သီချင်းခွေတွေကို အားပေးကြတဲ့အတွက် တကယ့်ကို ရင်ထဲကလာတဲ့ စေတနာတွေနဲ့ ကျေးဇူးတင်ပါတယ်။ ကိုယ်ဖန်တီးကြိုးစားထားတဲ့အရာတွေ ခံစားပေးကြတဲ့အတွက် မိုင်လေးအတိုင်းအသိ ပျော်ရွှင်ကျေ နပ်ရပါတယ်။ 'ပုံရိပ်များ' [illegible] ထွက်ရင်လည်း အားပေးကြဦးလို့ [illegible] ဒီစာမျက်နှာ က တစ်ဆင့် [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# YATI SOE

# နှင်းဆုရတီစိုး

## ကျော်ကြားအောင် တမင်မလုပ်ပါ

www.burmeseclassic.com

www.burmeseclassic.com





အဲဒီလို မျက်နှာ အရမ်းနာရလို့ ရိုက်ပေးတယ်ဆိုတာမျိုးတော့ ရှိခဲ့ပါတယ်။

♛ ဇာတ်လမ်းသဘောအရ ဘယ်လိုဇာတ်မျိုးတွေကို ပိုရွေးချယ်ဖြစ်လဲ။

ကိုယ်က ရွေးချယ်တာထက် ကိုယ့်ကို ရွေးချယ်တာက ပိုများတယ်။ အခုနောက်ပိုင်း နန်းဆုဆီ ရောက်လာတဲ့ဇာတ်တွေက နန်းဆုနဲ့ လိုက်မယ့် သရုပ်ဆောင်နိုင်မယ်ထင်တဲ့ဟာမျိုးတွေကို အရင်ဆုံး လာပြကြတာပေါ့။ ဥပမာ ဒီတိုက်နဲ့ ရိုက်မှာက နှစ်ကားဆိုရင် လေးကားလောက်တော့ ပြတယ်။ ဒါမှမဟုတ် သုံးကားထဲကမှ တစ်ကားရွေးပေါ့။ ဘယ်ဟာကတော့ ကိုယ်အလုပ်နိုင်ဆုံး ထင်သလဲလို့ ဆိုပြီး လာပြတာမျိုးတွေလည်း ရှိတယ်။ နန်းဆုလည်း ကိုယ် ရိုက်ချင်တဲ့ ဇာတ်ကလေးတွေ ရှိတယ်။ နောက်ပိုင်းမှာ ကိုယ့်ဘာသာကိုယ် အကောင်အထည် ဖော်မှာပေါ့နော်။ အခုကတော့ သူများပေးတဲ့ ဇာတ်တွေမှာ ကိုယ်က ဒီဇာတ်လမ်းကို ဖတ်လိုက်တယ်ဆိုရင် အဓိကထားတာက လုပ်ကွက်ရမလား၊ ပရိသတ်အတွက် ဘယ်လောက်ထိ ဖန်တီးပေးနိုင်မလဲ ကိုယ့်လုပ်ကွက်တွေက ပရိသတ်ရဲ့ မျက်လုံးထဲမှာ ကျန်ခဲ့မှာလား ဆိုတဲ့ ဇာတ်လမ်းတွေကို ဦးစားပေးပြီး ကြည့်ဖြစ်တယ်ပေါ့။

♛ အနုပညာတွေကြောင့် စိတ်ရှုပ်ရတဲ့အခါ ရှေ့ဆက်လျှောက်ဖို့ကို တွေဝေနေခဲ့တာမျိုးရော ရှိခဲ့လား။

စိတ်နဲ့ လုပ်တဲ့အလုပ်ဆိုတော့ စိတ်ပင်ပန်းတယ်၊ စိတ်ဖိစီးမှုတွေ များတယ်ပေါ့။ စိတ်ညစ်ရတဲ့အခြေအနေ၊ စိတ်အနှောင့်အယှက်ဖြစ်ရတဲ့အချိန်မျိုးတွေမှာ ဆိုရင်တော့ ဟိုအရင်းက ရှိခဲ့ဖူးတယ်။ တော်ပြီ၊ ဆက်မလုပ်ချင်တော့ဘူး။ ဒီလောကကနေ ထွက်လိုက်ချင်တယ်။ အရမ်း အတိုက်အခိုက်လည်း များတယ်။ မခံနိုင်တော့ဘူးဆိုတဲ့ စိတ်တွေ ခဏခဏ ဖြစ်ဖူးတယ်။ ငယ်ငယ်တုန်းက ငိုလည်း ငိုတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာတော့ ကိုယ်ဝါသနာပါတဲ့ အနုပညာကို လုပ်နေရရင် ပျော်နေတာပဲ။ ကိုယ်လုပ်ခဲ့တဲ့ အလုပ်တစ်ခုကို ဆက်ပြီးတော့ လုပ်ချင်တယ်။ တစ်ဝက်တစ်ပျက်နဲ့ အရှုံးပေးပြီး ထွက်လိုက်ရတာမျိုး မလုပ်ချင်တော့ဘူး။ အနုပညာကို ကိုယ်က အရမ်းမြတ်နိုးတော့ စွန့်လွှတ်ဖို့ မဖြစ်နိုင်တဲ့ အရာလို့ ထင်တယ်။

♛ အခုလက်ရှိ ရောက်နေတဲ့ အနေအထားကို ပြန်သုံးသပ်ရင် ဘယ်လောက် ခရီးပေါက်နေပြီလဲ။

ဘယ်နေရာကိုရောက်နေပြီလဲဆိုတော့ ပရိသတ်က ပေးတဲ့နေရာလေး တစ်နေရာကို ရနေပြီလို့ ထင်ပါတယ်။ ဘာပဲပြောပြော ပရိသတ်ရဲ့ အားပေးမှုကို ခံရတယ်။ အသိအမှတ်ပြုမှုတွေလည်း ခံရတယ်။ ကိုယ်တိုင်လည်း အနုပညာတွေကို ဆက်ပြီး ဖန်တီးခွင့်ရနေတယ်ဆိုတော့ ကျေနပ်နေမိပါတယ်။

♛ ရှေ့ဆက်မယ့် အနုပညာခရီးအတွက် ကိုယ့်ရဲ့ ယုံကြည်ချက်၊ ခံယူချက်ကရော။

အနုပညာနဲ့ ပတ်သက်ပြီး ခံယူချက်ကတော့ အနုပညာကို မြတ်နိုးတန်ဖိုးထား လေးစားတယ်။ အဲဒါကြောင့် အနုပညာနဲ့ မခွဲဘဲ အတူတူနေချင်တယ်။ အနုပညာနဲ့ ပတ်သက်ရင် အရိုးသားဆုံး၊ ရိုးရိုးရှင်းရှင်းလေး ပရိသတ်ကို ဖန်တီးပြချင်တယ်။ အနုပညာလောကထဲမှာ ရိုးရိုးသားသားနဲ့ ရှေ့ဆက်လျှောက်မယ်လို့ ခံယူ ထားပါတယ်။

♛ နေရာတစ်နေရာအတွက် ကိုယ့်ဖက်က ဘယ်လောက်ထိ ပေးဆပ်ခဲ့ရသလဲ။

ပေးဆပ်တယ်လို့တော့ မထင်ပါဘူး။ ကိုယ်ကတော့ အနုပညာအလုပ်မှာ ရလဒ်ကောင်းတွေရဖို့အတွက်ကို ကြိုးစားနေရတယ်။ အဲဒီတော့ အချိန်တွေက ပေးဆပ်ရမှာပဲလေ။ ကိုယ့်ရဲ့ ကြိုးစားမှုတွေ၊ ပင်ပန်းတာမျိုးတွေပေါ့။ ဒါက ဘယ်အလုပ်မဆို ဒါက ရှိနေတာဆိုတော့ သက်သက်ချည်း ပေးဆပ်လိုက်ရတယ်ဆိုတာမျိုးတော့ မမြင်ပါဘူး။ နန်းဆုက ကျေနပ်ရောင့်ရဲမှုကတော့ ရှိပါတယ်။ ဒါပေမဲ့ ကြိုးစားမှုရဲ့ ရလဒ်အတိုင်းတော့ အပြည့်အဝ ရတဲ့အခါတွေလည်း ရှိသလို အပြည့်အဝ ပြန်မရတဲ့အခါတွေလည်း ရှိပါတယ်။ အဲဒီတော့ အချိန်ရယ်၊ အောင်မြင်မှုနဲ့ကို အချိုးချကြည့်မယ်ဆိုရင်တော့ လိုသေးတယ်လို့ ထင်ပါတယ်။ နောက်ပိုင်း ရှေ့ဆက်သွားမယ့်အချိန်တွေမှာတော့ ပိုပြီး အဆင်ပြေနေပြီလို့ ထင်ပါတယ်။ စစချင်း ဒီလောကထဲ ရောက်ခါစက မသိတာတွေ၊ နားမလည်တာတွေ ရှိတဲ့အတွက် မလိုအပ်ဘဲ ကုန်သွားတဲ့ အချိန်တွေ ရှိပါတယ်။

♛ အောင်မြင်မှုကို မရခင် ကျော်ကြားမှုကို လိုချင်တာမျိုးတွေရော ဖြစ်မိလား။

အောင်မြင်လာရင်တော့ ကျော်ကြားလာမှာပေါ့။ ဒါမှမဟုတ် မအောင်မြင်ခင်မှာတော့ ကျော်ကြားမှုတွေ ရှိခဲ့မယ်ဆိုရင်တော့ နန်းဆုလည်း ကျော်ကြားမှုကို အရင်ယူမယ်ဆိုတဲ့ စိတ် တော့ မရှိပါဘူး။ ဒါပေမဲ့ ကိုယ်လုပ်လိုက်တဲ့ အလုပ်တစ်ခု အောင်မြင်သွားလို့ရှိရင် ပရိသတ်က အသိအမှတ်ပြုတာပဲ။ အဲဒီအခါကျရင် ကျော်ကြားမှုကြီးက ပါလာတာပါပဲ။ အောင်မြင်မှုတစ်ခုချင်းစီကို လိုက်စုလိုက်ရင် ကျော်ကြားမှုကြီးက ပိုကြီးလာမှာပေါ့နော်။ အဲဒီလို သီးသန့်ကြီး ကျော်ကြားအောင် လုပ်ပြီးမှ အောင်မြင်သွားတယ် ဆိုတာမျိုးတော့ နန်းဆုမှာ မရှိခဲ့ပါဘူး။

အဥ္စလီ

www.burmeseclassic.com

www.burmeseclassic.com

# အဖေရောအမေရော အများကြီးပံ့ပိုးခဲ့ပါတယ်ဆိုတဲ့ အောင်ရဲလင်း!

အဍွလီ

အနုပညာခရီးအတွက် ကြိုးစားပေးဆပ်ခြင်းတွေရဲ့ တစ်ဝက်မှာ အောင်မြင်မှုဆိုတာကို အမိအရ ဆုပ်ကိုင်သာနိုင်သလို နေရာတစ်နေရာကို အခိုင်အမာ ရရှိပြီးခဲ့တဲ့ အောင်ရဲလင်းနဲ့ ကိုယ်ပိုင်အနုပညာအတွက် ခံယူချက်၊ ယုံကြည်ချက်နဲ့ ပျော်ရွှင်ချက် မရှိ ပေတော် ရိုးရှင်းပွင့်လင်းသော ရင်တွင်းသဘောနဲ့ ဖွင့်ဆိုချက်တွေ အားမှုဖွဲ့ ခံစား ဖြစ်ခဲ့ပါတယ်။



Makeup, Photo:
Aroma (Zulu Studio)

www.burmeseclassic.com



♛ အောင်လေးအနေနဲ့ အောင်မြင်မှုဆိုတဲ့ စကားကို ဘယ်လိုမျိုးများ နားလည်ထားလဲ။

– အဓိကက ကိုယ်လုပ်တဲ့ အလုပ်တစ်ခုအပေါ်မှာ လူအများက အသိအမှတ်ပြုတယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ အောင်မြင်သွားတာပေါ့။ ကိုယ်လုပ်တဲ့အလုပ်ကို တခြားတစ်ယောက်ပဲ ဖြစ်ဖြစ်၊ နှစ်ယောက်ပဲဖြစ်ဖြစ် နည်းရင် နည်းသလို၊ များရင်များသလို အောင်မြင်မယ်လို့ ထင်ပါတယ်။

♛ အနုပညာသမားတစ်ယောက်ရဲ့ ဘဝဟာ အစစ၊ အရာရာ အဆင်ပြေချောမွေ့ခဲ့ရဲ့လား။

– အများကြီး ကြိုးစားပါတယ်။ ကျွန်တော်က ဘယ်အလုပ်ပဲလုပ်လုပ် စေတနာထားတယ်။ အောင်မြင်တာ၊ မအောင်မြင်တာကတော့ ကံပဲပေါ့။ ဒါတွေကို သွားပြောနေလို့ မရဘူး။ အဓိကက ကိုယ်လုပ်တဲ့ အလုပ်တစ်ခုအပေါ်မှာ အကောင်းဆုံး လုပ်ဖို့ရယ်၊ စေတနာထားဖို့ရယ်ပဲ လိုပါတယ်။

♛ ကိုယ့်ရဲ့ အနုပညာအတွက် ဘယ်လို ရည်ရွယ်မျိုးတွေ ထားတာလဲ။

– အဓိက ရည်ရွယ်ချက်ကတော့ ဇာတ်ရုပ်ပီပြင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်ပဲ ဖြစ်ချင်တာပါ။ မိသားစုကလည်း အားပေးပါတယ်။ အဖေရော၊ အမေရော အများကြီး ကူညီ ပံ့ပိုးပေးပါတယ်။

♛ ကိုယ့်ရဲ့ဘဝမှာ အောင်မြင်မှုက ဘယ်လောက်ထိ တိုးမြှင့်ပေးနိုင်မယ် ထင်လဲ။

– အဲဒီလိုမျိုးတော့ မခံယူပါဘူး။ ခွန်အားဆိုတာကလည်း ကိုယ်ကြုံတွေ့နေရတဲ့ အရာပေါ်မှာ မူတည်ပြီးတော့ အခက်အခဲရှိတော့လည်း ခွန်အားတွေ တိုးပြီး ဖြတ်သန်းတယ်။ အဆင်ပြေတဲ့အချိန်လည်း ဒီ့ထက်ပိုကောင်းအောင် ကြိုးစားမယ်ဆိုတဲ့ စိတ်နဲ့ပဲ မွေးထားတယ်။ ကျန်တဲ့ အရာတွေတော့ သိပ်ပြီး ဘာမှမစဉ်းစားဘူး။

♛ အောင်မြင်လာတာနဲ့အမျှ လွတ်လပ်မှုတွေ ဆုံးရှုံးသွားနိုင်မလား။

– မဆုံးရှုံးပါဘူး။ ကျွန်တော်ကတော့ ကိုယ်သွားချင်တဲ့ နေရာသွားတယ်။ နေချင်သလိုနေတယ်။ အဓိကက သူများကို မထိခိုက်ဖို့ပဲ လိုတယ်။ ကျွန်တော်ကတော့ ပုံမှန်လူတွေလိုပဲ သွားလိုက်၊ လာလိုက်၊ စားလိုက်နေတယ်။ ကျန်တဲ့အရာ ခေါင်းထဲမှာ မထားဘူး။

♛ အောင်မြင်ခြင်းနှင့် ကျရှုံးခြင်း ဆိုတဲ့ စကားကိုရော ဘယ်လိုမြင်မိလဲ။

– အဓိကကတော့ ကံပဲပေါ့။ အောင်မြင်တဲ့ကံကုန်ရင်တော့ ကျရှုံးမှာပဲ။ အရာအားလုံးကကံ အပေါ်မှာပဲ မူတည်ပါတယ်။ ကံကပဲ အဓိက ကျတယ်လို့ ထင်တယ်။

ကျွန်တော်က ပုံစံမတူတာကို ပိုကြိုက်တယ်။ တစ်ကားနဲ့တစ်ကား မတူအောင် လုပ်တယ်။ ကာရိုက်တာဆိုလည်း တစ်နှစ်ထက် တစ်နှစ် မထပ်အောင် ကျွန်တော် အကောင်းဆုံး ကြိုးစားမယ်လို့ ခံယူထားတယ်။



www.burmeseclassic.com

www.burmeseclassic.com






● တချို့က အောင်မြင်လာရင် ဘဝင်မြင့်တတ်တယ်၊ အောင်လေးကရော။

– ကျွန်တော်ကတော့ ကိုယ်လုပ်တဲ့အလုပ်ကိုပဲ အားရုံစိုက်တယ်။ ကျွန်တော့်မှာ တခြားစိတ်တွေ မရှိဘူး။ ဘဝင်မြင့်လည်း ထမင်းနှစ်နပ်ပဲ စားရတာ၊ မမြင့်လည်း ထမင်းနှစ်နပ်ပဲ စားရတာပါ။ အတူတူပါပဲ။ ဘာမှမပြောင်းလဲဘူး။

● ၂၀၁၄ မှာ ဘယ်လိုပုံစံတွေနဲ့ ရှေ့ဆက်မလဲ။

– ၂၀၁၃ ထက်စာရင် ၂၀၁၄ မှာ ပိုပြီး ကြိုးစားရမယ့်နှစ်ပဲပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၃ မှာ လုပ်ခဲ့တဲ့အလုပ်တွေ အားလုံးကို ၂၀၁၄ မှာ ပြန်ပြီးတော့ လုပ်လို့ မရတော့ဘူး။ တစ်နှစ်ထက် တစ်နှစ် ကိုယ်က Update ဖြစ်အောင် အမြဲတမ်း ကြိုးစားနေရမှာ။ ပြီးတော့ ကျွန်တော်က ပုံစံမတူတာကို ပိုကြိုက်တယ်။ တစ်ကားနဲ့တစ်ကား မတူအောင် လုပ်တယ်။ ကာရိုက်တာဆိုလည်း တစ်နှစ်ထက် တစ်နှစ် မထပ်အောင် ကျွန်တော် အကောင်းဆုံး ကြိုးစားမယ်လို့ ခံယူထားတယ်။

● ပိုပြင်တဲ့ ဖက်ရှင်၊ ဖက်ကောင် စရိုက် ဖြစ်အောင် ဘယ်လိုလေ့လာလဲ။

– ကျွန်တော် Fashion တွေ သေချာကြည့်တယ်။ ပြီးတော့ နိုင်ငံခြားကား၊ ကိုရီးယားကား၊ ကုလားကားတွေလည်း ကြည့်တယ်။ မြန်မာကားတွေလည်း ကြည့်တယ်။ အနုပညာနဲ့ ပတ်သက်ရင် ဒါတွေဟာ လေ့လာတာပေါ့လေ။ သူများတွေ၊ ဘာလုပ်ထားလဲ၊ နောက်ဆုံး Update က ဘာလဲ၊ ဒါတွေကို ကျွန်တော် အမြဲတမ်း စဉ်းစားတယ်။ အမြဲတမ်းတွေးတယ်။ ပြီးတော့ ကိုယ်လုပ်နိုင်တဲ့အပေါ်မှာ မူတည်ပြီး အကောင်းဆုံးကြိုးစားပြီး လုပ်တာပေါ့။

အဥ္စလီ

www.burmeseclassic.com

www.burmeseclassic.com






အိပ်မက်ဆုံရာ Season-1 ရဲ့ Second Prize ဆုရှင် အာကာအောင်ခင်ဝင်းနှင့် တွေ့ဆုံခိုက် သူ့ရဲ့ဂီတလျှောက်လှမ်းပေါ်မှ အတွေ့အကြုံများကို မေးမြန်းဖြစ်ခဲ့ပါတယ်။

ယခုလက်ရှိအချိန်မှာ မြန်မာသံသီချင်းတွေ အားနည်းနေတဲ့အချိန်မှာ လူငယ်တစ်ယောက်က မြန်မာသံ သီချင်းကို ပီပီပြင်ပြင် ဆိုပြတဲ့ အရည်အချင်းကိုလည်း ချီးကျူးမိပါတယ်။ သူ့အိမ်ကို ရောက်တော့ ရေးပတ္တလားတစ်ခုကို တွေ့ရတယ်။ သူ့ဖခင်ကလည်း မြန်မာသံကို အလွန်နှစ်သက်သူလို့ ဆိုပါတယ်။ ဪ . . . ဒါကြောင့်လည်း အာကာအောင်ခင်ဝင်း မြန်မာသီချင်းထဲက ခက်ခဲတဲ့ နန်းတော်ရှေ့ဆရာတင်သီချင်းကို ပီပီပြင်ပြင်ဆိုနိုင်တာကိုးလို့ မှတ်ချက်ချမိတယ်။

♛ အခုလက်ရှိ အနုပညာလှုပ်ရှားမှုတွေက။

– အခုလက်ရှိတော့ ကျွန်တော့်အခွေအတွက် ပြင်ဆင်နေပါတယ်။ ကျွန်တော်ရယ်၊ ရှိုင်းဝေယံ၊ စုစန္ဒီထွန်းရယ်ပါ။ သကြ[illegible]န်မတိုင်ခင် အခွေထွက်နိုင်အောင်လည်း ကြိုးစားနေပါတယ်။

♛ ဘယ်လိုသီချင်းတွေများပါမလဲ။

– သီချင်းအမျိုးအစားကတော့ အစုံပါပဲ။ ရှိုင်းဝေယံဆိုရင် Pop၊ စုစန္ဒီထွန်းဆိုရင် Rock၊ ကျွန်တော်ဆိုရင် Alter ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာသံစဉ်တွေကခက်တယ်ဆိုတဲ့

# အာကာအောင်ခင်ဝင်း

### ကောကော

♛ အိပ်မက်ဆုံရာမှာ ဝင်ပြိုင်ဖြစ်ခဲ့ပုံကရော။

- သိပ်အထွေအထူးတော့ မရှိပါဘူး။ တီဗွီကြော်ငြာတွေ့လို့ ဝင်ပြိုင်ဖြစ်တာပါ။

- ဒါ ပထမဆုံးပြိုင်ပွဲလား။ အိပ်မက်ဆုံရာပြိုင်ပွဲကို ဝင်မပြိုင်ခင်ကရော တခြားပြိုင်ပွဲတွေဝင် ပြိုင်ဖြစ်သေးလား။

- ဒါ ကျွန်တော့်ရဲ့ ပထမဆုံး ပြိုင်ပွဲပါ။ တခြားပြိုင်ပွဲတွေလည်း မပြိုင်ခဲ့ဖူးပါဘူး။

♛ အာကာအောင်ခင်ဝင်းကို မြန်မာသီချင်းတွေမှာ ပိုင်နိုင်ကျွမ်းကျင်တဲ့သူလို့ ပရိသတ်တွေက အသိအမှတ်ပြုကြတယ်။ မြန်မာသီချင်းတွေကို ဘယ်လိုများ လေ့ကျင့်သင်ကြားခဲ့လဲ။

- အမှန်အတိုင်းပြောရရင် ကျွန်တော် မြန်မာသံစဉ်တွေကို မပိုင်နိုင်ပါဘူး။ ဒိုင်တွေချပေးတဲ့ သီချင်းကလည်း နည်းနည်းခက်ပါတယ်။ အိမ်မှာပြန်လေ့ကျင့်တယ်။ အဖေကလည်း သင်ပေးတယ်။ သီချင်းတစ်ပုဒ်ကို (၃)ရက်လောက်နေ့ ကျင့်ခဲ့ရတယ်။

♛ မြန်မာသီချင်းတွေကို ရှိုးပွဲတွေမှာရော ဆိုဖြစ်လား။

- ရှိုးပွဲတွေမှာတော့ သိပ်မဆိုဖြစ်ပါဘူး။ မင်္ဂလာဆောင်တွေမှာတော့ ဆိုဖြစ်ပါတယ်။

♛ အာကာအောင်ခင်ဝင်းကို *Performence* မင်းသားလို့ ခေါ်ကြတယ်။ ပြိုင်ပွဲတစ်လျှောက်လုံး *Performance* ရော သီချင်းရောကို ဘယ်လိုညီမျှအောင် ကျင့်လဲ။

- သီးသန့်ကြီးတော့ လုပ်ယူတာ မဟုတ်ပါဘူး။ သီချင်းသံစဉ်နဲ့ စာသားအပေါ်မှာ Mood ဝင်ပြီး လုပ်ဖြစ်သွားတော့ ညီမျှသွားတာပေါ့။

♛ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေက ဘယ်သူတွေများဖြစ်မလဲ။

- အတုယူအားကျရတဲ့ ဆရာတွေကတော့ အရင်တုန်းက ဒိုးလုံး၊ မောင်မောင်ဇော်လတ်၊ Big Bag တို့ပါပဲ။

♛ တေးစီးရီးပြင်ဆင်နေတယ်ဆိုတော့ ကိုယ်တိုင်ရော သီချင်းတွေ ရေးဖြစ်လား။

- ရေးဖြစ်တယ်။ အခုတေးစီးရီးထဲမှာလည်း ကျွန်တော်ကိုယ်တိုင် ရေးထားတာ တစ်ပုဒ်ပါတယ်။ နာမည်ကတော့ ရွေးနေတုန်းပါပဲ။

♛ *Forever Group* နဲ့ စာချုပ်ရှိလား၊ စာချုပ်သက်တမ်းရော ပြည့်ပြီလား။

- စာချုပ် မချုပ်ဖြစ်လိုက်ဘူး။ လူမှုရေးပိုင်းလေးတွေပဲ ရှိမယ် ထင်ပါတယ်။ အဲဒါကြောင့်လည်း Forever Group က ပြုလုပ်တဲ့ပွဲတွေမှာ တစ်ခါတလေမှ တွေ့ရတယ်။ မတွေ့ရင်လည်း မတွေ့ရဘူး။

♛ စာချုပ်ဆိုတာ လူတစ်ယောက်ရဲ့ ခြေထောက်ကို ချုပ်နှောင်ထားတာ၊ သံကြိုးခတ်ထားတာလို့ ဆိုကြတယ်။ အာကာအောင်ခင်ဝင်းကရော။

- ကျွန်တော်ကတော့ ကြီးကြီးမားမား မလုပ်ဘူးတဲ့အတွက် စာချုပ်ဆိုတာလည်း နားမလည်ပါဘူး။ မသိတဲ့အတွက် နားမလည်တဲ့အတွက် စာချုပ် မချုပ်လိုက်တာပါ။ တခြားကြောင့် မဟုတ်ပါဘူး။

♛ အဆိုတော်တစ်ယောက်အတွက် ဖက်ရှင်ကရော ဘယ်လောက်ထိအရေးပါလဲ။ အာကာအောင်ခင်ဝင်းကရော ဘယ်လိုဖက်ရှင်မျိုး ကြိုက်လဲ။

- ဖက်ရှင်က အရေးတော့ ပါပါတယ်။ ကျွန်တော်ကတော့ ဘယ်လိုဖက်ရှင်မှ ကြိုက်တယ်လို့ မဟုတ်ပါဘူး။ သီးသန့်ကြီး ဖက်ရှင်လုပ်ဝတ်တာလည်း မရှိပါဘူး။


♛ အာကာအောင်ခင်ဝင်းရဲ့ ပရိသတ်တွေကို ပြောချင်တဲ့စကားက။

- ကျွန်တော့်အနေအတွက် အချိန်ရှိတိုင်းကြိုး စားနေပါတယ်။ တစ်ခါနားထောင်လိုက်တာနဲ့ ရိုးသွားတဲ့ သီချင်းမျိုး မဖြစ်အောင် ပရိသတ်တွေက ထပ်ကာ ထပ်ကာ နားထောင်ချင်တဲ့ သီချင်းမျိုးဖြစ်အောင် ကြိုးစားထားပါတယ်။

ကောကော

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လောကမှာပြန်လိုချင်လို့ မရ၊ အစားထိုးမရလို့ မရတဲ့ တစ်ခုတည်းသောအရာဟာ အချိန်ပါ။ အချိန်သည် လူ၏တန်ဖိုးဆိုတဲ့ အချိန်နဲ့ ပတ်သက်လို့ အနုပညာအလုပ်တွေကြား အပြေးအလွှားလုပ်ရှားရင်း ဘဝစက်ဝိုင်းအတွင်း လည်ပတ်ခြင်းဆိုတဲ့ အချိန်ကို ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုချင်လဲလို့ ဝါဆိုမိုးဦးကို မေးကြည့်တဲ့အခါမှာတော့....

# ဝါဆိုမိုးဦးပြောတဲ့ အချိန်

**အဉ္စလီ**

ဝါဆိုရဲ့ ဘဝမှာ အချိန်က အရေးကြီးဆုံးပဲပေါ့။ အချိန်ကို အလေးထားရဆုံးပဲ။ အချိန်ဟာ ဒီလူတစ်ယောက်မှာ တန်ဖိုးအရှိဆုံးလို့ ထင်တယ်။ ဝါဆိုတို့ ရှူတင်သွားမယ်ဆိုရင် Right Time 9:00 ရောက်ရမယ်။ Actor ကြီးတွေ မရောက်ခင်ကတည်းက စောစောစီးစီး ရောက်ရမယ်။ အချိန်ရဲ့အမျှ စက္ကန့်တိုင်းဟာ လူတစ်ယောက်ရဲ့ တန်ဖိုးပါ။ အဲဒါကြီးကို အလုပ်လုပ်တဲ့ လူတိုင်းမှ နားလည်ကြမှာ ပေါ့လေ။ ဝါဆို တို့လို အနုပညာရှင်တိုင်း ကတော့ အချိန်က အရမ်းအရေးကြီးတယ်။ မနက် တစ်နေကုန် အလုပ်လုပ်ကြတယ်။ ညဆိုပင်ပန်းပြီး ထမင်းတွေ ဘာတွေစားပြီး အိပ်ကြတာပေါ့လေ။ ဒါလည်း အချိန်ကို တန်ဖိုးရှိစွာ အသုံးချခြင်းပဲ။ နောက်တစ်ခုက ဝါဆိုက အနုပညာအလုပ် လုပ်လာတဲ့အခါမှာ အချိန်ရဲ့ တန်ဖိုးကို သိလာတယ်။ အခုဆိုရင် All day နီးပါး အလုပ်လုပ် နေရတာ။ ကိုယ့် Personal ကိစ္စနဲ့ ပတ်သက်ပြီး အချိန် သိပ်မပေးနိုင်ဘူး။ ကိုယ့်အလုပ်ပေါ်မှာ နေ့တိုင်းအချိန်ပေးနေရတယ်။ အချိန်ကို လုလုပ်နေရတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကဆိုရင် Day ရော Night ရော ကားရိုက်တွေ ပေးရတော့ အချိန်ဟာ တန်ဖိုးရှိပါလားဆိုပြီး သိလာတယ်။ ဝါဆို စာသင်ရမယ့် အချိန်မှာ အလုပ်လုပ်တယ်ပေါ့။ ကိုယ်ရွေးချယ်လိုက်တဲ့လမ်း ကြောင်းအပေါ်မှာလည်း တန်ဖိုးရှိအောင်၊ အောင်မြင်အောင် လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတယ်။ အဲဒီအတွက်ကြောင့် ဝါဆိုအချိန်ကို လေးစားတယ်ပေါ့။ ပြီးတော့ လူကြီးတွေက အချိန်နဲ့ ပတ်သက်ပြီး သူတို့ ပြောနေကျ အချိန်ရှိတုန်း လုပ်သင့်တာ လုပ်တဲ့။ သူတို့ ကိုယ်သူတို့ ဥပမာပေးပြီး ဆုံးမတယ်။ ငါတို့ဆို အရွယ်ကြီးသွားတဲ့အတွက် ငါတို့ မလုပ်ဖြစ်ခဲ့တဲ့ အရာတွေ နင်တို့ဖြစ်အောင် လုပ်။ ငါတို့ အရွယ်နှောင်းသွားတော့မှ ဘာမှလုပ်လို့ မရဘူး။ အဲဒီအတွက်ကြောင့် ယယ်ယယ်လေးကတည်းက အချိန်ကို တန်ဖိုးထား လေးစားပေါ့နော်။ သူတို့က အဲဒီလို အမြဲတမ်း ဆုံးမပါတယ်။ အဲဒါကြောင့် ဝါဆို သူတို့စကားကို နားထောင်ပြီး ကိုယ့်အတွက် အချိန်ရတဲ့အခါတိုင်း အလုပ်လုပ်တယ်။ ပြည်ပနိုင်ငံတွေမှာဆိုရင် ၁၅ မိနစ်ဆိုလည်း ၁၅ မိနစ်အလျောက် အလုပ်လုပ်ရင် ပိုက်ဆံရတယ်။ သူတို့နိုင်ငံမှာ နာရီအရေအတွက်နဲ့ကြည့်ပြီး အလုပ်ကို လုပ်လို့ရတယ်။ အဲဒီအတွက်ကြောင့် သူတို့က အချိန်တိုင်းကို တန်ဖိုးထားတယ်။ ဝါဆိုတို့နိုင်ငံမှာဆိုရင် ထမင်းစားဖို့ မခက်ခဲဘူး။ သူတို့နိုင်ငံမှာက ထမင်းတစ်နပ်စားဖို့ အရမ်းခက်ခဲတယ်။ အဲဒီအတွက် ကြောင့် သူတို့နိုင်ငံမှာ ပိုက်ဆံက အရေးကြီး သလို အချိန်တိုင်းကလည်း အရေးကြီးတယ်။ ဝါဆိုတို့နိုင်ငံမှာလည်း အချိန်ကို တန်ဖိုးထားရင် အဲဒီလို တိုးတက်တဲ့ နိုင်ငံဖြစ်မှာပါ။ ဝါဆိုလည်း ကိုယ့်နိုင်ငံကို တိုးတက်စေချင်တာပေါ့။ အဲဒီလို ပြောလို့ အခု ဒီနိုင်ငံက မတိုးတက်ဘူးလို့ ပြောတာမဟုတ်ဘူးနော်။ နည်းနည်းလိုသေးတာပေါ့။ ဝါဆိုအတွက်တော့ အချိန်က အရေးကြီးဆုံးပဲ။ အရေးကြီးဆုံး ဆိုပေမယ့် ဝါဆိုမှာ မိသားစုအတွက်တော့ အချိန်မပေးဖြစ်ဘူး။ မနက်ပိုင်းဆိုလည်း ရှုတင်သွားတယ်။ ညနေ ၆ နာရီလောက်မှ ရောက်တယ်။ ထမင်းစားတယ်။ လူကြီးတွေနဲ့ တစ်ခါတလေပဲ စကားပြောဖြစ် တယ်။ နေ့ရောညရော မအားတဲ့အခါ ဓာတ်ပုံတွေ ရိုက်နေရင် မိသားစုနှင့် မတွေ့ဖြစ်ဘူး။ အခုနောက်ပိုင်း ဒီအလုပ်မှာ အချိန်ပေးနေရတဲ့ အတွက်ကြောင့်မို့ မိသားစုနဲ့လည်း ခရီးမသွားဖြစ်ဘူး။ အရင်တုန်းကတော့ ချောင်းသာတို့၊ ဘာတို့ မိသားစုနဲ့ ထွက်ဖြစ်တယ်။

အဉ္စလီ

www.burmeseclassic.com

www.burmeseclassic.com





## အကယ်ဒမီဆုနှစ်ဆုရရှိပြီးနောက်
# ပြေတီဦးနှင့်တွေ့ရစဉ်

မုံရွာညိုလေး

လူသားတွေ ရှိနေသရွေ့ ရုပ်ရှင်၊ ဂီတ၊ စာပေ၊ ပန်းချီ စတဲ့ အနုပညာရပ်တွေဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ အဲဒီအနုပညာရပ်တွေထဲမှာ လူထုကို အလွယ်တကူ စွဲလမ်း နှစ်ခြိုက်စေတာက ပေါ်ပင်အနုပညာ သို့မဟုတ် အင်္ဂလိပ်ဘာသာ Pop ခေါ် Popular အနုပညာဟာ ရုပ်ရှင်ဂီတ ဖြစ်ပါတယ်။

ယခုအခါမှာတော့ ပရဟိတလည်း လုပ်တဲ့အပြင် ပရိသတ်ကို သဘာဝကျကျ သရုပ်ဆောင်ရင်း အကြိုက်တွေ့စေတဲ့ မင်းသား ပြေတီဦးဟာ အကယ်ဒမီ နှစ်ထပ်ကွမ်း ဖြစ်သွားပါပြီ။ သူနဲ့ အကယ်ဒမီဆု နောက်ထပ်တစ်ဆု ယူအပြီးမှာ တွေ့ကြရတဲ့အခါ သူ့ခံစားချက်၊ သူ့အတွေး၊ သူ့အစီအစဉ်တွေကို မေးမြန်းကြည့်ခဲ့ပါတယ်။ သူ့ ပြောစကားတွေကတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



**မေး– အကယ်ဒမီမတိုင်မီ ခံစားချက်နဲ့ ဆုရပြီး ခံစားချက်ကို ပြောပြပါ။**

အကယ်ဒမီဆိုတာကတော့ သူသူကိုယ်ကိုယ် လိုချင်တဲ့သူတွေချည်းပါပဲ။ ကျွန်တော်လည်း လိုချင်တာပါပဲ။ ဒါပေမဲ့ အကယ်ဒမီဆုပေးတဲ့ ပွဲထဲကို သွားတဲ့အချိန်မှာ ကိုယ်က တအားကြီး မျှော်လင့်ထားပြီးမှ မရရင် အရမ်းခံစားရမှာ မရနိုင်ဘူးဆိုတဲ့ စိတ်ကိုဘဲ သွင်းပြီး ဒီပွဲကို သွားတာ၊ ဆုကြေညာတဲ့အချိန်အထိလည်း ငါ မရနိုင်ပါဘူးဆိုတဲ့စိတ်ဘဲ ထားထားတာပါ။

**မေး– လက်ပံဇာတ်ကား ရိုက်နေစဉ်က ခံစားချက်လေး။**

ရိုက်နေစဉ်တုန်းက ခံစားချက်ကတော့ သူက အငြိမ်လုပ်ရတဲ့ ခံစားချက်ပေါ့။ ထုတ်ပြလို့ မရဘူး။ Responset အိုက်တင်လောက်ပဲ လုပ်ရတယ်။ ရင်မှာ မျိုသိပ်ပြီး လုပ်ရတယ်ဆိုတော့ ခက်ခဲတာပေါ့။ အဲဒီအချိန်မှာ ကျွန်တော်တို့ခက်ခဲတဲ့ ဇာတ်ရုပ်ကို ခက်ခဲတဲ့ ဇာတ်ဝင်ခန်းတွေကို ငါ မရရအောင် လုပ်မယ်ဆိုပြီး စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တာပါ။ ဇာတ်ကောင်စရိုက်ကို ချာန်သွင်းရတာတော့ အဲဒီကားမရိုက်ခင် ဝတ္ထုကို ဖတ်ကတည်းက ဇာတ်ညွှန်းမှာ ကျွန်တော်တို့ နိုင်ငံရဲ့ ဇာတ်ညွှန်းပုံစံအရ ဇာတ်ကောင်တစ်ယောက်ရဲ့ ကာရိုက်တာ၊ သူရဲ့ လှုပ်ရှားမှု လှုပ်ရှားဟန် ဒါတွေကို သိပ်ဖမ်းလို့ မရဘူး။ အဲဒီဟာတွေ ဘယ်မှာ ဖမ်းရသလဲဆိုတော့ ဝတ္ထုဖတ်တဲ့အချိန်မှာ ဇာတ်ကောင်ရဲ့ ကာရိုက်တာကို အမိဖမ်းထားရတယ်။ ဝတ္ထုဖတ်တဲ့အချိန်ကတည်းက ကိုယ့်ရဲ့ ကာရိုက်တာ၊ ပြောမှု၊ ဆိုမှု၊ လှုပ်ရှားမှုဟန် ဒါတွေကို တွက်ချက်ထားပြီးသားပေါ့။ ရိုက်ကွင်းပေါ်ရောက်တော့မှ ဒါရိုက်တာနဲ့ ညှိနှိုင်းပြီး ကိုယ်လုပ်ချင်တဲ့၊ ပြောဆိုလှုပ်ရှားမှုကို ဒါရိုက်တာရဲ့အကြိုက်လည်းဖြစ်အောင် ပီပြင်အောင် လုပ်ရတာပေါ့။ ဒီကားက တောက်လျှောက်ရိုက်ရတာ မဟုတ်ဘူး။ မုံရွာမှာ ပထမ သွားရိုက်ပြီး ပျက်သွားသေးတယ်။ ရန်ကုန်ပြန်ရောက်တဲ့အချိန်မှာ ဆက်မရိုက်ဖြစ်တော့ဘူး။ အဲဒီမှာ ပြဿနာတွေ တက်ကြ၊ ပရိုဂျူဆာ အပြောင်းအလဲတွေ ဖြစ်တယ်။ နောက်ထပ် (၄)လကြာတော့မှ နောက်တစ်ခေါက် ပြန်ရိုက်ဖြစ်တယ်။

**မေး–အရင်တုန်းက မင်းသားကြီးကျော်ဟိန်းဆိုရင် ရုပ်ရှင်ဇာတ်ကား တစ်ကားကို အစ၊ အလယ်၊ အဆုံး ဩသိ သွင်းထားပြီး ဆက်တိုက်ရိုက်ပေးတာ ရှိတယ်။ ညီလေးရော အဲဒီလို ဩသိ သွင်းထားတာမျိုး ရှိလား။**

ကျွန်တော်တို့ကတော့ တောက်လျှောက် Mood မသွင်းထားဘူး။ ရိုက်တဲ့အချိန်မှာ သွေးပူအောင် လုပ်တယ်။ မရိုက်ခင်မှာတော့ သွေးအေးနေတာပဲလေ။ သွေးပူလာအောင် Rehearsal တွေလုပ်ပြီးမှ ဒီဇာတ်ကောင်စရိုက် ဝင်လာရင်၊ Mood ဝင်လာရင် အဲဒီဟာကို ဖြုတ်လိုက်တာပေါ့။ ဖြုတ်လိုက်ပြီးမှ Relax ပြန်နေတယ်။ ပြန်နားတယ်။ ရိုက်ကွင်းပေါ် ထပ်ပြန်ရောက်ပြီးမှ Mood ထပ်ပြန်သွင်းပြီး ဆက်ရိုက်တယ်။ Actor တွေကတော့ တစ်ယောက်နဲ့တစ်ယောက် ကိုယ့်စိတ်ခံစားချက် အနေအမြန်ပေါ် မူတည်ပြီးတော့ Mood သွင်းပုံသွင်းနည်း မတူကြဘူးပေါ့။

**မေး– ဒါရိုက်တာ အပါအဝင် ဇာတ်ပို့ဇာတ်ရန်တွေရဲ့ ကူညီပံ့ပိုးမှုတွေ။**

ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကား တစ်ကား ရိုက်တာတော့ ရဲဖော်ရဲဖက်တွေအတူ တိုက်ပွဲတ
ပွဲဝင်ကြသလိုပါပဲ။ စည်းလုံးညီညွတ်မှု အပြ
နဲ့ တစ်ယောက်ကို တစ်ယောက် ယုံကြည်မှ
မှ ဒီတိုက်ပွဲကို နိုင်အောင် တိုက်နိုင်မှာ
စည်းလုံးညီညွတ်မှု မရှိရင် ဒီတိုက်ပွဲဟာ နိ
မှာ မဟုတ်ဘူး။ အဲဒါကြောင့် ဒီကားလေး
ရုံတင် ပြသတဲ့အချိန်မှာ ပရိသတ်အများလည
သိကြ တဲ့အတိုင်းပဲ အောင်မြင်ခဲ့တယ်။

အဲဒီလို အောင်မြင်မှု ရတယ်ဆိုကတည
က တစ်ယောက်ကို တစ်ယောက် ဘယ်လို
ညီပံ့ပိုးမှုအပြည့်နဲ့ တိုက်ပွဲဝင်ခဲ့ကြတယ်ဆိုတ
မြင်သာပါတယ်။

**မေး– အကယ်ဒမီပေးပွဲမှာ ပြတဲ့ပြကွက်
နဲ့ ညီလေး ကောင်းတယ်ဆိုပြီး ထင်ထား
ပြကွက်တွေ ကွာခြားမှု ရှိသလား။**

အဲဒီလို ထူးထူးခြားခြား ကွာဟချက်တ
မရှိပါဘူး။ ကျွန်တော် ကြိုက်တာတွေ များ
တယ်။

**မေး– လက်ပံဇာတ်ကားမှာ အကြိုက်ဆ
ဇာတ်ကွက်တွေ ပြောပြပါ။**

ဖွေးဖွေးက သူ့ရဲ့ဇာတ်ကြောင်းကို ပြ
ပြောပြတဲ့အချိန်မှာ ကိုယ်က ကိုယ့်သမီးမှ
သိနေပြီ။ ဒါပေမဲ့ ကိုယ်က ဘာမှပြန်ပြော
မရဘူး။ သူက စကားတွေ အကြာကြီး ပြေ
တယ်။ အရှည်ကြီးပြောတယ်။ ကိုယ်က ဘာ
ပြောလို့ မရဘူး။ Respond တွေပဲ ပြန်လုပ်
တယ်။ နောက်ပြီး Pre Ending ပေါ့ ဖွေးဖွေ
က ခါးခွဲပြီးတော့ အဖေမှန်း သိတဲ့အချိန်မ
သတ်မယ်ပေါ့။ အဲဒီအခန်းကြိုက်တယ်။

**မေး– အဲဒီအချိန်မှာ ဖွေးဖွေးက ဗီဒီယိုတ
ကားသာ ရိုက်ရသေးတဲ့ မင်းသမီးအသ
ကလေးတစ်ယောက်ပေါ့နော်။ သူ့
Combine ရိုက်ရတဲ့ Cut တွေမှာ ဘယ်
အခက်အခဲရှိသလဲ၊ ဘယ်လိုလက်တွဲခေါ်
ရသလဲ။**

သူ့ကို အရမ်း စိတ်ရှည်ပေးရတယ်
တစ်ခါတစ်ရံမှာဆိုရင် ကိုယ်က သူတို့အတွ
စိတ်ပူတာပေါ့။ ကိုယ်လိုချင်တဲ့ အနေအထာ
ကိုယ်လိုချင်တဲ့ အိုက်တင်တွေ သူတို့လုပ်နို
ပါ့မလား၊ လုပ်ဖြစ်ပါ့မလားလို့ တွေးပြ
ရိုက်ရင်းနဲ့ ကိုယ်ကိုယ်တိုင် အိုက်တင်လုပ်
မေ့သွားတယ်။ သူ့ဆီကို စိတ်ကရောက်နေ
အတွက်ကြောင့်၊ ဒါကြောင့် သူ Acting
ကိုယ်စိတ်တိုင်းကျပေမယ့် ကိုယ် Acting
ကိုယ် မကြိုက်တာကြောင့် ပြန်ရိုက်ရတာပေ့
သမ္မာရှိတဲ့ မင်းသမီးဆိုရင်တော့ သူလု
ကိုယ်လုပ်၊ အိုက်တင်အပြိုင် လုပ်ရတဲ့အတွ
သူ့ဖက်ကို ကြည့်နေစရာ မလိုဘူး။ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပဲ ကောင်းအောင် ဂရုစိုက်ချိန် ရတာပေ့ါ။ သိပ်အရေးကြီးတဲ့ အခန်းတွေဆိုရင် ဖွေးဖွေးအပြင် ကျန်တဲ့ မင်းသမီးဇာတ်ပို့ဇာတ်ရန်တွေ အိုက်တင်အတွက်လည်း စိတ်ပူပေးရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကားက သူတို့ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ကောင်းမှလည်း ကိုယ်ကောင်းမှာကိုး။ သူတို့ လျော့နေလို့ မဖြစ်ဘူး။ သူတို့လိုရင် ကားမှာ လိုအပ်ချက် ကွက်လပ်ကြီးတစ်ခု ဖြစ်သွားမှာဆိုတော့ သူတို့အတွက်လည်း စိတ်ပူပေးရတယ်။ အဲဒီလိုမျိုး အခက်အခဲလေးတွေတော့ ရှိတာပေ့ါ။ သရုပ်ဆောင်အသစ် တစ်ယောက်နဲ့ ရိုက်တယ်ဆိုတာ။

**မေး- အကယ်ဒမီ (၂) ဆုရအောင် ရိုက်ပေးတဲ့ ဒါရိုက်တာပိုင်းအပေါ် ဘယ်လောက်အထိ ယုံကြည်မှုရှိသလဲ။**

ကျွန်တော်နဲ့ ကိုပိုင်း လက်တွဲပြီး ရိုက်ခဲ့တဲ့ ကားတွေ အများကြီးပဲလေ။ ရုပ်ရှင်အနေနဲ့တော့ ဒီ (၂)ကားပဲ ရုံတင်သေးတယ်။ ဗီဒီယိုရော၊ ရုပ်ရှင်ရော ကားတွေ အများကြီး။ သူ့အပေါ် (၁၀၀)ရာခိုင်နှုန်း ယုံကြည်မှုအပြည့်ရှိလို့ သူနဲ့လက်တွဲခဲ့တာပါ။ ကိုပိုင်းရဲ့ လုပ်ဆောင်ချက်တွေအပေါ် ရာခိုင်နှုန်းအပြည့် အကြွင်းမဲ့ ယုံကြည်မှု ရှိပါတယ်။

**မေး- ဗီဒီယိုမှာ ဒါရိုက်တာပိုင်း ရိုက်တာ အားရကျေနပ်မှု ရှိတဲ့ကားတွေက။**

အတော်များများ အားရကျေနပ်ပါတယ်။ လတ်တလော ထွက်ခဲ့တာပေ့ါနော်။ 'ရင်ဝက်အက်ကြောင်း'ဆိုတဲ့ ဇာတ်ကားလေးဆိုရင် ကျွန်တော်ကိုယ်တိုင်ကို တော်တော်ကြိုက်နှစ်သက်တဲ့ ကားလေးပါ။ ကိုပိုင်းနဲ့ ရုပ်ရှင်ရော၊ ဗီဒီယိုရော ဆက်ရိုက်ဖို့ ကားတွေ အများကြီး ရှိပါတယ်။ အခု နောက်ထပ် ရုပ်ရှင်ကားကြီး တစ်ကားပေ့ါနော်။ ကိုပိုင်းရယ်လို့ Confirm မဖြစ်သေးဘူး။ ကျွန်တော်တို့က ပရိုဂျူဆာနဲ့လည်း အကုန်လုံး ပိုင်းဝန်းညှိနှိုင်းရသေးတာ ရှိတာပေ့ါ။ ရုပ်ရှင်ကားကြီး (၂)ကား ကိုပိုင်းနဲ့ ရိုက်ဖို့ ရှိပါတယ်။

**မေး- အခု IT ပညာထွန်းကားလာတဲ့ ခေတ်မှာ ရုပ်ရှင်လောကသားတွေရဲ့ ရှေ့ခရီးဆက်ရမယ့် အခြေအနေ ဘယ်လိုရှိလဲ။**

ရုပ်ရှင်အနေနဲ့ ဖလင်က ကမ္ဘာပေါ်မှာလည်း ပျောက်သွားရတော့မယ့် အခြေအနေရှိတာလေ၊ ပျောက်ကို ပျောက်တော့မှာ၊ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်လောကအနေနှင့် ဖလင်ကနေ HD ပြောင်းတာ တော်တော်နောက်ကျနေပြီ။ အမှန်တကယ်ဆို ခုလို ကူးပြောင်းခဲ့သင့်တာ တော်တော်ကြာခဲ့ပြီ။ ရုပ်ရှင်လောကသားတွေရဲ့ အခြေအနေ ရှေ့ဆက် ဘယ်လိုဖြစ်မလဲဆိုရင်တော့ အရင်က Entertainment ဆိုလို့ ရုပ်ရှင်၊ ရုပ်ရှင်ခေတ်ပြီးတော့ ဗီဒီယိုပဲ ရှိတာ။ အခုတော့ Entertainment အနေနဲ့ ရုပ်ရှင်ဗီဒီယိုအပြင် ဘောလုံး၊ အားကစား၊ Channel လိုင်းပေါင်းစုံက ဂီတဖျော်ဖြေမှုတွေ အကုန်လိုင်းစုံလာတယ်။ အရင်တုန်းက 'အာဒမ်ရယ်၊ ဝေရယ်၊ ဒဿရယ်' တင်တုန်းက အဲဒီအချိန်တုန်းက အအောင်မြင်ဆုံးပဲ။ အခုလက်ပံလည်း ဝင်ငွေအတော်ကောင်းတဲ့ ကားထဲမှာပါတယ်။ အဲဒီ (၂)ကားယှဉ်ရင်တောင် လက်ပံရဲ့ ဝင်ငွေနဲ့ အာဒမ်၊ ဝေ ဝင်ငွေမတူဘူး။ ပရိသတ်ရဲ့ ရုပ်ရှင်ကြည့်အားကိုက ကျလာတယ်။ ဘာကြောင့် ကျလာလဲဆိုတော့ သူတို့ ရုပ်ရှင်ကြည့် ပရိသတ်တွေရဲ့ ခံစားချက်က Update တွေ ဖြစ်လာတယ်။ နိုင်ငံတကာ ကားတွေ ကြည့်တဲ့ အမြင်ခံစားချက်နဲ့ UpDate အမီလိုက်နိုင်အောင် ကျွန်တော်တို့ မြန်မာ့ရုပ် ရှင်အနေနဲ့ အမီလိုက်အောင် စက်ပစ္စည်းကိရိယာ၊ ပညာရှင်၊ နိုင်ငံတကာ ပံ့ပိုးမှုတွေ အများကြီး လိုအပ်နေသေးတယ်။ အဲဒီအထဲမှာမှ Channel နှင့် တခြား Entertainment တွေ ပြိုင်ဆိုင်မှုတွေလည်း ရင်ဆိုင်နေရတာပဲပေ။ ဥပမာ ညဖက် ဘောလုံး ပရီးမီးယားပွဲ၊ လာလီဂါပွဲ၊ စီးရီးအေပွဲ၊ ချန်ပီယံလိဂ်ပွဲတွေ လာရင် ပရိသတ်က ခွဲပေးရတာပဲလေ။ ဒီလို ခွဲပေးရတဲ့ Enter-tainment တွေ များလာတဲ့အခါ ရုပ်ရှင်ကလည်း ပရိသတ်ခွဲပေးရတာပဲလေ။ ရုပ်ရှင်ပြန် ကောင်းလာဖို့ ဆိုတာကတော့ အဲဒီဟာတွေနဲ့ အမီ UpDate လိုက်နိုင်မှ ပြန်ကောင်းလာမှာပါ။

**မေး- အကယ်ဒမီပေးပွဲမှာ ကျန်တဲ့ (၃)ဆုကို ဘာကြောင့် မပေးတာလဲ။**

အဲဒါကတော့ အကယ်ဒမီအကဲဖြတ်အဖွဲ့ကို မေးကြည့်မှ သိမှာပါ။ ကျွန်တော်တို့က အပြင်လူတစ်ယောက်အနေနဲ့ တိကျတဲ့အဖြေမှန်ကို မသိနိုင်ဘူးလေ။

**မေး- အကယ်ဒမီ အကဲဖြတ်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်တွေအပေါ်မှာရော။**

ဘယ်လိုပဲဖြစ်ဖြစ် လိုအပ်ချက် နည်းနည်း ပါးပါး ရှိတယ်။ ချွတ်ယွင်းချက်အချို့ရှိတယ် ဆိုတာကိုတော့ ဝန်ခံပါတယ်။ ဒါပေမဲ့ အရင် နှစ်တွေထက်စာရင်တော့ အများကြီး တိုးတက်မှု ရှိလာတာ အမှန်ပါပဲ။

**မေး- ရုပ်ရှင်အစည်းအရုံး အမှုဆောင်တွေအပေါ် ယုံကြည်ချက်ကရော။**

သူတို့တွေအားလုံးသည် သူတို့တွေရဲ့ ပင်မ စီးပွားရေး လုပ်ငန်းတွေကို ပစ်ပြီး ရုပ်ရှင်လောကသားတွေ တိုးတက်ရေးအတွက် လာပြီး လုပ်ပေးနေကြတယ်။ သူတို့မှာ စေတနာ အပြည့်အဝ ရှိတယ်ဆိုတာ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို အပြင်လူတွေအနေနဲ့ ဝေဖန်မှု ပြုရတာ လွယ်လွယ်လေးပါ။ ဟိုဟာကို ဟိုလိုလုပ်လိုက်ပါလား။ ဒီဟာလေးကို ဒီလိုလုပ်လိုက်ပါလား ပြောရတာ အင်မတန်လွယ်ပါတယ်။ ကျွန် တော်တို့ကိုယ်တိုင်လည်း အဲဒီအလုပ်တွေ ဝင်လုပ်ပါဆို မလုပ်နိုင်ဘူး။ ဝင်လုပ်တဲ့သူတွေမှပဲ ဘာအခက်အခဲတွေ ရှိနိုင်တယ်ဆိုတာကို သိမှာပါ။ အဲဒါကြောင့်လည်း ရုပ်ရှင်အစည်းအရုံးရဲ့ လုပ်ဆောင်ချက်များသည် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ကျွန်တော်တို့ မလုပ်နိုင်တာကို လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ယုံကြည်မှုလည်း အပြည့် ရှိပါတယ်။

**မေး- နောက်နှစ်အကယ်ဒမီအနေနဲ့ 'အဖြူရောင်ရဲတိုက်' ဇာတ်ကားကို မျှော်လင့်ချက်ထားသေးသလား။**

အကယ်ဒမီ မျှော်မှန်းချက်အနေနဲ့ အဖြူရောင်ရဲတိုက်အပေါ် မျှော်လင့်ချက်ထားတာမျိုး မရှိပါဘူး။ ကျွန်တော့်အနေနဲ့ ကျွန်တော် လုပ်ဆောင်ရမယ့် လုပ်ကွက်တွေမှာ (၁၀၀) ရာခိုင်နှုန်းအပြည့် ဖြစ်အောင် ကြိုးစားရမှာ ကျွန်တော့် တာဝန်ပါပဲ။ ဘာဖြစ်လာမလဲဆိုတာတော့ ကံ တရားပါပဲ။ အဖြူရောင်ရဲတိုက်အပြင် 'နှင်းစေလျှင်' ဆိုတဲ့ကားတစ်ကား ရှိသေးတယ်။ အဖြူရောင်ရဲတိုက်မှာက ကျွန်တော်ရယ်၊ နေတိုးရယ်၊ အိန္ဒြာကျော်ဇင်ရယ်။ 'နှင်းစေလျှင်' မှာက ကျွန်တော်ရယ်၊ ဝတ်မှုန်ရွှေရည်ရယ်။

**မေး- အကယ်ဒမီ နှစ်ထပ်ကွမ်းမြင့်ပြီး နောက် ပရိသတ်ကို ပြောချင်တာလေး။**

ကျွန်တော့်ကို ဝိုင်းပြီး ချစ်ခင်ကြတဲ့အတွက်၊ အားပေးကြတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ နောက်ပြီး ကျွန်တော့်ကို အကယ်ဒမီ ရစေချင်ကြတဲ့အတွက် အကယ်ဒမီခန့်မှန်းပေးကြတဲ့အတွက် ပိုပြီးတော့ ကျေးဇူးတင်ပါတယ်။ အခု ပရိသတ်ကြီးဖြစ်စေချင်တဲ့ဆန္ဒအတိုင်း ဖြစ်ခဲ့တဲ့အတွက် ကျွန်တော်ကိုယ်တိုင်လည်း ဝမ်းသာပါတယ်။ ပရိသတ်ကြီးလည်း ဝမ်းသာမှာပါ။ ကျွန်တော့်ကို အားပေးတာနဲ့ ထိုက်တန်အောင် အားပေးရကျိုးနပ်အောင် ကျွန်တော့်ဖက်က ကြိုးစားမှုအပြည့်နဲ့ စေတနာသန့်သန့်နဲ့ အနုပညာလမ်းခရီးကို ဆက်လက် လျှောက်လှမ်းပါ့မယ်လို့ ကတိပြုပါတယ်။

**မိုးရွာညီတော**

www.burmeseclassic.com

www.burmeseclassic.com





အသားအရေပျက်စီးမှာ
အရမ်းကြောက်တတ်တဲ့

# သဉ္ဇာနွယ်ဝင်းရဲ့

## ဝိတ်ကပ်ဆံပင်
## အပြင်အဆင်

ဆဋ္ဌလင်


www.burmeseclassic.com

www.burmeseclassic.com

ပို့မော်ရဲ့နဂိုရည်အလှနဲ့ စိုပြည်ကြဖို့ဆိုတာ နူးညံ့တဲ့
အသားအရေမှာ လိုက်ဖက်တဲ့မိတ်ကပ်ရွေးချယ်မှုနဲ့
အသားအရည်ထိန်းသိမ်းတတ်ဖို့အတွက်
အရေးကြီးတဲ့အချက်ဖြစ်ပြီး တစ်နေ့တခြားများပြားလာသော
အလှအပအသုံးအဆောင်တွေကို မှန်ကန်စွာရွေးချယ်
တတ်ဖို့ လိုတယ်ဆိုတဲ့ သဇ္ဇာနွယ်ဝင်းရဲ့မိတ်ကပ်ဆံပင်
သူ့ရဲ့အပြင်အဆင်ကို လေ့လာတဲ့အခါ-

"ဆယ်တန်းအောင်ပြီးခါစမှာ အလှအပကို စိတ်ဝင်စားသွားတယ်။ ငယ်ငယ်တုန်းကတော့ အလှအပကို လုံးဝ ဦးစားမပေးဘူး။ အိမ်ကရော၊ ကိုယ်တိုင်ကရော ဦးစားမပေးဘူး။ ဆယ်တန်းပြီးတော့မှ ဖက်ရှင်ဆိုတာကို နည်းနည်း နားလည်လာတယ်။ ဒီအနုပညာအလုပ် လုပ်တဲ့အချိန်ဆိုရင် အလှအပကို ပိုပြီး စိတ်ဝင်စားလာတယ်။ အိမ်မှာနေတဲ့ အချိန်မျိုးဆိုရင်တော့ အလှအပကို ဂရုစိုက်ပြီး မပြင်ဖြစ်ဘူး။ ပြီးတော့ သဇ္ဇာက မိတ်ကပ်ဆိုရင်လည်း Natural ပုံစံမျိုးလေး လိမ်းရတာ သဘောကျတယ်။ အဓိကကတော့ Skin Care တွေ သုံးဖြစ်တယ်။ နောက်ပြီး ပေါင်းတင်တာတို့၊ ဘာတို့လည်း လုပ်ဖြစ်တယ်။ သဇ္ဇာက အသားအရေ ပျက်စီးမှာကို အရမ်းကြောက်တယ်။ မျက်နှာကို မိတ်ကပ် အမြဲလိမ်းနေရတဲ့အခါကျတော့ အသားတွေ တွန့်မှာကို ကြောက်တာပါ။ ဒါကြောင့် အပြင်သွားတဲ့အခါဆိုရင် မိတ်ကပ် ကို Natural ပုံစံမျိုးလေးပဲ ပြင်ပြီးသွားတယ်။ နောက် မျက်လုံးရယ်၊ မျက်ခုံးမွှေးရယ်ကို အဓိကထားပြီး ပြင်တယ်။ ဆံပင်ကိုတော့ အခု နောက်ပိုင်းမှာ အရှည်ပဲထားဖြစ်တယ်။ ကိုယ်က ညှပ်ရမှာလည်း နှမြောတယ်။ ဆံပင်အတုတွေကလည်း အခုနောက်ပိုင်းမှာ အစစ်နဲ့ အရမ်းတူလာတဲ့အခါကျတော့ ကိုယ့်ဆံပင်ကို အပျက်စီးခံပြီး ကောက်လိုက်၊ ဖြောင့်လိုက် လုပ်စရာမလိုတော့ဘူး။ အဲဒါကြောင့် ဆံပင်အရှည်ပဲ ထားတယ်။ ဆံပင်တွေကို ပေါင်းတင်ဖြစ်တယ်။ ဆံပင်နှစ်ခွဖြစ်တာတို့ကို ဆေးလိမ်းပေးတယ်။ သံလွင်ဆီတို့၊ ဘာတို့ သုံးဖြစ်တယ်။ နောက်ပြီး သဇ္ဇာက ဆံပင်ဆေးဆိုးရတာ သဘောကျတယ်။ ဒါပေမဲ့ ကိုယ်တိုင်ဆိုးဖို့ကျ တော့ တစ်ပတ်၊ နှစ်ပတ်ဆိုရင် အရင်းကနေ အမည်းရောင်တွေ ပြန်ထွက်လာတဲ့အခါကျ တော့ မလှတော့ဘူးပေါ့။ ခဏလေးပဲ လှတယ်။ အထူးသဖြင့်တော့ တစ်လလောက်ပဲ လှတယ်။ တစ်ခါတစ်ခါ ဆေးဆိုးပြီးရင် ဦးရေပြားက အဆင်မပြေဘူး။ အဲဒါကြောင့် ကြိုက်ပေမယ့်လည်း မဆိုးဖြစ်ဘူး။ အတုလေးတွေပဲ ပြောင်းတပ်ဖြစ်တာ များတယ်။ သဇ္ဇာက အသားအရေ ထိန်းသိမ်းနည်းတွေလည်း လေ့လာဖြစ်ပါတယ်။ အဓိက အသီးအနှံတွေနဲ့ ပေါင်းတင်တဲ့နည်းတွေ လေ့လာတယ်။ သဇ္ဇာက အမြဲတမ်း Spa မသွားဖြစ်ဘူးလေ။ တစ်ခါတလေ ကိုယ့်အိမ်မှာပဲ Take Care လုပ်ဖြစ်တာ များတယ်။ ပြီးတော့ သဇ္ဇာအသားအရေက အစားအသောက်မှားရင် အဖုတွေ၊ ဘာတွေ ပေါက်တတ်တယ်။ ကော်စမစ်တစ်ဆိုရင်လည်း ကိုယ့်အသား အရေနဲ့ လိုက်ဖက်မယ့်၊ တည့်တဲ့ Brand ဆိုရင်တော့ သုံးဖြစ်တယ်။ ဘယ် Brand မှ ရယ်လို့တော့ မဟုတ်ဘူးပေါ့နော်။ ရှုတင်မှာလည်း သုံးလို့ရတယ်။ အပြင်မှာလည်း သုံးရတယ်ဆိုရင် အဆင်ပြေတာ သုံးတာပဲ။

အဥ္စလီ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



[illegible] လှမ်းခေါ်သကြားတယ်+++ အိပ်မက်ထဲက မင်းအသံ [illegible] မှာဆိုရင် ဘယ်လောက်ကောင်းမလဲ+++ ညစဉ် [illegible] ညတိုင်းပဲ အိပ်မက်မက်လို့နေရင်းနဲ့+++ အခေ [illegible] နှစ်ခွင့်မိတယ်+++ မပြောပြခဲ့တဲ့စကားတွေ [illegible]+++ သိမ်းထားရတော့မှန်းကြုပ်တယ်+++ ပြောခွင့်ရှင် ဘယ်လောက်ကောင်းမလဲ+++ ညစဉ်ညစဉ် ညတိုင်းလည်း [illegible] ကိုတွေ့မယ် စိတ်ကူးနဲ့+++ စောင့်မျှော်နေမိခဲ့+++ [illegible] နေမိခဲ့+++

ကိုဖိုးကာရဲ့ 'တိုးတိုးလေး ပြောပါ' တေး [illegible]ဆိုးထဲက ညစဉ်ညတိုင်း သီချင်းလေးပါ။ [illegible]ပ်မက်ဆုံရာ Season-2 မှာ ရဲသွေးနောင် [illegible]ပြီး ပရိသတ် အသည်းခိုက်ခဲ့တဲ့ သီချင်း [illegible]လေးလည်း ဖြစ်ပါတယ်။ သီချင်းစာသားနဲ့ သံ [illegible]လှပသလို ရဲသွေးနောင်ရဲ့ နူးညံ့တဲ့ အသံ [illegible]လေးကြောင့်လည်း ပရိသတ်အသိအမှတ်ပြု [illegible] ဖြစ်ပါလိမ့်မယ်။ ရဲသွေးနောင် ဘယ်လို [illegible]ပ်မက်တွေ မက်ခဲ့လဲဆိုတာ . . .

[illegible]

ငယ်ငယ်တုန်းကတော့ စင်ပေါ်မှာ [illegible]ချင်းဆိုရတယ်လို့ ခဏခဏ အိပ်မက် [illegible]က်တယ်။ ဒါပေမဲ့ အနုပညာ အသိုင်းအဝိုင်း [illegible] မျိုးရိုးမရှိတော့ ဖြစ်ပါ့မလားဆိုပြီး တွေးမိ [illegible]ယ်။ ဒီအလုပ်ကလည်း အရမ်းစွန့်စားရတဲ့ [illegible]လုပ်လေ။ အခုလို အဆိုတော်ဖြစ်လာလိမ့် [illegible]ယ်လို့တော့ မထင်ခဲ့ဘူး။ ကံကံ၏ အကျိုးပေး [illegible]

[illegible] ယုံတယ်

တချို့လူတွေက ရေထဲကနေ ကုန်းပေါ် [illegible]က်ရင် အလုပ်မလုပ်တတ်ကြဘူး။ ကျွန် [illegible]တ့်အတွက်တော့ ရေကန်အသင့် ကြာ [illegible]သင့်လို့ မဆိုနိုင်ပေမယ့် အိပ်မက်ဆုံရာ [illegible]ပွဲကို ဝင်ပြိုင်ပြီး ဆုရတယ်။ အဆိုရှင် [illegible]စ်ယောက် ဖြစ်လာတယ်ဆိုတာ ရတနာ [illegible]သုံးပါးနဲ့ ဆရာသမားမိဘတို့ကို ဦးထိပ် [illegible]တဲ့ ကျေးဇူး ကြောင့်ပါ။

[illegible] သံစဉ်တွေနဲ့ မြန်မာ[illegible]

ကျွန်တော်အရင်တုန်းက မြန်မာသီချင်း [illegible] သိပ်ပြီး နားမထောင်ဖြစ်ဘူး။ ဒါပေမဲ့ [illegible]တော်ပေါ်ရောက်မှ မြန်မာပြည်ကို လွမ်းလာ [illegible]။ ရေဒီယိုက မြန်မာသံစဉ်လေးတွေကို [illegible]ထောင်ပြီး လိုက်ဆိုဖြစ်တယ်။ အမြဲတိုင်း [illegible]နေရတဲ့ အနောက်တိုင်းစာတွေကို စားရင်း [illegible]တလေမှာ ပျို့အန်ချင်စိတ်တော့ ဖြစ်လာ [illegible]။ ငါးပိရည်အရမ်းကြိုက်တဲ့ လူ မဟုတ် [illegible] ငါးပိရည် အရမ်းစားချင်လာတယ်။ [illegible]မာထမင်းဟင်းကို အရမ်းကို လွမ်းတယ်။ [illegible]လောက်ပဲ အနောက်တိုင်းဆန်ဆန် ဝတ်နေပါစေ မြန်မာ့သွေး ဆိုတာကြီးတော့ မေ့မရပါဘူး။

[illegible]

သင်္ဘောပေါ်မှာကျတော့ အရမ်းစည်းကမ်းကြီးတာ အလုပ်က အလုပ်ပဲ အလုပ်ချိန်မှာ သီချင်းဆိုလို့ ကပ္ပတိန်ဆူတာ ခံရသေးတယ်။ ဒါပေမဲ့လည်း အမှတ်မရှိပါဘူး။ဆရာလစ်တာနဲ့ သီချင်းဆိုတာပါပဲ။

[illegible]

အိပ်မက်ဆုံရာပြိုင်ပွဲမှာ အရွေးခံလိုက်ရတယ်ဆိုရင်ပဲ စဉ်းစားစရာတွေ ရွေးချယ်စရာတွေ ဖြစ်လာတယ်။ အရမ်း အချိန်ပေးရတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် ကျောင်းသမားဆို ကျောင်းထွက် အလုပ်လုပ်နေတဲ့သူဆို အလုပ်ထွက်ပေါ့နော်။ အစ်ကိုလည်း သေချာစဉ်းစားပြီးမှ ရွေးချယ်လိုက်တယ်။ ဒီပြိုင်ပွဲထဲမှာပဲ စိတ်နှစ်ပြီး လုပ်လိုက်တဲ့အတွက် သင်္ဘောသားဘဝကို စွန့်လွှတ်လိုက်တယ်။

[illegible]

ကျွန်တော် အရင်တုန်းကတော့ အနုပညာရှင်တွေ စင်ပေါ်မှာ မျက်ရည်ကျတာ မြင်ရင် မကြိုက်ဘူး။ အပိုအလုပ်တွေလို့ ထင်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် အနုပညာအလုပ်တွေ လုပ်လာတဲ့အခါ ကျွန်တော့်အတွက် ဆုကြေညာလိုက်တဲ့အချိန်မှာ အတိုင်းမသိ ပျော်ရွှင်ပြီး မျက်ရည်ကျမိတယ်။

[illegible]

ကျွန်တော့်မှာ လူပျိုကြီးဇာတာ ပါတယ် ထင်ပါတယ်။ အခုချိန်ထိတော့ ချစ်သူ မရှိသေးပါဘူး။ သင်္ဘောက ပြန်လာတော့လည်း အချိန်က ၂ လလောက်ပဲ ရတော့ နောက်တစ်စီးအတွက် ကြိုတင်ပြင်ဆင်ရတယ်။ ၂လ လောက်နဲ့လည်း ဘယ်မိန်းကလေးမှ ပြန်ကြိုက်မှာ မဟုတ်ဘူးလေ။ အဆိုတော် ဖြစ်လာတော့လည်း အနုပညာ အလုပ်တွေနဲ့ မအားပြန်ဘူး။ တစ်ချိန်မှာတော့ စဉ်းစားမှာပါ။

ကဲ... ရဲသွေးနောင်ကို ချစ်တဲ့အပျိုချောတွေ သူ့ရဲ့ချစ်သူဖြစ်ဖို့ ဆိုရင်တော့ မြန်မာ့ငါးပိရည်နဲ့ မြန်မာထမင်းဟင်းကောင်းကောင်းတော့ ချက်တတ်ရမယ်တဲ့ . . . ဘယ်လိုလဲ။

ကေကေ



www.burmeseclassic.com

www.burmeseclassic.com







MAKEUP, PHOTO :
AROMA (ZULU STUDIO)

ဘဝကို တိုက်ပွဲတစ်ခုလို ဖြတ်သန်းရင်း ဆိုင်ယာ[illegible]နဲ့
အတွေ့အကြုံအသစ်တွေ ကြားသင်ခန်းစာ[illegible]
ချိုချဉ်တစ်ခါ ခါးငန်တစ်လှည့်နဲ့ ထိတွေ့ခံစားခဲ့ကြတဲ့သူ အတွေ့[illegible]ကျက်တဲ့
အတွေးအခေါ် အယူအဆ တည်ငြိမ်မှု ရလာခဲ့ပြီဖြစ်တာမို့ [illegible]ကြောင်း
အဆိုးအကောင်းတွေအပေါ်မှာ ဝေဖန်ပိုင်းခြားစဉ်းစားတတ်[illegible]တဲ့
သက်သခင်ရဲ့သဘောထားကို မေးကြည့်မိတဲ့အခါ...

www.burmeseclassic.com

www.burmeseclassic.com





အပြုံးနဲ့အနိုင်ယူမယ့်ဘဝအတွက်

# သက်သင်ရဲ့ ပြဌာန်းချက်

အဥ္စလီ

**♛ ကြိုးစားပြီး လျှောက်နေတဲ့ ဒီအနုပညာလမ်းကြောင်းပေါ်မှာ ကိုယ်က ဘယ်လို အခက်အခဲမျိုးတွေနဲ့ ကြုံတွေ့ခဲ့ရသလဲ။**

– အခက်အခဲတွေကတော့ အများကြီးပါပဲ။ ညီမတင်မဟုတ်ပါဘူး။ တခြားသော အနုပညာရှင်တွေလည်း ကြုံတွေ့မှာပဲလေ။ အခုအချိန်မှာတော့ အခက်အခဲဆိုတာ ကိုယ့်အတွက် အထူးဆန်းကြီး မဟုတ်တော့ပါဘူး။ အရင်တုန်းကတော့ အခက်အခဲတွေ ကြုံလာရင် အနုပညာအလုပ်ကို မလုပ်ချင်တော့ဘူး။ အရမ်း စိတ်ညစ်ခဲ့တယ်။ ဒါပေမဲ့လည်း ငါ ဝါသနာပါလို့ လုပ်တာပဲလေဆိုတဲ့ စိတ်နဲ့ ဖြေသိမ့်ခဲ့တယ်။ စိတ်ညစ်တဲ့ အခါတိုင်းမှာတော့ အမေနဲ့ တိုင်ပင်ဖြစ်တာ များတယ်။ စိတ်အခန့်မသင့်ရင် ဒီအလုပ်ကို မလုပ်ချင်လောက်အောင် မုန်းမိတာပါ။ ခုတော့လည်း အသားကျသွားပါပြီ။

**♛ အဲဒီလိုအခက်အခဲနဲ့ ကြုံလာတိုင်း ကိုယ်က ဘယ်လိုပုံစံမျိုးနဲ့ ဖြေရှင်းခဲ့သလဲ။**

– ဒီအနုပညာလောကက အချင်းချင်း ပြိုင်ချင်တဲ့စိတ်တွေ ရှိကြတယ်။ ကိုယ်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် လူတိုင်းအပေါ် မေတ္တာထားပါတယ်။ ကိုယ့်ကို ဘယ်လောက်ပဲလာပြိုင်ပြိုင်၊ အနောက်ကနေ ထိုးနှက်နေတဲ့သူတွေလည်း အများကြီး ရှိပါတယ်။ ဒါပေမဲ့ ကိုယ်က သူတို့ကို မြင်ရင် ပြုံးပြလိုက်တယ်။ ဘယ်တော့မှ သူတို့လို စိတ်မျိုး မထားဘူး။ ငါက သူတို့ထက်သာလို့ ပြိုင်နေတာပဲဆိုတဲ့ စိတ်မျိုးပဲ မှတ်ထားတယ်။ ငါ့ကို မကောင်းတာလုပ်ရင် ငါကလည်း မကောင်းတာပြန်ပြီး လုပ်မယ်လို့ ဘယ်တော့မှ မမွေးဘူး။ ပြီးတော့ အမေကလည်း ပြောထားတယ်။ ကိုယ်ကို ဘယ်လောက်ပဲ နှိပ်စက်နှိပ်စက်၊ ထိုးနှက်ထိုးနှက်၊ သူတို့လုပ်သလို ပြန်မလုပ်နဲ့၊ အမြဲတမ်း ရယ်ပြတဲ့၊ ရယ်ပြတာဟာ ကိုယ့်ရဲ့ အနိုင်ရမှုတစ်ခုပဲ အဲဒါကြောင့် အမြဲတမ်း ညီမ ရယ်ပြတယ်။

**♛ လူတစ်ယောက်မှာ သူငယ်ချင်းကောင်းတို့၊ မိတ်ဆွေကောင်းတို့ဆိုတာ အမြဲလိုအပ်သလား။**

– ဟုတ်ကဲ့၊ သိပ်ပြီးတော့ လိုအပ်တာပေါ့။ လူတစ်ယောက်မှာ သူငယ်ချင်းကောင်းဆိုတာ ရှိသင့်တယ်။ တချို့ကျတော့လည်း သူငယ်ချင်းကောင်းလို့ ထင်ပြီး ပေါင်းဖြစ်တယ်။ ဒါပေမဲ့ နောက်ကွယ်မှာ ကိုယ့်နောက်ကျောကို ဓားနဲ့ထိုးတဲ့လူတွေ အများကြီးရှိတယ်။ သမီးကတော့ မိတ်ဆွေတို့၊ သူငယ်ချင်းတို့ထက်

www.burmeseclassic.com

www.burmeseclassic.com





မိသား စုကို ပိုပြီး ခင်တဲ့လူမျိုးပါ။ မိသားစုဆိုတာ ကိုယ် ဘာပဲဖြစ်ဖြစ် အန္တရာယ်ကြုံလာရင် ကိုယ့်ရှေ့မှာ ရပ်တည်ပေးနိုင်တယ်လေ။

**♛ မိတ်ဆွေကောင်းဆိုတာကို ဘယ်လိုပုံစံမျိုးနဲ့ကြည့်ပြီး ရွေးချယ်နိုင်မလဲ။**

သမီးက အိမ်မှာ တစ်ယောက်တည်းဆိုတော့ သူငယ်ချင်းတွေကို အရမ်းခင်တတ်တယ်၊ တွေ့တဲ့သူတိုင်းကို ကိုယ့်အကြောင်း ရင်ဖွင့်ပစ်တယ်။ နောက်တော့ သူတို့ သမီးအကြောင်းကို နောက်ကွယ်ကနေပြီး လှောင်ရယ်နေတာပေါ့။ အဲဒီအကြောင်းတွေ သိလို့ နောက်ပိုင်းမှာ သူငယ်ချင်း သိပ်မထားတော့ဘူး။ တွေ့တဲ့သူကို ရိုးရိုးခင်လိုက်တာပဲ ရှိတယ်။ ကိုယ့်အကြောင်းတွေကို အကုန်ဖွင့်ပြောပြီး ပေါင်းတဲ့သူငယ်ချင်း မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကောင်းသလို ကိုယ့်အပေါ် ပြန်ကောင်းတဲ့သူမျိုး ရှာမတွေ့သေးဘူး။ အဲဒီတော့ သမီးဆီမှာ မိတ်ဆွေစစ်၊ သူငယ်ချင်းကောင်းဆိုတာ မရှိပါဘူး။ တချို့ကျတော့ အပေါ်ယံသာကောင်းပြီး နောက်ကွယ်မှာ အရမ်းကောက်ကျစ်တဲ့လူတွေ ရှိတယ်။ သူတို့ကို အယုံလွယ်တတ်တဲ့သူတွေကတော့ လမ်းမှားကို ရောက်သွားနိုင်တယ်။ ကိုယ့်ကို လမ်းမှားရောက်အောင် တွန်းပို့နေတဲ့ သူတွေ၊ အလုပ်တစ်ခုကို မြှောက်ထိုးပင့်ကော် လုပ်နိုင်းပြီး နောက်ကွယ်မှာ မကောင်းတာ လိုက်ပြောနေတဲ့သူတွေကြောင့် တချို့ဆို စိတ်ဓာတ်တွေကျပြီး လမ်းမှားကို ရောက်နိုင်တာပေါ့နော်။

**♛ ကိုယ့်ဘဝရဲ့ လုံခြုံမှုအတွက် ဘယ်အရာတွေနှင့် သက်ဆိုင်မယ်ထင်လဲ။**

– ကိုယ့်ကိုယ်တိုင်နဲ့ပဲ သက်ဆိုင်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သမီးတို့ ဒီအနုပညာအလုပ်တွေ လုပ်နေတဲ့သူဆိုတော့ ပိုလို့တောင် အပြော ခံရသေးတယ်။ မဟုတ်ဘဲနဲ့ အပြောခံရတာတွေ ရှိတယ်။ အဲဒါကြောင့် သမီးကို မိဘတွေ၊ ပတ်ဝန်းကျင်တွေ ထိန်းတာထက် ကိုယ့်ကိုယ်ကိုယ်ပဲ ထိန်းတယ်။ သမီးဆိုရင် အရမ်း ကောလာဟလတွေ ထွက်တယ်။ ကိုယ့်ဘာသာကိုယ် ရှိလို့ ဝတ်လို့စားလို့ ရှိရင်တောင်မှ သက်သခင်ကို စပွန်ဆာတွေ ပေးထားလို့ ဆိုပြီး အပြောခံရတယ်။ သမီး ဒီအနုပညာလုပ်တယ်ဆိုတာ ဝါသနာပါလို့ လုပ်တာ။ အနုပညာကို ခုတုံးလုပ်ပြီး လုပ်စားနေတာ မဟုတ်ဘူးလေ။ တချို့ဆိုရင်လည်း အနုပညာကို ခုတုံးလုပ်ပြီး လမ်းမှားရောက်သွားကြတဲ့သူတွေ ရှိတယ်။ သမီးကျတော့ ဒီအလုပ်ကို လုပ်နေရတဲ့အတွက်ကို ပျော်တယ်။ အဲဒါကြောင့်ကို ပတ်ဝန်းကျင်၊ မိဘတွေ ဘယ်လောက်ပဲ ထိန်းထိန်း ကိုယ်ကောင်းမှသာ ဖြစ်တဲ့အတွက်ကြောင့် ကိုယ်ကိုယ်တိုင်ပဲ ထိန်းသိမ်းတယ်။

**♛ တချို့က အနုပညာ အလုပ်လုပ်လို့ မအောင်မြင်ရင် ကျော်ကြားမှုဆိုတဲ့ ဖြတ်လမ်းကို လိုက်ကြတယ်။ ကိုယ်တိုင်ဆိုရင်ရော ဘယ်လိုရွေးချယ်မလဲ။**

– သမီးကိုယ်တိုင် ဒီအနုပညာလမ်းကြောင်းမှာ မအောင်မြင်ခဲ့ဘူးဆိုရင် မအောင်မြင်တဲ့ အလျောက် နေလိုက်မယ်။ အဲဒီလိုမျိုး အနု ပညာကို ဗန်းပြပြီး လုပ်စားသွားတဲ့အရာမျိ တွေ မကြိုက်ဘူး။ အဲဒီလို အနုပညာ မ အောင်မြင်လို့ တခြားဖြတ်လမ်းနည်းနဲ့ ကျေ ကြားအောင် လုပ်တဲ့ အယူအဆတွေက မှားနေကြတယ်။ ကိုယ်ကတော့ အဲဒီလိုမျ ဘယ်တော့မှ မလုပ်ဘူး။ ဒီအနုပညာအလုပ်မှ မအောင်မြင်ဘူး ဆိုရင် တခြားစီးပွားရေ အလုပ်ကို လုပ်မယ်။ ဖြတ်လမ်းနည်း ကျော်ကြားအောင် မလုပ်ဘူး။ သမီးတို့ အနုပညာရှင်တွေက အနေအထိုင်ရော စကားအပြောအဆို မှားသွားလို့ရတဲ့ အရာမျိ တွေ မဟုတ်တော့ အကုန်လုံးကို ဆင်ခြင်ပြီ နေရတာပေါ့။ တချို့သူတွေဆိုရင် လိုက်ပြ ကဲ့ရဲ့ရှုံ့ချ ပြောဆိုနေတာမျိုးတွေ ကြုံဖူးပါ တယ်။ ကိုယ်မဟုတ်တာတောင် မေးငေါ့ ပြေ ဆိုနေတာမျိုးတွေ ရှိတယ်။ လိုက်ပြီး သူမှာ အကြောင်း ဝေဖန် ပြောဆိုတာမျိုးတွေလည် ရှိတယ်။ ဒါကြောင့် အနုပညာရှင်မှ မဟုတ်ဘူ အပြင်လူတွေအတွက်ပါ အကုန်လုံး ကိုယ့်ရဲ ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီ အနေအထိုင်၊ အပြောအဆို၊ အစစ အရာ ဂရုစိုက်ပြီး နေထိုင်သင့်တယ်လို့ ထင် တယ်။

အခွင

www.burmeseclassic.com

www.burmeseclassic.com



# ချစ်သူများပြီး မိန်းမမရှိသော ရုပ်ချောမင်းသားကြီး

ဒဂုန်ကိုကို




ဘောလိဝုဒ်ရုပ်ရှင်လောကဝယ် ဆယ်မန်ခန်း Salman Khan ဟူသော အမည်ကို လူတိုင်းကြားဖူးသည်။ ယနေ့ ဘောလိဝုဒ်လောကတွင် ဆယ်မန်ခန်းသည် အောင်မြင်မှု အများဆုံးရနေသော မင်းသားဖြစ်သည်။ ဆယ်မန်ခန်းအား ၁၉၆၅– ခု ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ဖွားမြင်သည်။ (၄၈)နှစ်ရှိပြီး ဖြစ်သည်။ နာမည်ကြီး ဇာတ်ညွှန်းရေးဆရာ ဆလင် Salim (ရှိုးလေး Sholay ဇာတ်ညွှန်းရေးသားသူ)၏ သား ဖြစ်သည်။ ဇာတ်ရန်မင်းသား ဘီဘီဟိုတိုအိုင်ဆာ Bi Bi Ho To Aisa ဇာတ်ကားမှစ၍ ရုပ်ရှင်ဇာတ်ကားထဲ ပါဝင်ခဲ့သူ ဖြစ်သည်။ မိုင်နေပြာရ် ကီယား Main Ne Pyar Kiya ဇာတ်ကားမှစ၍ နာမည်ကြီးလာသူ မင်းသားဖြစ်သည်။ မင်းသမီး Bagya Shree နှင့်တွဲရိုက်ရာ အလွန်နာမည် ကြီးသွားသည်။ ဇာတ်ကားဝင်ငွေ ဖောင်ဖွဲ့သည်။ ဆယ်မန်ခန်းသည် ရူပါစာရင်းဝင်မင်းသား ဖြစ်လာသည်။ ဆယ်မန်ခန်း၏ ဒုတိယဇာတ် ကားမှာ ဟမ်အပ်ကေဟဲကောင်(န်) Hum Apke Hain Koun ဇာတ်ကား ဖြစ်သည်။ မင်းသမီး မာဒူးရီနှင့်တွဲ၍ ရိုက်ကူးခဲ့သည်။ ဇာတ်ကားအောင် မြင်ခဲ့သည်။ ဘီဝီနံပါတ်ဝမ်း မင်းသမီး ကရစ်မားကပူးရ်နှင့် တွဲရိုက်သည်။ ဟာသဇာတ်ကားအဖြစ် လူကြိုက်များ၍ အလွန် ထင်ပေါ်သွားသည်။

ဆယ်မန်ခန်းသည် ချစ်သူများသော မင်းသားဖြစ်သည်။ ယနေ့အထိ မိန်းမ မယူသေးသော မင်းသားဖြစ်သည်။ ဆယ်မန်ခန်းသည် အဖေဆလင်၏ ပြောပြချက်အရ သားကြီး ဆယ်မန်ခန်းဟာ အရွယ် မပြောနှင့် အရွယ်လွန်နေသူ လူကြီးတစ်ယောက် ဖြစ်သည်။ သူ ချစ်ပြီး ယူချင်သည့် မိန်းမကို တိုင်ပင်စရာမလို၊ ကြိုက်သည့်မိန်းမကို ယူနိုင်သည်။ ယခု ကြားနေရသော သတင်းကတော့ ရိုမေးနီးယားနိုင်ငံသူ လူလီယာဝမ်တူရ် Lulia Vantur နှင့် ကြိုက်နေသည်ဟု ရုပ်ရှင်မဂ္ဂဇင်း တစ်အုပ်တွင် ဖတ်လိုက်ရသည်။ ဆယ်မန်ခန်းကတော့ ခွန်းတုံ့ပြန်ဘဲ ရေငုံနှုတ်ပိတ်နေသည်ဟု သိရသည်။ ရုပ်ရှင်လောကမှာတော့ ပျိုတိုင်း

www.burmeseclassic.com





ကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်သည်။ အိန္ဒိယနိုင်ငံထုတ် Film Fare မဂ္ဂဇင်း Stardust မဂ္ဂဇင်းတွင်သာမက နိုင်ငံတကာထုတ် မဂ္ဂဇင်းများတွင်ပါ မင်း သား ဆယ်မန်ခန်း၏ အကြောင်းကို မကြာခဏဆိုသလို ရေးသားဖော်ပြနေကြသည်ကို တွေ့ရသည်။ သူပါဝင်ပြီး လူကြိုက်များခဲ့သည့် ဇာတ်ကား ၁၄ ကားခန့် ရှိသည်။

လူကြိုက်များမှု

အိန္ဒိယနှင့် အာရှသာမက အရှေ့အလယ်ပိုင်းနှင့် အမေရိကန်နိုင်ငံအထိ လူကြိုက်များမှု ရှိသည်။ အထူးသဖြင့် အိန္ဒိယနှင့် အာရှနိုင်ငံများရှိ အမျိုးသမီး ပရိသတ်ကမူ သူ့ကို အသည်းစွဲဖြစ်သည်။

ရရှိခဲ့သည့် အကယ်ဒမီဆုများ

1. FILEM FARE AWARD FOR BEST SUPPORT (TINGACTOR) ဆု (၁၉၉၉)

2. SCREEN AWARD FOR BEST ACTOR ဆု (၂၀၁၁)

3. BEST ACTOR POPULAR CHOICE ဆု (EK THA TIGER 2013)

4. NATIONAL FILM AWARD FOR BOLLYWOOD FILM ဆု

5. STAR SCREEN AWARD FOR BEST ဆု

6. BEST ACTOR MALE POPULAR (DABANGG 2) ဆုများနှင့်

7. STAR DUST AWARD FOR STAR OF YEAR ဆုကိုလည်း ရရှိခဲ့ပါသည်။

ဆယ်မန်ခန်း ရုပ်ရှင်တစ်ကားရိုက်လျှင် ၂၅ ကုဋေရသည်ဟု သိရသည်။ ဆယ်မန်ခန်းပါဝင်ခဲ့သော ဒဘန့်(ဂ်) Dabangg ဇာတ်ကားနှင့် အေး(ခ်)သား(ဟ်)တိုက်ဂါး Ek Tha Tiger ဇာတ်ကားများတွင် အကောင်း ဆုံး သရုပ်ဆောင်ခဲ့သည်။ အကောင်းဆုံး ရုပ်ရှင်မင်းသားဆုကို ရရှိခဲ့ သည်။ အိန္ဒိယနိုင်ငံတွင် ဇာတ်ကားအများဆုံး ရိုက်ကူးရသော မင်းသား ဖြစ်သည်။

ဆယ်မန်ခန်းတွဲ၍ သရုပ်ဆောင်ခဲ့သော မင်းသမီးများ

၁။ ကာဂျို (Kajol)

၂။ ကရစ်မာကပူး၏ Karisma Kapoor

၃။ မာဒူးရီ Madhur

၄။ ရာနီမူကာရ်ဂျီ Rani Mukher jee

၅။ ကရီနာကပူး၏ Kareena Kapoor နှင့် မင်းသမီး ကာထရီနာကိုင်ဖ် Katarina Kaif တို့ ဖြစ်သည်။

မင်းသား ဆယ်မန်ခန်းသည် အကြမ်း၊ အရမ်း၊ အပစ်အခတ်နှင့် ကြမ်းကြမ်းတမ်းတမ်းတွင်မက အချစ်၊ အလွမ်း၊ ဟာသဇာတ်ကားများတွင် သဘာဝကျကျ သရုပ်ဆောင်နိုင်သူ ဖြစ်သည်။

ဆယ်မန်ခန်းလိပ်စာ
SALMAN KHAN
C\O GALAXY APARTMFSENT
ABANDRA, MUMBAI, INDIA

ဒဂုန်ကိုကို

www.burmeseclassic.com

www.burmeseclassic.com



# အသက်ကြီးပေမယ့်မပျက်စီးသေးဘူးဆိုတဲ့ မင်းသားကြီးစတားလုံးနဲ့ဒီနီရိုး လက်တွေ့ကြိုးဝိုင်းထဲမှာ ဗိုလ်လုကြဦးမည်



ထွဋ်ဝင်းထွဋ်

ဟောလီးဝုဒ်ရုပ်ရှင်လောကမှာ လက်တွေ့ကျော် ဟီးရိုးအဖြစ် သရုပ်ဆောင်တဲ့ အခန်း ရိုက်ကူးမယ်ဆိုရင် မင်းသားကြီး ရောဘတ်ဒီနီရိုး နဲ့ ဆီလ်ဗက်စတာ စတားလုံးတို့နှစ်ယောက်ကို အဓိက ဇာတ်ဆောင်အဖြစ် စဉ်းစားမိကြမှာပါ။ နှစ်ယောက်စလုံးကလည်း အနောက်တိုင်း ရုပ်ရှင် သမိုင်းဝင်၊ လက်တွေ့ဇာတ်ကားတွေမှာ သရုပ်ဆောင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီနီရိုးဟာ ၁၉၈၀ ခုနှစ်က ပြသခဲ့တဲ့ Raging Bull ဆိုတဲ့ လက်တွေ့အခြေခံ ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံး သရုပ်ဆောင်ဆု ရခဲ့သလို စတားလုံးကလည်း ၁၉၇၆ ကနေ ၂၀၀၆ ခုနှစ်အထိ ဇာတ်ဆက်တွဲ တင်ဆက်ပြသခဲ့တဲ့ Rocky ဇာတ်ကားတွေနဲ့ အောင်မြင်ကျော်ကြားခဲ့သူတစ်ယောက်ပါ။

အခုအချိန်မှာတော့ ဒီနီရိုးက အသက် ၇၀ ပြည့်ပြီး စတားလုံးက ၆၇ နှစ် ရှိပါပြီ။ သူတို့နှစ်ယောက် သရုပ်ဆောင်တဲ့ ကာရိုက်တာကလည်း ကွာခြားတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက် တွဲပြီး ဇာတ်ကားတစ်ကား ရိုက်ကူးမယ်ဆိုရင် မဖြစ်နိုင်လောက်ဘူးလို့ ထင်ကြမယ်။ ရောဘတ်ဒီနီရိုးဟာ သူ့ဇာတ် သူ့အခါ အရွယ်ကောင်းတုန်းက ဒရာမာဇာတ်လမ်းတွေကို ပြောင်မြောက်အောင် သရုပ်ဆောင်နိုင်ခဲ့တယ်လို့ ချီးကျူးခံခဲ့ရတယ်။ ၁၉၇၄ ခုနှစ်က Godfather Part II ဇာတ်ကားနဲ့ ဒီနီရိုးဟာ အကောင်းဆုံး ဇာတ်ပို့အော်စကာဆု ရခဲ့တယ်။ ၁၉၇၆ ခုနှစ် Taxi Driver ဇာတ်ကားနဲ့ ၁၉၇၈ ခုနှစ်က Teh Deer Hunt ဇာတ်ကားတွေမှာလည်း ရောဘတ်ဒီနီရိုးရဲ့ ဒရာမာမင်းသား အရည်အချင်းတွေကို တွေ့ခဲ့ရတယ်။

ဒီကနေ့အချိန်မှာတော့ အသက်ကြီးရင့်နေပြီ ဖြစ်တဲ့ မင်းသားကြီး နှစ်ယောက်ဟာ စိတ်မလျှော့သေးပါဘူး။ ဒါရိုက်တာ ပီတာဆီးဂါး ရိုက်ကူးတဲ့ Grudge Match ဆိုတဲ့ ဇာတ်ကားမှာ နှစ်ပေါင်း ၃၀ လောက်က

www.burmeseclassic.com










ဒဏ်ရာကို ကြိုးဝိုင်းထဲမှာ ပြိုင်ဖက်တွေအဖြစ် ဖြေရှင်းကြပုံကို မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လတုန်းက နယူးယောက်မှာ ကျင်းပခဲ့တဲ့ သတင်းသမားတွေနဲ့ တွေ့ဆုံပွဲမှာ ဒီနီရိုးနဲ့ စတားလုံးတို့က ဒီကနေ့ သူတို့နှစ်ယောက်ရဲ့ ကာရိုက်တာဟာ အောက်လက်ကနေ တပ်ခွပ်ရတဲ့ သူတွေလို ဖြစ်နေပါပြီ။ နေဝင်ချိန် ရောက်နေပြီလို့ သရော်ခံခဲ့ရတဲ့ အကြောင်း ပြောခဲ့တယ်။ သရုပ်ဆောင် တော်တော်များများဟာ အခြေအနေပေးမှုတွေ မရတော့ဘူးလို့ ခံစားနေကြကြောင်း၊ အောင်မြင်တဲ့ သရုပ်ဆောင်တွေတောင် အနာပေါ် တုတ်ကျသလို ဆတ်ဆတ်ထိ မခံနိုင်ဖြစ်နေရတဲ့အကြောင်း စတားလုံးက ရှင်းပြတယ်။ သူလို ထင်ပေါ်ကျော်ကြားတဲ့ မင်းသားတစ်ယောက်လိုဟာမျိုးဟာ တစ်ခါတစ်ရံမှာ လူတွေက ဂရုမစိုက်ကြတော့သလို ခံစားရတဲ့အကြောင်း၊ အသက်ကြီးရင့်လာတဲ့အခါမှာ အသက်အရွယ်ကြောင့် ချိုးနှိမ်ခံရကြောင်း၊ လမ်းပေါ်လျှောက်သွားတဲ့အခါမှာလည်း လူငယ်တွေက နာမည်ကျော်မင်းသားကြီးတွေ ဆိုပြီး တအံ့တသြနဲ့ ကြည့်ကြတာတွေ မရှိဘူး။ လှည့်ကြည့်ဖော်တောင် မရဘူး။ သူတို့ စိတ်မဝင်စားတော့ဘူးလို့ မင်းသားကြီးစတားလုံးက ရင်ဖွင့်ပြတယ်။ "ဒါကတော့ ဂရုမစိုက်တော့ဘူးဆိုသလိုပါပဲဗျာ" လို့ သူက ပြောတယ်။ စတားလုံးက ဒီလိုပြောနေကြချိန်မှာ ဘေးက ထိုင်နေတဲ့ အသက် ၇၀ အရွယ် မင်းသားကြီး ဒီနီရိုးက ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံနေတယ်။

မင်းသားကြီးနှစ်ယောက်ဟာ သူ့ခေတ်သူ့အခါက ထူးထူးကဲကဲ အောင်မြင်ခဲ့တယ်ဆိုတာ မငြင်းနိုင်လောက်ပါဘူး။ ဒါပေမဲ့လည်း သူတို့ သရုပ်ဆောင်ဘဝ သက်တမ်းမှာ အတက်အကျတွေနဲ့ ရင်ဆိုင်ခဲ့ကြရတယ်။ ရုပ်ရှင်ဝေဖန်ရေးသမားတွေကလည်း မကြာခဏဆိုသလို သူတို့နှစ်ယောက် ထွန်းပေါက်ခဲ့တဲ့ နှစ်တွေ ကုန်သွားပြီလို့ ရေးသားဖော်ပြနေကြပါတယ်။

စတားလုံးရဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ Rocky ဇာတ်ကားဟာ သူကိုယ်တိုင် ဇာတ်လမ်းရေး၊ သူကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ ၁၉၇၇ ခုနှစ်က မူလဇာတ်ညွှန်းဆုနဲ့ အကောင်းဆုံး သရုပ်ဆောင်ဆု အော်စကာအတွက် ဆန်ကာတင် ရွေးချယ်တဲ့ စာရင်းမှာ ပါခဲ့တယ်။ အဲဒီနောက်ပိုင်း ၁၉၈၂ ခုနှစ်နဲ့ ၂၀၀၆ ခုနှစ်အတွင်းမှာ စူပါစစ်သားကြီး Rambo ဇာတ်ကားကို ဆက်လက်ဖန်တီးရာမှာလည်း ကိုယ်တိုင်ပါဝင်သရုပ်ဆောင် ရေးသားခဲ့တယ်။ ၁၉၈၀ ခုနှစ်တစ်ပိုက်မှာ စတားလုံးရဲ့ ဇာတ်ကားတွေ ဝင်ငွေကောင်းခဲ့ပေမယ့်လည်း ၁၉၉၀ ခုနှစ်တစ်ပိုက် ရိုက်ကူးခဲ့တဲ့ ဇာတ်ကားတွေမှာတော့ ထင်သလောက် အောင်မြင်မှု မရခဲ့ဘူး။ ဒါ့အပြင် စတားလုံးရဲ့ ပင်ကိုအသံ ဗလုံးဗထွေး စကားပြောသံနဲ့ ငယ်ငယ်က နာစ်ကြောတွေ ထိခိုက်ခဲ့လို့ မျက်နှာတစ်ခြမ်း လေဖြန်းခဲ့တာတွေကလည်း ဟာသအသိုင်းအဝိုင်းမှာ လှောင်စရာတွေ ဖြစ်ခဲ့တယ်။ ဒါပေမဲ့လည်း ထုသားပေသားကျပြီးခံနိုင်ရည် ရှိတဲ့ မင်းသားကြီး စတားလုံးကတော့ စိတ်မလျှော့ဘူး။ နောက်ပိုင်းဆယ်စုနှစ်မှာ ဆက်ပြီး ကြိုးစားခဲ့တဲ့အတွက် ၂၀၀၆ ခုနှစ်မှာ Rocky Balboa ဇာတ်ကားကို ဇာတ်လမ်းတွဲနဲ့ အောင်မြင်မှုရခဲ့ပြန်တယ်။ ၂၀၀၈ နဲ့ ၂၀၁၀ ခုနှစ်တွေမှာ စတုတ္ထမြောက် Rambo ဇာတ်လမ်းတွဲမှာလည်း ဝင်ငွေကောင်းခဲ့တယ်။ အခုတော့ မင်းသားကြီးနှစ်ယောက်တွဲ ရိုက်ထားတဲ့ လက်ဝှေ့အခြေခံ ဇာတ်ကားကြီးမှာလည်း သူတို့နှစ်ယောက်ဟာ အသက်ကြီးပေမယ့် မပျက်စီးသေးဘူး၊ လုပ်ကိုင်နိုင်တဲ့ စွမ်းအားတွေ ကျန်သေးတယ်ဆိုတာ သက်သေပြထားတယ်။


ထွန်း့ဝင်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



# အယ်(လ်)ဘမ်အသစ်နဲ့ ထေရန်



Big bang အဖွဲ့နဲ့ အောင်မြင်လာတဲ့ ထေရန်ဟာ G-Dragon, TOP တို့လို တစ်ကိုယ်တော် ဆိုလိုအယ်(လ်)ဘမ်တွေကို ဖြန့်ချီခဲ့ပါတယ်။ သူ့ရဲ့ နောက်ဆုံး အယ်(လ်)ဘမ်မှာ ပါဝင်တဲ့ သူ့ရဲ့တေးသီချင်းပုံစံတွေဟာ ဆန်းသစ်လို့ နေပါတယ်။ သူ့ရဲ့ ဆံပင်ပုံစံ၊ ဝတ်စားဆင်ယင်မှု စတိုင်တွေ လည်း သူ့ရဲ့တေးသီချင်းတွေလိုပဲ သစ်ဆန်းလို့ နေပါတယ်။ Ringa Linga တစ်ကိုယ်တော် သီချင်းဟာ အလွန် အောင်မြင်ခဲ့သလို Rise အယ်(လ်)ဘမ် ကလည်း နံပါတ်တစ်နေရာကို ချိတ်ခဲ့ပါတယ်။

ဒီတစ်ပတ်တော့ ထေရန် ပရိသတ်တွေအတွက် သူ့ရဲ့အင်တာဗျူးအချို့ကို ဖော်ပြလိုက်ပါတယ်။

♛ အယ်(လ်)ဘမ်အသစ်ထွက်တော့မယ်ဆို။

– ကျွန်တော်အယ်(လ်)ဘမ်သစ်အတွက် အချိန်အများကြီး [illegible] ခဲ့ရတာပါ။ ကျွန်တော်ရဲ့ နောက်ဆုံးတစ်ကိုယ်တော် [illegible] ထွက်ခဲ့တာ သုံးနှစ်ရှိပြီ။ အဲဒီနောက် နောက်ထပ် [illegible] စိတ်ခံစားမှုတွေ မရှိခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com







♛ ရှင်ပြောတဲ့ နောက်ဆုံး အယ်(လ်)ဘမ်ဆိုတာ **'Solar'** ကို ပြောတာလား။

– ဟုတ်ပါတယ်။ အဲဒီ သီချင်းခွေကို ဖန်တီးနေတဲ့ အချိန်မှာလည်း အခက်အခဲတွေ များစွာရှိခဲ့ပါတယ်။ အဲဒါကြောင့် အယ်(လ်)ဘမ်တွေကို ကျွန်တော် ထပ်လုပ်ဖို့ စိတ်မပါမချင်း နောက်ထပ်မလုပ်တော့ဘူးလို့ စဉ်းစားခဲ့တယ်။ အယ်(လ်)ဘမ် တစ်ခုတည်းအတွက် ကျွန်တော် စဉ်းစားခဲ့တယ်။ အယ်(လ်) ဘမ်အတွက်ဆိုပြီးတော့ လုပ်ခဲ့တာ မဟုတ်ဘူး။ အဲဒါမျိုး အခြေအနေက ကျွန်တော့်ကို ပိုပြီးပျော်ရွှင်စေခဲ့တယ်။ သီချင်းတွေကို တစ်ပုဒ်ချင်းစီ သွင်းယူခဲ့တယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော် အယ်(လ်)ဘမ်တစ်ခုအတွက် သီချင်းတွေ ပြည့်စုံလာခဲ့တယ်။

♛ အရင်က အောင်မြင်မှုတွေကို ရခဲ့တာပဲ မဟုတ်လား။

– အဲဒါတွေက ကျွန်တော်အတွက်တော့ ဝန်ထုတ်ဝန်ပိုးတွေပါပဲ။ ကျေနပ်စရာကောင်းနေပေမဲ့လည်း ကျွန်တော့်အတွက်တော့ ဖိအားတွေ ဖြစ်နေပါတယ်။ ကျွန်တော် အဲဒီလို ဂီတမျိုးတွေကို ထာဝရ ဖန်တီးသွားနိုင်မှာပဲလို့ ခံစားခဲ့မိဖူးတယ်။ ဘယ်သူကမှ ကျွန်တော်ကို သတ်မှတ်ထားလို့ မရပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်သည် သတ်မှတ်ထားတဲ့ဘောင်ထဲမှာပဲ ရှိနေတုန်းလို့ ခံစားနေရပါတယ်။

♛ ရှင်ပြောချင်တာ ရှင့်အနေနဲ့ ဂီတတွေကို ဖန်တီးနေရတာ နောက်ကတွန်းအားဖိအားတွေကြောင့်ပေါ့၊ ရှင်လုပ်ချင်တဲ့ ဂီတတွေဖန်တီးနေရ တာ မဟုတ်ဘူး။

– ကျွန်တော် ဖန်တီးထားတဲ့ အရာတွေကတော့ ကျွန်တော်ရဲ့ ဖန်တီးမှုတွေပေါ့။ ဘယ်လိုလူမျိုးတွေ ကြိုက်မလဲဆိုတာကိုလည်း ကျွန်တော်တွေးတတ်နေပါပြီ။ လူတွေရဲ့ အတွေးတွေနဲ့ ဂီတတွေကို ဖန်တီးနေရတဲ့ ကျွန်တော်ကိုယ် ကျွန်တော်လည်း မုန်းမိတယ်။

♛ ရှင်ရဲ့သီချင်းတွေကို ဘယ်လိုများ ပေါင်းစပ်ထားခဲ့သလဲဆိုတာကို အုံ့ဩမိတယ်။

– သီချင်းပုံစံမျိုးကို ကျွန်တော် အယ်(လ်)ဘမ်ထဲမှာ ထည့်သွင်းခဲ့တယ်။ အများအားဖြင့် တစ်ခုနဲ့တစ်ခု လိုက်ဖက်ညီဖို့ အရည်အသွေးတွေကောင်းမွန် ဖို့ပဲ ကျွန်တော်ဖန်တီးလေ့ရှိတယ်။ ဒါပေမဲ့ ဒီ တစ်ခါမှာတော့ သီချင်းပုံစံမျိုးနဲ့ ကြိုးစားထားတယ်။ အားလုံးကိုလည်း အယ်(လ်)ဘမ်ထဲကို ထည့်သွင်းခဲ့တယ်။ ကျွန်တော် စိတ်ထင်တော့ နားထောင်သူတွေ ပျင်းမှာမဟုတ်ဘူး။

♛အရင်တုန်းက အင်တာဗျူးတွေမှာ ဖြေခဲ့ဖူးတယ်နော်။ 'ရှင့်ဆီမှာ အချစ်နဲ့တူတဲ့ ဆက်ဆံရေးမျိုးတွေ မရှိဘူးလို့' အဲဒါအခုချိန်ထိပဲလား။

– ကျွန်တော် ထပ်ကာ ထပ်ကာ မပြောချင်ပါဘူး။ ကျွန်တော့်အတွက်တော့ အချစ်နဲ့ပတ်သက်လာတဲ့ ပုံရိပ်တွေကတော့ မပီမပြင်ပါပဲ။ အဲဒီအချိန်တုန်းကတော့ ကျွန်တော့်မှာ အချစ်ရေးတွေ မရှိသင့်ဘူးလို့ စဉ်းစားမိခဲ့တာပါ။ အခုလည်းပဲ စိတ်ဝင်စားစရာကောင်းလှတဲ့ အချစ်တွေ မရှိပါဘူး။ ဒီလိုပြောလို့ ကျွန်တော် တစ်သက်လုံး ချစ်သူမထားတော့ဘူးလို့ဆိုလိုတာ မဟုတ်ဘူးနော်။ ကျွန်တော်အတွက် နစ်နစ်နဲနဲချစ်ပြီး ကျွန်တော်ရဲ့ ချစ်သူအဖြစ် သတ်မှတ်ချင်တဲ့သူကို မတွေ့သေးလို့ပါ။

♛ အခုဆိုရင် ရှင့်ဆီမှာ နိုင်ငံခြား ပရိသတ်တွေရှိနေပြီ။ ရှင့်ရဲ့ အိပ်မက်က အမေရိကဈေးကွက်ကို ထိုးဖောက်ဖို့လို့ ပြောဖူးတယ်နော်။

– ကျွန်တော် ဒီလောကကို စဝင်ကာစက ပြောခဲ့တာပါ။ အခုနေ ပြန်စဉ်းစားကြည့်လိုက်ရင် နည်းနည်းတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသလိုပဲ။ အခုတော့ အဲဒါမျိုးတွေကို မလုပ်ချင်တော့ဘူး။ ကျွန်တော်စိတ်ထဲရှိတာကိုပဲ ကျွန်တော်ကတော့ ဖော်ပြမယ်။ ကျွန်တော်အတွက် ကောင်းတယ် လန်းတယ်ဆိုတာမျိုးပေါ့။ အဲဒီလို သတ်မှတ်ချက်တွေနဲ့ လုပ်ဆောင်နေတာ မိုက်တယ်လို့တော့ ကျွန်တော်ကတော့ မထင်ပါဘူး။

သက်

***Ref;ELLE***

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






မင်းသမီးငယ်ကင်ရိုဂျွန်သည် ကလေးသရုပ်ဆောင်တစ်ဦးအနေနှင့် သရုပ်ဆောင်လောကထဲသို့ ရောက်လာခဲ့သည့် ကိုရီးယားမျိုးဆက်သစ် သရုပ်ဆောင် တစ်ဦးဖြစ်ပါသည်။ သူမသည် ၁၉၉၉ ဇက်တင်ဘာ ၂၂ ရက် ဆိုး(လ်)မှာ မွေးဖွားခဲ့ပါသည်။ သူမသည် ကလေးသရုပ်ဆောင် ပြိုင်ပွဲတွင် ဝင်ပြိုင်ခဲ့ရာ ပေါ်ပြူလာဆုကို ရရှိခဲ့ပါသည်။ ထိုဆုကို ရရှိသည့် အရွယ်က ၅ နှစ်သာရှိပါသေးသည်။ သူမ၏ ပထမဦးဆုံး ပါဝင်သရုပ်ဆောင် ထားသော ရုပ်ရှင်ကတော့ "DMZ" ပဲဖြစ်ပါသည်။ The chaser, Haeundae ရုပ်ရှင်တွေမှာလည်း ဆက်လက်သရုပ်ဆောင်ခဲ့ပါသည်။ သူမကို ကျော်ကြားစေခဲ့သည့် ဇာတ်လမ်းတွဲတွေကတော့ ချယ်ရီတစ်ခက်၊ မြေခွေးလူသား၊ လရောင်ဖန်ဆင်း နေမင်းကြီးမှာဇာတ်လမ်းတွဲတွေပဲ ဖြစ်ပါသည်။ ချယ်ရီတစ်ခက် စီးရီးနှင့် အကောင်းဆုံး ကလေးသရုပ်ဆောင်ဆုကို ရရှိခဲ့ပါသည်။ ၂၀၁၃ မှာတော့ Bigband အဖွဲ့ဝင် Top နှင့် တွဲဖက်ပြီး commitment ရုပ်ရှင်မှာ ပါဝင် သရုပ်ဆောင်ခဲ့ပါသည်။ ဒီတစ်ပတ်တော့ ကလေးသရုပ်ဆောင်ဘဝကနေ အောင်မြင်လာသည့် မျိုးဆက်သစ် သရုပ်ဆောင် ကင်ရိုဂျွန်နှင့် မေးမြန်းခန်းကို တင်ဆက်လိုက်ရပါသည်။

♛ ပထမဆုံး သရုပ်ဆောင်ခဲ့တဲ့ ချိန်မှာ သရုပ်ဆောင်တာနဲ့ ပတ်သက်လို့ ဘာတွေခံစားမိခဲ့သလဲ။

– Haeundae, All for love တို့မှာ ကောင်းကောင်းသရုပ်ဆော[illegible] ချင်တဲ့ စိတ်တွေဖြစ်ခဲ့တယ်။ The chaser မှာ သရုပ်ဆောင်ရတာပျော်[illegible] ခဲ့ရတယ်။ မြေခွေးလူသားစီးရီးကြောင့် ကျွန်မပရိသတ်တွေ အများကြီး[illegible] ပိုင်ဆိုင်ခွင့် ရခဲ့တယ်။ အဲဒါတွေကြောင့်ပဲ ကျွန်မရဲ့ဘဝအတွ[illegible] သရုပ်ဆောင် အလုပ်ကိုပဲလုပ်ဖို့ ဖြစ်လာရတာ။

♛ ဇာတ်လမ်းက ဝမ်းနည်းနေစရာ ကောင်းနေတာပဲဖြစ်ဖြ[illegible] ကြောက်စရာကောင်းနေတာပဲဖြစ်ဖြစ် ရှင်ကတော့ ရိုက်ကွင်းပျော်တာ[illegible] မဟုတ်လား။

– အဲဒီအချိန်တွေက တကယ့်ကို ပျော်စရာကောင်းပါတယ်။ ရုပ်[illegible] အဖွဲ့သားတွေ ကျွန်မအပေါ် ကောင်းကြတယ်။ အစားအသောက်ကော[illegible] ကောင်းတွေကို ကျွေးတယ်။ စီနီယာ သရုပ်ဆောင်တွေကလည်း ကျွ[illegible] ကောင်းကောင်းမွန်မွန် ဆက်ဆံကြတယ်။ မစ္စတာဂျွန်ဟွမ်[illegible] ကျွန်မကို ခေင်တစ်ဦးလိုပဲ ဆောင့်ရှောက်ခဲ့တယ်။ မြေခွေးလူသ[illegible] ရိုက်[illegible] ခဲ့တဲ့ ဒါရိုက်တာကို ကျွန်မ အနှစ်သက်ဆုံးပဲ။ သူက [illegible]တမ်းပြုံးနေ[illegible] ချစ်ဖို့ကောင်းတယ်။ သူပြုံးလိုက်ရင် ဝံပုလွေနဲ့တူ[illegible]။

www.burmeseclassic.com

www.burmeseclassic.com



♛ သရုပ်ဆောင်ချင်တဲ့ဇာတ်ကောင်တွေရှိသလား။

– သူဌေးသမီး (ရယ်လျက်)။ ကျွန်မ အမြဲတမ်းဆင်းရဲနေရလို့လဲ။ el in the palace' ဇာတ်လမ်းတွဲမှာ ကျွန်မ ရှုတ်တရက်ကြီး ဆင်းရဲ ရတယ်။ မြေခွေး လူသားဇာတ်လမ်းထဲမှာ အိမ်ငှားနေခဲ့ရတယ်။ no.1 မှာ ကျွန်မ ချမ်းသာခဲ့တယ်။ ဒါပေမဲ့ သိပ်တိုတောင်းလွန်းလို့ သာတဲ့ ခံစားမှုကိုတောင် ကောင်းကောင်း မခံစားလိုက်ရဘူး။ ကျွန်မတဲ့ ဇာတ်လမ်းတွဲတွေမှာလည်း အဲဒီအတိုင်းပါပဲ။

♛ ဘယ်လို သူဌေးသမီးမျိုးကို သရုပ်ဆောင်ချင်တာလဲ။

– လုံးဝပြီးပြည့်စုံနေတာမျိုးလေ။ (ရယ်လျက်)

♛ အင်တာနက်ပေါ်မှာ ရှင်နဲ့ပတ်သက်ပြီး ရေးသားထားတဲ့ ချက်တွေ ကို ဖတ်ဖြစ်မှာပါ။

– ကင်မ်ရိုဂျွန်ကို အင်တာနက်ထဲမှာ ရိုက်ထည့်လိုက်ရင် ကင်မ်ရိုဂျွန်ကို ကြိုက်သူများဆိုတဲ့ ခေါင်းစဉ်လည်း အင်တာနက်ပေါ်မှာ ပေါ်လာတယ်လို့ ပြောကြတယ်။ ကျွန်မ အရင်တုန်းကတော့ အဲဒါတွေကို မသိခဲ့ဘူး။ ငယ်ချင်းတွေက ရှိတယ်လို့ ပြောကြတယ်။ ကျွန်မကို မကြိုက်သူတွေ လည်း ရှိကြပါတယ်။ ဒါပေမဲ့ ကျွန်မ အဲဒီအတွက် သိပ်ပြီးအာရုံမနောက် ဘူး။ ကျွန်မ ပရိသတ်တွေရှိတဲ့ဆိုက်တွေကိုတော့ ကြည့်ဖြစ်ပါတယ်။ ကျွန်မ အင်တာနက်သုံး လေ့သုံးထမရှိဘူး။

♛ မိသားစုဝင် ဘယ်နှဦးရှိသလဲ။

– အလယ်တန်းတက်နေတဲ့ ညီမလေးတစ်ဦးနဲ့ အထက်တန်း တက်နေတဲ့ အစ်ကိုတစ်ယောက်ရှိပါတယ်။

♛ အိမ်မှာကော တီဗီကြည့်ခွင့်ရှိသလား။

– နည်းနည်းနောက်ကျတဲ့အထိ ကြည့်လို့ရပါတယ်။ ဒါပေမဲ့ နက်ပိုင်း ကျောင်းတက်ဖို့ရှိရင်တော့ အမေက ၁၁ နာရီဆိုတာနဲ့ အိပ်ရမယ်လို့ ပြောပါ တယ်။ ကျောင်းစာတွေလည်း လုပ်ရမယ်လေ။ ကြားရက်တွေမှာ ပြသတဲ့ စီးရီးတွေကလည်း ဘာဖြစ်လို့ ၁၀ နာရီမှပြသလဲဆိုတာကို မသိဘူး။ ကျွန်မ လွတ်သွားတဲ့အခန်းတွေအတွက် အင်တာနက်မှာ ပိုက်ဆံပေးပြီး ပြန်ကြည့် ရတယ်။

♛ ကျောင်းပြန်တက်လို့ စာမေးပွဲတွေမှာ အမှတ်ကောင်းရင် ခင်က ရှင့်အတွက် ဘာတွေပေးမယ်ဆိုပြီး ကတိပေးခဲ့ဖူးသလား။

– ပြီးခဲ့တဲ့နှစ်ကတော့ ကျွန်မရဲ့ အမှတ်စာရင်းတွေ ထွက်လာတော့ အမေက ကျွန်မအတွက် ဖုန်းအသစ်တစ်လုံးဝယ် ပေးခဲ့တယ်။

♛ ဘယ်ဘာသာရပ်တွေမှာ အမှတ်အများဆုံးလဲ။

– လူမှုရေးဘာသာရပ်နဲ့ သိပ္ပံဘာသာရပ်တွေ။ ကျွန်မကို အမေက အမှတ်တွေကောင်းလို့ ခွေးတစ်ကောင်မွေးခွင့်ပြုခဲ့တယ်။ တိုတိုလို့ အမည် ထားတယ်။ တစ်နှစ်ခွဲလောက်ရှိပြီ။ လူ့အသက်နဲ့ တွက်ရင်တော့ ငယ်ကျော်သက်ပေါ့။ ကျွန်မထက်တောင် အသက်ကြီးတယ်။

♛ ရှင်ရဲ့ ညီမလေးနဲ့ဆိုတာ ဘာအကြောင်းတွေပြောကြသလဲ။

– Bigbang အကြောင်းတွေကိုပေါ့။

♛ သူတို့အဖွဲ့ထဲမှာ ဘယ်သူ့ကို အနှစ်သက်ဆုံးလဲ။

– ကျွန်မ အဖွဲ့ဝင်အားလုံးကို ကြိုက်ပါတယ်။ ဒါပေမဲ့ Top ကို ကျွန်မ ပိုကြိုက်တယ်။

♛ **Top** က သရုပ်ဆောင်တာလဲ ကောင်းတယ်နော်။

– အင်း။ KBS က ပြတဲ့ အိုင်းရစ်စီးရီးကို ကျွန်မကြည့်ခဲ့တယ်။

♛ ဘယ်အချိန်အခါမျိုးမှာ ကိုယ့်ကိုယ်ကိုယ် ပိုလှချင်နေသလဲ။

– ကျွန်မ သရုပ်ဆောင်နေတဲ့အခါမျိုးတွေမှာ လှချင်တဲ့စိတ် လုံးဝ မရှိပါဘူး။ ဓာတ်ပုံအရိုက်ခံတဲ့အခါတွေမှာတော့ ပိုပြီးတော့ လှချင်သလို ပိုပြီးတော့လည်း သွယ်သွယ်လေးဖြစ်ချင်ပါတယ်။ အထူးသဖြင့် ကျော်ကြား သူ ကြယ်ပွင့်တွေရှေ့ရောက်ရင်ပေါ့။

♛ ရှင် **Top** နဲ့တွေ့တဲ့အခါတွေမှာပေါ့။

– ကျွန်မ သူနဲ့အတူ ဓာတ်ပုံအတူ ရိုက်ခဲ့တယ်။ စကားလည်း ပြောခဲ့တယ်။ ကျွန်မဆံပင်တွေကို စည်းထားခဲ့တယ်။ ရှုပ်နေလို့လေ။ ကျွန်မ အဝတ်အစားကလည်း နည်းနည်းတစ်မျိုးဖြစ်နေတယ်။ ဒါပေမဲ့ ကျွန်မ ဓာတ်ပုံတန်းရိုက်ခဲ့ရတယ်။ ဘယ်လိုလုပ်ပြီး လူတွေက ကျွန်မကို လှ တယ်လို့ ပြောကြမှာလဲ။ စကားတွေကို မယုံပါဘူး (ရယ်လျက်)။ ကျွန်မကိုယ်ကျွန်မ လှတယ်လို့ မထင်ဘူး။





သက်

***(Ref; 10 Asia)***

www.burmeseclassic.com





# Good doctor စီးရီးရဲ့ဖန်သားပြင်ပေါ် ရောက်လာပြန်တဲ့ မွန်ချာဝန်



"ကျွန်မကတော့ ခွဲစိတ်ခန်းမှာ သရုပ်ဆောင်ဖို့အတွက် ဂန်နာမှာရှိတဲ့ စိန့်မေရီဆေးရုံကို သွားပြီးလေ့လာခဲ့ရတယ်။ အဲဒီမှာ အကျီတ်တွေကို ခွဲပေးတယ်လေ။

kbs 2 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသ ခဲ့သော Good docter စီးရီးတွင် ပါဝင် သရုပ်ဆောင်ခဲ့သော မွန်ချေဝန်၏စကားသံတွေပါပဲ။ မွန်ချေဝန်သည် ကလေးခွဲစိတ်ဆရာဝန်တစ်ဦးအဖြစ် သရုပ်ဆောင်ထားပါသည်။

"ကျွန်မကို ဆေးရုံက ဆရာဝန်ကြီးက ခွဲစိတ်ခန်းထဲမှာ တစ်နာရီခွဲ လာပြီး ကြည့်ခွင့်ရတာ အလွန်ကံကောင်းလို့ ပြောပါတယ်။ သူ မျှော်လင့်ထားတာထက် ပိုကောင်းမယ်လို့လည်း ပြောခဲ့ပါတယ်" သူမ ဆေးရုံမှာ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံအချို့ကို ပြန်လည်ပြောပြခဲ့သည်။ ဒါပေမဲ့ လည်း ခွဲစိတ်ခန်း၏ ပုံရိပ်တွေကတော့ သူ့ အာရုံထဲကနေ ထွက်မသွားခဲ့ပါ။ လေးရက်လုံးလုံး အစားမစားနိုင်ခဲ့ဘူးဟု သိရပါသည်။

ခွဲစိတ်ခန်းထဲကနေ သူမပြန်ထွက်လာသည့်အခါမှာတော့ ခေါင်းတွေ မူးဝေနေခဲ့ပါသည်။ ဒါကြောင့် "ဆရာဝန်တွေကတော့ အံ့မခန်းပဲလို့" သူမ ချီးကျူး ပြောဆိုခဲ့ပါသည်။ ပရိသတ်တွေနှင့် ဝေဖန်သူကတော့ သူမသည် ဇာတ်လမ်းထဲတွင် သရုပ်ဆောင်ပီပြင်သည်ဟု ချီးကျူးပြောဆိုခဲ့ကြပါသည်။ သူမကိုယ်တိုင် ခွဲစိတ်ခန်းထဲသို့ ဝင်ရောက်ပြီး လေ့လာခဲ့တာလည်း သရုပ်ဆောင်ပီပြင်ရသည့် အကြောင်းရင်း တစ်ခုပဲလို့ ရုပ်ရှင်နှင့်ဇာတ်လမ်းတွဲ ဝေဖန်သူတွေက ပြောခဲ့ကြပါသည်။

သူမနှင့် တွဲဖက်သရုပ်ဆောင်ထားသည့် ဂျူးဝူးနှင့် ပတ်သက်ပြီးတော့လည်း "ဂျူးဝူးကတော့ တကယ့်ကို သရုပ်ဆောင်တစ်ဦးနဲ့တူတဲ့ သရုပ်ဆောင်တစ်ဦးပါပဲ။ ကျွန်မ သူ့ဆီကနေ အများကြီးလေ့လာသင်ယူခဲ့ရတယ်" လို့ ချီးကျူးပြောဆိုသွားခဲ့ပါသည်။ သူနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် အမျိုးသား သရုပ်ဆောင်တွေနှင့် ပတ်သက်ပြီး မေးမြန်းသည့်အခါမှာတော့

–

"ကျွန်မနဲ့အတူ သရုပ်ဆောင်ခဲ့တဲ့ အမျိုးသားသရုပ်ဆောင်တွေမှာ တူတာတွေ ရှိသလို၊ ကွဲပြားခြားနားတာတွေကိုလည်း တွေ့ရပါတယ်။ ဂျူးဝူးနဲ့ ကျွန်မရဲ့အကျင့်တွေကတော့ အတော်ကို တူတယ်။ ဒါကြော သူနဲ့အတူတူ အလုပ်တွဲလုပ်ရတာ အလွန်ကိုပဲ သက်သောင့်သက်သာ ရှိတယ်။ ကျွန်မတို့တွေ စကားတွေ အများကြီးမပြောကြပေမယ့် ပြောကြ တဲ့အခါမှာလည်း အဆင်ပြေကြတယ်။ သူက ကျွန်မထက် တစ်နှစ်လော ငယ်တယ်။ ဒါပေမဲ့ သူနဲ့ အတူရှိနေရင် သူ့ရဲ့ဖြူစင်မှုတွေကြော ကျွန်မကို ပိုပြီးတော့ ငယ်ရွယ်တဲ့ ခံစားမှုတွေကို ခံစားမိစေတယ်။ ကျွန် သူနဲ့အတူရှိနေရင်လည်း ကြောက်ရွံ့မှုတွေ ရှိမနေဘူး။ အဲဒါ အံ့ဩ စရာကောင်းတာပါပဲ"ဟု ဆိုပါသည်။


မွန်ချေဝန်သည် ဇာတ်လမ်းထဲတွင် လှပပြီး ချစ်စရာကောင်းပေမယ် ဆတ်ဆတ်ထိမခံ ခပ်စွာစွာ မိန်းကလေးတစ်ဦးအဖြစ် သရုပ်ဆောင်ထာ ပါသည်။ နောက်ပြီး ကြင်နာတတ်သည့် ကလေးခွဲစိတ်ဆရာဝန်မလေ တစ်ဦးလည်း ဖြစ်ပါသည်။ ဂျူးဝူးကတော့ သူမချစ်ရတဲ့ လူတွေ ကြောက် နေတတ်တဲ့ ပါရမီရှင် "ကလေးဆရာဝန်"တစ်ဦးအဖြစ် သရုပ်ဆောင်ထာ ပါသည်။

သက်

*(Ref;TV daily)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တို့ကျောင်းတော်၊ ယောကျ်ားတို့ဂုဏ်ရည် ဇာတ်လမ်းတွဲတွေနှင့် လူသိများလာခဲ့သော

# ကင်ဝူးဘင်

The heirs စီးရီးဇာတ်လမ်းတွဲထဲက ကင်ရှန်းဒူး ဇာတ်ကောင်နှင့် အောင်မြင်လာသော ကင်ဝူးဘင်သည် ၁၉၈၉ ဇူလိုင် ၁၆ ရက် ဆိုး(လ်)မြို့ တွင် မွေးဖွားခဲ့ပါသည်။ အနုပညာလောကကို မော်ဒယ်တစ်ဦးအနေနှင့် စတင်ဝင်ရောက်ခဲ့သူ ဖြစ်ပါသည်။ သူစတင်သရုပ်ဆောင်ခဲ့သော ဇာတ်လမ်းတွဲကတော့ 'White Christmas' ဖြစ်ပါသည်။ Vampire Idol ဇာတ်လမ်းတွဲတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ပါသည်။ သူ့ကိုလူသိများစေခဲ့သော ဇာတ်လမ်းတွဲကတော့ 'တို့ကျောင်းတော်' နှင့် 'ယောကျ်ားတို့ဂုဏ်ရည်'တို့ပဲ ဖြစ်ပါသည်။ ၂၀၁၃တွင်အလွန်အောင်မြင်ခဲ့သော 'friend

www.burmeseclassic.com

www.burmeseclassic.com



2' ရုပ်ရှင်တွင်လည်း အဓိကဇာတ်ကောင်နေရာတွင် သရုပ်ဆောင်ခဲ့ပါသည်။ The heirs စီးရီးကတော့ သူ၏သရုပ်ဆောင်ဘဝကို ပိုပြီးပီပြင်စေခဲ့ပါတယ်။ဒီတစ်ပတ်တော့ ခပ်ဂျစ်ဂျစ်ဇာတ်ကောင်တွေနှင့် လိုက်ဖက်သည့် ကင်ဝူးဘင် ၏ အင်တာဗျူးတချို့ကို ဖော်ပြလိုက်ပါသည်။

♛ ရှင့်ရဲ့ အချိန်ဇယားမှာ အလွတ်တောင်မရှိဘူးလို့ ကြားနေရတယ်။

– မနက်ဖြန်ကနေစပြီးတော့ တစ်နေ့ထဲမှာပဲ အင်တာဗျူး ၈ ခု ၉ ခုလောက်ရှိတယ်။ ကျွန်တော်မျက်လုံးကိုကြည့်လိုက်လေ၊ ညိုနေတာပဲ။

♛ 'တို့ကျောင်းတော်'ပြီးသွားတော့ ရှင့်ဇာတ်ကောင်နဲ့ ပတ်သတ်ပြီး ကျန်ခဲ့တဲ့စကားလေးတစ်ခွန်းလေးရှိတယ်။ ပြောလို့ရသလား 'အလကားကောင်'ဆိုတဲ့စကားလေးတစ်ခွန်းပါပဲ။

– ကျွန်တော်လည်း အင်တာနက်မှာတွေ့လိုက်တယ်။ ကျွန်တော် အဲဒီစကားလုံးကိုမြင်တော့ ရယ်မောခဲ့ရသေးတယ်။

♛ အသက်၂၅ နှစ်အရွယ် ကင်ဝူးဘင်က အသက် ၁၈ နှစ်အရွယ်ပတ်ဟန်ဆိုး (တို့ကျောင်းတော်ထဲကဇာတ်ကောင်အမည်) နဲ့ ဆုံခဲ့ရင် သူ့ကိုဘာပြောချင်သလဲ။

–လူငယ်တွေ ကျွန်တော်ကို အဲဒီလိုမေးတိုင်း ကျွန်တော်ကတော့ 'တကောင်းကောင်းကြိုးစား။ မိဘစကားနားထောင်လို့'ပြောခဲ့တယ်။ အဲဒီအရွယ်တွေအတွက်တော့ဒီစကားလုံးတွေက အကောင်းဆုံးနဲ့ အလိုအပ်ဆုံးပါပဲ။ နောက်ပြီး သူတို့ပညာသင်ယူဖို့အတွက်မှာ ပိုပြီးတော့ လွယ်ကူစေပါတယ်။ တကယ့်လောကအစစ်ကို ဝင်ရောက်လာတဲ့အခါမှာ ပညာသင်သလို မဟုတ်ဘူး။ တချို့အရာတွေကို ခင်ဗျားတစ်ယောက်တည်း လုပ်လို့ မရဘူးလေ။

♛ ဆယ်ကျော်သက် ကင်ဝူးဘင်ကို ရှင်အဲဒီလိုစကားတွေ ပြောခဲ့ရင် နားထောင်မယ်လို့ ထင်သလား။

– လုံးဝကို မထင်ပါဘူး။ တခြားသူတွေပြောတာ မှန်နေပါလားဆိုတာ နောင်မှ သူနားလည်သွားမှာ။ လူတစ်ရာကို မေးကြည့်ပါလား၊ စကားနားထောင်သူက တစ်ယောက်လောက်ပဲ ရှိမယ်။ အဲဒါကြောင့်ပဲ လူငယ်တွေကို စကားနားထောင်ဖို့ အကြံပေး တိုက်တွန်းရတာပေါ့။ "အချိန်တန်လာရင် ကျွန်တော် ဘာကြောင့် ဒီစကားတွေကို ပြောရသလဲဆိုတာကို သူတို့နား လည်လာလိမ့်မယ်လို့" ကျွန်တော် သူတို့ကို ပြောပြတယ်။

♛ ဒရာမာတွေမှာ သရုပ်ဆောင်ခဲ့တဲ့သရုပ်ဆောင်တစ်ဦးအနေနဲ့ ဘာတွေကို အဓိကထားခဲ့သလဲ။

– white chirstmas မှာ သရုပ်ဆောင်တုန်းကတော့ သရုပ်ဆောင်အလုပ်နဲ့ပတ်သတ်တဲ့ခံစားမှုကို ကျွန်တော်တကယ့်ကို နားလည်ခဲ့ချင်လို့ပါ။ Vampire Idol မှာတော့ ဇာတ်လမ်းက ကျွန်တော်ရဲ့ သရုပ်ဆောင်ဘာသာကို တိုးတက်လာစေဖို့ပါပဲ။ ယောက်ျားတို့ဂုဏ်ရည်မှာတော့ နာမည်ကြီး သရုပ်ဆောင်စီနီယာတွေနဲ့ တွဲဖက်သရုပ်ဆောင်ခွင့်ရခဲ့တဲ့အတွက် နောင်တစ်ချိန်မှာ ကျွန်တော်တို့ရဲ့ဂျူနီယာတွေကို ဘယ်လို ဆက်ဆံရမလဲဆိုတာကို သင်ယူခွင့်ရခဲ့တယ်။ ဥပမာအနေနဲ့ ပြောပြရရင် ကျွန်ဒုန်ဂန် (ဒါရိုက်တာရင်) အစ်ကိုက ကျွန်တော်ကို သူနဲ့အတူ ဇာတ်ကောင်အတွက် လေ့ကျင့်ချင်သလားမေးခဲ့တယ်။ သူ့ဆီကနေ အဲဒီစကားလုံးတွေ ကြားလိုက်ရတော့ ကျွန်တော်ဆီမှာ ရှိနေတဲ့စိတ်လှုပ်ရှားမှုတွေ၊ ဖိအားတွေ တော်တော်လျော့သွားတယ်။ ကျွန်တော်အနေနဲ့က သူ့အတွက်ဆို ပါးမွှားလေးပါ။ ကျွန်တော်သူတို့လိုစီနီယာမျိုးဖြစ်ချင်တယ်။To the beautiful you မှာတော့ ကျွန်တော် ပါဝင်တဲ့ ဇာတ်ဝင်ခန်းအတွက် ရိုက်ကူးခဲ့တဲ့အချိန်က တစ်ပတ် လောက်ပဲရှိတာ။ ကျွန်တော်ကတော့ ပင်ပန်းလိုက်တာလို့ ခံစားခဲ့ရတယ်။ အိပ်လို့တောင်မပျော်ခဲ့ဘူး။ ကိုယ်အလေးချိန် ၅ ကီလိုလောက် ကျသွားတယ်။ အားတွေ ကုန်ခန်းသွားပေမယ့် အဲဒီအတွက် ကျေနပ်ခဲ့ပါတယ်။




**တခြားသူတွေနဲ့ဆက်ဆံရတဲ့အခြေအနေမျိုးမှာ ကျွန်တော်ဟာလူကောင်းတစ်ဦးတော့ ဖြစ်ရမယ်လို့ခံစားမိတယ်...**

♛ **The heirs** ဇာတ်လမ်းထဲကရှန်းဒုးရဲ့ ဘဝနဲ့ရှင့်ရဲ့ကိုယ်ပိုင် ပြင်ပဘဝနဲ့ဘာတွေများ ကွဲပြားခြားနားသလဲ။

– ကျွန်တော်ဇာတ်ကောင်က ကျွန်တော်ပြင်ပဘဝနဲ့မတူပါဘူး။ ကျွန်တော်က မိဘတွေရဲ့ ချစ်ခြင်းတွေနဲ့အတူ ကြီးပြင်းလာခဲ့တာပါ။ ကျွန်တော်တို့ မိသားစုဝင်အချင်းချင်း အသုံးပြုကြတဲ့ kakaotalk ချက်ရှင်းရှိတယ်။ သုံးနှစ်လောက်ဝေးကွာနေတဲ့ အစ်မနဲ့တောင် ကျွန်တော်က အရမ်းရင်းနှီးတာ။

♛ ရှင် အင်တာဗျူးတစ်ခုမှာ ဖြေခဲ့တယ်နော်၊ ရှင်လူကောင်းတစ်ဦး ဖြစ်ချင်တယ်ဆိုတဲ့အဖြေကတော့ ကျွန်မအတွက် မှတ်မှတ်ရရဖြစ်စေခဲ့တယ်။ လူကောင်းတစ်ဦးကို ဘာတွေနဲ့သတ်မှတ်ထားသလဲ။

– လူတစ်ဦးက တခြားသူတွေအတွက် စဉ်းစားပေးရမယ်။ တခြားသူတွေကို နားလည်အောင် ကြိုးစားရမယ်။ ကျွန်တော်ကတော့ ဘယ်သူနဲ့မဆို ကိုယ့်ကိုယ်ကိုယ် နှိမ့်ချစွာဆက်ဆံတယ်။ ယုံကြည်မှုတွေကို တည်ဆောက်တယ်။ တခြားသူတွေနဲ့ဆက်ဆံရတဲ့ အခြေအနေမျိုးမှာ ကျွန်တော်ဟာ လူကောင်းတစ်ဦးတော့ဖြစ်ရမယ်လို့ ခံစားမိတယ်။ တခြားသူတွေ က 'ကင်ဝူးဘင်က ဘယ်လိုလူမျိုးလဲလို့မေးကြတဲ့အခါ'၊ 'သူလား လူကောင်းတစ်ယောက်ပဲ၊ နောက်ပြီးသရုပ်ဆောင်ကောင်းတစ်ဦးလည်း ဖြစ်တယ်' ဆိုတဲ့ စကားမျိုးတွေကြားရတယ်။ အဲဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကတော့ ကျွန်တော်ဟာ ကောင်းမွန်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ထားတယ်ဆိုတာကို ဖော်ပြနေတာပါပဲ။ လူတွေက ကျွန်တော်ကို ဘဝမှာ ကောင်းကောင်းနေထိုင်နေသူတစ်ဦးအဖြစ် သတ်မှတ်လိုက်ကြတာပဲလေ။ ကျွန်တော်ကတော့ အဲဒီလိုထင်တာပဲ။

♛ အနာဂတ်မှာဘာတွေလုပ်ချင်သေးလဲ။

– ကျွန်တော်သီချင်းဆိုတတ်ချင်တယ်။ ကျွန်တော် ဘယ်လို သီချင်းရမလဲဆိုတာ၊ အကတွေကို ဘယ်လိုကရမလဲဆိုတာ၊ အားကစားတွေကို ဘယ်လိုလုပ်ရမလဲဆိုတာတွေကို ကောင်းကောင်းမသိဘူး။ ကျွန်တော့်ရဲ့ ကွဲပြားတဲ့ပုံရိပ်တွေ မြင်ချင်တယ်။

သက်

***(ref:Vogue girl)***

www.burmeseclassic.com

www.burmeseclassic.com



# ကိုးရီးယားသတင်းအတိုအထွာများ




## ဆောင်းဟေမာန်ရဲ့ချစ်သံစဉ်တွေ ပေါက်ဖွားလာတဲ့ ဘေယောင်ဂျွန်

ရှင်ခေါင်တန်းစာတ်ကောင်နှင့် အောင်မြင်လာသော ဘေယောင်ဂျွန်သည် အနုပညာလောကနှင့် နှစ်အတန်ကြာအဆက် အသွယ်ပြတ်နေခဲ့ပါသည်။ သူသည် သူထုတ်လုပ်ခဲ့သော 'Dream High' စီးရီးတွင် နောက်ဆုံးပါဝင်သရုပ်ဆောင်ခဲ့ပါသည်။ ဟေမာန်ဆောင်းရဲ့ ချစ်သံစဉ် ဇာတ်လမ်းတွဲတွင်အတူ တွဲဖက်ပါဝင် သရုပ်ဆောင်ခဲ့သော ချွဲချိုကူးနှင့် ကောလာဟလတွေ ထွက်ခဲ့သော်လည်း သူရဲ့ကိုယ်ရေးကိုယ်တာကိစ္စ တော်တော်များများကို သိဖို့ ခက်လှပါသည်။ ၂၀၁၃ မှာတော့ အသက် ၄၀ အရွယ်ရှိ ဘေယောင်ဂျွန်သည် သူ၏အချစ်ရေးကို ဖွင့်ဟဝန်ခံခဲ့ပါသည်။ သူလက်တွဲဖော်သည် အသက် ၂၇ အရွယ် ဂိုဆိုဟီးပဲ ဖြစ်ပါသည်။ ဂိုဆိုဟီးသည် 'LS အီလက်ထရောနစ်ကုမ္ပဏီ' ဥက္ကဋ္ဌ၏ ဒုတိယမြောက်သမီး ဖြစ်ပါသည်။ သူတို့နှစ်ဦးချစ်သူဖြစ်ပြီး သုံးလအကြာမှာ တရားဝင်ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ ဘေယောင်ဂျွန်၏ တရားဝင် ဝက်ဘ်ဆိုက်မှာတော့ သူတို့နှစ်ဦး၏ အချစ်ရေးကို ကိုယ်တိုင်ရေးသားတင်ခဲ့ပါသည်။ "သူ၏ ချစ်သူသည်အနုပညာ အသိုင်းအဝိုင်းက မဟုတ်သည့်အတွက် သူတို့နှစ်ဦးကိုကြင်နာသည့် မျက်ဝန်းတွေနှင့် ကြည့်ဖို့" ဆုတောင်းကြောင်း ရေးသားခဲ့ပါသည်။ ဘေယောင်ဂျွန်နှင့် သူချစ်သူတို့သည် နိုဝင်ဘာလတုန်းက ဂျပန်မှာကျင်းပသော သူတို့မိတ်ဆွေတစ်ဦး၏ မင်္ဂလာပွဲကို အတူတက်ရောက်ခဲ့ကြပါသည်။ သူတို့ချစ်သူနှစ်ဦးသည် တိုကျိုတွင် ပျော်ရွှင်စွာ လည်ပတ်ခဲ့ကြပါသည်။

## ဒဏ်ရာများနဲ့လီဟုန်ကီး

F.T island ရဲ့ ပင်တိုင်အဆိုတော် လီဟုန်ကီးသည်ဒီဇင်ဘာ ၁၆ ရက်ညမှာဒဏ်ရာအနာတရ ရခဲ့ပါသည်။ 'Bride of 100 years' တီဗီစီးရီး ရိုက်ကွင်းတွင် ချော်လဲရာမှ ပခုံးနဲ့မျက်နှာမှာဒဏ်ရာရခဲ့ပါသည်။ ဝန်ထမ်းတွေနှင့် အတူရှိနေစဉ် ရေခဲ ခဲနေသောလမ်းပေါ်တွင် လျှောကျခဲ့ခြင်း ဖြစ်ပါသည်။ သူ၏အေဂျင်စီ FNC ကတော့ လီဟုန်ကီးသည် ခြောက်ပတ်လောက် အနားယူရမည်ဟု ပြောကြားခဲ့သည့်အတွက် သူပါဝင်သရုပ်ဆောင်နေသည့် ဇာတ်လမ်းတွဲကိုလည်း ရပ်နားခဲ့ရပါသည်။ သို့သော် ဒီဇင်ဘာ ၂၄ ရက် သတင်းကတော့ လီဟုန်ကီး၏ အခြေအနေသည် ကောင်းမွန်တိုးတက်လာသည်ဟု ရေးသားခဲ့ကြပါသည်။ FNC ၏ ပြောရေး ဆိုခွင့်ရှိသူကတော့ FNC မှ ဒီဇင်ဘာ ၂၈၊ ၂၉ မှာ ကျင်းပမယ့် ရှိုးပွဲတွေကို တော့ ကျွန်တော်တို့ ခဏလောက် နောက်ဆုတ်ထားပါတယ်" ဟု သတင်း ထုတ်ပြန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com






# ဟာဂျီဝန်နဲ့'The Huntresses'

ဇန်နဝါရီအတွက် ရုံတင်မည့် ဟာဂျီဝန်ရဲ့ ရုပ်ရှင်သစ်'The huntresses' ပိုစတာကို တရားဝင်ကြော်ငြာခဲ့ပါသည်။ The Hun-tresses ရုပ်ရှင်သည် ချိုဆန်ခေတ်၏ ကျွန်နှင့်ကျွန်ဖမ်းသူတွေ၏အကြောင်းကို ဇာတ် လမ်းဆင်ရိုက်ကူးထားသော ဇာတ်ကားတစ်ကား ဖြစ်ပါသည်။ ဟာဂျီဝန် သည် ဇာတ်ကားထဲတွင် ကျွန်ဖမ်းသူ မိန်းကလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပါသည်။ သူမ၏ ကျွန်ဖမ်းသည့်အဖွဲ့တွင် သူမနှင့်အတူ နောက် ထပ် မိန်းကလေးနှစ်ဦးအပြင် သူမ၏ ဆရာတစ်ဦးလည်း ပါဝင်ပါသည်။ ဟာဂျီဝန်၏ ဇာတ်ကောင်သည် ချစ်စရာကောင်းနေသလို အလုပ်နှင့် ပတ်သက်လာရင်လည်း ကြည်မှု အပြည့်ရှိနေသူ မိန်းကလေးတစ်ဦး ဖြစ်ပါသည်။ ဟာဂျီဝန်နှင့်အတူ တွဲဖက်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင် တွေကတော့ ကန်ရိုဝန်နှင့် ဆိုဂါအင်တို့ပဲ ဖြစ်ပါသည်။

သက်

*(ref:tenasia/allkpop)*

www.burmeseclassic.com

www.burmeseclassic.com





# အိမ်ရှင်မများအတွက် မသိမဖြစ်ဟင်းလျာပြင်ဆင်နည်း

မလေးစိုး

ယခုအခါ နွေရောက်တော့မည်။ မိုးလင်းရာသီဖြတ်သန်းရောက်ပြီဖြစ်သည့်အတွက် အိမ်ရှင်မများ နှစ်သက်စားသောက်ကြသည့် ငါးခြောက်များလည်း စုံစုံလင်လင် ပေါ်ထွက်လာပြီဖြစ်သည်။ မြန်မာများ နှစ်သက်ကြသော ငါးခြောက်များမှာ မိုးရာသီမှာလည်း ရရှိနိုင်သော်လည်း မိုးရာသီတွင် ထိုငါးခြောက်များမှာ မှိုစိုင်းထိုင်းဖြစ်၍ လည်းကောင်း၊ ငါးခြောက်လုပ်သူများ နေရောင်ခြည်ကောင်းစွာ မရရှိ၍ အရည်အသွေးမီ ငါးခြောက်များ မရရှိနိုင်သဖြင့် ဈေးအတန်ငယ်မြင့်ပါသည်။ ယခုကို မိုးလင်းရာသီကျမှ ငါးခြောက်များ ပေါ်များလာသလို စားလို့လည်း သင့် တော်ပါသည်။

သို့သော် ငါးခြောက်ဆိုသည်နှင့် သွေးတိုးသူများနှင့် အငန်ရှောင်သူများက စိုးရိမ်ကြသည်။ ငါးခြောက်မှာ ဆားသိပ်ပြီး လုပ်ရသဖြင့် အငန်ရှောင်သူများ၊ အခက်တွေ့ကြရသည်။ သို့သော် မစိုးရိမ်ပါနှင့်၊ ငါးခြောက်ကို ဆားမငန်အောင်၊ ဆားပေါ့သွားအောင် အိမ်ရှင်မများ ပြုလုပ် စီမံနည်း ရှိပါသည်။

**ငါးခြောက်ဆားပေါ့အောင် ဘယ်လိုလုပ်မလဲ**

ငါးခြောက်မချက်မီ အပိုင်းအပိုင်းများ ခုတ်ကာ ရေလုံ့ထဲတွင် ရေမြှုပ်အောင် စိမ်ပါ။ ထိုရေထဲသို့ ရှောက်သီး (သို့မဟုတ်) သံပရာသီး တစ်ခြမ်းခန့်။ ရှောက်သီးဆိုလျှင် တစ်စိတ်ခန့် ငါးခြောက်၏ အတိုင်းအတာ၊ အရေအတွက်ကို ကြည့်ပြီး ငါးခြောက်ရေစိမ်ထားသော ထဲသို့ ညှစ်ထည့်ပါ။ ထို့နောက် ထမင်းစားဇွန်းခန့် လှည့်ပေးပါ။

ရှောက်သီး၊ သံပရာသီးမထည့်လျှင်လည်း မန်ကျည်းသီးမှည့် အနည်းငယ်ခန့် ရေဖျော်ထည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com




ထိုသို့ ရှောက်သီး (သံပရာသီး) ထမင်းဆုပ်ထည့်ထားသော
ခြောက်ကို ရေဖလုံတစ်ခုတွင် ဟင်းမချက်မီ (၃)နာရီခန့် စိမ်ထား
က်ပါ။

အချဉ်သည် ဆားကို စုပ်ယူပြီး ထမင်းလုံးများလည်း ဆားကို
ယူလိုက်ပါသည်။ ၃ နာရီခန့် ကြာလျှင် ထိုငါးခြောက်များကို ဆယ်ယူ
ရေစင်အောင် ဆေးလိုက်ပါ။ ထို့နောက် အနည်းငယ် မြည်းကြည့်
က်ပါ။ ဆားပေါ့သွားမည် မှချဖြစ်ပါသည်။ ထို့ကြောင့် ငါးခြောက်
သည်မှု ငန်သည်ဖြစ်စေ။ ထိုနည်းကို အိမ်ရှင်မများ သုံးကြည့်ပါ။
ည်းကို မသိမဖြစ်နည်းဟု ဆိုရမည်။ ဘာကြောင့်လဲဆိုလျှင်
မာအိမ်ရှင်မများမှာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်အသုံး
ကြသောကြောင့်လည်း ယခုလို နည်းလမ်းကောင်းလေးကို
တင်ပြလိုက်ရပါသည်။

**အာလူးကို ဆီမပါဘဲ ချက်သည့်ရခိုင်ဟင်း**

ယနေ့ခေတ်မှာ ဆီကို ရှောင်ခြင်း အချိုမှုန့်ရှောင်ခြင်းများသည်
ကျန်းမာရေးအတွက် အရေးအရေးပါသည့် နည်းများ ဖြစ်ပါသည်။ ဆီအား
သည်ဆိုလျှင်လည်း အထက်အညာက ဆီစစ်စစ်ကို စားနိုင်ကြသည်
မဟုတ်ဘဲ ဈေးထဲမှာ အလွယ်တကူ ရသည့်စားအုန်းဆီ [illegible]
စားအုန်းဆီရောထားတဲ့ ပဲဆီစစ်စစ်ဟု ခေါ်သော ဆီအတုအယောင်များ
ကိုသာ စားသုံးနေကြရသည်။ စားအုန်းဆီမှာ [illegible]
သည့်ဆီများမှာ မလေးရှားလူမျိုးများ စားသုံးသည့်ဆီ [illegible]
အန္တရာယ်ရှိသော ဆီများဖြစ်သည်။ ဥပမာပြောရလျှင် [illegible]
စားနေရသည်နှင့်ပင် [illegible]

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





ထို့ကြောင့် ဆီစားမည်ဆိုလျှင် တတ်နိုင်သမျှ နှမ်းဆီပဲဆီစစ်စစ် ကိုသာ သုံးသင့်သည်။ ဆီစစ်စစ်ကို ရွေးမဝယ်နိုင်လျှင်တော့ ရခိုင်တိုင်းရင်းသားများ စားလေ့စားထ ရှိသော ဆီမပါဘဲ ချက်သည့်ဟင်းလျာများ ကိုသာ စားသင့်သည်။ ထိုအစာများမှာ ဆီမပါသော်လည်း အရသာ ရှိသည်။ ကျန်းမာရေးအတွက်လည်း အဟာရဖြစ်စေသည်။ ဆီမပါ သော်လည်း ဟင်းခတ်သည့်ငါး ပုစွန်များပါသည့်အတွက် စား၍ အရသာ ရှိသည်။ စားနေကျမဟုတ်သူများကတော့ စားနိုင်မည် မဟုတ်ပါ။ သို့ သော် အကျင့်လုပ်ယူ၍ စားကြည့်ပါက ဆီရှောင်ပြီးသား၊ ကျန်းမာရေး နှင့် ညီညွတ်သည့် ဟင်းတစ်ခွက်ဖြစ်မှာ သေချာပါသည်။

ယခုတင်ပြမည့်မှာ အာလူးကို ဆီမပါဘဲ ချက်သည့်နည်း ဖြစ်ပါ သည်။

အာလူး ၂၀ သားခန့် ချက်မည်ဆိုလျှင် ရေစင်အောင် အရင်ဆုံး ဆေးပါ။ ထို့နောက် တချို့ ရခိုင်အာလူးသေးသေးများဆိုလျှင် အခွံနွှာ ရာမလိုဘဲ အခွံထည့်ချက်၍ ရသည်။ အာလူးကြီးကြီးဆိုလျှင် အခွံကို နွှာပါ။ ထို့နောက် ဓားနှင့် လိုသလောက် တုံးပေးပါ။ အတုံးသေး၊ အတုံး ကြီးကမူ ဟင်းချက်မည့်သူ စိတ်တိုင်းကျ တုံး၍ စိမ်၍ ရပါသည်။ တုံးပြီးသား အာလူးကို ပန်းကန်တစ်ချပ်ထဲမှာ ထည့်ထားပါ။

ထို့နောက် ငရုတ်သီးစိမ်း (သို့မဟုတ်) ငရုတ်သီးခြောက်ကြိုက် သည့် ငရုတ်သီးနှင့် ချက်၍ ရပါသည်။ ငရုတ်သီးစိမ်းဆိုလျှင် အစပ် ကြိုက်လျှင် ရွှေအစ်ကို ၃–၄ တောင့်ခန့် ထည့်ပါ။ သို့မဟုတ် အစပ်ပေါ့ သည့် ငရုတ်သီးစိမ်း အတောင့်ရှည်ဆိုလျှင်လည်း ၃–၄ တောင့်ခန့် ထည့်ပါ။ ထိုငရုတ်သီးစိမ်းကို ငရုတ်ဆုံထဲမှာ ထောင်းပါ။ ပြီးလျှင် ကြက်သွန်နီ တစ်လုံးလောက်ကို ရေစင်အောင် ဆေး၊ အခြောင်းလိုက် လှီးဖြတ်ပြီး ထောင်းထည့်ပါ။ ကြက်သွန်နီကို မလှီးဖြတ်လျှင် ငရုတ်ဆုံထဲ ထည့် ထောင်းသည့်အခါ ထောင့်ရသည်မှာ အခက်အခဲဖြစ်တတ်ပါသည်။ မျက်စိထဲသို့ စင်တတ်ပါသည်။

ငရုတ်သီးစိမ်း၊ ကြက်သွန်နီထောင်းထားပြီး မှုင်ငါးပိကို ဇွန်းနှင့် အနည်းငယ် (ဟင်းခပ်ဇွန်းနှင့် တစ်ဇွန်းစာ) ခတ်ယူကာ ရေဖျော်ထ[illegible] ပါ။ ရေမဖျော်လျှင် မှုင်ငါးပိလျှင် အတွင်းမှာ ငါးအရိုးများ၊ အနက်မျ[illegible] ပါတတ်ပါသည်။

အိုးတစ်အိုးတွင် စောစောက အာလူးကို ထည့်ပါ။ ငရုတ်သီးစိ[illegible] နှင့် ကြက်သွန်ထောင်းထားသည်များကို ထည့်ပါ။ ဖျော်ထားသ[illegible] မှုင်ငါးပိကို အနယ်များကို ချန်၍ အပေါ်က ရေဖျော်ထားသည့် မှုင်ငါ[illegible] ကို ထည့်ပါ။ ငါးဟင်းခတ်လိုလျှင် မညီသည့် ကကတစ်ဟင်းတစ်[illegible] ကို အနည်းငယ် ပြုတ်၍ အရိုးမပါအောင် နွှင်ထည့်ပါ။ သို့မဟု[illegible] ကျောပုစွန်လေးငါးကောင်ခန့် ခေါင်းပိုင်း၊ အမြီးပိုင်း ပစ်ပြီး ကျောပု[illegible] လေးများ ရေဆေးပြီး ထည့်ပါ။ သို့မဟုတ် ပုစွန်ခြောက် အနည်းင[illegible] လည်း ထည့်လို့ ရပါသည်။

ထို့နောက် အာလူးကို စောစောက ငရုတ်သီး၊ ကြက်သွ[illegible] မှုင်ငါးပိ၊ ဟင်းခတ်များနှင့် ရေကို အာလူးမြုပ်သည်အထိ ထည့်ခပ်[illegible] မီးဖိုပေါ် တွင် တင်လိုက်ပါ။ ဆားအနည်းငယ် ထည့်ပါ။

မိနစ် ၂၀ခန့် အာလူးနူးသည့်အခါ အရည်စားချင်လျှင် အရ[illegible] စပ်စပ်ကလေးနှင့် ဟင်းအိုးကို ချပြီး ခူးခပ်စားလို့ရပါပြီ။ ဟင်းရည်မ[illegible] လိုလျှင်တော့ အိုးကပ်အောင် ချက်လို့လည်း ရပါသည်။ အရေကြီးသ[illegible] မှာ ဆားကို မြည်းကြည့်ပြီး ဆားအတန်အသင့်သာ ထည့်ပါ။

ဤသည်မှာ ငရုတ်သီးစိမ်းနှင့် ချက်နည်းဖြစ်သည်။ ငရုတ်[illegible] ခြောက်နှင့်ချက်လျှင်လည်း ငရုတ်သီးခြောက် ၂ တောင့်၊ ၃ တော[illegible] လောက်ကို အထက်ပါနည်းအတိုင်း ကြက်သွန်နီ၊ မှုင်ငါးပိ၊ ဟင်းခ[illegible] တို့ဖြင့် ရောနှောချက်၍ ရပါသည်။

ဤသည်မှာ ဆီမပါသည့်ခေတ်မီရခိုင်ဟင်းတစ်ခွက်ချက်န[illegible] ဖြစ် ပါသည်။ ဆီစစ်စစ် မရနိုင်လျှင် ဆီကို ရှောင်ကာ ဤနည်း[illegible] ချက်စားပါဟု တိုက်တွန်းလိုက်ရပါသည်။

မဆိ[illegible]

www.burmeseclassic.com

www.burmeseclassic.com





# ခမာမြေတစ်ခေါက် ရောက်ခဲ့စဉ် (၃)

စိုးနီ
(Tourism)

အပြာရောင်မိုးကောင်းကင်မှာ တိမ်လွှာတိမ်လိပ်တို့က တရိပ်ရိပ်နဲ့ ပြေးလွှား ဆော့ကစားနေပါတယ်။ မြစိမ်းရောင်မြေပြင်မှာတော့ Suravaraman(11) ဘုရင်မင်းကြီးရဲ့ ကောင်းမှုတော် 'အန်းကောဝပ်' ဘုရားကျောင်းက ထန်းပင်ရေကန်တို့နှင့် အလွန်ပနာရလှပါတယ်၊ ကန်ရဲ့ ရေပြင်မှာ အရိပ်ထင်နေတဲ့ ဘုရားကျောင်းတော်နှင့် ဓာတ်ပုံရိုက်ရန် ရောက်ရှိလာကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေဟာလည်း မရေတွက်နိုင်လောက်အောင် များပြားလှတာမို့ နေရာကောင်းကောင်းလေးမှာ ကိုယ့်အလှည့်ကျဖို့အရေး အချိန်ပေးပြီး စောင့်ဆိုင်းရပါတယ်။ ၂၀၁၃ ခုနှစ် ရှုစ်လအတွင်းမှာ 'အန်းကောဝပ်'ကို လာရောက်လည်ပတ်သူ လေးသန်းခန့် ရှိသွားပြီလို့ သိရတော့ ကျွန်တော်တို့နိုင်ငံက ခရီးသွားလုပ်ငန်းနဲ့ နှိုင်းစာလျှင် ကမ္ဘောဒီးယန်း ခရီးသွားလုပ်ငန်းဟာ အတော်ကလေး ရှေ့ ရောက်နေတာကို သတိထားမိပါတယ်။

ကမ္ဘာလှည့်ခရီးသည်တွေက လာမှာပေါ့။ အစစအရာရာ ဈေးဆသက်သာနေတာကိုး။ သူတို့ဆီက ဟိုတယ်တွေက ကျွန်တော်တို့ဆီမှာထက် တစ်ဝက်မက သက်သာတဲ့အပြင် သွားရေးလာရေးနဲ့ စားသောက်ရေးတွေမှာ အလွန် လွယ်ကူပါတယ်။ ကမ္ဘောဒီးယန်းတွေရဲ့ ဧည့်ဝတ်ပျူငှာမှုကတော့ မြန်မာတွေနဲ့ ထူးမခြားနားပါ။ အဓိက ကွာခြားချက်ကတော့ သွား၊ လာ၊ နေထိုင်ရေးတွေမှာ လွယ်ကူချောမွေ့ပြီး ဈေးသက်သာတာနဲ့ ဆက်သွယ်ရေးကောင်းမွန်တာကြောင့်ပါ။ သူတို့ဆီမှာ ပုဂ္ဂလိက ဆက်သွယ်ရေး ကုမ္ပဏီ (၁၀)ခု ရှိတာကြောင့် အပြိုင်အဆိုင် ဈေးချရောင်းကြပါတယ်။ ဆက်သွယ်ရေးစနစ်တွေသည်း သူ့ထက်ငါ ပြိုင်ပြီး ကောင်းအောင် အပြိုင်အဆိုင် လုပ်တိုင်ကြလေတော့ တယ်လီဖုန်း SIM ကတ်ကို လမ်းဘေးဆိုင်မှာ ဝယ်ထည့်ပြီး သုံးလိုက်ရုံပါပဲ။ အဲဒီလောက်ကို အဆင်ပြေပါတယ်။ အဲဒီတော့ လာကြတာပေါ့။ ဝင်လာမဲ့ တသဲသဲ

www.burmeseclassic.com

www.burmeseclassic.com



ပဲလေ။ ကျွန်တော်တို့ဆီမှာက SIM ကတ်က ဈေးကြီးတဲ့အပြင် အလွယ် တကူ ဝယ်မရလေတော့ ဟန်းနီးမွန်းထွက်လာတဲ့ ခရီးသည်ပဲ အလာများ တာပေါ့။ ဟန်းနီးမွန်းထွက်တဲ့လူဆိုတော့ ဘယ်သူမှ အဆက်အသွယ် မလုပ်လေ ကောင်းလေ မဟုတ်လား။ သူတို့ မြန်မာပြည် ရောက်လာရင် အင်္ဂါဂြိုဟ်ကို ရောက်တာနဲ့မခြား ဘယ်သူမှ အနှောင့်အယှက် ပေးလို့ မရတော့ဘူးလေ။ လွတ်မြောက်နယ်မြေကို ရောက်လာတာနဲ့ အတူတူပဲ မဟုတ်ပါလား။ အခုတော့ တချို့ တယ်လီဖုန်းတွေ စပြီးတော့ သုံးလို့ ရစပြုလာတဲ့အပြင် ဟိုတယ်တွေမှာ Free Wifi စနစ်တွေ တပ်ဆင်လာ ကြပြီမို့ မြန်မာ့ခရီးသွားလုပ်ငန်း အတွက်တော့ အားတက်မိလေရဲ့။

အန်းကောဝပ်ကျောင်းတော်ဟာ ဧရိယာ (၂၂၀-ဟက်တာ)ရှိပြီး အရှေ့ကနေ အနောက်ကို ၁. ၅ ကီလိုမီတာ ရှိပါတယ်။ တောင်ကနေ မြောက်ကတော့ ၁. ၃ ကီလိုမီတာ ရှည်ပါတယ်။ အလယ်ထောင့်တည့် တည့်မှာ ရှိနေတဲ့ ဘုရားကျောင်းကပဲ (၃၃၂x၂၅၈) မီတာဆိုတော့ ၉ ဟက်တာနီးပါး ကျယ်ဝန်းပါတယ်။ ဒီ 'အန်းကောဝပ်' ကျောင်းတော် ကြီးဟာ တောကြီးမျက်မည်းအတွင်း နှစ်ပေါင်းရာချီပြီး ပျောက်ကွယ်နေရာ ကနေ ပြင်သစ်လူမျိုး မစ္စတာ 'ဟင်နရီမှူအိုး' ကနေ ပြန်လည်တွေ့ရှိ ပြီး ၁၈၆၃ ခုနှစ်မှာ လန်ဒန်ကနေ စာအုပ်ထုတ်ဝေ ဖြန့်ချိခဲ့တာကြောင့် အနောက်နိုင်ငံသားတွေ အပါအဝင် တစ်ကမ္ဘာလုံးကနေ သိရှိလာကြ ပြီး ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားရာ နေရာတစ်ခုဖြစ်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအတွက် ဂုဏ်ယူစရာတစ်ခု ဖြစ်လာတဲ့အပြင် နိုင်ငံခြားဝင်ငွေ အမြောက်အမြားကိုလည်း ရရှိစေခဲ့ပါတယ်။

၁၆-ရာစုအကုန်ပိုင်းလောက်မှာ ပေါ်တူဂီလူစွန့်စားတွေကလည်း ဦးစွာ တွေ့ရှိခဲ့ပေမယ့် လူသိများအောင် မလုပ်နိုင်တာကြောင့် ကမ္ဘာက နေ သိရှိခွင့် မရခဲ့ကြပါဘူး။ 'မှူအိုး'ကတော့ သူ တွေ့မြင်ခဲ့သမျှကို ခရေစေ့တွင်းကျ ဖော်ပြနိုင်ခဲ့တာကြောင့် လူသိများခဲ့ရပါတယ်။ ဒီအကြောင်းနဲ့ ဆက်စပ်ပြီး ကျွန်တော်တို့ဆီက ပုဂံဟာလည်း (၁၈၅၅ မှာ ထုတ်ဝေခဲ့တဲ့ 'ဟင်နရီယုလီ'ရဲ့ မှတ်တမ်းကြောင့် အနောက်နိုင်ငံ သား အများအပြား သိရှိခွင့် ရလာပြီး တစ်စထက် တစ်စ ကျော်ကြား လာရတာ မဟုတ်ပါလား။

ခရီးသွားလုပ်ငန်း တိုးတက်လာတာနဲ့အမျှ တိုးတက်မှုတွေ ရှိသလို ဆုံးရှုံးမှုတွေလည်း ရှိလာတာ သဘာဝပေမို့ သတိထားပြီး စောင့်ထိန်း ဆင်ခြင်ကြဖို့တော့ သတိရှိဖို့ လိုအပ်ပါတယ်။ ခရီးသွားတွေထဲမှာ မတော် လောဘကြီးသူတွေ ရောနှောပါရှိလာပြီး ရှေးဟောင်းအမွေအနှစ်တွေကို ဒေသခံလူယုတ်မာတွေနဲ့ ပေါင်းပြီး ခိုးထုတ်တာဟာ နိုင်ငံတိုင်းမှာ ကြုံ တွေ့ရတဲ့ ပြဿနာပဲ။ တစ်ခါတုန်းက ကမ္ဘောဒီးယားမှာ လူတစ်ယောက် က ရှေးဟောင်းရုပ်တုလေးတွေကို ခိုးပြီး အိတ်ထဲ ထည့်နေတာကို တာဝန်သိ လူတစ်ယောက် တွေ့လို့ ရဲကို ပုံသဏ္ဌာန်နဲ့တကွ အကြောင်း ကြားသတဲ့။ အဲဒီတော့ ရဲက အဲဒီလူအပြန်မှာ ရပ်တန့်ပြီး စစ်ဆေးတော့ ခိုးရာပါတွေနဲ့တကွ လက်ပူးလက်ကြပ် ဖမ်းမိခဲ့တယ်။ ရဲက ခင်ဗျား ဘယ်နိုင်ငံကလည်းဆိုတော့ 'ကျွန်တော် ပြင်သစ်ကပါ'တဲ့။ ခင်ဗျား အလုပ်အကိုင်က ဘာလုပ်သလဲလို့ ရဲက မေးတော့ အဲဒီလူက 'ကျွန် တော် ယဉ်ကျေးမှုဝန်ကြီးဌာနက အရာရှိပါတဲ့'။ ကောင်းရောပေါ့။ သူများ နိုင်ငံက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ကို ခိုးပြီး သူ့နိုင်ငံ ယဉ်ကျေးမှု ပြတိုက်မှာ ပြဖို့အတွက် လုပ်ရဲသူတွေ အများကြီး ရှိပါတယ်။ ပုဂံမှာလည်း အဲဒီလိုပြဿနာမျိုး (၁၉)ရာစုတုန်းက ကြုံခဲ့ရပါတယ်။ ဂျာမန်လူမျိုး ဒေါက်တာသောမင်းဟာ ဝက်ကြီးအင်းဂူပျောက်ကြီး ဘုရားက နံရံဆေး ရေးပန်းချီတွေကို လွှနဲ့ဖြတ်ပြီး အချပ်လိုက် ခွာယူသွားပြီး သူ့နိုင်ငံ ပြ တိုက်မှာ ပြသထားပေမယ့် ကျွန်တော်တို့ ပုဂံက ဘုရားမှာတော့ ဒဏ် ရာတွေနဲ့ ကျန်ခဲ့ရတာ ယခုဆိုလျှင် နှစ်ပေါင်း တစ်ရာကျော်ပါပြီ။ နောင်လာနောက်သားများအတွက် သင်ခန်းစာတစ်ခုပေါ့။

အန်းကောဝပ်ကို ရောက်တဲ့သူတွေ အများကြီးထဲမှာ ပထမဆုံး ဓာတ်ပုံရိုက်ပြီး ဖြန့်ဝေခဲ့သူကတော့ စင်ကာပူမှာ အလုပ်လုပ်ရင်းကနေ ကမ္ဘောဒီးယားကို ရောက်လာတဲ့ John Thomson ပဲ ဖြစ်ပါတယ်။ အန်းကောဝပ်နဲ့ မနီးမဝေးမှာ အခြား ထင်ရှားတဲ့ သာသနိက အဆောက် အအုံကတော့ Bayon (ဗေယုံကျောင်းတော်)ကြီးပါ။ ဒီကျောင်းတော် ကြီးကို သတ္တမမြောက် 'ဇယဝါရမန်'မင်းက တည်ဆောက်ခဲ့ပြီး မြို့ရိုး နဲ့ ကျုံးတို့က ဝန်းရံထားပါတယ်။ နောက် မင်းဆက်များကလည်း သုံးကြိမ် တိုင်တိုင် ပြုပြင်မွမ်းမံခဲ့ပါတယ်။

ဗေယုံကျောင်းတော်ကြီးနဲ့ ပတ်သက်ပြီး (၁၃ ရာစု)မှာ အန်းကော ထုံနေပြည်တော်ကို ရောက်ရှိခဲ့တာ တရုတ်သံအမတ် 'ချူတာလွှန်' က မှတ်တမ်းတင်ခဲ့ပါတယ်။ သူ့ရဲ့ မှတ်တမ်းထဲမှာ 'နန်းမြို့ရဲ့အလယ် ရွှေ ရောင်တဝင်းဝင်းနဲ့ အလွန်တင့်တယ်တဲ့ ပြာသာဒ်ဆောင်မကြီးကို တခြား ပြာသာဒ်အဆောင်ငယ် နှစ်ဆယ်ကျော်က ဝန်းရံထားပြီး ရာကျော်သော အဆောင်ဆောင်၊ အခန်းခန်းများလည်း ရှိသည်' လို့ ဖော်ပြထားတာကို မှတ်သားရပါတယ်။ ယခုအခါမှာတော့ အပြိုအပျက်တို့ ဝန်းရံနေတဲ့ ဗေယုံကျောင်းဆောင်မကြီးကို အဝေးကနေ လှမ်းမြင်ရတဲ့အခါ ရင်ထဲ မှာ ကြေကွဲရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာခရီးသွားအဖွဲ့ဟာ ဗေယုံကျောင်းတော်ရှေ့မှာ အမှတ်တရ စုပြီး ဓာတ်ပုံရိုက်ကြပြန်ပါတယ်။

စိမ်းညို့ညို့ တောတန်းရဲ့အလယ်မှာ 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ'ကို ကိုယ်စားပြုတဲ့ နတ်ဘုရားရဲ့ မျက်နှာကြီးများဟာ အလွန် တရာ အံ့ဩဖွယ် ပန်းချီကားချပ်ပမာ အလွန် ကျက်သရေရှိလှပါတယ်။ ဗေယုံကျောင်းတော်ကြီးအတွင်း မပျက်မစီးဘဲ ကျန်ရှိနေသေးတဲ့ သဲ ကျောက်ပေါ်က အလွန်လက်ရာမြောက်လှတဲ့ ရုပ်လုံး၊ ရုပ်ကြွဓာတ်ကွက်၊ ဇာတ်လမ်းများနဲ့ ပြည်သူလူထုရဲ့ ဓလေ့စရိုက်ကို ဖော်ပြထားတဲ့ သရုပ်ဖော်ထားတဲ့ အခန်းတွေဟာလည်း အံ့မခန်းလောက်အောင်ပါပဲ။ ဗေယုံကျောင်းဝင်းရဲ့ ထောင့်တစ်နေရာမှာ စုပုံထားတဲ့ သဲကျောက်တုံး အပျက်အစီးပုံပေါ် ထိုင်ရင်း မူလကျောင်းတော်ကြီးရဲ့ ကြီးကျယ်ခမ်းနား ပုံကို စိတ်အစဉ်မှာ တရေးရေးနဲ့ ပြန်လည် မြင်ယောင်ကြည့်နေမိပါ တယ်။ ကျွန်တော်တို့ရဲ့ ဧည့်လမ်းညွှန်က လှမ်းခေါ်မှ သတိဝင်ပြီး အန်း ကောထုံကျောင်းတော်ဘက်ကို ခရီးဆက်ကြပြန်ပါတယ်။

အန်းကောထုံကို သွားရာလမ်းတစ်လျှောက် တံတားတွေ တည် ဆောက်ထားတဲ့ ဗိသုကာလက်ရာဟာ အင်မတန် ပြောင်မြောက်လှပါ တယ်။ တံတားဘောင် လက်ရမ်းတွေကို သဲကျောက်နဲ့ တည်ဆောက် ထားပြီး နဂါးကြီးတစ်ကောင်ကို နတ်ဘီလူးတွေက အမြီးကနေ ဆွဲပြီး ဖမ်းဆီးနေပုံဟာ အလွန် အသက်ဝင်လှပါတယ်။ ၁၂-ရာစုက တည် ဆောက်ထားတဲ့ ခမာဗိသုကာပညာဟာ စက်ယန္တရားမပါဘဲ လူအင်အား ကိုပဲ အဓိကသုံးထားတာကြောင့် ဘယ်လိုဘယ်ပုံများ တည်ဆောက်ကြ သလဲလို့ မတွေးတတ်အောင်ပါပဲ။

ဗေယုံကျောင်းတော်ရဲ့ နောက်နားမှာ 'ကလင်တန်ဖောင်ဒေးရှင်း' ကနေပြီး ပြန်လည် ပြုပြင်နေတဲ့ နေရာကို လှမ်းမြင်နေရပါတယ်။ သူတို့ စက်ယန္တရား အကူအညီနဲ့ သုံးလကြာ ပြုပြင်နေတာ အလတ်စားကျောင်း ဆောင်တစ်ခု မပြီးသေးပါ။ လက်နဲ့ တည်ဆောက်ခဲ့ကြတဲ့ ခမာတွေ ဆိုရင်တော့ တွက်သာကြည့်ကြပေတော့။

အန်းကောထုံကို သွားရာလမ်းက နဂါးတံတားတွေကို မြင်တော့

www.burmeseclassic.com





ကျွန်တော်တို့ဆီမှာ ရှိတဲ့ အင်းဝက 'မောင်အိုတံတား'ကို ပြေးမြင်မိပါ တယ်။ ရှေးအခါက မြန်မာဗိသုကာ ပညာရှင်တွေဟာလည်း ခေသူတော့ မဟုတ်ပါ။ ယနေ့အထိ အကောင်းပကတိအတိုင်း တွေ့မြင်နေရတဲ့ မောင်အိုတံတားဟာ အုတ်တံတားထဲမှာတော့ အရှည်ဆုံး ဖြစ်တဲ့အပြင် ပြောင်မြောက်လှတဲ့ လက်ရာတွေကိုလည်း ရှုမြင်ခံစားနိုင်ပါတယ်။ ဘယ်လို ရှုထောင့်ကပဲကြည့်ကြည့် အဲဒီတံတားဆောက်ခဲ့တဲ့ ဗိသုကာ ပညာရှင်ဟာ မြောက်ဦးက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းတံတား ဆောက်တဲ့ ဗိသုကာပညာရှင်ထက်တော့ အများကြီးသာပြီး အသက် အန္တရာယ်ပိုပြီး လုံခြုံတယ်ဆိုရင် ဘယ်သူမှ မငြင်းနိုင်ပါ။

အန်းကောထုံကျောင်းတော်ကို ရောက်ခါနီး နှစ်ကီလိုမီတာခန့်မှာ ဧည့်သည်တွေ အပေါ့အပါးသွားဖို့ သန့်ရှင်းတဲ့ အိမ်သာတွေ ဆောက် ပေးထားတာဟာလည်း အင်မတန် ကောင်းတဲ့ စိတ်ကူးပါ။ ကျွန်တော်တို့ ဆီက အင်းဝမှာ ကမ္ဘာလှည့်ခရီးသည်တွေ အသွားများတဲ့ နာမည်ကျော် 'ဗားကရာ'ကျောင်းမှာ အိမ်သာမရှိတဲ့အတွက် ဧည့်လမ်းညွှန်တွေ အတော် ခေါင်းခဲရတဲ့နေရာပါ။ အနည်းအကျဉ်းရှိတဲ့ အိမ်သာကလည်း သော့ပိတ်ထားလေတော့ အမြင်မတော် ဆင်တော်နှင့် ခလောက်ဆိုသလို ဖြစ်ရတာပေါ့။ အလွန်လှပတဲ့ ရှေးဟောင်းသမိုင်းဝင် ကျောင်းကြီးကို လာလည်ကြတဲ့ဧည့်သည်တွေကတော့ ကျောင်းဝကနေ ဇင်ခြေး ကောက်ပြီး အပေ့ါသွားဖို့ အိမ်သာမရှိရတာဟာ အလွန် ရှက်စရာ ကောင်း ပါတယ်။

အဲဒီအိမ်သာစခန်းကနေ ငါးမိနစ်လောက် ကားနဲ့ သွားတဲ့အခါ နာမည်ကျော် 'အန်းကောထုံ' ကျောင်းတော်ကြီးကို ရောက်ပါတော့ တယ်။ ကျောင်းပရဝုဏ်ရဲ့အဝမှာ လေးမျက်နှာ နတ်ဘုရားရုပ်ကြီးရှိပြီး ပြိုပျက်ထားတာကို ပြန်ပြီး ပြင်ထားတာ ဖြစ်ပါတယ်။ မူလရုပ်ပွားတော်ကြီး ကို သဲကျောက်တုံးတွေနဲ့ တစ်ခုပေါ် တစ်ခု ထပ်တင်ပြီး အချိုးအစား ကျနစွာ တည်ဆောက်ထားပေမယ့် ပြန်လည် ပြုပြင်တဲ့ လက်ရာကမူ မူလလက်ရာကို မမီဘဲ ပြိုကျမှာ စိုးရိမ်တဲ့အတွက် ကျောက်တုံးတွေကို သံကြိုးနဲ့ ပတ်ချည်ထားတာကိုလည်း တွေ့ခဲ့ရပါတယ်။ အဲဒီဝင်ပေါက်က နေ ကျောင်းဝိုင်းထဲကို ဝင်သွားတဲ့အခါ အလွန် ကျယ်ဝန်းလှတဲ့ ကျောင်း ဝိုင်းနဲ့ မရေမတွက်နိုင်အောင် များပြားလှတဲ့ ကျောင်းဆောင် အပျက် အစီးတွေကို စိတ်မကောင်းစွာ တွေ့မြင်ရပါတယ်။

နာမည်ကျော် ရုပ်ရှင်မင်းသမီး 'အင်ဂျလီနာဂျိုလီ' ရိုက်ကူးခဲ့တဲ့ Tomb Rader ရုပ်ရှင်ကားဟာ အဲဒီကျောင်းတော်ကြီးအတွင်းမှာ ရိုက် ခဲ့တာပါ။ အလွန်ကြီးမားပြီး မြင့်မားလှတဲ့ လက်ပံပင်ကြီးတွေဟာ ကျောင်း ဆောင်အပျက်အစီးများနဲ့ ကျောက်တံတိုင်းတွေမှာ ပေါက်နေပြီး အဲဒီ အပင်ကြီးတွေကနေ ထွက်လာတဲ့ ရေသောက်မြစ်တွေဟာ ကျောင်း ဆောင်တွေနဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို တချို့တစ်ဝက် ဖုံးအုပ်နေတာဟာ ကမ္ဘာလှည့်ခရီးသည်တွေကို ဓာတ်ပုံရိုက်ချင်စိတ် တဖွားဖွားပေါ်လာ အောင် စွဲဆောင်နေပါတယ်။ ကျွန်တော်နဲ့အတူ ပါလာတဲ့ မြန်မာဧည့် သည်များဟာလည်း တခြား ကမ္ဘာလှည့်ခရီးသည်တွေနဲ့အပြိုင် ဓာတ်ပုံ ရိုက်ကြပါတော့တယ်။ ဓာတ်ပုံအရိုက်ဆုံး ပုဂ္ဂိုလ်ကတော့ PMG ကုမ္ပဏီ က ဦးသိန်းဝင်းပါ။ သူ့မှာပါလာတဲ့ Cannon အရွယ်အစား ကင်မရာ အကြီးကြီးနဲ့ စိတ်ကြိုက်ကို စိမ်ပြေနပြေ အားရအောင် ရိုက်ပါတော့ တယ်။

အန်ကောထုံကျောင်းတော်ကြီး နေလိုလသို့ [illegible] ကာလက ဒီကျောင်းတော်ကြီးမှာ သံဃာတော်တွေ [illegible]

www.burmeseclassic.com





စာပေကျမ်းဂန်တွေကို လေ့လာဆည်းပူးခဲ့ကြတဲ့အပြင် ကမ္ဘောဒီးယား တစ်နိုင်ငံလုံးကိုလည်း ဗုဒ္ဓသာသနာ လွှမ်းခြုံစေခဲ့ပါတယ်။ အဲဒီအစဉ် အလာကို ရိုက်ချိုးသူကတော့ ကမ္ဘောဒီးယားသမိုင်းမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ နာမည်ရင်း 'ဆလော့ဆာ' ခေါ် 'ပိုပေါ့'ပါ။ သူ့လက် ထက်မှာ သံဃာတွေဟာ အလုပ်မလုပ်ဘူး။ အဲဒီတော့ လူ့ပိုတွေပဲ ဖြစ်တယ်။ အားလုံး အလုပ်လုပ်ရမယ်ဆိုတဲ့ စီမံချက်နဲ့ အတင်းအဓမ္မ လူထွက်ခိုင်းပြီး အလုပ်ကြမ်းစခန်းတွေကို ပို့ပစ်ခဲ့ပါတယ်။ မထွက်ချင်တဲ့ သံဃာတွေဆိုရင် သတ်တောင်ပစ်ခဲ့တဲ့အတွက် 'ပိုပေါ့' ဟာ နောက်ဆုံးမှာ တော့ သံဃဘေဒက ကံထိုက်သွားခဲ့ရသူပါ။

သံဃာအတုအယောင်တွေကို နှိပ်ကွပ်ရင် ဘာမှမဖြစ်ပေမယ့် အစစ်အမှန် သံဃာတော်တွေကို အတင်း လူဝတ်လဲစေပြီး အကျဉ်းစခန်း နဲ့ အလုပ်ကြမ်းစခန်းတွေမှာ နှိပ်စက်ခဲ့သူတွေကတော့ ကမ္ဘောဒီးယား နိုင်ငံက ခမာနီတွေရဲ့ နိဂုံးမလှတဲ့ ဖြစ်ရပ်က သင်ခန်းစာယူစရာပါ။ သံဃာအစစ်အမှန်တွေကို ဒုက္ခမျိုးစုံ ပေးခဲ့တဲ့သူတွေကတော့ ကမ္ဘော ဒီးယားနိုင်ငံတွင်မက ကမ္ဘာမြေကြီးပေါ်မှာ တည်ရှိနေတဲ့ ဘယ်နိုင်ငံမှာမဆို ဘဝမကူးခင် ယခုလက်ရှိဘဝတွင်ပင် တွေ့သောအကျိုးပေးမှာ မြေကြီး လက်ခတ်မလွဲပါ။

တစ်ချိန်က သာသနာရောင် လွှမ်းခြုံပြီး အလွန်သာယာဝပြောခဲ့ တဲ့ အန်ကောထုံဟာ ခရစ်နှစ် ၁၄၃၁ နောက်ပိုင်းမှာ စိုးစံခဲ့ကြတဲ့ ခမာမင်း တို့အင်အား ဆုတ်ယုတ်လာတာကြောင့် ယိုးဒယားနိုင်ငံရဲ့ ကျူးကျော် မှုကို ခံရပြီး နိဂုံးချုပ်ခဲ့ရပါတယ်။ စစ်နိုင်သူ ယိုးဒယားဘုရင်တို့က အန် ကောထုံနဲ့ အန်းကောဝပ်ရှိ ရှေးဟောင်းခမာ ယဉ်ကျေးမှုလက်ရာတွေကို စစ်နိုင်တဲ့ အထိမ်းအမှတ်နဲ့ ယူဆောင်လာကြပြီး သူတို့ရဲ့ နေပြည်တော် မှာ ထိန်းသိမ်းခဲ့ကြပါတယ်။

ကာလဝိဘက် တခေါက်တက်ဆိုတဲ့ မြန်မာ့ဆိုရိုးစကားအတိုင်း ဟံသာဝတီဘုရင်က ထိုင်းနိုင်ငံကို သိမ်းပိုက်တဲ့အချိန် အဲဒီခမာလက်ရာ ကြေးရုပ်တွေကို ဟံသာဝတီ နေပြည်တော်ကို သယ်ဆောင်ခဲ့ပြန်တယ်။ အဲဒီကြေးရုပ်တွေဟာ ဟံသာဝတီကနေ ရခိုင်ကို ရောက်ပြီး နောက်ဆုံး မှာတော့ မန္တလေးမြို့က မဟာမြတ်မုနိဘုရားဝင်းအတွင်းမှာပဲ နောက်ဆုံး စခန်းချတာ အားလုံးအသိပါပဲ။

ဒီကြေးရုပ်တွေရဲ့ လက်ရာကို ကြည့်ရင် ခမာတို့ရဲ့ ကြေးသွန်းတဲ့ အတတ်ပညာဟာ အလွန်လက်ရာပြောင်မြောက်လှပါတယ်။ ခြေသေ့တွေ ရဲ့ ကိုယ်နေဟန်နဲ့ လည်ဆံမွေးတွေဟာ အလွန်အသေးစိတ်တာကို တွေ့ နိုင်ပါတယ်။ ပုဂံခေတ် မြန်မာနိုင်ငံမှာ အဲဒီလောက် ကြီးမားပြီး လက်ရာ ကောင်းမွန်လှတဲ့ ကြေးသွန်းရုပ်ထုဟာ အင်မတန် ရှားပါတယ်။

'အန်းကောထုံ' ကျောင်းတော်နေရာဟာ တောကြီးမျက်မည်းဖြစ် တာကြောင့် သားရဲတိရစ္ဆာန်တွေလည်း ရှိတာကို အဲဒီကျောင်းတော်နားက လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေက သက်သေပြနေပါတယ်။ ကလေးကစားတဲ့ ဒိုးပတ်နဲ့ အိုးစည်တွေကို ကျွန်တော်တို့ဆီမှာ နွားသား ရေနဲ့ ကျက်ကြပေမယ့် ကမ္ဘောဒီးယားမှာတော့ စပါးကြီးသားရေနဲ့ ကျက်ထားတာကို တွေ့ရပြန်ပါတယ်။ ကျွန်တော်တို့အဖွဲ့ထဲမှာပါတဲ့ ပခုက္ကူက ကိုတင်မောင်ဟန်က ဝယ်ဖို့ ဈေးဆစ်ပေမယ့် 'ဈေးမတည့် လို့ ထားခဲ့ရတယ်။

နေစောင်းလို့ အန်ကောထုံက ပြန်လာတဲ့အခါ ကမ္ဘောဒီးယားရိုး ရာအကနဲ့ ဖျော်ဖြေတင်ဆက်တဲ့ စားသောက်ဆိုင်မှာ ညစာ စားကြပါ တယ်။ အဲဒီစားသောက်ဆိုင်ဟာ ရန်ကုန်မြို့က ကရဝိက်စားသောက် ဆိုင်ထက် နှစ်ဆလောက် ပိုပြီး ကျယ်ပါတယ်။ ဒါပေမဲ့ အပြင်ပန်းအလှ ကတော့ ကရဝိက်က သာပါတယ်။ အလွန်စည်ကားလှတဲ့ စားသောက် ဆိုင်မို့ အချိန်ကွက်တိဖြစ်အောင် သွားရပါတယ်။ နောက်ကျရင်တော့ နေရာမရတော့ပါ။

ညစာ စားပြီးတဲ့အခါ ကမ္ဘာလှည့် မြန်မာခရီးသည်များ ညဈေး မှာ ဈေးဝယ်ထွက်သူက ထွက်၊ အနှိပ်ခံသူက ခံ၊ ဘီယာသောက်သူက သောက်နဲ့ ကမ္ဘာလှည့်ခရီးသည် စည်းစိမ်ကို တင်းတိမ်အောင် ခံကြပါ တော့တယ်။

စိုးရီ (Tourism)

www.burmeseclassic.com

Sun Flower
နေကြာပန်း

गुलाब फूल
GULAB
SOYA BARI

# အသားတုလုပ်ငန်း

ပရိုတင်းဓာတ်ကြွယ်ဝသော
ရာနှုန်းပြည့်သက်သတ်လွတ်
လူမျိုးဘာသာမရွေး စားသုံးနိုင်ပါသည်။

အသားတုကုန်ကြမ်းများလည်း ရရှိနိုင်ပါသည်။

- Wood Free Paper
- Copier Paper
- Duplex Paper

ပုံနှိပ်စက္ကူအမျိုးမျိုး ရောင်းသည်

Tel : 01-252862, 01-256427

www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်ခေါက် မန္တလေးသို့ရောက်သည့်အခါတွင် ဂေါ်ဝိန်ဆိပ်ကမ်းကို ကျွန်တော်သွားကြည့်ခဲ့သည်။ မိတ်ဆွေတစ်ယောက်က မန္တလေးမြင်ကွင်းတွင် နာမည်ကြီးလှသည့် စိန်ပန်းရပ်ကွက်က မုန့်တီဆိုင်ကို ခေါ်သွား သဖြင့် ဂေါ်ဝိန်ဆိပ်ကမ်းကို ရောက်ခဲ့ခြင်းဖြစ်ပါ၏။

စိန်ပန်းရပ်ကွက်သည် မင်းတုန်းမင်းတည်ခဲ့သည့် မန္တလေးရတနာပုံနေပြည်တော်၏ သက်တမ်းနှင့်အမျှ အိုမင်းသောရပ်ကွက်ဖြစ်သည်။ မင်းတုန်းမင်းသည် မန္တလေးကို တည်ထောင်စဉ်က ရပ်ကွက်ပေါင်း ၅၄

နဂိုအမည်ဖြင့် လူတော်တော်များများက သိနေကြပြီး ၁၆ ရပ်ကွက်

အမည်များလည်းပျောက်၊ နေရာလည်း ပျောက်နေပြီဟု ဦးမောင်မော

တင် (မဟာဝိဇ္ဇာ)က ဆိုသည်။ မန္တလေးရပ်ကွက် အမည်များကို အ

အစားခွဲကြည့်လိုက်သည့်အခါတွင် ရာဇဝင်အမည်ဖြင့်ပေးထားသေ

အမည်များ။ (ဥပမာ ဟေမာဇလ၊ ရတနာဘုမ္မိစသည်) အမှုထမ်းအမ


စွဲ ရပ်ကွက်များ။ (သုံးဆယ်မင်းသားဝင်း၊ ဝင်မှူးတော်ဝန်ထောက်ဝ

တော်ဆင့်မင်းဝင်း စသည်) လုပ်ငန်းအမည်စွဲ ရပ်ကွက်များ။ (ရွှေချည်

# ဗဟေသီတစ်ပါး၏

# ဂေါ်ဝိန်အလွမ်း

**မြသန်းတင့်**




[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



စာရှုသူများခင်ဗျား-

မြန်မာပြည်သည် ဖက်ဆစ်ဂျပန်လက်အောက်သို့ ကျရောက်ခဲ့သည်။ အင်္ဂလိပ်ကိုလိုနီဘဝနှင့်လည်း နှစ်ပေါင်း ၁၀၀ ကျော် နေခဲ့ရသည်။ ယခုအခါတွင်လည်း မိမိလူမျိုးကိုယ်တိုင် ဖိနှိပ်သော ကိုလိုနီစနစ်အောက်သို့ ကျရောက်နေပါသည်။ ဤအချိန်ကာလတွင် ဗြိတိသျှနယ်ချဲ့ဖိနှိပ်မှုနှင့် တိုင်းရင်းသားချင်း ကိုယ့်လူမျိုးချင်း ဖိနှိပ်မှုတို့ကို နှိုင်းယှဉ်ချိန်ထိုးအင်ဖြင့် သုံးသပ်သင်ခန်းစာယူနိုင်ရန် ဤဆောင်းပါးကို အမှတ်တရတင်ဆက်လိုက်ရပါသည်။

(အယ်ဒီတာ)



www.burmeseclassic.com

www.burmeseclassic.com



ကပ် တိုက်အနည်းငယ်မျှအပ စစ်ပြီးစကနှင့် ဘာမျှခြားနားခြင်းမရှိ။ မိုးတွင်းဆိုလျှင် ရေဝင်၍ ဗွက်ထူပြီး နွေနှင့်ဆောင်းဆိုလျှင် ဖုန်ပေါသည့် စိန်ပန်းဘဝမှာပင် ရှိသေးသည်။

ကျွန်တော်သည် စစ်ပြီးစက စိန်ပန်းရှိ အလုပ်သမားတွေထဲတွင် နေခဲ့ဖူးသည်။ မန္တလေးခရိုင် အလုပ်သမားများကို စည်းရုံးရေးတာဝန်ဖြင့် သူတို့ကြားထဲတွင် သွားနေရခြင်းဖြစ်၏။ ထိုစဉ်က ကျွန်တော်တို့သည် ဖဆပလအဖွဲ့များ၊ အလုပ်သမားအဖွဲ့များကို လိုက်လံဖွဲ့စည်းနေသည့် ကာလဖြစ်သည်။ သစ်စက်များတွင် သပိတ်တွေ တစ်လုံးပြီးတစ်လုံး ပေါ်ပေါက်ကာ အလုပ်သမား အခွင့်အရေးများကို တိုက်ပွဲဝင်နေကြသည့် အချိန်ဖြစ်သည်။ ထင်းဝင်း၊ ဂေါဝိန်၊ မရန်းခြံစသည့် ရပ်ကွက်တွေထဲက ကုန်တင်ကုန်ချ အလုပ်သမားများ၊ သစ်စက်အလုပ်သမားများ၊ သစ်ဖောင် အလုပ်သမားများ၏ အိမ်များတွင် နေခဲ့ရသဖြင့် စိန်ပန်းသည် ကျွန်တော် ကျက်စားခဲ့သည့်အရပ်တစ်ခုဟုလည်း ဆိုနိုင်ပါသည်။

ထို့နောက်တွင်ကား စိန်ပန်းကို တစ်ခေါက်မျှ ပြန်မရောက်တော့။ ယခုဆိုလျှင် နှစ်လေးဆယ်ကျော်သွားလေပြီ။

ကျွန်တော်တို့သည် နာမည်ကြီးလှသော စိန့်ပန်းမုန့်တီကိုစား သောက်ပြီးနောက် ဂေါဝိန်ဆိပ်ကမ်းသို့ လှည့်လာကာ ညောင်ပင်ကြီး အောက် အုတ်ခုံပေါ်မှာ ထိုင်ကြသည်။ ဂေါဝိန်ဆိပ်ကမ်းကား ခါတိုင်းလို အသွားအလာရှုပ်မြဲ။ ကမ်းပါးအောက်ခြေဆိပ်ကမ်းတွင် လှေကြီးတွေ ဆိုက်ထားသည်ကို မြင်ရသည်။ သူတို့နှင့် မလှမ်းမကမ်းတွင် ပြည်ကူးတို့



ဖန်းမော်ကူးတို့ စသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ကော်ပိုရေး ရှင်းပိုင် သင်္ဘောများကို မြင်ရ၏။ တစ်ခါကမူ ထိုနေရာသည် အထက် မြန်မာပြည်ကို သိမ်းရာတွင် ကြိုးပမ်းခဲ့သော ဧရာဝတီ ဖလုပ်တီးလား ကုမ္ပဏီ၏ အင်္ဂလိပ်ပိုင်သင်္ဘောများကို ဆိုက်ကပ်ရာ ဖြစ်ခဲ့သည်။

သီပေါဘုရင်နှင့် မိဖုရားတို့သည် မန္တလေးကို ဘယ်တော့မျှ ပြန် မလာသောသွားခြင်းဖြင့် သည်ဆိပ်ကမ်းမှပင် ဆင်းသွားခဲ့ကြသည်။ ထို့ကြောင့် ဂေါဝိန်ဆိပ်ကမ်းသည် ကျွန်တော့်စိတ်ထဲတွင် ကြေကွဲစရာ အတိတ်ဇာတ်လမ်းတစ်ခုကို ပြောနေသည်ဟု ထင်မိပါသည်။ ဂေါဝိန်ဆိပ် ကမ်းသည် မြန်မာ့ထီးနန်း ဆုံးရှုံးခန်းနှင့် ခွဲမရသော အရာဖြစ်နေပါသည်။

ကျွန်တော်သည် ဂေါဝိန်ဆိပ်ကမ်းအောက်ခြေကို လှမ်းကြည့်ရင်း ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ညနေ မိုးချုပ်စအချိန်ကို မြင်ယောင် နေသည်။

သည်နေရာတစ်ဝိုက်တွင် အင်္ဂလိပ်စစ်ဗိုလ်တွေ လက်ချင်းဆက်၍ ရပ်နေကြသည်။ ထို့နောက်နားတွင် မန္တလေးသူ မန္တလေးသားများသည် အရှင်နှစ်ပါး ပါတော်မူခန်းကို ညှိုးငယ်စွာဖြင့် ကြည့်နေကြသည်။ အချို့က တက်ခေါက်လျက်၊ အချို့ငိုယိုလျက်၊ အချို့က ဝေခွဲမရသော ခံစားချက် ဖြင့် မျှော်ကြည့်လျက် အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးက ဟာရီကိန်းမုန့်အိမ်ကို လက်တစ်ဖက်ကဆွဲပြီး တစ်ဖက်က လမ်းပြနေသည်။ ဆင်ဗရောင်စလွယ် ကိုပတ်၍ ခါးတွင် သေနတ်ထိုးထားသည့် အင်္ဂလိပ်အရာရှိတစ်ဦးက ကုန်းပေါင်ပေါ်သို့တက်ရန် အရှင်နှစ်ပါးကို လက်ဟန်ခြေဟန် မဝံ့မရဲဖြစ် နေသည့်နှယ် ဆုတ်ဆိုင်းနေသည်။ စုဖုရားလတ်သည် မဝံ့မရဲဖြစ်နေသော သီပေါမင်း၏ ဖြစ်နေပုံကို အားမရဟန်ဖြင့် ရှေ့သို့တက်လာကာ ကလေး ငယ်တစ်ယောက်ကို လက်ဆွဲခေါ်သည့်နှယ် သီပေါမင်း၏ လက်ကိုဆွဲကာ ရဲရင့်တည်ကြည်သော မျက်နှာထားဖြင့် ကုန်းပေါင်ပေါ်သို့ တက်လာခဲ့ သည်။

ကျွန်တော်သည် ပါတော်မူညက စုဖုရားလတ်၏ အမူအရာကို ထိုသို့ မြင်နေပါသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က မန္တလေးကို ပြန်ကြည့်လိုက် သည့်အခါတွင် တချို့ရုပ်ပုံလွှာများသည် ပီသခြင်းမရှိကြတော့။ ပဒေသရာဇ် မန္တလေး၏ နောက်ဆုံးနေ့ ပန်းချီကားသည် မှုန်ဝါးစပြု လေပြီ။ တချို့ နေရာများတွင် ပင့်ကူမြှေးတို့ ယှက်သန်းနေကြလေပြီ။ နှစ်တစ်ရာကို ကျော်ကြည့်လိုက်သည့်အခါတွင် ပဒေသရာဇ် မန္တလေးကို ဝိုးတိုးဝါးတားသာ မြင်ရတော့သည်။ သို့ရာတွင် တခြားသော ရှုခင်းများ၊ တခြားသော ရုပ်ပုံလွှာများ၊ တခြားသော စုတ်ချက်များ မှုန်ဝါးကောင်း မှုန်ဝါးမည်။ စုဖုရားလတ်၏ ရုပ်ပုံကား မှုန်ဝါးခြင်းမရှိ။ ပဒေသရာဇ် မန္တလေးတည်းဟူ သော မှိန်ဖျော့ပြနေသည့် ကတ္တီပါကားကြီးပေါ်တွင် စုဖုရားလတ်၏ ရုပ်ပုံလွှာသည် စိန်တစ်ပွင့်လို တောက်ပနေဆဲဖြစ်သည်ဟု ကျွန်တော် ထင်မိပါသည်။

မျိုးဆက် သုံးလေးဆက်မျှသော အနောက်တိုင်း သမိုင်းဆရာများ၊ မှတ်တမ်းဆရာများသည် သီပေါမင်းကို ယစ်ထုပ်ကြီးသဖွယ် ရေးခဲ့ကြပြီး စုဖုရားလတ်ကိုလည်း မိန်းမဆိုးကြီးတစ်ယောက်ပမာ ရေးခဲ့ကြ၏။ (ဒေါ်မို သီဝုဒ်မင်း၊ ဟယ်လင်ထရေဂါနှင့် ဆားကစ်ဟန်ဖ်တို့လောက်သာလျှင် ချွင်းချက်ထား၍ ရနိုင်လိမ့်မည် ထင်ပါသည်) ဗိုလ်ချုပ် ပရင်ဒါဂတ်စ် ကွပ်ကဲသည့် တစ်သောင်းငါးထောင်သော အင်္ဂလိပ်တပ်ကြီးသည် အထက် မြန်မာပြည်ကို စစ်ကြေညာ၍ တိုက်ခဲ့သည့်နည်းတူ ဟာဖေး အမျိုးပြုသော အနောက်တိုင်း သမိုင်းဆရာအုပ်ကြီး တစ်အုပ်လုံးသည် စုဖုရားလတ်ကို စစ်ကြေညာခဲ့ကြပါသည်။ သူတို့သည် စုဖုရားလတ်ကို ရှုပ်ပုပ်များဖြင့် ဝိုင်းပက်ခဲ့ကြပါသည်။

မန္တလေးသိမ်းပိုက်ရေးတပ်များနှင့်အတူ လိုက်ပါလာသော နိုင်ငံ ရေး အရာရှိကာနယ်စလေဒင်က စုဖုရားလတ်အား 'ဆိုဖီယာ ဆလီနာ' ဟု ခေါ်ခဲ့လေသည်။ ဤသို့ဖြင့် ကာနယ်စလေဒင်သည် စုဖုရားလတ်အား ကမ္ဘာ့သမိုင်းတွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော မက်ဆာလီနာ၊ အဂ္ဂ ရစ်ပီနာ၊ မေရီအင်တွိုင်းနက်စသည့် ဘုရင်မများနှင့် တစ်တန်းတည်း ထားခဲ့လေသည်။ သီပေါမင်း၏ အမှားဟူသမျှသည် စုဖုရားလတ်ကြောင့် သာလျှင်ဖြစ်ကြောင်း၊ စုဖုရားလတ်သည် အစစအရာရာကို ချုပ်ကိုင်ထား ကြောင်း၊ အခွန်တော်ငွေများနှင့် တခြားသော အရင်းအမြစ်ပစ္စည်းများ အားလုံးကို သူထံဆက်သရကြောင်းဖြင့် စလေဒင်က ရေးခဲ့သည်။ အိန္ဒိယ ဘုရင်ခံချုပ်ကတော် လေဒီဒပ်ဖရင်က "စုဖုရားလတ်ဟာ သူသဘောကျ ပြီဆိုရင် အဲဒီလူကို ချစ်တော့တာပဲ။ သူ သဘောမကျတော့ဘူးဆိုရင် အဲဒီလူကို သတ်ပစ်လိုက်တော့တာပဲ"ဟု ရေးခဲ့သည်။ အက်စ်ဖို သာသနာပြုဆရာ ဒေါက်တာမက် (ဆရာမှတ်)က "ကျွန်ုပ်သည် သူ (စုဖုရားလတ်)ကို ကလေးဘဝကတည်းကပင် သိရှိခဲ့ပြီး ရက်စက်၍လက် စားချေတတ်သော သဘောရှိကြောင်းကို တွေ့ခဲ့ရသည်။ သူ့မယ်တော်

www.burmeseclassic.com

www.burmeseclassic.com



(ဆင်ဖြူမရှင်)သည် စုဖုရားလတ်၏ ချွတ်ယွင်းချက်ကိုသိသည့်တိုင် ချစ်လျှပြုခဲ့သည်။ တစ်နေ့သ၌ ကျွန်ုပ်နှင့် ဆင်ဖြူမရှင်တို့ စကားပြောနေကြစဉ် ဆင်ဖြူမရှင်က (ဟုတ်တယ်၊ သမီးတော်ဟာ တော်တော်ဆိုးတဲ့ သူငယ်ကလေး)ဟုဆိုကာ သူ့သမီးတော်ကို ချစ်ခင်သောအားဖြင့် ဘုရင်ညီလိုင်နာမ်စားဖြင့် မပြောဘဲ ပုဂ္ဂလိုင်နာမ်စားဖြင့် ပြောသည်။

စုဖုရားလတ်သည် ငယ်စဉ်ကတည်းကပင်လျှင် ငှက်ကလေးများကိုဖမ်းကာ အတောင်အလက်တို့ကို နှိုးဖွဲ့ဆုတ်ဖြုပစ်တတ်သည်။ ဤသို့ ရက်စက်သောနည်းဖြင့် စုဖုရားလတ်သည် အပျင်းဖြေလေ့ရှိသည်''ဟု စုဖုရားလတ်အား 'ဆဲဒစ်'တစ်ဦးဖြစ်လေဟန်ရေးခဲ့သည်။ ဆွေတော်မျိုးတော်များအား သတ်ဖြတ်သည့်ကိစ္စတွင် စုဖုရားလတ်သည် တာဝန်ရှိသူဖြစ်ကြောင်း၊ သီပေါမင်းနှင့် စုဖုရားလတ်တို့သည် ဆွေတော်မျိုးတော်များအား သတ်ဖြတ်မှုနှင့် 'ကလေးငယ်များအား ခုတ်တုံးကြီးဖြင့် ကိုင်ရိုက်သည့်ကိစ္စ'ကို ဩဘာပေးခဲ့ကြကြောင်းဖြင့် အဲက်တာမတ်က ရေးခဲ့သည်။ အပျိုတော်တစ်ဦးက ပြန်ပြောဟန်ဖြင့် ရေးထားသည့် ဖီးလဒင်းဟော၏ ရေးသားချက်တွင်လည်း 'မိဖုရားခေါင်ကြီးဟာ မာနလည်းကြီးတယ်၊ အလိုလည်းကြီးတယ်၊ အချစ်လည်းကြီးတယ်၊ မျှော်မှန်းချက်လည်း ကြီးတယ်။ မိဖုရားခေါင်ကြီးဟာ လှတော့မလှဘူး။ ဒါပေမဲ့ မိဖုရားကြီး မဟုတ်လား။ မျက်လုံးတွေကတော့ တော်တော်ထူးခြားတယ်။ သူ့လို မျက်လုံးမျိုးရှိတဲ့သူရယ်လို့ ခပ်ရှားရှားပဲ။ သူ့မျက်လုံးတွေဟာ ပြူးကျယ်ပြီး အံ့ဩစရာကောင်းတယ်။ မည်းမှောင်တောက်ပြောင်နေတဲ့ ရေအိုင်များလိုပဲ။ ဒါပေမဲ့ ဒီရေအိုင်ထဲမှာ လူတိုင်းကို ကြောက်လန့်တုန်လှုပ်စေတဲ့ မီးလျှံတောက်နေတယ်။ သူ့ကိုမြတ်နိုးသူတွေအဖို့တော့ သူ့အပြုအမူတွေဟာ ပဥ္စလက်ဆရာရဲ့ ညို့ယူဖမ်းစားတတ်တဲ့ မန္တန်လိုပေါ့။ သူ့အသံဟာ တိတ်ဆိတ်နေတဲ့ ညနေခင်းရေပြင်ကို ဖြတ်သန်းလာတဲ့ ငွေမောင်းသံလို သာယာကြည်လင်တယ်။ သူ့ကိုချစ်တဲ့သူက သေတစ်ပန် သက်တစ်ဆုံး ချစ်ကြပြီး မုန်းတဲ့သူကလည်း သေမင်းကို ကြောက်သလို ရွံ့မုန်းကြတယ်။ စုဖရားလတ်ဟာ အလွန်မာနကြီးပြီး အလွန်ရက်စက်တယ်။ သူမုန်းပြီဆိုရင် အဲဒီလူကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူး''ဟု ရေးခဲ့သည်။

ဖူးကားသစ်ကုမ္ပဏီပိုင်ရှင်၏ သားဖြစ်ပြီး ရန်ကုန်တွင် ဝတ်လုံလိုက်ခဲ့သည့် ဖူးကားက ''စုဖုရာလးလတ်သည် အကျဉ်းခံနေရစဉ်မှာပင် စိတ်ဓာတ်ညှိုးငယ်ခြင်းမရှိ။ သူနှင့်ဆက်ဆံနေသော အရာရှိများအား ပြင်းထန်စွာ မောင်းမဲတတ်သည်''ဟု ရေးခဲ့သည်။

သမိုင်းပါမောက္ခဟောင်းဒေးဆိုင်းက 'စုဖုရားလတ်သည် ရန်ကုန်တွင် နေ့စဉ်ဝတ်ဖြူစင်ကြယ်ကိုသာ ဝတ်လေ့ရှိသည်။ သို့ဝတ်ခြင်းမှာ ယခင်ကထက်စဉ်က သူပြုခဲ့သော မကောင်းမှုများအတွက် နောင်တသံဝေဂရသည့်အတွက် ထိုသို့ ဝတ်ခြင်းဖြစ်သည်ဟု ပြောကြသည်။ အသတ်ခံရသူတို့၏ သွေးစကများနှင့် မယ်တော်နှင့် အစ်မတော်၊ ညီမတော်တို့အပေါ်တွင် သူပြုမူခဲ့ပုံများသည် ပြေပျောက်သွားလိမ့်မည်။ အလှူဒါနပြုခြင်းအားဖြင့် သူ၏ မကောင်းမှုများသည် ပြေပျောက်သွားလိမ့်မည်ဟု စုဖုရားလတ် မျှော်လင့်ခဲ့သည်'ဟု ရေးခဲ့၏။ စုဖုရားလတ်သည် သီပေါမင်းက မျက်စိကျသဖြင့် တော်ကောက်ခံရသော အပျိုတော်များ၊ မိဖုရားငယ်များကိုလည်း ရက်စက်စွာ ဖျောက်ဖျက်ပစ်ခဲ့သည်ဟု ရေးခဲ့ကြသည်။ တဲင်နီ ဆန်ဂျက်ဆီကဆိုလျှင် အင်္ဂလိပ်၏ ရာဇသံကို အကြောင်းပြန်ကြားရန် စည်းဝေးသည့် သီပေါမင်း၏ စစ်ကြေညာရေး အစည်းအဝေးတွင် စုဖုရားလတ်ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း၊ ထိုအစည်းအဝေး၌ စစ်မတိုက်ရန် ကန့်ကွက်ခဲ့ကြသော မယ်တော် (ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးကို ယိုးစွပ်ကာ) ကင်းဝန်မင်းကြီးဟာ မိန်းမတောင်ယူဖို့ မကောင်းဘူး။ ယောက်ျားမဟုတ်ဘူး။ ထဘီနဲ့ယပ်တောင် ယူခဲ့ကြစမ်း''ဟု ခိုင်းကြောင်း ဖြင့် ရေးသားသည်။ သီပေါမင်း၏ မန္တလေးခေတ်ကို 'ထဘီအုပ်စိုးမှု'ဟူ၍ လည်း ရေးခဲ့လေသည်။

တစ်ဖန် ရတနာဂီရိမှ ပြန်လာပြီး ရန်ကုန်မြို့သို့ရောက်နေသည့် စုဖုရားလတ်အား ကုလားဝန်သမီး ဆီလာအာရတွန်က သွားရောက်တွေ့ဆုံခန်းကိုလည်း တင်နီဆင်ဂျက်ဆီက ဤသို့ရေးသားသည်ကို တွေ့ရ၏။

''ကိုယ်လည်း မိဖုရားခေါင်ကြီးဆီကို ရည်ရွယ်ချက်နှစ်ခုနဲ့ရောက်သွားခဲ့တယ်။ တစ်ခုကတော့ ကိုယ်သွားတဲ့အတွက် ကိုယ်တို့အစိုးရအတွက် အသုံးကျလိုကျငြားဆိုတဲ့ ရည်ရွယ်ချက်နဲ့ နောက်တစ်ခုကတော့ သူစားထက်ခဲ့တုန်းက ကိုယ်တို့တစ်တွေ မတရား အလုပ်ခံရတာတွေကို ပြန်ပြောပြဖို့ဆိုပြီးသွားတာပါ။ မိဖုရားခေါင်ကြီးဖို့ ပန်းတွေနဲ့ သစ်သီးတွေလည်း လက်ဆောင်အဖြစ် ယူသွားပါတယ်။ အစိုးရက သူ့အကြွေးတွေကို မကြာခဏ စိုက်စိုက်ဆပ်နေပေမယ့် မိဖုရားခေါင်ကြီးက အသုံးအဖြုန်းကြီးတုန်းပဲ။ ခုတစ်ခါ အသုံးကြီးတာကတော့ ဘာသာရေးဘက်မှာ လှူရ တန်းရလို့ အသုံးကြီးတာပါ။

''သွားတုန်းကတော့ ကိုယ်တို့ကို ရက်ရက်စက်စက် ဖမ်းဆီးချုပ်နှောင်ခဲ့တဲ့အတွက် အပြစ်တင်မလို့သွားတာတဲ့။ ဒါပေမဲ့ သူ့ဆီရောက်တော့ သနားတာနဲ့ အပြစ်မတင်ရက်တော့ပါဘူး။ မိဖုရားခေါင်ကြီးဟာ တော်တော်စိတ်ကျသွားရှာပြီ။ တည်ငြိမ်နူးညံ့သွားပြီး တော်တော်လည်း အိုရှာပြီ။ သွားတွေကလည်း တစ်ချောင်းမှမရှိတော့ဘူး။ စားထက်တုန်းကနဲ့တော့ လုံးလုံးမတူတော့ဘူးလေ။ ကိုယ့်မျက်စိထဲမှာ မိဖုရားခေါင်ကြီးရဲ့ ငယ်ငယ်တုန်းက ကျက်သရေရှိတဲ့ ကိုယ်ဟန်၊ ပေါက်တော့မယ့်မြွေရဲ့ မျက်လုံးများလို တောက်ပမည်းနက်နေတဲ့ မျက်လုံးတွေ၊ နာခံမယ့်သူကို အမိန့်ပေးဖို့၊ ဆန့်ကျင်အာခံမဲ့သူကို နှိပ်ကွပ်ဖို့ လူတိုင်းရဲ့ မျက်နှာကို လှမ်းကြည့်နေတဲ့အကြည့်ကို မြင်ယောင်နေတယ်။ သူ့ကိုမြင်ရတော့ ကိုယ် လည်း ဒေါသတွေပျောက်ကုန်ပြီး သနားသွားတယ်။

''မိဖုရားခေါင်ကြီးဟာ ခုအချိန်မှာ ထဘီဖြူ၊ အင်္ကျီဖြူ၊ ပဝါဖြူတို့ကို ဝတ်ဆင်ပြီး ဘာသာတရားကို တော်တော်ကိုင်းရှိုင်းနေတယ်။ ကိုယ်တို့ ဗရင်ဂျီဘာသာဝင်တွေလို တစ်နေ့တစ်နေ့မှာ ပုတီးကိုပဲ စိပ်နေတော့တာပဲ။ ကိုယ့်ကိုတွေ့တော့ သေသေချာချာ စိုက်ကြည့်ပြီး ''ငါက နင်သေပြီး နင့်အစ်မတွေ ကျန်ရစ်ခဲ့တယ်လို့ ထင်နေတာ'' လို့ ပြောတယ်။ ဒီတော့ ကိုယ်က 'မဟုတ်ပါဘူး ဘုရား။ သူတို့ သေကုန်ပြီး ကျွန်မတစ်ဦးတည်း ပဲ ကျန်ခဲ့တာပါ''လို့ လျှောက်လိုက်တယ်။ မိဖုရားခေါင်ကြီးဟာ ကိုယ် မသေဘဲ ကျန်ရစ်လို့ အံ့အားလည်းသင့်၊ စိတ်လည်းပျက်သွားပုံရတယ်။ အတန်ကြာတော့မှ ကိုယ့်ကိုတွေ့ရလို့ ဝမ်းသာတဲ့အကြောင်း ပြောပြ တယ်။ နောက်တော့ ကိုယ်တို့နှစ်ဦးဟာ ရွှေနန်းတော်ကြီးထဲတုန်းက ပျော်ပျော်ပါးပါး နေခဲ့ကြတာတွေကို စမြုံ့ပြန်မိကြတယ်။ သူ့မှာ အရင်တုန်း ကလို မနာလိုဝန်တိုမှုတွေ မရှိတော့တဲ့အကြောင်း၊ တစ်ဖက်သားအပေါ်မှာ အကောက်ကြံချင်တာမျိုးတွေ မရှိတော့တဲ့အကြောင်း၊ ရွှေနန်းတော်ကြီးထဲတုန်းကဆိုရင်လည်း ဝိတိုရိယဘုရင်မကြီးလို ညစ်ညမ်းတဲ့ ပြက်လုံး တွေ မပြောဆိုဖို့နဲ့ လျှပ်ပေါ်တဲ့ အဝတ်အစားတွေကို ဝတ်စားဆင်ယင်ခြင်း မပြုဖို့ အမြဲတမ်း တားဆီးပိတ်ပင်ခဲ့တဲ့အကြောင်းတွေကို ပြောပြတယ်။ ကိုယ့်ယောက်ျားလစာ ဘယ်လောက်ရသလဲလို့မေးလို့ ကိုယ်က ပြောလိုက် တော့ နင့်ယောက်ျားက သူဌေးပဲ၊ ငါ့ဒိုးပိုက်ဆံချေးစမ်းလို့ ပြောတယ်။

''မိဖုရားခေါင်ကြီးဟာ ပိုက်ဆံသုံးတဲ့နေရာမှာတော့ အရင်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ။ သူ့မှာ အသုံးအဖြုန်းများလွန်းတော့ ပိုက်ဆံရှိတဲ့အခါရယ်လို့ကို မရှိဘူး။ ဒီမှာတင် ကိုယ့်မလည်း သူဖမ်းတိုက်ဆံချေးတာကို မနည်းလွတ်အောင် ရှန်းထွက်ပြီး ကိုယ့်ယောက်ျားမှာ သူ့ဘက်က ဆင်းရဲတဲ့ ဆွေမျိုးသားချင်းတွေကို ထောက်ရတဲ့အကြောင်း။ ကိုယ်တို့ပစ္စည်းတွေကိုလည်း မိဖုရားခေါင်ကြီးအမိန့်အရ တိုင်တားမင်းကြီးက သိမ်းဆည်းသွားလိုက်တဲ့အကြောင်းကို ပြောပြတယ်။ ဒီတော့ မိဖုရားခေါင်ကြီးက ဝန်ကြီးတွေဟာ ဒီလိုပဲတဲ့။ သူတို့လုပ်ချင်ရာတွေကိုလုပ်ပြီး ဘုရင်နဲ့မိဖုရားကို အပြစ်ပုံချတာ ချည်းပဲလို့ ပြောတယ်"

စုဖုရားလတ်အကြောင်းကို အဓိကထားရေးသည့် စာအုပ်နှစ်အုပ်မှာ တင်နီဆင်ဂျက်ဆီ၏ 'ယွန်းခင်ခင်' နှင့် 'သီပေါ၏မဟေသီ' တို့ ဖြစ်သည်။ 'သီပေါ၏မဟေသီ' ကို မြန်မာပြည်တွင် အရာရှိလုပ်သွားခဲ့သည့် အင်္ဂလိပ်လူမျိုး ဗီးလဒင်းဟောက ရေးခဲ့သည်။ ဗီးလဒင်ဟောသည် အခြားသော အနောက်တိုင်းသားများလောက် မြန်မာတို့ကို ဆိုးဆိုးရွားရွား မရေးသည့်တိုင် သူသည်လည်း မက်ထရိုပိုလီတန် တိုင်းကြီးပြည်ကြီးသား အမြင်ဖြင့် မြန်မာတို့အပေါ်တွင် အပေါ်စီးမှ ရေးခဲ့လေသည်။

ဗီးလဒင်းဟောက သီပေါမင်းနှင့် စုဖုရားလတ်တို့ နန်းတက်ပုံကို ရေးရာ၌ 'ဤကလေးများ (သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဆိုလိုသည်) သည်ကံတရားက ရာဇပလ္လင်ပေါ်သို့ ပစ်တင်လိုက်သော ကလေးများသာ ဖြစ်ပြီး ကစားမြူးတူးနေသော မဟာမျိုး မဟာနွယ်များသာ ဖြစ်သည်။ သူတို့သည် ရာဇပလ္လင်၏ ခြေရင်းတွင် ကစားနေကြခြင်းသာ ဖြစ်၏။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေကြခြင်း မဟုတ်ချေ' ဟု ရေးခဲ့သည်။

'သူ့နန်းတွင်းဘဝတစ်လျှောက်လုံး၌ စုဖုရားလတ်သည် ရန်သူများလက်သို့ မိမိ၏ အာဏာပါမသွားအောင်၊ အငယ်အနှောင်းတို့ဘက်သို့ မိမိချစ်သူ ပါမသွားအောင် တစ်လျှောက်လုံး ကြိုးစားခဲ့ရသည်။ စုဖုရားလတ်သည် ထိုအရာနှစ်ခုစလုံးအတွက် အဆုံးတိုင် ကြိုးစားသွားခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်လောက်က အခြေအနေမျိုးတွင်သာ သက်ရှိထင်ရှားဖြစ်ခဲ့လျှင် စုဖုရားလတ်သည် ကမ္ဘာ့သမိုင်းတစ်လျှောက်ရှိ ကြီးမြတ်သော မဟေသီများအနက် တစ်ပါးအဖြစ် ဥဒါန်းတွင်၍ ကျန်ရစ်ခဲ့ပေလိမ့်မည်။ သို့ရာတွင် စုဖုရားလတ်သည် အချိန်အလွန်နှောင်းမှ လူဖြစ် လာခဲ့ရလေပြီ' ဟု လိမ္မာပါးနပ်စွာ ရေးခဲ့သည်။

ဗီလဒင်းဟောသည် စုဖုရားလတ်၏ အကြောင်းကို ရေးရာတွင် အပျိုတော်တစ်ယောက်ထံမှမေးပြီး သူ့အပြောဖြင့် ပြန်ရေးထားခြင်း ဖြစ်၏။ သူ့စာအုပ်အလိုအရ အပျိုတော်မှာ သီပေါမင်းနန်းတက်ပြီး နှစ်နှစ်အကြာတွင် ရွှေနန်းတော်ကြီးထဲသို့ ရောက်လာခြင်းဖြစ်သည်။ သူ့အပျိုတော်အဖြစ် ခစားစဉ်က အသက်ကိုးနှစ်မျှသာရှိလျက် ထားဝယ်မှ တရုတ် အမျိုးသား ကုန်ထရိုက်တာတစ်ဦး၏ သမီးဖြစ်သည်ဟု ဆိုသည်။ ဗီလဒင်း ဟောသည် သူ့ပြောဟန်ဖြင့် 'သီပေါ၏မဟေသီ' ကို ရေးထား ခြင်းဖြစ်သည်။

'သီပေါ၏မဟေသီ' သည် စုဖုရားလတ်၏အကြောင်းကို ရေးရာတွင် အသက်ဝင်ဆုံး ရေးထားသည့်ဝတ္ထုဖြစ်သည်။ ဆွေတော်မျိုးတော်များကို သတ်ဖြတ်သည့်ကိစ္စနှင့် ပတ်သက်ပြီး ဗီးလဒင်ဟောက–

"ဆွေတော်မျိုးတော်တို့ကို သတ်ဖြတ်သည့်ကိစ္စနှင့် ပတ်သက်၍ မည်သူ့တွင် တာဝန်ရှိသည်ကိုမူ ကျွန်ုပ်မပြောနိုင်ပါ။ ယခုမှ လိုက်လံစုံစမ်းနေ၍လည်း မည်သို့အကျိုးထူးတော့မည်နည်း။ သို့ရာတွင် ငယ်ရွယ် သည့် ဘုရင်နှင့် သူ့မဟေသီဖြစ်လာမည့် မိန်းမပျိုတို့တွင်မူ အပြစ်မရှိ ဟု ကျွန်ုပ်ယုံကြည်ပါသည်' ဟု ရေးခဲ့သည်။

စုဖုရားလတ်ကို သက်သက်ညှာညှာ၊ လျှော့လျှော့ပါးပါးရေးသူမှာ သူတစ်ယောက်တည်းသာ ရှိပါသည်။ သို့တိုင်အောင် အပေါ်စီးမှ ရေးခဲ့ခြင်းဖြစ်ပါသည်။ အခြားသော အနောက်တိုင်းဆရာ၊ မှတ်တမ်းဆရာတို့ကား စုဖုရားလတ်ကို မိန်းမကြမ်းကြီး၊ သွေးဆာနေသည့် ဘီလူးမကြီး အဖြစ် ရေးခဲ့ကြသည်။ သူတို့၏ ရေးသားချက်နှင့် ပါးစပ်ရာဇဝင်တို့ ပေါင်းလိုက်သည့်အခါတွင် စုဖုရားလတ်သည် ကြောက်စရာမိန်းမကြမ်းကြီး ဖြစ်လာခဲ့လေသည်။

စုဖုရားလတ်သည် ၁၈၆၀ ခုနှစ်တွင်မွေးပြီး သီပေါမင်းထက် တစ်နှစ် ငယ်သည်။ နန်းတက်သည့်အချိန်သည် စုဖုရားသည် အသက် ၁၉ နှစ်မျှ သာ ရှိသေးလျက် နန်းကျမည့်အချိန်တွင် ၂၆ နှစ်သာရှိသေးရာ သူ့ရောက် ရှိနေသည့် အနေအထားနှင့်စာလျှင် အရွယ်ငယ်လွန်းနေသည်။ စုဖုရား လတ်သည် သီပေါမင်း အိမ်နိမ့်စံဘဝကတည်းက သီပေါမင်းနှင့် ရည်ငံနေ ခဲ့သည်ဟု အဆိုရှိရာ ထိုအရွယ်သည် အချစ်နှင့်ပတ်သက်၍ မနောလိုဝန်တို တတ်သည့်အရွယ်ဖြစ်သည့်အလျောက် သူ့မနောလိုဝန်တိုမှုကို အကျယ်အကျယ် ယိုးမယ်ဖွဲ့၍ အပြစ်မပြောသင့်၊ မြန်မာ့ထီးနန်းထုံးတမ်းစဉ်လာ မည်သို့ရှိစေ အိမ်နိမ့်စံဘဝကတည်းက ချစ်ခဲ့သူတစ်ဦး ဘုရင်ဖြစ်သည့်အခါတွင် သူသာလျှင် မိဖုရားခေါင်ကြီးဖြစ်လိုသည်မှာလည်း သဘာဝကျသည်သာ ဖြစ်သည်။ နောက်ပေါ်သည့် ရွှေကြာပင်တို့ကောင်းစားသည်ကို မည်သူရှုစိမ့်နိုင်မည်နည်း။

အနောက်တိုင်း သမိုင်းဆရာတို့သည် သီပေါမင်းအား ကမ္ဘာ့ရေးရာများတွင် ဘာမျှမသိသူ၊ နန်းတော်အပြင် လေးမိုင်လောက်သာ ရောက်ဖူးသူ၊ နန်းမြင့်မျှော်စင်မှ တက်ကြည့်၍ မြင်ရသည့် ရှုခင်းလောက်ကိုသာ ကမ္ဘာကြီးထင်နေသူဟု စွပ်စွဲရေးသားခဲ့ကြသည်။ စုဖုရားလတ်ကိုလည်း ကမ္ဘာကြီးအကြောင်းကို ဘာမျှမသိဘဲ တိုင်းရေးပြည်ရေးတွင် ဝင်ရှုပ်နေသူဟု ရေးခဲ့ကြသည်။ သို့ရာတွင် သူတို့စကားများအရ စုဖုရားလတ်သည် စည်းကမ်းကြီး၍ သီလသန့်ရှင်းရေးကို အလွန်ဂရုစိုက်သည့် ဝိတိုရိယ ခေတ်၏ ပျူရီတန်အစဉ်အလာများကို သဘောပေါက်သူဖြစ်ရာ ဤအချက်ကို ထောက်လျှင် စုဖုရားလတ်သည် သူတို့ပြောသလောက် ဗဟုသုတ ခေါင်းပါးသူတစ်ယောက် မဖြစ်နိုင်။ မှတ်တမ်းဆရာတို့အဆိုအရ စုဖုရားလတ်သည် သူ့နန်းတော်ထဲတွင် ဝိတိုရိယခေတ်၏စံများကို ထူထောင်ရန် စိတ်ကူခဲ့သည် မဟုတ်လော။

ယောက်ျားပီသ၍ အားနွဲ့သူကို သက်ညှာသောစိတ်မျိုး (ဂုလဲ့တရီ) ရှိသည်ဆိုသည့် အနောက်တိုင်း သမိုင်းဆရာတစ်အုပ်လုံးသည် အဘယ့်ကြောင့် အကာအကွယ်မဲ့သော မိန်းမသားတစ်ဦးဖြစ်သည့် စုဖုရားလတ်ကို ရှုံ့ဖြင့် ဝိုင်းပက်ခဲ့ကြသနည်း။ အဖြေမှာ ရှင်းပါသည်။


၁၉ ရာစုနှစ်သည် ပြောင်ကျသော လုယက်ရေးနယ်ချဲ့စနစ် အထွတ်အထိပ်ရောက်နေသောကာလဖြစ်သည်။ သူတို့သည် ကိုလိုနီတိုင်းပြည်များကို အကြောင်းအမျိုးမျိုးပြကာ လုယက်သိမ်းယူခဲ့ကြသည်။ သီပေါမင်း နန်းတက်စအချိန်၌ ပဒေသရာဇ်မန္တလေးသည် ဥရောပနိုင်ငံများနှင့် အဆက်အဆံများလာခဲ့သည်။ အီတလီနှင့် သဟာယမဟာမိတ်စာချုပ် ချုပ်ဆိုပြီးနေပြီ။ ပြင်သစ်နှင့် ကူးသန်းရောင်းဝယ်ရေး စာချုပ်ချုပ်ရန် ဆွေးနွေးပြီးပြီ။ ရုရှား ဇာဘုရင်နှင့် ချစ်ကြည်စွာ ဆက်ဆံကြရန် မင်းတုန်းမင်း ကမ်းလှမ်းထားပြီးပြီ။

အင်္ဂလိပ်သည် ပဒေသရာဇ် မန္တလေး၏ လှုပ်ရှားမှုကိုကြည့်၍ စိတ်မချမ်းမသာဖြစ်နေသည်။ ထိုအတောအတွင်း အင်္ဂလန်တွင် လစ်ဘရယ် ကတ်ဘိနက်ပြုသွားကာ ဒစ္စရယ်လီခေါင်းဆောင်သည့် ကွန်ဆာဗေးတစ် အစိုးရတက်လာခဲ့သည်။ ဒစ္စရယ်လီသည် မြန်မာပြည် သိမ်းပိုင်ရေးကို ကန့်ကွက်ခဲ့သည့် အိန္ဒိယဘုရင်ခံချုပ် နော့သ်ဘရွတ်ကို အရာမှ နုတ်ပယ်ကာ ပြင်းထန်သည့် နယ်ပယ်ချဲ့ထွင်ရေးဝါဒီတစ်ဦးဖြစ်သော လစ်တန်ကို ဘုရင်ခံချုပ်အဖြစ် ခန့်အပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





သန်ဒန်တွင် ဒစ္စရေလီ၏ ကွန်ဆာဗေးတစ်အစိုးရတက်လာခြင်းနှင့် လစ်တန် အိန္ဒိယ ဘုရင်ခံချုပ် ဖြစ်လာခြင်းတို့သည် အိန္ဒိယနှင့် မြန်မာပြည်ရေးရာများတွင် ကြီးစွာသော အပြောင်းအလဲများကို ပေါ်ပေါက်စေခဲ့သည်ဟု သမိုင်းဆရာတို့က ယူဆကြသည်။ ထို အချိန်တွင် ဗြိတိသျှတို့၏ ကျူးကျော်ရေး စစ်ပွဲများသည် အရေးနိမ့်နေ ချိန်ဖြစ်သည်။ ဇူးလူးစစ်ပွဲတွင် ရှုံးနေသည်။ သူတို့ဗိုလ်ချုပ် ဂေါ်ဒွင်သည် ဆူဒန်စဖားတွင် ကျဆုံးသွားခဲ့သည်။ သူတို့ ကျူးကျော်ရေးစစ်၏ သူရဲကောင်းဗိုလ်မှူး ကာဗက်နရီသည် အာဖဂန် နစ္စတန်တွင် အသတ်ခံလိုက်ရသည်။ ဗြိတိသျှ ခြင်္သေ့ကြီး၏ မျက်လုံး သည် နီလာခဲ့လေပြီ။ ထိုအတောအတွင်းတွင် ရန်ကုန်ရှိ ကုန်သည်ကြီး များအသင်းနှင့် လန်ဒန်ကုန်သည်ကြီးများအသင်းတို့က အထက်မြန်မာ ပြည်ကိုသိမ်းပြီး ပြောကြားသည့် ရန်းဒေါ့ချာချီ၏ မိန့်ခွန်းတွင် အထင်အရှား တွေ့နိုင်သည်။ "တိုင်းရင်းဘုရင် တစ်ပါး၏ မောက်မာမှုနှင့် ရက်စက်ရိုင်းပျမှု၊ ဗြိတိသျှသစ္စာခံလူမျိုးများအား ဖိနှိပ်မှု၊ ဗြိတိသျှတို့၏ ဘုန်းစည် ကူးသန်းရောင်းဝယ်ခြင်းကို ဟန့်တားမှု၊ နိုင်ငံခြား တိုင်းပြည်များ၏ ခြေပုန်းခုတ်မှုတို့သည် အထက်မြန်မာပြည်တွင် ထာဝရ ဇာတ်သိမ်းသွားခဲ့ကြလေပြီ" ဟု ရန်းဒေါ့ချာချီက ပြောခဲ့သည်။

ဗြိတိသျှတို့က အထက်မြန်မာပြည်ကို သိမ်းပိုက်လိုက်သည့်အခါတွင် အင်္ဂလိပ်သတင်းစာအချို့နှင့် အိန္ဒိယသတင်းစာအချို့က ကန့်ကွက်ရေး သားခဲ့ကြသည်။ မြန်မာပြည်စစ်ပွဲများနှင့် ပတ်သက်၍ ကားလ်မတ်သည် သည့် ပညာရှင်များကလည်း ကန့်ကွက်ရေးသားလေ့ကြသည်။ ကားလ် မတ်သည် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲကို တွေ့မြင်မသွားရသော်လည်း ပထမနှစ် ဒုတိယစစ်ပွဲတို့တွင် အင်္ဂလိပ်တို့ ပြုမူနေပုံများနှင့် ပတ်သက်၍ ကန့်ကွက်ရေးသားခဲ့သည်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ဒုတိယ အင်္ဂလိပ်- မြန်မာစစ်ပွဲတို့နှင့် ပတ်သက်၍လည်း ကားလ်မတ်၏ မှတ်စု တွင် အောက်ပါအတိုင်း တွေ့ရသည်။

၁၈၂၃။ ။ ရန်ကုန်ကို အင်္ဂလိပ်တို့ သိမ်းပိုက်သည်။ မြန်မာမြို့ စောင့်တပ်သည် အတွင်းဘက်သို့ ဆုတ်ခွာသွားသည်။ အင်္ဂလိပ်တပ်မှူး ဆာအယ်လိပ်ဇန်ဒါကင်းဗဲက မြို့နှင့်တကွ အနီးရှိခံတပ်များကို သိမ်းယူ သည်။ ထို့နောက် မြန်မာတို့ ကြာရှည်စွာ ခုခံလျက်ရှိရာ လေးမိုင်အကွာ ရှိ ကြည့်မြင်တိုင်ကိုသိမ်းသည်။ ရာသီဥတု မှုပြင်းသဖြင့် တပ်များကို တပ်စခန်းအတွင်းမှ ထွက်ခွင့်မပြု။ တပ်သားများအတွက် ရိက္ခာမလုံ လောက်။ ကာလဝမ်းရောဂါဖြစ်။

၁၈၂၄။ ။ ဒီဇင်ဘာလ။ ။ မဟာဗန္ဓုလသည် စစ်သည် ၆၀,၀၀၀ နှင့် ဆင်းလာကာ ကင်းဗဲ၏ တပ်များကိုတိုက်သည်။ အင်္ဂလိပ်တို့က မဟာဗန္ဓုလကို နှစ်ကြိမ်တိုင် တွန်းလှန်လိုက်သည်။ မဟာဗန္ဓုလ ဓနုဖြူ သို့ ဆုတ်ခွာသည်။ အင်္ဂလိပ်တို့က နောက်မှတက်ကြပ်လိုက်လံကာ မြို့ကို ဝိုင်းထားသည်။

၁၈၂၅။ ။ ဧပြီလ။ ။ အမြောက်ဆံထိသဖြင့် မဟာဗန္ဓုလ ကျဆုံးသည်။ ဓနုဖြူရှိ မြန်မာမြို့စောင့်တပ် လက်နက်ချသည်။ ကင်းဗဲ ရှေ့သို့ ဆက်လက်ချီတက်၍ ပြည်မြို့ကို အခုအခံမရှိသိမ်းသည်။ ပြည်တွင် တပ်နား၍ အာသံအခြေအနေကို စောင့်ကြည့်သည်။ ကား[illegible]

www.burmeseclassic.com



ကွပ်ကဲသည့် အင်္ဂလိပ်တပ်များက ရန်ပူနှင့် ဆီဟက်မြို့များကိုသိမ်းကာ မြန်မာတပ်တို့ကို မောင်းနှင်ထုတ်လိုက်သည်။

၁၈၂၅။ မေလ။ ။ မိုလ်ချုပ်မက်ဘင်းကွပ်ကဲသည့် အင်္ဂလိပ်တပ်များ အာသံမှ ရခိုင်ပြည်နယ်ထဲသို့ဝင်သည်။ မြန်မာတို့က တောင်ရိုးများပေါ်မှ ရဲရင့်စွာ ခုခံတိုက်ခိုက်ကြသည်။ နောက်ဆုံးတွင် အင်္ဂလိပ်တပ်များက အောင်နိုင်ပြီး မြေပြန့်သို့ ဆင်းလာကာ ရခိုင်မြို့တော်အနီးသို့ ရောက်ကြသည်။ အင်းဝ ရွှေနန်းနှင့် ဆွေးနွေးသော်လည်း အကျိုးမထူး။

၁၈၂၅။ နိုဝင်ဘာလ။ ။ ကင်းဗဲကွပ်ကဲသည့်တပ်များ အင်းဝသို့ ဆက်လက်ချီတက်။ မြန်မာတို့ဆုတ်ခွာ။

၁၈၂၆။ ။ ဖေဖော်ဝါရီလ။ ။ မြန်မာတို့နှင့် နှစ်ကြိမ်တိုက်ပွဲဖြစ်။ မြန်မာတို့ရှုံး။ အင်္ဂလိပ်များ ရန္တပိုသို့ရောက်။ အင်းဝနှင့် နှစ်ရက်ခရီးကွာ။ မြန်မာဘုရင်စေ့စပ်။

၁၈၂၆။ မြန်မာတို့နှင့် စာချုပ်ချုပ်။ မြန်မာဘုရင်က အာသံ၊ ရေး (တနင်္သာရီနယ်တစ်ခု) တနင်္သာရီနှင့် ရခိုင်တစ်စိတ်တစ်ဒေသကို ကုမ္ပဏီသို့ပေးအပ်။ ကချာပြည်နယ်အရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ စစ်စရိတ်ကုန်ကျငွေပေါင်တစ်သန်းပေးလျော်ရန်နှင့် အင်းဝနှင့် အင်္ဂလိပ်သံ ကိုယ်စားလှယ်ထားခွင့်ပြုရန် ကတိပေး။ (ထိုအင်္ဂလိန်လူထုက မကျေ နပ်။) ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲ ၁၈၅၂–၅၃။

၁၈၅၂–ခု ဧပြီလ ၁၂ ရက်နေ့တွင် စတင်ဖြစ်ပွား။ ၁၈၅၃ ခုနှစ် မတ်လ ၁၇ နှင့် ၁၈ ရက်နေ့ ဓနုဖြူတွင်ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စစ်ရပ်စဲ။ ၁၈၅၃ ခု၊ ဒီဇင်ဘာလ ၂၀– ရက်နေ့ ထုတ်ပြန်ကြေညာချက်ဖြင့် ပဲခူးနယ်ကိုသိမ်း။

အထက်ပါတို့မှာ ကားလ်မတ်က အင်္ဂလိပ်နှင့်မြန်မာတို့ ဖြစ်ပွားခဲ့သော စစ်ပွဲများနှင့် ပတ်သက်၍ ရေးခဲ့သည့် မှတ်စုများဖြစ်သည်။ ကားလ်မတ်သည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားလာမည့်အခါတွင် အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ကို အတိအလင်း ကန့်ကွက်ရေးသားခဲ့သည်။

ထိုအချက်များကိုကြည့်လျှင် အင်္ဂလိပ်တို့ မြန်မာပြည်သိမ်းရေး ရည်ရွယ်ချက်သည် အစကတည်းက ထင်ရှားနေသည်။ သူတို့သည် ကမ်း မြောင်ဒေသနှစ်ခုနှင့် အောက်မြန်မာပြည်ကိုသိမ်းပြီးနောက် အထက်မြန်မာ ပြည်ကိုသိမ်းရန် အကြောင်းရှာနေခဲ့ကြသည်။

ဗြိတိသျှ-အိန္ဒိယပြည်၊ အင်္ဂလန်ကျွန်းနှင့် ကမ္ဘာအနှံ့အပြားက လူထု များသည် အင်္ဂလိပ်၏ မြန်မာပြည်ကျူးကျော်ရေးစစ်ပွဲကို မနှစ်သက်ကြ။ ဤတွင် အင်္ဂလိပ်တို့သည် နိုင်ငံရေးအကြောင်းပြချက်များအပြင် မြန်မာ ဘုရင် မိသားစု၏ ကိုယ်ရေးကိုယ်တာ အကြောင်းပြချက်များကိုပါ ရှာဖွေ ကာ သီပေါမင်းနှင့် စုဖုရားလတ်တို့၏ အကျင့်သိက္ခာကို ညစ်နွမ်းအောင် ဖါခြဖြန့်ခဲ့ကြခြင်းဖြစ်လေသည်။ သီပေါဘုရင်၏ ကိုယ်ကျင့်တရားကို သာမက စုဖုရားလတ်၏ သိက္ခာကိုလည်း ရှုံ့ဖြင့်ပက်ခဲ့ကြသည်။

စုဖုရားလတ်သည် မနာလိုဝန်တိုအားကြီးသူဟု စွပ်စွဲခဲ့ကြ၏။ စုဖုရား လတ်သည် နန်းတက်သည့်အချိန်တွင် အသက် ၁၉ နှစ်သာရှိပြီး နန်းကျသည့်အချိန်တွင် အသက် ၂၆ နှစ်သာရှိသေး၏။ ထိုမျှငယ်ရွယ်သော မိန်းမပျိုတစ်ဦးသည် သူ့ငယ်ချစ်နှင့်ပတ်သက်၍ မနာလိုဝန်တိုမှု ရှိသည်ဆိုလျှင် ဘာမျှအံ့ဩစရာမဟုတ်။ အပြစ်ပြောဖွယ်မရှိ။

စုဖုရားလတ်သည် ဆွေတော်မျိုးတော်တို့ကို သတ်ဖြတ်သည့်ကိစ္စတွင် ဦးစီးဦးဆောင်ဖြစ်သည်ဟုဆိုကာ ရက်စက်သူဟု စွပ်စွဲခဲ့ကြ၏။ သို့ရာတွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံမရှိ။ ထိုကိစ္စတွင် သူတို့သမိုင်းဆရာအချင်းချင်းပင်လျှင် တစ်ယောက်တစ်မျိုး ပြောနေကြသည်။ ထိုမျှမက ထိုမျှငယ်ရွယ်သည့် မြန်မာမိန်းမပျိုတစ်ယောက်သည် ထိုမျှကြီးလေးသော အမှုကြီးကို ဆုံးဖြတ်ဖို့ဆိုသည်မှာလည်း မြန်မာ့ မျက်စိ ဖြင့်ကြည့်လျှင် လွယ်သည့်ကိစ္စမဟုတ်။

စုဖုရားလတ်သည် မျှော်မှန်းချက်ကြီးသူဟု သူတို့စွပ်စွဲခဲ့ကြ၏။ မျှော် မှန်းချက်ကြီးသည်ဆိုသည်မှာ မိဖုရားခေါင်ကြီးတက်လုပ်ခြင်းကို ဆိုလို ခြင်းဖြစ်ပုံရသည်။ ဤနေရာတွင်လည်း ငယ်စဉ်ကတည်းက ချစ်ခဲ့သူတစ် ဦး ဘုရင်ဧကရာဇ်ဖြစ်လာသည့်အခါတွင် သူသာလျှင် သူ့ချစ်သူကို ပိုင်ဆိုင် လိုသည်မှာ သဘာဝဖြစ်ပါသည်။

ရောမသမိုင်းတွင်ပါသည့် အဂ္ဂရစ်ပီနာသည် သားမှတစ်ဆင့် တိုင်း ပြည်ကြီးကို အုပ်ချုပ်ခဲ့၏။ သား၏ ယောက္ခမကိုသတ်သာ သား၏ မိဖုရားကို နယ်နှင်ခဲ့၏။ စုဖုရားလတ်သည် ထိုအမှုမျိုးကို ကျူးလွန်ခြင်း မရှိခဲ့။ ပြင်သစ် မိဖုရား မေရီအင်တွိုင်းနက်သည် ပြင်သစ်ပြည်ကြီး၏ အဖိုးတန် ရတနာများကို သူတို့ ဩစထရီးယန်းမင်းဆက်တို့ ဆက်ခံနိုင်ရန် အလွဲ သုံးစားလုပ်ခဲ့၏။ ပြည်သူလူထုကို ညှဉ်းပန်းသတ်ဖြတ်ခဲ့၏။ ဂျာမန် အတ္ထုပ္ပတ္တိဆရာနှင့် စာရေးဆရာ စတီဖင်ဇွိုက်က 'မေရီအင်တွိုင်းနက်သည် တော်လှန်ရေးကြီးအပေါ်တွင် တရားမျှတခြင်းကင်းခဲ့သည့်အတွက် တော်လှန်ရေးကလည်း သူ့အပေါ်တွင် တရားမျှတခြင်းကင်းခဲ့သည်'ဟု မှန်ကန်စွာ ရေးခဲ့သည်။ သို့ရာတွင် စုဖုရားလတ်ကို တော်လှန်ရေးက နန်းချခဲ့ခြင်းမဟုတ်၊ နယ်ချဲ့သမားက နန်းချခဲ့ခြင်း ဖြစ်လေသည်။

သို့တိုင် အနောက်တိုင်း သမိုင်းဆရာတို့သည် စုဖုရားလတ်အား အဂ္ဂရစ်ပီနာလောက် ရက်စက်လေဟန်၊ မေရီအင်တွိုင်းနက်လောက် တရားမျှတမှု ကင်းလေဟန်ရေးခဲ့ကြလေသည်။ သူတို့ ရေးသားချက်များကို ထောက်လျှင်စုဖုရားလတ်၏ စရိုက်နှင့်ပတ်သက်၍ တစ်ခုသေချာသည်။ ယင်းမှာ စုဖုရားလတ်သည် ရဲရင့်၍ စိတ်ဓာတ်ကြံ့ခိုင်သော မိန်းမတစ်ယောက်ဖြစ်သည်ဆိုသည့်အချက် ဖြစ်သည်။

ကျွန်တော်သည် စုဖုရားလတ်နှင့်ပတ်သက်၍ သူတို့ရေးသားသော စာများကို ဖတ်ဖူးပါသည်။ သီဟာသနပလ္လင်ထက်တွင် မင်းမြောက် တန်ဆာကိုဝတ်ကာ သီပေါမင်းနှင့်အတူ အကန်တော့ခံနေသော စုဖုရားလတ်ဓာတ်ပုံကို မြင်ဖူးပါသည်။ ဓာတ်ပုံနှင့် သူတို့အရေးအသားကို ပေါင်းကြည့်လိုက်သောအခါတွင် စုဖုရားလတ်၏ ရုပ်ပုံလွှာသည် ကျွန်တော့်မျက်စိထဲတွင် ပီသလာပါသည်။ အသားညိုလွဲ့လွဲ့၊ ကိုယ်ဟန် နွဲ့နွဲ့၊ မျက်နှာသွယ်သွယ်၊ ဖြောင့်စင်းသောနှာတံ၊ ပါးလွှာသော နှုတ်ခမ်း၊ ဖြောင့်တန်းသေးသွယ်သော မျက်ခုံးနှင့် ကြည်လင်တောက်ပသော မျက်လုံးတို့ရှိသည့် စုဖုရားလတ်၏ပုံကို မြင်ယောင်လာပါသည်။

နှင်းမှုန်တို့ ဝေစပြုနေသော ထိုညချမ်းတွင် တည်ကြည်သော မျက်နှာထား၊ မြဲမြံသောခြေလှမ်းများဖြင့် 'သူရိယ'သင်္ဘောပေါ်သို့ တက်သွားပုံကို ကျွန်တော် မြင်ယောင်ပါသည်။ စုဖုရားလတ်သည် ဘယ်တော့မှ မပြန်သော သွားခြင်းမျိုးဖြင့် မန္တလေးမှ ထွက်ခွာသွားခဲ့ပြီ။ သူ့ခြေအစုံသည် ညို့မောင်းသော မန္တလေးမြေကြီးကို နောက်ထပ်ထိစရာအကြောင်း မရှိတော့ပြီ။ စုဖုရားလတ်သည် သင်္ဘောလက်ရန်းတွင်ရပ်၍ အံကြိတ်ကာ မျက်ရည်ဖုံးသောမျက်လုံးများဖြင့် ဂေါဝိန်ဆိပ်ကမ်းကို မျှော်ကြည့်နေပေ လိမ့်မည်။

'သူရိယ'သင်္ဘောမှ ဥဩသံသည် ပဒေသရာဇ်မန္တလေးကို သင်္ဂြိုဟ် လိုက်သည့်ခေါင်းလောင်းသံဖြစ်ပြီး ကိုလိုနီမန္တလေးကို မွေးဖွားလိုက်သည့် အချက်ပေးသံ ဖြစ်လေသည်။

မြသန်းတင့်

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ဆန်းသစ်ခြင်း

# ရှယ်

– မစန္ဒာ


အသက် သုံးဆယ်ကျော်နေပြီမို့ သူ
ခေါ်လုံးဟုခေါ်သင့်သော်လည်း မည်သူကမှ
တပ်၍မခေါ်ဖူးသေးချေ။ ငယ်စဉ်ကအသိ
ကလည်း မလုံး၊ ဈေးထဲကလည်းမလုံး၊ အိ
နီးနားချင်းတွေကလည်း မလုံးမို့ သူ့ကိုယ်
ပြောလျှင် ကျွန်မမလုံးပါဟုသာ ပြောတ
သည်။

ခုတစ်လော မလုံး အများဆုံးတွေး
သောအရာသည် တမလွန်ဘဝအကြောင်း
ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်စစ်တစ်ယောက်ဖြ
သော မလုံးသည် တမလွန်ဘဝကို ယုံကြည်
သည်။ လူတစ်ဦးတစ်ယောက်သည် သူပြု
သော ကောင်းမှု၊ မကောင်းမှုတို့၏ အကျိ
ဆက်ကံကို သေသည်၏ အခြားတစ်ဖ
နောက်နောင်ဘဝများတွင် ခံစားရသည်
အကြွင်းမဲ့လက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ထို့ကြောင့် 'ငါသေရင် ဘယ်ဘဝရောက်ပြီး ဘာများဖြစ်မလဲ'ဟု မကြာခဏ တွေးမိတတ်သလို သက်ရှိထင်ရှားသွားလာလှုပ်ရှား ပြောဆိုငြင်းခုံနေကြသော လူအရွင်လတ်လတ်ကြီးများကိုကြည့်ရင်းလည်း ''အင်း သူသေရင် ဘယ်ဘဝများရောက်လိမ့်မလဲမသိဘူး'' ဟု ကြိုတင်စဉ်းစားနေမိတတ်သည်။ တစ်စုံတစ်ဦး ကွယ်လွန်သည်ဟု ကြားလျှင်တော့ ပြောမနေနှင့်တော့။ ''ဒီလူတော့ နတ်ပြည်ရောက်မှာပဲ။ ငရဲပြည်ရောက်မှာပဲ။ တိရစ္ဆာန်ဖြစ်မှာပဲ''နှင့် ထင်ရာမြင်ရာကို အတောမသတ်တွေးမိတတ်သည်။

ဟော . . . အခုလည်းတွေ့ရပြန်ပြီ။ သူ့ခင်ပွန်းသည် ကိုအေးဆောင်၏ဆရာ။ ကိုအေးဆောင်၏ ဆရာကို သူမမြင်ဖူးချေ။ ကိုအေးဆောင်ပြောဖူးသမျှသာ ကြားရဖူးသည်။ ကိုအေးအောင်၏ စကားများထဲတွင်သာ သူ့ဆရာကို ပုံဖော်ပြီးကြည့်ခဲ့ရဖူးသည်။

''ငါ့ဆရာက နေရာတကာ ရှယ်မှသုံးတာမိန်းမရဲ့''

ကိုအေးဆောင်က ဆေးလိပ်တိုကလေးကို ကပ်ကပ်သပ်သပ်ဖွာရင်း ပြောသည်။ သားငယ်၏ ကျောကုန်းမှ မိတ်ဖုကလေးများကို ခပ်ဖွဖွ ကုတ်ပေးနေသော မလုံးက ''ဒါကတော့ ချမ်းသာတာကိုးတော်ရဲ့''ဟု မှတ်ချက်ချသည်။

''သူ့တိုက်ခန်းကြီးများ မင်းကို မြင်စေချင်လိုက်တာ။ ရှယ်မှရှယ်။ ဂွတ်ရှယ်ပဲ''

မလုံးသည် 'ဟုတ်လား'ဟုပြောရင်း ရှယ်ဟူသော ဝေါဟာရ အကြောင်းကို ဆက်၍စဉ်းစားနေမိသည်။ ထိုစကားကို သူငယ်ငယ်တုန်းက မကြားခဲ့ဖူးသည်ကတော့ အမှန်ပင်။ အခုနောက်ပိုင်းတွင်တော့ ဘယ်အချိန်တွင် ဘယ်သူကဘယ်လိုစ၍ သုံးနှုန်းလိုက်သည်ပင်မသိ။ 'ရှယ်' စကား ခေတ်စားနေသည်က အတော်ကြာပေပြီ။ လက်ဖက်ရည်ဆိုင်များတွင် 'ရှယ်လား၊ ရိုးရိုးလား'ဟူသောစကားကို ကြားနေကျဖြစ်နေကြပြီး ရိုးရိုးလက်ဖက်ရည်ကို ချက်နို့ဆီနှင့်ဖျော်၍ ရှယ်ကိုဘူးနို့ဆီနှင့်ဖျော်သည်။ ကံကောင်းလျှင် နို့စိမ်းလေးတစ်စက်၊ နှစ်စက် ထပ်ထည့်ပေးခြင်းခံရသည်။ သားတို့ ကျောင်းတွင်လည်း 'အေ'တန်းသည် ရှယ်တန်းဖြစ်၍ ကျန်အတန်းများသည် ရိုးရိုးတန်းဖြစ်သည်။ ပန်းသည်ကလည်း သူ့ပန်းကို နှစ်မျိုးခွဲကာ 'ဒါက ရိုးရိုးမဟုတ်ဘူး။ ရှီးပန်း၊ ရှယ်ပန်း'ဟုခပ်မော့မော့ပြောသည်။ သစ်တော်သီးသည်ကလည်း အလုံးကြီးများကို ညွှန်ပြကာ 'ရှယ်သီးတွေ'ဟု ဆိုသည်။

''အင်း . . . နောက်ဆုံး ငါးပိသည်က တောင် သူ့ရဲ့ သုံးဦးစပ် ဘောလည်ငါးပိကို ရှယ်ငါးပိတဲ့''

မလုံးက တွေးရင်း ပြုံးမိသည်။ ရှယ်ဟူသည်မှာ ပို၍ထူးသော၊ ပို၍ကောင်းသော ဟူသော အဓိပ္ပာယ်ကိုဆောင်ကြောင်းတော့ မလုံးနားလည်ပြီးဖြစ်သည်။ သူ့ထက် အင်္ဂလိပ်စာ အနည်းငယ်ပိုတတ်သော ကိုအေးဆောင်ကမူ ''ရှယ်ဆိုတာ အင်္ဂလိပ်စကား စပါယ်ရှယ်ကနေ လာတာ။ ထူးသော၊ ထူးခြားသောလို့ အဓိပ္ပာယ်ရတာပေါ့ကွာ''ဟု ပြောဖူးလေသည်။

''ဂွတ်ရှယ်ဆိုတော့ ထူးထူးခြားခြားကောင်းသော၊ အထူးကောင်းတာပေါ့နော်၊ ဟုတ်လား''

မလုံးက ခပ်ဆဆပြောသည်။ ကိုအေးဆောင်က ''အေးပေါ့ကွ''ဟု ထောက်ခံသည်။ ဆယ်တန်းပင် မအောင်ခဲ့သော်လည်း မြန်မာသဒ္ဒါကို လေ့ကျက်ခဲ့ရဖူးသော မလုံးသည် မြန်မာအဘိဓာန်ထဲတွင် ဘယ်ခေတ်ကမှ မပါခဲ့သော 'ဂွတ်ရှယ်'ဟူသော ဝေါဟာရသည် မြန်မာစကား ရေစီးကြောင်းထဲတွင် ရေပန်းစားစွာ စီးမျောနေပြီးဖြစ်ကြောင်း သတိထားမိသည်။ သူကိုယ်တိုင်ပင် မနက်တုန်းက ဈေးထဲတွင် ဩဇာသီးများကို ပန်းနှင့်ချကာ ရောင်းရင်း 'ပြည်ဩဇာတွေနော်၊ ရှယ်မှရှယ်၊ ဂွတ်ရှယ်'ဟု အော်ကာ ရောင်းခဲ့သည်။ ဂွတ်ရှယ်ကြိုက်သော အိမ်ရှင်မများကလည်း အလုအယက် ဝယ်လိုက်ကြသည်မှာ ခဏလေးနှင့်ကုန်သွားသည်။

''အခန်းထဲဝင်သွားလိုက်တာနဲ့ အေးစိမ့်မွှေးပျံ့နေတာပဲ။ ကော်ဇောကြီးတွေကဆို မနင်းရက်စရာ အီစက်လို့'' ကိုအေးဆောင်က သူ့ဆရာ၏ အခန်းကြီးအကြောင်း ဆက်ပြောသည်။

''တော်ကြာ အအေးမိနေပါဦးမယ် ကိုအေးဆောင်ရယ်။ နောင်ဆိုရင် အနွေးအင်္ကျီလေးဘာလေး ယူသွားဦး''

မလုံးက စိုးရိမ်စွာပြောတော့ ကိုအေးဆောင်ကရယ်သည်။

''မိန်းမကလဲကွာ၊ ငါက ကားမောင်းသမားပဲဟာ။ သူ့ရဲ့အခန်းထဲ၊ သူ့အိပ်ခန်းထဲ နေရတဲ့သူမှ မဟုတ်တာ။ တစ်ခါတလေလေး ရောက်ဖူးတာကိုပြောပြတာပါကွာ''ဟု ပြောတော့ သူ့ယောက်ျား ကားမောင်းသမားက ကားနားတွင်ပင်နေရမည်ကို မေ့သွားသော သူ့အဖြစ်ကို သူတွေးရင်း မလုံးပါ ရောပြီးရယ်ခဲ့ရသည်။ ''ဒါပေမဲ့ကားကလည်း လေအေးစက်ပါတာပဲဟာ အေးတာပဲမဟုတ်လား ကိုအေးဆောင်ရဲ့''ဟုတော့ ဆက်၍ ပြောခဲ့ရသည်။

''အေး ဟုတ်ပ၊ ကားထဲက လေအေး စက်ကလည်း အတော်ကို အေးတာ၊ တစ်ခါတလေ ချမ်းကိုလာရော''ဟု ကိုအေးဆောင်က ပြောတော့

''ဒါကတော့ သူကလည်း ရှယ်မှသုံးတာ မဟုတ်လား၊ ကားကြီးကလည်းရှယ်၊ လေအေးစက်ကလည်း ရှယ်၊ ကားထဲက ကက်ဆက်ကလည်း ရှယ်၊ အားလုံးရှယ်၊ ဂွတ်ရှယ်''ဟု သူကဆက်ပြောရင်း နှစ်ဦးသားရယ်ခဲ့ရသည်။ မိတ်ဖုအကုတ်ခံရင်း ဇိမ်ယူနေသော သားငယ်ကပါ သူတို့နှင့်အတူရောရော၍ ရယ်မောရင်း ''အဖေကုတ်ပေးတာ ကောင်းလိုက်တာဗျာ၊ အယားကို ပြေသွားတာ ဂွတ်ရှယ်ပဲ''ဟု ဆက်ပြောသည်။

''နေပါဦး၊ မေးပါရစေဦး''

တွေးရင်းတောရင်း မလုံးက တစ်ခုသတိရသွားသည်။

''ရှင့်ဆရာက ရှယ်မှ သုံးတယ်ဆိုလို့ မေးကြည့်တာပါ။ ရှင့်ဆရာကတော်ကရော ရှယ်ပဲလား''

''ဟာ ဒါတော့''

ကိုအေးဆောင် အတန်ငယ် ထစ်ငေါ့သွားသည်။ သူ့ဆရာကတော်က အသားကလေး ဖြူသော်လည်း ပုပုဝဝသွားခေါ်ခေါ်လေးဖြစ်သည်။

''ဆရာကတော်က ရုပ်က မရှယ်ပေမယ့် ပစ္စည်းကတော့ ရှယ်တယ်မိန်းမရဲ့။ သူ့အမွေရတဲ့ပစ္စည်းတွေဆို နည်းတာမဟုတ်ဘူးတဲ့။ ဆရာက သူနဲ့ရပြီးမှ သူ့ပစ္စည်းတွေရှင်းပြီး ခါတော်မီ

" တော်တို့ယောက်ျားတွေကလည်း ပိုက်ဆံလေးများ ချမ်းသာလာရင် ဘယ်လိုပွေရမလဲ၊ ဖြုန်းရမလဲ အရင်စဉ်းစားတော့တာကိုး၊ ဟုတ်ဘူးလား "

www.burmeseclassic.com

www.burmeseclassic.com



ဆီပိုင်ရှင်ဖြစ်လာတာတဲ့''

''ရှင့်ဘယ်သူပြော''

''ဦးထွားပြောတာကွ၊ ဦးထွားက ဆရာကတော်တို့ဘက်က ငယ်ချင်းပေါက် လူယုံတော်ကြီး၊ ဆရာ့ကိုလည်း သူကသိပ်ပြီး ကြည်လို့ရတာမဟုတ်ဘူး''

''ဘာဖြစ်လို့''

''ဆရာကတော်ရဲ့ ပစ္စည်းတွေသုံးပြီး ပွေနေတာကိုးဟ''

''တော်တို့ ယောက်ျားတွေကလည်း ပိုက်ဆံလေးများ ချမ်းသာလာရင် ဘယ်လိုပွေရမလဲ၊ ဖြုန်းရမလဲ အရင်စဉ်းစားတော့တာကိုး၊ ဟုတ်ဘူးလား''

''အေး .... ဒီလိုပဲကွ၊ တစ်ညတစ်ည ကာရာအိုကေမတွေဆီမှာဖြုန်းခဲ့တဲ့ ပန်းကုံးဖိုးတွေဆို နည်းတာမဟုတ်ဘူး''

''နှမြောစရာတော်''

''သူ့ပီအေမလေးတွေဆိုတာကလည်း ရှယ်တွေချည်းပဲတဲ့''

''နေပါဦး ကိုအေးဆောင်ရယ်၊ ပီအေဆိုတာ တစ်ယောက်တည်းရှိရတာ မဟုတ်လား၊ ရှင်က ပီအေမလေးတွေဆိုတော့''

''အေးလေကွာ၊ တစ်ချိန်တည်းမှာတော့ တစ်ယောက်တည်းပေါ့။ ဒါပေမဲ့ ကြာကြာမှ မမြဲဘဲ။ တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေတဲ့ဟာကိုး။ ဒါကတော့ ငါလည်း မသိဘူး။ သူများပြောလို့ သိထားတာ။ ငါ အလုပ်ဝင်တာ သုံးလတောင်မှ မပြည့်သေးတဲ့ဟာ။ ကဲပါကွာ၊ အိပ်ကြပါစို့။ တစ်နေ့တာလေ စောစောပြန်ရတာ အိပ်ချင်ပါပြီ''

ကိုအေးဆောင်က စကားဖြတ်သည်။ သူ့ဆရာအကြောင်းကို ဆက်ပြောချင်ပုံမရ။ ဘာပဲဖြစ်ဖြစ် သူ့ဆန်းစားနေရတော့လည်း ဆန်ကျေးလေးက ရှိသေးသည်မို့ သိသမျှကို ပြောချင်ဟန်မရှိချေ။ သားငယ်ကိုပွေ့ပုတ်ပြီး ''ထကွာ ထအိပ်ကြစို့''ဟု ပြောသည်။

''ကိုအေးဆောင်ရယ်၊ ရှင့်ဆရာက လူသားများ စားနေရော့လား''

စကားလည်း မဖြတ်နိုင်၊ အတွေးလည်း မဖြတ်နိုင်သော မလုံးက ...ရဲ့နှင့် မေးဖြစ်အောင် မေး...ိုက်မိသည်။ ကိုအေး ဆောင်... ဘာမှပြန်မဖြေ။ သားငယ်...ကို လက်ဆွဲခေါ်ပြီး စကျက်...း အိပ်ငိုက်နေသော သား...ကြီးကို ''ဟော့ကောင်၊ ငိုက်...နေနဲ့ အိပ်ရင်လည်း အိပ်...တော့''ဟု လှမ်းပြောသည်။ ...နောက် ခြေလက်ဆေးကာ ...ရှိုးသည်။ အားလုံး အိပ်...ဝင်ပြီး အိပ်ပျော်ခါနီးသော ...ခါမှ တစ်ဦးတည်း ညည်း...ဆလိုခပ်တိုးတိုးပြောသော ...သံကို မလုံး ကြားလိုက်ရ...သည်။

''အင်း . . . လူသား ...ောင် မိုးရိုးအသား မဟုတ်...း ရှယ်သားမှ စားတာ...ယ်''တဲ့။

♛ ♛ ♛

''ဆရာ ကားလဲလိုက်...ကွ မိန်းမရ''

''ဘယ်လောက် ထပ်စိုက်ရလဲ''

''သိန်းနှစ်ဆယ်လောက်တဲ့။ ဒီတစ်ခါတော့ ကားထဲမှာ တီဗီပါပါတယ်။ ဂွတ်ရှယ်ပဲ''

''အင်း... အဲဒီဂွတ်ရှယ်ကြီးကို သတိ ထားမောင်းဦး။ တော်ကြာ တိုက်လိုက်ခိုက်လိုက်ရင် တန်ဖိုးက နည်းတာမဟုတ်ဘူး။ ကျုပ်တို့က အလျော်ပေးနိုင်တာ မဟုတ်ဘူးနော်''

မလုံးက တန်ဖိုးကြီးမားလွန်းသော ကားကြီးနှင့် ပတ်သက်ပြီး ပြဿနာဖြစ်မှာ အလွန်စိုးရိမ်ရှာသည်။ သူ့အိမ်က ထွက်ခါနီးတိုင်း တဖွဖွမှာတတ်၍ ကိုအေးဆောင်က အတန်ငယ်ပင် စိတ်တိုချင်ဟန်ရှိသည်။ တစ်နေ့တော့ မလုံးစိုးရိမ်သလိုပင် ကားနှင့်ပတ်သက်ပြီး ပြဿနာဖြစ်တော့သည်။ တိုက်မိခိုက်မိ၍တော့ မဟုတ်။

''စိတ်ဆင်းရဲလိုက်တာ မိန်းမရယ်''

ကိုအေးဆောင်က ဝါးပက်လက်ကုလားထိုင်လေးပေါ် ထိုင်ရင်း ခြေပစ်လက်ပစ် ထိုင်ချသည်။ နံရံတွင်ထိုးထားသော စလွယ်ပ်တောင်လေးကိုဆွဲယူကာ တဖျပ်ဖျပ်ခတ်သည်။ တစ် ချိန်တည်းမှာပင် ''သားကြီးရေ၊ ရေအေးအေးတစ်ခွက်''ဟု အော်သည်။

''ချွေးမတိတ်သေးဘူး။ ချွေးငုတ်သွားပါ့မယ် ကိုအေးဆောင်ရယ်။ ယပ်တောင်ကြီး တအားခတ်မနေပါနဲ့။ ပြောစမ်းပါဦး ဘာများဖြစ်လာလို့လဲ''

''စိတ်ပင်ပန်းလို့ပါကွာ''

ကိုအေးဆောင်က ယပ်တောင်ကို ပစ်ချပြီး သူဝတ်ထားသော ရှပ်အင်္ကျီလက်တို လေးကိုသာမကအတွင်းမှ စွပ်ကျယ်ပြကိုပါချွတ်ပစ်သည်။

''ငါကွာခိုးမှုနဲ့ ထောင်ထဲဝင်ရတော့မလို့''

''အမယ်လေးတော်''

မလုံးသည် သူ့ရင်ဘတ်ကို သူ့လက်နှစ်ဖက်နှင့် ဖိထားလိုက်မိသည်။ ချွေးတွေသံတွေရွှဲကာ ပင်ပန်းညှိုးလျှနေသော ကိုအေးဆောင်ကို မျက်လုံးအပြူးသားနှင့်ကြည့်ရင်း ''ဘာ– ဘာခိုးမှုလဲ''ဟု ထစ်ထစ်ငေါ့ငေါ့နှင့် မေးသည်။

''စိန်ကွ၊ စိန်၊ စိန်မှ နည်းနည်းနောနော မဟုတ်ဘူး အထုပ်လိုက်တဲ့၊ စိန်ထုပ်ခိုးမှုနဲ့''

''အမယ်လေးတော်''

မလုံးက ဒုတိယအကြိမ် အော်မိပြန်သည်။ သူ့တွင် စိန်နှင့်တူတာဆို၍ ပုလင်းကွဲပင်မရှိ။ စိန်ကောင်းစိန်သန့်ဆိုသည်များကိုလည်း သူတို့ဝန်းကျင်တွင် ဝတ်နိုင်သူ၊ ဆင်နိုင်သူ မရှိ၍ အနီးကပ်ပင်မမြင်ဖူးခဲ့ပေ။

''ဒီနေ့ ကားပေါ်မှာ စိန်ပွဲစားမကြီးက စိန်ထုပ်ထည့်ထားတဲ့ အိတ်ကလေး ကျန်ခဲ့တယ်။ နေဦး၊ နေဦး ငါအစက ပြောပြမယ်။ သားကြီးရေ ... ရေအေးအေးတစ်ခွက် ပေးပါဦးဟ''

မလုံးက ရေထဲတွင် ရှိရှမဲ့ရ သကြားလေးထည့်ကာဖျော်သည်။ သကြားက နှလုံးငြိမ်သည်ဟု ပြောသံကြားဖူးသောကြောင့်ဖြစ်သည်။ ကိုယ်တိုင်လည်း ကြွက်လျှောက်တွင် တင်ထားသော သွေးဆေးပုလင်းလေး လှမ်းယူကာ အနည်းငယ် လျှက်လိုက်ရသည်။

''ဒီလိုဟ .. ဒီလို၊ ဒီနေ့ ဆရာကတော်ဆီကို စိန်ပွဲစားမကြီးတစ်ယောက် လာတယ်။ စိန်ထည်တွေ လာပြတာတဲ့။ အပြန်ကျတော့ ငါ့ကို လိုက်ပို့ခိုင်းတယ်။ ငါက ကားရှေ့ခန်းမှာ မောင်း

သေသူကို
ရှင်သူက မကောင်း
မပြောသင့်ကြောင်း၊
စာနာထောက်
ထားသင့်ကြောင်း
သိသော်လည်း မလုံးသည်
ဘယ်လိုမှ သနားစိတ်မဝင်
နိုင်အောင်ရှိနေသည်။

www.burmeseclassic.com



တယ်။ သူက ကားနောက်ခန်းမှာထိုင်တယ်။ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)ရောက်တော့ သူ ရပ်ခိုင်းတဲ့နေရာ ငါ ရပ်ပေးလိုက်တာပဲ။ အဲဒါ သူဆင်းသွားတော့ စိန်ထုပ်ထည့်ထားတဲ့ သားရေအိတ်ကလေးက ကားပေါ်မှာကျန်ခဲ့တယ်တဲ့။ ငါလည်းဘယ်သိမှာလဲ။ သူ့ကိုပို့ပြီး အိမ်ပြန်လာ၊ အိမ်ရောက်ရောက်ချင်း ဆရာကဆင်းလာ၊ ကားပေါ်တက်၊ ရုံးခန်းကို မောင်းလို့ပြောတာပဲ။ လမ်းတစ်ဝက်ရောက်တော့ ရုံးမသွားနဲ့ဦး၊ ကျောက်မြောင်းက သူ့ရဲ့နံပါတ်(၂)အိမ်ကို မောင်းလို့ပြောတယ်။ ကျောက်မြောင်းရောက်တော့ ကားပေါ်က ခဏဆင်းသွားတယ်။ မကြာဘူး ပြန်တက်လာတယ်။ ရုံးကို မောင်းခိုင်းတယ်။ ရုံးရောက်ပြီး ခဏနေတော့ ငါ့ကိုခေါ်တာပဲ။ စိန်ပွဲစားမကြီးလည်း ပြူးတူးပြာတာနဲ့ ရောက်လာတယ်။ နောက်ပြီး ငါ့ကိုတန်းပြီး သူခိုးစွဲတော့တာပဲ''

''ရှင့်ဆရာကတော့ ဘာမှဝင်မပြောဘူးလား''

''အမယ်လေး၊ သူချည်းပဲ ဗိုလ်ဟောက်တာခင်ဗျ။ ယူထားရင် ပြန်ပေးလိုက်၊ ရုံးရောက်သွားချင်လား၊ ဂါတ်ရောက်သွားချင်လား၊ ထောင်ထဲဝင်ချင်လားနဲ့ အိုစုံနေတာပဲ မိန်းမရယ်။ အကုသိုလ်မှ အတုံးလိုက်၊ အတစ်လိုက်ကို ဝင်တော့တာဟ၊ သေလို့ရရင် သေတောင်သေပစ်လိုက်ချင်တယ်''

''ရှင်ယူတော့ မယူပါဘူး မဟုတ်လား''

မလုံးကပါ မယုံမရဲမေးတော့ ကိုအေးဆောင် မျက်ရည်ဝိုင်းလာသည်။ နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း နာကြည်းစွာကြည့်သည်။

''မိန်းမရာ၊ မင်းက ငါ့ကိုမယုံဘူးလား၊ ငါက ငွေဆင်းရဲ ရွှေဆင်းရဲပေမယ့် အကျင့်သီလတော့ မဆင်းရဲပါဘူးဟ''

''ယုံပါတယ် ကိုအေးဆောင်ရယ်၊ မယုံလို့မေးတာ မဟုတ်ပါဘူး''

မလုံးသည် ကိုအေးဆောင်၏ လက်ကိုတင်းတင်းဆုပ်ကိုင်ကာ အားပေးရင်း သူကအလျှင် မျက်ရည်ကျမိသည်။

''ငါလေ တစ်သက်နှင့်တစ်ကိုယ် ဒီလောက်တစ်ခါမှ မရှက်ဖူးဘူး။ စိတ်မဆင်းရဲဖူးဘူး၊ ယောကျ်ားတန်မဲ့ မျက်ရည်တောင်ကျမိတယ်။ နောက်ဆုံးတော့ စိန်ပွဲစားမကြီးက ငါ့ကို နည်းနည်းသနားသွားလား မသိဘူး။ ကားပေါ်ကဆင်းပြီး ကိုက်တစ်ရာလောက် လမ်းလျှောက်တယ်။ အသိတစ်ယောက်နဲ့တွေ့လို့ ခဏရပ်ပြီးစကားပြောတယ်။ လှေကားမတက်ခင် ထဘီပြင်ဝတ်တယ်။ ဒီတော့ ကားပေါ်ကအဆင်းရော၊ လမ်းပေါ်မှာရော၊ လှေကားရင်းမှာရောကျတော့ ကျနိုင်တာပဲဆိုပြီး မရေမရာ ဗလေဗလဲပြောတယ်။ ဒီတော့မှ ဆရာက ငါ့ကို ဗိုလ်ဟောက်နေရာကနေပြီး ''အစ်မကြီးရယ်၊ မသေချာရင် မစွပ်စွဲပါနဲ့၊ မဂိုလမ်းလို နေရာမှာ ကျလို့ကတော့ လက်စပျောက်ပြီပေါ့၊ ဘာပေါ့နဲ့ တစ်ဖက်လှည့်သွားတယ်။ နောက်ဆုံးတော့ ပွဲစားမကြီးလည်း သူ့ဟာသူသိပ်မသေချာတာနဲ့ ငါ့ကို အမှုမလုပ်တော့ဘဲ တရှုံ့ရှုံ့ငိုပြီး ပြန်သွားတယ်။ စိန်ထည်တွေ သိန်းငါးဆယ် ဖိုးလောက်ပါသွားတယ်ပြောတာပဲ။ သနားစရာ''

ကိုအေးဆောင်က သကြားရှည်လေးကို အကုန်မော့ချရင်း သက်ပြင်းချသည်။

''ဘာလို့ သနားရမှာလဲတော်၊ မသေမချာ လာစွပ်စွဲနေတာ၊ ရှင်ကများ သူ့ကိုသနားရသေးတယ်လို့ ကြားဖူးပါဘူး''

ဒေါသစိတ်ကဲကာ တုန်တုန်ရီရီဖြစ်နေသော မလုံးအား ကိုအေးဆောင် ငေးကြည့်နေလိုက်သည်။ သူ့စိတ်ကို သူထိန်းနေသလို နှုတ်ခမ်းကိုဖိ၍ ကိုက်ထားသည်။

''သူ သေချာတယ်မိန်းမရဲ့၊ သူ့စိန်ထုပ်ထည့်ထားတဲ့ သားရေအိတ်ကလေးက ကားထဲမှာတကယ်ကျန်ခဲ့တာပဲ''

''ဟင် ဒီလိုဆိုရှင်''

မလုံးက ကိုအေးဆောင်အား လက်ညှိုးထိုးမိပြန်သည်။ ကိုအေးဆောင်က မျက်နှာကို တအားရှုံ့ရင်း ခေါင်းကိုသွက်သွက်ရမ်းသည်။

''နင့်လက်ညှိုးကြီး ပြန်ချလိုက်စမ်းပါဟ'' ဟု ဒေါသဖြစ်ဖြစ်နှင့် အော်သည်။

''ဒီလိုဆို . . .''

''ဆရာ ကျောက်မြောင်းအိမ်ဆင်းသွားတုန်းက သားရေအိတ်ပြားပြားလေး တစ်ခုကိုင်သွားတာ ငါတွေ့လိုက်တယ်''

''ဟင် . . . ဒီလိုဆို''

မလုံးက ရှေ့ဆက်၍ပြောမထွက်ဘဲ ထစ်ငေါ့နေသည်။ ကိုအေးဆောင်က နာကျင်ကြေကွဲစွာပြုံးရင်း ရှိုက်သံတစ်ဝက်နှင့် တုန်ရီစွာ ပြောလေသည်။

''ကြားဖူးတယ် မဟုတ်လား၊ သူ့ငွေလောဘ အတောမသတ်တဲ့။ ဒီတစ်ခါတော့ သူကငါ့အသားကို စားတော့မလို့''

♛ ♛ ♛

စိန်ကိစ္စဖြစ်ပြီး သုံးလခန့်နေတော့ ကိုအေးဆောင်၏ဆရာသည် ကျောက်မြောင်း အိမ်တွင်ပင် ရုတ်တရက်ဆုံးပါးသွားသည်။ နှလုံးအဆိပိတ်တာလိုလို၊ ဦးနှောက်သွေးကြောပြတ်တာလိုလို၊ သူ့မိန်းမနံပါတ် (၂) ကပင် အဆိပ်ကျွေးပြီးသတ်တာလိုလို အမျိုးမျိုး ပြောကြသော်လည်း သေသူကတော့ သေပြီးဖြစ်သည်။

သူသည် ဘယ်သောအခါမှ ပြန်လည် ရှင်သန်လာမည် မဟုတ်သလို ဒီဘဝတွင် စုဆောင်းထားသော ပစ္စည်းဥစ္စာ၊ ရတနာများကိုလည်း နောက်နောင်ဘဝသို့ ယူသွားနိုင်မည် မဟုတ်သည်ကလည်း သေချာသည်။ သူ့နောက်သို့ ပါသွားသည်များကတော့ သူပြုခဲ့သော ကုသိုလ်နှင့် အကုသိုလ်ကံများသာ ဖြစ်လေသည်။

''ရှင့်ဆရာ တစ်သက်လုံးနေလို့မှ တစ်ခါတောင် ကုသိုလ်ကောင်းမှုရယ်လို့ ပြုခဲ့ပုံမရပါဘူးရှင်။ ကောင်းရာမွန်ရာရောက်ဖို့တော့ သိပ်မလွယ်ဘူး''

စိတ်နာရင်းစွဲရှိသည်မို့ မလုံးက ညှာညှာတာတာ မပြောနိုင်ချေ။ ကိုအေးဆောင်ကမူ သံယောဇဉ်အမျှင်တန်းဆဲမို့ ''ဆရာက ရှယ်မှကြိုက်တာ''ဟု ခပ်ပျော့ပျော့၊ ခပ်ဆွေးဆွေးပြောသည်။ သူ့ဆရာကြိုက်သော ရှယ်များကို နောက်နောင်ဘဝများတွင်လည်း ဆက်လက်ရစေချင်ဟန်ရှိသည်။

''ရှိမှာပေါ့တော်၊ ငရဲပြည်မှာလည်း ခေတ်မီနေလောက်ပါပြီ။ ရှင့်ဆရာကို ငရဲမင်းကြီးက ရိုးရိုးလား၊ ရှယ်လားလို့ ဆီးမေးမှာပါ။ စိတ်ချ ရှင့်ဆရာကလည်း အကျင့်ပါနေတဲ့ အတိုင်း'ရှယ်'လို့ ပြောမှာ အသေအချာပဲ''

သေသူကို ရှင်သူက မကောင်းမပြောသင့်ကြောင်း၊ စာနာထောက်ထားသင့်ကြောင်း သိသော်လည်း မလုံးသည် ဘယ်လိုမှ သနားစိတ်မဝင်နိုင်အောင်ရှိနေသည်။ မျက်စိနှင့်တစ်ခါမှ တွေ့တွေ့ဆိုင်ဆိုင် မမြင်ဖူးသော်လည်း နားနှင့်ရင်းနှီးနေသူတစ်ဦး၏ တမလွန်ဘဝကို ထိုသို့ပင်ဖြစ်လိမ့်မည်ဟုလည်း အတွင်းစိတ်မှ တကယ်ယုံကြည်နေသည်။


''ရှယ်အဝီစိမှာ ရှယ်ဒယ်ကြီးထဲ ရှယ်ဆီတွေထည့်ကြော်မယ့် ရှယ်ငရဲကို ရှင့်ဆရာရောက်မှာပါ။ သူကြိုက်တဲ့အတိုင်း အားလုံးရှယ်၊ ဂွတ်ရှယ်၊ အယ်၊ အဲ၊ အဲ ငရဲဆိုတော့ ဂွယ်တော့ ဘယ်ဂွတ်နိုင်မှာလဲနော် ကိုအေးဆောင်'' မလုံးက အယောင်ယောင် အမှားမှားပြောသည်။ မဟာပထဝီမြေကြီး၏ အတွင်းဘက်ကို ထိုးဖောက်ကြည့်နေဟန်ရှိသော ကိုအေးဆောင်ကတော့ သူ့စကားကို ကြားဟန်မရှိချေ။ အတန်ကြာအောင် ငြိမ်နေပြီးမှ မျက်စိကိုစုံမှိတ်ပြီး ပြုခဲ့ဖူးသမျှ ကုသိုလ်ကောင်းမှုများကို သူ့ဆရာအတွက် အမျှဝေနေရှာလေသည်။ မလုံးက ''ရှင့်ဆရာမှာ ရှင်နားကြီးပါတာမှမဟုတ်ဘဲ ရှင့်အမျှကို မကြားဘူးစိတ်ချ''ဟု ခြေချင်သေးသော်လည်း သေသူကို ထောက်ထားသောစိတ်နှင့် မပြောဖြစ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အအေးတိုင်းပြည်သို့ တစ်ခေါက်

မောင်သာနိုး

တိုင်းပြည် အထက်ပိုင်း အညာဒေသနဲ့ အောက်ပြည်အောက်ရွာ၊ ချမ်းစရာရှိရင် အညာကပိုချမ်း၊ ပူစရာရှိရင် အညာက ပိုပူတာ ရောက်ဖူးသူတိုင်းသိတယ်။ အထက်ပိုင်းမှာမှ တစ်ခါ မန္တလေးတိုင်း မေမြို့နဲ့ ရှမ်းပြည်နယ်တို့က မန္တလေး၊ စစ်ကိုင်း၊ မုံရွာတို့ထက် အေးပြန်တယ်။ အခုရက်ပိုင်း (ဒီဇင်ဘာ ၁၃က ၁၉) ဆွေမျိုးသားချင်းတွေ လိုက်ပို့ရင်း တောင်ပိုင်း ရှမ်းပြည်မြို့တော် တောင်ကြီးနဲ့အင်းလေးကို ချမ်းချမ်းစီးစီးထဲ အလည်ရောက်ခဲ့ရတယ်။

တောင်ကြီးအင်းလေးဆိုတာ တက္ကသိုလ်ကို အကြောင်းပြုပြီး ရင်းနှီးချစ်ခင်ခဲ့ရတဲ့ ရဲဖော်ရဲဖက်တွေ၊ အပေါင်းအသင်းတွေ ဇာတိဒေသမို့ အကြိမ်ကြိမ်ရောက်ဖူးခဲ့ရတဲ့ အရပ်ပါ။ ကိုစိုးမောင်(ကဗျာဆရာ မောင်တင်မြိုင် အင်းလေး)ရဲ့ အင်းထဲကအိမ်မှာ လချီနေဖူးတယ်။ အလားတူ စီးပွားရေးတက္ကသိုလ် ကျောင်းသားကိုခင်မောင်ဖြူ ခေါ်သွားလို့ လူသူအရောက်အပေါက်နည်းတဲ့ ဂူတွေ၊ လိုဏ်တွေ၊ တောင်ထွတ်–တောင်ချိုင့်တွေဆီ ရောက်ဖူးခဲ့ရတယ်။ အောင်ပန်းက ကိုမြင့်သန်း ဦးဆောင်ခေါ်သွားလို့ တောင်ပေါ်ပလောင်ရွာဆီ ရောက်ဖူးရကာ ပလောင်စုပေါင်း တဲတန်းအိမ်မှာ ဒယ်အိုး မီးဖိုနဘေး ညအိပ်ဖူးခဲ့ရတယ်။

အခုတော့ ကိုစိုးမောင်လည်း သဘာဝရောဂါဘယနဲ့ဆုံးပြီ၊ ကိုမြင့်သန်းလည်း အလားတူ သဘာဝရောဂါနဲ့ဆုံးပြီ၊ ခင်မောင်ဖြူကတော့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ သူရဲကောင်းတပ်သားအဖြစ် တိုက်ပွဲမှာကျခဲ့ပြီ။ သူတို့ဒေသရောက်တော့ သူတို့တစ်တွေကို သတိရလွမ်းတမိသေးတော့။

သူတို့ရဲ့ အချို့ရဲဖော်ရဲဖက်တွေကိုတော့ တောင်ကြီးမှာ တွေ့ရသေးတယ်။ ကိုမောင်မောင်သန်း (ခုအခေါက်တော့ ရန်ကုန် ဆင်းနေလို့ မတွေ့ခဲ့ရ)၊ ကိုခင်မောင်သန်း (စာရင်းစစ်)၊ ကိုစိုးလင်း၊ ကိုကျော်မိုး။ အားလုံး ကိုယ့်မိသားစုနဲ့ ကိုယ်စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ပြုံးပြုံးရွှင်ရွှင်ချည်း။

အခုအခေါက် ကျွန်တော်တို့ တောင်ကြီး အင်းလေးကို ရောက်လာတာက ဒေါ်ခင်လေးနွယ်ရဲ့အမျိုးတွေ၊ အထူးသဖြင့် စင်ကာပူက ခဏပြန်လာကြတဲ့ ညီမမိုးခင်လေး မိသားစုကိုလိုက်ပို့တာပါ။ ဒါတောင် ကလေးနှစ်ယောက် (ကစ်ကစ် aka ယမုန်မင်းရဲနဲ့ ပုထ်ပုတ် aka မျိုးသက်နှင်း)တို့က အရင်ကကျွန်တော်တို့နဲ့ ရောက်ဖူးပြီးသားပါ။ အခြားအမျိုးတွေလည်း လိုက်ပါလာကြတော့ ကျွန်တော်တို့အုပ်စုမှာ အဖွဲ့ဝင် ၁၃ဦးပါတယ်။ အိမ်သာပါတဲ့ ရွှေနန်းတော် ဘတ်စ်ကားကြီးမှာ ကျွန်တော်တို့ အုပ်စုနဲ့တင်ပြည့်သလောက်ဖြစ်သွားတယ်။

တောင်ကြီးက သံလွင်ဟိုတယ်မှာ စခန်းချလိုက်ကြပြီးနောက် အဲ့ကမှ မွေတော်ကက္ကူ၊ မြင်းမထိ၊ ကလော၊ ပင်းတယ၊ အင်းလေး ဒေသည်ကို တစ်ဆင့်ကူးလူးကြတယ်။ အင်းလေးမှာတော့ ရွှေအင်းသာ ဟိုတယ်မှာ တစ်ည အိပ်လိုက်ကြတယ်။ နှစ်ယောက်ခန်းတစ်ခန်းကို တစ်သိန်းနဲ့ ပေးရတယ်။ ပေးရကျိုးတော့ နပ်ပါရဲ့၊ အပူပေးစက်တပ်ထားပေးထားတယ်။

www.burmeseclassic.com





သည်လောက်အေးတဲ့ မိုးလေဝသမှာ ခွေးခွေးထွေးထွေးအိပ်စက်နိုင်တာ ပလေ။

မွေတော် ကက္ကူမှာ ဘုရားပြင်ဘက်က ပအိုဝ်ဆိုင်မှာပဲ ကျွန်တော်တို့ နေ့လယ်စာစားလိုက်ကြတယ်။ နိုင်ငံခြားသားတွေ ဝင်နေကျဆိုင်ဆိုတော့ စပါဂက်တီပါရတာကို တွေ့ရတယ်။ တရုတ် ထမင်းဟင်းလည်းကောင်းပါတယ်။

အင်းလေးဖောင်တော်ဦးဘုရားရောက်တော့ ဘုရားဖူးကြ၊ လက်ဆောင်ပစ္စည်းဆိုင်တွေမှာ လွယ်အိတ်ကလေးတွေ၊ လုံချည်ကလေးတွေဝယ်ကြတယ်။ ပန်းကဗျာ ထမင်းဆိုင်မှာ နေ့လယ်စာ စားကြတယ်။ ကျွန်တော်က ငါးထမင်းနယ်နဲ့ ငါးဒုက္ခနဲ့ တိုဟူးကြော်စားတယ်။ ကျွန်တော်တို့က ဖောင်တော်ဦးက ထမင်းဆိုင်ကို အထင်မကြီးမိပါ။ ဒါပေမဲ့ ကျွန်တော်စားတဲ့ ငါးထမင်းနယ်ရော၊ အရင်က ကြားတောင် မကြားဖူးခဲ့တဲ့ ငါးဒုက္ခ (တကယ်က ကျွန်တော် သိဖူး၊ ကြိုက်ဖူးတဲ့ ငါးဖိန်းပါပဲ) ရော၊ အတူပါသူတွေစားကြတဲ့ ထမင်းဟင်းရော ကောင်းလှတာကိုတွေ့ကြရတယ်။

နေ့လယ်စာ စားပြီး ရွှေအင်းသာက ချက်ကောက်လုပ်ကာ ခေါင်တိုင်ကို လာခဲ့ကြတယ်။ အဲဒီက ဟူပင်ဟိုတယ်မှာ မန်နေဂျာကြီး ဦးစိန်ထွန်းကို ဝင်ရောက်နှုတ်ဆက်ပြီး ကျွန်တော့် ဗုဒ္ဓ ဓမ္မ စာအုပ်နှစ်အုပ် လက်ဆောင်ပေးတယ်။ ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီး ဌာနကနေ သူတို့ ဟူပင်ကုမ္ပဏီက လက်လွှဲယူတဲ့ ဟိုတယ်ဖွင့်ပွဲနေ့က ကျွန်တော်တို့ ဇနီးမောင်နှံ ပါဝင်ဆင်နွှဲခဲ့တာကလား။ သူ့ကိုနှုတ်ဆက်ခဲ့ပြီးအပြန် နောက်နေ့မှာ မီးပုံးပျံ ပျက်ကျလို့ ဟိုတယ်အဆောင် ၁၉ ခုအနက် ၁၇ခု မီးလောင်ပျက်စီးတယ် ကြားရလို့စိတ်မကောင်းဖြစ်ရတယ်။

ခေါင်တိုင်က အပြန်လမ်းမှာ ရေပူစမ်းမှာဝင်ပြီး ရေချိုးခဲ့ရာ အညောင်းအညာပြေပြီး လန်းဆန်း ပေါ့ပါးသွားရတော့တယ်။ အမျိုးသမီးတွေ ချိုးတဲ့ဘက်မှာတော့ ယောက်ျားရှာတစ်ဦးနဲ့ မိန်းမတစ်ဦးလူမြင်လို့ မကောင်းအောင် မဖွယ်မရာပြုမူကျင့်ကြံနေကြလို့ ဒေါ်ခင်လေးနွယ်တို့ အမျိုးသမီးတွေ ရေပူစမ်းအရသာ မခံစားအားဘဲ အူယားဖားယား ထွက်ပြေးခဲ့ကြရတယ်။ ရေကန်စောင့်တွေက ကြည့်ကျက်ထိန်းသိမ်းဖို့တော့ ကောင်းပါတယ်။

ကလောမှာ နေ့လယ်စာစားကြရာ ဆိုင်က သီရိဂေဟာတဲ့။ ဒါပေမဲ့ သဘောကောင်းတဲ့ ညီမတွေ ဦးစီးဖွင့်တာမို့ လာအားပေးသူတွေကပဲ Seven Sisters လို့ နာမည်ပေးခဲ့ကြရာခု ဒီအမည်ပဲတွင်နေပါတယ်။ သူတို့ဆိုင်မှာ ကျွန်တော် စပါဂက်တီစားခဲ့တယ်။

ရှမ်းပြည်နယ်လို အေးတဲ့ဒေသမှာ ကျွန်တော်လို အသက်ရလာတဲ့ လူကြီး အဖို့ကတော့ ဝစ္စကီပဲ အားကိုးရတော့တာပါပဲ။ အားကိုးစရာ ဝစ္စကီသာ မပါရင် ခုလိုအအေးတိုင်းပြည်မှာ ခရီးသွားလာဖို့၊ နေဖို့ထိုင်ဖို့ မလွယ်ပေဘူး။ တစ်နေရာမှာ ဘတ်စ်ကားပေါ်က အဆင်းလက်တွေ တုန်လာတယ်။ ဝစ္စကီလေး အကူအညီယူလိုက်ရတယ်။ အိမ်က ရှီဗားရီဂယ် Chevas Regal တစ်လုံးပါလာတာ ကုန်သွားတော့ နောက်တစ်လုံး ဝယ်ရတယ်။ ကိုစံလင်းသားက Ballantine's တစ်လုံးပေးတာကိုတော့ မသောက်ဖြစ်ဘူး။ အိမ်ထိပါလာတယ်။

ဝစ္စကီ ဆိုလို့ ကြုံတုန်း သတိပေးလိုက်ပါရစေ။ ဗမာအရပ်လုပ် ရမ်၊ ဝစ္စကီများ သွားအားမပေးလိုက်ပါလေနဲ့၊ အန္တရာယ်များလှတယ်။ ဓာတ်မြေသြဇာတွေ အရမ်းသုံးကြပါသတဲ့။ သူတို့ ဝစ္စကီကြော်ငြာကို နေရာတကာမှာ တွေ့ရတဲ့ လူတွေရဲ့ ဝစ္စကီချက်ရုံကို ဓာတ်မြေသြဇာ သွင်းရတဲ့ ကုန်သည်ကိုယ်တိုင်က ပြောပြလို့သိရတာပါ။ တတ်နိုင်ရင် နိုင်ငံခြားဖြစ်ကိုသုံးစွဲပါ။ ဒါမှမဟုတ် အစိုးရအရက်ချက်ရုံက ချက်တာကိုသာ သောက်သုံးပါ။

စောစောက တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်ဟာ တောင်ကြီး–အင်းလေးကို စောစောပိုင်းကပဲ ရောက်ရောက်နေသူပါ။ နွှေရော ဆောင်းရောရောက်ဖူးတာပါ။ တစ်နှစ်(၁၉၆၀ နှစ်များအစပိုင်း)သကြိန်အကြို မနက်

www.burmeseclassic.com



မိတ်ဆွေ မိသားစုနဲ့ဘုန်းကြီးကျောင်း ထွက်ခဲ့ရာကလေးပေါက်စလေး ဘဝတစ်ခုက ပြွတ်နဲ့ထိုး ရေပက်ရာ အခုမ်းပဲ အေးစက်တာကို ကြုံရဖူးတယ်။

ဒီနောက်တော့ တောင်ကြီးဟာ သည့်လောက် မအေးလှတာ ကို တွေ့ရတယ်။ လူနေထူထပ်လာလို့ လူငွေ့တွေနဲ့ ပူနွေးလာကာ အရင် လို မအေးတော့တာပဲလို့ မှတ်ချက်ချမိတယ်။ ရန်ကုန်နဲ့ပိန်မသာ လိမ်မ သာပါပဲလို့တောင် ပါးစပ်က ထုတ်ပြောမိတယ်။ နွေရာသီဆို ရန်ကုန်လိုပဲ ပူတယ်၊ အိုက်တယ်။

ခုတစ်ခေါက် သွားရာမှာတော့ ကိုယ်ကပဲ အသက်ကြီးသွား လို့လား မသိ၊ တော်တော်ကလေး အေးနေတာ တွေ့ရတယ်။ ဆောင်း သည်း ဆောင်းပေကိုး။ မဝတ်စဖူး အနွေးထည်ကို ဝတ်ရတော့တယ်။ ခေါင်းလေးနွယ်က လက်အိတ်၊ ခြေအိတ်တောင် စွပ်ပေးလိုက်သေး။

ပဝေရွှေ တစ်ခါကတော့ ကိုစိုးမောင်~ မသန်းနွဲ့ လင်မယားနဲ့ ကျွန်တော် ရုပ်ရှင်သွားကြည့်ကြတယ်။ ထုံးစံအတိုင်း သူတို့လင်မယားက အနွေးထည်ကိုယ်စီနဲ့။ ဒီတွင် ကျွန်တော်က "ခင်ဗျားတို့ တောင်ကြီးက လူတွေ သဲပဲ သဲနိုင်လွန်းသဗျာ။ အေးလည်း မအေးဘဲနဲ့ အနွေးထည်တွေ နဲ့"လို့ ဝေဖန်မိတယ်။ ကိုစိုးမောင်က ဘာမှမပြောဘူး။ ပြုံးနေတယ်။ ရုပ် ရှင်ရုံကအထွက်မှာ မိုးရွာနေပါတော့တယ်။ အေးလို့ ကျွန်တော်လက် ပိုက်နေရတယ်။ ကိုစိုးမောင်က ကျွန်တော့်ကို "တောင်ကြီးက လူတွေ အနွေးထည်ဝတ်တာ ဒါ့ကြောင့်ဗျ"လို့ စကားနိုင်ယူပါလေ တော့တယ်။

ရေးတုန်းကတော့ ရှမ်းပြည်နယ်မှာ ဒေသဖြစ် ယမကာ ရွှေလီမွှေ ရှိတယ်။ အရက်ဖြူမှာ လီမွှေခွံနဲ့ ထည့်ထားတာပါပဲ။ မြေပြန့်မှာတောင် ဆင်းပြီး တွင်ကျယ်လိုက်သေးတယ်။ နောက်တော့ ကွယ်ပျောက်သွား တယ်။ မတွေ့ရတော့ဘူး။ အခုတော့ တောင်ပေါ်မှာလည်း မြေပြန့်မှာလိုပဲ ကလေးနဲ့ ကလေးသာသာ လူကြီးတွေက ဘီယာသောက်ကြပြီး ရင့် ကျက်သူတွေကတော့ မန္တလေးရမ်၊ ဒါမှမဟုတ် နိုင်ငံခြားဝှစ်ကီတို့သာ သောက်ကြတာတွေ့ခဲ့ရတယ်။

တောင်ကြီးအတက် အေးသာယာမှာ ဂျာမန်ကြီးတစ်ဦးက ဦးစီးကာ နိုင်ငံခြားက စပျစ်ပင်မျိုးကောင်းမျိုးသန့်တွေမှာပြီး စိုက်နေတဲ့ စပျစ်ခြံရှိတယ်။ အဲဒီမှာ စားသောက်ဆိုင်လည်းရှိလို့ နေ့လယ်စာဝင် စားခဲ့ကြတယ်။ တရုတ်အစားအစာ၊ ဥရောပ အစားအစာ၊ ဗမာ အစား အစာ ရရာအများစုက တရုတ်နဲ့ဗမာ အစားအစာ၊ တစ်ယောက်က ဟမ် ဘာဂါ၊ တစ်ယောက်က ဆဲန္ဒစ်၊ ကျွန်တော်က စပါဂက်တီ သုံးဆောင်ခဲ့ တယ်။ ဒီမှာ ဝိုင်တစ်ပုလင်းကို ၅၀% လျှော့ရောင်းသမို့ အားပေး လိုက်ပါတယ်။ အယ်ကိုဟော (အရက်)မပါတဲ့ ဝိုင်လည်း ရနိုင်တာသိခဲ့ ရတယ်။

ပင်းတယမှာတော့ ကျွန်တော်တို့ဟာ Green Tea ဆိုတဲ့ ဆိုင် မှာ မြန်မာထမင်းဟင်းနဲ့ နေ့လယ်စာဝင်စားကြတယ်။ မိန်းကလေး နှစ် ယောက်နဲ့ ကျွန်တော် စားတဲ့ အမဲနှပ်ဟင်း ကောင်းလှတာကို ဂုဏ်ပြု မှတ်တမ်းတင်လိုတယ်။ အခြားအဖွဲ့ဝင်များ မှာစားကြတဲ့ ဟင်းလျာများ လည်း မဆိုးကြပါဘူးတဲ့။

ပဲပုပ်ကလေးနဲ့ ဂျုံးမြစ်ကြော်ကလည်း စားကောင်းလှတယ်။ အထုပ်ကလေးတွေနဲ့ ရောင်းတယ်။ "ငါယူမှာ ခနမ"စတဲ့ ဘိုဖြူရဲ့ သီချင်းထဲက တောင်ကြီးသူမကို "မိန်းမ လက်ဆောင်ပေးရအောင်" ဆိုတဲ့ ပင်စိမ်းသီး ဆားစိမ်ကလည်း အပွင့်ပြေး အဆာပြေစာ၊ ယမကာနဲ့ မြည်း ဖို့အဆင်ပြေလှတယ်။ ဒီတိုလီမိုလီ သရေစာလေးတွေချည့် တစ်ဆိုင် တည်းက နှစ်သောင်းကျော်ဖိုး ခေါင်းလေးနွယ်ဝယ်ခဲ့တယ်။ အအေး တိုင်းပြည်အပြန် လက်ဆောင်ပေါ့။

***မောင်သာနိုး***


# မြင့်စေတနာဆေးတိုက်

# ခရုသင်း(သမင်မှို)

# LEUCODERMA

**ခရုသင်း၊ ဖြူနီကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးတို့ကို အာမခံနှင့် ကုသပေးသည်။**

ရန်ကုန် ။ ဆရာဦးခင်မောင်မြင့်၊ အမှတ်(၃)၊ ဗိုလ်တောက်ရိပ်မြုံ၊ အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်။
ဖုန်း- ၀၁ - ၆၆၆၄၇၇

မန္တလေး ။ အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ ဒေအာင်တော်မှုရပ်၊ မန္တလေး။
ဖုန်း - ၀၂ - ၂၂၅၁၅၊ ၀၉-၂၀၀-၂၈၄၃


www.burmeseclassic.com

www.burmeseclassic.com

# သက်လူမျိုးတို့၏ ဝတ်စားဆင်ယင်မှု

ရက္ခသိန်းထွန်း(မြောက်ဦး)



ဘင်္ဂလားဒေ့ရှ်နိုင်ငံ
အတွင်း နေထိုင်ကြသော
သက်လူမျိုးအချို့

> ယနေ့ သက်လူမျိုးတို့သည် ယခင်သကျသာကီဝင်လူမျိုးတို့ ဖြစ်ကြောင်းလည်း တချို့မှတ်တမ်းများကဆိုသည်။ ဒလက်သည်သက်(သကျသာကီဝင်)တို့၏ အခြေချနေထိုင်လာခဲ့သော သက်လူမျိုးတို့အတွက် ဘူမိနက်သန်မြေ ဖြစ်ပါကြောင်း ထပ်လောင်းမှုဝေ...

သက်လူမျိုးများသည် ကမ္ဘာ့အလယ်တွင် သီးခြားကင်းလွတ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးသော လွတ်လပ်သော လူမျိုးတစ်မျိုးအဖြစ် ရှေးပဝေသဏီကတည်းကပင် ရခိုင်လူမျိုးတို့နှင့်အတူ ရခိုင်နိုင်ငံတော်တွင် ရပ်တည်လာခဲ့ကြပေသည်။

ဤသို့ ရခိုင်ပြည်နယ်မှာ ရခိုင်လူမျိုးတို့နှင့်အတူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အေးအတူ ပူအမျှ သွေးစည်းညီညွတ်ပြီး နှစ်ပရိစ္ဆေဒကြာရှည်စွာဖြင့် ညီနောင်တူဖွားတိုင်းရင်းသား (၇)မျိုး ပူးပေါင်းနေထိုင်လာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။ ယင်းတိုင်းရင်းသားများမှာ ရခိုင်၊ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ ကမန်၊ မရာမာကြီးတို့ပင်ဖြစ်သည်။ ယင်းတိုင်းရင်းသားများအနက် စာရေးသူလေ့လာတင်ပြမည်မှာ 'သက်တိုင်းရင်းသား'တို့၏ ဘဝအလှ၊ ယဉ်ကျေးမှုအလှ၊ ဝတ်စားဆင်ယင်မှုအလှတို့ပင်ဖြစ်ပေသည်။

ယနေ့အချိန်ကာလတွင် ရခိုင်ပြည်နယ်မှ သက်လူမျိုးတို့သည် မိမိကိုယ်မိမိ 'အဆက်(ခ်)' (Asak) လူမျိုးဟုခေါ်ကြသည်။ ယနေ့ ကား ဘာသာစကား တရွေ့ရွေ့ပြောင်းလဲလာ၍ အဆက်ခ် (သက်)လူမျိုးဟု ခေါ်ဝေါ်လာခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ ခေါ်ဝေါ်ရခြင်းအဓိပ္ပာယ်မှာ 'မိမိကိုယ်ကိုယ်ချစ်မြတ်နိုးသူ'ပင်ဖြစ်သည်။ မိမိလူမျိုးကိုလည်း ချစ်မြတ်နိုးသည်။ ဘာသာ၊ သာသနာအတွက်လည်းကာကွယ်စောင့်ရှောက်သည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်လာသော၊ ဗုဒ္ဓသာသနာတော်ပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်လာသော လူမျိုးဖြစ်သည်။

ယခု ရခိုင်တွင် တွေ့ရှိရသော သက်လူမျိုးတို့သည် ရခိုင်ပြည်မြောက်ပိုင်းဒေသတွင်ရှိသော ဥက္ကာကရစ်တိုင်းပြည်မှ ဆင်းသက်လာကြသူများပင် ဖြစ်ကြပေသည်။ စကားစပ်၍ သက်ရိုးရာပုံပြင်တစ်ပုဒ်ကို ပြောချင်သေးသည်။

## ဝတ်စားဆင်ယင်မှု

သက်လူမျိုးများသည် ယခင်က မိမိအရပ်တွင် နေထိုင်စဉ်က ရိုးရာဝတ်စားဆင်ယင်မှုတွင် စလွယ်သိုင်းကို ဆင်ယင်ခဲ့ကြသည်ဟု ဆိုသည်။ ဝိတက္ကပဇာ်ရန်ကြောင့် စလွယ်အစား မိမိရိုးရာလည်း မပျောက်ရအောင်၊ ဘေးရန်မှလည်း လွတ်ကင်းအောင်ရည်ရွယ်၍ စလွယ်မှ ခါးကြိုးသို့ပြောင်း၍ ဆင်ယင်လာခဲ့ကြပေသည်။ ခေတ်အဆက်ဆက် မိမိရိုးရာဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှု၊ ဘာသာစကားများကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ဘုရားမျိုးနွယ်ဖြစ်တဲ့ ဘုန်းတော်ကြီးမားတဲ့လူမျိုးတစ်မျိုးလည်း ဖြစ်ပေသည်။ သက်လူမျိုးတို့သည် မဇ္ဈိမအရပ်ဒေသတွင် အခြေချနေထိုင်ခဲ့သည်ကပင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားအောင် စတင်ခဲ့သော သကျသာကီဝင်လူမျိုးပင်ဖြစ်ပါသည်။

## ဘူမိနက်သန်မြေ

ရက္ခပူရ(ရခိုင်ပြည်)ဒေသတွင် ရောက်ရှိလာသောအခါ သက်လူမျိုးတို့သည် ရခိုင်တောင်စဉ်ကမ်းဖြစ်သော အမ်းချောင်း၊ ဒလက်ချောင်းဘက်တွင်လည်း အခြေချနေထိုင်ခဲ့ကြပါသည်။ ၎င်းတို့သည် အေဒီ(၁၅၃၀-၁၅၅၃) မင်းဗာကြီးလက်ထက် ပင်းဝါမြို့ကို သိမ်းပိုက်နိုင်ခဲ့လေသည်။ သက်မင်းဦးပခင်သည် ဒလက်ချောင်း၌ အခြေချ၍ ရက္ခပူရဒေသကို အုပ်ချုပ်စိုးစံမင်းလုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်မင်းဦးပခင်၏အမည်မှာ သက်မင်းစောနွယ်မှ ပြောင်းလဲလာခြင်းပင်ဖြစ်သည်။ ယေ်စဉ်က သက်မင်းစောနွယ်ကို ကောင်းလုဖြူဟု ခေါ်သည်။

သက်မင်းစောနွယ်(ခေါ်) ကောင်းလုဖြူမှာ သမီးသုံးယောက်ရှိပါ၏။ ထိုသက်မင်းသမီး သုံးယောက်တို့သည် မိမိနာမည်ကိုအစွဲပြု၍ မိမိဘာသာစကားဖြင့်တည်ခဲ့သော 'မြစန္ဒီ၊ မြကိုဝါ၊ မြသိန်းတန်' ဘုရားတို့မှာ ယခုတိုင်ရှိသေးသည်။ ယင်းမှာ ရက္ခပူရဒေသ၏ အမ်းချောင်း၊ ရွှေချောင်း၊ ဒလက်ချောင်းတို့၌ ကုသိုလ်ကောင်းမှုပြုခဲ့သည်မှာ ယခုအခါ 'မြသိန်းတန်၊ မြနွာညို၊ မြကိုဝါ' ဟုပင် သမုတ်တွင်ပေတော့သည်။

ယနေ့ သက်လူမျိုးတို့သည် ယခင်သကျသာကီဝင်လူမျိုးတို့ ဖြစ်ကြောင်းလည်း တချို့မှတ်တမ်းများကဆိုသည်။ ဒလက်သည်သက် (သကျသာကီဝင်)တို့၏ အခြေချနေထိုင်လာခဲ့သော သက်လူမျိုးတို့အတွက် ဘူမိနက်သန်မြေဖြစ်ပါကြောင်း ထပ်လောင်းမှတ်ချက်ပေးလိုက်ရပေသည်။

**<u>အမျိုးသား</u>**

သက်အမျိုးသားတို့သည် ရိုးရိုးလုံချည်နှင့် အင်္ကျီကို ဝတ်ဆင်ကြသည်။ ရှေးအခါက အပြင်အင်္ကျီကို တိုက်ပုံသဖွယ် ဝတ်ဆင်ခဲ့ကြသည်ဟု ယေဘုယျပြောဆိုကြပေသည်။ ထူးခြားသော ဆင်ယင်မှုတစ်ခုမှာ ကားအရွယ်ရောက်သော သက်ယောကျ်ားကလေးတိုင်း ဆင်ယင်ကြရသည့် 'ခေါင်းပေါင်းဖြူ'ပင်ဖြစ်သည်။ မိမိတိုင်းရင်းသား ဘာသာစကားဖြင့် သက်တို့က 'ခေါင်းပေါင်းဖြူ' ခေါ်ဝေါ်ကြဘဲ 'အပေါင်းဖြူ'ဟု ခေါ်သည်။ ယင်းမှာ သက်အမျိုးသားရိုးရာ ယဉ်ကျေးမှု လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

သက်လူမျိုးတို့အဖို့ အရွယ်ရောက်ခြင်းတစ်နည်းအားဖြင့် လူပျိုဖော်ဝင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟုယူဆကြသည်။ လူ့လောကအလယ်တွင် တစ်အိုးတစ်အိမ် ထူထောင်နိုင်ကာ မိဝင်းကို မိမိကျောင်းနိုင်သော ဘဝသို့ ကူးပြောင်းဝင်ရောက်ချိန်အဖြစ် ဂုဏ်ယူချီးမြှောက်လေ့ရှိသည်။ တစ်နည်းအားဖြင့် အားသစ်မွေးပေးခြင်းပင်ဖြစ်သည်။ အသက် ၁၅ နှစ်မှ ၁၆ နှစ်အရွယ် လူပျိုဖော်ဝင်စတွင် သက်လူမျိုးတို့သည် ခေါင်းပေါင်းတင် မင်္ဂလာပွဲကို ကျင်းပပြုလုပ်လေ့ရှိကြသည်။ တစ်နည်းအားဖြင့် ဤခေါင်းပေါင်းတင် မင်္ဂလာအခမ်းအနားသည် လူပျိုစာရင်းသွင်းသည့်ပွဲ၊ လူပျိုဆောင်သားအဖြစ် တရားဝင်ပြုလုပ်ပေးသည့်ပွဲဖြစ်သည်။

ဤခေါင်းပေါင်းမှာ အရှည်ကိုးတောင်ရှိ၍ အနံတစ်ထွာခန့်ရှိသော ဖြူစင်သည့် ပိတ်ဖြူစဖြစ်သည်။ ၎င်းခေါင်းပေါင်းကို လူပျိုခေါင်းလုပ်သူက လူသစ်လူပျိုလောင်းအား ခေါင်းပေါင်း ပေါင်းပေးရသည်။ ခေါင်းပေါင်းစွန်ကို ဘယ်ဘက်တွင် ချထားရသည်။ ဤခေါင်းပေါင်းတင် မင်္ဂလာပွဲတော်ကို လူပျိုခေါင်းက 'မောင်ဘယ်သူသည် လူပျိုဖြစ်ပြီး ယောကျ်ားကောင်းတစ်ယောက်အဖြစ် ရောက်ပြီ' ဖြစ်ကြောင်း ကြေညာရသည်။ ထို့နောက် ကြွရောက်လာကြသော ဧည့်သည်ပရိသတ်က သက်ခုပ်ဩဘာတီးကာ ကောင်းချီးပေးကြ၊ အရက်သောက်ကြဖြင့် ခေါင်းပေါင်းတင်မင်္ဂလာပွဲကို ဆင်နွှဲကြလေသည်။

ဤခေါင်းပေါင်းတင်မင်္ဂလာပွဲကို သက်ဘာသာစကားဖြင့် 'အပေါင်းပေါင်ဟော့'ဟု ခေါ်သည်။ သက်လူမျိုးတို့သည် ဤခေါင်းပေါင်းတင်မင်္ဂလာပွဲကို အလေးအနက်ထားကြသည်။ သံမဏိစည်းကမ်းထားကြသည်။ အရွယ်ရောက်လာပြီး ခေါင်းပေါင်းတင်မင်္ဂလာပွဲ မပြုလုပ်သူများအား အလှူမင်္ဂလာပွဲ၊ ထိမ်းမြားမင်္ဂလာပွဲများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်မပြု။ ပို၍ဆိုးသည်မှာ ထိုသူသေဆုံးပါက မိန်းသချိုင်းတွင်မမြှုပ်နှံဘဲ အစိမ်းသေများ မြှုပ်နှံသည့် သချိုင်းတွင်သာ မြှုပ်နှံရခြင်းပင်ဖြစ်သည်။ (ယခုအခါ ၎င်းအယူအဆတိမ်မြှုပ်နေပြီ။)

**<u>အမျိုးသမီး</u>**

ဦးခေါင်းပေါ်တွင် 'ရက်ကန်ပေါင်း'ဟုခေါ်သော အဝတ်ခေါင်းပေါင်းရှိသည်။ အမျိုးသမီးဦးခေါင်းစည်းပတ်သာရုံ သုံးပေခန့်ရှိသော စတုရန်း ပုံအဝတ်စကို ထောင်ဖြတ်ခေါက်ကာ နားထင်တစ်လျှောက်စည်းပတ်ထားခြင်းဖြစ်သည်။ ခေါင်းထိပ်ပိုင်းမှာ အနည်းငယ်ပေါ်နေသည်။ ဤခေါင်းပေါင်းကို အရွယ်ရောက်ခါစ အပျိုခေါင်းက အခမ်းအနားဖြင့် ပေါင်းပေးလေ့ရှိသည်။ အပျိုဖော်ဝင်သည့်မှစ၍ ခေါင်းပေါင်းကို အမြဲပေါင်းထားလေ့ရှိသည်။ ခေါင်းပေါင်းမှာ အနက်ရောင်ဖြစ်သည်။

**<u>နားတောင်း</u>**

သက်ဘာသာစကားအားဖြင့် 'နတောင်'ဟုခေါ်သော ကြီးမားသည့် နားကွင်းကြီးကို ပန်ဆင်လေ့ရှိသည်။ အသက်အရွယ်အလိုက် နားကွင်းအကျဉ်းအကျယ်ရှိရာ ပျှမ်းမျှလက်မဝက်ခန့်မှ သက်မထိကျယ်သော နားကွင်းကြီးများကိုတွေ့ရသည်။ သက်အမျိုးသမီးများအဖို့ သိသာထင်



သက် လူမျိုး မော်ဒယ်တစ်ဦး

သက်အမျိုးသမီးများအဖို့ သိသာထင်ရှားသော ဆင်ယင်မှုပင် ဖြစ်သည်။ တတ်နိုင်သူများက ငွေသားဖြင့်ပြုလုပ်၍ နှမ်းပါးသူတို့က ဝါးကို ကန့်လန့်ဖြတ်ပိုင်း၍ နားကွင်းအဖြစ် ပန်ဆင်ထားလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှားသော ဆင်ယင်မှုပင်ဖြစ်သည်။ တတ်နိုင်သူများက ငွေသားဖြင့်ပြုလုပ်၍ နွမ်းပါးသူတို့က ဝါးကို ကန့်လန့်ဖြတ်ပိုင်း၍ နားကွင်းအဖြစ် ပန်ဆင်ထားလေ့ရှိကြသည်။

**<u>ပုတီး</u>**

သက်အမျိုးသမီးတို့သည် ငယ်ရွယ်စဉ်အခါက ရွှဲပုတီးများကို မိဘများက ဝတ်ဆင်ပေးလေ့ရှိကြသည်။ အိမ်ထောင်ကျပြီးနောက်ပိုင်းတွင် အတွင်းပစ္စည်းကိုလိုက်၍ ရွှေ ငွေစသည်ဖြင့် ဆင်ယင်ကြသည်။ အများအားဖြင့် ငွေပုတီးကိုဆွဲကြသည်။ အနည်းဆုံးငါးပင်မှ ဆယ်ပင်ထိ ဆွဲလေ့ရှိသည်။ သက်ဘာသာဖြင့် ပုတီးကို 'ဂြိတ်'ဟု ခေါ်ဝေါ်သည်။ ရှေးအခါက (ကိုလိုနီခေတ်) အဆိုပါ ငွေပုတီးများတွင် ငွေဒင်္ဂါးပြားကို တစ်လက်မစီခြား၍ ချိတ်ဆွဲကာ အလှအပ ဝတ်ဆင်ခဲ့ကြသည်။

ထို့အပြင် ထူးဆန်းသည်မှာ ပုတီးကိုစလွယ်ကဲ့သို့ ပခုံးတစ်ဖက်သိုင်းကာ ဝတ်ဆင်ကြခြင်းဖြစ်သည်။ အချို့မှာ တစ်ပင်၊ အချို့ ဘယ်ညာတစ်ချက်-ကြက်ခြေခတ် ပုံသဏ္ဌာန်ဝတ်ဆင်ကြသည်။ ၎င်းငွေကြိုးတွင် ဒင်္ဂါးပြားများကိုချိတ်ဆွဲထားသည်။ အများအားဖြင့်အခမ်းအနား ပွဲလမ်းသဘင်များတွင်ဝတ်ဆင်လေ့ရှိသည်။ (ယခုအခါ ဆင်ယင်နိုင်ရန်အတွက် ငွေပမာဏများသောကြောင့် ခဲယဉ်းပေမည်)

**<u>ရင်စည်း/ ရင်ကန့်</u>**

ရှေးကျသော သက်အမျိုးသမီးများ၏ အပေါ်ပိုင်းတွင် ရင်ကန့်ခေါ်ရင်စည်းကို ဝတ်ဆင်ကြသည်။ ရိုးရာဝတ်စုံဖြစ်သည်။ အပျိုအရွယ်ရောက်သည်မှစ၍ အခမ်းအနားဖြင့် ဝတ်ဆင်ပေးလေ့ရှိကြသည်။ သက်အမျိုးသမီးများတွင် ဝတ်ဆင်သော ခေါင်းပေါင်းကဲ့သို့ပင် သုံးပေခွဲခန့်ရှိသော စတုရန်းပုံ အနက်ရောင်ပိတ်စကို ကန့်လန့်ဖြတ်(ထောင့်ဖြတ်) ခေါက်ချိုး၍ ရင်သားအပေါ်မှလွှားကာ နောက်တွင် ထုံး၍ချည်နှောင်ထားခြင်းဖြစ်သည်။

*(မှတ်ချက်- ၁၉၅၀ ခုနှစ်မှ ၁၉၇၀ ကျော်ကာလအထိ ဘင်္ဂလားဒေ့ရှ်ရှိ အဝကျွန်းမှ ရခိုင်အမျိုးသမီးကြီးများမှ ကွင်းထဘီမဟုတ်ဘဲ ဖလာထဘီကိုကို ရင်ကန့်ခေါ် ရင်စည်းပိုင်းအဖြစ် အပေါ်ပိုင်းကို စပ်ထားပြီး ရင်ကန့်ဝတ်ပြီး ခါးတွင်လက်လေးလုံးစာခါးကြိုး သပ်သပ်ပတ်ပြီး ဝတ်ကြသည်။ သက်အမျိုးသမီးများနှင့် ရင်ကန့်ခြင်းတူနေသည်ဟုထင်ပါသည်။)*

**<u>ခါးကြိုး</u>**

သက်အမျိုးသမီးများတွင် ထဘီအထက်ဆင့်နေရာတွင် ငွေကြိုး၊ ရွှဲကြိုးများကို အလှအပအဖြစ် ပတ်ကာ ချည်နှောင်ထားကြသည်။ ၎င်းကို သက်ဘာသာစကားဖြင့် 'ဖတ်ရှူ'ဟုခေါ်သည်။ လေးပင်မှ ဆယ်ပင်ခန့်ထိ ဝတ်ဆင်ကြသည်။

**<u>ထဘီ၊ လုံချည်</u>**

သက်အမျိုးသမီး၏ ရိုးရာလုံချည်မှာ ကိုယ်တိုင်ရက်လုပ်သော ဂုပ်ခုတ်ထည်နှစ်နံစပ် ဖြစ်သည်။ ကွင်း ၅ ပေခန့်ရှိပြီး ဇောက် ၂ ပေ ၆ လက်မရှိသည်။ ယခင်အခါက ရှေးမြန်မာအမျိုးသမီးများကဲ့သို့ပင် လုံချည်ကို ကွင်းပြုလုပ်ခြင်းမရှိဘဲ ကိုယ်ပေါ်တွင် ရစ်ပတ်ဝတ်ဆင်လာခဲ့ကြသည်။ အရောင်မှာ အနီရောင်နှင့် အပြာရောင်ကို တစ်တန်းစီ ကန့်လန့်ဖြတ်ကွင်းသေးသေးပုံစံ ရက်လုပ်ထားသည်။ ထို့ကြောင့် ခပ်လှမ်းလှမ်းမှကြည့်လျှင် မရမ်းစေ့ရောင် သန်းနေသည်။ ထိုသို့ မရမ်းစေ့ရောင် သန်းနေသော ထဘီပေါ်တွင် ကရင်ရိုးရာ လုံချည်ကဲ့သို့ ကန့်လန့်ဖြတ်ကွင်း သို့မဟုတ် အရစ်ပေါင်းနှစ်ရစ်ပါရှိသည်။ နှစ်နံစပ်ဖြစ်၍ အပေါ်တစ်ရစ်၊ အောက်တစ်ရစ်ဖြစ်သည်။ အများအားဖြင့် အနောက်ပြည် (ဘင်္ဂလားဒေ့ရှ်) သက်က ထဘီတိုတိုဝတ်ဆင်ကြသည်။ သက်ဘာသာစကားဖြင့် ထဘီကို 'နုဖီး' ဟုခေါ်သည်။

**<u>ခြေချင်း</u>**

ငွေကြေးတတ်နိုင်သူများသည် ရှေးအခါက ငွေခြေချင်းများ ဝတ်ဆင်ခဲ့ကြသည်ဟု သိရပေသည်။

*(မှတ်ချက်- အဝကျွန်းမှ အမျိုးသမီးများသည်လည်း ယခင်နှစ် ၅၀ ခန့်က ငွေခြေချင်းများ ခြေထောက်နှစ်ဘက်စလုံးတွင် ဝတ်ဆင်တတ်ကြပါသည်။)*

***ရက္ခသိန်းထွန်း၊ (မြောက်ဦး)***



သက် လူမျိုး မော်ဒယ်နှစ်ဦး ဝတ်စားဆင်ယင်မှု

သက်အမျိုးသမီးများတွင်
ထဘီအထက်ဆင့်
နေရာတွင် ငွေကြိုး၊
ရွှဲကြိုးများကို အလှအပအဖြစ်
ပတ်ကာ ချည်နှောင်ထားကြသည်။
၎င်းကို သက်ဘာသာစကားဖြင့်
"ဖတ်ရှူ" ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ကြေးနှစ်
# တန်ခါက မိုးတစ်ညမှာ

အတိုင်းအဆ မရှိအောင် ပိန်းပိတ်နေတဲ့ အမှောင်ထုထဲကနေ မျှော်လင့်ထားတာတော့ မမျှော်လင့်ထားတာတွေ ပေါ်လာတတ် တယ်လို့ ကျွန်ုပ် အတွေ့ကြုံရဲ့ မိတ်ဆွေတို့ ယုံကြည်ကြမှာလား။

ကျွပ်နှာမည်က ဦးရွှေဝိုင်းပါ။

♛ ♛ ♛

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့ စကားကလည်း ရှိ၊ ဒီနှစ်မှာ ‘ဝါကြီးကလည်း ထပ်ပြန်’ ဆိုတော့ကာ ဒုတိယဝါဆိုလထဲမှာ မိုးက အဆက်မပြတ် ဆိုသလို ရွာချနေတယ်။ သည်းတာနဲ့ ဖွဲ့တာပဲ ကွာတယ်။ လယ်ယာလုပ်ငန်း အခြေပြုတဲ့ စစ်ပင်ချောင်းရွာ လူထုလည်း မိုးစွေနေတာကို ကြည့်ပြီး ရင်တထိတ်ထိတ်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



စပါးစိုက်ပြီးတဲ့ လယ်ကွက်တွေ ရှိသလို မစိုက်ရ သေးတဲ့ ထွန်တုန်းယက်တုန်းလယ်တွေ ဘာမျှ မလုပ်ရသေးတဲ့ ရေအကျစောင့်နေကြရတဲ့ လယ်လုပ်ကွက်တွေ အများကြီး ကျန်နေကြ သေးတယ်။ ဒီနယ်မှာ "တစ်နှစ်ရေကြီး မိုးခေါင် လို့ စပါးမရရင် ကြွေးလည်ပင်း နစ်ပြီး သုံးနှစ် ဆက်တိုက် `ဆပ်နိုင်မှ အကြွေးကျေတယ်"လို့ ဆိုရိုးရှိတယ်။ အကြွေးဆိုရာမှာ လယ်သမား အ များစုအတွက် အကြွေးသုံးမျိုးသုံးစား ရှိတယ်။ အစိုးရ အမတော်ကြေးဆိုတဲ့ အကြွေး၊ ရွာထဲ တင် ရွှေပေါင်ခြံပေါင် လယ်စာချုပ်ပေါင်ပြီး ချေး ငှားရတဲ့အကြွေး။ အဲသည်အကြွေး နှစ်မျိုးထက် ဆိုးတဲ့အကြွေးက ရှိသေးတယ်။ 'ရန်ပုံငွေ' ဆို တဲ့အကြွေးပါပဲ။ သည်အကြွေးက ဘာမျှမစား မသောက်၊ မသုံးမစွဲရဘဲ အသားလွတ်တင်ရ တဲ့အကြွေး။ ရန်ပုံငွေကောက်ခံတဲ့ နိုင်ငံရေး သမားတွေက 'ဆက်ကြေး'ဆိုတဲ့ ဝေါဟာရကို တယ်နားခါးကြသကိုး။

♛ ♛ ♛

သူတို့ရန်ပုံငွေ တောင်းပုံက ဖြေသိမ့်စရာ တစ်ချက်တော့ ရှိသည်။

"ဒီနှစ်ရေကြီးလို့ စပါးတွေ ရေမြုပ်ကုန် တာ ဗိုလ်ကြီးတို့အသိပါ"ဟုဆိုလျှင် "ရှေ့နှစ် ခါကျတော့ ပေါင်းပေးပေါ့လေ"ဟု အချိန်ရွှေ့ ဆိုင်းပေးသည်။

"မိုးခေါင်လို့ စပါးတစ်စေ့မှ မရလို့ပါ ဗိုလ်ကြီးရယ်"ဟုဆိုလျှင်လည်း

"နောက်နှစ်ကျမှ နှစ်နှစ်စာပေး"ဟု သည်း ခံတတ်သည်။

အစိုးရ အမတော်ကြေးကတော့ သည် နှစ်အတွက် အကြွေးတင်လျှင် နောက်နှစ်ကျ တော့ မိမိလိုသလောက် မရတော့။ ထို့ပြင် အကြွေးဆပ်ရပုံက အောင့်သက်သက်နိုင်လှ၏။ ငွေသား ဆပ်စရာမလို။ ငွေသားလက်မခံ။ နိုင်ငံတော်က 'ဖြတ်' သော နှုန်းထားအတိုင်း စပါးကို ပေးသွင်းအပ်နှံရသည်။ လယ်သမား အ သက်ရှူမဝတော့။

မြို့ခံ၊ရွာခံ တိတ်တိတ်ပုန်း အပေါင်ဆိုင် တွေကတော့ လျော့ပေါ့သော အတိုးနှုန်းဖြင့် မြင့်ယူသည်။ အကြွေးလည်း မဆပ်နိုင်။ အတိုး လည်း မဆပ်နိုင်သည့်အခါ ရွှေကို သိမ်း၊ လယ် ကိုသိမ်း၊ လှည်းနွားကိုသိမ်း၊ နောက်ဆုံး သိမ်း စရာမရှိလျှင် ခြံနှင့်အိမ်ကိုပါ သွေးအေးအေး ဖြင့် သိမ်းလိုက်တော့သည်။ ထိုကြောင့် အစိုး မရသော ရာသီဥတုနှင့် ဘက်ပြိုင်အန်တုကာ ရွှံ့ထဲရေထဲမှာ နွားတွေနှင့်အတူ ရုန်းနေခဲ့ကြရ သော လယ်သမားတို့သည် အကြွေးနွံထဲမှ ရုန်း မထနိုင်။ ဆင်းရဲမွဲတေမှုရောဂါကြီးမှ နာလန် မထူနိုင်တော့။ ခေတ်ဆိုသော်လည်း အမှောင် ခေတ်ကြီးကို။

လက်ရှိ ဒုတိယဝါဆိုလထဲမှာ မိုးက အ ဆက်မပြတ် သည်းလိုက်၊ ဖွဲလိုက်နှင့်လယ်ကွင်း ပြင်ထဲမှာ ရေတွေ ဖွေးဖွေးလှုပ်နေကြချိန်တွင် စစ်ပင်ချောင်းမှ လယ်သမားတို့ ရင်တမမနှင့် ဘုရားတ,နေကြရတော့သည်။

ထိုကာလထဲမှ တစ်ညမှာ မျက်နှာအိုး မည်း သုတ်ထားသူ သုံးဦးက စစ်ပင်ချောင်းရွာမှ ပစ္စည်းအသင့်အတင့်ရှိသော မုဆိုးမ ဒေါ်ငွေယုန် ၏အိမ်ထဲသို့ ဓားတွေ၊ ရဲတင်းတွေနှင့် အနု ကြမ်းဝင်စီးခြင်း ဖြစ်သည်။

ဓားပြသုံးယောက်စလုံး အတွေ့အကြုံ ရင့်သော ရာဇဝင်လူဆိုးလက်ဟောင်းကြီးတွေ မဟုတ်ကြ။ ဆင်းရဲမွဲတေလွန်းသည့်ဒဏ်ကို မခံ မရပ်နိုင် ဖြစ်လာကြရာက ကြံမိကြံရာ ကြံခဲ့ကြ သည့် လူ့ဗာလသုံးဦးမှုန်း သေချာသည်။ သူတို့ လက်နက်တွေကလည်း မီးဖိုချောင်မှ ရရာ ဆွဲ လာသော အိမ်တွင်းသုံး တန်ဆာပလာတွေ ဖြစ်နေကြသည်။ ကိုင်းခုတ်ဓားရှည်၊ သားလှီး ဓားနှင့် လက်ကိုင်တိုသော ရဲတင်းတို့သာ ဖြစ် ကြသည်။ ထို့ပြင် သူတို့၏ အဓိက အမှားမှာ (လက်ထောက်ချလိုက်သော အိမ်မဟုတ်ဘဲ) အိမ်မှား၍ ဓားပြဝင်တိုက်မိခြင်း ဖြစ်၏။

မုဆိုးမ ဒေါ်ငွေယုန်၏ နေအိမ်နှင့် ညီမ ဒေါ်ရွှေပုံ၏ နေအိမ်တို့မှာ ခြေရင်းခေါင်းရင်း တည်ရှိနေခဲ့ကြသည်။ သွပ်မိုးပျဉ်ထောင် ငါးပင် အိမ်ချင်းလည်း တူသည်။ အိမ်ရှေ့ခြံတံခါး တည်ဆောက်ထားပုံချင်းလည်း ခပ်ဆင်ဆင်တူ သည်။ အကာလညအခါ၊ မှောင်မှောင်မည်း မည်း၊ မိုးသည်းသည်းကြားတွင် ဓားပြများ အိမ်ချင်း မှားဝင်မိခြင်းမှာ 'ဖြစ်တတ်သော သဘော' ဟု ဆိုနိုင်ပါသော်လည်း ဓားပြတိုက် ခြင်းနှင့် ပတ်သက်လာလျှင်တော့ မဟာအမှား တော်ပုံဟု ဆိုရမည်။ ပိုင်ရှင်များသည်က[…] မုဆိုးမ ဒေါ်ငွေယုန်သည် ညီမဖြစ်သူလော[…] ပစ္စည်းဥစ္စာ မပြည့်စုံဘဲ အလွန်ကပ်စေးနဲ[…] ခြစ်ကုပ်ကပ်သည်။ ပစ္စည်းမပေးဘဲ လူ[…] အသေခံမည့် ခေါင်းမာလွန်းသော အဘွား[…] ဖြစ်သည်။

"ဒါပဲလား အဘွားကြီး၊ စိန်နားကပ်[…] စိန်နားကပ် ဘယ်မှာလဲ၊ လည်ပင်းကို ဓား[…] အလှီးမခံချင်ရင် စိန်နားကပ်ကိုထုတ်"

ဓားပြတစ်ယောက်က အဘွားကြီး[…] လည်တိုင်ပိန်ပိန်ကို သားလှီးဓားသွားဖြင့် [… ]ကပ်ရင်း တောင်းဆိုသည်။

"ဘာစိန်နားကပ်လဲ၊ ငါ့မှာ ဟောဒီ ဥ[…] ဖရား နားကပ်ပဲရှိသဟဲ့"

အဘွားကြီး၏ အပျိုကြီးသမီးနှ[…] ယောက်မှာ ကြမ်းပေါ်မှာ ဝမ်းလျားမှောက်[…] ကြရင်း ကိုင်းခုတ်ဓားမကြီး ကိုင်ဆောင်ထ[…] သော ဓားပြက သူတို့နှစ်ယောက်အနီးမှာ က[…] ကားကြီးရပ်နေသည်။

"ခေါင်းမထောင်နဲ့၊ မျက်လုံးတွေ မ[…] နဲ့၊ အီးတောင်ပေါက်ချင်ရင် အောင့်ထား"[…] ကိုင်းခုတ်ဓားကြီးနှင့် ဓားပြကသတိပေးသည်[…]

ဓားပြတွေမှာ နောက်ထပ်အမှားတစ်[…] ရှိသေးသည်။ စင်စစ်သူတို့၏ အမှားဟု[…] မခေါ်နိုင်။ လက်ထောက်ချသူက ပေးအပ်သေ[…] သတင်းအချက်အလက် မှားယွင်းနေခြင်းဖြ[…] သည်။ သတင်းအရ မုဆိုးမဒေါ်ငွေယုန်၏ အိ[…] တွင် သားအမိ (၃)ယောက် (အမျိုးသမီးချည်[…] သုံးယောက်)သာ နေထိုင်ကြကြောင်းသိရသည်[…] ဤအချက်က မမှားယွင်းသေးပေ။ ဒေါ်ငွေယု[…] တို့အိမ်မှာ ဆွေနီးမျိုးစပ်ထဲမှ မပုချုံဆိုသော[…] တစ်ခုလပ် အမျိုးသမီးတစ်ယောက် ကူဖေ[…] လောင်ဖက်က အဖော်အလျော်အဖြစ် လာ[…]

---

"ရဲဘော်ကလေး . . . မင့်မှာ လက်နှိပ်ဓာတ်မီးရှိတယ် မဟုတ်လား" ဟု ဓားပြက နွမ်းနယ်အားယုတ်သော အသံဖြင့်ပြောသည်။

"ရှိတယ်၊ ဘာလုပ်မလို့တုန်း"

"ငါ ဘယ်သူလဲဆိုတာ မင်းသေသေချာချာမြင်ရအောင် ငါ့မျက်နှာကို ဓာတ်မီးနဲ့ထိုးကြည့်ပါလားကွာ"

---

www.burmeseclassic.com

www.burmeseclassic.com



ဆောက် နေထိုင်တတ်ခြင်းကို သတင်းပေးလက်ဆောက်ချကမေ့လျော့နေသည်။

ဓားပြတွေ ဝင်သောညက မပုချိုသည် ဒေါ်ငွေယုန်၏အိမ်ကြီး၌ ရှိနေသည်။ ခါတိုင်းရက်များဆိုလျှင် မပုချိုသည် နံနက်ခင်း၌ ဒေါ်ငွေယုန်တို့အိမ်သို့ ရောက်လာပြီး တစ်နေကုန်ဘဲဟိရဝေယျာဝစ္စ အလုပ်ကလေးများလုပ်ကိုင်ပေးသည်။ ညနေစောင်းလျှင် ရွာမြောက်ပိုင်းရှိ သားမက်နေအိမ်သို့ ပြန်သွားလေ့ရှိ၏။

ထိုညက မပုချို အိမ်မပြန်ဖြစ်။ မိုးတစိမ့်စိမ့် ရှိလှသည့်မို့ မီးဖိုချောင်ထဲမှ မီးဖိုအနီးရှိ ကြမ်းပြင်မှာ မီးဖိုမှ အနွေးဓာတ်ရအောင် စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ပျော်နေခဲ့သည်။

ဓားပြတို့သည် မပုချို အိပ်စက်နေခဲ့ ရာ မီးဖိုခန်းကို ဖြတ်၍ ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ သူတို့ထဲမှ တစ်ယောက်က လက်နှိပ်ဓာတ်မီးဖြင့် မီးဖိုခန်းထဲမှာ မီးထိုး စူးစမ်းကြသော်လည်း အထုပ်တစ်ထုပ်လို မီးဖိုဘေးမှာ ငြိမ်းသက်နေခဲ့သော မပုချိုကို လူတစ်ယောက် အိပ်နေသည်ဟု မထင်ဘဲ အထုပ်တစ်ထုပ် ဟုသာ ထင်ခဲ့ကြသည်။ ဓားပြတို့၏ ပြင်မရသော အမှားတစ်ခုပင် ဖြစ်ပြန်သည်။

မပုချိုသည် ဓားပြတို့ အိမ်ထဲသို့ ဝင်လာပြီး ဒေါ်ငွေယုန်တို့ သားအမိတတွေကို ခြိမ်းခြောက်လုယက်စ ပြုသည့်အခိုက်မှာပင် နောက်ဖေးပေါက်မှ အသာကလေး ထွက်လာခဲ့သည်။ မြေပြင်ရောက်တော့ မပုချိုသည် မှောင်ကြီးမည်းကြီးထဲမှာ ကသောကမျောပြေးသည်။

မပုချိုကို တစ်ရွာလုံးက နုံနုံအအဟု ထင်မြင်ကြသည်။ ယခုညတွင် မပုချို ထုံထိုင်းနုံအခြင်း မရှိ။ ဒေါ်ငွေယုန်တို့အိမ်နှင့်ခြံပိုင်း ဆယ်ဝိုင်းလောက် ဝေးကွာသော အစိုးရမူလတန်းကျောင်းအဆောက်ဦထဲမှာ နိုင်ငံရေးခေါင်းဆောင် 'အောင်ပါကြီး'၏ တပည့်တွေ လျှို့ဝှက်တန်းချ အိပ်စက်လေ့ရှိကြောင်း မပုချိုသိထားသည်။ အောက်ပါကြီး၏ တပည့်များက ညမိုးချုပ်မှ ရွာထဲဝင်လာပြီး မိုးမလင်းမီရွာထဲမှ ပြန်ထွက်သွားတတ်သဖြင့် (ဓားပြများ အပါအဝင်) လူအများက ညအခါများတွင် အောင်ပါကြီးတို့ လက်နက်ကိုင်များ ရွာထဲမှာမရှိကြဟုပင် ထင်မှတ်ထားကြသည်။ ဤအချက်ကလည်း ဓားပြများ၏ အမှားတော်ပုံကြီးထဲမှ အမှားတစ်ကွက်ဖြစ်သည်။

မပုချိုသည် လက်နက်ကိုင်များထံ သက်စွန့်ဆံဖျား မိုးကြားလေကြားမှာ အမောတကော ရောက်သွားခဲ့သည်။

အဘွားကြီးမှာ စိန်နားကပ်တစ်ရံ ရှိကြောင်း သတင်းအတိအကျ ရထားပါလျက် အဘွားကြီးက (ဘူး)ခံနေသောအခါ ဓားပြများသည် ကြံရာမရဖြစ်ပြီး စိတ်တိုလာကြသည်။ အဘွားကြီးကလည်း အာဂ ရှာမှရှားဖြစ်သည်။

"ငါ့မှာ မရှိတာကိုငါက ဘယ်လိုလုပ်ပြီး ထုတ်ပေးရမတုံး။ မင်းတို့ မကျေနပ်ရင် ငါ့ကို ဒီနေရာတင် သတ်ပစ်လိုက်၊ ငါ့သမီးတွေကို သတ်ချင်သပဆိုလည်း သတ်သာသတ်ပစ်လိုက် စမ်းပါ"

"ခင်ဖျား သမီးတွေက အပျိုတွေနော်"

ဟု ပါးစပ်မှ အရက်နံ့ထွက်နေသော ဓားပြက ခနိုးခနဲ့သံဖြင့်ပြောသည်။

"အပျိုတွေ ဘာဖြစ်တုန်း"

"ကျုပ်တို့က ရိုးရိုးသတ်မှာ မဟုတ်ဘူး အပျိုရည်ဖျက်ပြီးမှ သတ်မှာ၊ စိန်နားကပ်က အပျိုဂုဏ်လောက် မတန်ပါဘူးဗျ"

"လုပ်ပြန်ပြီ။ ဒီစိန်နားကပ်၊ မင်းတို့ တော်တော်ပြောရကျုပ်တဲ့ ဓားပြတွေပဲ၊ ရှိသမျှလက်ဝတ်လက်စားနဲ့ ငွေတွေလည်း အကုန်ထုတ်ပေးပြီးပြီ။ တော်ပြီပေါ့၊ ရတာယူပြီး ထွက်သွားကြတာပေါ့"

"အဘွားကြီးက သက်သက်မဲ့ အချိန်ကုန်အောင် လုပ်နေတာ၊ ကဲ . . . ဟောဒီ အငယ်မကို ဘုရားတိုက်ထဲခေါ်သွားမယ်၊ နာရီဝက်အတွင်း စိန်နားကပ်နဲ့ လာရွေးပေတော့၊ ရပ်ရွာကို အကူအညီတောင်းမယ်ဘာမယ် ညာမယ်ဆိုရင်တော့ ခင်ဗျားသမီးရဲ့ ခေါင်းပြတ်နေတဲ့ အလောင်းပဲပြန်ရမယ်၊ နားလည်လား"ဟု ဓားပြခေါင်းဆောင်က နောက်ဆုံး ရာဇာသံပေးလိုက်၏။

"မင်းတို့ လက်ခုပ်ထဲက ရေပဲကွယ်၊ မင်းတို့သဘော၊ မင်းတို့သဘော"

အဘွားကြီးကလည်း သူ့ရပ်တည်ချက် ကို ပြောင်းချင်ပုံ မရသေး။

ဓားပြဗိုလ်မှာ စိန်နားကပ် ဥပါဒါန်ရှိနေပုံရသည်။ စိန်နားကပ်မရမချင်း ဒေါ်ငွေယုန်၏အိမ်ပေါ်မှ ဆင်းမည့်ပုံမပေါ်ချေ။

"ကဲလေ၊ သဘောဆိုတော့လည်း သဘောအတိုင်း လုပ်ရတော့မှာပဲ။ ကဲ . . . အငယ်မကို ခေါ်သွားတော့၊ ငါတို့ကို ဘုရားတိုက်ထဲက စောင့်နေ၊ ကျန်တဲ့ အဘွားကြီး သားအမိကိုတော့ သေွးနည်းနည်းထွက်အောင် လုပ်ရမှာပဲ၊ စိန်နားကပ်ရတော့မှ ငါတို့ လိုက်လာခဲ့မယ်၊ လမ်းမှာတစ်ခုခုဖြစ်ရင်တော့ ငါ စောစောက စီစဉ်ထားတဲ့အတိုင်း ရှင်းစရာရှိတာ ရှင်းပစ်၊ ကြားလား"

ဓားပြခေါင်းဆောင်က မှာကြားပြီး တစ်ခဏအကြာမှာ ဓားပြတစ်ယောက်က အဘွားကြီး၏သမီး အငယ်ကို လက်ပြန်ကြိုး တန်းလန်းပါးစပ်မှာ အဝတ်စည်းလျက်ဖြင့် ညဉ့်အမှောင်ထဲသို့ ခေါ်ထုတ်သွားသည်။

"ခင်ဖျားမှာ စိန်နားကပ်ရှိတာ ကျုပ်တို့က သတင်းအတိအကျ ရထားပြီးသားနော်၊ ခင်ဖျား ခေါင်းမာ မနေနဲ့၊ ခင်ဖျားသမီးကလေးရဲ့ အရှက်နဲ့ အသက်ကို စိန်နားကပ်နဲ့ မလဲချင်ဘူးလား။ အခု . . . ကောင်မကလေးကို ခေါ်သွားတဲ့ကောင်က လက်ရဲဇက်ရဲသမား၊ တဏှာရူး၊ အရက်ကလည်း မူးနေသေးတာ၊ ဟိုကောင်က ခင်ဗျားသမီးကို အနိုင်ကျင့်တယ်ဆိုရင် ကျုပ်တို့ ဘာမှမတတ်နိုင်ဘူး" ဟု ဓားပြခေါင်းဆောင်က အဘွားကြီး မျက်နှာအနီးသို့ ကပ်ပြီး နှစ်ကိုယ်ကြားပြောသည်။

"ဖြစ်ချင်ရာ ဖြစ်စမ်းကွယ်၊ ကံစီမံသမျှပဲ"

အဘွားကြီးက ခေါင်းမာမာ ပေကပ် ကပ်အော်ပြောလိုက်စဉ် ကြမ်းပြင်မှာ မှောက် နေရသဲ သမီးကြီးက ကျိတ်၍ ရှိုက်ငင်သံပေါ်လာသည်။

"ဟဲ့ . . ကောင်မလေး မငိုနဲ့၊ နင့်အမေ စိန်နားကပ်ထားတဲ့နေရာသိရင် နင်ဖွင့်ပြော"

"စိန်နားကပ်မှ မရှိဘဲ"ဟု အကြီးမက ပါးစပ်ကို အဝတ်စည်းထားသဖြင့် အသံ ပလုံးပထွေးဖြင့် ငိုပြောပြောသည်။

"နင်လည်း သတိထား။ ငါတို့က မရရင် ရတာယူမှာ၊ နင့်ဂုဏ်ကို နင်တန်ဖိုး မထားဘူးလား၊ အပျိုရည်ပျက်သွားပြီဆိုရင် သွားပြီဟဲ့၊ နားလည်လား"

"လုပ်ချင်သလို လုပ်လို့ပြောပြီးပြီပဲကွယ်၊ စကားရှည်လိုကတာ" ဟု အဘွားကြီးက ဇတ်ဇတ်ကြဲလေသံဖြင့် ဝင်ပြောတော့ ဓားပြဗိုလ်နှုတ်ခမ်းမဲ့လိုက်၏။ အဘွားကြီးဘက် လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်၏။ မှန်အိမ်မီးရောင် မှိန်မှိန်ထဲမှာ အဘွားကြီး၏ ထိမထင်သော မျက်နှာထားကိုတွေ့ရသည်။ ဓားပြဗိုလ်က အဘွားကြီး၏ မျက်နှာကို ရိုက်ရန် လက်ဝါး တစ်ဘက်ကို မြှောက်လိုက်သည်။ ထိုအချိန်မှာပဲ မိုးပေါက်တွေ၏ ဖြိုးဖြိုးဖျောက်ဖျောက် အသံတွေကိုဖြိုခွဲလိုက်သော သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။ သေနတ်သံက ဒေါ်ငွေယုန်တို့အိမ်မှ များစွာမဝေးသော အရပ်မှ ပေါ်ထွက်လာခြင်းဖြစ်သည်။

"ဟေ့ကောင် . . . အဘွားကြီးကိုပါ ကြိုးအမြန်တုပ်ပြီး ပါးစပ်ကို ပိတ်ပစ်ခဲ့၊ ဘာ သေနတ်သံလဲဆို ငါ သိတယ်၊ ဒါ အောင်ပါကြီးတို့အဖွဲ့က ရိုင်ဖယ်သံတွေ၊ မအေ +++ ဂြိုဟ်ကောင်တွေ"

နောက်ဆုံး မိနစ်အတွင်း ဒေါ်ငွေယုန်တို့ သားအမိနှစ်ယောက်သာ ကြမ်းပေါ်မှာ ဝမ်းလျားမှောက်လျက်ကြီးတွေနှင့် တလူးလူး၊ တလွန့်လွန့် ကျန်ရစ်ခဲ့ကြသည်။ သမီးဖြစ်သူက အားပါးတရ ငိုကြွေးသော်လည်း အသံက ပါးစပ်ကို တင်းကျပ်စွာစည်းထားသော အဝတ်ထဲမှာသာ လုံးထွေးနစ်မြုပ်သွားသည်။ အဘွားကြီးကလည်း တအိအိရှိုက်သည်။ သွားသော ရွှေထည်တွေအတွက်ကော၊ သမီးငယ်အတွက်

www.burmeseclassic.com





ပါ သောကကို ချုပ်တီး၍ မရနိုင်။

နောက် . . . နာရီဝက်ခန့်အကြာမှာမူ ဒေါ်ငွေယုန်၏ သမီးငယ်ကို ဖမ်းခေါ်သွားခဲ့ သော ဓားပြမှာ စစ်ပင်ချောင်းရွာ သုသာန်ထဲရှိ ဇရပ်ထဲမှာ တိုင်တစ်တိုင်မှာ ကြိုးတုပ်လျက် ခေါင်းငိုက်စိုက်ကျနေသည်။

သူ့အနီးမှာ လက်နက်ကိုင် ခေါင်းဆောင် အောင်ပါကြီး၏ နောက်လိုက်တစ်ယောက်က လုံ့စွပ်တပ် ရိုင်ဖယ်သေနတ်ကို ကိုင်၍ တိတ်ဆိတ်စွာ စကြံလျှောက်နေသည်။ အောင်ပါကြီး ကိုယ်တိုင် ခေါင်းဆောင်၍ လွတ်ပြေးသွားသော ဓားပြနှစ်ယောက်နောက်သို့ လိုက်နေကြစဉ် သူက လက်ရဖမ်းမိသော ဓားပြကို စောင့်ကြပ်ထားရမည် ဖြစ်သည်။

ဓားပြသည် သေနတ်ဒဏ်နှင့် အထုခံထားရ၍ ခေါင်းကွဲပြီး သွေးစက်စက် ကျနေသော်လည်း သတိမလစ်၊ ငိုက်စိုက်ချထားသော ဦးခေါင်းကို အားယူ၍ မေးလိုက်သည်။

"ရဲဘော်ကလေး . . . မင့်မှာ လက်နှိပ်ဓာတ်မီးရှိတယ် မဟုတ်လား" ဟု ဓားပြက နွမ်းနယ်အားယုတ်သောအသံဖြင့် ပြောသည်။

"ရှိတယ်၊ ဘာလုပ်မလို့တုန်း"

"ငါ ဘယ်သူလဲဆိုတာ မင်း သေသေချာချာ မြင်ရအောင် ငါ့မျက်နှာကို ဓာတ်မီးနဲ့ ထိုးကြည့်ပါလားကွာ"

"ဘာထူးမှာလဲဗျာ" ဟု လက်နက်ကိုင် အစောင့်ကလေးက စိတ်မပါတပါ ညည်းညူသံဖြင့် လက်နှိပ်ဓာတ်မီး ထုတ်ကာ ဓားပြ၏ အိုးမည်းနှင့် သွေးတွေရောကာ ကြောက်မက်ရွံ့ရှာဖွယ် ဖြစ်နေသော မျက်နှာကို မီးရောင်ဖြင့် ထိုးကြည့်သည်။ သုံးစက္ကန့်လောက် မီးထိုးပြီး ပြန်ပိတ်လိုက်သည်။

"ငါ ဘယ်သူလဲ မင်းသိလား ရဲဘော်ကလေး"

"ခင်ဗျာ ဘယ်သူကမှာလဲဗျာ၊ သေတော့မယ့် ဓားပြတစ်ယောက်ပေါ့"

"ငါ့မျက်နှာကို မင်းသေသေချာချာ ကြည့်စမ်းပါကွ၊ မင်းတို့အဖွဲ့ကို အရင်က ခေါင်းဆောင်ခဲ့တဲ့ ဗိုလ်ငွေဖျိုးဆိုတာ ငါ့အစ်ကို အရင်းခေါက်ခေါက်ကွ၊ အခု . . . သူက ရာထူးတက်ပြီး နီးမကိုပြောင်းသွားပြီ မဟုတ်လား"

အစောင့်ကလေးသည် ခေတ္တခဏမျှ တွေတွေဝေဝေဖြစ်သွားဟန်ဖြင့် ဓားပြ၏ မျက်နှာကို ဓာတ်မီးဖြင့် ဖျတ်ခနဲထိုးကြည့်ပြန်သည်။

"ငါ့အစ်ကိုဟာ သူ့ညီအရင်းကို သူ့လက်အောက်က လူတွေက သတ်ပစ်တယ်လို့ သိရရင် ဘယ်လောက် ရင်နာမလဲကွာ၊ ပြီးတော့ ငါတို့ညီအစ်ကိုက မွေးချင်းနှစ်ယောက်ထဲ ရှိတာကွ၊ တစ်ယောက်ကို တစ်ယောက် အသက်ပေးပြီး ချစ်ကြတာ။ ငါ့အစ်ကို ဗိုလ်ငွေဖျိုး စိတ်ကို ငါသိတယ်၊ သူ ဒေါသထွက်လာရင် သိကြားမင်းတောင် တားလို့မရဘူး။ အဲဒီတော့ မင်းအနေနဲ့ အချိန်မီစဉ်းစားသင့်တယ်ကွာ"

အစောင့်ကလေးက သက်ပြင်းဟင်းခနဲ ချရင်း ဓားပြအနားကနေ အမှောင်ထဲသို့ ထွက်လာသည်။ သူ ကျင်ငယ်စွန့်သံသဲ့သဲ့ ပေါ်ထွက်လာသည်။ ထိုနောက် အစောင့်ကလေးက ဓားပြဘက်သို့ ပြန်လျှောက်လာသည်။

"ကြိုးဖြေပြီး ငါ မဟားတရား ထွက်ပြေးသွားတယ်လို့ ပြောလိုက်ပေါ့ကွာ"

အစောင့်ကလေးက ဘာမျှမပြောဘဲ ကြောင်ကြောင်ကြီးရပ်နေ၏။

"မင်း . . . ကျေးဇူးကို ငါ တစ်သက်မေ့မှာ မဟုတ်ဘူး။ အခွင့်ကြုံတာနဲ့ ငါ့အသက်သခင်အဖြစ် ငါမင်းကို ကျေးဇူးဆပ်မှာပါကွာ"

"ကျုပ်လည်း ဗိုလ်ငွေဖျိုးဆီ အရောက်ပြေးမှ အသက်ချမ်းသာတော့မယ် မှတ်ပါရဲ့၊ ခင်ဗျားလွတ်သွားရင် အောင်ပါကြီးက ကျေနပ်မှာ မဟုတ်ဘူး၊ ရွာက ကြည်ညိုအောင် သူက သူ့ခိုးဓားပြတွေကို သတ်ပြမှလို့ ထင်ထားတာဗျ"

အောင်ပါကြီးတို့အုပ်စု သချိုင်းဇရပ်သို့ ပြန်ရောက်လာကြသောအခါ ထူးခြားနေမှုကို သူတို့ချက်ချင်း သတိပြုလိုက်မိကြသည်။ အစောင့်မရှိတော့။ ဇရပ်အပြင်သို့ ထွက်သွားခြင်းတော့မဟုတ်၊ ဇရပ်ထဲက တိုင်တစ်တိုင်မှာ ကြိုးတုပ်လျက်သားနှင့် အသက်ပျောက်နေသည်။ နဖူးလည်း ဟက်တက်ကွဲနေသည်။ သူ့ရင်အုံမှာတော့ ရိုင်ဖယ်လုံ့စွပ်ကတစ်ဆုံးနီးပါး မြုပ်ဝင်နေသည်။ ရိုင်ဖယ်ကိုတော့ ရှာမတွေ့။

အောင်ပါကြီးက ရှုန့်ရှုန့်ရှင်းရှင်း အော်ဟစ်ဆဲရေးလိုက်သည်။

♛ ♛ ♛

"ဗိုလ်ငွေဖျိုးဆိုတဲ့ လူနဲ့ ကျုပ်နဲ့ သွေးတစ်စက်မှ မတော်ဘူး။ ကျုပ်မှာ အစ်ကိုလည်း တစ်ယောက်မှ မရှိဘူး။ ညီလည်း မရှိဘူး။ ကျုပ်က တစ်ကောင်ကြွက်၊ တစ်ကောင်ကြွက်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး သူများထက်ပိုပြီး ကြိုးစားအားထုတ်ရတယ်။ ကာယအားကို စိုက်ထုတ်ရတဲ့အခါ ရှိသလို ဉာဏ်ကို လှာပြီး သုံးရတဲ့အပိုင်းလည်း ရှိတာပေါ့"

"ကျုပ်ဘဝမှာ အခက်အခဲ၊ အကျပ်အတည်းတွေ ကြုံခဲ့ရတဲ့ အချိန်ကာလတွေက နောက်မှာ အဝေးကြီး ကျန်ခဲ့ပါပြီ။ အမှောင်ခေတ်ကြီးထဲမှာ ကျန်ရစ်ခဲ့ပြီလို့ ဆိုရမှာပေါ့"

'အခု . . သက်ကြီးရွယ်အိုဘဝမှာ ကျုပ်လက်က စိပ်ပုတီးအမြဲကိုင်ထားရတာပေါ့။ နှလုံးစိတ်ဝမ်းလည်း ငြိမ်းချမ်းပါ့ဗျာ။ ကျုပ်တိုက်ရှေ့က ဆိုင်းဘုတ်ကြီးက ကျုပ်ရဲ့ ဂုဏ်ကျက် သရေ ကျုပ်ရဲ့ဘဝ အာမခံချက်ပဲလေ။ ဆိုင်းဘုတ်ကြီးကို ဖတ်ကြည့်လိုက်စမ်းပါလေ".

*"စိန်ဝိုင်း ထင်။ မီးသွေး လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း"*

ကျုပ်လက်ဖျားမှာ စိန်သီးနေပြီမို့ အမည်လည်း ရွှေဝိုင်းမဟုတ်တော့ဘူးပေါ့ဗျာ။

ကြူးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ပထမစာအုပ်ကြီး (၁၆၂၃)

# First Folio by William SHAKESPEARE

# ကမ္ဘာကို ပြောင်းလဲခဲ့သော စာအုပ်များ

ထက်မြက်

ဝီလျံရှိတ်စပီးယားဆိုလျှင် အင်္ဂလိပ်စာပေလောကတွင် မသိသူ ရှိလောက်အောင် အလွန်ထင်ရှား ကျော်ကြားသော စာရေးဆရာကြီး ဖြစ်လေသည်။ စာအစုံ ရေးခဲ့သူလည်း ဖြစ်သည်။ ပြဇာတ်များ၊ ကဗျာများ၊ ဝတ္ထုများမှာ ယနေ့ထက်တိုင် ကမ္ဘာကျော်လျက် ရှိပါသည်။ သူ ကွယ်လွန်ပြီး ၇-နှစ်အကြာတွင် သူ မသေခင်က ရေးခဲ့သော ပြဇာတ်များကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ပြဇာတ်ပေါင်းချုပ် စာအုပ်ကြီးကို First Folio 'ပထမစာအုပ်ကြီး' နာမည်ဖြင့် ထုတ်ဝေခဲ့သည်။ ထိုနာမည် သည် ရှိတ်စပီးယား၏ စာပေများကို စုပေါင်းထုတ်သည့်အတွက် သင့် တင့်လျောက်ပတ်သည်ဟု ယူဆပါသည်။ ဝီလျံရှိတ်စပီးယား ရေးခဲ့သော စာများထဲမှ အသော၊ အလွမ်းနှင့် ရာဇဝင်ဇာတ်လမ်းများကို ဖော်ပြ ထားခြင်း ဖြစ်သည်။ ထိုစာအုပ်ထဲတွင် ပြဇာတ် ၃၆ ပုဒ် ပါဝင်လေသည်။ သူ၏ ပြဇာတ်များမှာ အများအပြားရှိသည်။ မခန့်မှန်းနိုင်လောက်အောင် များသည်ဟု ဆိုသည်။ စာပေလောကတွင် ဩဇာကြီးလှပါသည်။ ရှိတ် စပီးယားသည် တခြားစာရေးဆရာများထက် ပို၍ ကျော်ကြား၊ ပို၍ လူကြိုက်များသူလည်း ဖြစ်သည်။ ဘာသာစကားအရ၊ စာပေအရ အလွန် ထင်ရှားလှသော စာများကို ရေးခဲ့သလို ကဇာတ်ပိုင်းတွင်လည်း သူ့ ကဇာတ်များက လွှမ်းမိုးလေသည်။ လူ့သဘာဝသဘောတရားကို ဖွဲ့ဆို ရာတွင် အထက်တန်းလွှာနှင့် အောက်တန်းလွှာများကို ဖွဲ့ဆိုနိုင်သူ ဖြစ် ပါသည်။

ရှိတ်စပီးယား၏ဘဝတွင် (၁၅၆၄-၁၆၁၆) စာပေရေးသားခြင်းဖြင့် အများဆုံး ဖြတ်သန်းခဲ့သည်။ ပြဇာတ်အများအပြားကို ရေးပြီး ပုံနှိပ် ထုတ်ဝေခဲ့သည်။ ကဇာတ်ရုံတွင် သွားရောက်ပြီး အသက်မွေးဝမ်းကျောင်း ပြုခဲ့ရသည်။ ထိုစဉ်က သူ အသက်ငယ်ငယ်သာ ရှိသေးသည်။ ပြဇာတ် ပရိသတ်အတွက် ရေးသားသည်။ ပေါ်ပင်ဇာတ်လမ်းများ၊ လူကြိုက်များ နိုင်သည့် အဖြစ်အပျက်များကို ရေးသားခဲ့ခြင်း ဖြစ်သည်။ ၁၅၉၀ ခုနှစ် များကာလ၌ သူ၏ ကဗျာရှည်ကြီး ၂ ပုဒ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို ကဗျာရှည်ကြီးများမှာ Venus and Adonis ဆိုသော ကဗျာရှည် ကြီးနှင့် The Rape of Lucrece ဆိုသော ကဗျာရှည်ကြီး ဖြစ်ပါသည်။ ရှိတ်စပီးယားသည် ပြဇာတ်များကို ကပြဖို့အတွက် ရေးလိုက်သော်လည်း ထိုပြဇာတ်များကို ထိန်းသိမ်းထားရန်ကိုကား စိတ်ဝင်စားမှု နည်းလှ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ ရေးခဲ့သမျှ ပြန့်ကျဲနေခြင်းဖြစ်သည်။ ဘာရေးခဲ့ သည်ဟုလည်း အမှတ်မထားပေ။ (သူ့မိတ်ဆွေနှင့် သူ့ပြိုင်ဘက်ဖြစ်သူ ဘင်ဂျွန်ဆင်ကတော့ ၁၆၁၆ ခုနှစ်တွင် သူ ရေးခဲ့သည်များကို ဦးစီး၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ သူသည် ဟန်ဆောင်ပြီး ထိုကဲ့သို့ ပြုလုပ်ခြင်း ဖြစ်သည်ဟုလည်း ဝေဖန်ခံရသည်။) ရှိတ်စပီးယား၏ ပြဇာတ်များကို တုပခိုးယူပြီး မိမိတို့ ရေးသယောင်ပြဇာတ်များလည်း ပေါ်ခဲ့ပါတယ်။ တချို့ပြဇာတ်များဆိုလျှင် ဟိုအပိုဒ်၊ ဒီအပိုဒ်ရောစွ၍ အသစ်ပြုလုပ်ကာ ရေးသားခဲ့သည်။

ရှိတ်စပီးယားသည် လန်ဒန်ပြဇာတ်လောကတွင် အနှစ် ၂၀ ကျော် ဖြတ်သန်းလာခဲ့ပါသည်။ စာရေးဆရာ၊ ပြဇာတ်ဆရာ၊ ကုမ္ပဏီရှယ်ယာဝင်အဖြစ် ဖြတ်သန်းခဲ့ရာ အကျိုးအမြတ်လည်း ရရှိခဲ့သည်။ သို့သော် ၁၆၁၄ ခုနှစ်၌ သူသည် ထိုလောကမှ ထွက်ခဲ့သည်။ ပြဇာတ်လောကမှ အငြိမ်းစားယူလိုက်ကာ သူ့မိသားစုနှင့်အတူ ကျေးလက်သို့ သွားရောက်၍ အနားယူသည်။ စထရပ်ဖို့စ်တွင် သွားရောက်နေထိုင်ခဲ့ရင်း သူသည် ဘာမှမလုပ်ဘဲ နေခဲ့၏။ တောရွာတွင် နေထိုင်ရင်း ၁၆၁၆ ခုနှစ်တွင် ကွယ်လွန်သွားခြင်း ဖြစ်ပါသည်။ သူ ကွယ်လွန်ပြီး နှစ်အတန်ကြာတွင် အမှတ်တရ အခမ်းအနားပြုလုပ်သည်။ သူ နေထိုင်သော ကျေးရွာဘုရားကျောင်းတွင် ပြုလုပ်ကြခြင်း ဖြစ်သည်။ ထို့နောက် ဂျွန်ဟန်မင်ဂေနှင့် ဟင်နရီကွန်ဒဲလ်တို့က သူ့ပြဇာတ်များကို ပြန်လည် စုစည်းပြီး ထုတ်ဝေဖို့ ပြင်ဆင်ကြလေတော့သည်။ သူ့ကို ဝမ်းနည်းကြောင်း အမှတ်တရ အခမ်းအနားတွင် ပြဇာတ်မင်းသားများနှင့် သူ၏ ပြဇာတ်ကုမ္ပဏီမှ လူများလည်း တက်ရောက်သည်။ ထို့ပြင် စာအုပ်ရောင်းသူများနှင့် သူ့ကို ချစ်ခင်လေးစားသော စာပေသမားများ၊ စာဖတ်သူများလည်း တက်ရောက်ကြလေသည်။

ဟန်မင်ဂေနှင့် ကွန်ဒဲလ်တို့သည် အယ်ဒီတာများအဖြစ် သူ့စာအုပ်တွင် အမှာရေး၏ သူတို့က ရှိတ်စပီးယား၏ မူရင်းစာမူများကို ရှာဖွေ၍ စုစည်းထုတ်ဝေခြင်း ဖြစ်သည်။ သူတို့က ရှိတ်စပီးယား၏ လက်ရာမှန်သမျှကို တရားဝင် စာချုပ်စာတမ်းဖြင့် စနစ်တကျ ထုတ်ဝေခြင်း ဖြစ်သလို ပြဇာတ်ကုမ္ပဏီနှင့် ပတ်သက်ပြီး လုပ်ဆောင်စရာ ရှိသည်များကို စနစ်တကျ လုပ်ဆောင်သည်။ ယခင်က ထုတ်ဝေပြီး ပြဇာတ်များကိုလည်း စုစည်းပြီး ပြန်လည်ထုတ်ဝေသည်။ သူ ရေးခဲ့သမျှ ပြဇာတ်များကို အသော၊ ရာဇဝင်နှင့် အလွမ်းဟူ၍ ခေါင်းစဉ်ခွဲခြားပြီး ထုတ်ဝေကြလေသည်။ ထုတ်ဝေသော စာအုပ်များ၏ အမှာတွင် "ကျွန်တော်တို့ ထိုကဲ့သို့ ထုတ်ဝေခြင်းမှာ ကျွန်တော်တို့၏ ရှိတ်စပီးယားကို အမှတ်တရ ဖြစ်ခြင်း၊ မိတ်ဆွေတို့၏ လုပ်ဆောင်သင့်သည်ကို လုပ်ဆောင်ခြင်း စသော ရည်ရွယ်ချက်ဖြင့် ထုတ်ဝေခြင်း ဖြစ်သည်။ ထိုသို့ ထုတ်ဝေခြင်းဖြင့် ရှိတ်စပီးယား ရှင်သန်နေသလို ခံစားရပါသည်"ဟု ရေးထားလေသည်။

စာအုပ်ထဲတွင် ပြဇာတ်အားလုံးကို ရှိတ်စပီးယား၏ လက်ရာအဖြစ် ထည့်သွင်းထားပါသည်။ (ပါရီကလိစ် Pericles ကို နောက်ထုတ်ဝေသော စာအုပ်တွင် ဖြည့်စွက်ထည့်သွင်းထားသည်။) ထိုကဲ့သို့ ပုံနှိပ်ထုတ်ဝေခြင်းမှာ အလွန်စနစ်ကျသဖြင့် ရှိတ်စပီးယား၏ လက်ရာများကို တပေါင်းတစည်းတည်း ဖတ်ရလေသည်။ အလွမ်းပြဇာတ်များတွင် ဟင်းမလက်၊ အော်သဲလိုနှင့် လီယာမင်းကြီးတို့ ပါဝင်သလို The Tempest မိုးသက်မုန်တိုင်း၊ ဂျူးလီးယက်ဆီဇာ၊ မက်ဘက်သ်နှင့် Twelfth Night ဆယ့်နှစ်ညမြောက်တို့)ကိုလည်း ထည့်သွင်းထားပါသည်။ တချို့ပြဇာတ်များမှာ ယခင်က တစ်ကြိမ်မှ ပုံနှိပ်ထုတ်ဝေခြင်း မရှိခဲ့ပေ။ ထိုသို့ ရှိတ်စပီးယား၏ ပြဇာတ်များကို အပင်ပန်းခံ စုစည်းထုတ်ဝေခြင်းသာ မရှိခဲ့လျှင် ကျွန်တော်တို့ ထိုစာအုပ်ကို) ဖတ်ရမည် မဟုတ်ပေ။ သူ၏ ပြဇာတ်များသည် အချည်းနှီး ပျောက်ကွယ်ကုန်လိမ့်မည်။ ထိုပုဂ္ဂိုလ် ၂ ဦးက အသေအချာစုဆောင်း၍ ထုတ်ဝေသဖြင့် 'ပထမစာအုပ်ကြီး'မှာ စာပေလောကတွင် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။



ထိုစာအုပ်တွင် ပြဇာတ်ရေးဆရာ၏ ရုပ်ပုံကို ထည့်သွင်းပုံနှိပ်ထားပါသည်။ ထိုပုံကို ဘလောက်အဖြစ် ထွင်းထုပေးသူမှာ မာတင်ဒရိုးရှောက် ဖြစ်သည်။ ထိုစာအုပ်ကို ရည်ညွှန်းသော ကဗျာကိုလည်း ဂျွန်ဆင်က ရေးထားသည်။ ပထမပုံနှိပ်ထုတ်ဝေခြင်းတွင် စောင်ရေ ၇၅၀ ပုံနှိပ်ခဲ့ သည်။ စာအုပ်မှာ စာမျက်နှာ ၉၀၀ ကျော်ရှိသည်။ ယခုဆိုလျှင် ပထမဆုံး ပုံနှိပ်သော ထိုစာအုပ်များအနက် ၃ ပုံ ၁ ပုံကျန်ရှိနေပါသည်။ ၇၉ အုပ်မှာ အမေရိကန်ပြည်ထောင်စု၊ ဖော်လ်ဂါရှိတ်စပီးယား စာကြည့်တိုက်တွင် ရှိနေသည်။ ဤစာအုပ်များမှာမူ ယခုအချိန်၌ ပျောက်ဆုံးနေပေသည်။ ပြန်လည် ပုံနှိပ်သည့်အခါတွင် တချို့စာရွက်များမှ မရှိတော့သောကြောင့် ပြန်လည် တိုက်ဆိုင်ပြီး စာပြင်ရလေသည်။ တချို့စာလုံးများတွင် မူကွဲများ ဖြစ်လာ၏။ 'ပထမစာအုပ်ကြီး'ကို ထုတ်ဝေစဉ်က တန်ဖိုးမှာ ၁ ပေါင်ဖြစ်သည်။ (ယခုဆိုလျှင် ပေါင် ၁၀၀ သို့မဟုတ် ဒေါ်လာ ၂၀၀ တန်ဖိုးနှင့် ညီမျှပါသည်။) တစ်ပေါင်နှုန်းနှင့်သာ ရောင်းရမည်ဆိုလျှင် စာအုပ်သန်းပေါင်းများစွာ ရောင်းချရပေမည်။ ထိုကဲ့သို့ ရှိတ်စပီးယား၏ လက်ရာများကို စုပေါင်း ထုတ်ဝေခြင်းမှာ စာပေသမိုင်းတွင် ထင်ရှားလှပါသည်။ စုပေါင်း၍ ထုတ်ဝေသော စာအုပ်ကိုလည်း 'ပထမစာအုပ်ကြီး' ဟု နာမည်ပေးလိုက်သည်မှာ အလွန်ပင် ဆီလျော်သည်။ ထိုထက်ကောင်းသော နာမည်ကို ရှာမရပေ။ Folio ဆိုသည်မှာ စာရွက်ကြီးတစ်ခု၏ ခေါက်ချိုးကို ခေါ်ခြင်းဖြစ်သည်။ စာအုပ်တစ် အုပ်တွင် စာမျက်နှာ ၄ မျက်နှာကို Folio ဟုလည်း ခေါ်ပါသည်။ Folio အချိုးဆိုသည်မှာ အကြီးဆုံး စာမျက်နှာအချိုး ဖြစ်၏။ ထို့ကြောင့် 'ပထမစာအုပ်ကြီး'ဟု ခေါ်ခြင်းဖြစ်သည်။ ထိုစာအုပ်ကြီး၏ အရှည်မှာ

www.burmeseclassic.com

www.burmeseclassic.com



၁၅ လက်မအမြင့် ရှိ၏။ ကျမ်းကြီးတစ်စောင်လို ကြီးမား ထုထဲသော စာအုပ် ဖြစ်ပါသည်။ သမ္မာကျမ်းစာလို၊ ကမ္ဘာမြေပုံစာအုပ်လို၊ သမိုင်းစာအုပ်များလို ကြီးမားထုထဲနိုင်ခန့်သောစာအုပ် ဖြစ်သည်။ သာမန်စာအုပ်များနှင့် ကွာခြားလှသည်။ ထိုစာအုပ်ကြီး၏ ၄ ချိုး ၁ ချိုးမှာ သာမန်ထုတ်ဝေနေသော စာအုပ်များ၏ အချိုးဖြစ်သည်။ သတင်းစာ စာရွက်ကို ခေါက်ချိုးချိုးလိုက်လျှင် ထို Folio အချိုး ရရှိပါသည်။ စောစောပိုင်းက ထုတ်ဝေသော စာအုပ်များတွင် ရှိတ်စပီးယား၏ လက် ရာဟု အတည်မပြုထားသော စာမူများနှင့် တခြားပြဇာတ်များ ပါဝင်ပါ သည်။

ပထမစာအုပ်ကြီး၏ မာတိကာတွင် ရှိတ်စပီးယားရေးခဲ့သော ပြဇာတ်များကို တစ်ခုချင်း ဖော်ပြထားပါသည်။ (၁၅၈၀ ခုနှစ်များက ထွက်ခဲ့သော ဟိုးမား၊ ဂေါ့ဖရေချော့ဆားတို့၏ စာများမှ ကိုးကားသော ပြဇာတ်များလည်း ပါရှိသည်။ အင်္ဂလန်နိုင်ငံ၏ ပြဇာတ်နှင့် ပတ်သက်သော လေ့ထုံးစံများကိုလည်း ရှိတ်စပီးယားက ဖော်ပြခဲ့လေသည်။ အင်္ဂလန်၏ ပြဇာတ်များသည် ကမ္ဘာ့စာပေနယ်ကို ထိုးဖောက်ခဲ့ပါသည်။ ခေတ်ပိုင်းတွင် အင်္ဂလန်ပြဇာတ်များက ကမ္ဘာ့ပြဇာတ်လောကကို ဩဇာရှိခဲ့လေသည်။ ထို့ကြောင့် ရှိတ်စပီးယား၏ မက်ဘက်သ်ပြဇာတ်ကို ဘာဒီက အော်ပရာအဖြစ် ကပြသည်။ ရိုမီယိုနှင့် ဂျူးလီးယက်ဆိုလျှင် ပြဇာတ်များ၊ တေးသရုပ်ဖော်များဖြင့် အမြဲလိုလို ဖော်ပြခံရသလို ရုပ်ရှင်အဖြစ်လည်း အကြိမ်ပေါင်းများစွာ ရိုက်ကူးခဲ့ရလေသည်။ ရှိတ်စပီးယား၏ ပြဇာတ်များကို အခြေခံပြီးနောက်ပိုင်း ကပြသော ကဇာတ်များ၊ ရုပ်ရှင်များလည်း အများအပြား ရှိသည်။ သိပ္ပံရုပ်ရှင်ကား Forbidden Planet 'တားမြစ်ထားသောဂြိုဟ်' ဆိုလျှင် ရှိတ်စပီးယား၏ မိုးသက်မုန်တိုင်း The Tempest ကို အခြေခံ၍ ရိုက်ကူးထားခြင်း ဖြစ်ပါသည်။ အာကီရာကုရိုဆာဝါ၏ အကောင်းဆုံး ဆာမူရိုင်း ရုပ်ရှင်ဟု ပြောသော Throne of Blood ဆိုလျှင် ရှိတ်စပီးယား၏ မက်ဘက်သ်ကို မှီးပြီး ရိုက်ကူးထားသည်။ ထို့ပြင် ဟမ်းမလက်ကို အခြေခံ ရိုက်ကူးသော ရုပ်ရှင်ကားများလည်း ရှိသည်။ ထိုကဲ့သို့ ရှိတ်စပီးယား၏ ပြဇာတ်များမှ မှီငြမ်းကိုးကား၍ ပေါ်ထွက်လာသော ရုပ်ရှင်ပြဇာတ်များကို 'ပထမစာအုပ်ကြီး'၏ ကလေးများဟု ခေါ်ကြလေသည်။

ရှိတ်စပီးယား၏ ဩဇာမှာ စာပေတွင်ကော၊ အရေးအသားဘာသာစကားတွင်ပါ လွှမ်းမိုးမှု ကြီးမားပါသည်။ ရှိတ်စပီးယား၏ အရေးအသားများကို မဖတ်ဖူးသော စာရေးဆရာ ဟူ၍ ကမ္ဘာပေါ်တွင် ရှိမည် မဟုတ်ပေ။ ရှိတ်စပီးယားကို ကမ္ဘာပေါ်ရှိ စာရေးဆရာများမှာ မသိသူ မရှိပေ။ ရှိတ်စပီးယား၏ စာအုပ်များကို တစ်နည်းတစ်ဖုံ ဖတ်ကြရသည်။ အနည်းနှင့် အများ မဖတ်ဖူးသူဟူ၍ မရှိပေ။ ရှိတ်စပီးယား၏ ပြဇာတ်ကို မဖတ်ဖူးသူဟုဆိုလျှင် ထိုသူသည် 'ဒုစရိုက်မှုကို ဆန့်ကျင်နေသူထက် ပို၍ပင်ကြီးမားသော ဒုစရိုက်မှု ကျူးလွန်သူ' (လီယာမင်းကြီးကဲ့သို့) ဖြစ်ပေလိမ့်မည်ဟု တင်စားပြောဆိုကြသည်။ ရှိတ်စပီးယား၏ ပြဇာတ်ထဲတွင် စကားလုံး ပြောဆိုမှုများ၊ တင်စားမှုများမှာ အားကောင်းလှသဖြင့် ယနေ့ခေတ်အထိ ထိုတင်စားမှုများကို ဆက်လက် ကျင့်သုံးကြ၏။ ဥပမာဆွေမမြောက် ဟင်နရီပြဇာတ်ထဲမှ ဖော်ပြထားသော 'တံခါးပေါက်မှသံမှိုကဲ့သို့ သေဆုံးနေပေပြီ' ဆိုသည်မျိုး၊ ဗင်းနစ်မြို့မှ ကုန်သည်ကြီးပြဇာတ်ထဲမှ ရှိုင်းလော့ပြောသော 'အသားတစ်ပေါင်' ဆိုသော အသုံးအနှုန်းမျိုးမှာ ယနေ့တိုင် မပျောက်မပျက် သုံးစွဲလျက် ရှိကြသည်။ ရှိတ်စပီးယား ရေးသားသော ဝါကျများ၊ အရေးအသားများကို အောက်စဖို့ဒ်အင်္ဂလိပ်အဘိဓာန်ထဲတွင် ထည့်သွင်း၍ ယခုအထိ အသုံးပြုနေရပါသည်။ ရှိတ်စပီးယား၏ အရေးအသားများ၊ အသုံးအနှုန်းများမှာ နှစ်ရာပေါင်း များစွာကြာမြင့်ခဲ့သော်လည်း မပျောက်ပျက်ခဲ့ပေ။ သူ၏ စာပေဩဇာ မည်သူနှင့်မျှ မတူအောင် ကြီးမားလှပါသည်။

ရှိတ်စပီးယား၏ စာပေအပေါ် အကျိုးပြုမှုမှာ အကြီးမားဆုံး ဖြစ်ပေလိမ့်မည်။ သူ ရေးခဲ့သော ပြဇာတ်များ၏ အကြောင်းအရာ၊ ပုံသဏ္ဌာန် အရေးအသား ဖွဲ့နွဲ့မှုတို့ကို မည်သူမျှ လိုက်၍ မမီခဲ့ပေ။ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ က သူ၏ဘာသာစကားမှာ ယနေ့ခေတ်ကာလတွင် ကွာခြားနေမည် ဖြစ်သော်လည်း သူ့စာများကို ဖတ်လိုက်လျှင် ရင်ထဲ၌ ခံစားရကာ အလွန်ဩဇာညောင်းနေဆဲ ဖြစ်သည်။ သူ၏ပြဇာတ်များကို ဖတ်လျှင် ဒေါသဖြစ်မှု၊ နာကျည်းမှု၊ မေတ္တာတရားကြီးမှု၊ ကြောက်လန့်မှု၊ သံသယရှိမှု၊ သဝန်တိုမှု၊ နောင်တရမှု၊ ရည်မှန်းချက် ကြီးမှု၊ အပြစ်ရှိမှု၊ ဆန္ဒရမ္မက်ကြီးမှု စသည်တို့မှာ ပီပြင်စွာ ပေါ်လွင်လှ၏။ သူသည် စကားလုံးများဖြင့် ထိုအချက်များအားလုံးကို ဖော်ပြနိုင်စွမ်း ရှိလေသည်။ သူ၏ ခံစားမှု၊ သူ၏ အနုပညာလက်ရာမှာ အလွန်ပင် ကြီးလှ၏။ သူ၏စာများသည် သေခြင်းနှင့် ရှင်ခြင်း၊ အမှားနှင့်အမှန်၊ သစ္စာရှိမှု နှင့် ချစ်ခြင်းမေတ္တာအစရှိသည်တို့ကြား လွန်ဆွဲနေသူများသာ ခံစားနေ အောင် ဖော်ပြနိုင်လေသည်။ ကမ္ဘာကြီးအပေါ် ကြည့်မြင်သော သူ့ဇာတ်ကောင်များ၏ အမြင်၊ ခံစားမှုများကို သူ့ကဲ့သို့ စာဖတ်သူများ ခံစားနိုင်အောင် ဖန်တီးနိုင်မှု၊ ကျွန်တော်တို့အနေဖြင့် ဟမ်းမလက်ကို မဖတ်ဖူးသော်လည်း သံသယအကြောင်းကို ကျွန်တော်တို့ သိပါသည်။ သို့သော် ရှိတ်စပီးယားရေးလိုက်သော ထိုပြဇာတ်ကို ဖတ်ရလျှင်ကား ကျွန်တော်တို့အသိထဲတွင် ပို၍ လေးနက်ကြီးမားသော သံသယအကြောင်းကို သိနိုင်ပါသည်။ ရှိတ်စပီးယားက ကျွန်တော်တို့ ဘယ်လိုလူတွေလဲ ဆိုသည်ကို သိအောင် ကူညီခဲ့သောသူလည်း ဖြစ်ပါသည်။ 'ပထမစာအုပ်ကြီး' First Folio သာ မပြုစုနိုင်ခဲ့လျှင် ပြဇာတ်၏ အမွေအနှစ်၊ ရှိတ်စပီးယား၏ လက်ရာများကို ကျွန်တော်တို့ မသိရှိနိုင်ဘဲ ပျောက်ဆုံးသွားပေလိမ့်မည်။

## ဂုဏ်ပြုခြင်းနှင့် အမှတ်တရပြုခြင်း

First Folio 'ပထမစာအုပ်ကြီး'၏ အမှာတွင် ဟန်မင်ဂေနှင့် ကွန်ဒဲလ်တို့က သူတို့၏ မိတ်ဆွေကြီးကို ညွှန်းဆိုရေးသားခဲ့သည်။

''ကျွန်တော်တို့အနေဖြင့် အမှန်အတိုင်း ဝန်ခံရေးသားရပါမည်။ ထိုကဲ့သို့ ရေးသားသင့်သည်ဟုလည်း ယူဆပါသည်။ ဤစာအုပ်ရေး သည့် စာရေးဆရာသည် သူ၏ လက်ရာများကို ကြိုးစား တီထွင်ခဲ့ခြင်း ဖြစ်သည်။ သူ၏ ကိုယ်ပိုင်အရေးအသား အားလုံး ဖတ်ရှုနိုင်အောင် ထုတ်ဝေခြင်း ဖြစ်သည်။ သူသည် ပျော့ရှင်ဖွယ်ကောင်းသော သဘာဝ ဖန်တီးရှင်လည်း ဖြစ်ပါသည်။ သူက လူ့လောကအကြောင်းကို နူးညံ့ ပျော့ပျောင်းစွာ ဖော်ထုတ်ရေးသားခဲ့လေသည်။ သူ၏ စိတ်နှင့် လက်သည် တစ်သားတည်း ဖြစ်ကာ ကျနစာများကို ရေးခဲ့လေသည်။ သူ စဉ်းစား တွေးခေါ်သမျှကို သူ့လက်က လွယ်ကူ ချောမွေ့စွာ ရေးခဲ့လေသည်။ ရှားပါးလှသော သူ့လက်ရာများ၊ သူ့ရေးသားချက်များကို စာရွက်များပေါ် မှ ကျွန်တော်တို့ ရရှိခဲ့ကြပါသည်။ ထိုစာများကို ထပ်ခါတလဲ ကျွန်တော် တို့ ဖတ်ရှုခဲ့ပါသည်။ သင်သည် ဤစာများကို ဖတ်၍ မကြိုက်ဘူးဆို လျှင် သင်၏ အသိဉာဏ်သည် အန္တရာယ်ရှိနေပြီဟု ယူဆရပေလိမ့်မည်။ သူ့စာများကို နားလည်သဘောပေါက်ခြင်း မရှိလျှင် သင်၏ အသိတရား မှာ အန္တရာယ်ရှိနေပြီဟု မှတ်ယူပါ''

The Tempest 'မိုးသက်မုန်တိုင်း'ပြဇာတ် အခန်း–၅ မြင်ကွင်း ၁ သည် ရှိတ်စပီးယားရေးခဲ့သော ပြဇာတ်၏ နောက်ဆုံး အရေးအသား ဖြစ်မည်ဟု ယုံကြည်ရသည်။ ပညာရှင်များနှင့် ဇာတ်ညွှန်းရေးဆရာများ က သူ၏ လက်ရာကို နောက်ဆုံးဂုဏ်ပြုခဲ့ကြသည်။ ရှိတ်စပီးယားက ထိုအခန်းတွင် –

'' .... ကမ်းခြေမှ အငူသည် သန့်သန့်မာမာ အခြေစိုက်ထားလေသည်။ ကျွန်ုပ်သည် တုန်လှုပ်နေ၏။ ကျွန်ုပ်၏ ဖိနှပ်မှ သံချွန်များမှာ စူးနစ်နေ၏။ ထင်းရှူးပင်နှင့် ဆီဒါပင်သည် ကျွန်ုပ်၏ အမိန့်အောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြပါသည်။ အိပ်ပျော်နေသူများကို နှိုးကြရမည်။ သူတို့ကို သွားခွင့်ပေးရမည်။ ကျွန်ုပ်သည် ဤနေရာတွင် စွန့်လွှတ်ခဲ့ပါသည်။ ကောင်း ကင်ဘုံမှ ဂီတသံအချို့ကို ကျွန်ုပ် နားဆင်ရန် လိုအပ်ပါသည်။ ဂီတသံ သည် နောက်ဆုံးအကြိမ်အထိ ကျွန်ုပ်အတွက် လိုအပ်နေ၏။ ဤလေပြင်း များ အတော်များများ နက်ရှိုင်းသွားအောင် မြှုပ်နှံပစ်ရမည်။ အသံကို ထိုးစိုက်ကျသွားအောင် ကျွန်ုပ်စာအုပ်ထဲသို့ ကျွန်ုပ်၏ အာရုံကို နှစ်မြှုပ်ထားလိုက်ပါသည် . . . "

## အသော၊ သမိုင်းနှင့် အလွမ်း

'ပထမစာအုပ်ကြီး'တွင် ပါဝင်သော ပြဇာတ်များကို သူ့အခန်းလိုက် ခွဲခြားဖော်ပြထားသည်။ နေ့စွဲများကိုလည်း တတ်နိုင်သမျှ စီစဉ် ရေးသားထားသည်။ ယခု ဖော်ပြလိုက်သည့်အကြောင်းများမှာ ထိုသို့ အစီအစဉ်တကျ ကြိုးစားထားသည့်ထဲမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါ သည်။ ရည်ညွှန်းစာများနှင့် ပြဇာတ်တို့၏ ရေးဟန်များကို အထောက်အထားပြုပေလိမ့်မည်။

### အသော

မိုးသက်မုန်တိုင်း The Tempest (၁၆၁၀–၁၁)၊ ဗာရိုနာမှ လူကြီးလူကောင်း ၂ ယောက် The two Gentleman Verona (၁၅၉၀ ခုနှစ်များ အစောပိုင်း)၊ ဝင်ဆာ၏ ပျော်ရွှင်သောဇနီးများ The merry wives of Windesor (၁၅၉၀ ခုနှစ်များက) ၊ အတိုင်းအတာအတွက် တိုင်းတာခြင်း Measure for Measure (၁၆၀၃–၄)၊ အမှားများ၏ဟာသ The Comedy of Errors (၁၅၉၀ ခုနှစ်များ အစောပိုင်း)၊ မရှိခြင်း အကြောင်းများစွာ Much Ado About Nothing (၁၅၉၀ ခုနှစ်များ နှောင်းပိုင်း)၊ အချစ်လုပ်သားပျောက်ဆုံးခြင်း Love's Labour's Lost (၁၅၉၀ ခုနှစ်များ အလယ်ပိုင်း)၊ နွေလယ်ညအိပ်မက် A Midsummer Night's Dream (၁၅၉၀ ခုနှစ်များ အလယ်ပိုင်း)၊ ဗင်းနစ်မြို့မှ ကုန်သည် ကြီး The Merchant of Venice (၁၅၉၆–၈)၊ ရွှေစိတ်တော်ကြိုက် သလိုပ As You Like it (၁၅၉၉–၁၆၀၀)၊ နတ်ဆိုးသော မိန်းမကို သိမ်မွေ့အောင်လုပ်ခြင်း The Taming of the Shrew (၁၅၉၀ ခုနှစ်များ အစောပိုင်း)၊ အားလုံးကောင်းပါတယ်။ ဇာတ်လမ်းလည်း ကောင်းပါတယ် All's Well That Ends Well (၁၆၀၀ ခုနှစ်များ အစောပိုင်း) ၊ ၁၂ ရက်မြောက်ည Twelfth Night (၁၆၀၁ ခုနှစ်ခန့်)၊ ဆောင်းပုံပြင် The Winter's Tale (ခုနှစ်ကို မသိရ။ ပထမဆုံးကပြခဲ့သည်မှာ ၁၆၁၁ ခုနှစ်က ဖြစ်သည်။) ။

### ရာဇဝင်

ဂျွန်မင်းကြီး (၁၅၉၈ ခုနှစ် မတိုင်ခင်) King John ၊ ဒုတိယမြောက် ရစ်ချတ် (၁၅၉၇ ခုနှစ် မတိုင်ခင်) Richard II ၊ စတုတ္ထမြောက် ဟင်နရီအပိုင်း(၁) (၁၅၉၇ ခုနှစ် မတိုင်ခင်) Henry IV Part-I ၊ စတုတ္ထမြောက် ဟင်နရီ–အပိုင်း(၂) (၁၅၉၆ နှင့် ၁၅၉၉ ခုနှစ်များအတွင်း) Henry IV Part(2) ၊ ပဉ္စမမြောက် ဟင်နရီ (၁၅၉၉) Henry V ၊ ဆဋ္ဌမမြောက် ဟင်နရီ– အပိုင်း(၁) (၁၅၈၈–၉၀) Henry VI Part(1)၊ ဆဋ္ဌမမြောက် ဟင်နရီ–အပိုင်း(၂) (၁၅၉၁ ခုနှစ်ခန့်) Henry VI Part (2) ၊ ဆဋ္ဌမမြောက် ဟင်နရီ– အပိုင်း(၃) (၁၅၉၀ ခုနှစ်များ အစောပိုင်း) Henry VI Part(3) ၊ တတိယမြောက် ရစ်ချတ် (၁၅၉၁ ခုနှစ်ခန့်) Richard III ၊ အဋ္ဌမမြောက် ဟင်နရီ (၁၆၀၃ ခုနှစ် မတိုင် ကလားဟု ထင်သည်) Henry VIII ။

### အလွမ်း

ထရိုင်လပ်စ်နှင့် ခရက်ဆီဒါ (၁၆၀၃ မတိုင်ခင်) Troilus and Cressi[da] ၊ ကာရီယိုလန်းနက်စ် (၁၆၀၈ ခုနှစ်ခန့်ကလား) Cariolanus ၊ တိုက်တက်စ်အန်ဒရိုနီးကပ်စ် (၁၅၉၄ ခုနှစ် မတိုင်ခင်) Titus Andronicus ၊ ရိုမီယိုနှင့် ဂျူးလီးယက်စ် (၁၅၉၀ ခုနှစ်များ အစော ပိုင်း) Romeo and Juliet ၊ အေသင်မှ တီမွန် (၁၆၀၄ ခုနှစ်ခန့်) Timon of Athens ၊ ဂျူးလီးယက်ဆီဇာ (၁၅၉၉) Julius Caesar ၊ မက်ဘက် (၁၆၀၃–...) Mac Beth ၊ ဟမ်းမလက် (၁၅၉၉ နှင့် ၁၆၀၂ ခုနှစ်အတွင်း) Hamlet ၊ လီယာမင်းကြီး (၁၆၀၆ ခုနှစ်မတိုင် ခင်) King Lear ၊ အော်သဲလိုး (၁၆၀၃ ခုနှစ် ဖြစ်နိုင်သည်) Athello၊ အန်သော်နီနှင့် ကလီယိုပက်ထရာ (၁၆၀၈ ခုနှစ် မတိုင်ခင်) Anthony and Cleopatra ၊ ဆင်ဘယ်လိုင်း(၁၆... ခုနှစ် မတိုင်ခင်) Cymbeline။

### ဝီလျံရှိတ်စပီးယား၏ဘဝ

၁၅၆၄ အေပြီ အထက်ပိုင်း စထရက်ဖို့ဒ်တွင် မွေးဖွားခဲ့သည်။ ထိုနေရာမှာ ဝက်ဝပ်ရှိုင်းယားနယ် ဖြစ်ပါသည်။ သူ့အဖေသည် လက်... အိတ်များကို ချုပ်လုပ်ရောင်းချသူတစ်ယောက်ဖြစ်သည်။ သူသည် အစောပိုင်းက သူတို့နေထိုင်ရာ မြို့မှ သဒ္ဒါကျောင်းတစ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။

၁၅၈၂– သူတို့ ဒေသမှ လယ်သမားတစ်ဦး၏သမီးဖြစ်သူ အန်း ဟက်သာဝေးလ်နှင့် လက်ထပ်သည်။

၁၅၉၂– 'အပေါ်ထပ်မှ ကျီးကန်း' Upstair Crow စာအုပ်ကို မှီးရန် စာစရေးသည်။ ထိုစာအုပ်ကို ရောဘတ်ဂရင်းက ရေးခဲ့သည်။ ထိုပြဇာတ်ကို သူ့မိတ်ဆွေရောဘတ်က လန်ဒန်ပြဇာတ်လောကသို့ ... သွားပြီး ထုတ်ဝေရန် ပြသခဲ့သည်။

၁၅၉၃– ဗီးနပ်စ်နှင့် အဒိုးနစ် Venus and Adonis ကဗျာကို ရေးခဲ့၏။ ထိုအချိန်က လန်ဒန်တွင် ပလိပ်ရောဂါဆိုးကြီးကြောင့် ပြဇာတ် ရုံများကို ပိတ်ထားချိန် ဖြစ်သည်။

၁၆၀၃– လော့ချိန်ဘာလေ၏ လူများမှာ ဘုရင်၏ လူများ ဖြစ်လာ သည်။

၁၆၀၈– ဘလက်ဖရိုင်ရာ ပြဇာတ်ရုံကို ဈေးကောင်းပေးပြီး ဝယ် လိုက်သည်။

၁၆၁၄– ဂျွန်ဖလက်ချာနှင့်အတူ 'သူကောင်းမျိုး ၂ ယောက်'ကို ရေးသားခဲ့သည်။ သူ၏ နောက်ဆုံးလက်ရာ ဖြစ်နိုင်ပေသည်။

၁၆၁၆– စထရက်ဖို့ဒ်၌ အနားယူနေရင်း သူ၏ သေတမ်းစာကို ရေးနေအား နှုတ်တိုက်ချပေးပြီး လအနည်းငယ်အကြာတွင် ကွယ်လွန် သွားခဲ့လေသည်။

၁၆၂၃– ဇနီးဖြစ်သူ အန်နီယက်သာဝေး ကွယ်လွန်သည်။ စထရက်ဖို့ဒ်ရှိ ဟိုးလီးထရစ်နစ်တီ ဘုရားကျောင်းတွင် အသုဘ အခမ်း အနားကို ပြုလုပ်သည်။ မစ္စတာ ဝီလျံရှိတ်စပီးယား၏ အသော၊ ရာဇဝင် နှင့် အလွမ်းများပါဝင်သော 'ပထမစာအုပ်ကြီး' First Folio ကို ပုံနှိပ် ထုတ်ဝေခဲ့သည်။

ထက်မြက်

www.burmeseclassic.com

www.burmeseclassic.com



# ခဏာမဆိုင်းဘရူနိုင်းသို့ သွားရသည့်ခရီး ( ၇ )

## မောင်သန်းဆွေ(ထားဝယ်)



ငင်းည ဟိုတယ်သို့ ဘုရင်မင်းမြတ်ထံမှ လက်ဆောင်တော်ပြန် ညတွင် အခမ်းအနားမှာ မင်းခမ်းမင်းနားနှင့် ဟိုတယ်ရှိ အာဆီယံနိုင်ငံ ကိုယ်စားလှယ်ဝန်ကြီးများ တည်းခိုသည့် အခမ်းများသို့ တစ်ခန်းဝင်တစ်ခန်းထွက် နန်းတော်ဝန်က လိုက်၍ပေးပါသည်။

ကျွန်တော့အခန်းသို့ ရောက်သောအခါ အိမ်တော်ဝန် ကမ်း ပေးလိုက်သော လက်ဆောင်ထုပ်ကြီးကို ယူလိုက်သည်တွင်လေးလွန်း၍ လက်မှလွတ်ကျသွားမည်ကဲ့သို့ ဖြစ်သွားသဖြင့်အတော်ပင် ထိန်းထား လိုက်ရပါသည်။ ကျောက်ပြင်ကြီးတစ်ချပ်မျှလေးသဖြင့် မည်သည့်အရာ ဖြစ်သည်ကို မှန်းဆ၍မရပါ။


သူတို့ပြန်သွားကြမှ အထုပ်ကို ဖွင့်ကြည့်လိုက်ရာ ဘုရင်မင်း မြတ်အကြောင်း ရေးထားသည့် နှစ်လက်မခန့်ထူသော စာအုပ်ကြီး ဖြစ် နေပါသည်။ ဘုရင်မင်းမြတ် မွေးဖွားသည်မှစ၍ ယနေ့အထိ အကြောင်း အရာများကို အသေးစိတ်ဓာတ်ပုံများနှင့်တကွ ဖော်ပြရေးသားထားသည်။ ဖောင်တိန်တစ်ချောင်းလည်း ပါ၏။ အဖုံးတွင် ရွှေသားအစစ်ဖြင့် ဘုရင့်တံဆိပ်တော်ပါသည်။ စာအုပ်ကြီးမှာ လေးလွန်းသဖြင့် အပြန်မည်သို့ သယ်ဆောင်ရမည်နည်းဟူ၍ပင် တွေးရခက်သွားသည်။ စာအုပ်ကို ချစ်မြတ်နိုးသော ကျွန်တော့်အဖို့ မသယ်သွား၍လည်း မဖြစ်ပါ။ မအိပ်ခင် စာမြည်းကြည့်သည်နှင့်ပင် အလွန်စိတ်ဝင်စားစရာကောင်းသော စာအုပ် ဖြစ်မှန်း သိရသည်။

မနက်ဖြန်ပြန်ရတော့မည်ဖြစ်၍ ကျွန်တော်တည်းရသော အခန်း ကို ကြီးလွန်းသဖြင့် လိုက်ကြည့်လိုက်သည်။ အိပ်ရန် ခုတင်ရှိသည့်အခန်း ထိုအခန်းထဲတွင် ခုတင်ဘေး၌ စာရေးစားပွဲ၊ ခုတင်ခြေရင်း၌ တီဗွီနှင့်

www.burmeseclassic.com

www.burmeseclassic.com





မကြာမီပင် ကျွန်တော်တို့အဖွဲ့သည် စင်ကာပူချန်ဂီလေဆိပ်မှ နေ့လယ် ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်သို့ ထွက်ခွာလာခဲ့ပါသည်။ ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ၃ နာရီနှင့် မိနစ် ၄၀ တွင်ရောက်ပါသည်။ (စင်ကာပူနှင့် ရန်ကုန်စံတော်ချိန် ကွာခြားချက်ရှိသည်။)

ဧည့်သည် ဧည့်ခံရန် ဧည့်ခန်းတစ်ခန်းပါသည်။ အခြားတစ်ဖက်တွင် ရေချိုးခန်းရှိသည်။ ရေချိုးခန်းကလည်း အကျယ်ကြီးဖြစ်၏။ ရေချိုးခန်းနှင့်တွဲလျက် အဝတ်များ ချိတ်ဆွဲထားရန် ဗီရိုနှင့် အလှပြင်ဖီးလိမ်းခန်း၊ မှန်ခုံနှင့် မှန်ခုံစားပွဲပေါ်တွင် ယောကျ်ားသုံး အလှပြင်ပစ္စည်း အစုံပါသည်။ တစ်ဖက်ခန်းမှာ ချက်ပြုတ်စားသောက်နိုင်ရန် အခန်းဖြစ်သည်။ ရေခဲသေတ္တာနှင့် သောက်ရန်အအေးဘူးမျိုးစုံ၊ သစ်သီးဖျော်စက်နှင့် စားသောက်ရန် သစ်သီးများ၊ ယမကာမျိုးစုံ ရှိသည်။ ရေနွေးတည်ရန် အိုးနှင့် တကွ ကော်ဖီ၊ လက်ဘက်ရည်ဖျော်သောက်ရန် ကော်ဖီမှုန့်ထုပ် လက်ဖက်ခြောက်မှုန့်ထုပ်၊ လက်ဖက်ရည်ကြမ်းသောက်ရန် လက်ဖက်ခြောက်ထုပ်၊ သကြား၊ နို့မှုန့် အစုံရှိသည်။ ဝယ်လာသည့် စည်သွတ်ဘူးများ ချက်စားရန် မီးဖိုကလေးပါသည်။ ဒုဝန်ကြီးအဆင့်ဖြစ်၍ ဤမျှ ခမ်းနား ကျယ်ဝန်းစွာ ထားသည်လောဟု တွေးမိသည်။ The Empire ဟိုတယ်သည် အလွန်ကြီး၍ ဧည့်သည်အား ဤသို့ကျယ်ဝန်းခမ်းနားစွာထားနိုင်ပုံရသည်။ ဂျပန်ပြည်တွင်ဆိုလျှင် ဟိုတယ်အခန်းများမှာ အလွန်သေးပါသည်။ ဗွီအိုင်ပီအခန်းသည်ပင် မကျယ်ဝန်းပါ။ သို့သော် အခန်းသေးသေးတွင် အသုံးအဆောင်ပစ္စည်းများကို ပြည့်စုံအောင်တော့ ထားပေးသည်။ နိုင်ငံခြားဟိုတယ်များတွင် အခန်းတွင်း၌ စီးရန် ခြေထိုးဖိနပ်တစ်စုံ၊ နှစ်စုံ အမြဲထားပေးသည်။ အချို့ဟိုတယ်ဆိုလျှင် တစ်စုံကိုသုံးကနောက်နေ့တွင် ထိုအစုံအစား အသစ်လဲလှယ်ပေးထားတတ်ပါသည်။ ကျွန်တော်တို့ မြန်မာများက ထိုခြေထိုးဖိနပ်များကို ယူလာလေ့ရှိကြ သည်။ ဘာမျှအရေးမကြီးသည်ဆိုသော်လည်း ထိုသို့ ယူလာရန် ရှက်စရာကောင်းသည်ဟု ထင်ပါသည်။ အထူးသဖြင့် ဒုဝန်ကြီးတစ်ယောက် အနေဖြင့် ပို၍မလုပ်သင့်သဖြင့် ကျွန်တော်ယူလေ့မရှိပါ။

(၂၄-၃-၂၀၁၃)နေ့တွင် စာရေးသူတို့ပြန်ရန် ဖြစ်သည်။ ဘန်ဒါဆာရီဘီဂါဝမ်မြို့မှ နံနက် (၉)နာရီ (၁၅)မိနစ်တွင် လေယာဉ်နှင့် ပြန်ရမည်ဖြစ်၏။ ထိုအချိန်ထိ ကျွန်တော်တို့သည် ဈေးသို့မသွားရသေးချေ။ မိသားစုအတွက် လက်ဆောင်ဘာမျှလည်း မဝယ်ရသေးပါ။ သို့ဖြစ်၍ ဘရူနိုင်းနိုင်ငံအစိုးရက တွဲဖက်ပေးထားသည့် အရာရှိအားအကျိုးအကြောင်းပြောပြရာ သူကဈေးဝယ်ရန်လိုက်ပို့မည်ဟု ပြောသည်။ ဘန်ဒါဆာရီ ဘီဂါဝမ်မြို့တွင် လူများ စည်စည်ကားကားနှင့်ရှိသော ရန်ကုန်မြို့မှ ဗိုလ်ချုပ်အောင်ဆန်းဈေးကဲ့သို့ ဈေးမျိုးကိုမတွေ့ရပါ။ ယခုခေတ် ရှော့ပင်းန်စင်တာဟု ခေါ်သည့် စုပေါင်းဈေးကြီးတစ်ခုသို့ ခေါ်သွားရာဈေးကြီးတွင် ရောင်းသူများသာရှိပြီး ဝယ်သူများ စည်စည်ကားကား မတွေ့ရပါ။ ရောင်းသူများကလည်း ဈေးသည်ဆန်ဆန် လိုလိုလားလားနှင့် နှုတ်ချိုပျူငှာစွာ ရောင်းကြသည်မဟုတ်ပါ။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံမှ ပပကဆိုင်များမှ ဈေးသည်များကဲ့သို့ ဝတ်ကျေတမ်းကျေသာ ရောင်းနေသည်ကိုတွေ့ရပါသည်။ ကျွန်တော်တို့တွင် အချိန်မရှိသဖြင့် ထိုဈေးကြီးတစ်ခုလုံးလည်း လိုက်၍မကြည့်အားပါ။ သို့ဖြင့် တွဲဖက်ပေးထားသည့် အရာရှိကို ဤဈေးကြီးတွင် လျှောက်သွား၍ ဝယ်နေရန်အချိန်မရှိကြောင်း ပြောပြလိုက်ရသည်။

သူက ခေါင်းတညိတ်ညိတ်နှင့် အိမ်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပါသည်။ ထိုအိမ်ဆိုင်မှာ နှစ်ထပ်အိမ်ဖြစ်၏။ အိမ်၏ နှစ်ထပ်လုံးတွင် ရောင်းရန် ပစ္စည်းအထည်အလိပ်များနှင့် ပြည့်နှက်နေပါသည်။ ရောင်းသူများကလည်း ပျူပျူငှာငှာရှိကြ၏။ အင်ဒိုနီးရှားပါတိတ်လုံချည်များပင် ရောင်းချနေပါသည်။

ကျွန်တော်က ဇနီးနှင့် သမီးများအတွက်လည်းကောင်း၊ အခြားလက်ဆောင်ပေးရန်လည်းကောင်း ထဘီအဖြစ် အသုံးပြုရန် အထည်အလိပ်ရှာရာ မတွေ့ပါ။ အင်ဒိုနီးရှားပါတိတ်များ အစစ်ဖြစ်သော်လည်း ဘရူနိုင်းနိုင်ငံမှမဟုတ်၍ မဝယ်ချင်ပါ။ နောက်ဆုံးသူတို့က သဘောပေါက်ပြီး ပိုးအထည်စများ ထုတ်ပြပါသည်။ ဘရူနိုင်းအမျိုးသမီးများ ဝတ်သည့်ဆောင်းဘီ၊ အင်္ကျီရှည်ကြီးနှင့် ခေါင်းတွင်မြှုသည့် ပိုးစ တစ်ဆင်စာဖြစ်သည်။ ထိုတစ်ဆင်စာကို ဝယ်လျှင် မြန်မာအမျိုးသမီး ထဘီ နှစ်ထည်ရပါသည်။ သို့ဖြစ်၍ ထိုဘရူနိုင်း အထည်ပိုးစများကိုပင် ထဘီအဖြစ်သုံးရန် ဝယ်ရတော့သည်။ အခြားဝယ်ချင်စရာများလည်းမတွေ့ရပါ။ လေယာဉ်ချိန်နှင့်လည်းနီးနေသဖြင့် ဟိုတယ်သို့ပြန်လာလိုက်ရသည်။

ကျွန်တော်တို့သည် ဘန်ဒါဆာရီဘီဂါဝမ် လေဆိပ်မှ နံနက် (၉း၁၅)နာရီတွင် လေယာဉ်ဖြင့် စင်ကာပူသို့ ထွက်ခွာလာသည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com





နေရာတွင် ကျွန်တော်တစ်ခုပြောချင်သည်မှာ ဘရူနိုင်းနိုင်ငံ၏ ဘန်ဒါဆာရီဘီဂါဝမ်မြို့တော်မှ လေဆိပ်သည် နိုင်ငံတကာလေဆိပ်များကဲ့သို့ ခမ်းခမ်းနားနားမရှိလှပါ။ ကျွန်တော်တို့ ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကပင် သာသည်ဟု တွေးမိသည်။ အလွန်ချမ်းသာသည့် ဘရူနိုင်းနိုင်ငံအနေဖြင့် အဘယ်ကြောင့် လေဆိပ်ကို ခမ်းခမ်းနားနား မတည်ဆောက်သနည်း ဟူသည့်အတွေး ကျွန်တော့်ခေါင်းထဲ ဝင်လာပါသည်။

ဘရူနိုင်းလေယာဉ်စထွက်၍ လေယာဉ်ကို နောက်ပြန်ဆုတ်လိုက်သည့်တွင် လေယာဉ်ကြီး ခဏရပ်နားသွားပါသည်။ ပြီးနောက် မိသားစုတစ်စု ကားဖြင့် ရောက်လာပြီး လေယာဉ်ပျံပေါ်သို့ လှေကားဖြင့် တက်လာကြသည်။ လေယာဉ်ပျံရှေ့ခန်းရှိ အရှေ့ဆုံးကုလားထိုင်များတွင် သူတို့အတွက် နေရာချန်ထားပြီး သူတို့က တက်ထိုင်လိုက်ကြသည်။ အသက်ကြီးကြီး ဖနီးမောင်နှံတစ်စုံတွဲနှင့် အသက်ငယ်ငယ်ဖနီးမောင်နှံ တစ်စုံတွဲတို့ဖြစ်သည်။ ထိုအသက်ငယ်သည့် စုံတွဲတွင် တစ်နှစ်သားအရွယ် သားလေးတစ်ယောက်ပါသည်။ ကျန်အမျိုးသမီးနှစ်ဦးမှာ ကလေး ထိန်းများ ဖြစ်ပုံရသည်။ သူတို့၏ အနေအထား ကြည့်ခြင်းဖြင့် ဘုရင့် မိသားစုမှ ဘုရင်ညီတော် သို့မဟုတ် နှမတော်မိသားစုဖြစ်ပုံရ၏။ စင်ကာပူသို့ သွားကြခြင်းဖြစ်သည်။

ကျွန်တော်တို့ကို ဘရူနိုင်း ဘန်ဒါဆာရီလေဆိပ်တွင် ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ရင်ရင်မြင့်က လိုက်ပါပို့ဆောင်ပါသည်။ စင်ကာပူ ချန်ဂီလေဆိပ်သို့ နံနက် (၁၁း၂၀)နာရီတွင် ရောက်၏။ လေဆိပ်တွင် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင် (ယခု နိုင်ငံခြားရေးဒုတိယဝန်ကြီး) ကိုယ်တိုင် လာရောက်ကြိုဆိုနေပါသည်။ စင်ကာပူနှင့် ဘန်ကောက်ရှိ မြန်မာသံအမတ်ကြီးတို့သည် အခြားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့နှင့် စာလျှင် အလုပ်အများဆုံး သံအမတ်ကြီးများဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုနှစ်မြို့သည် မြန်မာပြည်မှ အနောက်နိုင်ငံများသို့လည်းကောင်း၊ အရှေ့နိုင်ငံများသို့လည်းကောင်း အသွားအပြန်ပြုနေကြသည့် နိုင်ငံတော်သမ္မတကြီးမှစ၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့အစည်းများကို ကြိုရဆိုရပို့ရသောကြောင့်ဖြစ်သည်။

စင်ကာပူ မြန်မာသံအမတ်ကြီးက သူတို့သံရုံးအနေဖြင့် သံအမတ်ကြီးမှ စ၍ သံရုံးဝန်ထမ်း အဆင့်ဆင့်တို့သည် နေ့စဉ်ပင် အဝင်အထွက်ပြုနေသော မြန်မာညေ့သည်များကို ကြိုရဆိုရတွေ့ရပါသည်ဟု ပြောပြသည်။ တစ်ခါတွင် တစ်နေ့တည်း ရှစ်ဖွဲ့မှဆုံသည်ဟုပြော၏။

ယခုလည်း ကျွန်တော်တို့အား ကြိုပြီးနောက် မြန်မာပြည် အမျိုးသားလွှတ်တော်မှ ဒုတိယဥက္ကဋ္ဌ ဦးမြငြိမ်းခေါင်းဆောင်သော အဖွဲ့သည် စင်ကာပူမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့သွားမည်ဖြစ်သောကြောင့် ဦးမြငြိမ်းတို့အဖွဲ့ကို ကြိုရမည်ဖြစ်သဖြင့်ခွင့်ပြုပါဟု ခွင့်တောင်းသည်။ ကျွန်တော်မှာ ဒုတိယဝန်ကြီး မဖြစ်ခင်ကအမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်၍ ကျွန်တော်လည်း ဦးမြငြိမ်းတို့အဖွဲ့ကို လိုက်ပါကြိုပါမည်ဟု သံအမတ်ကြီးကို ခွင့်တောင်း၍လိုက်သွားပါသည်။

လေယာဉ်မှ လေဆိပ်အတွင်း ဝင်လာသည့်အပေါက်တွင် သံအမတ်ကြီးနှင့်အတူ ကျွန်တော်ကကြိုဆိုနေပါသည်။ ဦးမြငြိမ်းတို့ ဝင်လာသောအခါ ကျွန်တော့်ကိုမြင်၍ အံ့ဩနေသည်။ ဘရူနိုင်းမှအပြန် ဝင်လာ၍ နာရီပိုင်းအတွင်း မြန်မာပြည်သို့ ပြန်မည်ဖြစ်ကြောင်း ပြောလိုက်ရသည်။ ဦးမြငြိမ်းနောက်တွင် အမျိုးသားလွှတ်တော်မှ ဒေါက်တာမြဦး(ယခင်အစိုးရ ကျန်းမာရေးဌာန ဒုတိယဝန်ကြီး)နှင့် ဒေါ်ခင်ဝိုင်းကြည် တို့ပါလာသည်။ ဒေါ်ခင်ဝိုင်းကြည်က စာရေးသူအားမြင်သောအခါ အံ့အားသင့်သွားသည်။ ကျွန်တော်က ဦးညွှတ်ပြီး ကြိုဆိုသည့်ပုံပြုရာ ဗိုက်ခေါက်လိမ်ဆွဲသွား၏။ ကျွန်တော်တို့သည် ယခင်ကလည်း တစ်ယောက်နှင့်တစ်ယောက် စနေနောက်နေကျမြဖြစ်ပါသည်။ ကျွန်တော်တို့အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ် ၂၅၀ခန့်သာရှိရာ ၎င်းတို့အထဲ၌ အမျိုးသမီးလေးဦးသာပါပါသည်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးသည် တစ်ယောက်နှင့်တစ်ယောက်ညီရင်းအစ်ကို မောင်နှမများပမာ ချစ်ခင်ရင်းနှီးကြပါသည်။

ဦးမြငြိမ်းတို့အဖွဲ့ ရောက်လာပြီးမကြာမီပင် ကျွန်တော်တို့အဖွဲ့သည် စင်ကာပူချန်ဂီလေဆိပ်မှ နေ့လယ် ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်သို့ထွက်ခွာလာခဲ့ပါသည်။ ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ၃ နာရီနှင့် မိနစ် ၄၀ တွင်ရောက်ပါသည်။ (စင်ကာပူနှင့် ရန်ကုန်စံတော်ချိန် ကွာခြားချက်ရှိသည်။)

ကျွန်တော်တို့အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်မြို့မှ ရှေးဟောင်းသုတေသနရုံး၊ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့မှ အကြီးအကဲနှင့် ဝန်ထမ်းများက လာကြိုကြပါသည်။ ပတ်စ်ပို့နှင့် စာရွက်စာတမ်းများ ဝတ္တရားအတိုင်း သွားရောက်ပြသနေစဉ်၊ လေဆိပ်ရှိ ဗွီအိုင်ပီဧည့်ခန်းတွင် လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ဌာနက ဝတ္တရားအတိုင်းဖြစ်၍ ဤသို့ပြုလုပ်နေသော်လည်း ကျွန်တော်တို့ နိုင်ငံခြားခရီးအသွားအပြန်တိုင်း လုပ်နေရ၍ အားနာပါသည်။ မလုပ်ကြရန်ပြောရာ သူတို့က ထုံးစံဖြစ်နေ၍ မလုပ်မဖြစ်ကြောင်း ပြောပြပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**မောင်သန်းဆွေ(ထားဝယ်)**

**ပြီးပါပြီ**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ည . . . ။

ဖိန်းဖိတ်အောင် မှောင်နေသည်။ မိုး လေပြင်းကျရောက်ခဲ့ပြီ။ မိုးကလည်း စိမ့် ရွာသွန်းနေဆဲ ဖြစ်၍ ကြယ်ရောင် လရောင်မလင်းဟု ဆိုရမည့်အချိန်မျိုး လျှပ်စစ်မီးကလည်းပျက်နေသည်မို့ လူ တွက်သည် လူမနေရပ်ကွက်လို ချောက် ယ်ရာ တိတ်ဆိတ်နေလေသည်။ လမ်းမ တစ်လျှောက်တွင် အရိပ်သဏ္ဌာန်တစ်ခု ည် အမှောင်ရိပ်အားကိုးဖြင့် အေးဆေးစွာ လျှောက်လာသည်။

အရိပ်မည်းထဲမှ ဓာတ်မီးရောင်လေး သည် တစ်လှည့်၊ မြှုပ်တစ်ချက်ဖြင့် ရွေ့ လှုပ်ရှားနေ၏။ အိမ်ရှင်ခရီးထွက်နေ၍ ခတ်ထားသည့်အိမ်ရှေ့တွင် ဓာတ်မီးရောင် ည် ခဏတန့်သွားသည်။ ထိုနောက် အရိပ် ဏ္ဌာန်သည် ခြံကို လှစ်ခနဲ ခုန်ကျော်လိုက် အိမ်ထဲသို့ ဦးတည်သွားခဲ့သည်။ တစ်နာရီ ကြာသောအခါ အိတ်နှစ်လုံးကို ဆွဲလျက် လာသော အရိပ်မဲသည် သေသပ်ပိရိစွာ ခြံထဲမှ ထွက်လာနိုင်ပြီး အမှောင်ထုထဲသို့ င်ပျောက်ကွယ်သွားတော့သည်။

ထိုအဖြစ်အပျက်ဖြစ်ပြီး ၇–ရက်ခန့်ကြာ သောအခါ အိမ်ရှင်များ ပြန်ရောက်လာတော့မှ တို့ ဖောက်ထွင်းခိုးယူခံရကြောင်း သိရလေ တော့သည်။

မနက်ခင်း၌ ပုံမှန်ထိုင်နေကျ လက်ဖက် ဆိုင်လေး၌ ကျွန်တော်၊ တိုးဝေနှင့် တင် ထွန်းတို့သည် စကားလက်ဆုံကျနေသည်။ ကျွန်တော်တို့ ၃–ဦးသာမှာ သူငယ်တန်းမှ ဘွဲ့ ည်အထိ လက်တွဲမဖြုတ်တမ်း ခင်မင်ခဲ့ ရဲသုံးဖော်ဖြစ်၏။ အလုပ်ကိုယ်စီဖြင့် အိမ် ထောင်ကျ၊ သားသမီးများ ရနေသော်လည်း လိုပင် ဆုံတွေ့နေကြသော အလွန်ခင်မင် ည့် ငယ်ပေါင်းသူငယ်ချင်းများ ဖြစ်သည်။ နှင့်တစ်ဦး ဘယ်တော့မှ စိတ်မဆိုးကြေး ချင်ရာ ပြောနိုင်သည့် သူငယ်ချင်းများ လည်း သည်။

အသက် ၄၀–ကျော်လာ၍ လူလတ်ပိုင်း ယ်သို့ ရောက်သောအခါ အလွန်ရင်းနှီးခင် သော မိတ်ဆွေများ၏ ဦးရေသည် တဖြည်း နည်းလာရတော့သည်။ အသက်ကြီးလာ လေ ကျွန်တော်တို့ သုံးယောက်၏ ခင်မင် ကို ပိုတိုးလာလေပင် ဖြစ်၏။ ကျွန်တော်တို့ သုံးယောက် ဆုံမိ၍ စကားပြောကြလျှင် အခြား များ ဝင်တိုးဝိုင်ရန် မလွယ်ပေ။ ကျွန်တော် ၏ ပြောဟန်ဆိုဟန်များက အလွန် ရင်းနှီးကြ သောကြောင့်ဖြစ်၏။

ကျွန်တော်တို့ သုံးယောက်ကို မိတ်ဆက် ည်ဆိုလျှင် ကျွန်တော်သည် အငှားကား နှစ်စီးထောင်ထား၍ တစ်စီးကို ကိုယ်တိုင်မောင်း သည်။ နောက်တစ်စီးကို အငှားချထားသည်။ တိုးဝေမှာမူ ကဗျာရေးသူတစ်ယောက် ဖြစ် သည်။ ကဗျာအတွက် အသက်ရှင်ပြီး ကဗျာကို သာ စားသုံးသူဟု အရက်မူးတိုင်း ခပ်တည် တည်ဖြင့် ပြောသူလည်း ဖြစ်သည်။ စားဝတ်နေ ရေးသည် ဘုရားသခင်အလိုတော်ကျအတိုင်း သာဖြစ်သည်ဟုလည်း ပြောလေ့ရှိပြီး ဘာ အလုပ်မှမလုပ်ဘဲ နေနိုင်သူတစ်ယောက်ဖြစ်၏။

သို့သော် သူငယ်ချင်းတိုးဝေ၏ ဘုန်းကံ မှာ ကြီးမားလှပေသည်။ စွမ်းဆောင်ရည် မြင့် မားလှသော သူ၏ အမျိုးသမီးကြောင့် စီးပွား ရေး ချောင်လည်ပြီး ဇင့်တယ်စွာ ရပ်တည်နိုင် သူတစ်ဦးဖြစ်၏။ ကျောင်းသားဘဝကတည်းက ချစ်၍ ယူခဲ့ကြသော လင်မယားဘဝတွင်လည်း မိန်းမဖြစ်သူ၏ အချစ်ပိုမှုကြောင့် လိုလေသေး မရှိ ပြည့်စုံသူတစ်ယောက် ဖြစ်နေ၏။ မိန်းမ၏ အလေးထား ဂရုစိုက်မှု၊ ချစ်ခင်မြတ်နိုးမှုကို ရရှိ နေသော ဖိုးကံကောင်းလေး ဖြစ်နေသည်။ သူက စကားပြောလျှင် အတွေးနက်နက်ကို ရှင်းလင်းပြတ်သားအောင် ပြောနိုင်စွမ်းရှိသူတစ် ဦးဖြစ်၏။

နောက်ဆုံးတစ်ယောက် ဖြစ်သည့် တင် ထွန်းမှာ စီးပွားရေး အပြေလည်ဆုံး ဖြစ်သည်။ အင်မတန် လူရည်လည်၍ စီးပွားအရှာကောင်း သူတစ်ဦးဖြစ်သည်။ မိတ္တူဆိုင်ဖွင့်ထား၍ ဓာတ် ပုံ၊ မိတ္တူကူးခြင်း၊ ကွန်ပျူတာအပိုပစ္စည်း ရောင်း ချခြင်း၊ ဗီဒီယိုဇာတ်ကားများကို ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ထွက်သမျှ သီချင်းခွေများကို တစ်ခွေ ၃၀၀ ကျပ်ဖြင့် ရောင်းချခြင်းတို့ကြောင့် ကျွန်တော်တို့ သုံးယောက်ထဲတွင် အဆင်အပြေ ဆုံးမှာ တင်ထွန်းပဲ ဖြစ်၏။ ထို့ကြောင့် ကျွန် တော်တို့ ၃ ယောက်၏ စားသောက်စရိတ်ကို သူကပဲ အများဆုံး တာဝန်ယူလေ့ရှိသည်။

တင်ထွန်းသည် မိတ္တဗလဋီကာကို အရှည်ကျိုးသောက်ထားပြီး လက်တွေ့ကျင့်သုံး သူလည်း ဖြစ်၏။ ပေါင်းတတ်၊ သင်းတတ်၊ ဝင်တတ်၊ ထွက်တတ်ပြီး စကားကို အလွန် လှည့်ပတ်ပြောဆိုတတ်၍ တစ်ဖက်သားက ခေါင်းညိတ်လာအောင်လည်း စကားပြောစွမ်း ရည် မြင့်မားသူဖြစ်၏။ သူလုပ်သည့် လုပ်ရပ် သည် မှန်ကန်သည်ဟု တစ်ဖက်သား အထင် ရောက်သွားအောင် နေတတ်သူ၊ ပြောတတ်သူ တစ်ဦးလည်း ဖြစ်၏။ ထူးခြားသည်ဟု မဆိုနိုင် သော်လည်း သူ့တွင် အကျင့်ဆိုးတစ်ခုရှိ၏။ ခပ်တည်တည်ဖြင့် လိမ်ပြောပြီးလျှင် ဘယ်တော့ မှ ဝန်ခံနိုင်း၍ မရခြင်းဖြစ်သည်။ မှားပါပြီဟု ဝန်မခံခြင်းဖြင့် အချိန်ကာလ ကြာသောအခါ ယုံကြည်လာလိမ့်မည်ဟုလည်း ပြောတတ်သေး ၏။

သူငယ်ချင်းတိုးဝေကတော့ တင်ထွန်း၏ နည်းလမ်းများသည် အောင်မြင်ခြင်း၏ လျှို့ ဝှက်ချက်မဟုတ်ဘဲ မျက်နှာပြောင်တိုက်ခြင်း၏ ရလဒ်ဟု ဖျစ်ညှစ်နှစ်နှစ် ဩဘာပေးသည်။

လက်ဖက်ရည်ဆိုင်ထဲ၌ ရောက်တတ်ရာ ရာ စကားပြောကြရင်း သူခိုး ခိုးခံရသော အိမ် အကြောင်း ပြောမိကြသည်။ လူတွေ ဘာ ကြောင့် ခိုးကြသလဲဟု ဝေဖန်စစ်ကြောပြော ကြရင်း တိုးဝေက စတင်ပြီး ခိုးယူမှုအကြောင်း ပြောတော့သည်။

"ခိုးတယ်ဆိုတာ လူမသိအောင် ခိုးလို့ လည်း ရတယ်။ လူ့ရှေ့တင်လည်း လုပ်နိုင်သေး တယ်။ ခိုးခံနေရမှန်း သိနေပေမယ့်လည်း ဘာမှ မတတ်နိုင်လို့ လက်ပိုက်ကြည့်နေတဲ့အဖြစ်တွေ လည်း အများကြီးပဲ။ ငါးပါးသီလထဲက အဒိန္နာ ဒါနကံ တစ်နည်းအားဖြင့် Stealing ပေါ့ကွာ။ အဓိပ္ပာယ်ဖွင့်ရင် အလွန် ကျယ်ဝန်းပါတယ်။ မင်းတို့ ငါတို့လည်း တစ်နည်းမဟုတ် တစ်နည်း ငြိမိကြတာပဲ"

"ဟာ . . စကားကလည်း မြင့်လှချည် လား။ ရှင်းလင်းအောင် ဥပမာ ပေးပါဦး"

ဟု ကျွန်တော်က စကားထောက်၍ မြှောက်ပေးလိုက်သည်။ ဆေးပေါ့လိပ်ခဲနေ သော တိုးဝေက ကျွန်တော့်မျက်နှာကို စေ့စေ့ ကြည့်ပြီး . . .

"အလွယ်ဆုံး ဥပမာတစ်ခု မင်းကို ပြော ပြမယ်။ မင်းက ခရီးသည်ကို လိုက်ပို့ပြီကွာ။ တစ်ထောင်တန်တဲ့ ခရီးကို ဆိဈေးတက်လို့ပါ၊ ဟိုကြေးသည်ကြေး ပေးရလို့ပါဆိုပြီး နှစ်ထောင် တောင်းတယ်။ ခရီးသည်က မတန်တဆ တောင်းနေမှန်း သိတယ်။ ဒါပေမဲ့ သူ့ခမျာ ဒီ ကားစီးမှပဲ အဆင်ပြေမှာဆိုတော့ ကြိတ်မှိတ် ပြီး စီးလိုက်ရတော့ အမှန်တကယ် တစ်ထောင် ပေးရမယ့်ခရီးကို နှစ်ထောင်တောင်းလိုက်တဲ့ အတွက် ပိုတဲ့ငွေတစ်ထောင်သည် ခိုးခြင်း မြောက်ပါတယ် သူငယ်ချင်း။ ဆက်ပြောပြမယ့် ဥပမာတွေ မင်းကြားရင် သူငယ်ချင်းခန်း ပြတ် သွားမှာစိုးလို့ မပြောတော့ဘူး"

ဟု ဆိုပြီး ရန်သူကို မထင်မှတ်ဘဲ အလစ်ဝိုက်ဖမ်းတိုက်ခဲ့သည့် စစ်သူကြီး၏ဟန် မျိုးဖြင့် ရေနွေးကြမ်း သောက်နေသည်မှာ အလွန် မြင်ပြင်းကတ်စရာ ဖြစ်နေ၏။ အပိုင် အနိုင် တိုက်ချလိုက်သော တိုးဝေ၏ မျက်နှာကို တစ်လှည့်၊ ကျွန်တော်၏ မျက်နှာကိုတစ်လှည့် ကြည့်နေသော တင်ထွန်း၏မျက်နှာကြီးသည် ရိုက်ချင်စရာ ကောင်းလောက်အောင် ပြုံးဖြီး ဖြီးကြီး ဖြစ်နေသည်။ ကျွန်တော့်ကိုလည်း ဘာတတ်နိုင်သေးသလဲဆိုသည့် အမူအရာဖြင့် ကြည့်နေသည်။

ကိုယ့်အချင်းချင်း လာချိုင်မှာတော့ သူ့

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ကို ပြန်ထုရတော့သည်။ Counter attack ပြန်လုပ်လိုက်ပါ။

"ဟေ့ကောင် တိုးဝေ၊ စကားအကြီးကြီး ပြောပြီး သူတော်ကောင်းယောင် မဆောင်ပါနဲ့၊ မင်းလည်း နေ့စဉ်အမှု ဆိုသလို ခိုးနေတာပဲ"

"ဟား .. ဟား .. တို့များက ရှင်းရှင်း လေးပါဗျာ၊ ကင်းလွတ်ကုန်ထဲမှာ ပါတယ်"

"ဘာမှ မကင်းဘူး၊ ဘယ်နှယ့်ကွာ၊ အိမ်ထောင်ဦးစီးတဲ့ ဘာအလုပ်မှ မလုပ်ဘူး။ လင်နဲ့မယား တစ်ယောက်တစ်လက် တာဝန် ထမ်းရမှာကို မိန်းမကပဲ ထမ်းနေတော့ ဘယ်ကောင်းမလဲ။ မိန်းမက ကြည်ဖြူလို့ အိမ်ဦးခန်း တင်ထားပေမယ့် မိန်းမရဲ့ လုပ်အားကို ခိုးယူစား သုံးတာပဲကွ။ မင်းပြောတဲ့ Stealing မှု မြောက်တာပေါ့။ ပြီးတော့ Women right ကိုလည်း ချိုးဖောက်ရာ ကျနေတယ်။

တစ်ဖက်ထိုးလာသော လက်သီးချက်ကို ရှောင်မနေဘဲ အနာခံ၍ အပိုင်ဝင်ထိုးသော လက်ဝှေ့သမားမျိုးကဲ့သို့ ဖြစ်နေသော ကျွန်တော့်ကို တင်ထွန်းက ကျောသပ်ပေး၍ လက်ခုပ်တီးကာ အားပေးသည်။ ကျွန်တော့်ကို ခပ်ပြင်းပြင်း တိုက်ခဲ့သော တိုးဝေ၏ လေသည် ရုတ်တရက် ပျော့သွားသည်။ အနည်းငယ်တိုး လာသောအသံဖြင့် . . .

"ဒါက ဘုရားပေးတဲ့ဆုပါကွာ။ ငါ့မိန်းမက ငါ့ကို ဘုရားပေးတဲ့ Gifted လို့ပြောတယ်ကွ။ သူ လုပ်နေတဲ့အလုပ်အကိုင် အကြံဉာဏ်တွေဟာ ငါ့ရဲ့ အကြံဉာဏ်တွေပဲ။ ငါက ကွင်းထဲမှာ ကစားတဲ့ ကစားသမား မဟုတ်ဘူး။ နည်းပြနဲ့ မန်နေဂျာ တာဝန်ယူထားတော့ လူတွေက ငါ့ကို အလုပ်မလုပ်ဘူးလို့ ထင်နေကြတာ။ ငါ့ရဲ့မိန်းမက ပြောတယ်။ ငါသာ မရှိရင် သူ့ဘဝ အဓိပ္ပာယ် မရှိတော့ဘူးတဲ့။ ခေါင်းမရှိတဲ့ ကိုယ် ဖြစ်လိမ့်မယ်တဲ့"

ကျွန်တော်နှင့် တင်ထွန်းမှာ အူလှိုက်သည်းလှိုက် ရယ်ကြတော့သည်။ ပြောမနာ၊ ဆိုမနာ၊ ဆဲလည်း မနာကြသော သူငယ်ချင်းများဖြစ်၍ တဝါးဝါး၊ တဟားဟားဖြင့်သာ ရှိနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် ချေမှုန်းရေးလုပ်ပြီးကြသော တိုးဝေနှင့် ကျွန်တော်သည် ကျန်ရှိနေသေးသော တင်ထွန်းထံသို့ စစ်မျက်နှာပြင်တွ ဖွင့်လိုက်ကြသည်။ ဘုံရန်သူကို တိုက်ခိုက်ရန် ယာယီခဏ မဟာမိတ်ပြုထားသကဲ့သို့ ရှိနေသော ကျွန်တော်နှင့် တိုးဝေက တိုးစစ်စတင်လိုက်သည်။

"ဟေ့ကောင်ကြီး တင်ထွန်း၊ မင်းကတော့ ထွက်သမျှ သီချင်းခွေတစ်ခွေပဲ ဝယ်ပြီး ကျန်တာ အကုန်လုံး ကူးရောင်းနေတော့ ခိုးမှု မြောက်တာပေါ့နော်"

"ဟုတ်ပါ့၊ မှန်ပါ့ဗျာ၊ ပေါ်တင်ကြီး လုပ်တဲ့ခိုးမှုပါ"

ကျွန်တော်တို့ စကားဆုံးသောအခါ တင်ထွန်းက လေသံတင်းတင်း ခပ်တည်တည်ဖြင့်

"ဘာပြောတယ်ကွ။ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် သတိပေးလိုက်မယ်။ ခိုးကူးတယ်လို့ မပြောဘဲ ကော်ပီကူးတယ်လို့ ပြောပါ။ ငါ့ရဲ့လုပ်ငန်းကို Music Copy Production၊ အတိုကောက် M.C.P လို့ ခေါ်ပါ။ သေသေချာချာ တွေးကြည့်ရင် ငါ့လုပ်ငန်းဟာ မွန်မြတ်တယ်ဆိုတာ သိလာလိမ့်မယ်။ ဒါကြောင့် စိတ်ထားတတ်ရင် မြတ်တယ်ဆိုသလိုပဲ ကုသိုလ်လည်းရ ဝမ်းလည်း ဝနေတာ"

ဘာ .. မင်းအလုပ်က မွန်မြတ်တယ်လို့ ဆိုရဲတယ်၊ တော်လိုက်တဲ့ သူငယ်ချင်းကွာ၊ ဟား . . . ဟား . . . ဟား"

တိုးဝေက အားပါးတရ လှောင်ပြောင် ရယ်မောလိုက်သည်။ ကျွန်တော့်မှာ တင်ထွန်း စကားကြောင့် ပြုံးစိစိ ဖြစ်ရ၏။ တင်ထွန်း၏ မျက်နှာပေးကတော့ အလွန်တည်ငြိမ်ခန့်ငြားနေပြီး ခပ်တည်တည်ဖြင့် . . .

"ဟုတ်တယ်လေကွာ၊ တီဗီနဲ့ အောက်စက်ရှိသူတိုင်း သီချင်းခွေ ဝယ်နိုင်အောင် ဝန်ဆောင်မှု ပေးနေတာကွ။ လူတွေ သက်သာချောင်ချိအောင် လုပ်ပေးနေရတဲ့ အလုပ်ဟာ ရှက်စရာ မဟုတ်ဘူး။ ဂုဏ်ယူရမယ့်အလုပ်ကွ၊ နားလည်ထားပါ"

"တော်စမ်းပါ တင်ထွန်းရာ၊ မင်းလို လူစားတွေကြောင့် ဂီတလောကကြီး ပျက်စီးနေရပြီ။ ဖုန်းဖုန်းမလဲအောင် မနည်း ကျားကန်ထားရတယ်။ ဘယ်ပရိုဂျူဆာမှ အခွေမထုတ်ရဲဘူး။ သတ္တိရှိရှိနဲ့ ထုတ်လိုက်ရင်လည်း ခိုးကူးခွေတွေကြောင့် နစ်နာတယ်။ ဂီတကို ချစ်တဲ့စိတ်နဲ့ အရှုံးခံထုတ်နေတဲ့သူတွေ ရှိနေသေးလို့ အသက်မထွက်တတ်သေးဘဲ အသက်ငင်နေသေးတာ။ အဲဒါနဲ့ ဆက်စပ်ပြီး တေးရေး၊ အဆိုတော်၊ တီးဝိုင်း၊ ပရိုဂျူဆာ အကုန် နစ်နာတော့တာပဲ"

ကျွန်တော်၏ စကားကို တင်ထွန်းက လေသံမြင့်မြင့် ပြန်ချေပလိုက်သည်။

"မင်းတို့ကလည်း အမြင်ကျယ်ကျယ်နဲ့ ဆုံးဖြတ်စမ်းပါ။ ဘောဂဗေဒမှာ အားမျှဈေးနှုန်း ဆိုတာရှိတယ်။ အခု ပရိုဂျူဆာက သီချင်းခွေကို ၁၅၀၀ိ/၊ ၁၈၀၀ိ/– နဲ့ ထုတ်တယ်။ အများစု မဝယ်နိုင်တဲ့ဈေးနဲ့ ထုတ်နေတာ။ ဖြစ်ရမှာက လူများစု ဝယ်ယူနိုင်မယ့် ဈေးနဲ့ ရောင်းပေးရမှာ။ ဒါမှမဟုတ်ရင်လည်း လူတွေ ဝယ်နိုင်တဲ့ စီးပွားရေး ကောင်းမွန်မှုမျိုး လုပ်ပေး ဒီနှစ်ခုထဲ ရှိတယ်။ ဒီတော့ လူတွေ ဝယ်ယူနိုင်မယ့် အားမျှဈေးနှုန်းနဲ့ တို့က ဖန်တီးပေးနိုင်လို့ သီချင်းတစ်ခွေ ၃၀၀ိ/နဲ့ လူတိုင်း ဂီတရဲ့ အရသာကို ခံစားနိုင်တာပေါ့ကွ။ တကယ်ဆိုရင် ဒီအလုပ်ကို ပရိုဂျူဆာက လုပ်ပေးရမှာ။ သူက မလုပ်ပေးဘူး ဒါကြောင့် 'တာဝန်သိသူမှာ တာဝန်ရှိနေသည်' ဆိုတဲ့ စကားလိုပဲ တာဝန်ကို သိနေတဲ့ တို့တွေက တာဝန်ယူပြီး လုပ်ပေးနေတာပါကွာ။ ပြောရတာ မောလိုက်တာ"

ရေနွေးကြမ်း ငုံ့သောက်နေသော တင်ထွန်း၏မျက်နှာပေးမှာ အလွန်ပင် ကျေနပ်ရွှင်ပျနေသည်။ ထို့ကြောင့် ကျွန်တော်က ခပ်ငေါ့ငေါ့ လေသံဖြင့် . . .

"ဒီလိုဆိုရင် စားသုံးသူ ပရိသတ်ကြီး တွေ မင်းကို ကျေးဇူးတင်ရမှာပေါ့လေ"

ဟု ပြောလိုက်ပြီး တိုးဝေကလည်း ဥပဒေကို လေးစားလိုက်နာသူ၏ လေသံမျိုး ဖြင့် . . .

"ဟေ့ကောင် တင်ထွန်း Copy Right ကိုကော ဘယ်နားသွားထားမလဲ"ဟု မေးခွန်း ထုတ်လိုက်ရာ ကျေးဇူးရှင်ကိုယ်တော်ကြီးက–

"ဟုတ်တယ်။ ငါ့ကို ကျေးဇူးတင်ရမယ်။ Copy Right နဲ့ပတ်သက်လို့ ဘာမှမပြောချင်ဘူး။ ဒါပေမဲ့ မင်းတို့အမြင်မှန်အောင်လို့ ပြောရဦးမယ်။ တို့ဆီက သီချင်းတွေဟာ နိုင်ငံတကာက သီချင်းတွေကို စာသားသွင်းထားကြတာ အများစုကြီးပဲ၊ တီးဝိုင်းဆိုတာကလည်း ဘယ်လောက်တူအောင် တုပြီး တီးနိုင်သလဲဆိုပြီး ဂုဏ်ယူနေသေးတယ်။ အဆိုတော်ကလည်း အဲဒီသီချင်းကို စာသားကြည့်ပြီး နားထောင်မှ အဓိပ္ပာယ် အကုန်သိအောင်ကို ဆိုတယ်။ သံစဉ် မရှာဘဲ စာသားသွင်းတဲ့ Composer လို့ အမည်ခံရတဲ့ ကောင်တွေကလည်း စာသားသွင်းတာတောင် အင်မတန် ခက်ခဲတဲ့အလုပ်ပါဆိုပြီး မျက်နှာပြောင်တိုက် ကြွေးကြော်ရဲသေးတယ်။ ကိုယ်ပိုင်တေးသွားကို အဆင့်မီမီ ရေးမယ်၊ သီဆိုတီးခတ် မလုပ်ကြဘူး။ မြန်မာဇာတ်ကားဆိုလည်း ဇာတ်လမ်းတွေဟာ ကူးချဖြတ်ညှပ်၊ ကပ်တွေ လုပ်တယ်။ ဇာတ်လမ်းတွေဆိုလည်း ခိုးချတာဟာ ရိုးနေပြီ။ မြန်မာဇာတ်ကားကို ကိုရီးယားကားက အလဲထိုးတာလည်း မပြောနဲ့တော့လေ။ နောက်ကျရင် လစ်များက ဇာတ်ကားတွေ၊ အာဖရိကန်စွတ်နက ဇာတ်ကားတွေပါ တို့က ပါးစပ်အဟောင်းသားနဲ့ ကြည့်ရဦးမယ်"

"ဩော် . . . မင်းက ကျေးဇူးရှင်ကြီးကိုး"

**အေးလွင်(ကသာ)**

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံချစ်စိတ် မျိုးဆက်ပြတ်လု

မောင်သစ်လွင်(လှုထု)

(၁)

ဆုံပဲဆုံတတ်လွန်း– တစ်ယောက်က ဗမာပြည်အလယ်ပိုင်းက၊ တစ်ယောက်က အောက်ပိုင်းက ယောက်ျားကလေး တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ဆယ်ကျော်သက်ကလေးတွေ၊ မန္တလေးမှာလာပြီး ပညာသင်နေကြတယ်။

တူလည်းတူလွန်းတယ်– အတန်းတူ၊ အရွယ်တူ၊ ဝါသနာတူ၊ စရိုက်တူ၊ ကြည့်လေ၊ နှစ်ယောက်စလုံး ဘာသာရပ်တစ်ခုတည်းမှာ အဝတ်အစား၊ အသစ်အဆန်း၊ အသစ်အလွင် အမြတ်တမ်းသူတို့ခါးပေါ်မှာ။ ယောက်ျားလေးက ဘောင်းဘီနဲ့ ရှပ်နဲ့၊ မိန်းကလေးက အိုမီဂါနဲ့၊ အသံသွင်းစက်နဲ့၊ စတီရီယိုတေးမျိုးစုံနဲ့။

သူတို့မိဘတွေက ငွေကုန်ကြေးကျခံပြီး မန္တလေးကို ပညာသင်ဖို့ပို့ထားတယ်။ သူတို့လို လူတွေရှိသေးတယ်၊ တချို့က ဆွေမျိုးအိမ်မှာ၊ တချို့က စုပေါင်းလို့နေကြတယ်။ ကိုယ့်ဆိုင်ရာဆိုင်ရာ အလွတ်ပညာသင်ကျောင်းမှာ တက်ကြတယ်။ အလွတ်ပညာ သင်ကျောင်းမှာဆိုတော့ သူတို့စာမေးပွဲ အခါခါကျခဲ့ပြီးပြီပေါ့။

တကယ်ပဲ တူလည်း တူလွန်းတယ်– သူတို့ ကျောင်းမှန်မှန်မတက်၊ တက်ပြန်တော့ ဟေးလားဝါးလား။ ယောယမ်းလိုက်သား ယိမ်းလိုက်၊ ဒီလိုနဲ့ အချိန်တန်အိမ်ပြန်။ သူတို့ကိုရုပ်ရှင်ရုံမှာ၊ ကျူးဘေးမှာ၊ တောင်သမန်အင်းမှာ၊ ရှောဝတီဟိုတယ်က ခုံးပေါ်မှာ၊ မှောင်ရိပ်တန်းမှာ၊ အသံသွင်းကြိုး၊ ခွေကောင်းကောင်းဖွင့်တဲ့ အအေးအဆိုင်မှာ၊ ဟိုမှာ ဒီမှာတွေ့နိုင်တယ်။ သူတို့မျက်နှာက ရွှင်လန်းတယ်။ အမြဲတမ်း အပြုံးပန်းပွင့်မြဲ၊ သူတို့ဘဝမှာ အစားအတွက်၊ အဝတ်အတွက် ဘာမှပူပင်သောက ရောက်စရာမရှိ။ ကုန်ဈေးနှုန်းတွေ တက်နေတယ်။ စားဝတ်နေရေး ကျပ်တည်းတယ်ဆိုတာတွေ သူတို့မသိ၊ မမြင်၊ မကြား။ ကြားတော့လည်း သူတို့အဖို့ ဘာပူစရာရှိသလဲ၊ ဒါကို သူတို့ဂရုမစိုက်။ သူတို့နဲ့ဘာမှမဆိုင်သလို။

(၂)

သူတို့ဘဝကလည်း ဒီလိုပဲနေနိုင်တယ်။ သူတို့မိဘအခြေအနေကိုကြည့်ပါဦး။ တစ်ဦးက မော်တော်ကားတွေ ပိုင်တယ်။ ကားတွေပြင်တယ်။ အငှားပြေးကားလိုင်းဖွင့်တယ်။ အိမ်မှာအလုပ်သမား ၂၀–၃၀ လောက်နဲ့ သူတို့ တစ်နေ့တခြားကြီးပွားတယ်။ စီးနေတဲ့ကား ပေါ်ထိုင်ပြီးဈေးသွားနိုင်တယ်၊ ကျောင်းသွားနိုင်တယ်။ လည်ပတ်နိုင်တယ်။ အစကတော့ အလုပ်သမားပေါ့။ အမန်အလုပ်သမားဘဝကနေ တိုးတက်လာခဲ့တယ်။ စစ်ပြီးခေတ် နယ်ချဲ့အရင်းရှင်ကို အလုပ်သမားတွေတိုက်ပွဲဝင်တော့ မပါခဲ့ဘူးလေ။ အခုတော့သူပိုင်အလုပ်သမားတွေနဲ့ သူကပန်ကာအောက်မှာထိုင်လို့။

မိန်းကလေးရဲ့ မိဘတွေကတော့ ဗမာပြည်အောက်ပိုင်းက ဆန်ကုန်သည်ကြီးတဲ့။ ဒုတိယကမ္ဘာစစ်ပြီးတော့ လယ်မြေတွေ အချောင်ပိုင်လိုက် ရာကနေ လယ်မလုပ်တဲ့ လယ်သမားဖြစ်ခဲ့တယ်။ မြေပေါင်ခံတယ်။ ငွေတိုးချေးတယ်။ ဒီလိုနဲ့ ကြီးပွား လာလိုက်တာ အခုတော့မြို့ပေါ်မှာ တိုက်နဲ့ကားနဲ့အိမ်ဖော်နဲ့။

ဒီမိဘတွေက ဆင်းသက်လာတဲ့ ဒီကလေး ၂ယောက်ဟာ ဒီမှာလာဆုံကြတယ်။ ဆုံပဲဆုံတတ်လွန်း။ တူပဲတူတတ်လွန်း။

(၃)

သူတို့ နှစ်ဦး မိဘရဲ့ ဟိုဘက်မျိုးဆက်တစ်ဆက်ကို ပြန်ကြည့်တော့ အံ့ဩရပြန်တယ်။ တူပဲတူလွန်းပြန်ပါဘိ။

အလုပ်သမားရဲ့ ဖခင်ဟာ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကာလတုန်းက အလုပ်သမား တပ်ပေါင်းစုကြီး ရန်ကုန်ချီတက်ရာ ပါခဲ့တဲ့ အလုပ်သမားကြီး။ အရင်းရှင် ဘီအိုစီနဲ့နယ်ချဲ့ဗြိတိသျှအစိုးရကို တိုက်ပွဲဝင်ရာမှာ သွေးမြေကျခံပြီး ရှေ့ကရပ်ခဲ့သူ။ ဒီမို၊ ခေါင်းပုံဖြတ်မှုနှင့် ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး။ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဝင်ခဲ့သူ အလုပ်သမားကြီး။

လယ်သမားရဲ့ဖခင်ကလည်း လယ်သမားတပ်ကြီး ရန်ကုန်ကိုချီတက်တုန်းက ရှေ့ကပါဝင်ခဲ့သူပဲ။ ဒီအလုပ်သမားကြီးနဲ့ လယ်သမား ကြီး ၂ ဦးဟာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်အဝနဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်ကြရင်း ရန်ကုန်ရွှေတိဂုံဘုရား ထိပ်တစ်ခန်းမှာအတူဆုံခဲ့ကြတယ်။ သူတို့သားသမီးလက်ထက်ကြတော့ ဘယ်သူသေသေ ငတေမာပြီးရော၊ ကိုယ်ကြီးပွားရေး စီးခုထဲ ရှေ့ရှုကြသူတွေ၊ ဒီမှာပဲအလုပ်သမားကြီးနဲ့ လယ်သမားကြီးရဲ့ စိတ်ဓာတ်ကပြတ်ကျန်ခဲ့ပြီ။ မျိုးဆက်ပြတ်ခဲ့ပြီ။

(၄)

ကြည့်စမ်း။ သူတို့ရဲ့မြေးနှစ်ယောက် ဒီမှာလာဆုံကြပြန်တယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က ရွှေတိဂုံမှာ ဆုံပုံမျိုးနဲ့တော့ မဟုတ်ဘူး။ ပြည်သူ့ဘဝကိုသူတို့မသိ။ နိုင်ငံအခြေအနေကို သူတို့မမြင်၊ လူ့ဘောင်ကြေးဘဝကလေးတွေနဲ့ပဲ ဆက်လှုပ်ကြတော့ မလား။ သူတို့အဘိုးများရဲ့ နိုင်ငံချစ်စိတ်မျိုးဆက်က ဒီမှာပဲတစ်ခါတည်း ပြတ်တော့မှာလား။

မောင်သစ်လွင်(လှုထု)

www.burmeseclassic.com

www.burmeseclassic.com





# ပြုံးသူမှာ မျက်ရည်စတွေနဲ့

ကျော်မိုးမြင့်

'တိုင်းပြည်တစ်ပြည် တည်ဆောက်ရာမှာ အကောင်းဆုံးနိုင်ငံရေး လုပ်ခြင်းမည်သည် ကလေးတို့ကို ပြုစုပျိုးထောင် လေ့ကျင့်ပညာသင်ပေး ခြင်းဖြစ်သည်'ဟူ၍ ကျွန်တော် ဖတ်မှတ်ဖူးပါတယ်။ စကားလုံး အတိ မကျမဟုတ်စေကာမူ အဓိပ္ပာယ်ကတော့ ဒီသဘောနဲ့ ယွင်းလှမယ် မထင်ပါဘူး။

♛ ♛ ♛ ♛ ♛

စင်ကာပူနိုင်ငံ တိုးတက်ကြီးပွားသွားတာ 'ပညာရေးကောင်းလို့' လို့ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူက ကမ္ဘာ့ကို အတိအလင်း ကြေညာသွားပါတယ်။

၁၉၆၅ ခုနှစ်မှာ မလေးရှားပြည်ထောင်စုက ခွဲထွက်ခဲ့တဲ့ စင်ကာပူ ပြည်နယ်လေးဟာ ဝင်လယ်ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းနိုင်ငံငယ် ကလေးမျှသာဖြစ်ပါတယ်။ မြန်မာပြည်လို လယ်ယာစိုက်ပျိုး ထုတ်လုပ်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံလည်းမဟုတ်။ ရေနံလည်း မထွက်။ ကျွန်းသ ပိတောက်၊ တမလန်း၊ ပျဉ်းကတိုးလည်း မထွက်။ ကျောက်စိမ်းလည်း မထွက်၊ ပတ္တမြားလည်း မထွက်။ သဘာဝဓာတ်ငွေ့လည်း မထွက် (ရွှေမြန်မာတို့ရဲ့ မြန်မာပြည်ကြီးကတော့ဖြင့် သဘာဝဓာတ်ငွေ့တွေ လွန်းလို့ ပိုလျှံနေလို့တောင် ပြည်ပနိုင်ငံတွေရောင်းချနေရတယ်လို့ ဆ ကာရပါတီ ဝန်ကြီးတစ်ပါးကဆိုခဲ့ဖူးထင်ပါ) စင်ကာပူဆိုတဲ့ ကျွန်းနိုင် ကလေးဆိုတာ ရေတောင်သောက်စရာမရှိလို့ မလေးရှားက ဝယ်သော ရတဲ့ နိုင်ငံပိစိကွေးလေးပါ။

မြန်မာပြည်က 'ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုတ္တာ'ရယ်လို့ မြန်မာဘုရင်တို့ လက်ထက်ကတည်းက စာဆိုနှင့်အညီ ပေါကြွယ် နိုင်ငံပါ။ ရွှေတွင်းတွေဆိုတာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေး တိုင်း၊ ရှမ်းပြည်နယ် စတာတွေမှာ 'စီးပွားဖြစ်'ကို ထွက်နေတာပါ။ မြ မာပြည်တစ်ခုလုံးလည်း ဘယ်နေရာကမြေကို ကျင်ယူကြည့်လိုက် 'ထယ်

www.burmeseclassic.com



စားရွှေ'လောက်တော့ဖြင့် 'အင်ဝိုင်းတစ်လုည့်'နဲ့ ရွှေဖြစ်နေတာပါပဲ။

ငွေတွင်းဆိုတာ မြန်မာဘုရင်တွေ လက်ထက်ကတည်းက တရုတ်လူမျိုးတွေ တူးဖော်လုပ်ကိုင်သွားကြတဲ့ 'နမ္မတူဘော်တွင်း'ဆိုတာ ကမ္ဘာကျော်တဲ့ ငွေတွင်းကြီး မဟုတ်ပါလား ခင်ဗျာ။ အမေရိကန် သမ္မတကြီး အဂ္ဂါဟူးဗားတောင် တူးဖော်လုပ်ကိုင်သွားဖူးသေးတာကလား။ သယံဇာတ အဲသလို ချမ်းသာကြွယ်ဝတဲ့ နိုင်ငံပါ။

ရွှေတွင်း၊ ငွေတွင်း တင်ကရိုးလားဗျာ။ 'ကြေးတွင်း'လည်း ရှိပါသော်ကော။ 'ကြေးစင်တောင်'တို့၊ 'လက်ပံတောင်းတောင်' တို့ဆိုတာ ကြေးသတ္တုသာမက အခြားအမည် အတိအလင်း ဖော်မပြတဲ့ ဓာတ်သတ္တု သယံဇာတတွေ ထွက်နေတဲ့ ရတနာသိုက်ကြီးပါ။ ဘယ်ကလောက် တန်ဖိုးကြီးမားလိုက်ပါသလဲဆိုရင် တရုတ်ကြီး (ဝမ်ပေါင်ကုမ္ပဏီ)က မြစ်ဆုံစီမံကိန်းတုန်းကလို နောက်မဆုတ်ဘူးလို့ တရားဝင်စကားဆိုလာတာကိုသာထောက်ရှုပါ။

အဲဒီမှာလည်း ဝမ်ပေါင်ကုမ္ပဏီက လယ်သမားတွေကို လျော်ကြေးငွေတွေပေးပြီးသားလို့ ဆိုပါတယ်။ ဘယ်ရွှေ့ဘယ်မျှ ပေးတယ်၊ အဲဒီငွေတွေ ဘယ်ကိုရောက်သွားတယ်ဆိုတာ ဖော်ထုတ်ပေးနိုင်ရင်တော့ 'ဒီမိုကရေစီနိုင်ငံတော်ဆီ ချီတက်' ဆိုတဲ့ အသုံးကလေးနည်းနည်းများ ပိုလှလာမလားလို့ပါ။

မြစ်ဆုံစီမံကိန်းထဲမှာတော့ ဦးပိုင်ကုမ္ပဏီ ပါဝင်ပတ်သက်မှု ရှိမရှိ ကျွန်တော်တို့ မသိနိုင်ပါဘူး။ လက်ပံတောင်းတောင် စီမံကိန်းမှာတော့ ဦးပိုင်ကုမ္ပဏီရဲ့ အကျိုးစီးပွားပေကိုး။ ဦးပိုင်ကုမ္ပဏီက တိုင်းပြည်အုပ်ချုပ်နေတာလား။ တိုင်းပြည်အုပ်ချုပ်နေတဲ့ လူတွေက ဦးပိုင်ကုမ္ပဏီကို ပိုင်ဆိုင်တာလား၊ ဦးပိုင်ကုမ္ပဏီမှာက အာဏာရော လက်နက်ပါ ရှိနေပေသကိုး။

ရှင်းနေတာကတော့ ဦးပိုင်ကုမ္ပဏီရဲ့ အကျိုးစီးပွားကို ထိပါးစေမယ့် မည်သည့်အပြုအမူမျိုးကိုမဆို ဦးပိုင်ကုမ္ပဏီက ရက်စက်မညှာ 'ချေမှုန်း' မယ်ဆိုတာပါပဲ။

လက်ပံတောင်းတောင်မှာ ဖောက်ခွဲခဲ့တဲ့ ဗုံးဟာ ပေါက်ကွဲလောင်ကျွမ်းမှု ပြင်းထန်စေတဲ့ မီးဗုံးဆိုတာ ဓာတ်ခွဲစမ်းသပ်မှု အဖြေပေါ်ထွက်လာလို့ ဂျာနယ်အသီးသီးမှာလည်း ဖော်ပြကုန်ပါပြီ။ စစ်ပွဲတွေမှာသာ အသုံးပြုလေ့ရှိတဲ့ လူသတ်လက်နက်ဖြစ်ကြောင်းလည်း ကျွမ်းကျင်သူတွေက အတိအလင်းပြောပါပြီ။

ဒီဗုံးမျိုးကို လက်နက်မဲ့၊ အပြစ်မရှိ ရဟန်းပြည်သူတွေကြား ဘယ်သူက ဖောက်ခွဲခိုင်းပါသလဲ၊ ဘယ်သူက အမိန့်ပေးခဲ့ပါသလဲ။

♛ ♛ ♛ ♛ ♛

စင်ကာပူနဲ့ လီကွမ်ယူကို ပြန်ဆက်ပါရစေဦး။

'ဦးနုနဲ့ ကမ္ဘာတစ်ပတ်'စာအုပ်ကို ဖတ်ထားမိလို့ပါ။ စင်ကာပူပြည်နယ် ဝန်ကြီးလီကွမ်ယူဟာ မလေးရှားပြည်ထောင်စုက ခွဲထွက်ခါနီးမှာ အရှေ့တောင်အာရှက အချမ်းသာဆုံးနိုင်ငံဖြစ်တဲ့ မြန်မာပြည်၊ ကမ္ဘာမှာ အလှဆုံးစာရင်းထဲ ပါတဲ့ ရန်ကုန်မြို့ကိုလာပါတယ်။ (ဒီစကား ဆယ်တန်းကလေးတွေ စာသင်ရင်းပြောပြမိတော့ တသောသော ရယ်မောကြပါတယ်။)

အောက်စဖို့တက္ကသိုလ်က ဆင်းသမျှ တို့မြန်မာတွေဟာ နံပါတ်ဝမ်းနဲ့ချည်းဆင်း (ကလေးတွေ ဝေါခနဲပွဲကျသွားပါတယ်)။ အဲဒါကြောင့် မြန်မာပြည်ရဲ့ ပညာရေးလာလေ့လာတာလို့ (ကျယ်လောင်စွာရယ်ကြ)။

"ဆယ်စုနှစ် တစ်ခုလောက်ရှိရင် စင်ကာပူကိုလည်း ရန်ကုန်မြို့ကြီးလောက် မလှရင်တောင် ရန်ကုန်မြို့ကြီးလောက်နီးနီး ဖြစ်အောင် ကြိုးစားဖို့ မရဲတရဲ ပြောပါရစေလို့ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူက ပြော..." (လက်ခုပ်လက်ဝါး တဖြောင်းဖြောင်းတီးပြီး ရယ်ကြပါတယ်)။

"အဲဒါကြောင့် မြန်မာအင်ဂျင်နီယာတွေနဲ့ စင်ကာပူမြို့ပြကို တည်ဆောက်ဖို့ စီစဉ်ပါတယ်။ ဒီနေ့ စင်ကာပူမှာ မန္တလေးတို့၊ မော်လမြိုင်လမ်းတို့ နာမည်တွေတောင်ရှိ" (ရယ်မောကြပြန်ရော)။

"ငါတို့ မြန်မာလူမျိုး ဝန်ကြီးချုပ်ဦးနုက အမေရိကန် စစ်မှုထမ်းဟောင်းတွေရဲ့ သားမယားတွေကို ဒေါ်လာငွေတွေတောင် ထောက်ပံ့ခဲ့တာ" (ရယ်လိုက်ကြတာမှ အတောကို မသတ်ဘူး)။

"မရယ်ကြနဲ့ကွ၊ အဲဒီအချိန်က အမေရိကန်တစ်ဒေါ်လာက တို့မြန်မာငွေ ခြောက်ဒသမရှစ်ကျပ်နဲ့အညီပဲ။ တို့မြန်မာငွေက ငွေစက္ကူ ထုတ်တဲ့ မည်သည့်ဘဏ်မှာဖြစ်စေ လဲလှယ်ခွင့်ရှိကြောင်း အာမခံသည် လို့ကို ရိုက်နှိပ်ထားတာကွ" (ရယ်လိုက်ကြတာမှ အကောင်းဆုံးဟာသလို့ များထင်ကြလေသလား မသိ)



www.burmeseclassic.com





"အဲဒီအချိန်က မြန်မာတစ်ကျပ်ကိုယိုးဒယားသုံးဆယ့်နှစ်ဘတ် ရတယ်ကွ" (တာချီလိတ်က ဘော်ဒါလာနေတဲ့ ရှမ်းကလေးတွေ၊ ယိုးဒယားလို ကွိကွ၊ ကွိကွတွေ ပြောရင်း မျက်စိမျက်လုံးတွေ ပြူးပြီးတော့ နွဲ့ဆိုရယ်ကြပြန်တာပါပဲ။)

"မရယ်ကြနဲ့ကွ၊ အဲဒီအချိန်က ငါတို့ မြန်မာဘောလုံးအသင်းက အရှေ့တောင်အာရှ ချန်ပီယံကွ၊ ဂျာမဏီနိုင်ငံ မြူးနစ်ကိုတောင် သွားကစားခဲ့ရသေးတာ၊ အသန့်ရှင်းဆုံးဆုတောင်ရခဲ့ (အတန်းတစ်ခုလုံး အုန်းခနဲပွဲကျသွားပါတော့တယ်။ ကျွန်တော့်အသံလည်း တိုးလို့ကို မပေါက်တော့ပါဘူး)။

အဲဒီနေ့က မြန်မာစာဆရာ ကျွန်တော့်မှာ စာဆက်သင်လို့ မရတော့ပါဘူး။ ကိုယ့်တရားက ကိုယ်ပြန်ပြီး ဒေသနာဆိုက်နေပါပြီ။ ဒင်းကလေးတို့ကသာ တအုန်းအုန်း ရယ်နေကြ။ ကျောင်းဆရာ ရင်မှာက မချိပါဘူး။ ယုံကောင်ငုံလို့ ယုန်ရုပ်ရေးပြလည်း ယုံကြတော့မယ် မထင်တော့ပါဘူး။ ရှေးရှေးတုန်းက ပုံပြင်လေးတွေ ဖြစ်ကုန်မှာပါ။

အကြောင်းရင်းကတော့ နှစ်ပေါင်း ၅၀ ကျော် စနစ်တကျ အဖျက်ဆီးခံထားလိုက်ရတော့ ယနေ့ ဆယ်တန်းကလေး၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေ မပြောနဲ့ အဲဒီကလေးတွေရဲ့ မိဘတွေကိုက အကြောက်တရားတွေ ဖိစီးနှိပ်စက်ခံနေရပြီး ခပ်ညံ့ညံ့၊ ခပ်တုံးတုံးတွေ ဖြစ်ကုန်ကြပါပြီ။ ဒီလိုဖြစ်အောင်ကို ဗိုလ်နေဝင်း လုပ်သွားတာပါ။ ဗိုလ်နေဝင်းဖျက်ဆီးခဲ့သမျှအထဲမှာ ပညာရေးဖျက်ဆီးခဲ့တာဟာ မြန်မာပြည်အတွက် အထိအနာဆုံးလို့ ကျွန်တော်မြင်ပါတယ်။

♛ ♛ ♛ ♛ ♛

တစ်ချိန်က အာရှတိုက်ရဲ့ လှည်းအိုကြီး အာရှက လူမမာကြီးလို့ ပျက်ရယ်ပြုခံခဲ့ရတဲ့ တရုတ်ပြည်ကြီးက တိန့်ရှောင်ဖိန်လို ခေါင်းဆောင်ကောင်းကိုရတော့ ကမ္ဘာ့ထိပ်တန်းကြွယ်ဝချမ်းသာတဲ့ နိုင်ငံကြီး ဖြစ်လာပါပြီ။

တစ်ချိန်က ပင်လယ်ဓားပြတို့ သင်္ဘောတွေ ဆိုက်ကပ်ရာ ကျွန်းနိုင်ငံကလေး စင်ကာပူကလည်း လီကွမ်ယူလို ခေါင်းဆောင်ကောင်းကို ရတော့ အာရှအဆင့်ကို ကျော်လွန်ပြီး ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံစာရင်းထဲမှာ ဝင်နေပါပြီ။

တစ်ချိန်က အရှေ့တောင်အာရှရဲ့ အချမ်းသာဆုံး စာရင်းဝင် မြန်မာနိုင်ငံကတော့ ဗိုလ်နေဝင်းကို ရလိုက်ပါတယ်။ ဟုတ်ကဲ့၊ ယနေ့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အဆင်းရဲဆုံး စာရင်းဝင် နိုင်ငံထဲကို ရောက်သွားရရှာပါပြီ။

မြန်မာပြည်ဟာ ကံဆိုးမိုးမှောင်ကြီးစွာ ဗိုလ်နေဝင်းရဲ့ ဖျက်ဆီးခြင်းကို ၂၆ နှစ်လုံးလုံး လည်စင်းခံလိုက်ရပါတယ်။ ဗိုလ်နေဝင်း ယုတ်မာကောက်ကျစ်ခဲ့ပုံတွေကို သိမိုတဲ့လူတွေက ဖော်ထုတ်နေကြပါပြီ။ အောင်ဗလ(ကြေးမုံဦးသောင်း)၊ ဗိုလ်မှူးချုပ်ကျော်ဇောတို့ရဲ့ စာတွေက ထင်ရှားနေပါတယ်။ (အခြားသူတွေရဲ့ စာအထောက်အထားတွေလည်း အပုံအပင်ပါ)

'ဗိုလ်ချုပ်ကြီးရဲ့ အာဏာလျှင် စစ်အုပ်ချုပ်ရေးဆင်းသွားတော့ 'ဗိုလ်ချုပ်မှူးကြီး'ရဲ့ အာဏာရှင်စစ်အုပ်ချုပ်ရေး တက်လာပါတယ်။ မြန်မာတို့ရဲ့စကားပုံမှာ 'နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန့်ထက်ကဲ' လို့ ရှိပါတယ်။ အာဏာရှိတဲ့လူတွေ၊ ခရိုနီတွေတိုင်းပြည်ကို ဝရုန်းသုန်းကား၊ ရုပ်ပျက်ဆင်းပျက်ကို ထင်ရာစိုင်းကုန်ကြပါတော့တယ်။ မြောက်မြားစွာထဲက ဥပမာတစ်ခုပဲ ထုတ်ပြပါမယ်။ မော်တော်ကားတင်သွင်းခွင့်နဲ့ တယ်လီဖုန်းကိစ္စကိုပဲ ကြည့်ပါ။ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံက ကားနဲ့တယ်လီဖုန်း ဈေးအကြီးဆုံးနိုင်ငံဖြစ်ခဲ့တယ်လေ။ ဒါ . . . 'ကိုယ့်လူတွေသာ လုပ်ကိုင်စားသောက်ကြစေ၊ ပြည်သူတွေကိုတော့ ဖြစ်လိုရာဖြစ်စေ' ဆိုတဲ့ အတွင်းစိတ်ကြီး ပေါ်လွင်နေတဲ့အချက်ပါ။ 'ယိုသူမရှက် မြင်သူရှက်' ဆိုတာလို ကမ္ဘာ့အလယ်မှာ ရှက်စဖွယ်ကြီးရယ်ပါ။ အခြား ပြောစရာတွေလည်း တပုံတပင်ကြီးပါ။

♛ ♛ ♛ ♛ ♛

လက်ရှိ မြန်မာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေက စစ်တပ်က အာဏာနဲ့ ရေးဆွဲပြီး အတင်းအဓမ္မ အတည်ပြုထားခဲ့တာပါ။ 'လိုအပ်လျှင် တပ်မတော်က အချိန်မရွေး အာဏာသိမ်းနိုင်သည်'ဆိုတဲ့ အချက်အရ တိုင်းပြည်ကို တကယ်အုပ်ချုပ်နေတာ ကာကွယ်ရေးဦးစီးချုပ်လား။ သမ္မတလား။

ကာကွယ်ရေး ဦးစီးချုပ်က အာဏာရှိတာလား။ သမ္မတက ရာထူးကြီးတာလား။ မကွဲမပြားနဲ့ပါ။


လွှတ်တော်ထဲမှာလည်း စစ်ယူနီဖောင်းတွေနဲ့။

♛ ♛ ♛ ♛ ♛

ဒေါ်စုလုပ်သမျှ တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းတွေထဲမှာ ကလေးတွေရဲ့ ပညာရေးကို ရှေ့တန်းတင်ဆောင်ရွက်တာဟာ 'အမွန်မြတ်ဆုံး'လို့ ကျွန်တော်မြင်ပါတယ်။ အဲဒီအထဲမှာပဲ 'ပညာဒါနတိုက်'တွေ၊ 'ပညာဒါနစာသင်ကျောင်း'တွေ တည်ထောင်တာ၊ ဖွင့်လှစ်ပေးတာဟာ အကောင်းဆုံးနဲ့ 'အခြေခံအကျဆုံးအုတ်မြစ်'လို့ ကျွန်တော်ခံယူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





အထိရောက်ဆုံး နိုင်ငံရေး ဆောင်ရွက်ချက်လို့လည်း ကျွန်တော်မြင်ပါတယ်။

လမ်း၊ တံတား၊ အဆောက်အဦတွေက ငွေရှိရင် အချိန်မရွေး တည်ထောင်ပြုပြင်လို့ရပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ပျက်စီးနေတဲ့ လူတွေရဲ့ စိတ်ဓာတ်ကို ဘယ်လိုပြုပြင်ကြမလဲ။ အချိန်တွေကကော ဘယ်လောက်၊ ဘယ်မျှ ပေးဆပ်ရပါမည်လဲ။

စင်ကာပူနိုင်ငံ တိုးတက်သွားတာ လူသားအရင်းအမြစ်ကို အသုံးချသွားတာ မဟုတ်ပါလားခင်ဗျာ။

♛ ♛ ♛ ♛ ♛

၁၃-၂-၂၀၁၃ နေ့က ဗဟန်းမြို့နယ် 'အမေ့ပန်းခင်း ပညာဒါနသင်တန်း' အာစရိယပူဇော်ပွဲ လုပ်ပါတယ်။ ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားတွေလည်း ပါပါတယ်။ စေတနာ အာဟာရဒါလည်း ကျွေးပါတယ်။ အခမ်းအနားကို NLD ဗဟိုနာယက ဘဘ ဦးတင်ဦး ဖွင့်လှစ်ပေးပါတယ်။

ပညာဒါနသင်ကြားပေးတဲ့ ဆရာတွေကို နာယကကြီး ဦးတင်ဦးက 'မြတ်သော ပညာဒါန အလှူတော်ဂုဏ်ပြုလွှာ' ပေးအပ်ပါတယ်။ ဩဝါဒစကားလည်း ပြောပါတယ်။ ဆရာ ဖျာပုံနီလုံဦးက ဆရာတွေကို လက်ဆောင်ပစ္စည်းပေးအပ်ပါတယ်။ ဒေါက်တာသိန်းလွင် (ဗဟိုပညာရေးကော်မတီ)ကလည်း ကလေးတွေကို ပညာရေးအခြေအနေနဲ့ ဆုံးမဩဝါဒစကား အနည်းငယ်စီ ပြောကြပါတယ်။ သင်ကြားရေးဆရာ ဆရာနေအုပ် (စိန်ပေါ)၊ ဆရာဘိုဒွေး (ဓာတု)တို့လည်း ဆုံးမစကား ဩဝါဒစကားတွေပြောကြပါတယ်။ ဗဟန်း အမေ့ပန်းခင်းပညာဒါနသင်တန်းရဲ့ တာဝန်ခံသင်တန်းမှူးဖြစ်တဲ့ ဒေါက်တာစိုးဝင်းဦး (ဒေါက်တာဘိုင်အို) က ကမကထပြုရသူဖို့ အပင်ပန်းဆုံးဖြစ်မှာပါ။

ကလေးတွေက သူတို့ရဲ့ ချွေးနဲ့စာ၊ မုန့်ဖိုးငွေကလေးတွေထဲက အလှူငွေ ကောက်ခံပြီး ဆရာတွေကို ပုဆိုးတစ်ထည်စီ ကန်တော့ကြရှာပါတယ်။ ကြည်နူးမှု ပီတိအဟုန်တွေနဲ့ တီးလိုက်ကြတဲ့ လက်ခုပ်သံတွေဆိုတာ နံရံတွေ ပွင့်ထွက်ခမန်းပါ။ မျက်နှာလေးတွေကလည်း ပြုံးလို့ ရွှင်လို့။ မျက်ဝန်းမှာတော့ မျက်ရည်စလေးတွေ ဝေလို့။ ဆရာတွေကို ချစ်လို့ကျတဲ့၊ ကြည်ညိုလို့၊ ကျေးဇူးတင်လို့ကျတဲ့ မျက်ရည်စတွေပါ။ ရင်ထဲက လှိုက်ဖိုဆို့တက်လာတဲ့ ပီတိမျက်ရည်တွေ ဖြစ်မှာပါ။

ဒါ . . . တစ်နှစ်တာ ပညာသင်ကြားပေးခဲ့တဲ့ သူတို့ရဲ့ ကျေးဇူးရှင် ဆရာတွေကို နောက်ဆုံးအနေနဲ့ ကျေးဇူးကို အထူးသိကြောင်း နှုတ်ဆက်ကန်တော့တာပဲလေ။ ခမျာလေးတွေ ဒါလောက်ပဲ တတ်နိုင်မှာပဲ မဟုတ်လား။

♛ ♛ ♛ ♛ ♛

ကြေကွဲစရာကလေးတစ်ခု ပြောပါရစေ အမေစုခင်ဗျာ။

အမေစုကျောင်းက စာရွက်စာတမ်းကြေးကအစ အခမဲ့ ပညာဒါနဆိုပေမယ့် ကလေးတွေက အလကားတက်ရတဲ့ ကျောင်းကို လာတက်ဖို့ ဘတ်စကားခ မတတ်နိုင်ရှာကြပါဘူး။ ရန်ကင်းက ကလေးတွေ၊ တာမွေက ကလေးတွေ ဗဟန်းဦးချစ်မောင်လမ်း ဈေးကွေ့မှာရှိတဲ့ အမေ့ကျောင်းကို ခြေကျင်လျှောက်ပြီး တက်ကြရရှာတာပါ။ ရွှေဂုံတိုင်က ကလေးတွေတောင်ပါရဲ့။

ပုဂ္ဂိုလ်ကြီးတစ်ဦးရဲ့ မြေးက စင်ကာပူကို နေ့ချင်းပြန် လေယာဉ်နဲ့ ကျောင်းသွားတက်နေပေမယ့် မြန်မာပြည်မှာက ကလေးပညာရေးအတွက် ဘတ်စကားခ ထုတ်မပေးနိုင်လောက်အောင် မိဘတွေ ဆင်းရဲနေကြပါတယ်။ ဒါ ရန်ကုန်မြို့ရဲ့ အဓိကရ ဗဟန်းမြို့နယ်အတွင်းမှာပါ။

အချို့ ကလေးတွေက အစိုးရကျောင်းကြီးလည်းတက်၊ ကျောင်းချိန်အလွတ်မှာ ကျူရှင်သဘောမျိုး တက်ကြတာပါ။ အချို့ကလေးတွေက အလုပ်တစ်ဖက်နဲ့ တက်ကြရရှာတာပါ။

ပြောချင်တာက ဒီလိုပါ။

ဇန်နဝါရီလဆန်းလောက်မှာ အာစရိယပူဇော်ပွဲအတွက် ဆိုပြီး ကလေးတွေ သူတို့စေတနာနဲ့ သူတို့သဘောနဲ့ ရန်ပုံငွေ၊ အလှူငွေကောက်ခံကြတာပါ။ သဒ္ဒါကြေးဆိုပြီး ကောက်တာပါ။ အဲဒီကတည်းက ကလေးတွေ စာသင်ခန်းထဲမှာ လျော့ကျသွားပါတော့တယ်။ (နှစ်ကျိုပ် ရှစ်ဆူဘုရားပွဲတွေနဲ့ တိုက်ဆိုင်တာလည်းပါမှာပါ။) မထည့်နိုင်၊ မတတ်နိုင်တဲ့ ကလေးတွေက လုံးဝကိုမထည့်နိုင်ကြတာပါ။ ဒီတော့ကာ သူတို့လေးတွေရင်ထဲ ဘယ်သို့ရှိရှာလေမလဲ။

အာစရိယပူဇော်ပွဲပြီးလို့ ကျွန်တော်အောက်ထပ်ကို ဆင်းလာတော့ ဘတ်စကားမှတ်တိုင်မှာ အခမ်းအနားကိုမတက်တဲ့ တပည့်သုံးယောက် ကျွန်တော့်လက်ထဲက ကန်တော့လက်ဆောင်တွေ ဆွဲကိုင်ကြည့်ပြီး ကျွန်တော့်ကို နှုတ်ဆက်ကြပါတယ်။

"ဟ . . မင်းတို့ ခုနက အပေါ်မှာမတွေ့ရပါလား"

လို့ ကျွန်တော်က ပြောလိုက်တော့ ပြုံးနေတဲ့မျက်နှာလေးတွေက ရှက်ချည်းညှိုးကျသွားပြီး . . .

"ကျွန်တော်တို့က အာစရိယပူဇော်ပွဲကြေး မထည့်နိုင်လို့ပါဆရာ" တဲ့။

**ကျော်မိုးမြင့်**

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်ကြိုက်တဲ့ လက်ဖက်ဆီဆမ်း

ဒေါက်တာအောင်ခင်ဆင့်

ကျွန်တော့်ဘဝအတွေ့အကြုံတွေနဲ့ နှီးနွှယ်ပြီး လက်ဖက်အကြောင်း စုံစုံစိစိ ရေးလိုက်ပါရစေ။ ကျွန်တော်ဟာ အညာသား လက်ဖက်ကြိုက်တဲ့ ကောင်လေးပါ။

**မွေးကင်းစ ကျွန်တော်**

ကျွန်တော်ဟာ ဈေးထဲမှာ အဝတ်ပုခက်ထိပ်ကြိုးချည်လေးနဲ့ ကလေးလေးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဈေးဆိုတာက ကျွန်တော့်အမေ ဆိုင်ငယ်လေးနှင့် ငှက်ပျောသီးရောင်းနေတဲ့ ပခုက္ကူမြို့က ဈေးကို ပြောနေတာပါ။

**ကျွန်တော် ကျောင်းသားလေး**

ကြီးလာလို့ ကျောင်းနေတော့လည်း အမေ့ဆိုင်ကို ဝင်ပြီး မုန့်ဖိုးပိုက်ဆံတောင်းပြီးပါမှ ဗုဒ္ဓဘာသာ အမျိုးသားကျောင်းကို ခြေလျင်သွားခဲ့တာပါ။ ကျောင်းကိုလည်း 'ကကြီးခွေး' အတန်းကစပြီး တက်ခဲ့တာပါ။ ကျောင်းဆင်းတော့ ဈေးထဲက အမေ့ဆိုင်ဝင်မုန့်စားပြီး အမေဈေးသိမ်းပြီးပါမှ အမေနဲ့အတူ အိမ်ပြန်ခဲ့တာပါ။

ဒါကြောင့် ဈေးထဲမှာပဲ ကြီးခဲ့တဲ့ ကျွန်တော် ဖြစ်ပါတယ်။ ဈေးအကြောင်းပြောချင်လို့ ဈေးအကြောင်း ကောင်းကောင်းသိတဲ့သူ ကျွန်တော်ဖြစ်ကြောင်း ခြေဆင်းလေးကို စပြီး ရေးနေတာပါ။

**ငှက်ပျောခိုင်၊ လက်ဖက်ဆိုင်**

ဈေးထဲမှာ ငှက်ပျောဆိုင်တန်းပြီးတော့ လက်ဖက်ဆိုင်တန်း ဖြစ်ပါတယ်။ တစ်ဆိုင်၊ နှစ်ဆိုင်သော လက်ဖက်ဆိုင်မဟုတ်ပါဘဲ လက်ဖက်ဆိုင်တွေ အများကြီးတန်းနေတာ ဖြစ်ပါတယ်။ အဲဒီလက်ဖက်ဆိုင်တွေက လက်ဖက်ရောင်းတာကတော့ အဓိက မှုရင်းလုပ်ငန်း ဖြစ်ပါတယ်။

ဒါပေမဲ့ ထူးဆန်းနေတာလေးတစ်ခု ပြောပါရစေ။ လက်ဖက်ဆိုင်တန်းမှ 'ညှော်ကြိုက်လက်ဖက်'ဆိုတာလေး ရှိပါတယ်။ ပုဂံညောင်ဦးက အနုပညာလက်ရာဖြစ်တဲ့ 'ယွန်းထည်လက်ဖက်ခွက်'နဲ့ ညှော်ခံလက်ဖက် မြည်းကြည့်စေတာ ပြောနေတာပါ။

ယွန်းထည်လက်ဖက်ခွက်က နီညိုအရောင်ခွက်၊ အနက်ရောင် ပြောင်ချောခွက်၊ ပန်းအလှရေးဆွဲထားတဲ့အဖုံး၊ ယိုးဒယားပန်းခက်များ နဲ့ လှလှပပ အနုပညာလက်ရာပါ လက်ဖက်ခွက်အဖုံးလေးနဲ့ ညှော်ခံနေ တာကို ပြောတာပါ။ မဝယ်ခင်မှာ လက်ဖက်အမြည်းခိုင်းတဲ့ သဘောပါ ပဲ။

အစမ်းအမြည်းလက်ဖက်ခွက် အနုပညာအကြောင်း ပြောနေရာမှာ ပြည့်ပြည့်စုံစုံ ဖြစ်စေချင်လို့ ကျန်နေတာလေး ပြောပါရစေဦး။ အရွက်နုနု ဆီဆမ်းလက်ဖက်ခွက်လေး ရှိသလို နှမ်းနှင့် ပဲစုံနှင့် မြေပဲနှင့် အစုံ လက်ဖက်သုပ်စားချင်စဖွယ်နှင့်တို့လည်း ညှော်ခံကြပါတယ်။

**ရှမ်းပြည်ဘက်က လက်ဖက်ပို**

လက်ဖက်ပိုဆိုတာလည်း သိစရာ ကောင်းပါတယ်။ လက်ဖက် (၄) (၅) (၁၀) ပိဿာဆန့်တဲ့ ပိုကြီးဝါးခြင်းတောင်းကြီး ဖြစ်ပါတယ်။ လက်ဖက်ထည့်အပြီးမှာ တင်းကပ်နေအောင် ဝါးဖက်ကြီးတွေနဲ့ ဖုံးအုပ်ပြီး သစ်သားချောင်း မသေးလွန်း၊ မကြီးလွန်း ဘယ်ညာ နှစ်ဖက်စလုံးမှာ ကြိမ်ကြိုးနဲ့ ခိုင်ခိုင်ခန့်ခန့် တင်းနေအောင် ချည်ထားလို့ လက်ဖက်က လုံခြုံသန့်ပြန့်နေတာ တွေ့ဖူးပါတယ်။

လက်ဖက်ပိုကို ဖောက်လိုက်ပြီ ဆိုကြပါစို့၊ ပထမ မြင်တွေ့လိုက်ရတဲ့ လက်ဖက်သားနုနုလေးတွေဟာ ဝါတာ၊ စိမ်းတာ၊ ညိုတာ အသာ ထား 'လက်ဖက်သားရောင်'လို့ ပြောလိုက်ပါက ပြည့်စုံပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## ရှေ့တုန်းက လက်ဖက်အရောင်

ယခု လက်ဖက်အရောင်ဆိုးထားပါတယ် ပြောပါမှ ကျွန်တော် ငယ်ငယ်တုန်းက လက်ဖက်အရောင်ဟာ ဘာရောင်လဲလို့ ပြောမတတ်အောင် ဖြစ်နေပါတယ်။ ပြောလိုက်ရရင်တော့ 'အပြစ်ကင်းစင်တဲ့ လက်ဖက်သားအရောင်မှန်မှန် ဘာမျှ မရောမနှော စားချင်စဖွယ် လက်ဖက်သားစစ်စစ် ဖြစ်ပါတယ်လို့ပဲ ပြောလိုက်ပါရစေ။ ယခုအခါ လက်ဖက်ကို အရောင်ဆိုးထားတယ် ပြောပါသော်ငြားလည်း ကျွန်တော်တော့ ဘာအရောင်လဲဆိုတာ တကယ်မသိတာ အမှန်ပါ။

## မြန်မာ့ရိုးရာ လက်ဖက်

ကျွန်တော် သိတတ်တဲ့ အရွယ်ကစပြီး ယခုထက်တိုင် သိခဲ့ရတဲ့ လက်ဖက်ကတော့ မြန်မာ့ယဉ်ကျေးမှု ရိုးရာဓလေ့ မြတ်မြတ်နိုးနိုး စားချင်စရာ လက်ဖက်အဖြစ် မြန်မာပြည်မှာ ရှိနေခဲ့တာ ကြာလှပါပြီ။

လက်ဖက်အကြောင်း ပြောနေရာမှာ မြန်မာတို့အတွက် ဂုဏ်ယူပြောစရာအကြောင်းအရာပေါင်း မြောက်မြားစွာ ရှိပါတယ်။ လူတွေရဲ့ အထွတ်အထိပ် စားစရာဖြစ်ခဲ့ပုံကတော့ မြတ်စွာဘုရားအား ပူဇော်ပသတဲ့ လှူရာမှာ လက်ဖက်မပါ မပြည့်စုံပါ။ လှူရာတန်းရာ ကန်တော့ပွဲ ပြုရာမှာလည်း လက်ဖက်မပါ မပြည့်စုံပါ။ မင်္ဂလာတော် အခါသမယ ထိမ်းမြားက ညှိခံကျွေးမွေးပြုစုရာမှာ လက်ဖက်မပါ မပြည့်စုံပါ။

## အဘိုးအဘွားကြိုက်လက်ဖက်

အသက်အရွယ်ကြီးလို့ အဘိုးအဘွား ဖြစ်လာပြီဆိုတဲ့အခါမှာ သက်ကြီးသွားမရှိသူတို့၏ အသည်းစွဲကတော့ လက်ဖက်နုနု ဆီရွှဲရွှဲ ဆမ်းထားပါတဲ့ လက်ဖက်သားသက်သက် စားချင်စဖွယ် လက်ဖက်ခွက်ပါ။ သွားမရှိသူတို့ သွားဖုံးနဲ့သာ မြုံ့မြုံ့နေရတဲ့ အဘိုးအဘွားကြိုက် ဆီရွှဲရွှဲ ဆမ်း လက်ဖက်ဖြစ်ပါတယ်။

ကျွန်တော်တစ်ဦးတစ်ယောက်တည်းအတွက် လက်ဖက်အကြောင်း ပြောရပါလျှင် ကြိုကြိုက်တိုင်း၊ ကြုံကြိုက်တိုင်း လက်ဖက်စားတာ အမြဲပါ။ အိမ်က ဖနီးကလည်း ရုံးကအပြန်၊ ဆေးခန်းကအပြန် လက်ဖက်ခွက်လေးဖြင့် ကြိုဆိုစောင့်နေသည်မှာ နေ့စဉ်မဟုတ်ပါသော်လည်း မကြာခဏ။ 'လက်ဖက်ကလေး တတို့တတို့'နဲ့ စားစားနေတာ ကျွန်တော်ပါ။

## မန်ချက်(စ)တာက လက်ဖက်

မှတ်မှတ်ရရ ပြောစရာတစ်ခုကတော့ ဘဝတစ်ကွေ့မှာ ကြုံတွေ့ခဲ့ဖူးတာကတော့ ပညာတော်သင်အဖြစ် မန်ချက်(စ)တာ တက္ကသိုလ်ကို ကျွန်တော် ရောက်နေစဉ်က ပခုက္ကူမှ တူ၊ တူမတွေက လက်ဖက်နှင့် အကြော်စုံတစ်ထုပ် ပါဆယ်နှင့် ပို့လိုက်တာ စာတိုက်မှ ခေါ်ယူ စစ်ဆေးခဲ့ရပါ၍ DRYTEALEAVE; MOISTTEALEAVE ဟု တတ်သမျှ၊ မှတ်သမျှရှင်းပြပြီး ကျောင်းသားဖြစ်ကြောင်း ထောက်ခံစာ အပြည့်အစုံပြပါ မှ စားလိုက်ရပါတဲ့ လက်ဖက်တစ်ထုပ် ရခဲ့ဖူးကြောင်းပါ ခင်ဗျား။

## လက်ဖက်စားရင်း အတွေ့အကြုံရှင်း

လက်ဖက်စားရင်း အတွေ့အကြုံရှင်းဆိုတဲ့ ဆောင်းပါးကို အင်္ဂလန်ကနေပြီး ဆောင်းပါးပြန်ရေးခဲ့ပါသေးတယ် ခင်ဗျာ့။ မြန်မာပြည်မှ ရလိုက်တဲ့ လက်ဖက်ထုပ်ကလေးကို မြန်မြန်ကုန်မှာ စိုးလို့ တစ်တို့၊ တစ်တို့နဲ့ နည်းနည်းချင်းစားခဲ့ဖူးပါတဲ့ လက်ဖက်ဖြစ်ပါတယ်။ တစ်ဆောင်တည်း နေနိုင်ငံခြားသား သူငယ်ချင်းတွေကိုလည်း လက်ဖက်ကလေး ပြုပြုပြီး မြန်မာ့ရိုးရာစားစရာ တစ်ခုအဖြစ် ဂုဏ်ယူပြီး ပြောပြခဲ့ဖူးပါသေးတယ်။ သူတို့ စားကြပါဘူး။

ကဲ . . ကျွန်တော်အသည်းစွဲလက်ဖက်အကြောင်း ပြောနေမိတာကတော့ ယခု လက်ဖက်မကောင်းတဲ့ သတင်း ဟိုမှာပါ၊ ဒီမှာပါ၊ ဟိုမှာရေး၊ ဒီမှာရေးနေကြလို့ ကျွန်တော် လက်ဖက်ကြိုက်တတ်ကြောင်း ပြောနေရေးနေမိတာပါ။ ကျွန်တော်လက်ဖက်စားတယ်ဆိုတာဟာ တို့တိ၊ တို့တိ စားတာပါ။ တဝကြီး ပလုပ်ပလောင်း စားတဲ့ လက်ဖက် မဟုတ် ပါဘူး။ ကျွန်တော် တစ်ယောက်သာ မဟုတ်ပါဘဲ လက်ဖက်စားကြတဲ့ သူတွေဟာ တစ်တို့၊ နှစ်တို့လောက်သာ စားကြတာပါ။ တမြတ်တနိုး စားကြတာပါ။ တစ်ယောက်တည်း တဝတပြဲကြီး စားရတဲ့ အစားအစာမျိုး လည်း မဟုတ်ပါဘူး။ လက်ဖက်တစ်ခွက်ကို စုစုဝေးဝေး၊ ဝေငှစားကြ တာပါ။ အကြော်စုံနဲ့ သုပ်တဲ့ လက်ဖက်ဆိုခဲ့ပါရင်လည်း လက်ဖက်သား က နည်းသွားပြန်ပါတယ်။ ဒါကြောင့် ပြောသလောက် လက်ဖက်က ဒုက္ခ မပေးပါဘူး။

## ကျွန်တော် ယခု လက်ဖက်စားတုန်းပါ

ကျွန်တော် ကြိုက်တဲ့ လက်ဖက်အကြောင်း ပြောနေတာပါ။ ငယ်ငယ်ရွယ်ရွယ်ကတည်းက စားခဲ့တဲ့ လက်ဖက်ဟာ အခု ကျွန်တော် အသက် (၇၀) ကျော်၊ (၈၀) နားနီးနေတော့လည်း ကျွန်တော် လက်ဖက်စားနေတုန်းပါပဲ။ ယခု ဆောင်းပါးရေးနေတဲ့ ဘေးမှာလည်း လက်ဖက်လေးတစ်ခွက် မများလွန်း၊ မနည်းလွန်း ဆီရွှဲရွှဲလေးနဲ့ ရှိနေသေးတာ ပါ။ ကျွန်တော်တစ်ယောက်တည်း ဒီလို လက်ဖက်စွဲနေတာ မဟုတ်ပါဘူး။ မနည်းလွန်း၊ မများလွန်း လက်ဖက်စားနေကြသူတွေ မြန်မာပြည်မှာ အများကြီးရှိတာ အများက သိဖို့ ကောင်းပါတယ်။

## ပိုပြီးသိဖို့ ကောင်းတာက ဘာလဲ

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဗဟိုဌာန (FDA က Auramine) အန္တရာယ်ရှိတဲ့ ဆိုးဆေးတွေ လက်ဖက်ထဲပါနေတဲ့အကြောင်း ဆေးဘက်ဆိုင်ရာ ဥပဒေအကြောင်းအရ နိုင်ငံတော်အစိုးရ က ပြောလိုက်ပါပြီ။ ဆိုးဆေးနဲ့ လက်ဖက်ထုတ်လုပ်တဲ့ ကုမ္ပဏီနာမည်တွေနဲ့ ဖော်ပြပြောလိုက်ပါပြီ။

## ကဲ . . . ဘယ်သူ့မှာ တာဝန်ရှိသလဲ

တစ်နိုင်ငံလုံးရဲ့ ကျန်းမာရေးအတွက် ပြောနေတာပါ။ ကျွန်တော်တော့ ကျွန်တော်ကြိုက်တဲ့ လက်ဖက်ဆီဆမ်းကို ဆက်လက်ပြီး စားသွားဦးမှာပါ။ လက်ဖက်စားမရပ်ပါဘူး။ ကျွန်တော့လို လက်ဖက်ကို ကြိုက်လို့ စားနေတဲ့သူတွေ ဒုနဲ့ဒေး မြန်မာပြည်မှာ ရှိကြပါသေးတယ်။ သူတို့လည်း လက်ဖက်ကို နည်းနည်း . . . နည်းနည်းတော့ ဆက်စားနေကြဦးမှာပါ။ ဘယ်သူမှ လက်ဖက်စားရပ်ကြဦးမှာ မဟုတ်ပါဘူး။ ရောဂါတစ်ခု ဖြစ်လောက်သည်အထိ လွန်လွန်ကျူးကျူးတော့ လက်ဖက်မစားကြပါဘူး။

## လက်ဖက်စား မများကြဖို့

လက်ဖက်စားများပါလျှင် ရင်နည်းနည်းတုန်တယ်။ အိပ်လို့ မပျော်ဖြစ်တတ်ပါတယ်။ လက်ဖက်စားရပ်လိုက်လျှင် ပြန်ကောင်းသွားပါတယ်။ ဒါလေးတော့ သိဖို့လိုပါမယ်။ သဘာဝကို လွန်ဆန်ပြီး လွန်လွန်ကျူးကျူး စားကြမယ်၊ သောက်ကြမယ်ဆိုလျှင် ဘာစားစား၊ ဘာသောက်သောက် ရောဂါတစ်မျိုးမျိုးတော့ ခံစားရမည်မှာ မလွဲဧကန်အမှန်ဖြစ်ပါတယ်။ ဆိုလိုသည်မှာ ဆေးလိပ်သောက်သောက်၊ အရက်သောက်သောက်၊ လက်ဖက်စားစား တရားလွန်လုပ်လျှင် ရောဂါတော့ရမည်ဖြစ်ပါတယ်။ ရောဂါမရရန် မလွန်ကျူးဖို့က အဓိကပါပဲ။ ကဲ . . . ဆရာတို့ရေ လက်ဖက်နှင့်ပတ်သက်လို့ စဉ်းစား၍သာလုပ်ကြပါခင်ဗျာ။

***ဒေါက်တာ အောင်ခင်ဆင့်***

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မဟာလေးထပ်ကျောင်းမှ သစ်စည်ထိုးသံသည် နားစည်သို့ တုန်ခါရိုက်ခတ်လာသည်နှင့် သူ သတိရမြဲ ဖြစ်နေလေ့ ရှိသည်။ ဤအလေ့အကျင့်သည်ပင်လျှင် စိတ်ဓာတ်နှင့် ရုပ်ခန္ဓာကို ပြုစုမျိုးထောင်ပေးနေသည်ဟု ယုံကြည်နေခဲ့သည်။ အရုဏ်မပျိုးမီမှစတင်၍ အလင်းစက်ကလေးများ ယိုဖိတ်လာသည့် အချိန်အတွင်း မျက်နှာသစ် ဘုရားရှိခိုး မေတ္တာပို့အမျှဝေ၊ ရေအိမ်တက်၊ ပြီးလျှင် လမ်းလျှောက်ထွက်၊ နေ့စဉ်လုပ်နေကျအလုပ်ကို တစ်ရက်မပျက် လုပ်ကိုင်လာခဲ့သည်မှာ ပင်စင်ယူပြီး သည့်နောက်ပိုင်း အသက် ခုနစ်ဆယ်နား ကပ်လာခဲ့ပြီ။ လမ်းလျှောက်မထွက်မီ အတူအိပ် သည့်မြေးကလေးအား စာကျက်ရန် နှိုးထားခဲ့သေးသည်။ မြို့တစ်ပတ် လမ်းလျှောက်ပြန်လာပြီးလျှင် မြေးဖြစ်သူသည် ကျက်၍ ရထားပြီးဖြစ်သော စာတစ်ပုဒ်အား သွက်လက်ချက်ချာစွာ ပြန်လည်ရွတ်ပြသည်နှင့် သူသည် ပြုံးရွှင်စွာ ကြည့်နေတော့သည်။ လမ်းလျှောက်ထွက်သည့် အလေ့အကျင့်ကို လွန်ခဲ့သည့် ငါးနှစ်ကျော်ကမှ စတင်လုပ်ဖြစ်ခဲ့သည်။ မလုပ်လို့လည်း မရ။ လူစည်ကားသည့် ဈေးကြီးနားတွင် ဘူတာဖက်မှ ခရီးသည်ကြို မြင်းလှည်းတစ်စီးနှင့် လမ်းအချိုးအကွေ့တွင် တိုက်မိခဲ့ရာ ခြေထောက်အရိုး အက်ခဲ့ရဖူးသည်။ အရိုးဆက်ဆရာဝန်နှင့် အချိန်တော်ကြာ ကုသမှ ပျောက်ကင်းသွားသော်လည်း မကြာခဏ ကိုက်ခဲနာကျင်တတ်ပြန်ရာ သူသည် လမ်းလျှောက်အလေ့အကျင့်ဖြင့် အနာကုထုံးနည်းကို သုံးတတ်လာခဲ့သည်။ လက်ထဲတွင်တော့ တုတ်ကောက်တစ်ချောင်း ဆောင်ရမြဲဖြစ်သည်။

လမ်းလျှောက်မထွက်မီ ရေနွေးအိုးတည်ရန် မီးမွှေးနေသော သမီးက "အဖေလမ်းဘေးက သွားနော်"ဟူသည် သတိပေးစကားမှာ မနက်တိုင်းလိုလိုပင် သမီး၏ သတိပေးစကားလေးကို သူ သဘောကျ၍ အကြိမ်ကြိမ်ပင် ပြုံးခဲ့ဖူးသည်။ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိခြင်းကို အမှောင်စွက်နေသေးသည့် အရုဏ်တွင် မည်သူမျှ မမြင်နိုင်သည်ကိုလည်း သဘောကျနေတတ်သည်။ ဟုတ်တယ်လေ . . . သမီးပြောသလိုပါပဲ၊ အဖေ့ဘဝအပိုင်းအစတွေဟာ လမ်းဘေးရောက်ခဲ့ရတာပဲ မဟုတ်လား။ လမ်းဘေးရောက်သွားတော့လည်း အန္တရာယ်ကင်းသွားတာပေါ့ဟု ဖြေသိမ့်စိတ်နှင့် ပြောတတ်ခဲ့သည်။ အတတ်ပညာဆိုင်ရာ အသိပညာဆိုင်ရာတွေကို ပါဝင်ဖက်စွက်လာသည့် အခါ ပေါက်ကွဲလုမတတ် မီးတောင်လို လှုပ်ရှားရိုက်ခတ်ပွက်ထခဲ့ဖူးသည်။ သို့သော် မီးတောင်ထက်မှာ တန်ခိုးအင်အားပြင်းထန် သည့်စက္ကူတစ်ရွက်၏ အကျိုးသက်ရောက် မှုမှာ မီးငြိမ်းတောင်ဘဝလို လှုပ်ရှားမှုကင်းကာ သက်ငြိမ်ပန်းချီကားကလေး တစ်ချပ်အဖြစ် ရောက်ရှိခဲ့ရသည်ချည်းပင်။

နံနက်အရုဏ်ဦး အလင်းစက်တို့မှာ မြစ်ဖက်မှ တိုက်ခတ်လာသည့် သန့်စင်သောလေနှင့်အတူ သူ့မျက်နှာသို့ လာရောက်တို့ထိပွတ်ခတ်နေခဲ့သည်။ အိမ်ကလေးမှ စတင်ထွက်မိသည်နှင့် မဟာလေးထပ်ကျောင်းကြီးသို့ ဦးတိုက်ရမြဲ ဖြစ်သည်။ လေအနှောဝယ် ဆည်းလည်းသံလေးများ၏ ဂီတသံစဉ်သည် စည်းချက်ညီညီ ရိုက်ခတ်နေခဲ့သည်။ စိတ်အာရုံတွင်လည်း မာန်လည်ဆရာတော်ဘုရားကြီး၏ ရုပ်လက္ခဏာတော်သည် ထင်ရှားပေါ်ထင်လာခဲ့သည်။ စာပေအလင်္ကာ လောကီလောကုတ်သိမ်းနှုတ်တွင်ကျယ်တော်မူခဲ့သည့် ရှေးကျောင်းတိုက်ကြီးပေပဲလေ။ စေတီမြတ်ကြီး တည်ထားတော်မူခဲ့သည်မှာလည်း နှစ်တစ်ရာပြည့်ကျော်ခဲ့ပြီ။ ဆန်းကြယ်သော စိတ်ကူးစိတ်သန်းများဖြင့် အနုလက်ရာ ပြောင်မြောက်စွာ ထုဆစ်မွမ်းပြောက် တည်ဆောက်ခဲ့သည်။ **'စိတ်ကူးဆန်းကြယ်လျှင် အကျိုးပေး ဆန်းကြယ် တယ်၊ အကျိုးပေး ဆန်းကြယ်လျှင် ကံဆန်းကြယ်တယ်၊ ကံဆန်းကြယ်လျှင် လူတန်းဝင်တယ်ကွဲ့'** မြင်ကျောင်းဆရာတော်ဘုရား ကြီးမိန့်ခဲ့ဖူးသော စကားကို သူ အမှတ်ရနေ ခဲ့သည်။ သွားနှင့်ကြပ်ဖြစ်သည့် ဆရာတော်ဘုရားကြီးများသည် လောကုတ္တရာနယ်တွင် သူ့တာဝန်နှင့်သူ ကျေပွန်စွာ ဓမ္မအလုပ်ကို ဆောင်ရွက်တော်မူခဲ့ကြသည်။ စိတ်ထဲမှ သာဓုအကြိမ်ကြိမ် ခေါ်ဖြစ်ခဲ့သည်။ လမ်းအကွေ့ကို ချိုးလိုက်မိသည်နှင့် ကမ်းနားလမ်းမြင်ကွင်းကို အရုဏ်စုတ်ချက်ဖြင့် ပက်ကြဲထားသည့် ပန်းချီကားလေးပမာ ရှုမြင်ခံစားရသည်။ မြစ်အရှေ့ဖက်ကမ်းမှ လှူးလာတုံ့ခတ်ကူးလာကြသည့် ကုန်စိမ်းလှေ၊ တံငါလှေတို့သည် မြစ်ပြင်ထက်ဝယ် လှုပနေကြသည်။ နံနက်ဈေးကြီးအမီ ရောင်းဝယ်ဖောက်ကားကြမည်။ ဆယ့်နှစ်နာရီ တစ်ချက်ပြန်ကြမည်။ အရှေ့ဖက်မှာ ရေလယ်ကျွန်း၊ ပုလွေရှည်၊ ပိုးဖာကုန်း၊ ရွာသစ် စသည့်ကျေးလက်လေ့တို့မှာ နိစ္စဓူဝ ဖြတ်သန်းကြမြဲ။ လှပသည့် အရုဏ်ဝယ် ရေကင်းဂီတဖြင့် ကကြိုးဆင်ကြမြဲ။ တစ်ခါတရံတော့လည်း လှုပ်ရှားရုန်းကန်နေကြသည့် သူတို့ဘဝတွေကို မိမိကသာ ကြည်နူးစွာ ခံစားတတ်သည့် ပန်းချီကားလေးတစ်ချပ်သာသာ တွေးမြင်မိနေသည်ကို သူသည် နောင်တရမိလေသည်။ ဒီဆိပ်ကမ်းကလေး၏ အတိတ်မြင်ကွင်းကို သူ ငေးမောကြည့်ရှုတတ်ပြန်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်က စစ်ဆုတ်သည့်မြင်ကွင်း။ စက်ရှိန်းသည့် အင်္ဂလိပ် အရာရှိအရာခံ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များ။ မိသားစုများ။ ယောက်ျားမိန်းမ၊ သက်ကြီးရွယ်အို၊ ကလေး သူငယ်လူတွေ လူတွေ၊ စစ်ပြေးဒုက္ခသည် တွေ၊ စစ်သင်္ဘော၊ စာပို့သင်္ဘော၊ ကုန်သင်္ဘော၊ သင်္ဘောတွေ အစင်းရာချီ ဆန်တက်လာကြသည်။ သည်မြို့ကလေးမှတစ်ဆင့် အနောက်ဖက် အင်းတော်၊ ဗန်းမောက်၊ ပင်လယ်ဘူး၊ တမူး အိန္ဒိယထိ ဆုတ်သွားကြတဲ့ စစ်ပြေးဒုက္ခသည်တွေ၊ အင်း . . . မလိုက်နိုင်ကြတဲ့ သက်ကြီးရွယ်အို လူမမယ် ကလေးရွယ်တွေကိုတော့ သင်္ဘောတွေနဲ့အတူ နစ်မြုပ်ဖောက်ခွဲရေထဲမှာလေ။ စစ်ရဲ့ အနိဋ္ဌာရုံ မြင်ကွင်းတွေကို ယနေ့ထိ မြင်နေရသေး။ သူမြစ်ပြင်ကို လှမ်းကြည့်လိုက်ပြန်သည်။ ယနေ့လည်း ရေအောက်ထဲမှာ နှစ်ပေါင်းများစွာ နှစ်မြှုပ်ခံထားရသည့် သင်္ဘောတွေကို တူးဖော်ဖြတ်တောက် ခွဲစိတ်ပြီး ရေငုတ်စားသူတွေရဲ့ လှုပ်ရှားမှုကို နေ့စဉ်တွေ့မြင်နေရတတ်သည်။ ဆိပ်ကမ်းတွင် သူနေရာနှင့်သူ သင်္ဘောပျက်သံထည် အပိုင်းအစများ အရောင်းအဝယ်ဖြစ်ကာ လူစည်ကားနေတတ်သည်။ စည်ကားသည့် လူအုပ်ထဲတွင်ပင်ကိုယ်ရောင် ဖျောက်ထားသည့် လူတချို့သည် အပေးအယူကိစ္စအတွက် မြင်းခုံမောက်မာနေကြသည်ကို မကြာခဏ တွေ့ရတတ်သည်။

ကူးတို့ဆိပ်ကလေးသို့ ရောက်သည်နှင့် ကုန်စိမ်းလှေ၊ တံငါလှေတို့၏ လှုပ်ရှား ညည်းတွားသံတို့ဖြင့် ဆူညံနေတတ်သည်။ မြို့ကလေးနှင့် အရှေ့ဘက်ကမ်းနယ်မှ ကျေးလက်များ၊ ရွှေလီကမ်းရိုးဘက်မှ ကျေးလက်များ ဆက်သွယ်ကူးခပ် ပို့ဆောင်ပေးနေသည့် နေရာကလေးဖြစ်သည်။ ဤမြို့ကလေး၏ ကျောထောက်နောက်ခံမှာ အရှေ့ဘက် ရွှေလီဒေသနယ်မြေပင် ဖြစ်သည်။ အဓိက ထွက်ကုန်မှာ မြေပဲဖြစ်သည်။ ဟင်းသီးဟင်းရွက် ကုန်စိမ်းမျိုးစုံတို့ ရောင်းဝယ်ဖောက်ကားမှုဖြင့် တစ်နေကုန် စည်ကားနေတတ်သည်။ သည်နေရာကလေးတွင် ကျေးလက်လူများကို ညှို့ငင်ဖမ်းစားတတ်သည့် အရက်ပုံးဆိုင်ကလေးတွေ၊ ထန်းရည်ဆိုင်တန်း ကလေးတွေနှင့်အတူ လိုတရကွမ်းယာဆိုင်ကလေးများအပြင် ခြောက်ကောင်ဂျင် တစ်ချပ်မှောက်သမား တို့ဖြင့် စည်ကားနေတတ်သည်။ ကူးတို့ဆိပ်ရုံးကလေး၏ဘေးတွင် အုတ်လှေခါးအဟောင်းတစ်ခုမှာ နှစ်ပေါင်းများစွာ တည်တံ့နေလျက် မြို့လူထု၏ ရေချိုးဆိပ်ကလေးအဖြစ် ရှိနေခဲ့သည်။ မြန်မာဘုရင်များလက်ထက်က မြို့သူကြီးအုပ်ချုပ်သော ဤမြို့ကလေး၏ ပြင်ပပြာသာဒ်မုခ်ဦးမှာ ဤအုတ်လှေခါးနေရာတွင် တည်ရှိခဲ့သည်ဟု သူ သိထားခဲ့သည်။ တိုထွန်း

www.burmeseclassic.com

www.burmeseclassic.com



က သည်ကူးတို့ဆိပ်ကလေးမှာ ရိုးသားစွာ စည်ကားခဲ့မည် ဖြစ်သော်လည်း ယခုကဲ့သို့ စည်ကားခြင်းကို သူ ရင်လေးစွာ ငေးမော ကြည့်ရှုနေမိသည်။ ကူးတို့ကူးစက်လှေကို တစ်ချက် လှမ်းကြည့်လိုက်သည်။ လှေပေါ်တွင် ဟိုရှာသည်ရှာ၊ ဟိုလှန်သည်လှန်နှင့် ဟိန်းဟောက်သံ၊ လှသံသူသံတို့ဖြင့် ကူးတို့ဆိပ်ကလေးမှာ စည်ကားမြဲ ဖြစ်နေသည်ကို တွေ့ရတတ်သည်။

ကူးတို့ဆိပ်ကလေးကို လွန်လာခဲ့သည် နှင့် မြစေတီဘုရားကို ဖူးတွေ့ရသည်။ မြစေတီ ကို အလောင်းစည်းသူမင်း တည်ခဲ့သည်ဟု အဆိုရှိသော်လည်း သူ့အဘိုးအဘွားတို့ ပြောခဲ့ဖူးသည့်စကားကို အမှတ်ရနေခဲ့သည်။ မြန်မာမင်းလက်ထက်က ကချင်အရေးတော်ပုံကြောင့် ဖျက်ဆီးခံရသည့်အကြောင်း၊ ထိုအပျက်အစီးဘုရားများကို မြို့သူကြီးဖြစ်သူက ပြန်လည်ပြုပြင်ခဲ့ကြောင်း ပြောပြခဲ့သည်။ သူ့လက်ထက်တွင် ဘားမားဂေဇက်တီးယား သတင်းစာ၌ ဖတ်ခဲ့ဖူးသည်ကို အမှတ်ရနေခဲ့သည်။ ဗန်းမော်နှင့် ဤမြို့ကလေးမှာ နောက်ပိုင်း ဖြစ်ထွန်းလာသည့် တရုတ်ပစ္စည်း အရောင်းအဝယ်ကြောင့် ပိုမိုစည်ကားလာခဲ့ရသည်။ အရောင်းအဝယ်ဖွံ့ဖြိုးလာသည်နှင့်အမျှ အပေးအယူ၊ အဆွဲအငင်၊ အတင်အချ ခွဲဝေစားသုံးရမှု ကိန်းဂဏန်းတို့သည် ဤဆိပ်ကမ်းကလေးတွင် ပျော်မြူးနေတတ်ပြန်သည်။ အသိမ်းအဆည်း၊ အသိအဝှက်၊ အခက်အခဲများကြောင့် ဘဝပျက်ခဲ့ရသည့် လှိုင်းပုတ်သံတို့မှာ ဤဆိပ်ကမ်းကလေးတွင် ဆူညံနေတတ်ပြန်သည်။ သာယာသော ဆိပ်ကမ်းမြို့ကလေးဟု ကမ္ပည်းတင်ခဲ့ရဖူးသည့် ဤကမ်းနားကလေးမှာ ယခင်က ကုက္ကိုလ်ပင်တန်းကြီးများနှင့် အုပ်ဆိုင်းညို့မှိုင်းကာ မြစ်လေအေးတို့နှင့် နေချင့်စဖွယ် ဖြစ်နေခဲ့ဖူးသည်။ ယခုမူ ပင်အိုပင်တန်းတို့ကို ခုတ်ဖြတ်လွှင့်မျောကာ သုတ်သင်ရှင်းလင်းခဲ့သည်။ သစ်မြစ်သည် ရေတိုက်စားမှုကို ကာကွယ်သည်ဟူသော စကားနှင့်အတူ ကမ်းနားသစ်ပင်ဟူသည့် အဓိပ္ပာယ်တို့ကို နှိုင်းယှဉ်စဉ်းစားမိခဲ့သည်။ ယခင်ကမူ နေ့လယ်တွင်ပါ လေညင်းခံထွက်ကြသူတွေနှင့် ပြည့်နေလေ့ရှိသော ဤနေရာလေးမှာ အရိပ်အာဝါသကင်းမဲ့လျက် ပျင်းရိငြီးငွေ့ဖွယ် ဖြစ်နေခဲ့သည်။ ယခုတွင်မူ ညနေဆည်းဆာရိပ်အကျကို မျှော်လင့်တကြီး စောင့်ဆိုင်းကာ မျှော်လင့်တကြီး အမှောင်လက်တန်တို့ ဖြန့်ကားလာလေလေ ကမ်းနားလမ်းကလေးမှာ မြစ်လေးကို ရှူရှိုက်ရင်း အိပ်မောကျကာ နေတတ်တော့သည်။

မြို့ကလေး၏ ကျက်သရေဆောင် ဆိုင်းဘုတ်ကြီးဖြင့် တင့်တယ်လှသော သင်္ဘောကြီးများ ဆိုက်ကပ်ထွက်ခွာရာ ဤဆိပ်ခံနေရာမှာ ခရီးသည်များ၊ အလုပ်သမားများ၊ ကုန်တင်ကုန်ချသံများ၊ ဈေးသည်များနှင့် ပြည့်နှက်နေတတ်သည်။ သင်္ဘောပေါ်တွင် ပြည့်သိပ်ကြပ်ညှပ်လျက် လိုက်ပါကြသည့် ခရီးသည်တို့မှာ ဆူညံပွက်ထလျက် ရှိနေတတ်သည်။ ယခင်က ခရီးသွားရသည့်အကြောင်းနှင့် ယခုခရီးသွားရသည့် အကြောင်း တူညီခြင်း မရှိသည်၊ ရှိသည်ကို ဝေဖန် စဉ်းစားမိခဲ့ဖူးသည်။ အရာထင်လောက်သည့် အချက်အလက်တို့ ထွက်ပေါ်လာခဲ့သော်လည်း မဆုပ်ကိုင်နိုင်သည့် ဒြပ်မဲ့ပစ္စည်းတစ်ခုပမာ လွင့်ပါးသွားခဲ့သည်။ သင်္ဘောဆိပ်လမ်းကြားကလေးထဲသို့ အရွယ်ကောင်း ကလေးငယ်တစ်ယောက် ရုတ်တရက် ပြေးဝင်သွားသည်ကို နောက်မှ ဆူညံစွာ လိုက်သွားကြသည့် လူအုပ်မှာ သင်္ဘောအချက်ပေးသံကြား သည်နှင့် ခြေလှမ်းများ တုံ့ဆိုင်းလျက် ပြန်လှည့်လာကြသည်။

ကမ်းနားလမ်းလေးမှာ မြောက်ဘက်သို့ သွယ်တန်းနေရာမှ အနောက်သို့ ကွေ့ချိုးလျက် ဝှေ့တိုက်သွားခဲ့သည်။ ဤနေရာကလေး၏ ချစ်စရာ မြင်ကွင်းမှာ မြို့ကလေး၏ အဓိက ထွက်ကုန်ဖြစ်သော ငါးချဉ်လုပ်ရာနေရာကလေးပင် မြစ်ဆိပ်တွင် ငါးဆောကြသည့် မိန်းမပျိုကလေးများနှင့် စည်ကားနေတတ်သည်။ လမ်းသွယ်လမ်းကြားနှင့် အိမ်ဥပစာနေရာများတွင် ငါးချေးဖောက်နေသည့် ကလေးလူကြီး၊ ယောကျ်ားမိန်းမတတွေမှာ သီချင်းသံတညီးညီးဖြင့် ဝမ်းမီးလောင်စာ ဖြည့်ဆည်းသောအုပ်ကို တကုပ်ကုပ်လုပ်နေတတ်ကြသည်။ ပုဂံခေတ်တောင်တန်းဒေသ ကင်းမြို့များတည်ခဲ့ရာ ဤမြို့ကလေးမှာ ကင်းမြို့အပါအဝင်ဖြစ်ခဲ့ရာ ဤနေရာကလေးကို 'ကင်းမော်ဦး'ဟု တွင်ရစ်ထားခဲ့သည်။ ရာဇဝင်ကြောင်းအရ ပါဝင်ပတ်သက်ခဲ့ဖူးသည့် ထိုနေရာကလေးမှာ ယခုတွင်မူ ငါးချဉ်ဆေးရာ၊ ငါးချေးဖောက်ရာ၊ ငါးချဉ်ထောင်းရာ နေရာကလေးအဖြစ် ပြောင်းလဲခဲ့ရပြီကို သူတွေးနေမိသည်။ အတန်ကြာလျှောက်လာမိခဲ့သည်နှင့် နီညိုရောင် အဆောက်အအုံတစ်ခုကို မြင်တွေ့ရသည်။ ဆန်စပါးနှင့် ပတ်သက်၍လည်းကောင်း၊ ကြွေးကြော်လွှံ့ဆော်ထားသည့် ကြီးမားသော ပိုစတာဆိုင်းဘုတ်ကြီးကို ဖျတ်ခနဲကြည့်မိသည်။

ဤအဆောက်အဦသည် စစ်ကြီးအတွင်းက ဂျပန်ကင်ပေတိုင်ရုံးအဖြစ် တည်ရှိခဲ့သည်ကို အမှတ်ရနေမိသည်။ ထိုစဉ်က သူသည်လည်း ကင်ပေတိုင်ရုံးသို့ ရောက်ခဲ့ဖူးသည်။ နာမည်တူလူများ၍ ဖမ်းဆီးခေါ်ဆောင် နှိပ်စက်ခံရဖူးသည်။ နောက်နှစ်ရက်ကြာမှ လွတ်လာခဲ့သည်။ သည်နေရာ၊ သည် အဆောက်အအုံကို ယနေ့ထိ အခဲမကျေဖြစ်နေ ဆဲပင်။ အဆောက်အအုံအား ကပ်လျက်လမ်းသည် ယခင်က မြေစာရင်းအဆောက်အအုံများ၊ ငွေတိုက်များရှိရာ နေရာဟောင်းဖြစ်ခဲ့ပြီး ပသီစစ်တပ်ဝင်း၊ ဂေါ်ရခါးစစ်တပ်ဝင်းနှင့် ဟိန္ဒူစစ်တပ်ဝင်းတို့ တည်ရှိခဲ့သည့်နေရာဖြစ်သည်။ ထို့ကြောင့်လည်း ဤနေရာကို စစ်ဝင်းဆိပ်ဟု ခေါ်တွင်ခဲ့သည်။ သူ မှတ်မှတ်ရရ ဖြစ်နေခဲ့သည့် သမိုင်းဝင်ဖြစ်ရပ်ကလေး တစ်ခုမှာ ဤစစ်ဝင်းဆိပ်နေရာ ဆိပ်ကမ်းကလေး၌ ဗိုလ်ချုပ်မကျဆုံးမီ (၄)လအလိုတွင်လာရောက်သွားခဲ့သည်။ လာပုံလာနည်း၊ ကြိုပုံကြိုနည်းမှာ ထူးထူးခြားခြား ဖြစ်နေခဲ့သည်။ ဗန်းမော်မှအပြန် မော်တော် အတက်ဆင်းတွင် စစ်ဝတ်စစ်စားနှင့် စာအုပ်နီကြီးတစ်အုပ် ဖတ်လျက်ထိုင်ကာ ရှုတည်တည် လိုက်ပါလာခဲ့ပုံ၊ မော်တော်ဦးပိုင်း ကွက်လပ်တွင် မိုးတားရွာကလေးမှ ဧည့်ခံကြိုဆိုရေးအဖွဲ့၏ ရွာစားတောင်လုံးကျော်ဆိုင်းအဖွဲ့၊ သွားခေါ်မ မကြည်မြိုင်၏ 'ဗိမ်'သီချင်းနှင့် အကပါလာသည့်ပုံ . . ပြည်သူ့ရဲဘော်ရဲမေများ . . . မြို့ဝန်၊ ဝန်ထောက်နှင့် အုပ်ချုပ်ရေးအဖွဲ့များ ကြိုဆိုနေကြသော မြို့ခံလူထုများ . . . စသည့် လှုပ်ရှားပုံရိပ်တို့ကို အောက်မေ့တမ်းတမိခဲ့သည်။ ဤနေရာကလေးသည် မမေ့နိုင်သည့် သမိုင်းဝင် နေရာကလေးပင်။ ဂိတနှင့် မရင်းနှီးသော ဗိုလ်ချုပ်အား ဤမြို့ကလေးမှ ထူးခြားစွာ ကြိုဆိုခဲ့သည်ကို တွေးမိရင်း သူ ပြုံးမိလေ၏။

နှစ်ပေါင်း ရာချီတိုင်အောင် တည်ရှိနေခဲ့သည့် ညောင်ပင်အိုကြီးမှာ ယခုတော့ မရှိရှာတော့ပြီ။ ဒီညောင်ပင်အိုကြီးသာ အသက်ရှင်ရပ်တည်နေနိုင်ခွင့် ရှိဦးမည်ဆိုပါလျှင် စကားပြောတတ်မည် ဆိုပါလျှင် ပါတော်မူပြီးသည့်နောက် သက်ပန်းဆရာတော်ဘုရားကြီးဟု တစ်နိုင်ငံလုံး၏ သံဃသမဂ္ဂီအဖွဲ့တွင် နိုင်ငံရေးအရ လှုပ်ရှားဆောင်ရွက်ခဲ့သည့် ကိုယ်တော်တစ်ပါးသည် ဤညောင်ပင်ကြီး၏ခြေရင်းတွင် ဒဏ်ရာအလူးလူးဖြင့် ဒုက္ခရောက်ခဲ့ရပုံကို စတင် ရင်ဖွင့်ပေလိမ့်မည်ဟု သူ တွေးနေခဲ့သည်။ ထို့မှ ဤမှစ၍ မြို့ကလေး၏ ဖြတ်သန်းခဲ့ရသော သမိုင်းစာမျက်နှာများကို တတွတ်တွတ် ရွတ်ဆိုနေချိမ့်မည်။ ရှင်းလင်းသုတ်သင် ဖြိုဖျက်လိုက်သည့် ညောင်ပင်ကြီး၏ နေရာတွင် မြေသားကွက်လပ်ဖွေးဖွေးမှာ နှစ်အတန်ကြာသည်အထိ မြက်တစ်ပင်တလေမျှ မပေါက်ဘဲ ရှိနေခဲ့သည်ကို သူ နေ့စဉ်လမ်းလျှောက်ရင်း သတိထားမိခဲ့ဖူးသည်။ မြို့ကလေး၏ လမ်းမတော်လမ်းပေါ်တွင် သူ နေခဲ့ဖူးသည့် အထက်တန်းကျောင်းကြီး တည်ရှိသည်။ လူစည်ကားဆုံး လမ်းတစ်လမ်းပင်။ တိုးချဲ့ဆောင်များနှင့် [illegible]ရတင့်တယ်နေသည့် သူ့ကျောင်းကို လွမ်းဆွတ်နေခဲ့

www.burmeseclassic.com



သေးသည်။ ဤမြို့ကလေး၏ ကျောင်းထွက်များမှာ နိုင်ငံရေးအရ ထင်ရှားခဲ့သူများ ထွက်ပေါ်လာခဲ့သည့် အစဉ်အလာရှိသော ကျောင်းတစ်ကျောင်းပင်၊ တည်မြဲ ဖဆပလ ကိုကျော်ငြိမ်း၊ သမဂ္ဂကိုချစ်လှိုင်၊ ကျော်ဝင်းမောင်၊ ကိုတင်အောင်၊ သိပ္ပံမှူးတင် စသူတို့ကို အမှတ်ရနေခဲ့သည်။ ဆရာကြီး ဦးညွန့်၏ သင်ကြားမှုအောက်တွင် ထူးချွန်ခဲ့ကြသူများပင်။

လမ်းမတော်ပေါ်တွင် အထက်တန်းကျောင်း မျက်နှာချင်းဆိုင်တွင် မူလတန်း ကျောင်း ရဲစခန်း မိုးလုံလေလုံ အားကစားကွင်း အား/ကာ တိုက်တန်းဈေးဆိုင်များ ပြည်သူ့ဈေး မီးသတ် အလယ်တန်းကျောင်း နောက် ညဈေး နေ့ဈေး လူစည်ကားသည့်နေရာ၊ လက်ဖက်ရည်ဆိုင်များ။ သူ မြင်းလှည်းတိုက်ခံရသည့် နေရာ၊ မိုးလင်းသည်နှင့် လှုပ်ရှားသွားလာသည့် လူထုတွေ၊ အစိမ်း အနီ အပြာ အဝါ အဖြူ ရောင်စုံ လှုပ်ရှားမှုတွေ၊ ဆူညံလှုပ်ခတ်လျက် မမောနိုင်၊ မပန်းနိုင် ဟိုယခင်ကနဲ့ မတူတာ တော့ အမှန်ပဲလေ။

မြို့တစ်ပတ် လမ်းလျှောက်ထွက်သည့်အခါ ဒီလက်ဖက်ရည်ဆိုင်ကလေးတွင် သူ နေထိုင်နေကြ ခြေလှမ်းများစွာ၊ အတွေးများစွာကို အဆုံးသတ်ရင်း သူ လေးပင်စွာ ထိုင်လိုက်သည်၊ အမောဖြေရင်း လက်ဖက်ရည် တစ်ကျိုက်သောက်လိုက်သည်။ တစ်ခါတရံ ငယ်သူငယ်ချင်း၊ မိတ်ဆွေတွေနှင့် ဆုံတတ်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။ ဤမြို့ကလေး၏အကြောင်းကို မှတ်သားလာခဲ့သူသည် မိမိပင် ဖြစ်ကြောင်း အရယ်အရွှမ်း အသောအထေ့ဖြစ် မိတ်ဆွေများက ချီးကျူးကြသည်။ သူ စကားတစ်ခွန်း ပြောဖြစ်သည်။ ''ကိုယ့်မြို့ ကိုယ့်ဇာတိရဲ့ သမိုင်းကြောင်းကိုမှ မသိရင် ကိုယ့်မြို့ တိုးတက်ရာတိုးတက်ကြောင်းကို ဘယ်လိုလုပ်နိုင်ပါ့မလဲ မောင်ရင်တို့ရာ'' သူ ကြုံတွေ့ခဲ့ဖူးသည့် စကားဝိုင်းလေးတစ်ခု အကြောင်းကို ဖောက်သည်ချမိသည်။

စကားဝိုင်းလေးမှာ အသောအထေ့များ နှင့် စည်ကားနေခဲ့သည်။ လူတစ်ယောက်က ထပြောသည်။ ဒီမြို့မှာ အရေးပါအရာရောက်တဲ့ ရာထူးဌာနဆိုင်ရာတွေမှာ ကျုပ်တို့မြို့က ပုဂ္ဂိုလ်တွေချည်းပဲဗျ… စသဖြင့် သူ့မြို့သားအကြောင်းတွေကို တလေးတစား ဂုဏ်ယူပြောနေခဲ့သည်။ ဤတွင် သူ ပြောရတော့မည်၊ မပြော၍ မဖြစ် ပြောမှသိမည့်အဖြစ် သူ ပြန်ပြောမိခဲ့သည်။ ဟုတ်ပါတယ်။ အရေးပါ အရာရောက်တဲ့ လူကြီးမင်းတွေဟာ ခင်ဗျားတို့ မြို့သားတွေပါပဲ။ ဒါပေမဲ့ ဟိုတလောက လူသတ်မှုနဲ့ မုဒိမ်းမှုကလည်း အဲသည့်အရပ်သားတစ်ယောက် ဖြစ်နေသလို ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချနဲ့ တွန်းလှည်းတွန်းနေကြတဲ့လူတွေကလည်း ခင်ဗျားတို့နယ်ကတွေပဲ မဟုတ်လားဗျာ။ ဟိုတလောက လာဘ်စားမှုနဲ့ ပြုတ်သွားတဲ့ ကြားလူတစ်ယောက်က ဝင်တားသည်။ စကားပြတ်သွားကြသည်။ လက်ဖက်ရည်စားပွဲဝိုင်းလေးတွင် လူစည်ကားနေခဲ့သည်။ ထိုအကြောင်းရာကို ပြန်လည် ဖောက်သည်ချမိသည့် သူ့ကို အားလုံး ထောက်ခံစကားပြောကြသည်။ ထိုစဉ် လူငယ်တစ်ယောက် သူတို့ဝိုင်းသို့ ဝင်လာသည်။ သူငယ်ချင်းဖြစ်သူနှင့် စကားတီးတိုး ပြောကြသည်။ ပြေလည်အောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ခေါင်းတညိတ်ညိတ်၊ နားစွန်နားဖျား ကြားမိသည်။ မော်တော်ကားနှင့်ပတ်သက်သည့်အကြောင်းအရာ၊ ရက်ချိန်း၊ ငွေကိစ္စ၊ သူ့သူငယ်ချင်းမှာ မော်တော်ကားပိုင်တစ်ယောက်၊ နောက်လူငယ်သည် မော်တော် ဆိပ်ရှိရာသို့ ဆက်သွားသည်ကို မြင်လိုက်ရသည်။ သူတို့ဝိုင်း လူစုခွဲ၍ပြန်ခဲ့သည်။

ရုတ်တရက် ကြားလိုက်ရသော သတင်းကြောင့် သူ ထိတ်လန့်တုန်လှုပ်သွားသည်။ သူ့ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်သူ သစ်တောရုံးစာရေးကြီး လုပ်ခဲ့သူ ကိုမောင်ကြီးတစ် ယောက် ကားတိုက်ခံရလို့ ကွယ်လွန်သွားပြီ ဆိုပါလား။ နေရာက သူဖြစ်ခဲ့ဖူးသည့် လူစည် ကားသည့်

ဈေးကြီးနားမှာ။ မည်သူ့အမှား ... ကတော့ သေခဲ့ပြီ။ သူသည် ... အသက် မသေခဲ့။ ဘုရားထရင်း ... က နှလုံးအိမ်ကိုပါ လိုက်ထလာသည်။ ... လေးကျောင်းသွားရင် လိုက်ပို့မှဖြစ်တော့မည်။ ကျောင်းကလည်း ဒီနေရာမှာ မကြာ ... လေ့ရှိသော လမ်းအန္တရာယ်များကြောင့် အသက်ဆုံးရှုံးမှု ခြေလက်အင်္ဂါပျက်စီးမှုတွေများလှခဲ့ပြီ။

နောက်တစ်နေ့ ကျောင်းသွားမည့်မြေးကလေးကို လက်တွဲကာ သူ ထွက်လာခဲ့သည်။ ကုန်သည်လမ်း ပလက်ဖောင်းပေါ်မှ လျှောက်သည်။ မနက်ဈေးအချိန်မို့ လူတွေ စည်ကားနေသည်။ မြေးလေးက သွားနေကြအတိုင်း လွတ်လွတ်လပ်လပ် သွားချင်ပုံရသည်။ သူ့လက်ထဲမှ လက်ကလေးကို ရုန်းဖယ် လှုပ်ခတ်လျက် ရွှင်မြူးခုန်ပေါက်နေသည်။ သူသည် မြေးလေး၏လက်ကို မလွတ်တမ်း ဆုပ်ကိုင်ထားသည်။ ကုန်သည်လမ်းမဘက်ကြီးမှ လမ်းမတော်တစ်ဖက်ရှိ ကျောင်းကလေးသို့ ကူးရမည်။ လမ်းဘေးဝဲယာနှင့် ပလက်ဖောင်းများတွင် လူတွေ လှုပ်ရှားသွားလာနေကြသည်။ မြင်းလှည်း၊ စက်ဘီး၊ မော်တော်ယာဉ် စသည်တို့ဖြင့် ရှုပ်ထွေးနေဆဲ သူ ဖြတ်ကူးရန် သတိထားလိုက်သည်။ ပလက်ဖောင်းဘေးရှိ တမာပင်ရိပ်ကလေးတွင် အသာထိုင်ကာ မြေးလေးလက်ကို ဆုပ်ကိုင်ရင်း လမ်းလယ်ကို စူးစူးစိုက်စိုက်ကြည့်သည်။ လမ်းတစ်ဖက် ခပ်လှမ်းလှမ်းတွင် စိုက်ထူထားသည့် ကျောင်းရှိသည် ဖြည်းဖြည်းမောင်းဟူသည့် ဆိုင်းဘုတ်အဝိုင်းကလေး ကပ်ထားသည့်တိုင်မှာ ယိမ်းယိုင်လဲပြိုမတတ်၊ စောင်းရွဲ့လို့ နေသည်ကို လှမ်းမြင်နေရသည်။ သူ့ရင်ထဲမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်မိသည်။ သူ တစ်ဖက်သို့ ကူးတော့မည်ဟု စဉ်းစားဆုံးဖြတ်ရင်းအထတွင် လမ်းမတော်လမ်းမကြီးအတိုင်း အပြေးမောင်းနှင်လာသည့် ဆိုင်ကယ်ပြာသုံးစီးနှင့် ဝတ်စုံဖြူဝတ် လူများသည် ပါးစပ်မှ ဝီစီသံတစီစီဖြင့် ရှေ့ဆင့်နောက်ဆင့်တွေ့နေရသည်။ အသာပြန်ထိုင်နေရသည်။ လမ်းမတစ်လျှောက် လူသူကင်းရှင်းသွားသည်။ ထို့နောက် မော်တော်ယာဉ်တန်းများ တစ်စီးပြီး တစ်စီး မောင်းနှင်သွားကြသည်။ ငါးမိနစ်ခန့် ကြာသွားမှ လမ်းမပေါ်တွင် လူသူများ ပြန်လည် စည်ကားလာသည်။ သူသည် မြေးလေး... လက်ထဲ ပွေ့ချီရင်း ပလက်ဖောင်းပေါ်တွင် ရပ်ကာ တဝီဝီ မှုတ်သွားသော ဆိုင်ကယ်... သုံးစီး၏ လှုပ်ရှားမှုကို မျှော်ကြည့်ရင်း ... ခဲ့လေသည်။

www.burmeseclassic.com



# နွေလယ်နေ၏ အရိုးစု

မျိုးသန့်

အခုတလော နီးယိုဂန္ထဝင် လေးလုံးစပ်ကဗျာ၊ မိုးဝေပေါ်စ ခေတ်ပေါ် ကဗျာရေးဟန်ကဗျာ၊ ခေတ်ပေါ်မော်ဒန်ရေးဟန်ကဗျာနဲ့ ခေတ်ပြိုင် စမ်းသပ်ရေးဟန်ကဗျာတွေ စုပေါင်းထားတဲ့ ကဗျာရေးသက် နှစ် ၄၀ နီးပါး ရှိလာပြီဖြစ်တဲ့ ဝါရင့်ကဗျာဆရာတစ်ဦးရဲ့ လုံးချင်းကဗျာစာအုပ်ကို ဖတ်ရပါတယ်။

'နွေလယ်နေ'ရဲ့ 'အရိုးစု' ကဗျာစာအုပ်ပဲ ဖြစ်ပါတယ်။ နိုဝင်ဘာ၊ ၂၀၁၃ မှာ ထုတ်ဝေပါတယ်။ နွေလယ်နေရဲ့ ရှုမဝကဗျာခေတ်က ဖော်ပြခဲ့တဲ့ 'ဆောင်းနှင်းဆီ'၊ မိုးဝေ ဒုတိယခေတ်မှာ ဖော်ပြခဲ့တဲ့ 'ဥဒေတယံ'၊ 'ဆိုနေကျသီချင်း' စတဲ့ လူသိများတဲ့ ကဗျာတွေကို ဖတ်ခဲ့ဖူးပါတယ်။

'နွေလယ်နေ'ဟာ မောင်လူမိုန်၊ မြေချစ်သူ၊ ခင်အောင်အေး၊ မောင်ဆေးရိုး စသူတွေလိုပဲ ကဗျာအရေးကျဲသူ ဖြစ်တယ်။ အခုတော့ သူ့ရဲ့ ကဗျာလုံးချင်းကို ဖတ်ရပါပြီ။

'ဆောင်းနှင်းဆီ'ကဗျာဟာ ကျစ်လျစ်လှပတဲ့ လေးလုံးစပ် ကဗျာတစ်ပုဒ်ပဲဖြစ်တယ်။

'ညဝတ်ခြုံ၍
လုံတော့ နှင်းဆီ . . . ။
အပြင်ဘက်မှာ
ရာသီနှင်းဆွတ်၊ မြူဝတ်ပိကျ၊
ညဟာ သွေးခဲ၊ အေးဆဲပ . . ။
. . . . .
နှင်းခါးပင့်ရိုက်၊ ဖြိုက်ဖြိုက်ကြွေဆင်း
သီးကင်းများစွာ၊ ပျက်ခဲ့ပါလည်း
ကျန်ဆဲသီးတင်း၊ အားတင်းခိုင်ခန့်
အရုဏ်ငံ့၍၊ ကြိုမလားကွယ် . . . ။
. . . . . . .
အို နှင်းဆီရယ်
ရာသီမုဆိုး၊ လေးကြိုးငင်ဖွဲ့
ညနဲ့မိတ်ပြု၊ ရက်စက်မှုအောက်
ဆောက်တည်ရာမဲ့၊ ဖြစ်ခဲ့သရွေ့
သင်အတွေ့လေ . .
နေနှင့်ဦးပ၊ တစ်စတစ်ပြန်
နက်ဖြန်မနက်၊ နှင်းခွဲလက်နဲ့
ရွှန်းပြက်ဝံ့စား၊ ပွင့်နိုင်အားစေ
ကြိုနေပ့ါမည် နှင်းဆီရေ ။ ။

***ရှုမဝ၊ ဒီဇင်ဘာ၊ ၁၉၅၃***
***(စာ- ၁၅-၁၈)***

ဒီကဗျာမှာ အမှောင်ခေတ်အောက်ကနေ ဖိနှိပ်မှုတွေကို ကြံ့ကြံ့ခံရင်း ပွင့်လင်းလာမယ့် အနာဂတ်ကို ရည်မျှော်အားတင်းထားတဲ့ အဲဒီကာလက ခေတ်ပြိုင်ခံစားမှုကို တွေ့နေရပါတယ်။ 'နှင်းဆီ'ဆိုတာ ရဲရင့်မှုရဲ့ သင်္ကေတပဲ မဟုတ်ပါလား။

အဲဒီကာလလောက်က ရှုမဝ၊ မိုးဝေ စတဲ့ မဂ္ဂဇင်းတွေမှာ တင်းကျပ်တဲ့ စိစစ်ရေးလက်အောက်မှာ ခေတ်ပြိုင်ခံစားမှုတွေကို သွယ်ဝိုက်ပြီး ဖွဲ့ဆိုခဲ့တဲ့ ကဗျာတွေကို မောင်သင်းခိုင်၊ မောင်သွေးသစ်၊ ကောက်နွယ်ကနောင်၊ မောင်အောင်ပွင့်၊ အောင်ချိမ့်၊ ဇော်၊ မောင်နွေထက်၊ မောင်သင်းယန်အောင်ဝေး . . . စတဲ့ ကဗျာရေးသူတွေဟာ ပြည်သူ့ဘက် က ရပ်တည်ပြီး ရေးဖွဲ့ခဲ့ကြတာဟာ လေးစားစရာပါပဲ။

မိုးဝေမဂ္ဂဇင်း ဒုတိယခေတ်မှာ ဖော်ပြခဲ့တဲ့ 'ဆိုနေကျသီချင်း'ဟာ အောက်ခြေမြို့ပြလူတန်းစားတွေရဲ့ ခေတ်ပြိုင်ခံစားမှုကို ပီပြင်စွာ ဖော်ပြနိုင်ခဲ့တဲ့ ကဗျာတစ်ပုဒ်ပဲ ဖြစ်ပါတယ်။ ဆရာမင်းလူညွန့်ကြူးက ချယ်ရီမဂ္ဂဇင်း 'ကဗျာအလှ ရှာတော်ပုံ' မှာ ခံစားဖွင့်ဆိုခဲ့ရတဲ့ ကဗျာပဲ ဖြစ်တယ်။

"စက်ရုံတံခါးဖွင့်ဖို့
သူတို့လိုပဲ ငါ လာခဲ့
မြို့တော်ရဲ့ သည်မှာဘက်ကိုလေ
(ထမင်းဘူးလေးကို ပိုက်လို့)
နေလုံးက အိပ်မှုံစုန်မွှား
အရှေ့ဖျားမှာ တွားတက်စ . . . .
. . . . . . . . .
. . . . . . . . .
ဘတ်(စ်)ကား မှတ်တိုင်မှီရပ်
ပါးစပ်ဟာဟ သမ်းဝေ
အိပ်တန်းကြောင် ငှက်ကလေးရေ
မင်း အိမ်ပြန်တော့မယ်လား
ငါတော့ အလုပ်သွားမကွဲ့
. . . . . . . . . .
မင်းနဲ့ ငါ မပါတဲ့
မြို့တော်ရဲ့ နွေလယ်ခင်းဟာ


www.burmeseclassic.com

www.burmeseclassic.com



သူဘာသူ စီးဆင်း
ဆိုနေကျ သီချင်းနဲ့
(တို့ကို တွေးမယ့်သူလည်း ကင်းရဲ့ မဟုတ်လား)
........
ရှေ့မှာ
မာကျူရီ မြို့တော်ည
ယိမ်းညို့ညို့ကလို့ ....
'ဆေးရောင်ခြယ်တိုက်မြင့် မျက်နှာစာများ
တန်ဖိုးကြီး အိတ်ဖောမှိုင်းငွေ့များ
အချက်ကျ နာရီစုတ်ထိုးသံများ
တုတ်ခိုင်ပါးလျ အသားစများ
ဖော့ဆို့၊ ဆိုဒါမြှုပ်၊ စီးကရက်ပြာတောင့်များ
ငါ့အား ပွတ်ရှမိစဉ်မှာ
ရေဆာခံတွင်း ခြောက်ကပ်မှုကြီးထွား
လေနဲ့ ထုထားတဲ့ လွယ်အိတ်
တရိပ်ရိပ်ပေါ့ရှုတ်ဆဲ
ဒူးများ ခွေညွှတ်လဲချင်ပေါ့ ...
ဟိုမှာဘက်
မြို့တော်ရဲ့ ဆင်ခြေဖုံးမှာ
ငါ့အတွက် ဖျာတစ်ချပ်ရှိတယ် ...
........
မောလျလျ ခန္ဓာအိမ်ကို
ညထဲမှာ စိမ်လိုလှပေါ့ ။ ။

*မိုးဝေ ဧပြီ၊ ၁၉၈၇*
*(စာ- ၄၄၊ ၄၅၊ ၄၆)*



ဒီကဗျာထဲက ပုံရိပ်တွေဟာ နှစ်အစိတ်ကျော် ဖြတ်သန်းခဲ့ပြီးပေမယ့် ယနေ့ထိ ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ ခရိုနီတွေက တရိပ်ရိပ်ကြီးထွားမြင့်တက်နေချိန်မှာ မြို့ပြအောက်ခြေ လူတန်းစားတွေနဲ့ လူလတ်တန်းစားအောက်အလွှာတွေကတော့ ဒီအတိုင်း ဒီအတိုင်းပါပဲလေ။ ဆိုနေကျ သီချင်းပါပဲ။

နွေဦးကဗျာမဂ္ဂဇင်း (၁၉၈၈) မှာ ဖော်ပြခဲ့တဲ့ 'လူအဒိပ်မက်' ကဗျာဟာ ဆောင်ပါးတစ်ပုဒ်မှာ ကျွန်တော် ရေးခဲ့သလိုပါပဲ မော်ဒန်ခေတ်မြိုင် ကာလကြီးထဲက မော်ဒန်လူသားတွေရဲ့ 'အေးစက်ခြောက်ကပ်နေတဲ့ အထီးကျန်မှု'ကို ဖော်ကျူးထားတဲ့ ကဗျာဖြစ်ပါတယ်။

'ကြာခဲ့ပေါ့
ညစ်ကျုတ်ကျုတ်လေထဲမှာ
အလိုမပြည့်ခြင်းများကို ရှိုက်သွင်း
အလိုမပြည့်ခြင်းများကို မှုတ်ထုတ်
နောက်တစ်ခါ အဆုတ်ထဲ ဝင်လာတာလည်း
အလိုမပြည့်ခြင်းများပါပဲ ...
.......
ခဏကလေးဖြစ်ဖြစ်
အချစ်၌ မွေ့လျော်လိုဘိ
အသိစိတ်၏ မှတ်သိပ်သံ
စွန်အပြတ်တစ်ကောင်လို လန့်သွားချေရဲ့ ....
သက်ပြင်းနဲ့မှုံးသော ညညများ
ဒေါသခါးခါး အန်ထွက်
နက်ဖြန်ကို သွေးတယားယားစောင့်ဆဲ
ဆန္ဒများလည်း ကြွက်တက်လို့ .... ''

*(စာ- ၄၁၊ ၄၂၊ ၄၃)*

ဒီကဗျာစာအုပ်မှာ သတိထားမိတာက မိသားစုနဲ့ မြေးအဘိုး သံယောဇဉ်ကို တောက်လောင်နေတဲ့ အလွမ်းမီးတွေနဲ့ ဖွဲ့ထားတဲ့ ကဗျာတွေ တော်တော်များများ တွေ့ရတာပါပဲ။ သမီးလေးရေ၊ ကမ္ဘာကြီးကမ္ဘာကျယ်၊ လေပူများ၊ ကျောချင်းကပ် မျက်နှာစာ၊ ရဲတိုက်ပြိုတဲ့ည၊ ရဟတ်ကလေးတွေ၊ တစ်ညသည်၌၊ ပစ်မှတ်၊ အဝေးပြေးရထား၊ ကံထူးရှင်၊ အနာဂတ်သို့ လမ်းလျှောက်ခြင်း ... စသည်ဖြင့် တော်တော်များပါတယ်။ ဒီကဗျာတွေမှာ သမီး၊ မြေးတွေနဲ့ ဝေးကွာနေတဲ့ အဘိုးတစ်ယောက်ရဲ့ သံယောဇဉ်အလွမ်းမီးတွေ တဟုန်းဟုန်းတောက်လောင်နေတာကို မြင်တွေ့နေရတယ်။ ခံစားမှုကို သတိက ပြန်မကာပ်နိုင်တော့ အစွန်းရောက်သွားတဲ့ သမုဒယမီးတွေကို တွေ့နေရတယ်။


'ရဟတ်ကလေးတွေ' ကဗျာမှာတော့ အဝေးရောက် မြေးနှစ် ယောက်အလွမ်းကို ဝရန်တာမှာ ချိတ်ထားတဲ့ 'ရဟတ်ကလေး' နှစ်ခုနဲ့ တင်စားနိမိတ်ပုံ ပြုကာ ဖွဲ့ထားတာကတော့ နှစ်သက်ဖွယ် ဖြစ်ပါတယ်။

''ပျော်လိုက်ကြတာ
ပန်ကာရဟတ်ကလေး တစ်ခုစီကိုင်
သူတို့ မထိုင်ကြတော့ဘူး
မျက်စိမှူးလောက်အောင် စုန်ဆန်ပြေး
...........
ဘြော် အခုတော့
ရဟတ်ကလေးနှစ်ခု အလည်မရပ်မီ
ဆေးရောင် မပြယ်မီမှာပဲ
ကျွန်တော်တို့နဲ့ ဝေးရာ
ဟိုးကမ္ဘာ တစ်ဘက်ခြမ်းဆီ
မြေးတို့ ထွက်ခွာသွားခဲ့ပြီ ...
.......

www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့လည်း အလုပ်ကအပြန်
မြေးတို့အသံ ညံနေခဲ့ဖူးတဲ့
ကျွန်တော့်ရဲ့ အထပ် ဝရန်တာလေးကို
လွမ်းလွမ်းဆွေးဆွေး မော့ကြည့်မိ . . . .
. . . . . .
''မြေးတို့ကို လွမ်းလွန်းလို့
သူတို့မက်တဲ့ ရဟတ်ကလေးတွေ
ဝရန်တာ သံပန်းမှာ
ထုတ်ချည်ထားလိုက်တာ'' . . . . တဲ့လေ။

*ရဟတ်ကလေးတွေ*
*(စာ– ၇၃၊ ၇၄၊ ၇၅၊ ၇၆)*

ဒါပေမဲ့ မိသားစု၊ မြေးသံယောဇဉ်လွမ်းချင်းတွေကို ကဗျာ အများအပြားမှာ ဖတ်ရတော့ အီသလို ရှိလာပါတယ်။ မိသားစု သံယောဇဉ်အဖွဲ့ကောင်းတဲ့ ခေတ်လယ်နှောင်း ကဗျာဆရာတစ်ဦးရဲ့ ကဗျာတွေနဲ့ ပတ်သက်ပြီး ခေတ်ပေါ်ကဗျာဆရာ လူငယ်တစ်ဦးက 'သိဂ်ီရဇ္ဇက်ဖိုကြီး' ဆိုပြီး ရေးသားခဲ့ဖူးတာကို သတိရမိတယ်။ အခုတော့ ကဗျာဆရာနှစ်ဦး စလုံး ကွယ်လွန်သွားကြရှာပါပြီ။

''ဒေဝတာ တစ်ပါးပါးက
ဘိုးဘိုးရဲ့ သေနတ်ထဲကို
'မင်းပစ်လိုရာ ထိအောင်ပစ်ကွာ'လို့
ကျည်တစ်တောင့် ထည့်ပေးလာတယ်
ဆိုပါတော့ . . .
. . . . . .
အရှေ့ပြားလျော့ရဲ့နဲ့
ဆံဖြူကျိုးကျဲ အုပ်ဆိုင်းထား
ဘိုးဘိုးရဲ့ ယာဖက်နားထင်
တစ်ချက်တည်းနဲ့ မှန်လောက်မယ် ထင်ပါရဲ့ . . .

*(ပစ်မှတ်– စာ–၈၀)*

သမုဒယတဏှာကြောင့် ဒုက္ခသစ္စာ ဖြစ်ရပါတယ်၊ ဒီဒုက္ခသစ္စာ ထဲကပဲ သမုဒယတွေကြောင့် ဒုက္ခသစ္စာဆက်ဖြစ်ရတယ်။ ဒါဟာ မဆုံး နိုင်တဲ့ သံသရာပါပဲ။ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ မမြင်နိုင်သေးသရွေ့ နိရောဓသစ္စာ ဆိုတဲ့ နိဗ္ဗာန်ကို ဘယ်တော့မှ မဆိုက်ရောက်နိုင်ပါ။ အနောက်တိုင်း အနုပညာလောကမှာ ဒုက္ခသစ္စာကို အစွမ်းကုန်ထွင်း ဖောက် မမြင်နိုင် သူတို့ မြင်သလောက် သဏ္ဍာယဒိဋ္ဌိနဲ့ ရှာဖွေခဲ့တာတွေ ကို အနုပညာ ဖန်တီးလို့ မဆုံးနိုင်ခဲ့ပြီ။ အခု ကျွန်တော်တို့ မြန်မာ ကဗျာလောက လူကြီးတန်း ကဗျာဆရာတချို့ဟာ သမုဒယနဲ့ ဒုက္ခပင် လယ် ကူးခတ်ခဲ့ကြတာ မောပန်းသံဝေ ဝင်ခဲ့ကြလို့လား မသိ၊ နိဗ္ဗိဒ ကဗျာတွေ ကြိုကြားရေးဖွဲ့လာကြပြီ။ ပရမတ္ထသစ္စာဆိုက်အောင် ရှာဖွေ နိုင်ကြပါစေ တိုက်တွန်းဆုတောင်းလိုက်ပါရဲ့။

နွေလယ်နေရဲ့ ၂၀၁၂–၁၃ ပိုင်း ကဗျာတွေမှာတော့ မိသား သံယောဇဉ်မီးဝိုင်းထဲက ခုန်ထွက်လာတဲ့ ခေတ်ပြိုင်ကမ္ဘာ၊ မြန်မာရေး ခံစားမှုတွေကို တွေ့ရတယ်။ ခေတ်ပြိုင်နိုင်ငံတကာ၊ မြန်မာ့ရေးရာတွေ အတူရေးဖွဲ့ပုံကလည်း မော်ဒန်ပင်မရေစီးကို အခြေခံပြီး စမ်းသပ်က တွေကို တွေ့လာရတယ်။

အရေးအကြောင်းရှိရင် ဒီနံပါတ်ကိုဆက်လိုက်၊
ရေအပြည့်နဲ့ ကားနီကြီးတွေ အဆင်သင့်
အရေးအကြောင်းရှိရင် ဒီနံပါတ်ကို ဆက်လိုက်၊
ကိုကျော်သူ ရှိတယ်
အရေးအကြောင်းရှိရင် ဒီနံပါတ်ကို ဆက်လိုက်၊
ညောင်ညာ ကိုက်ခဲနေသလား

*(အရေးအကြောင်းများ။ စာ–၈၂)*

သီးလေးသီး ပြွက်လုံးတွေ မပျော်ဘူး
ယနေ့ထုတ်သတင်းစာ မပျော်ဘူး
ရခိုင်က သွေးကွက်နဲ့ မီးခိုးလုံးတွေ မပျော်ဘူး
ရောဝတီက ရေဘောင်ဘင်နဲ့ စုံးစုံးမြုပ်လယ်ကွင်းတွေ မပျော်ဘူး
အွန်လိုင်းပေါ်မှာ မြေးငယ်ကပြတာ မပျော်ဘူး
ဒီမိုကရေစီ ပါကင်ထုပ် ဖြည်ကြည့်ရတာ မပျော်ဘူး

*(မပျော်ဘူး။ စာ–၈၄၊ ၈၅)*

''ကျွန်တော်ရဲ့ ဖုန်းထဲမှာ
နိုင်ငံတော် သမ္မတရဲ့
ပြောခွင့်ရ ပုဂ္ဂိုလ်မရှိ၊
ဟိုကော်မရှင် ဒီကော်မရှင် မရှိ၊
စိုင်းစိုင်းခမ်းလှိုင် မရှိ၊
ဝတ်မှုံရွှေရည် မရှိ၊
ကျွန်တော့်ရဲ့ ဖုန်းထဲမှာ
မိလ္လာစုပ် ယာဉ်မောင်းရှိတယ်
ရေပိုက်ပြင်ကုလားရှိတယ်
၅ သိန်းတန်ခေတ်က
မိတ်ဆွေတချို့ရှိတယ်
၂ သိန်းတန်ခေတ်က
အရစ်ကျပေးဝယ်ချိတ်ကြတဲ့
ရုံးက သူငယ်ချင်းတချို့ရှိတယ်။
(ကျွန်တော်နဲ့ နံပါတ်များ၊ စာ– ၉၆၊၉၇၊၉၈)

ဘာပဲဖြစ်ဖြစ် နွေလယ်နေရဲ့ ကဗျာတွေကို ဖတ်ရတာ ပင်မမော် ဒန်ရေစီးကို အခြေခံပြီး မြန်မာကဗျာမှာ ထပ်မံချဲ့ထွင်လာတဲ့ နည်းနာသစ် တွေကို လိုသလို၊ အဆင်ပြေသလို ညှိယူဖန်တီးနေကြတဲ့ ကဗျာဆရာ တချို့ဖြစ်တဲ့ မောင်ပြည့်မင်း၊ ကွန်စစ်ကောင်း၊ ကိုရွှေ၊ မင်းဆွေနှစ်(မုံရွာ) မောင်ဆေးရိုး၊ မင်းနေဒီခ၊ မင်းဒီ၊ မိုးဝေး စတဲ့ ကဗျာဆရာတွေရဲ့ ကဗျာ တွေကို ဖတ်ရသလိုမျိုး ခေတ်ပြိုင်ခံစားမှု၊ အတွေး၊ အတွေ့၊ အယူ၊ အာဘော်တွေကို ရှင်းလင်းပြေပြစ်စွာ ဖတ်ရတာလည်း ဒီနေ့ခေတ်ပြိုင် မြန်မာကဗျာ အရသာတစ်မျိုးလို့ ဆိုရမယ်။

**မျိုးသန့်**

www.burmeseclassic.com

www.burmeseclassic.com



# အိမ်ထောင်သက် နှစ်လေးဆယ်မှသည်

မောင်ခင်မင်(ဓနုဖြူ)

ဇနီးဖြစ်သူ ပခုက္ကူကောလိပ်မှာ အမှုထမ်းနေစဉ် ကျွန်တော်တို့၏ ခရီးမှာ သိမ့်ခနဲ တစ်ချက်လှုပ်ရှားသွားသည့် ဖြစ်ရပ်တစ်ခု အမှတ်ထင်ထင်ကြုံရသည်။

တက္ကသိုလ်ဆရာမ၊ ဆရာမများ မွမ်းမံသင်တန်း အပတ်စဉ် ၂ တက်ရောက်ဖို့ ကျွန်တော်ရော ဇနီးပါ အလှည့်ကျသည်။ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှ သင်တန်းသား၊ ဇနီးက ပခုက္ကူကောလိပ်မှ သင်တန်းသူ။ ဖောင်ကြီးဗဟိုဝန်ထမ်း တက္ကသိုလ်မှာ တက်ရမည်။ နွေရာသီကျောင်းပိတ်ရက် ဖြစ်နေသည့်အတွက် သမီးကလေးကို ဆွေမျိုးများ ရှိရာ ပုသိမ်သို့ ပို့ထားပြီး ဖောင်ကြီးမှာ တစ်လသင်တန်းတက်ကြသည်။

သင်တန်းတက်နေစဉ် သတင်းတစ်ခု ထွက်လာသည်။ ထိုအချိန်က ဝန်ထမ်းများကို အချက် ၃၃ ချက်ပါသော ပုံစံတွေ ပေးပြီး ၁၉၈၈ ခုမှ ၁၉၉၀ ကျော်ကာလအတွင်း နိုင်ငံအခြေအနေများနှင့် ပတ်သက်၍ ပုံစံမှာ မေးထားသော မေးခွန်းများကို ဖြေခိုင်းသည်။ ဝန်ထမ်းများ၏ သဘောထားအမှန်ကို သိလိုသည့်အတွက် စိတ်ထဲမှာ ရှိသည့်အတိုင်း ဖြေပါဟု တိုက်တွန်းသည်။ ပုံစံဖြည့်စဉ်က ကျွန်တော်တို့ ဖောင်ကြီး မတက်ရသေးပါ။ ဇနီးက ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ) မှာ ကျွန်တော်က ရန်ကုန်တက္ကသိုလ် (ပင်မ)မှာ အမှုထမ်းရသည်။ ၃၃ ချက်ပုံစံတွေရတော့ ကျွန်တော်တို့ အလေးအနက် စဉ်းစားသည်။ ဝန်ထမ်းတစ်ယောက်အနေနှင့် မိမိ၏ သဘောထားကို အမှန်အတိုင်း ဖြည့်ရန် တာဝန်ရှိသည်ဟု သဘောရသည်။ ထို့ကြောင့် သဘောထားအမှန်အတိုင်း ဖြည့်လိုက်ကြပါသည်။ ကျွန်တော်တို့ နှစ်ယောက် ကွဲလွဲမှု သိပ်မရှိပါ။

မကြာမီမှာပင် တက္ကသိုလ် ပရိဝုဏ်ထဲမှာ '၃၃ ချက်အောင်စာရင်း ထွက်လာပြီ' ဆိုသော အသံတွေ ကြားလာရသည်။ ၃၃ ချက်ပုံစံတွေကို စိစစ်ပြီး 'နိုင်ငံတော်ကို ဆန့်ကျင်သည်'ဟု သူတို့ ကောက်ချင်ချသော ပုံစံရှင်များကို အရေးယူနေပြီဆိုသော အသံဖြစ်သည်။ အချို့ဆိုလျှင် ချက်ချင်း အလုပ်မှ ရပ်စဲလိုက်သည် တဲ့။ ပုံစံတွေ အသုတ်လိုက် စိစစ် ပြီး အရေးယူသည့် စာရင်းတွေ ထုတ်ပြန်နေသည်တဲ့။ ကျွန်တော်တို့ ဖောင်ကြီးရောက်နေချိန်မှာ ထွက်လာသည့် သတင်းက ထိတ်ခနဲဖြစ်လောက်စရာပါ။ ထုတ်ပြန်သည့် စာရင်းထဲတွင် ကျွန်တော့်ဇနီးနာမည်လည်း ပါနေသည်ဆိုသော သတင်းဖြစ်သည်။ စာတော့ ထွက်မလာ



www.burmeseclassic.com

www.burmeseclassic.com



သေး။ ကျွန်တော့်ဇနီး အပါအဝင် နာမည်တွေ ဖော်ပြပြီး နာမည်ပါသူများကို ထိုအချိန်က စစ်ဆေးနေသည့် ဆယ်တန်းစာမေးပွဲ အဖြေလွှာများ ဆက်မစစ်ခိုင်းဘဲ အိမ်မှာ နားနေခိုင်းဖို့ စာစစ်မှူးချုပ်ကို အထက်က ညွှန်ကြားသည်။ ဇနီးကတော့ ဖောင်ကြီးတက်နေ၍ ဆယ်တန်းစစ်နေသူများထဲမှာ မပါပါ။ သူနှင့် အတူတူပုံစံဖြည့်သူများမှာ စာမေးပွဲအဖြေလွှာ စစ်နေရာမှ ရုတ်တရက် နားနေလိုက်ရသည်။

ဖောင်ကြီးကို သတင်းရောက်လာတော့ ကျွန်တော့်စိတ်ပူသွား သည်။ ဇနီးကိုတော့ အသိမပေးသေးပါ။ သည့်တိုင်းဆိုလျှင် နောက်ထပ် စာရင်းထွက်လာပါက ကျွန်တော့်နာမည်လည်း ပါမည်ပင် ဖြစ်သည်။ ထိုစာရင်းစထွက်ကတည်းက တွေ့ရကြားရတာတွေ ရှိသည်။ စာရင်းတွေ စထွက်တုန်းက အလုပ်ရပ်စဲခံရသော ဆရာ၊ ဆရာမများက ပစ္စည်း တွေ သိမ်းပြီး ပျော်ပျော်ရွှင်ရွှင် ထွက်သွားကြသည်တဲ့။ အလုပ်ထိခိုက် မှာစိုးလို့ ပုံစံတွေမှာ အမှန်အတိုင်း မဖြည့်ဘဲ ညာပြီးဖြည့်တဲ့သူတွေကို တော့ အရေးမယူဘဲ စိတ်ထဲမှာ ရှိသလို အမှန်အတိုင်းဖြည့်တဲ့သူတွေကို အရေးယူမယ်ဆိုရင် ယူပေါ့။ မျက်နှာမပျက်ဘဲ အရေးယူခံလိုက်မယ်'' ဟု ပြောသည့်အသံများလည်း ကြားရသည်။ မြို့တစ်မြို့မှာ တာဝန် ထမ်းဆောင်နေစဉ် ၃၃ ချက်ဖြင့် အရေးယူခံရ၍ အလုပ်ထွက်ခဲ့ရသော ဆရာဝန်ကြီးတစ်ယောက်ကမူ ''ဒီကိစ္စအတွက် ကျွန်တော် လုံးဝ နောင်တမရဘူး''ဟု ပြောနေသည်ကို ကြားရပါသည်။

သတင်းထွက်လာပြီး တစ်ပတ်အကြာမှာ သင်တန်းပြီးသွားသည်။ အိမ်ပြန်ရောက်ပြီး သတင်းလာမေးကြတော့မှ ဇနီးမှာ သူ့အကြောင်းကို သိတော့သည်။ ရုံးမှာ စုံစမ်းကြည့်တော့ စာထွက်လာတာ မတွေ့ကြောင်း သိရသည်။ ''အရေးယူလည်း အလုပ်ထွက်ရုံ ရှိတာပေါ့''ဟု ဇနီးက ပြောသည်။ ''နှစ်ယောက်လုံး ထွက်ရရင်လည်း လုပ်စရာ အလုပ် တစ်ခုခုတော့ ရှိလာမှာပေါ့''ဟု ကျွန်တော်က တွေးနေသည်။ မကြာမီ သတင်းတစ်ခု ထွက်လာသည်။ ထိုကိစ္စများအားလုံး ရပ်ဆိုင်းလိုက်ပြီဆို သော သတင်းဖြစ်သည်။ အရေးယူတာတွေ ဆက်မလုပ်တော့ပါ။ ကျွန်တော့်ဇနီး အပါအဝင် အိမ်မှာ ခဏနားနေသူများကိုလည်း အလုပ် တာဝန်ပြန်လည် ထမ်းဆောင်ကြောင်း စာတင်ဖို့ တာဝန်ရှိသူက ခေါ်ပြော ပါသည်။ ဘဝတစ်ကွေ့မှာ ကြုံရသော အမှတ်တရ ဖြစ်ရပ်ကလေးပါ။

ယခင်က တင်ပြခဲ့သည့်အတိုင်း ဇနီးဖြစ်သူ ပခုက္ကူကောလိပ်မှ ရန်ကုန်တက္ကသိုလ်သို့ ပြန်ပြောင်းချိန်တွင် ကထိကဖြစ်နေပါပြီ။ ပခုက္ကူ ကောလိပ်မှာ အမှုထမ်းစဉ် ရာထူးတိုးခြင်း ဖြစ်သည်။ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှ အသစ်ဖွင့်သည့် ဒဂုံတက္ကသိုလ်သို့ ပြောင်းရသည်။ တစ်နှစ်ကြာတော့ ကထိကမှ တွဲဖက်ပါမောက္ခအဖြစ် ရာထူးတိုးသည်။ အမှုထမ်းသက် နှစ် ၃၀၊ အိမ်ထောင်သက် နှစ် ၂၀ အကြာ ၁၉၉၃ ခုနှစ်မှာ တက္ကသိုလ်ကပေးသော အိမ်ခန်းရပြီး လှိုင်တက္ကသိုလ်နယ်မြေ ရှိ ဆရာများရိပ်သာသို့ ပြောင်းခဲ့ရပါသည်။

ဆရာများရိပ်သာက သူ့ဝင်းကလေးနှင့်သူ၊ သစ်ပင်တွေ အုပ်အုပ် ဆိုင်းဆိုင်းမို့ အရိပ်အာဝါသ ကောင်းသည်။ နေရထိုင်ရအေးချမ်းသည်။ အိမ် ၃၀ နီးပါးရှိသည်မို့ ရပ်ကွက်ကလေးတစ်ခုလို ဖြစ်နေသည်။ အားလုံး တက္ကသိုလ်ဆရာ၊ ဆရာမတွေ၊ ဝန်ထမ်းတွေမို့ သိဟောင်းကျွမ်းဟောင်း တွေများသည်။ အချင်းချင်း ရင်းပင်းကြသည်။ ခင်ခင်မင်မင်ရှိသည်။ သာရေးနာရေး ကိစ္စတွေ ညီညီညွတ်ညွတ် ဆောင်ရွက်ကြသည်။ သို့သော် ခြံပေါသည့်အတွက် စာအုပ်တွေ တော်တော်ကုန်သွားသည်။

ထို့ပြင် ထိုနေရာမှာ ဆက်မနေချင်လောက်အောင် စိတ်ပျက်သွား သော ဖြစ်ရပ်တစ်ခုကို အရမ်း သတိရပါသည်။ ကျွန်တော်တို့နေရာ ကလေးမှာ သာသာယာယာ ရှိသော်လည်း ကိုယ်ပိုင်ကား မရှိလျှင် သွားရေးလာရေး မလွယ်လှပါ။ ပြည်လမ်းဘက်ကို ထွက်လျှင် အနည်း ဆုံး ၁၅ မိနစ်လောက် လမ်းလျှောက်မှ ဘတ်စကားမှတ်တိုင်သို့ ရောက်

**အိမ်မှာတော့ ကျွန်တော်တို့ချင်း စကားများများ မပြောဖြစ်ကြပါ။ စကားပြော အပေါက်အလမ်း မတည့်ရှုမဟုတ်။ တစ်ယောက်စာတစ် အုပ်စီနှင့်ငြိမ်နေသော အကျင့်ကို ငယ်စဉ်ကတည်းက ကျင့်သုံးကြ သောကြောင့် ဖြစ်သည်။**

သည်။ အင်းစိန်လမ်းဘက်သို့ ထွက်လျှင်လည်း ထို့အတူပင်။ ကျောင်း ဆောင်တွေ အများကြီးရှိသော်လည်း ကျောင်းသားမထားသောကာလ ဖြစ်သည့်အတွက် ဘတ်စကားတွေလည်း မဝင်တော့ပါ။ သည်တော့ အလုပ်သွားလျှင် ဘတ်စကားဆီ ရောက်အောင် တော်တော်သွားရ သည်။ ကျွန်တော်တို့မှာ ကိုယ်ပိုင်ကားလည်း မရှိ။ တစ်ညမှာ သမီးနေ မကောင်းဖြစ်သည်။ သမီးဟာ ၁၂ နှစ်သမီးအရွယ်ကလေးမို့ ငယ်သေး သည်။ သမီးကို ဆေးခန်းပြဖို့ အနီးအနားမှာ ဆရာဝန်လည်း မရှိ။ အင်းစိန်လမ်းက ဆေးခန်းကို ထွက်ရသည်။ အငှားကားလည်း မလာပါ။ သည်တော့ ကျွန်တော်က သမီးကို ချီ၊ ဇနီးက ထီးမိုးပေးပြီး မိုးထဲလေထဲ မှာ ဆေးခန်းရောက်အောင် သွားရသည်။ စိတ်မောလူမော ဖြစ်ရသည်။ ဆရာဝန်ကို ပြပြီးမှ စိတ်အေးသွားသည်။ 'အရေးအကြောင်းဆိုရင် ဒုက္ခ ပဲ'ဟူသော အတွေးဖြင့် တော်တော်စိတ်ပျက်သွားပါသည်။ လှိုင်ဆရာများ ရိပ်သာမှာ ၁၉၉၄ ခုမှ ၁၉၉၇ ခုအထိ ကျွန်တော်တို့ မိသားစုသုံးနှစ်နေ ခဲ့ကြပါသည်။ သမီးလည်း အရွယ်ရောက်လာပါပြီ။ တက္ကသိုလ်ဝင် စာမေးပွဲလည်း အောင်မြင်ပါပြီ။

ထိုအချိန်တွင် ကျွန်တော်တို့ မိသားစု၏ ဘဝအလှည့်အပြောင်း တစ်ခု ကြုံရပါသည်။ ဂျပန်နိုင်ငံ အိုဆာကာနိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ဖို့ ကျွန်တော် သွားရခြင်းဖြစ်သည်။ အဆင်ပြေသည်မှာ သမီးက တက္ကသိုလ် ဝင်တန်း အောင်ပြီး တက္ကသိုလ်များ ပြန်မဖွင့်သေး၍ နားနေရချိန်ဖြစ် သည်။ ဇနီးက ပြည်ပလစာမဲ့ ခွင့်ယူပြီး ကျွန်တော်တို့သုံးယောက် ဂျပန် နိုင်ငံသို့ သွားကြသည်။ ဂျပန်မှာ ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ကျွန်တော် ၂-နှစ် အမှုထမ်းရသည်။ သမီးကို ဂျပန်ဘာသာစကား ကျောင်းထားလိုက်သည်။ အခန့်သင့်သည်က ကျွန်တော်တို့ မြန်မာနိုင်ငံ ပြန်ရောက်ချိန်မှာ တက္ကသိုလ်တွေ ပြန်ဖွင့်နေပါပြီ။ သမီးက ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်ကို ဂျပန်ဘာသာ အထူးပြုဖြင့် တက်ခွင့်ရ သည်။ ကျွန်တော်က ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ပါမောက္ခ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် တာဝန်ယူရသည်။ ဇနီးက ကထိက။ နောက် တွဲဖက်ပါမောက္ခဖြစ်သည်။ ကျောင်းဝင်းထဲမှာ အိမ်ရသည့်အတွက် ကျွန်တော်တို့မိသားစု အေးအေးချမ်းချမ်း နေရပါသည်။

သမီး တတိယနှစ်မှာ နိုင်ငံခြားပညာသင် အရွေးခံရသည့်အတွက် ဂျပန်သို့ နောက်တစ်ကြိမ်သွားရသည်။ ကျွန်တော် လုပ်ခဲ့သော တက္ကသိုလ်မှာပင် တက်ရသည်။ တစ်နှစ်ပညာသင်ပြီး ဒီပလိုမာရသည်။ ပြီးတော့ ဂျပန်ဘာသာဖြင့် ဘွဲ့ယူသည်။ ပြီးတော့ လုပ်ငန်းခွင်ဝင်သည်။

ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်စဉ် အလုပ်တာဝန်တွေ ထွေပြားသော်လည်း စာတွေ များများရေးဖြစ်သည်။ အသင်းအဖွဲ့တွေမှာလည်း ပါဝင်ဆောင်ရွက်သည်။ ပါမောက္ခဌာနမှူးအဖြစ် ၆-နှစ် ဆောင်ရွက်သည့် ကာလအတွင်း ကျွန်တော့်စာအုပ် ၁၂ အုပ်ထုတ်ဝေဖြစ်သည်။ အမျိုးသားစာပေဆုတစ်ဆု၊ ဂုဏ်ထူးဆောင်စာပေပါရဂူ(ဒီလစ်)ဘွဲ့ တစ်ဘွဲ့ရသည်။ နိုင်ငံတကာ စာတမ်းဖတ်ပွဲပြည်တွင်းမှာ ၅ ကြိမ်၊ ပြည်ပမှာ ၂ ကြိမ် ဖတ်ဖြစ်ခဲ့ပါသည်။ ၂၀၀၆ နှစ်မှာ ကျွန်တော် အငြိမ်းစားယူပါသည်။ အသက်ပြည့်ပြီး တစ်နှစ် တစ်ကြိမ် နှစ်ဆက်ခန့်သည့်အတွက် ၂၀၀၆ ခုနှစ်ကျမှ အငြိမ်းစား ယူရချိန်တွင် ကျွန်တော့်ဇနီး ဒေါ်စုစုနွယ်မှာလည်း အသက် ၆၀ ပြည့်သည့် အတွက် ထိုနှစ်မှာပင် ကျွန်တော်နှင့်အတူတူ မေလမှာပင် အငြိမ်းစား ယူရသည်မှာ တိုက်ဆိုင်မှုတစ်ခု ဖြစ်ပါသည်။



သို့သော် ကျွန်တော် အပြည့်အဝ အငြိမ်းစား မယူရသေးပါ။ ကျွန်တော့်ကို မြန်မာစာအဖွဲ့တွင် အချိန်ပြည့် အဖွဲ့ဝင်အဖြစ် တာဝန်ပေးခန့်ထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အခြားအဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ရှိ မြန်မာစာအဖွဲ့သို့ ၂ လတစ်ကြိမ် အစည်းအဝေးသွားတက်ရသည်။ အစည်းအဝေးတစ်ကြိမ်လျှင် ရက်သတ္တ၂ပတ်ကြာနေရပါသည်။ အဖွဲ့၏ လုပ်ငန်းများကို နေ့စဉ် ရုံးချိန်ပြည့် အစည်းအဝေးထိုင်ပြီး ညှိနှိုင်းဆွေးနွေးရပါသည်။ အဖွဲ့ဝင်များ၏ နေရေးစားရေး၊ သွားလာရေးကို အဖွဲ့ဝန်ထမ်းများက အစမှအဆုံး အဆင်ပြေအောင်ဆောင်ရွက်ပေးပါသည်။ 'အငြိမ်းစားယူပြီးမှ ထရန်စမာသွားနေရတယ် ပေါ့' ဟု အိမ်သားများနှင့် လုပ်ဖော်ပေါင်းဖက်များက ကျီစယ်လေ့ ရှိ ပါသည်။ ကျွန်တော်သည် စာပေနှင့် ပညာရေးဆိုင်ရာ အသင်းအဖွဲ့ များမှာလည်း ပါဝင်ဆောင်ရွက်နေပါသည်။ ရန်ကုန်တက္ကသိုလ်နှင့် လည်း အဆက်မပြတ်နိုင်သေးပါ။ သင်ကြားပို့ချသည့်လုပ်ငန်းများကို တတ်နိုင်သမျှလုပ်ပေးနေဆဲ ဖြစ်ပါသည်။ ဝေးဝေးလံလံ မသွားနိုင်တော့သော်လည်း အနီးအနားက စာပေဟောပြောပွဲဖိတ်လျှင် လိုက်ဟောနေဆဲဖြစ်သည်။ စာအရေးအသားနှင့် ဆိုင်သည့် ဆွေးနွေးပွဲများ၊ သင်တန်းများတွင်လည်း ပါဝင်ဆွေးနွေးနေဆဲဖြစ်သည်။

အိမ်မှာတော့ ကျွန်တော်တို့ချင်း စကားများများ မပြောဖြစ်ကြပါ။ စကားပြော အပေါက်အလမ်း မတည့်၍မဟုတ်။ တစ်ယောက်စာတစ်အုပ်စီနှင့် ငြိမ်နေသော အကျင့်ကို ငယ်စဉ်ကတည်းက ကျင့်သုံးကြသောကြောင့် ဖြစ်သည်။ သမီးရုံးက အားလပ်ရက် တော်တော်များများရလျှင် မိသားစု ခရီးထွက်ကြပါသည်။ ဗုဂံလည်း ရောက်ပါသည်။ ဗုဒ္ဓဂါယာဘုရားဖူးခရီးလည်း ရောက်ပြီးပါပြီ။

ကျွန်တော်က ပညာပေးပြီး ကုသိုလ်ယူသည့် အလုပ်လည်း လုပ်ပါသည်။ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်မှာ သင်တန်းသား သံဃာများကို စာသင်ပေးသည့်အလုပ် ဖြစ်သည်။ ပို၍ ကတ်ဆိုင်ရာ မြန်မာစာပေဌာနတွင် တွဲဖက်ဆောင်ရွက်ရင်း မြန်မာစာသင်ကြားပို့ချပေးပါသည်။ မဟာပါရဂူဘွဲ့အတွက် သုတေသနပြုတင်သွင်းသော သံဃာတော်များ၏ ကျမ်းများကိုလည်း ကြီးကြပ်စစ်ဆေးပေးပါသည်။ သံဃာတော် အပါးသုံးလေးရာ တစ်စုတစ်ဝေးတည်း ဆွမ်းဘုဉ်းပေးနေသည့် မြင်ကွင်းကို ကျွန်တော်ရော ဇနီးပါ ပီတိပွားရာမှ သဒ္ဓါထက်သန်လာသည့်အတွက် ထိုသံဃာတော်များကို နှစ်ကြိမ် ဆွမ်းကပ်လှူခဲ့ပါသည်။ ဆွမ်းဘုဉ်းပေးနေသည်ကို ဖူးမြော်ရင်း ကုသိုလ်ပွားရပါသည်။

တစ်ခု သတိရပါသေးသည်။ ဇနီးပခုက္ကူပြောင်းစဉ်က သမီးကလေးမှာ ခြောက်တန်းကျောင်းသူကလေးမျှသာ ဖြစ်ပါသည်။ အရွယ်မရောက်သေးပါ။ ကျွန်တော်တို့ သားအဖ ရန်ကုန်မှာ စားရေးသောက်ရေး အခက်အခဲရှိသည်ကို ဇနီးကစိတ်မကောင်းပါ။ သူတွဲဖက် ပါမောက္ခဖြစ်ပြီးနောက် ရာထူးတိုးဖို့ လျှောက်ထားလျှင် တက္ကသိုလ်တစ်ခုခုမှာ ပါမောက္ခဖြစ်ဖို့ သေချာပါသည်။ သို့သော် ထိုအချိန်မှာ သမီးက အရွယ်ရောက်နေပါပြီ။ အမေက သူ့သမီးကို ရန်ကုန်မှာ ထားခဲ့ပြီး ဝေးဝေးလံလံ မသွားရက်တော့ပါ။ ရာထူးလည်း မယူလိုတော့ပါ။ ထို့ကြောင့် ပါမောက္ခ မလျှောက်တော့ဘဲ တွဲဖက်ပါမောက္ခအဖြစ်နှင့်ပင် အငြိမ်းစား ယူခဲ့ပါသည်။ ကျွန်တော်တို့ မိသားစုအတွက် အမှတ်တရ အကြောင်းတစ်ခုပါ။

ကျွန်တော်တို့ နှစ်ယောက်စလုံး တက္ကသိုလ် ဆရာ၊ ဆရာမတွေ ဖြစ်ခဲ့သည့်အတွက် တက္ကသိုလ်များမှ တပည့်များ ကျွန်တော်တို့အိမ်ကို ဝင်ထွက်နေကြဆဲ ဖြစ်ပါသည်။ အများစုက ဆရာ၊ ဆရာမများ ဖြစ်သည်။ စာမေးရင်း၊ စာအုပ်ငှားရင်း၊ အာလာပ သလ္လာပ ပြောရင်း ရောက်လာသော တပည့်များနှင့် ထိတွေ့နေရသည့်အတွက် တက္ကသိုလ် အကြောင်းမျိုးစုံကို အမြဲကြားနေရပါသည်။ သူတို့နှင့် ပြောရဆိုရတော့ ပြန်ငယ်သွားသလို စိတ်ထဲမှာခံစားရသည်။

သမီးကလေးကလည်း သူ့လုပ်ငန်းခွင်မှာ သူ့အပေါင်းအသင်းတွေနှင့် ပျော်မွေ့နေပါသည်။ ကျွန်တော်တို့သုံးယောက် တူသော အချက်တစ်ချက်ရှိသည်။ ငယ်သူငယ်ချင်းများနှင့် မကြာခဏ တွေ့ဆုံပိုင်းဖွဲ့၍ စားရင်းသောက်ရင်း စကားစမြည် ပြောကြခြင်းဖြစ်သည်။ ကျွန်တော်နှင့်ဇနီးမှာ အသက် ၆၀ ကျော်၊ ၇၀ကျော်တွေ ဖြစ်သည့်အတွက် တစ်ယောက်နှင့်တစ်ယောက် 'မင်းနဲ့ငါနဲ့၊ နင်နဲ့ငါနဲ့' ပြောရင်းသာ သူငယ်ချင်းတွေ တော်တော်နည်းသွားပါပြီ။ ထိုသူငယ်ချင်းတွေနှင့် ပြန်ဆုံရသောအခါ အလွန်ဝမ်းသာပါသည်။

သို့ဖြင့် . . .

၁၉၇၃ ခုနှစ်က စတင်တည်ဆောက်ခဲ့သော ကျွန်တော်တို့ အိမ်ထောင်ရေး ဘဝခရီးသည် ၂၀၁၃ ခုနှစ်မှာ နှစ်လေးဆယ် ပြည့်မြောက်ပါပြီ။

''ဆရာတို့၊ ဆရာမတို့ အိမ်ထောင်သက် ရွှေရတုတို့၊ စိန်ရတုတို့ လုပ်ရင်လည်း ဖိတ်ဖြစ်အောင် ဖိတ်ပါနော်''ဟု တပည့်တွေ၊ တပည့်မတွေက ပြောကြသည်။ ကျွန်တော်တို့ကို 'အသက်ရှည်ပါစေ'ဟု သူတို့ ဝိုက် ဆုတောင်းတာပါကလားဟု တွေးရင်း ကြည်နူးမိကြပါသည်။

**မောင်ခင်မင် (ဓနုဖြူ)**

www.burmeseclassic.com

www.burmeseclassic.com






"အဲဒါမှ ဒုက္ခပဲ"

ပုသိမ်ကမ်းရိုးတန်းဆိပ်ခံတံတားသို့ ပုသိမ်သူ(၄) အမြန်ရေယာဉ် ဆိုက်ကပ်ချိန်သည် ညနေ ၅ နာရီ မိနစ် ၄၀ ရှိပြီ။ ရန်ကုန်၊ ဟသ်ာတ၊ ငါးသိုင်းချောင်း ဆက်မည့်ခရီးသည်များတွင် ဒုက္ခရောက်သည်မဟုတ်။ ပုသိမ်တွင် စျေးဝယ်ပြီး နောက်တစ်နေ့ နံနက် ၅ နာရီ ထွက်မည့် ဝေလမင်းအမြန်ရေယာဉ်ဖြင့် ဟိုင်းကြီးကျောက်ချောင်း ပြန်ဆင်းမည့်သူများပါ ဒုက္ခရောက်ခြင်းဖြစ်သည်။ မြို့မဈေးက ညနေ ၆ နာရီပိတ်သည်။ ဝယ်ချိန်မရတော့။ နောက်တစ်နေ့ နံနက် စျေးဖွင့်မှဝယ်ကြရမည်။ ပုသိမ်တွင် တစ်ညနှင့် တစ်နေ့နေရမည်။ သန်ဘက်ခါမှ ရွှေစင်ကြယ်အမြန်ရေယာဉ်ဖြင့် ပြန်ဆင်းနိုင်မည်။

ရန်ကုန်၊ ဟသ်ာတ၊ ငါးသိုင်းချောင်း ခရီးဆက်မည့်သူများက အဝေးပြေးကားများ မရှိတော့။ နောက်ဆုံးကားများက ၄ နာရီတွင်ထွက်သွားကြပြီ။

"မနက်ဖြန် ၄ နာရီအစောဆုံး ထွက်တဲ့ကားနဲ့လိုက်ပါ ကျွန်တော် စီစဉ်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်သူနှင့်ဆင်းပြီး အဝေးပြေးကား လက်မှတ်လိုက်ရောင်းသူ သိန်းမြင့် ပါးစပ် အမြှုပ်ထွက်နေပြီ။ သူ ရောင်းထားသည့် ရန်ကုန်ကားလက်မှတ်များက ၃ နာရီထွက်မည့် နောက်ဆုံးကား လက်မှတ်များဖြစ်သည်။ ရေယာဉ်ပုသိမ်ဝင်သည်က ၅ နာရီကျော်ပြီ။ ပြဿနာက သိန်းမြင့်ကြောင့်ဖြစ်သော ပြဿနာမဟုတ်။ သိန်းမြင့် ဖော်သော ပြဿနာမဟုတ်သလို ရေယာဉ်ကြောင့် ဖြစ်သော ပြဿနာလည်း မဟုတ်။ ခရီးသည်များ ကံဆိုးသောကြောင့်ဖြစ်သော ပြဿနာဟုပင် ကံကိုသာ ရိုးမယ်ဖွဲ့ရတော့မည်ဖြစ်သည်။ ပုသိမ်သူ (၄) ကလည်း ဘာမှမချွတ်ယွင်း။ သို့သော် ပုသိမ်သို့ နောက်အကျကြီး နောက်ကျပြီးမှ ဝင်နိုင်ခဲ့သည်။

မှန်တန်းဆိုလျှင် ဟိုင်းကြီးမှ နံနက် (၅)နာရီတက်လာသော အမြန်ရေယာဉ်သည် ပုသိမ်သို့ နေ့လယ် ၁ နာရီခန့်တွင် ဝင်သည်။ လိုရာခရီးကို အေးအေးဆေးဆေး ဆက်နိုင်သည်။ ဈေးဝယ်ချိန် ကောင်းကောင်းရသည်။ အခု ရေယာဉ်နောက်ကျဝင်သည့်အကြောင်းက အခြားအကြောင်းကြောင့် မဟုတ်။ အထက်ပြွန်မှ တက်လာသော ပုသိမ်သူ (၇) ကို ကြာကန်ကျေးရွာနားမှ ဆွဲလာရသောကြောင့် ဖြစ်သည်။ ပုသိမ်သူ (၇)က ကြာကန်ကျေးရွာတွင် ခရီးသည်များနှင့် ပျက်နေသည်။ ဥဩဆွဲ အချက်ပေးခေါ်သောကြောင့် ပုသိမ်သူ (၄)က သွားဆွဲရသည်။ 'မဆွဲပါနဲ့၊ မတွဲပါနဲ့' ခရီးသည်များ တားမြစ်ခွင့် မရှိ။ ရေကြောင်းဥပဒေဖြစ်သည်။ သူပျက် ကိုယ်တွဲ၊ ကိုယ်ဆွဲ။ ကိုယ်ပျက် သူတွဲ၊ သူဆွဲ။ နှစ်စင်းစာ ပမ္ပဝတီမြစ်နှင့် ငဝန်မြစ်များကို ဆန်တက်နေရသောကြောင့် အချိန် နှစ်ဆကျော် ကြာသွားခြင်းဖြစ်သည်။ ပုသိမ်အဝင်နောက်ကျသွားရခြင်းဖြစ်သည်။ ဘယ်သူဘယ်သူ့မှာမှ အပြစ်မရှိ။ တွက်ပီတို့ကံမကောင်းခြင်းသာ ဖြစ်သည်။

''ခင်ဗျား ၄ နာရီကား သေချာမှာလား''

ရန်ကုန် သွားမည့်အုပ်စုတွင် ကျွန်တော် မပါ။ ပုသိမ်တွင် သင်္ဘောအတွက် လိုအပ်သော ရိက္ခာ လာဝယ်ခြင်းဖြစ်သည်။ ကျွန်တော့် သင်္ဘောက ကမ်းဝေးငါးဖမ်းသင်္ဘော။ ဟိုင်းကြီးချောင်းဝဝန်းကျင်တွင် ကျွန်တော်တို့ ကုမ္ပဏီမှ ကမ်းဝေးပင်လယ် ငါးဖမ်းသင်္ဘောများ စခန်းချထားသည်။

ကျွန်တော့်အစီအစဉ်က ပုသိမ်တွင် ဈေးဝယ်ပြီး ဝေလမင်းပေါ် တန်းချမည်။ သင်္ဘောပေါ်တွင် အိပ်မည်။ မူးမူးနှင့် အိပ်ပျော်နေလည်း သင်္ဘောထွက်လျှင် ပါသွားမည်ဖြစ်သည်။ တည်းခိုခန်းတွင် မူးပြီး အိပ်ပျော်နေလျှင် ကျန်ခဲ့မည်ဖြစ်သည်။ ကျွန်တော် ကျန်ခဲ့၍ မဖြစ်။ ရိက္ခာဖြည့်ပြီးလျှင် ကျွန်တော်တို့ Gold Star ဘင်္ဂလားပင်လယ်အော်ထဲ ပြန်ဝင်ကြရမည်။ ဘင်္ဂလားပင်လယ်အော် ရင်ခွင်ထဲမှ ငါး၊ ပုစွန်များကို ကျွန်တော်တို့ အကြမ်းဖက်လုယူကြမည် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် လှိုင်းလုံးကြီးများဖြင့် စစ်မက်ဖက်ပြိုင်တိုက်ခိုက်ကြရမည်ဖြစ်သည့်အတွက် ကျွန်တော်တို့လက်နက် လိုအပ်သည်။ လက်နက် မပြည့်စုံလျှင် ကျွန်တော်တို့ ဘင်္ဂလားပင်လယ်အော် ရေအောက်သင်္ချိုင်းတွင် မလှမပ သင်္ဂြိုဟ်ခံကြရမည် ဖြစ်သည်။ ကျွန်တော်တို့ အသက်နှင့်ကိုယ် အိုးစားမကွဲရေးအတွက် လက်နက်ပြည့်စုံရမည်။

သင်္ဘော၊ စက်၊ ငါးဖမ်းပိုက်၊ စက်သုံးဆီ၊ သောက်ရေ၊ ဆန်၊ ဆီ၊ ဆား၊ ဘူးသီး၊ ခရမ်းသီး၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ နီ၊ ကြက်၊ ဘဲများ ပြည့်စုံနေပြီ။ ဟိုင်းကြီးတွင် အရက်ပုလင်း တံဆိပ်မျိုးစုံရသည်။ လိုချင်သလောက် ဝယ်တင်သွားနိုင်သည်။

သို့သော် ကျွန်တော်တို့က ဘင်္ဂလားပင်လယ်အော်ကြီးထဲတွင် ၁၅ ရက်၊ ၂၀ ခန့်ကြာမည်။ ထိုရက်များအတွက် သောက်စရာ လုံလုံလောက်လောက် ရှိရန် လိုအပ်သည်။ ပြတ်၍ မဖြစ်။ ဘင်္ဂလားပင်လယ်အော်ကြီးနှင့် တိုက်ပွဲဝင်ရသည်မှာ လွယ်သည်မဟုတ်။ လှိုင်းခေါင်းဖြူ၊ လှိုင်းခေါင်းဖြူဟု တင်စားပြောနေသူများသည် ထိုလှိုင်းခေါင်းဖြူများနှင့် မဆုံဖူး၊ မကြုံဖူး၍ တင်စားပြောနေကြခြင်း ဖြစ်သည်။ လှိုင်းခေါင်းဖြူများနှင့် တကယ်တမ်း နဖူးတွေ့၊ ဒူးတွေ့ ကြုံဆုံလိုက်ရလျှင် ထိုသူများ လှိုင်းခေါင်းဖြူနိုင်ကြတော့မည် မဟုတ်။

မရှက်တန်း ဝန်ခံရလျှင် ကျွန်တော် လှိုင်းခေါင်းဖြူများကို ကြောက်သည်။ ကျွန်တော်တင်မဟုတ်။ သင်္ဘောသားတိုင်း လှိုင်းခေါင်းဖြူများကို ကြောက်ကြသည်။ လှိုင်း ဆိုသည်က ယဉ်ကျေးနူးညံ့သည် မဟုတ်။ ရိုင်းစိုင်းကြမ်းတမ်းသည်။ သက်ညှာမှု၊ ဘက်လိုက်မှု လုံးဝမရှိ။ သက်ရှိသက်မဲ့ အားလုံးကို အသူတစ်ရာနက်သော ပင်လယ်ကြမ်းပြင်အရောက် ဆွဲခေါ်သွားမည်ဖြစ်သည်။

ရိုင်းစိုင်းကြမ်းတမ်းသော လှိုင်းခေါင်းဖြူများကို ရင်ဆိုင်ရန် ကျွန်တော်တို့ ရဲဆေးတင်ကြရသည်။ ကျွန်တော်တို့အတွက် မရှိမဖြစ် လိုအပ်သော ထိုရဲဆေး ကျွန်တော် တက်ဝယ်ခြင်းဖြစ်သည်။ ဟိုင်းကြီးတွင် ဝယ်၍ရသည်။ သို့သော် ဟိုင်းကြီးဈေးပေးရမည်။ ပုသိမ်တွင် ဝယ်လျှင် ပုသိမ်ဈေးပေးရမည်။ တစ်ဖာ၊ နှစ်ဖာ ပိုရနိုင်သည်။ ကျွန်တော်တို့အတွက် တစ်ဖာနှစ်ဖာ ပိုရလည်း တစ်ဖာနှစ်ဖာ ပိုသောက်ရမည် မဟုတ်လား။

''သေချာစေရပါ့မယ်''

ညှိနှိုင်းဆွေးနွေးပွဲကို ကျောခိုင်းပြီး ကျွန်တော် တံတားပေါ် ဆင်းလိုက်သည်။ ကမ်းနားလမ်းပေါ်တွင် ဆိုက်ကားဆိုင်ကယ်ကယ်ရီများ ရှုပ်နေသည်။

''ဘယ်သွားမလဲ''

''အိပ်မက်စိမ်း''

ကျောပိုးအိတ်ကို ဆိုင်ကယ် ကယ်ရီ သမားလှမ်းယူသည်။ ကြည်စံစံရှေ့မှ မီနီစကက် အနက်များနှင့် ဂရင်းရှိုင်ရယ် ပရိုမိုးရှင်းဂဲလ် နှစ်ယောက်ကို မကြည့်ဘဲတွေ့ရသည်။

''ဟာ''

ဈေးချောင်းလမ်းမှ ဖြတ်ထွက်သောကြောင့် အိပ်မက်စိမ်းကို ၁၀ မိနစ်ပင် မကြာလိုက်။ အမြန်ဆုံး ဒီးတက်လာသော်လည်း အိပ်မက်စိမ်းက အမည်နှင့် လိုက်ဖက်စွာပင် ကျွန်တော့်ကို စိမ်းသည်။ တံခါးပိတ်ထားပြီ။ အိပ်မက်စိမ်းနှင့် ကျွန်တော်တို့က အဟောင်းပေး အသစ်ယူ ဖောက်သည်များဖြစ်သည်။ အလိုအပိုကို စခန်းသိမ်းသည့်အခါမှ ရှင်းရသည်။

''ဘယ်ပို့ရမလဲ''

''ခဏ''

ဆိုင်ကယ်ပေါ်မှ ကျွန်တော် ဆင်းလိုက်သည်။ ဘောင်းဘီအိတ်ထဲမှ ဖုန်းထုတ်သည်။ ကပ္ပတိန်ဇော်ငြိမ်းကို အခြေအနေ သတင်းပို့သည်။ တစ်ရက်နေပြီး နောက်နေ့မှ ပြန်လာပေါ့ကွာဟု ကပ္ပတိန်ဇော်ငြိမ်း ဆုံးဖြတ်ပေးသည်။

''ညဈေးတန်း''

ဆိုင်ကယ်ကို ကျွန်တော် ပြန်ခွသည်။ အစာအိမ်က တကျုတ်ကျုတ် ဆန္ဒပြနေပြီ။ အစာအိမ်ဖြည့်တင်းရန် အရေးတကြီး လိုအပ်နေပြီ။

ကုန်သည်လမ်းမှ မဟာဗန္ဓုလလမ်းပေါ် ဖြတ်ပြီး ကမ်းနားလမ်းပေါ် ပြန်တက်သည်။ ကမ်းနားလမ်းနှင့် ရွှေစေတီလမ်းဆုံ အရောက်တွင် အကင်နံ့၊ အကြော်နံ့များ သင်းခနဲ လွင့်လာသည်။ ကျွန်တော့်ဗိုက် အသံပိုမြည်လာသည်။

''ဘယ်ဆိုင်သွားမလဲ''

ကမ်းနားလမ်း ဘယ်ညာတွင် အမည်မျိုးစုံ စားသောက်ဆိုင်များ စီတန်းနေသည်။ KTV ဆိုင်များလည်း ရှိသည်။

''ကောင်းတဲ့ဆိုင်ပေါ့ကွာ''

''ပက်ဦးမလား''

''အင်း . . နည်းနည်းပါးပါး''

ပန်းသည်၊ သစ်သီးသည်များကို ဆိုင်ကယ်ဖြည်းဖြည်းဖြတ်သည်။ ဈေးဆိုင်တန်းအလွန် တံတားထိပ် ညောင်ပင်ကြီးအောက် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေလား ဆရာ"

ဆိုင်တစ်ဆိုင်ရှေ့တွင် ဆိုင်ကယ်ရပ်သည်။ LED ဆိုင်းဘုတ်ကြီးက ဝင်းဝင်းပပ၊ ပြိုးပြိုးပြက်ပြက်၊ ရင်ခွင်သစ်။

"အိုကေ"

"စောင့်နေရမလား ဆရာ"

ကျွန်တော် ခေါင်းခါပြလိုက်သည်။ဆိုင်အခြေအနေ ကျွန်တော် မသိသေး။ ဝန်ဆောင်မှု ကောင်းလျှင် ကောင်းသလို ကျွန်တော် ပျော်မွေ့နိုင်သည်။ ကယ်ရီသမား အကြာကြီး စောင့်နေရလျှင် မကောင်း။ အချိန်ကလည်း အချိန်ကောင်း။ ဖိုးသမားတွေ သဘောအကျကြီး ကျသောအချိန်။ သူလည်း တစ်ပွဲတစ်လမ်း ကျင်းပချင် ကျင်းပနိုင်သည်။

"ကျွန်တော် ဘတ်ဂိတ်မှာ ရှိပါတယ်၊ ဝင်းလွင်ဦး"

ဝင်းလွင်ဦးဆိုင်ကယ်ထွက်သွားမှ ကျွန်တော် ရင်ခွင်သစ်ထဲ ဝင်သည်။ ဆိုင်ထဲတွင် မီးရောင်က မှိန်လဲ့လဲ့။

"ဒီဘက်ကြွပါ"

စားပွဲထိုးနောက် ကျွန်တော် လိုက်ခဲ့သည်။ ခန်းမအလယ်တွင် ကျွန်တော် နေရာရသည်။

"ပလိစ်၊ အိတ်ကျူမီ"

နှင်းဆီရနံ့သင်းသင်း လွင့်လာသည်။ မီနီစကတ်အနက်ရောင်ဝတ် ပရိုမိုးရှင်းဂဲလ်လေး စားပွဲဘေး ရောက်လာသည်။ လက်ထဲတွင် ဂရင်းရှိုင်ရယ် ဝီစကီပုလင်း အပြားလေး။

"နိုး"

ပရိုမိုးရှင်းဂဲလ်လေးကို အားနာသော် လည်း ခေါင်းခါပြလိုက်သည်။ ပုသိမ်ရောက် တုန်းရှယ်ရန် ကျွန်တော် တွေးထားသည်။

"ဟိုက် သုံးပက်၊ မြန်မာဘီယာတစ်လုံး၊ ချိချဉ်ကြော်တစ်ပွဲ၊ ဆော်ဒါ၊ ရေသန့်၊ ရေခဲ၊ ထမင်းဖြူ"

စားပွဲထိုးနှင့် ပရိုမိုးရှင်းဂဲလ်လေး အတူ ထွက်သွားကြသည်။ ပုလင်းသံ၊ ဖန်ခွက်သံများဖြင့် ရင်ခွင်သစ်က စည်ကားနေသည်။

"ဘီယာပုလင်း ဖွင့်ပေးရမလား ဆရာ"

"ဖွင့်"

ဖောက်ခနဲ မြည်သံတိုးတိုးနောက်တွင် ပုလင်းဝမှ အမြှုပ်များ ပန်းထွက်လာသည်။ ကျွမ်းကျင်စွာဖြင့် ဖန်ခွက်ထဲ စောင်းထည့်သည်။ အကျိုတ်ကျိုတ် အော်ဟစ်ဆန္ဒပြနေသော အစာအိမ်ကို ဘီယာဖြင့် ကျွန်တော် ချော့လိုက်သည်။ မုန်လာဉနီ၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ဝက်သားဖတ်များ တန်ခိုးဖြင့် ကိုရွှေအစာအိမ် ငြိမ်သွားသည်။ အစာအိမ်ငြိမ်မှ ဟိုက်ကော်မရှင်နာကို ကျွန်တော် ကိုင်သည်။ ဘာအလုပ်မှ မရှိသည့်အတွက် အေးအေးဆေးဆေး ကျွန်တော် ဖိမ်ခံသည်။ ဘင်္ဂလားပင်လယ်အော်ထဲတွင် ဖိမ်ခံရသည်မဟုတ်။ ပင်လယ်အော်ထဲမှာက လှိုင်းများ ဝုန်းဒိုင်းကျဲနေသည်။ ဘင်္ဂလားပင်လယ်အော်နှင့် တကယ့်တမ်း တိုက်ရိုက်ဆိုလျှင် သက်ကယ်အင်္ကျီများကလည်း ကျွန်တော်တို့ အသက်ကို ကယ်နိုင်သည် မဟုတ်။ လှိုင်းများခေါ်ရာ ပင်လယ်ရေအောက်သင်္ချိုင်းကို လိုက်ပါသွားကြရသည်သာ ဖြစ်သည်။ ရေအောက်သင်္ချိုင်းတွင် သင်္ဘောသားတို့ အရိုးတောင်လိုပုံနေပြီ ဖြစ်သည်။

"ဟား"

ဘီယာပုလင်းခွံကို ကျွန်တော် ဝါးတူဖြင့် အသာခေါက်လိုက်သည်။ ကျွန်တော့်ရှေ့မှ ပန်းကန်များ ပြောင်နေပြီ။ အစာအိမ်လည်း ဆန္ဒမပြတော့။

"ဘာအလိုရှိလဲ ဆရာ"

"ရှင်းမယ်"

စားပွဲထိုးကအသင့်ပြင်ထားသော ဘောက်ချာစာရွက်လေးကမ်းပေးသည်။ အောက်ဆုံးမှ စုစုပေါင်း ဂဏန်းလေးလုံးကိုကြည့်ပြီး ကျွန်တော် ဆင်ဖြူတော်နှစ်ကောင်ပေးလိုက်သည်။

"ဒီနားမှာ တည်းခိုခန်းရှိလား"

ဗိုက် ပြဲသနာ ရှင်းပြီးရုံရှိသေး မျက်စိက ဆန္ဒပြလာကြသည်။ ပုသိမ်သူ (၄)ပေါ်တွင် ကျွန်တော် တစ်နေ့လုံး မအိပ်ခဲ့ရ။ အဲ . . . မနေ့ညကလည်း ကောင်းကောင်းအိပ်ခဲ့ရသည် မဟုတ်။ ငွေလှိုင်းဖြူတွင် ပေါက်ပေါက်တို့နှင့် ဝိုင်းကောင်းနေခဲ့သည်မှာ မိုးလင်းသည်အထိ။ ကျောက်ချောင်းမှ ပုသိမ်သူ (၄)တက်လာမှ ဝိုင်းသိမ်းခဲ့ကြသည်။ အသူရာစည်းစိမ်ယစ်နေသော မျက်လုံးများက ကျွန်တော့်ကို စိန်ခေါ်နေကြပြီ။ ကျွန်တော် နားရတော့မည်။

"ရှေ့မှာ ဆရာ"

ခြေလှမ်း မမှားအောင် ကိုယ်မယိုင်အောင် သတိထားပြီး ရင်ခွင်သစ်ထဲမှ ကျွန်တော်ထွက်သည်။ ညဈေးတန်းက နီယွန်မီးရောင်များဖြင့် စည်ကားနေပြီ။

"ရွှေစည်းစိမ် ဧည့်ရိပ်သာ"

တောက်ပသော မီးရောင်များ အိပ်ချင်မှုးတူးမျက်စိထဲ တန်းဝင်လာသည်။ လမ်းဖြတ်ကူးရန် အကျင့်ပါနေသော မျက်စိများက ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လေ့ကျင့်ခန်းလုပ်သည်။

"ဟား"

ရွှေစည်းစိမ်ဘက် ဦးတည်ထားသော ကျွန်တော့်ဝင်ကင်းရှူး ညာဘက်လမ်းကြောင်း ပြောင်းသွားသည်။ အမျိုးသမီး အတွင်းခံပစ္စည်းများရောင်းသော ဆိုင်ရှေ့မှ ကျွန်တော် လမ်းဖြတ်ကူးလိုက်သည်။

**"အိပ်မက်သစ် ဧည့်ရိပ်သာ"**

"နိုင်းစရာရှိရင် ခေါ်လိုက်ပါ"
အခန်းတံခါးဖွင့် မီးဖွင့်ပေးပြီး ဧည့်ကြိုဘဲလ် ပြန်သွားသည်။
ကျွန်တော် အခန်းထဲ ဝင်လိုက်သည်။ အဲယားကွန်းနှင့်၊ တီဗီနှင့်၊ တစ်ယောက်အိပ် ခုတင်နှစ်လုံးနှင့် ရေချိုးခန်းနှင့်။ အိမ်သာ (ဗိုထိုင်)နှင့်၊ အခန်းကနေပျော်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားထိပ်တည့်တည့်တွင် အနီရောင် LED ဆိုင်းဘုတ်ကြီး အထင်းသား။ ဝါစိမ်းနီပြာ မီးလုံးလေးများက တဖျတ်ဖျတ် ပြေးနေသည်။ လှေကားထစ် ခုနစ်ထစ်တက်ပြီးသည့် အခါ ပထမထပ်ရောက်သည်။ အိပ်မက်သစ်သို့ မြားပြထားသည့်အတိုင်း နောက်လှေကား ခုနစ်ထစ် ထပ်တက်လိုက်သောအခါ အိပ်မက်သစ် တံခါးဝကို ကျွန်တော် ရောက်သည်။

"ကြိုဆိုပါတယ်"

အိပ်မက်စိမ်းက ကျွန်တော့်ကို စိမ်းသော်လည်း အိပ်မက်သစ်က မစိမ်း။ အခန်းဝမှ ချာတိတ်က ကျောပိုးအိတ် လှမ်းယူသည်။ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဆင်ဖြူတော်တစ်ကောင်ကောင်တာပေါ် တင်ပေးလိုက်သည်။ မန်နေဂျာက အနီရောင် အသည်းပုံ ပလတ်စတစ်ပြားပေါ်တွင် ရွှေရောင် အိပ်မက်သစ်စာလုံး ရိုက်ထားသော ကီးချိန်းတစ်ခု ကမ်းပေးသည်။ အိပ်မက်သစ် စာလုံးအောက်တွင် စက်ဝိုင်းဖြင့် အင်တာနေရှင်နယ် ဂဏန်းတစ်လုံး ရေးထားသည်။ 4။

"ခိုင်းစရာရှိရင် ခေါ်လိုက်ပါ"

အခန်းတံခါးဖွင့် မီးဖွင့်ပေးပြီး ညီကြိုဘဲလ် ပြန်သွားသည်။ ကျွန်တော် အခန်းထဲ ဝင်လိုက်သည်။ အဲယားကွန်းနှင့်၊ တီဗီနှင့်၊ တစ်ယောက်အိပ်ခုတင်နှစ်လုံးနှင့် ရေချိုးခန်းနှင့်။ အိမ်သာ (ဗိုထိုင်)နှင့်၊ အခန်းက နေပျော်သည်။

"အား"

မှုန်မှေးမှေး အိပ်ချင်မူးတူး မျက်လုံးများကို အိပ်ခွင့်မပြုဘဲ ကျွန်တော် ရေချိုးခန်း ဝင်သည်။ ရေပန်းမှ ထွက်လာသော ရေစက်အေးအေးများက ကျွန်တော့်မျက်လုံးများကို ကျယ်စေသည်။ ထုံထိုင်းထိုင်း ခန္ဓာကိုယ်ကို လန်းဆန်းစေသည်။ ရေချိုးပြီး တီဗီဖွင့်သည်။ ဆီးဂိမ်းလှုံ့ဆော်ရေး သီချင်းလာနေသည်။ အိပ်ရာပေါ် နောက်ပြန်လှဲလိုက်သည်။ အိပ်တာပဲကောင်းသည်။ အဲယားကွန်း စံပယ်ရနံ့သင်းသင်းက ကျွန်တော့်ကို ချော့သိပ်နေသလိုလို။

♛♛♛

"ခေါက် . . . ခေါက် . . ခေါက်"

လေးလံပိကျနေသော မျက်ခွံများကို ကျွန်တော် အတင်းဖွင့်သည်။ မျက်ခွံများက ကျွန်တော့်အမိန့်ကို မနာခံ။ ကျွန်တော့်စိတ်ကလည်း တံခါးခေါက်သံကို မသေချာ။ အိပ်မက်ထဲမှာ ကြားတာလား။ တီဗီက အသံလား။ တကယ် ကြားတာလား။ မကွဲပြား။

"ခေါက် . . . ခေါက် . . ခေါက်"

ဒုတိယမိ နှစ်ကြိမ်မြောက် တံခါးခေါက်သံ ထပ်ကြားရသည်။ သေချာပြီ။ အိပ်မက်ထဲက တံခါးခေါက်သံ မဟုတ်။ တီဗီကလာသော တံခါးခေါက်သံ မဟုတ်။ အပြင်က တကယ် တံခါးခေါက်သံ။ ဘာပြဿနာရှိသည် မသိ။ ညီစာရင်းလာစစ်သလား။

"ခေါက် . . . ခေါက် . . ခေါက်"

ကျွန်တော် လူးလဲထလိုက်ရသည်။ တာဝန်ရှိသူများဖြစ်လျှင် မကောင်း။ ကျွန်တော့် ကို အမြင်စောင်းသွားနိုင်သည်။ မည်သူနှင့်မှ ကျွန်တော် ပြဿနာ မဖြစ်ချင်။

"ခေါက် . . . ခေါက် . . ခေါက်"

"ခေါက်"

"အမယ်လေးဗျာ"

ကျွန်တော် တံခါးပြေးဖွင့်သည်။ ကျွန်တော့်နဖူး အခေါက်ခံလိုက်ရသည်။ တံခါးခေါက်လိုက်သောလက် ကျွန်တော့်နဖူးပေါ် ကျလာခြင်းဖြစ်သည်။ တံခါးဝတွင် ကျွန်တော် ထင်သလို တာဝန်ရှိသူများ မရှိ။ ကျွန်တော့်အခန်းက ညီရိပ်သာနောက်ပိုင်းအစွန်တွင် ရှိသည်။ ညီခန်းနှင့် အတော်ဝေးသည်။ ညီခန်းတွင် ထိန်လင်းနေသော်လည်း ကျွန်တော့်အခန်းက မှောင်ရိပ်သန်းသည်။ ကျွန်တော့်ရင်ခုန်သံမြန်လာသည်။ ကျွန်တော် သရဲအခြောက်ခံရသလား။ အိပ်မက်သစ် ညီရိပ်သာတွင် သရဲရှိသလား။ ဟိုက်ကော်မရှင်နာ တန်ခိုးများပြယ်သွားသည်။ ဘုရား . . . ဘုရား . . . ဘုရား။

"ရှူး"

ကျွန်တော့်နှုတ်ခမ်းပေါ် ဖြူဖြူဝင်းဝင်း လက်ညှိုးလေး ရောက်လာသည်။ အသံတိတ်သွားသော်လည်း ရင်ခုန်သံက မရပ်။ တဒိန်းဒိန်း၊ တဒိုင်းဒိုင်းဖြင့် ပိုခုန်လာသည်။ ကျွန်တော့် ရင်ခုန်သံကို နားကြပ်ဖြင့် နားထောင်လျှင် ဆရာဝန်နားစည် အမှေးပေါက်သွားနိုင်သည်။ အပူချိန်တိုင်း သာမိုမီတာကို ရင်ခုန်သံတိုင်း ကိရိယာရှိလျှင် ကျွန်တော့်ရင်ခုန်သံ အမြင့်ဆုံး အမှတ်တွင် ပြနေမည်မှာ သေချာသည်။ ကျွန်တော့်ရင်ခုန်သံ အမြင့်ဆုံးအမှတ် မရောက်ခံနိုင်ရိုးလား။ သူ့ရဲ့မက လူမယ်ငယ်လှလှ ချောချောလေး ဟန်ဆောင်ပြီး ကျွန်တော့်ကို လာခြောက်နေခြင်း ဖြစ်သည်။ ခြောက်သည်မှာ ရိုးရိုးခြောက်ခြင်းမဟုတ်။ သူ့အပေါ်ပိုင်း အလှအပကို ဗလာကျင်းထားသည်။ အောက်ပိုင်း အလှအပကို ပိုးပဝါနီလေး ပတ်ထားသည်။ ပေါင်သားဖွေးဖွေးများ မှိန်လဲ့လဲ့မီးရောင်အောက်တွင်ပင် ဝင်းပနေသည်။ သက်ရှိ ဗီးနပ်စ်လေး ဖြစ်သည်။

ကျွန်တော့်နှုတ်ခမ်းတွေ ခြောက်လာသည်။ အာခေါက်ခြောက်လာသည်။ မျက်လုံးကျယ်လာသည်။ အိပ်ချင်စိတ် ဘယ်လိုပျောက်သွားသည် မသိ။

"ဝင်မယ်နော်"

အခန်းဝတွင် ရုပ်တုလို ကြောင်ငေးရပ်နေသော ကျွန်တော့်ရင်ဘတ်ကို လက်နုနုလေး

သူမျက်နက်ဝန်းလေးများ မျက်ရည်ခြောက်ရန် ကျွန်တော် ကြိုးစားလိုက်သည်။ သူက ကျွန်တော်နှင့် အကြည့်ချင်း မဆုံအောင် မျက်နှာလွှဲသည်။ "မွှန်း ပြောမယ့်ပုံက ဟိုးရှေးရှေးတုန်းကလို့ အစချီ ပြောရလောက်အောင် အမ်းဒိတ်ဖြစ်နေတဲ့ပုံ မဟုတ်ဘူး ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အသာတွန်းသည်။ ကျွန်တော် နောက်အယိုင်တွင် သူအခန်းထဲဝင်သည်။

"ကလစ်"

သူ အခန်းတံခါး နောက်ပြန်ပိတ်လိုက်သည်။ အိပ်မက်သစ် ညွှိုရိပ်သာ အခန်း (၄) တွင် သူနှင့် ကျွန်တော် နှစ်ယောက်တည်း။ ဘုရား . . . ဘုရား . . . ဘုရား။ ကျွန်တော့် အသည်း၊ အူများကို နှုတ်စားမလားမသိ။ သူ ညို့ချက်က ပြင်းသည်။ ကျွန်တော်မလှုပ်နိုင်။

"ကိုကို"

မြတ်စွာဘုရား။ ရုပ်ဖြင့် ညို့၍ အားမရသေး။ အသံဖြင့် ထပ်ညို့သည်။ ကျွန်တော့်ဒူးတွေ တဆတ်ဆတ် တုန်လာသည်။ ခုတင်ပေါ် လဲမကျအောင် မနည်းအားတင်းထားရသည်။

"ကိုကို"

ပတ်ရှိုးများနှင့် နာဂါးဆက်တွင် ပေါက်ကွဲသော အဏုမြူဗုံးများထက် အဆပေါင်းများစွာ ပြင်းထန်သော ဣတ္ထိယဗုံး ကျွန်တော့်ရင်ထဲတွင် ပေါက်ကွဲသည်။ မိန်းမတို့၏ အသံချွဲနွဲ့နွဲ့လေးသည် ယောကျ်ားတို့၏ ရင်ကို ပေါက်ကွဲတုန်လှုပ်စေသည်အထိ စွမ်းအားပြင်းထန်ပါသလား။ မိန်းမတို့တွင် ဘယ်လိုတန်ခိုးများ ရှိနေပါသလဲ။

"မင်း ဘယ်သူလဲ"

ကျွန်တော့်အသံက တုန်တုန်ရင်ရင်၊ ထစ်ထစ်အအ။ ရင်ခုန်သံ မြန်နေသောကြောင့် အသံက အနိမ့်အမြင့် မမှန်။ သူကိုယ်သင်းရနံ့သင်းသင်းလေးကလည်း ကျွန်တော့်ရင်ခုန်သံကို မြန်စေသည်။ သူ့အသံ ချွဲနွဲ့နွဲ့လေးကလည်း ကျွန်တော့်ရင်ခုန်သံကို မြန်စေသည်။ သူ့အလှအပများကလည်း ကျွန်တော့်ရင်ခုန်သံကို မြန်စေသည်။

"မွန်း"

နီတျာတျာ နှုတ်ခမ်းနှစ်မြွှာကြားမှ တိုးထွက်လာသော လေနွေးနွေးလေး ကျွန်တော့်နားစည်ကို တိုးဝှေ့ပွတ်တိုက်သွားသည်။ မွန်းတဲ့လားကွယ်။

"မင်း။ လမင်း။ မေလမင်းပေါ့"

ပြုံးနွဲ့နွဲ့ ခေါင်းညိတ်ပြသည်။ အစစ်လား။ အတုလား ကျွန်တော် မစပ်စုချင်တော့။ နာမည်နှင့်လှူက လိုက်သည်။ သူ့အလှက လင်းလက်တောက်ပသည်။ သက်ရှိ ဗီးနပ်ရုပ်တုလေး။ အသက်ရှူတတ်သည့် ဗီးနပ်ရုပ်လေး။

"ကိုကို"

"ဟေး"

ပိုးပဝါနီလေး ကျောက်ပြားပေါ် လွင့်ကျသွားသည်။ မွန်း ကိုယ်နွေးနွေးလေး ကျွန်တော့်ရင်ခွင်ထဲ အိကျလာသည်။ မွန်းဟု နွဲ့နွဲ့လေးပြောသော နှုတ်ခမ်းနီတျာတျာလေး ကျွန်တော့်နှုတ်ခမ်းပေါ် ဖိကပ်လာသည်။ ဟိုက်ကော်မရှင်နာ အရသာနှင့် မွန်း နှုတ်ခမ်းအရသာမတူ။ ကျွန်တော့်အတွက်တော့ ဟိုက်ကော်မရှင်နာ အရသာထက် မွန်း နှုတ်ခမ်းအရသာက ပို၍ကောင်းသည်။ ပို၍ ချိုမြိန်သည်။ ပို၍စွဲမက်စရာ ကောင်းသည်။

"ကိုကို"

"မွန်း"

မွန်းကို ကျွန်တော် တင်းတင်းဖက်လိုက်သည်။ မွန်းကလည်း ကျွန်တော့်ကို တင်းတင်းပြန်ဖက်ထားသည်။ ကျွန်တော့်သွေးများ ဆူလာသည်။ ကျွန်တော် ရဟန္တာမဟုတ်။ လူ။ လူမှကာမဘုံသားလူ။ သွေးနှင့်သားနှင့် လူများထဲမှသာမန်လူတစ်ယောက်။ ခပ်ညံ့ညံ့ ဘဲတစ်ကောင်။

အိပ်မက်သစ် ညွှိုရိပ်သာအခန်းအမှတ် (၄) တိတ်ဆိတ်ငြိမ်သက်သွားသည်။ အခန်းထဲတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်၊ နှစ်ယောက်ရှိသော်လည်း စကားသံမကြားရ။ အဲယားကွန်းသံသာ သဲ့သဲ့ကြားရသည် အိုး . . . အသက်ရှူသံပြင်းပြင်း၊ အသက်ရှူသံပြင်းသော်လည်း ဆန့်ကျင်ဘက် မျက်နှာနှစ်ခုက ကြည်နူးခြင်းကျေနပ်ခြင်း၏ သင်္ကေတအပြုံးကိုယ်စီနှင့်။

"မွန်း"

"ကိုကို"

♛ ♛ ♛

"ကလေး"

မိုးလင်းမှ မွန်းကို ကျွန်တော် သေချာကြည့်မိသည်။ ကျွန်တော် ထင်ထားသည်ထက် မွန်းက အများကြီး ပိုငယ်နေသည်။ မျက်နှာနုနုလေးက အသက်နှစ်ဆယ်ပင် မရှိသေးကြောင်း အသံတိတ်ပြောပြနေသည်။ ဗိဘိဆယ်ကျော်သက်ကလေး။ ကျွန်တော် မှားသွားပြီလား။

"ဘယ်လိုဖြစ်ရတာလဲ ကလေးရယ်"

မွန်းမျက်နှက်ဝန်းလေး ကျွန်တော့်ဘက်ဝဲလာသည်။ သက်ပြင်းရှိုက်သံ သဲ့သဲ့ကြားလိုက်ရသည်။

"ဘာကိုလဲ ကိုကို"

"ဒီဘဝဆိုးကြီးထဲကို ကလေး ဘယ်လိုရောက်လာတာလဲ"

"ဟာ။ ကိုကိုက စံပဲကွာ၊ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက ဇာတ်လိုက်အတိုင်းပဲ။ ကိုကိုက မွန်းအကြောင်း ဝတ္ထုရေးမလို့လား။ ကိုကိုက စာရေးဆရာလား"

"မဟုတ်ပါဘူး ကလေးရယ်၊ ကိုကို စာရေးဆရာ မဟုတ်ပါဘူး။ ဝတ္ထုလည်း မရေးတတ်ပါဘူး။ သိချင်တာသက်သက်ပါ။ ကလေး ပြောချင်မှ ပြောပါ"

"မွန်း ပြောတော့ရော ကိုကိုက ယုံမှာလား"

"ကြားဖူးတာတော့ ရှိတယ် ကလေးရယ်။ ကလေးတို့က ပုံပြောကောင်းတယ်တဲ့"

"ဒါဆို မွန်းပုံတစ်ပုံပြောပြမယ်၊ ကိုကို နားထောင်မလား"

မျက်နှာလှလှလေးကို ငေးကြည့်ရင်း ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ မွန်း ဘာပုံပြောမလဲ။ ဇာတ်ကောင် ဘယ်နှယောက်ပါမလဲ ကျွန်တော် သိချင်နေသည်။

"ကိုကို ကြားဖူးတဲ့ပုံတွေက ဟိုးရှေးရှေးတုန်းကလို့ စတယ်နော်"

အားလျော့နေသော ရှိဘော့လို ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော် ကြားဖူးသည့်ပုံတိုင်း ဟိုးရှေးရှေးတုန်းကနှင့်ပဲ အစချီကြသည်။

"ဟာ ကိုကိုကလဲ"

"ဘာဖြစ်လို့လဲ ကလေးရဲ့"

"ခေါင်းချည်းညိတ်နေတယ်၊ စကားမပြောတတ်ဘူးလား"

"ကလေး ပြောတာမှန်တာပဲ၊ ကြားဖူးသမျှပုံတွေက ဟိုးရှေးရှေးတုန်းကနဲ့ စကြ တယ်"

"ခစ် . . . ဂလိုလုပ်စမ်းပါ ကိုကိုရဲ့၊ တစ်ယောက်တည်း ပြောရတာ ဇီးလ် မလာဘူး"

"ကလေးက နားထောင်ဆိုလို့ နားထောင်နေတာပဲကွာ"

"မေးစရာရှိရင် ပြန်မေးပေါ့။ မှားရင်လည်း မှားတယ်၊ မှန်ရင်လည်း မှန်တယ်တော့ ပြောရမှာပေါ့၊ တရားပွဲတွေမှာတောင် ဟုတ်ပါတယ်ဘုရား၊ မှန်ပါတယ်ဘုရားဆိုပြီး တရားထောက်သူတွေ ရှိတာပဲ ကိုကိုရဲ့"

"ကလေးက တရားဟောတာမှ မဟုတ်ဘဲ၊ ပုံပြောနေတာလေ"

"ပုံပြောပွဲမှာ ကိုကိုက ပုံထောက်ပေါ့"

ခိုးခိုးခစ်ခစ် ရယ်သံလေး အခန်းထဲတွင် ပဲ့တင်ထပ်နေသည်။ ရယ်နေသော်လည်း သူ့မျက်နက်ဝန်းများတွင် မျက်ရည်ငွေ့များ ဝဲနေသည်။

"ကောင်းပါပြီဗျာ၊ ကျွန်တော်မျိုးကြီး စုံထောက် . . . အဲ . . . ပုံထောက်လုပ်ပါ့မယ်"

သူ့မျက်နက်ဝန်းလေးများ မျက်ရည်ခြောက်ရန် ကျွန်တော် ကြိုးစားလိုက်သည်။ သူက ကျွန်တော်နှင့် အကြည့်ချင်း မဆုံအောင် မျက်နှာလွှဲသည်။

"မွန်း ပြောမယ့်ပုံက ဟိုးရှေးရှေးတုန်းကလို့ အစချီ ပြောရလောက်အောင် အမ်းဒိတ် ဖြစ်နေတဲ့ပုံ မဟုတ်ဘူး ကိုကို"

"ဒါဆို ကလေးက မော်ဒန်စတိုရီ၊ ဒယ်ူး စတိုရီ ပြောမှာလား"

"ဟော ကိုကို တော်လာပြီ ဟုတ်တယ် ကိုကို၊ မွန်း ပြောမှာပုံပြင်သစ်၊ ပုံပြင်သစ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဟိုးရှေးရှေးတုန်းကလို့ စပြောလို့ မရဘူး ကိုကိုရဲ့"

"ကလေး ဘယ်လိုစပြောမလဲ"

"တစ်ခါတုန်းက"

"တစ်ခါတုန်းက"

သည့်တစ်ခါ ခေါင်းညိတ်သူက မွန်း။ ဝဲကျလာသော ရွှေဝါနုရောင် ဆံနွယ်စလေးများကို ကျွန်တော် သပ်တင်ပေးလိုက်သည်။

"ပြောလေ ကလေး"

ငြိမ်နေသော မွန်းခေါင်းကို ကျွန်တော် ဖွဖွပုတ်လိုက်သည်။ မွန်း သက်ပြင်းရှိုက်လိုက်ပါသလား။

"တစ်ခါတုန်းက ညောင်ပင်သာဆိုတဲ့ တောရွာလေးတစ်ရွာမှာ မိသားစု သုံးယောက် နေကြတယ်။ မိသားစု သုံးယောက်မှာ အဖေက လယ်သမားကြီး၊ အမေက လယ်သူမကြီး၊ လယ် ၁၅ ဧက ပိုင်ကြတယ်။ သူရင်းငှား တစ်ယောက်နဲ့ကိုယ်တိုင်ထွန်ယက် စိုက်ပျိုးကြ တယ်။ သူတို့ သမီးလေးက ကျောင်းတက် တယ်"

"အဲဒီ လယ်သမားကြီးမိသားစုက သူဌေးတွေလား"

"အချမ်းသာကြီး မဟုတ်ပေမယ့် အိုးပိုင် အိမ်ပိုင်နဲ့ နေနိုင်ကြပါတယ်။ ဖွယ်ဖွယ်ရာရာ စားနိုင်သောက်နိုင်ကြပါတယ်။ ခန့်ခန့်ထည် ထည် ဝတ်နိုင်ဆင်နိုင်ကြပါတယ်။ သီတင်း ကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်အခါကြီးရက်ကြီး တွေမှာ လှူနိုင်တန်းနိုင်ကြပါတယ်"

"ဒါဆို လယ်သမားကြီးမိသားစု အရမ်း ပျော်ရွှင်ကြမှာပေါ့"

"အရမ်းကို ပျော်ရွှင်ကြတာပေါ့ ကိုကို ရယ်၊ ဒါပေမဲ့ . . . "

မွန်း အသံတိတ်သွားသည်။ ကျွန်တော် မွန်းကို လှမ်းကြည့်သည်။ အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ဖိပြီး မွန်းငြိမ်နေသည်။

"ဒါပေမယ့် ဘာဖြစ်လဲ ကလေး"

ကျွန်တော် သိချင်နေသည်။ ပျော်ရွှင်နေသည့် လယ်သမားကြီးမိသားစု ဘာဖြစ်လို့လဲ။ လယ်သမားကြီး မြွေကိုက်ခံရသလား။ လယ်သူမကြီး ရေနစ်သလား။ သူတို့သမီးလေး သွေးလွန်တုပ်ကွေး ဖြစ်သလား။

"စီမံကိန်းတစ်ခုကြောင့် လယ်တွေ သိမ်း တဲ့အထဲမှာ အဲဒီလယ်သမားကြီးရဲ့ လယ် ၁၅ ဧကလည်း ပါသွားတယ်"

ကျွန်တော် ထင်တာ တစ်ခုမှမဟုတ်။ မွန်းချက်နှင့် နှမ်းထွက်လွဲသွားသည်။

"လယ်သမားကြီးရဲ့လယ် ၁၅ ဧက အ သိမ်းခံလိုက်ရတယ်"

"ဟုတ်တယ် ကိုကို၊ လယ်သမားကြီးပိုင် တဲ့ လယ်တွေအားလုံး အသိမ်းခံလိုက်ရတယ်"

"လျော်ကြေးတွေ အများကြီး ရမှာပေါ့"

"ရပါလိမ့်မယ် အားကြီးကြီး"

"မရဘူးလား"

"မရဘူး၊ တစ်ပြားမှ မရဘူး၊ သိမ်းတယ် လို့ ပါးစပ်ကပြောပြီး လယ်ထဲက ခွေးလို၊ နွား လို၊ ဝက်လို မောင်းထုတ်ခံလိုက်ရတာ"

"ဒါဆို သူတို့ ဘာလုပ်စားကြလဲ"

"ရွာက အိမ်လေးကို ရသလောက်နဲ့ ရောင်းပြီး ရန်ကုန်ပြေးလာကြတယ်။ တောင်ဒဂုံ မှာ အိမ်ငှားနေကြတယ်"

"ဘာလုပ်ကိုင်စားကြလဲ"

"ဩော် . . . ကိုကိုကလည်း မေးရက် လိုက်တာနော်၊ လယ်သမားက လယ်ပဲထွန် တတ်၊ လယ်ပဲစိုက်တတ်၊ လယ်ပဲရိတ်တတ် တာကို"

"ရန်ကုန်မှာ လယ်စိုက်လို့မှ မရတာ ကလေးရဲ့"

"လယ် မစိုက်ရတော့ ဆိုက်ကားနင်းရ တာပေါ့"

မွန်းအသံက တိုးတိုးသဲ့သဲ့၊ ကျွန်တော့် ရင်ထဲဟာသွားသည်။

"ဒါပေမဲ့ သူတို့တစ်ခုတော့ ကံကောင်း တယ် ကိုကို"

"ဘာကံကောင်းတာလဲ"

"သူတို့ သမီးလေး ကျောင်းနေရတယ်၊ ရွာမှာဆို မူလတန်းနဲ့ ပြီးရမှာ၊ တောင်ဒဂုံ ရောက်တော့ အထက်တန်းကျောင်းတက်နိုင် တယ်၊ တက္ကသိုလ် ပို့ဖို့အထိ မျှော်မှန်းထားကြ တာ၊ အဖေက ဆိုက်ကားနင်း၊ အမေက ကွမ်း ယာဆိုင်ဖွင့်၊ သမီးလေးက ဆယ်တန်းတက်၊ အဲဒီလို ဘဝကို ဆင်းဆင်းရဲရဲ တည်ဆောက် နေလာကြတာ၊ သူတို့သမီးလေး ဆယ်တန်း နောက်ဆုံးဘာသာ ဖြေပြီးတဲ့နေ့ ညနေပိုင်းမှာ"

မွန်း အသံတိမ်သွားသည်။ တစ်စုံတစ်ခု ဖြစ်တော့မည်ကို ကျွန်တော် သိနေသလိုလို ရှိသည်။ ဘာတစ်စုံတစ်ခုမှန်းတော့ မသေချာ။ စောစောကလို မွန်းချက်နှင့်နှမ်းထွက် လွဲသလို လွဲချင်လွဲနိုင်သည်။

"လယ်သမား အငြိမ်းစား ဆိုက်ကား သမားကြီး ကားတိုက်ခံရလို့လား"

"ဟုတ်တယ် ကိုကို၊ လယ်သမား အငြိမ်းစား ဆိုက်ကားသမားကြီး ကားတိုက်ခံရ တယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ် ကျွန်တော့်မှန်းချက်မလွဲ။ ကျွန်တော့်မှန်းချက်နှင့် နှမ်းထွက်ကိုက်သည်။ လယ်သမား အငြိမ်းစား ဆိုက်ကားသမားကြီး ကျတော့ မသက်သာ၊ ကားတိုက်ခံရသည်။

"ပွဲချင်းပြီးရောလား"

မှန်း ခေါင်းခါသည်။ ဟူး . . . တော်ပါသေးရဲ့။ လယ်သမားအငြိမ်းစား ဆိုက်ကားသမားကြီး မသေ။

"သူ့မိန်းမနဲ့ သမီး ရောက်သွားတော့ သူ့သမီးကို ကျောင်းဆက်ထားဖို့ မိန်းမကိုမှာတယ်၊ သူ့သမီးလည်း စာကြိုးစားဖို့ပြောပြီး လယ်သမား အငြိမ်းစားဆိုက်ကားသမားကြီး သေသွားတယ်"

အခန်းထဲတွင် အဲယားကွန်းအသံနှင့် ကျွန်တော်တို့ အသက်ရှူသံမှလွဲ၍ ဘာသံမှ မကြားရ။ တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။

"ကလေးပုံက မဆုံးသေးဘူးလေ"

"ဟုတ် ကိုကို၊ မှန်းပုံက မဆုံးသေးပါဘူး။ မှန်းဆက်ပြောပါ့မယ်၊ ဆိုက်ကားသမားကြီး သမီးလေးဆယ်တန်းအောင်တယ်၊ အောင်တာမှ သချာ်၊ အင်္ဂလိပ်၊ နှစ်ဘာသာဂုဏ်ထူးနဲ့အောင်တာ"



"တော်လိုက်တာကွာ၊ တက္ကသိုလ်တော့ ဆက်တိုက်နိုင်မယ် မထင်ဘူး"

"တက်တယ် ကိုကို၊ ကောင်မလေး အီးမေဂျာနဲ့ တက္ကသိုလ်တက်တယ်၊ ကောင်မလေးက မတက်ချင်ဘူး။ ရုပ်ါမားကက်တစ်ခုခုမှာ အရောင်းစာရေး ဝင်လုပ်ချင်တာ၊ ကောင်မလေးအမေက အတင်းတက်ခိုင်းတာ၊ သူ့အဖေကတာဝန်ပေးသွားတယ်တဲ့။ သူကလည်း သူ့သမီးကို ပညာတတ်ဖြစ်စေချင်တယ်တဲ့၊ သူ့အမေ အတင်းတက်ခိုင်းလို့ ကောင်မလေး တက္ကသိုလ် တက်ဖြစ်တာ"

"ဘွဲ့ရလား"

မှန်း ခေါင်းထပ်ခါပြန်သည်။ ကောင် မလေး တက္ကသိုလ်တက်ပြီး ဘွဲ့မရဘဲ ဘဲရသွားလို့လား။

"ဘာဖြစ်လို့လဲ ကလေးရဲ့"

"သူ့အမေ နေမကောင်းလို့"

"ဘာရောဂါလဲ"

"HIV"

ကုရာနတ္ထိ ဆေးမရှိ။ ကံကြမ္မာရိုက်ချက်က အတော်ကြမ်းသည်။

"ဘယ်လိုဖြစ်တာလဲ ကလေးရယ်"

"ကောင်မလေး ကျောင်းစရိတ်အတွက် သူ့အမေက လိင်ကုန်သည် လုပ်ခဲ့ရတာလေ၊ ကောင်မလေးလည်း ဒုတိယနှစ် တက္ကသိုလ် ပြောင်းလိုက်ရတယ်"

"ဘယ်တက္ကသိုလ်ပြောင်းတာလဲ"

"ဘဝတက္ကသိုလ်"

"ဘယ်ဘဝတက္ကသိုလ်လဲ"

"ဟာ . . ရှင်ကြီးကလဲ၊ တကယ် အမေး အမြန်းထူတာပဲ၊ စပ်စု ကိုကို"

"ကလေးပဲ ပုံထောက်ဆိုကွ"

မှန်း နှုတ်ခမ်းနီတျာလေး စူသွားသည်။ မျက်နက်စောင်းလည်း ကျွန်တော့်ဘက် ဝဲလာသည်။

"မှားပါတယ်ရှင်၊ အရင်းအနှီးလည်း မရှိ၊ ပညာကလည်း မတတ်တော့ သူ့အမေကို ဒေါ်ဖြူဖြူသင်းဆီ အပ်ပြီး ကောင်မလေး သူ့အမေအမွေ ဆက်ခံရတာပေါ့ ကိုကိုရဲ့ ဟွန်း"

"ဟာ"

"မဟာနဲ့ ကိုကို၊ လိင်ကုန်သည် လုပ်ရတာ ငွေအရင်းအနှီး၊ ပညာအရင်းအနှီးတွေ ဘာမှမလိုဘူး၊ သဘာဝ အရင်းအနှီးတစ်ခုပဲ လိုတယ်၊ ဘာသဘာဝ အရင်းအနှီးလဲလို့ ကိုကို မမေးနဲ့နော်"

"မမေးနဲ့ဆို မမေးပါဘူး၊ ဒါပေမဲ့ ဇာတ်တော့ ပေါင်းပေးရမယ်နော်"

"မှန်း ဇာတ်ပေါင်းပေးရမယ်"

"ဟုတ်တယ်လေ၊ ပုံအဆုံးမှာ ဇာတ် ပေါင်းပေးရတယ် မဟုတ်လား"

"ကောင်းပြီလေ၊ မှန်း ပုံလည်း ဆုံးနေပါပြီ၊ မှန်း ဇာတ်ပေါင်းပေးပါ့မယ်၊ လယ်သမားအငြိမ်းစားဆိုက်ကားသမားကြီးက မှန်းအဖေ၊ ဒေါ်ဖြူဖြူသင်းဆီ ရောက်နေတဲ့ လိင်ကုန်သည်က မှန်းအမေ၊ အမေ့အတွက် ဆေးဖိုးကို လိင်ကုန်သည်လုပ်ပြီး ရှာနေတဲ့ အီးမေဂျာ ဒုတိယနှစ် ကောင်မလေးက . . . "

"တော်ပါတော့ ကလေးရယ်"

ကျွန်တော် ဆက်နားထောင်နိုင်စွမ်း မရှိတော့။ တဆတ်ဆတ်တုန်နေသော မှန်းကိုယ်လေးကို ကျွန်တော့်ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး ပါးချင်းကပ်ထားလိုက်သည်။ ကျွန်တော့်ပါး ပူပူနွေးနွေး ဖြစ်လာသည်။ မှန်းကိုယ်လေး တသိမ့်သိမ့် တုန်နေသည်။ ကလေးရယ်၊ အဖြစ်ဆိုးလိုက်တာ။

"မှန်းတို့က ဒီဘဝကို ပစ်ကနစ် ထွက်လာကြတာ မဟုတ်ဘူး ကိုကို၊ ကဗျာဆရာ၊ စာရေးဆရာတွေ ရေးသလို ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက် လွမ်းရေးခက် ဆိုတာမျိုးလည်း မဟုတ်ဘူး။ ပြည်ထဲရေးနှင့် လွမ်းရေးတို့ထက် ဝမ်းရေးခက်လို့ လိင်ကုန်သည်တွေ လုပ်နေကြရတာပါ။ မှန်း . . မှန်း . . ရှည်းစားကိုပစ်ပြီး လိင်ကုန်သည် လုပ်ရတာပါ ကိုကို"

"တို့လည်း ဘင်္ဂလားပင်လယ်အော်ထဲ မှာ အသက်နဲ့ရင်းပြီး ဝမ်းစာရှာနေရတာပါကွာ"

ဝမ်းတစ်ထွာမို့သာ တော်တော့သည်။ ဝမ်းတစ်တောင်ဆို လူတွေရှိတော့မည် မဟုတ်။

"ကိုကို တက်လာတုန်းက တွေ့တယ်မို့လား။ ညှိခန်းမှာ မိန်းမတွေ အများကြီး၊ ဒီကိုလာတဲ့ ဘဲတွေထက် မှန်းတို့က များနေတယ်"

"ဘာလို့ အဲလောက်တောင် များနေရတာလဲကွာ"

"စောစောက ပြောခဲ့ပြီးပြီလေ၊ မှန်းတို့ အိပ်မက်သစ်ကို ပစ်ကနစ် ထွက်လာကြတာ မဟုတ်ဘူးလို့။ မှန်းတို့ တစ်ယောက်စီ တစ်ယောက်စီမှာ ရှင် မကြားဖူးသေးတဲ့ ပုံတစ်ပုံစီ ရှိတယ် ကိုကို၊ ပုံတွေကို ယုံချင်မှ ယုံပါ၊ ဒါပေမဲ့ မှန်းတို့အိပ်မက်သစ်ကို ပစ်ကနစ် ထွက်လာကြတာ မဟုတ်ဘူးဆိုတာကိုတော့ ရှင် ယုံကြည်ပေးပါ ကိုကို၊ မှန်း ကျိန်ပြောရဲပါတယ်။ မှန်း လိမ်ညာပြောခဲ့ရင် ဒီဘဝက . . . "

"ယုံပါတယ် ကလေးရယ်"

ကျိန်တွယ်နေသော မှန်း နှုတ်ခမ်းနီနီ ကို ကျွန်တော့်နှုတ်ခမ်းဖြင့် အတင်းဖိကပ်ပိတ်ရသည်။ လက်ဖြင့်ပိတ်၍ ရမည်မဟုတ်သည်မှာ သေချာသည်။ ခြော် ကလေးရယ် . . ဘဝကလည်း မုန်တိုင်းထန်ထန်၊ လှိုင်းကြမ်းကြမ်း ပါလားကွာ။

www.burmeseclassic.com

www.burmeseclassic.com



"တို့ဆိုင်မှာ ပစ္စည်းသွားမှာရဦးမယ်၊ ကလေး လိုက်မလား"

မွန်း ခေါင်းခါသည်။ ညှော့ရိပ်သာက လူမြင်သူမြင် မလုပ်ရန် တားမြစ်ထားပုံ ရသည်။ သိသာသိစေ မမြင်စေနှင့်။ ပတ်ဝန်းကျင်တွင် လူများရှိသည့်အတွက် သတိထားရသည်။

"အပြီး ပြန်မှာလား"

"သဘော်က မနက်ဖြန်မနက် ၅ နာရီမှ ထွက်မှာ၊ ပစ္စည်းမှာပြီး ပြန်လာခဲ့မယ်။ မနက်စာ ဝယ်လာမယ်၊ ဘာစားမလဲ"

"ထမင်းပေါင်း"

"အိုကေ"

ဆင်ဖြူတော်ခြောက်ကောင် ကျွန်တော် ပေးလိုက်သည်။ အနမ်းတစ်ပွင့် ပေးပြီး အခန်းထဲမှ မွန်းထွက်သွားသည်။ ပိုးပဝါနီလေး ခုတင်ပေါ်တွင် ကျန်ရစ်သည်။

"မစန်းစန်းလွင်"

နောင်ရိုးတွင် လက်ဖက်ရည်နှင့် ပဲနံပြား စားသောက်ပြီးမှ အိပ်မက်စိမ်းကို ကျွန်တော် သွားသည်။ မနေ့ကလို အိပ်မက်စိမ်းက မစိမ်းကားတော့။ တံခါးဖွင့်ထားသည်။ ကပ်စတန်မာ နှစ်ဦးသုံးဦးပင် ရောက်နေပြီ။ ပရိုမိုးရှင်းဂဲလ် လေးများကလည်း လှမှ လှ၊ တောင့်မှ တောင့်၊ ဖြောင့်မှဖြောင့်။ လက်မောင်းလေးများက တဝင်း ဝင်း။ ပေါင်လေးများက တဖွေးဖွေး။

"ဟော ကိုအောင်မောင်း။ အစောကြီးပါ လား၊ ကားနဲ့လာတာလား"

"ကားနဲ့လာတာ မဟုတ်ပါဘူးဗျာ။ မနေ့ ကတည်းက ရောက်နေတာပါ"

"ဆိုင်ကို ခုမှ လာရလား"

မနေ့က ပုသိမ်သူ (၄) အဖြစ်ကို ကျွန် တော် ရှင်းလင်းချက် ထုတ်ရသည်။ စန်းစန်း လွင်ကို မနေ့က လာမည်ဟု ကျွန်တော် ဖုန်း ဆက်ထားသည်။

"မနေ့က လာမယ်ဆိုလို့ပစ္စည်းတွေ ရယ်ဒီလုပ်ထားတာ"

"သုံးသိန်း ပေးခဲ့မယ်"

"ရပါတယ်ရှင်၊ မနက်စာ ကျွန်မ ကျွေး မယ်၊ ဘယ်ဆိုင်စားမလဲ၊ ခေါက်ဆွဲကြီးလား။ ဖွန်ပန်း လား။ နောင်ရိုးလား"

"ဆောရီး မစန်းစန်းလွင်၊ သူငယ်ချင်း တစ်ယောက်နဲ့ ချိန်းထားပြီးနေပြီ။ ပစ္စည်းတွေ ကို စုံအောင် ထည့်ဗျာ၊ ပိုရင်ပိုပစေ။ မလိုစေ နဲ့"

"စိတ်ချ၊ စုံလည်း စုံတယ်၊ ပိုလည်း ပိုတယ်။ အားလုံး ရယ်ဒီပဲ။ ညနေ ရွှေစင်ကြယ် ကို ချပေးမယ်၊ ထမင်းမစားရင် တစ်လုံးယူ သွား။ ဘာယူမလဲ"

"ကျော်နီလမ်းလျှောက်"

စန်းစန်းလွင် ကျော်နီဝါးကား တစ်ပုလင်း ထုတ်ပေးသည်။ သူနှင့်ကျွန်တော်တို့က ငြင်း နေရမည့်သူများ မဟုတ်။

"သဘော်ကို ဘယ်အချိန်လာမလဲ"

"ချသာ ချထားလိုက်ပါ"

"ဒါဆိုပြီးရော"

လာရင်းကိစ္စ ပြီးသွားပြီဖြစ်၍ မွန်းကို ကျွန်တော် သတိရသွားသည်။ အရွယ်နှင့်မမျှ အောင် ဒုက္ခရောက်နေရှာသော ကလေးမ လေး ကျွန်တော့်အစ်မ၊ ကျွန်တော့်ညီမဆိုလျှင် အတွေးနှင့်ပင် ကျွန်တော် ကျောချမ်းသွား သည်။

"သွားမယ် မစန်းစန်းလွင်"

ကုန်သည်လမ်းကို ဖြတ်ကူးပြီး Sky Food တွင် ဂျေဒိုးနတ်ဘူးကြီးတစ်ဘူး ဝယ် သည်။ ထမင်းပေါင်းဝယ်ရန် ဖီဘိန်ဘက် ထွက် လာသည်။

"ကလေးရဲ့ ကိုကို"

ရွှေစေတီလမ်းကို ဖြတ်ကူးရန် ပြင်နေ သော ကျွန်တော့်ခြေလှမ်း တုန့်သွားသည်။ ညာ ဘက်လှည့်အကြည့်တွင် အမျိုးသမီး သုံး ယောက်။ ကျွန်တော် မသိသော မျက်နှာစိမ်း များ။

"မွန်းလေး ကိုကို ဟုတ်ပါတယ်နော်"

ကျွန်တော် ခေါင်းဆတ်ပြလိုက်သည်။ အိပ်မက်သစ်က ငွေလမင်းများ ဖြစ်မည်။ မွန်း ဖောက်သည်ချထားပုံ ရသည်။ ကလေး၊ ကိုကို နာမ်စားများ သိနေကြသည်။

"ကလေး မပါဘူးလား"

"ရှင့်ကလေး ရန်ကုန်ပြန်မလို့"

"အိပ်မက်သစ်မှာ ဘာဖြစ်လို့လဲ"

"အိပ်မက်သစ် ပြဿနာ မဟုတ်ဘူး၊ မွန်းလေး ပြဿနာ"

"ကလေး ဘာ . . ."

"ရှင်နဲ့ပြနေဖို့ အချိန်မရှိဘူး ရွှေမင်္ဂလာ ကားနဲ့သွားမှာ၊ လာစမ်းပါရှင်၊ ဟိုရောက်ရင် သိမှာပေါ့"

'အမျိုးသမီးသုံးယောက်နှင့် ကျွန်တော် ကုန်သည်လမ်းကို ဖြတ်ကူးသည်။ ရွှေစေတီ လမ်း မြောက်ဘက်ကမ်းတွင် အဝေးပြေးကား ဂိတ်များ ရှိသည်။

"ဘာဖြစ်လို့လဲဗျ"

"လာစမ်းပါ မြန်မြန်၊ မမီဘဲနေမယ်၊ မသိမှာ မပူနဲ့၊ ရှင် သိကို သိရမယ်"

ချမ်းမြေ့အေး၊ မြင့်၊ စိုးအေး၊ ပုသိမ်သူ ကားဂိတ်များကို ကျော်လာသည်။ ခရီးသည် ကြိုသံများ ဆူညံနေသည်။

"မွန်းလေး"

ရွှေမင်္ဂလာကားဂိတ်ထဲ အမျိုးသမီးသုံး ယောက် ပြေးဝင်သွားသည်။ ခုံတန်းလျားတွင် ကျောက်ဆစ်ရုပ်ငယ်လေးလို မွန်းက ငုတ်တုတ်။ ပါးမို့လေးများပေါ်တွင် မျက်ရည်မြစ်နှစ်စင်း။

"အဲလို ညစိမ်း၊ ကြယ်စိမ်း လစိမ်း၊ လေစိမ်း ခက်ထန်၊ နှင်းကျသံစွက်၊ သမွန်ထက်မှာ၊ ဂန်ဘားနဲ့ ပျံ့လွှား၊ နှစ်ယောက် သား တွေ့ကြရာက"
ဘီယာတန်ခိုးဖြင့်
မျိုးဇော်ထွန်းအသံက
ညြညြရှုရှု။ ပန်းတော်ဝင်ထဲမှ
ဘော်ဒါများ ငြိမ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ မွန်းလေး၊ ဒါယူသွား။ ငါတို့ဆီထာနာ နှင် မငြင်းနဲ့"

အမျိုးသမီး သုံးယောက်ထဲမှ တစ်ယောက်က ငွေစက္ကူတစ်ထပ် ကမ်းပေးသည်။ မွန်းက မယူ။ ပေါင်ပေါ်တင်ပေးလိုက်သည်။

"မယူလို့ မရဘူး နှင့်အတွက် အရမ်းအိပ်အစ်နေတာ၊ မန်နေဂျာနဲ့ ဝန်ထမ်းတွေကလည်း တစ်သောင်းပေးလိုက်တယ်"

ဘာဖြစ်နေမှန်း ကျွန်တော် မသိ။ မွန်းကလည်း ကြိတ်ရှိုက်နေသည်။ မျက်ရည်များက ပါးနှစ်ဖက်ပေါ် အဆက်မပြတ်။

"ဘာဖြစ်လို့လဲ ကလေး"

"အီး . . ဟီး . ."

"မွန်းလေ အမေ သေပြီ"

"ဗျာ"

"ရှင် ထွက်သွားပြီး ရန်ကုန်ကတစ်ယောက် ရောက်လာတယ်။ ဒေါ်ဖြူဖြူသင်းဆီမှာ အပ်ထားတဲ့ မွန်းလေးအမေ သေပြီတဲ့။ ကျော်သူတို့ ရေဝေးယူသွားကြပြီ၊ မနက်ဖြန် သင်္ဂြိုဟ်မှာ"

မွန်းကို ကျွန်တော် မကြည့်ရက်။ မွန်းနှင့်ထဲ နာဂစ်ထက် အဆပေါင်းများစွာ ပိုဆိုးသော သောကမုန်တိုင်း တိုက်ခတ်နေမှာ သေချာသည်။ အမေတစ်ခု၊ သမီးတစ်ခု ဘဝမှ မွန်းတစ်ကောင်ကြွက်ဖြစ်ပြီ။ မွန်းတွင် နေမင်းကြီးရော၊ လမင်းကြီးပါ ကွယ်သွားပြီ။ မွန်းရယ်။ ကလေးရယ် . . . ။

"ကလေး"

မျက်ရည်များ ပေလူးစွတ်စိုနေသော မျက်ဝန်းများဖြင့် ကျွန်တော့်ကို မွန်း မော့ကြည့်သည်။ ပင့်သက်ရှိုက်ရှုံ့မှုလွဲ၍ ကျွန်တော်လည်း ဘာမှမတတ်နိုင်။

"ဒါလေး ယူသွား ကလေး"

ဆင်ဖြူတော်ခြောက်ကောင် ကျွန်တော် ကမ်းပေးသည်။ မွန်း ခေါင်းတွင်တွင်ခါသည်။ မျက်ရည်စက်လေးများ ကျွန်တော့်ဘက် လွင့်စင်လာသည်။

"ယူသွားပါ ကလေးရယ်"

"ကိုကိုသုံးဖို့ ကျန်သေးလို့လား"

"နှင့်ကိုကိုအတွက် စိုးရိမ်မနေနဲ့၊ ငါ တာဝန်ယူတယ်၊ စားရေး အိပ်ရေးအားလုံး ငါ့တာဝန်ထား"

ခေါင်းတယမ်းယမ်းဖြင့် ငြင်းနေသော မွန်းလက်ထဲ ဆင်ဖြူတော်များ ကျွန်တော် အတင်းထည့်ပေးသည်။ မွန်းက ဆင်ဖြူတော်များနှင့်အတူ ကျွန်တော့်လက်ကိုပါ ဆုပ်ထားသည်။

"ကင်ပလင်ကျွန်းသွားဖို့ ကားပေါ်တက်ကြပါခင်ဗျား"

ကြိုပို့ကားအထိ ကျွန်တော့်လက်ကို မွန်း မလွှတ်။ အမျိုးသမီးများက မွန်း ဟမ်းဘက်ကို ကူသယ်ပေးကြသည်။

"လမ်းမှာ ဆာရင်း စားဖို့"

ကားပြတင်းပေါက်မှ ဂျော်ဒိုးနတ်ဘူး လှမ်းပေးလိုက်သည်။ မွန်းမျက်နက်ဝန်းလေးများတွင် မျက်ရည်မခန်းသေး။

"လူစုံပြီလားခင်ဗျာ၊ လူစုံရင်ထွက်မယ်"

"ကိုကို့ကို နှင် တကယ်တာဝန်ယူမှာလား မေလှိုင်း"

**"စိတ်ချ။ စိတ်ချ"**

**"သွားမယ် ကိုကို"**

မျက်ရည်လူးသော မွန်းအပြုံးက နွမ်းနေသည်။ မြောက်ပြသောလက်က အားမပါ။ ဪ . . . သောကခရီးသည်မလေး။ ကြိုပို့ကာ နောက်မီးနီ ပျောက်သွားသည်အထိ ကျောက်ရုပ်ကြီးလို ကျွန်တော် ရပ်နေမိသည်။

"ကဲ . . . လူကြီး ရှင့်ကလေးက ကျွန်မကို လက်လွှဲပေးသွားပြီ၊ ရှင် . . . ကလေးရဲ့ ကိုကို မဟုတ်တော့ဘူး။ မွန်းလေးကိုကို မဟုတ်တော့ဘူး။ ကျွန်မကိုကို ဖြစ်သွားပြီ၊ မေလှိုင်းကိုကို ဖြစ်သွားပြီ၊ လာ . . . သွားမယ်"

"ဘယ်သွားမှာလဲဗျ"

"အိပ်မက်သစ်လေ"

ကျွန်တော် ခေါင်းခါပြလိုက်သည်။ အိပ်မက်သစ်တွင် မွန်း မရှိတော့ဆိုသည့်အသိက ကျွန်တော့်ရင်ကို လွမ်းမောဆွတ်ကျင်စေသည်။

"ရှင် မလိုက်ဘူးလား။ ဘာဖြစ်လို့လဲ"

"ကလေးမှ မရှိတာဗျာ"

"ကျွန်မ ရှိတယ်လေ၊ မေလှိုင်း ရှိတယ်လေ"

"မေလှိုင်းက ကလေးမှ မဟုတ်တာ ဗျာ"

"ဟွန်း"

ကျွန်တော် အိပ်မက်သစ် ပြန်မလိုက်။ ရွှေမုဒ္ဒောဘုရားပေါ် တက်နေပြီး ညနေတွင် ရွှေစင်ကြယ်ပေါ် ဆင်းသည်။ ဂျော်နီဝါးကား ပုလင်းလည်း ပြောင်သွားသည်။ ကျွန်တော်လည်း ရေယာဉ် ဘယ်လိုထွက်လာသည်မသိ။

♛ ♛ ♛

"ဟာ ဟော့ကောင် အောင်မောင်း၊ ဘာပေါင်နေတာလဲ၊ ဘီယာလည်း အမြှုပ်တွေ သေနေပြီ"

အော်ကျယ်အော်ကျယ်ဖြင့် ပန်းတော်ဝင်ထဲ မျိုးဇော်ထွန်းဝင်လာသည်။ ကျွန်တော့်ရှေ့မှ ဘီယာခွက်ကို ယူမော့သည်။

"ကဗျာဖတ်နေတာကွ"

မျိုးဇော်ထွန်း ပခုံးတွန့်ပြသည်။ စားပွဲ ပေါ်မှ စာအုပ်ကို လှမ်းကြည့်သည်။

"နှင်နဲ့ ကဗျာ ဘာဆိုင်လို့လဲဟ"

"ဘာလို့ မဆိုင်ရမှာလဲကွ"

"နှင်က သဘော်သားလေ"

"သဘော်သားကဗျာ မဖတ်ရဘူးလား"

"ဟာ ဖတ်ရပါတယ်၊ ငါပြောတာက နှင်တစ်ခါမှ ကဗျာမဖတ်ဘဲ ခုမှဖတ်လို့ အံ့သြတာပါ။ ဘာကဗျာလဲ"

**"ညသည် ရယ်သွမ်းသွေးနေ၏"**

"ဟာ ငါမေးတာ ကဗျာခေါင်းစဉ်ကွ"

"ငါ ပြောတာလည်း ကဗျာခေါင်းစဉ်ပဲ၊ ဒီမှာကြည့်"

မျိုးဇော်ထွန်းရှေ့ ကျွန်တော် စာအုပ်ချပြလိုက်သည်။ ၂၀၁၃၊ အောက်တိုဘာ ရောင်ပြန်မဂ္ဂဇင်း။

"ဪ . . . အေး၊ ညသည် ရယ်သွမ်းသွေးနေ၏ ဖြိုးထိန်ရေးတဲ့ကဗျာ၊ မင်း ဘယ်က ရတာလဲ"

**"လှိုင်မှာ လျှပ်တစ်ပြက်ဂျာနယ် သွားငှားရင်း တွေ့တာ"**

**"ခေါင်းစဉ်ကြိုက်လို့ ငှားလာတာလား"**

**"မင်း ဖတ်ကြည့်လေ"**

မျိုးဇော်ထွန်း ဘီယာဇန်ခွက်မြှောက်သည်။ ရေခန်တား တာတခ်ကို လှိုင်းများ တဝုန်းဝုန်း ရိုက်ပုတ်နေကြသည်။

**"ဂေါ်ဂီ ရေရှူး လွမ်းခဲ့ဖူးတဲ့၊ ဆောင်းဦးည ဝတ္ထု၊ သမုဒ္ဒယပုံပြင်၊ ရင်ခုန်ရင်းဖတ်၊ ဖတ်ရင်း ရင်ခုန်"**

မျိုးဇော်ထွန်း ကဗျာရွတ်သည်ကို ပန်းတော်ဝင်ထဲမှ ဘော်ဒါများ တအံ့တသြ ဝိုင်းကြည့်ကြသည်။ ကဗျာရွတ်သည်ကို သူတို့တစ်ခါမှ မကြုံဖူးကြသေး။

**"အဲလို ညစိမ်း၊ ကြယ်စိမ်း၊ လစိမ်း၊ လေစိမ်း ခေါ်ထန်၊ နှင်းကျသံစွက်၊ သမ္မန်ထက်မှာ၊ ဂန်ဘားနဲ့ ပျံ့လွှာ၊ နှစ်ယောက်သား တွေ့ကြရာတာ"**

ဘီယာတန်ခိုးဖြင့် မျိုးဇော်ထွန်းအသံက သြသြရှရှ။ ပန်းတော်ဝင်ထဲမှ ဘော်ဒါများ ငြိမ်နေကြသည်။

ဖေယျာမြင့်တို့ဝိုင်းဘက် မျိုးဇော်ထွန်း ဘီယာခွက် မြှောက်ပြလိုက်သည်။ ဖေယျာမြင့်တို့ကလည်း ပြန်မြှောက်ပြကြသည်။

"ရော့"

စားပွဲပေါ် မောင်မောင်ဌေး ကြိုးမဲ့မိုက်တစ်လုံး လာချသည်။ မီးလုံးလေးက တလက်လက်။

"ဘာလဲဗျ"

"အားလုံးကြားရအောင်၊ ပြီးရင် ဘီယာတစ်ဂျား ဆုချမယ်၊ ဆက်ရွတ်"

**"လောက ဗမ္ဗူမှာ၊ လူဖြူတွေက၊ သူတို့ရဲ့ ချစ်ခြင်းမေတ္တာကို၊ တဝေယာပေါ် တင်ကြတယ်၊ လူမည်းတွေကတော့၊ သူတို့ရဲ့ ချစ်ခြင်းမေတ္တာကို၊ မုံပေါ်တင်ကြတယ်၊ ငါတို့ကလည်း၊ ငါတို့ရဲ့ ချစ်ခြင်းမေတ္တာကို၊**

www.burmeseclassic.com

www.burmeseclassic.com



**သမ္မန်ပေါ်မှာ တင်ကြတယ်''**

''ငါတို့က ကပ္ပလီကျောက်တန်းပေါ်မှာ တင်ကြတယ်''

''ငါတို့က တုတ်တုတ်ပေါ်မှာ တင်ကြတယ်''

''ငါတို့က ထန်းပင်ကုန်းမှာ တင်ကြတယ်''

ပန်းတော်ဝင်ထဲတွင် ပွက်လောရိုက်သွားသည်။ တံတားပေါ်မှ လူတချို့ ပြေးလာကြသည်။

**''ဗိုလ်တထောင်ကမ်းနားမှာ၊ ဆိုက်ကပ်ထားသော၊ မြစ်လယ်မှာ ကျောက်ချထားသော၊ သင်္ဘောများဆီ၊ ကူးချည်သန်းချည်၊ ကပ်ချည်ခွာချည်နဲ့၊ ခရီးသည်အကြိုပို့မှာ၊ အကြောင်တို့လည်း ပါ၊ မြစ်ယံမှာ လှိုင်းပုတ်၊ ဝမ်းသမုဒ္ဒရာအတွက်၊ ပြည်ထဲရေးထက်၊ လွှမ်းရေးတို့ထက်၊ ဝမ်းရေးခက်ရဲ့၊ ညှိသည် လာတဲ့ည၊ တာ့တာ တာ့တာတဲ့၊ ညသည် ရယ်သွမ်းသွေးနေ၏''**

''ညက ဘယ်လိုရယ်တာလဲဟေ့''

''ဟား ဟား ဟား''

''ဝိုး ဝိုး ဝိုး''

''ဟီး ဟီး ဟီး''

ပန်းတော်ဝင်ထဲတွင် ရယ်သံများ ပွဲတင်ထပ်နေသည်။ ညသည် ရယ်သွမ်းသွေးနေ၏။ ပန်းတော်ဝင်ထဲတွင် ရယ်သွမ်းသွေးနေ၏။

**''ဒီလိုနဲ့ မှန်းတည့်အမှောင်၊ လရောင်က ငိုးကြယ်ရောင်လည်း ငို၊ ဘယ်လိုညလဲ၊ အသည်းယိတ်အောင်၊ ငါ့ထိပ်ခေါင်တင်ကို၊ အရိုပ်အယောင်ဖင် မတွေ့၊ ပထ္ထရောင်နဲ့ တွေ့သွားပြီလား၊ သတ်ပုံမှားတဲ့ ည၊ နှင်းခါးရိုက်တဲ့ည''**

''ပထ္ထရောင်နဲ့ တွေ့ရင် ငါတို့ ငတ်ပါပြီ''

ဖေယျာမြင့်တို့ ပျော်နေကြသည်။ ကမျာကလည်း သူတို့ စိတ်ဝင်စားသည့်အကြောင်း မဟုတ်လား။ ပုဂ္ဂိုလ်တို့၏ ဝါကလည်း အတော်ရင့်ပုံရသည်။

''ဩော် . . . နှင်းတွေဝေတိုင်း၊ စိတ်ရိုင်းတေလေ၊ အကြင်ရေ . . . မင်း ဘယ်မှာလဲကွယ်''

''အကြင်ရေ မင်း ဘယ်မှာလဲ''

ပန်းတော်ဝင်ထဲတွင် အကြင်ရေ မင်း ဘယ်မှာလဲ အသံများ ပွဲတင်ထပ်နေသော် လည်း ကျွန်တော့်နားစည်အမေးကို ထိုးဖောက်ဝင်ရောက်လာသည်က မှန်းရေ မင်း ဘယ်မှာလဲ။ ကလေးရေ မင်း ဘယ်မှာလဲ၊

''ကဲ ငှက်ကြီး၊ မင်း စိတ်ကြိုက်ချစမ်း''

မောင်မောင်ဋ္ဌေး သဘောတွေ ကောင်းနေသည်။ ငါးသလောက်ကင်၊ ကင်းမွန်သုပ်၊ ငါးရှဉ့်ကြော်ပန်းကန်တွေ ချခိုင်းသည်။

''မင်း လွမ်းနေတာလား အောင်မောင်း''

ကျွန်တော် ဖြေစရာမလို။ ဘီယာကိုသာ မက်မက်စက်စက် သောက်နေလိုက်သည်။

''မင်း နှစ်လတစ်ခါ ပုသိမ်တက်နေတာပဲ၊ အိပ်မက်သစ် မသွားဘူးလား''

''သွားတာပေါ့ကွာ''

''မတွေ့ဖူးလား''

ကျွန်တော် ခေါင်းသာ ခါပြလိုက်နိုင်သည်။ မတွေ့ဘူး၊ မှန်းကို မတွေ့ဘူး၊ ကလေးကို မတွေ့ဘူး၊ မပြောရက်။ ဩော် . . ကလေးရယ် မင်း ဘယ်မှာလဲကွယ်။

''သွားရုံပဲ သွားလို့ မရဘူးလေ၊ မေးရမှာပေါ့၊ မင်း ဘယ်သူ့မှ မမေးဘူးလား''

''မေးတာပေါ့ကွာ''

''ဘယ်သူ့ကို မေးတာလဲ''

''မန်နေဂျာကိုဝင်းသန်း''

''ဘာတဲ့လဲ''

''မလာဘူးတဲ့၊ အိပ်မက်သစ်ကို ကလေးမလာတော့ဘူးတဲ့''

''မေလှိုင်းတို့ကိုရော မေးသေးလား''

''သူတို့လည်း သေချာ မသိကြဘူး။ ကြယ်ဂေါင်ပဲ ရောက်သွားသလိုလို၊ မဲဆောက်ပဲရောက်သွားသလိုလို၊ H ပဲ ထိနေသလိုလို၊ ထောင်ပဲ ကျသွားသလိုလို တစ်ယောက်တစ်မျိုး ပြောနေကြတာပဲကွာ''

''ကံမကုန်ရင်တော့ မင်းတို့ ပြန်တွေ့ကြမှာပါ''

''ပြန်မတွေ့ခင် သေသွားရင်ကောကွာ''

''ဒါဆိုလည်း မေ့လိုက်ပေါ့ကွာ''

''မမေ့နိုင်၊ မမေ့ရက်လို့ပေါ့ကွ ငှက်ကြီးရ''

''မင်း ဒုက္ခကလည်း မသေးပါလား အောင်မောင်းရယ်''

''ငါ့ဒုက္ခထက် မှန်းတို့ဒုက္ခက ပိုကြီးတယ်ကွ''

''မှန်းတို့ ဘာလို့လိင်ကုန်သည် ဖြစ်ကြရတာလဲ''

''ခေတ်၊ စနစ်ကြောင့်ပေါ့ကွ''

''ဟာခေတ်၊ စနစ်နဲ့ ဘာဆိုင်လို့လဲကွ''

''ခေတ်တိုင်း၊ စနစ်တိုင်းမှာ ပြည်သူတွေက မြေဇာပင် ဖြစ်ကြရတာလေ၊ ခေတ်စနစ်ကောင်းရင် ပြည်သူတွေ ကောင်းစားကြတယ်။ ခေတ်စနစ် မကောင်းရင် ပြည်သူတွေ ဒုက္ခရောက်ကြရတယ်၊ လူတစ်စုအတွက် ပြည်သူတွေ ထိုးကျွေးခံနေရတာကွ၊ ဒီမှာ မင်းကို ငါ တစ်ခုမေးမယ်''

''ဘာလဲ''

''ကချင်ပြည်နယ်မှာ မအေးချမ်းဘူး''

''မအေးချမ်းတော့ ဘာဖြစ်လဲ''

''မအေးချမ်းတော့ ကချင်တိုင်းရင်းသားတွေ ဒုက္ခသည် ဖြစ်ကြရတယ်၊ တစ်ဖက်နိုင်ငံထွက်ပြေးကြရရှာတယ်။ ဟိုဖက်က တို့ကချင်တိုင်းရင်းသူလေးတွေကို အလကားကျွေးထားမယ် မင်း ထင်လား ငှက်ကြီး''

မျိုးဇော်ထွန်း မဖြေ။ အဖြေမရှိ၍ မဖြေချင်းမဟုတ်။ အဖြေမသိ၍ မဖြေချင်း မဟုတ်။ အဖြေရှိသည်။ မျိုးဇော်ထွန်း အဖြေသိသည်။ သို့သော် . . . မျိုးဇော်ထွန်းမဖြေနိုင်။ မဖြေရက်။ ဘီယာကိုသာ ပုလင်းလိုက် မော့သောက်နေသည်။

''ဟော အခု မလေးရှားက ပြန်လာတဲ့ အမျိုးသမီးတွေ ဘာလုပ်စားကြမလဲ၊ ဒီမှာကလည်း လယ်သိမ်း၊ ယာသိမ်း၊ မြေသိမ်းနဲ့ ပြည်သူတွေ ဒုက္ခ အကြီးအကျယ် ရောက်နေကြတာ။ စက်ရုံ၊ အလုပ်ရုံတွေကလည်း ရှိတဲ့လုပ်ဟောင်းတွေနဲ့ နောင်ဂျိန်ချနေကြတာ တချိန်ချိန်း၊ မလေးက ပြန်လာသူတွေအတွက် နေရာမရှိဘူး၊ သူတို့လည်း မှန်းတို့လိုပဲ အိပ်မက်သစ်ကို ရောက်လာကြမှာပဲ၊ ငါတို့ တစ်ထောင့်တစ်ညပုံပြင်အသစ်တွေ ထပ်ကြားရဦးတော့မှာကွ၊ ငါတို့နိုင်ငံတော့ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ နိုင်ငံ အခု တကယ်ဖြစ်နေပြီ''

''ဒီမိုကရေစီနိုင်ငံလား''

''ဘာ ဒီမိုကရေစီနိုင်ငံမှ မဟုတ်ဘူး''

''ဘာနိုင်ငံလဲ''

''ဖာနိုင်ငံ''

''တော်ပါတော့ကွာ၊ မင်းစကားကြားရတာ ဘီယာအရသာတောင် ပျက်တယ်''

''မင်းက ဘီယာအရသာတင် ပျက်တာပါကွာ။ မှန်းတို့၊ မေလှိုင်းတို့က ဘဝပျက်ကြတာကွ၊ မင်း သိလား ငှက်ကြီး''

''အိပ်မက်လို့ပဲ သဘောထားလိုက်ပါကွာ''

''အိပ်မက်လို့ပဲ သဘောထားလိုက်ရမယ်''

''ဟုတ်တယ် အောင်မောင်း၊ အိပ်မက်လို့ပဲ သဘောထားလိုက်ပါကွာ''

''အိပ်မက်သာဖြစ်ရင် အရမ်းကောင်းတာပေါ့ကွာ၊ ငါလည်း အိပ်မက်ပဲ ဖြစ်စေချင်ပါတယ်။ ဒါပေမဲ့ ငှက်ကြီး၊ မင်း . . . သိလား၊ မှန်းတို့က အိပ်မက်သစ် ညှိရိပ်သာကို ပစ်ကနစ် ထွက်လာကြတာ မဟုတ်ဘူး၊ မှန်းတို့ အဖြစ်တွေက အိပ်မက် မဟုတ်ဘူး၊ အစစ်အမှန်တွေကွ၊ တကယ်ဖြစ်နေတဲ့ ဘဝအစစ်အမှန်တွေကွ၊ အိပ်မက် မဟုတ်ဘူး၊ အိပ်မက် မဟုတ်ဘူး၊ အိပ်မက် မဟုတ်ဘူး''

**ငွေနှင်းနိုင်**

www.burmeseclassic.com

www.burmeseclassic.com





# ဒဂုန်တာရာ၏ မေးခွန်းတွေ

ဟံသာဝတီဦးဝင်းတင်

(၁)

'ဒဂုန်တာရာရဲ့ ကြေးမုံဆောင်းပါးတွေ စုထားတာရှိတယ်။ စာအုပ်ထုတ်မယ်ဗျာ။ သုံးသပ်ချက်လေး ရေးပေးပါဦး'

ဒဂုန်တာရာရဲ့ အရင်းနှီးဆုံး အရပ်သားရဲဘော်ကြီး၊ ကျွန်တော်နဲ့လည်း ခင်မင်တဲ့ မိတ်ဆွေကြီးက ကမ်းလှမ်းလာတယ်။ သူက စာပေလည်း ဝါသနာထုံ၊ နိုင်ငံရေးလည်း စိတ်ပါ၊ အပေါင်းအသင်းကလည်း အလွန်ခင်၊ အရမ်းကူတတ်သူ၊ သဘော်အရာရှိ အငြိမ်းစား။ နိုင်ငံရေးဆွေမျိုး အသိုက်အဝန်းထဲကလူ။ အဘဝါးခယ်မ သခင်သိန်းဖေတို့၊ သခင်သိန်းမောင်တို့ သခင်အုန်းမြင့်တို့ လူထုစိန်ဝင်းတို့ရဲ့ နိုင်ငံရေး စာပေရေးသံသရာထဲ ဝဲလှည့်စီးမျောနေသူ။

"ရေးတာပေါ့ဗျာ"

ကျွန်တော့်အဖို့တော့ ဒီကာလတွေမှာ နိုင်ငံရေးကိစ္စ၊ စာပေကိစ္စ၊ စာနယ်ဇင်းကိစ္စ၊ အသံလွှင့်မီဒီယာကိစ္စတွေနဲ့ လုံးလည်လိုက်နေတာကြာပေါ့။ နားညည်း၊ ခေါင်းပူ၊ ရင်ဆွ၊ လူမောဖြစ်လာတယ်။ အင်း ... အင်း ... ၊ ခေါင်းညိတ်လိုက်ရုံပါပဲ။ လက်က မပါ၊ စာကမထွက်။

ဒီလိုနဲ့ ရက်ပိုင်းလပိုင်းအတွင်း ကိုဌေးမြိုင်တစ်ယောက်သူချစ် တဲ့ လူ့ဘောင်ထဲက ကွယ်ဆုံးပါလေရော။ (ကျွန်တော်က ဒဂုန်တာရာနဲ့ ရင်းတွဲလာခဲ့တာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ သူ့ကို 'ဆရာတာ'လို့ သူများတကာလို ချစ်စနိုးခေါ်တာထက် ကိုဌေးမြိုင်လို့ပဲ ခေါ်တယ်)

'ကြေးမုံ'ဆောင်းပါးတွေက ၁၉၅၈–၅၉ လောက်က ကိုဌေးမြိုင်ရေးခဲ့တဲ့ ဆောင်းပါးအချို့ဖြစ်တယ်။ အဲဒါတွေ ပြန်ဖတ်ရတော့ ပုဂ္ဂိုလ်အလွမ်း၊ စာပေအလွမ်း၊ နိုင်ငံရေးအလွမ်းလေးတွေကို ရင်ထဲမှာ ပြန်လည်စိမ်းစိုရတယ်။

နှစ် ၅၀ လောက် သူ့ဆောင်းပါးတွေကပေးတဲ့ အလွမ်းလေးတွေ ရင်ထဲမှာ ဝေ့ဝဲသင်းထုံလာတယ်။ ခံစားရင်း တွေ့မြင်မိတာတစ်ခု ထင်းထင်းပေါ်တယ်။

ကိုဌေးမြိုင်ဟာ ကဗျာဆရာ ဖြစ်တယ်။ စာရေးဆရာ ဖြစ်တယ်။ ဂီတအသံလည်း ဖြစ်တယ်။ ပန်းချီအရောင်လည်း ဖြစ်တယ်။ ဒီလိုပဲ ကျွန်တော်တို့အားလုံး အနှစ်ချုပ် သိမှတ်ကြတယ်။ တကယ်က ကိုဌေးမြိုင်က နိုင်ငံရေးစာရေးဆရာပဲ။ နိုင်ငံရေး ရပ်တည်ချက်နဲ့ နိုင်ငံရေးအတွက်၊ နိုင်ငံရေးအတွေးအခေါ်တွေ၊ သဘောတရားတွေ၊ ရပ်တည်ချက်တွေကို ရေးနေသူပဲ။

ဒီသဘောကို 'ကြေးမုံ' ဆောင်းပါးတွေမှာ တွေ့နိုင်တယ်။ အဲဒီဆောင်းပါးတွေမှာ ကိုဌေးမြိုင်ပြောတဲ့ သူ့နိုင်ငံရေးက ဘာလဲ၊ ဘယ်လိုလဲ၊ ဘာကြောင့်လဲ။

အချုပ်ကတော့ သူ့နိုင်ငံရေးက လူထုနိုင်ငံရေး ဖြစ်တယ်။ ကျွမ်းကျင်ဉာဏ်ရှိ၊ စေတနာကောင်း၊ သန့်စင်တဲ့ အားသစ်နိုင်ငံရေး ဖြစ်တယ်။ ကိုယ်ကျိုးမရှာ၊ သန့်ရှင်းသောနိုင်ငံရေး ဖြစ်တယ်။ ငြိမ်းချမ်း ရေးနိုင်ငံရေး ဖြစ်တယ်။ ရဲရင့်ပြတ်သားသော ခေါင်းဆောင်မှု နိုင်ငံရေး ဖြစ်တယ်။

ကိုဌေးမြိုင်ဟာ အဲဒီနိုင်ငံရေးအမြင်၊ နိုင်ငံရေး ဦးတည်ချက်တွေနဲ့ နိုင်ငံရေးဆောင်းပါးတွေ ရေးခဲ့တယ်။ နိုင်ငံရေး စာရေးဆရာအဖြစ် ရပ်တည်ခဲ့တယ်။ သူ့ရဲ့ နိုင်ငံရေး စာပေတွေကို မောင်သစ္စာတဲ့ ကလောင်နာမည်တွေနဲ့လည်း တထွေးတပိုက်ကြီး ရေးခဲ့တယ်။

သူ့ရဲ့ နိုင်ငံရေးစာပေတွေကပြောတဲ့ လူထုနိုင်ငံရေးတွေဟာ ဒီနေ့အထိ သက်ရှင်ဖြစ်တည်နေတုန်းပဲ။ သေပျောက်မသွားသေးဘူး။ ငြိမ်းပြယ်မျောလွင့် မသွားသေးဘူး။

(၂)

ကိုဌေးမြိုင်ရဲ့ ၂၀ ရာစု နိုင်ငံရေးအတွေးအခေါ်၊ အယူအမှတ် တွေကို ပြန်ဖတ်ရင်း စဉ်းစားမိတာတစ်ခု ပေါ်တယ်။

ဒီနေ့ ၂၁ ရာစုမှာ နိုင်ငံရေးအသစ်၊ အဟောင်း ဘာတွေ ပြောင်းသလဲ။ ဘာတွေမြင့်၊ ဘာတွေ ပွင့်သလဲ။ ဘာတွေ ငုပ်၊ ဘာတွေဆုတ်သလဲ။ ဘာတွေ ငုံကင်း၊ ဘာတွေ ဒုံရင်းလဲ။ ဘာတွေ ညစ်ညမ်း၊ ဘာတွေ သစ်ဆန်းသလဲ။ ဘာတွေ ဆပ်ဆော့၊ ဘာတွေ ထပ်ကြော့သလဲ။ ဘာတွေသိုက်ဘုံ၊ ဘာတွေ အမှိုက်ပုံ ဖြစ်လာသလဲ။

အားလုံး သိတဲ့အတိုင်း ဒီနေ့ခေတ်မှာ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်လာပြီဆိုသကိုး။ ဘာသာပြန် နိုင်ငံရေးသင်ပုန်းကြီးဆရာတွေကလည်း ဂုရုကဝိ၊ ဒီသာပါမောက် ဂိုက်ဖမ်းပြီးနေကြတယ်။ ကာလပေါ်နိုင်ငံရေးစာပေ ဘာသာပြန် ရတနာသိုက်တွေကို တဖျန်းဖျန်း ကြိမ်ဆော်ရိုက်ဖွင့်နေကြတယ် မဟုတ်လား။

ကာလပေါ် နိုင်ငံရေးစာတွေပေတွေမှာ စတိတ်ဟိုဒါတွေ၊ အင်စတီကျူးရှင်းတွေ၊ ဘာတွေညာတွေဆိုတဲ့ နိုင်ငံရေး ဝေါဟာရဆန်းတွေ၊ လုပ်ငန်းစဉ်သစ်တွေ၊ အဓိပ္ပာယ်မြင့်တွေကို စားပိုးနင့်အောင် ဝါးချေမျိုချနေရတယ်။ နားတော့ မလည်လှပါဘူး။ နောက်ဆုံး လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်က ဒဂုန်တာရာ ရေးခဲ့သလိုပါပဲ။ လက်ဝဲ၊လက်ယာ၊ ငြိမ်းချမ်း ရေး၊ နိုင်ငံရေးသစ် နိုင်ငံရေးဟောင်း ဆိုတာတွေမှာပဲ လမ်းဆုံးကြတာ ပါပဲ။ ခေတ်နဲ့တစ်ပြေးညီ တွေးခေါ်မှန်းဆ ရေးညွှန်ကြတာဆိုတော့ ကောင်းပါတယ်လို့ပဲ ပြောရမှာပါ။

တစ်ခုပဲ ပြောစရာ ရှိတယ်။

ခေတ်သစ် နိုင်ငံရေး လှုပ်ရှားသူတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေဟာ စစ်နိုင်ငံရေး ရေစုန်မျောသွား သန့်လွှား

www.burmeseclassic.com

www.burmeseclassic.com



နေကြတယ်လို့ ပြောရမလို ဖြစ်နေကြတာပါပဲ။

'အစိုးရ ဆန့်ကျင်ရင်ကိုပဲ ဒီမိုကရေစီ ထူထောင်မယ့် နိုင်ငံရေး စကားလို ဖြစ်နေတယ်။ ပြောင်းလဲလာတဲ့ (နိုင်ငံရေး) အခြေအနေသစ်က 'နိုး'လုပ်လို့ မရဘူး။ ဘာလုပ်မှာလဲဆိုတဲ့ အဖြေပြောဖို့ လိုတယ်' တဲ့။

အဖြေက ရှင်းပါတယ်။ ကိုဌေးမြိုင် ဒီဆောင်းပါးတွေ ရေးတုန်းကအတိုင်းပဲ ထပ်ပြောမယ်။ ဒီနေ့ နိုင်ငံရေးဟာ နိုင်ငံရေးဟောင်းပဲ။ အာဏာနိုင်ငံရေးပဲ။ ကိုယ်ကျိုးရှာ နိုင်ငံရေးပဲ။ စစ်တပ်အင်အား နိုင်ငံရေးပဲ။ အမှိုက်ပုံ နိုင်ငံရေးပဲ။

အသေးစိတ် ရှင်းပြမနေတော့ပါဘူး။ အမှိုက်ပုံ နိုင်ငံရေးဆိုတာ တစ်ခုပဲ စဉ်းစားကြည့်ပါ။

မြန်မာပြည် နိုင်ငံရေးမှာ တူညီသော ရည်မှန်းချက်ထားကြတဲ့ နိုင်ငံရေး အင်အားစုတွေ အားလုံးဟာ ညီညွတ်ရေးစကားပြောခဲ့ကြ တယ်။ ညီညွတ်ရေးလမ်းကြောင်း ရှာခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖဆပလအဖွဲ့ချုပ်ကြီးလိုမျိုး ပေါ်ပေါက်ခဲ့တယ်။ မအောင်မမြင် ရှုံးကျမှုတွေလည်း ကြုံခဲ့တယ်။ အဲဒီအားထုတ်မှုတွေရဲ့ အခြေခံလုပ်ငန်းဟာ နိုင်ငံရေး တပ်ပေါင်းစုကြီးတွေ ဖွဲ့ဖို့၊ အနိမ့်ဆုံးအားဖြင့် နိုင်ငံရေး ပူးတွဲလုပ်ငန်း ကော်မတီတွေ ဖွဲ့ဖို့ဖြစ်တယ်။ (Political Joint Action Committee- JAC) ရှစ်လေးလုံး အရေးတော်ပုံကာလမှာ JAC တွေ ပူးပေါင်းလှုပ်ရှားနိုင်ခဲ့ကြတယ်။ အဓိက နိုင်ငံရေးလုပ်ငန်းစဉ်ကတော့ တူတာတွဲလုပ်၊ မတူတာ ခွဲလုပ်ပဲ။

ဒီနိုင်ငံရေးလုပ်ငန်းစဉ်ဟာ ဒီနေ့ အသက်ဆက်ရှင်နေတယ်။ ၂၀၀၈ အခြေခံဥပဒေကို ဦးထိပ်ပန်ဆင် ဒီမိုကရေစီရှေ့ရှည်စိမ် မကိုင်ရှိဆောင်းထားတဲ့ ခေတ်ဆိုတော့ ပြဿနာက သဗ္ဗရုန်းပေါင်းပေါ့။ ဒီလို နိုင်ငံရေးအခြေအနေမှာ အစိုးရရဲ့ နိုင်ငံရေး မူဝါဒ သဘောထားက 'တူတာတွေ တွဲလုပ်ကြစို့။ မတူတာတွေ ခွဲချန်ထားကြစို့' ဖြစ်တယ်။ ဒါကို အားလုံး လိုလိုသော ဒီမိုကရေစီအစစ်၊ အတု နိုင်ငံရေး အင်အားစုတွေက သာဓု အနုမောဒနာ ခေါ်ကြတယ်။ ကောင်းချီးသြဘာ ပေးကြတယ်။ ဆလမ်မာ လေးကွန်းကြတယ်။ ဂေါ်ဆေ့သမ္မတကြီး လုပ်ကြတယ်။ အဲဒီ မူဝါဒက သမ္မတကြီးကိုယ်တိုင် ထုတ်ပြန်ကြေညာ အမိန့်ချမှတ်ခဲ့တာကိုး။

အကျိုးရလဒ်က ဘာလဲ။ တူတာလေးတွေ လုပ်ကြကိုင်ကြပေါ့။ ဒါပေမဲ့ မတူတာတွေကတော့ တစ်ပြည်လုံး လူထုအလွှာစုံမှာ ပြောင်းဆန်မောင်းလန်ပေါ့။ ပြဿနာ အမှုန်အမွှားကလေးတွေတော့ ဉ်ဖွပျောက်စေပေါ့။ ပြဿနာ အနန္တတွေကတော့ ဆင်ခေါင်း ခွေးမချီနိုင်၊ ဆရာမနိုင် အဆောင်နှစ်ထပ်ပြိုင် ဖြစ်နေတာပေါ့။

ဒီလို နိုင်ငံရေး ဝဋ်နာကံနာမျိုးကို ဘယ်လို ကုစားကြမလဲ။ ကိုဌေးမြိုင်ကတော့ စစ်စစ်မှန်မှန် ဒီမိုကရေစီ အင်အားကောင်းလာအောင် လုပ်ရမယ်။ အဲဒီတာဝန်ဟာ နိုင်ငံရေးခေါင်းဆောင်မှုရဲ့ တာဝန်ပဲလို့ ညွှန်းဆိုခဲ့တယ်။

'ဤတာဝန်ကို မည်သူတို့ ထမ်းဆောင်ကြမည်နည်း'လို့ မေးခွန်း ထုတ်ခဲ့တယ်။

သူ ကွယ်လွန်သွားတဲ့အချိန်အထိလည်း ဒီမေးခွန်းကို ချန်ရစ်ခဲ့ တယ်။ ကျွန်တော်ကတော့ 'ချန်ရစ်ခဲ့တယ်'လို့ မပြောချင်ဘူး။ ဒဂုန်တာ ရာက တမလွန်ကနေ မေးမြဲမေးနေဆဲပဲ ဖြစ်တယ်လို့ ပြောချင်တယ်။

(၃)

ကိုဌေးမြိုင်ရဲ့ 'ကြေးမုံ'ဆောင်းပါးတွေကို ပြန်ဖတ်ရတော့ နှစ် ၅၀ ကျော်က နေရာတကာမှာ နိုင်ငံရေးဖွဲ့ခတ်ပုံလေးတွေကို အမှတ်ရ မိပြီး ပြုံးမိတယ်။

အဲဒီအချိန်က ကိုဌေးမြိုင်က 'ကြေးမုံ'ကို ဆောင်းပါးတွေ ပို့တယ်။ 'ကြေးမုံ'လူတွေက လက်သင့်မခံချင်ကြဘူး။ 'ကြေးမုံ'အများစုကလည်း အားလုံးလိုလို အလံနီ ကွန်မြူနစ်တွေ၊ သခင်စိုးဂိုဏ်းသားတွေ။ နိုင်ငံရေး အစွဲသန်တယ်။ အယူပြင်းတယ်။ သူတို့က ကိုဌေးမြိုင်နဲ့ ကျောင်းတော်က ရန်စတွေရှိတယ်။ စာရေးဆရာအသင်းမှာ နိုင်ငံရေး စစ်ခင်းခဲ့ကြသူတွေကိုး။ သူတို့က အလံနီ(သခင်စိုး)ဂိုဏ်း။ ကိုဌေးမြိုင်က အလံဖြူ (သခင်သန်းထွန်း) ဂိုဏ်းလို့ အစွဲအတေးရှိခဲ့တယ်။ ကိုဌေးမြိုင်က စာရေးဆရာအသင်း ဥက္ကဋ္ဌ ဖြစ်လာချိန်က စာနယ်ဇင်းတွေက စာရေးဆရာအသင်း ကလောင်နီစီးပြီလို့ ရေးခဲ့ကြတယ်။ အနီချင်းက မတူလေတော့ သူ့ဆောင်းပါးတွေကို ကြေးမုံက လက်သင့်မခံချင်ကြဘူးပေါ့။

ကျွန်တော်ကတော့ ဘာသိမလဲ၊ စာကောင်း၊ မကောင်းပဲ ကြည့်တယ်။ ဒဂုန်တာရာနာမည်နဲ့ ရေးပို့တော့ ကောင်း၊ မကောင်း ပြောနေစရာ မလိုတော့ဘူးပေါ့။ ဒီတော့ ကျွန်တော်က သူ့ဆောင်းပါးတွေကို ပုံမှန်သုံးတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း အလံဖြူကွန်မြူနစ်တံဆိပ် ကပ်ခံရရော။ နောင်တော့ စစ်ထောက်လှမ်းရေးက တံဆိပ်ကို အရောင်တင်၊ စာလုံးကို ပုံကြီးချဲ့၊ လူကို လက်ညှိုးထိုးတော့တာပါပဲ။ ဒီလိုနဲ့ ကျွန်တော်လည်း သတင်းစာဆရာဘဝ လူမွေးလူတောင် မတောက်မပြောင်ခင် မှာပဲ ကွန်မြူနစ်ယောင်ယောင် စာရင်းဝင်ပါလေရော။

အဲဒီတံဆိပ်ဟာ ကျွန်တော့်ရဲ့ သတင်းစာဆရာဘဝ တစ်လျှောက်လုံး အလံတလူလူ ဖြစ်ခဲ့တယ်။ နိုင်ငံရေးထဲ ရောက်တော့လည်း အရောင်တပြောင်ပြောင် ဖြစ်ခဲ့တယ်။ ထောင်ထဲ ရောက်သွားတော့လည်း လူတနီနီဖြစ်ရပြန်တယ်။ ကျွန်တော့်ကို တရားစွဲ ရုံးတင်စစ်ချိန်မှာ စစ်ထောက်လှမ်းရေးက 'တာအုပ်နီ'ထုတ်တယ်။ 'အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းတင်ဆိုတာ ကွန်မြူနစ်ကြီးပါဂျို့။ ဒိုင်း . . ဒိုင်း' (မောင်းထုသံ ဒူဒူထက် လက်သံပြင်းတယ်။)

ကျွန်တော် ဘယ်တုန်းကမှ ကွန်မြူနစ်မဖြစ်ဖူးဘူး။ ကြောက်လို့ လျှိုကွယ်ပြောတာမဟုတ်။ မဖြစ်ဘဲနဲ့ ဖြစ်တယ် (မနစ်ဘဲနဲ့ နှစ်တယ်) ပြောရမှာ ကွန်မြူနစ်တွေကို အားနာလို့၊ ရှက်လို့။ နိုင်ငံရေး အကဲဆတ်၊ ဖွဲ့ခတ်၊ အရဲ(အနီ) မှတ်ကျောက်တင် ပြိုင်ကြတဲ့အခါကိုး။ ရှိပါစေတော့ပေါ့။ ခေတ်သဘော စစ်ကြောသိရှိစေချင်လို့ ပြောတာပါ။ ဘယ်လို စိတ်အချဉ်စိတ်လေးမှ မပေါက်ပါဘူး။ ပေါက်စရာလည်း မရှိပါဘူး။ ဒီနိုင်ငံမှာ အနီလည်း မနီတော့ဘူးလို့ ပြောရမလား။ အဖြူလည်း မဖြူတော့ဘူးလို့ ပြောရမလား။ (ကွန်မြူ)နစ်လည်း မနစ်တော့ဘူးလို့ ပြောရမလား။ မသိတော့သလို အချိန်မျိုး ရောက်နေပြီလေ။

နောက်တစ်ခု အမှတ်ရတာက ဒီဆောင်းပါးတွေထဲမှာပါတဲ့ 'နတ်ဆား၏ အိပ်မပျော်သောည'ကိစ္စပါ။ အီဂျစ်တော်လှန်ရေး စစ်အာဏာသိမ်းခေါင်းဆောင် ဂမားအက်ဘဒယ်နတ်ဆား (၁၉၁၈ မွေး) အီဂျစ်မှာ အာဏာသိမ်းတယ်။ ၁၉၅၆၊ အာဏာသိမ်းကာလ လုပ်ကြံမှုတွေ စီမံချိန်က အတွေ့အကြုံတစ်ခုကို ရေးပြတယ်။ လုပ်ကြံခဲ့တဲ့ည သူ အိပ်မပျော်ပုံတွေကို သူ့စာအုပ်ထဲမှာ ရေးပြတယ်။

သူ့စာအုပ်က 'တော်လှန်ရေး အဘိဓမ္မာ' တဲ့။ (The Philosophy of Revolution) အဲဒီစာအုပ်ကို ကျွန်တော် လန်ဒန်မြို့မှာ ဝယ်ခဲ့တယ်။ ရန်ကုန်ပြန်ရောက်တော့ မိတ်ဆွေတွေကို ဝေဖတ်တယ်။ ကိုဌေးမြိုင်လက်ထဲ စာအုပ်ရောက်တော့ သူက ဆောင်းပါးရေးတယ်။ 'ကြေးမုံ' ပို့တယ်။ လူသားစိတ်အခံရှိတဲ့ အာဏာသိမ်းသမား ညအိပ်မပျော်ခဲ့ဘူးဆိုပါကလား။ ကျွန်တော်တို့ နိုင်ငံက စစ်အာဏာသိမ်းသမားတွေကော၊ လုပ်ကြံမှုပေါင်းများစွာ စီမံ စက်ပုန်းခုတ်သူတွေကော နတ်ဆားလို လူသားစိတ်ဓာတ်ရှိကြရဲ့လား။ သူတို့ရော အိပ်မပျော်တဲ့ညတွေ ဖြတ်သန်းခဲ့ကြဖူးပါရဲ့လား။

ဒီမေးခွန်းကိုလည်း ကိုဌေးမြိုင်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်က မေးခဲ့တယ်။ ခု ကွယ်လွန်ချိန်မှာလည်း မေးဆဲ ဖြစ်တယ်လို့ ကျွန်တော် ခံစားမိတယ်။

*ဟံသာဝတီဦးဝင်းတင်*

www.burmeseclassic.com

www.burmeseclassic.com






# မိုးလုံးပြည့် မှသာဝါဒ အင်တာဗျူး

**ဖြိုးထိန်**

" တကယ်တော့ အင်တာဗျူးမှာ ကျွန်တော်တို့ သိချင်တာတွေဘာမှ မယ်မယ်ရရမပါဘူး။ အကုန်လုံး ငြင်းသွားတယ်။ ဒီပဲယင်းကိုစမသိဘူး။ သူတို့လုပ်မပါဘူး။ ABSDF ကိစ္စလည်း သူတို့မလုပ်ဘူး။ "

www.burmeseclassic.com

www.burmeseclassic.com



**ဦးခင်ညွန့်နှင့် အင်တာဗျူး**

မေးသူ – မြတ်ခိုင်
ထုတ်ဝေသူ – Quality Pbulishing House
ထုတ်ဝေသည့်နှစ် – ၂၀၁၃၊ နိုဝင်ဘာ
တန်ဖိုး – ၃၀၀၀ ကျပ်
အုပ်ရေ – ၁၀၀၀

ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့် ထောင်မှလွတ်မြောက်လာပြီး နောက်ပိုင်းတွင် လျှပ်တစ်ပြက်အယ်ဒီတာချုပ် ဆရာမြတ်ခိုင်နှင့် ဦးခင်ညွန့် တို့ရဲ့ အင်တာဗျူးများကို ခပ်စိတ်စိတ် တွေ့မြင်လာရပါတယ်။ ခုတစ်ခါ ထိုအမေးအဖြေများကို စုပေါင်းပြီး စာအုပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါတယ်။ စာအုပ်တွင် ဦးခင်ညွန့်ရဲ့ လှုပ်ရှားပုံရိပ်များကို ဓာတ်ပုံများနှင့်ဝေဝေဆာဆာ ဖော်ပြထားပါတယ်။ စာမျက်နှာပေါင်း (၁၅၂) မျက်နှာပါတဲ့ ဦးခင်ညွန့် ရဲ့ အဖြေစကားများကို ကောက်နုတ်ဖော်ပြသွားတဲ့အခါမှာ ခြုံမိငုံမိအောင် လိုရင်းအချက်များကိုပဲ ဖော်ပြသွားပါ့မယ်။

<u>၁။ ABSDF (မြောက်ပိုင်း)သတ်ဖြတ်မှု ထောက်လှမ်းရေးပါဝင်ခြင်း မရှိဟုဆို</u>– လှမ်းက ဘာလို့ ဝင်မှာလဲဗျာ။ ကျွန်တော်တို့က အဲဒီလို ယုတ်ညံ့တဲ့ အတွေးအခေါ်မျိုး မလုပ်ဘူးဗျ။ မရှိဘူးဗျ။ သူ့ဟာ သူ ကျောင်းသားတွေသွားတာပဲ။ မနေချင်လို့ ထွက်ပြေးလို့ မရတဲ့သူ တွေ အများကြီးပဲ။ ဘုန်းကြီးသုံးပါးတောင် ကလေးတွေ ပြန်ခေါ်ဖို့ သွားရင်းနဲ့ စခန်းရောက်တော့ ဘုန်းကြီးတွေပါ ထွက်လို့ မရဘူး။ နောက် တော့ ဘုန်းကြီးတွေက ထွက်ပြေးလာပြီး သံရုံးရောက်လာပြီးတော့မှ သံ ရုံးကနေ ရန်ကုန်ကို ပြန်ပို့လိုက်တာ ကျောင်းသားလူငယ်တွေ မနေ ချင်ဘဲနဲ့ နေရင်းနေရင်းနဲ့ ဘယ်လိုမှ ပြန်လို့ မရတော့ဘူး။ ပြန်ချင်လို့ တစ်ခုခု ကြံစည်တာ ဖြစ်မှာပေါ့ဗျာ။ အဲဒါကို သူလျှိုဆိုပြီး စွပ်စွဲတာ ဖြစ်မှာပေါ့ဗျာ။ (စာ– ၃၆)

<u>၂။ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေမှ ဦးနေဝင်း၊ ဦးခင်ညွန့်တို့ကို ဖမ်းဆီးခြင်းရှိ မရှိ ဦးခင်ညွန့်သဘောထား–</u> မှာ အခု တလော ရန်ကုန်တိုင်းဝန်ကြီးချုပ် ပြောနေတဲ့ အထဲမှာ ဗိုလ်ချုပ်ကြီး နဲ့ ဦးနေဝင်းတို့ကို ဖမ်းတာတို့ သူပါတာ မဟုတ်ဘူးလို့ ပြောနေတယ်လို့ ဆရာမြတ်ခိုင်က မေးတဲ့အခါမှာ 'ဒါတော့ မသိဘူးဗျာ၊ အင်းပေါ့။ သူပဲ သိမှာပေါ့ဗျာ . . .'တဲ့။ (စာ –၃၈)

<u>၃။ ဒီပဲယင်းကိစ္စ ထောက်လှမ်းရေး မသိပါဟု ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်ပြောကြား ဆိုရာမှာ</u> – အဲဒါ ဗိုလ်ချုပ်ကြီးတို့ ကြိုသိလား၊ ဒီပဲယင်း အဲဒီလိုဖြစ်မယ်ဆိုတာကို လှမ်းက ကြိုသိသလားဆိုတော့ မသိဘူးဗျ။ ရွှေဘိုကို ကျွန်တော့်တပည့်တွေ သွားကြတယ်။ ရွှေဘိုမှာ ပွဲရုံက လူတစ်ယောက်က သူ့ကလေးကို ကျောင်းသွားအပ်တော့ ထောက် ခံစာသွားယူရင်း လိုက်ခဲ့ဆိုတာနဲ့ အဆင့်ဆင့် လိုက်သွားလိုက်တာ ရေဦးရောက်သွားတယ်။ ဟိုကျတော့ ထမင်းထုပ်တွေ ဝေပြီး တုတ်တွေ ဝေတယ်။ အဲဒီတုန်းက ပြည်ခိုင်ဖြိုးပေါ့ဗျာ။ ဟိုကျတော့ ရိုက်ခိုင်းတော့ မရိုက်ရဲဘူးတဲ့။ ကိုယ်တောင် မနည်းလွတ်အောင် ပြေးရတယ်တဲ့။ အဲဒီ တုန်းက ပြည်ခိုင်ဖြိုးလုပ်တယ်လို့ ပြောတာ၊ လှမ်းက မပါဘူးလို့ ပြောကြတယ်။

အဲဒီအချိန်မှာ လှမ်းအပြင်ဘက် သတ်သတ်လုပ်တဲ့အဖွဲ့တွေ ရှိမှာ ပေါ့နော်– ထုတ်ပြောလို့ မကောင်းလို့ ကျွန်တော်လည်း သိပါတယ်။ နှစ်ဖွဲ့လောက် ရှိပါတယ်။ (စာ– ၄၄၊ ၄၈)

<u>၃။ စွယ်တော်ပုံကွဲ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနေအိမ် ဗုံးကွဲမှု များနှင့် ပတ်သက်၍ ဦးခင်ညွန့်သဘောထား–</u> မှာ ကျွန်တော် ပြော မယ်ဗျ။ ဗိုလ်ချုပ်တင်ဦးက ကျွန်တော့်ထက် အဆင့်နိမ့်တယ်လေဗျ။ ကျွန်တော်က အတွင်းရေးမှူး (၁)၊ သူက အတွင်းရေးမှူး(၂)၊ သူ့ အကျိုး မဲ့ရာမဲ့ကြောင်း ကျွန်တော်က ဘာလုပ်မှာလဲဗျ။ သူကသာလျှင် နံပါတ် (၁) နေရာလိုချင်လို့ လုပ်ချင်လုပ်မှာ။ ဒီသဘောပေါ့ဗျာ။ အဲဒါလေး ရိုးရိုးစဉ်းစားလိုက်လေ။ သူက ကျွန်တော့်ရဲ့ ဒုတိယလူပဲဗျ။ ကျွန်တော်က ဘာဖြစ်လို့ အာဃာတစိတ်နဲ့ လုပ်မှာလဲဗျ။ (စာ–၈၂)

<u>၄။ ထောက်လှမ်းရေးဆိုပြီး အကုန်ပုံချနေကြတယ်ဟု ထောက် လှမ်းရေးညွှန်ကြားရေးမှူးဟောင်းမှ ပြောကြားပုံမှာ–</u>

*မြတ်ခိုင်– အခု ၈၈ နှစ်ပတ်လည်လုပ်တဲ့အခါမှာ သန်လျင်ဗုံးခွဲမှု တို့၊ ဘာတို့မှာ တချို့က မဟုတ်ဘဲနဲ့ ထောက်လှမ်းရေးက ထောင်ချ ခဲ့တယ်ဆိုပြီး အပြင်မှာ ပြောဆိုနေတာရှိတယ်။*

ဗိုလ်မှူးကြီး စန်းပွင့်။ ။ သန်လျင်ရေနံချက်စက်ရုံ ဗုံးခွဲတဲ့ကိစ္စကို အမှန်က ကျွန်တော်တို့ ထောက်လှမ်းရေးက ကိုင်တာ မဟုတ်ဘူး။ သတင်းတပ်ဖွဲ့က ဖော်ထုတ်သွားတာ။ လွှဲချတာ မဟုတ်ပါဘူး။ အခုက အားလုံးက ထောက်လှမ်းရေး၊ ထောက်လှမ်းရေးနဲ့ချည်းပဲ တော်တော် များများက ပြောနေကြတယ်။

*မြတ်ခိုင်။ ။ မပြောတော့ ဗိုလ်မှူးကြီးတို့က လက်ညှိုးထိုးစရာ ဖြစ်နေတယ်လေ။*

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အေးပေါ့လေ၊ ခုတော့ သူပြောလိုက်ပြီ လေ။ အမှန်ပဲဗျ။ အက်စ်ဘီက လုပ်သွားတာပဲ။ အဲဒီအချိန်က အက်စ်ဘီတပ် ဖွဲ့မှူးက ဗိုလ်မှူးဖုန်းမြင့်။ ကျွန်တော်ခေါ်ပြီး မေးတယ်။ မင်းက ဘယ်က အထောက်အထားတွေနဲ့ လာတာလည်းဆိုတော့ သေချာပါတယ် ဗိုလ်ချုပ်တဲ့။ ငါတို့ လူတော့ မသိဘူးနော်။ မင်းတို့ သွားတင်ပြကွာဆိုတော့ သူတို့ပြည်ထဲရေးဝန်ကြီးကို သွားတင်ပြတယ်။ အဲဒီတုန်းက ပြည်ထဲရေးဝန်ကြီးက ဗိုလ်ချုပ်ဘုန်းမြင့်။ အဲဒီတော့ ကျွန်တော်တို့ မလုပ်တာတွေလည်း အများကြီး ရှိတယ်ဗျ။ ကျွန်တော်တို့ ကလည်း ပျက်စီးသွား တော့ ထောက်လှမ်းရေးဆိုပြီး အကုန်ပုံချ လိုက်တာပေါ့ဗျာ။ (စာ– ၈၄၊ ၈၅)

<u>၅။ စစ်အစိုးရက ဦးနေဝင်းကို အာဏာသိမ်းခဲ့တာလား၊ ဦးနေဝင်း က စစ်တပ်ကို အာဏာသိမ်းခိုင်းတာလား။ ၈၈၈၈ စစ်အစိုးရအတွင်း ရေး ဦးခင်ညွန့်ပြောကြားချက်–</u> မှာ အာဏာသိမ်းတာတော့ မဟုတ် ဘူးဗျ။ အဲဒီအချိန်တုန်းက အဲဒီမှာ တော်တော်ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေ တယ်။ ပထမပိုင်းတော့ ဟုတ်တယ်။ ဆန္ဒပြတာ ဒီမိုကရေစီရေးဆိုတာ တွေ မှန်ပါတယ်။ နောက်ပိုင်းသောကောရောကော ပါလာတယ်။ အဖျက် အမှောင့်တွေ အများကြီးပါလာတယ်။ ဥပမာအားဖြင့် ခေါင်းဖြတ်သတ် တာပေါ့ဗျာ။ မူလတန်းကျောင်းသားများ သမဂ္ဂဆိုပြီး ပါတယ်ဗျ။ နောက် တစ်ခါ အိမ်ရှင်မများ သမဂ္ဂဆိုပြီး ပါသေးတယ်ဗျ။ အမျိုးသမီးတွေပေါ့ ဗျာ။ ဘာခေါ်မလဲ ကြက်ပေါ့ဗျာ။ ကြက်များသမဂ္ဂ အဲဒါမျိုးလည်း ပါတယ်ဗျ။ အလှဖန်တီးရှင်ဆိုပြီး ပေါ်တယ်ဗျာ။ တော်တော်ရှုပ်နေပြီဗျ။ နောက် တစ်ခုကဆိုရင် လက်နက်တွေ သိမ်းတယ်ဆိုတာ မြေနီကုန်း ရဲစခန်းက သေနတ်တွေ အကုန်ယူသွားကြတယ်။ ပရမ်းပတာတွေ ဖြစ်နေပြီပေါ့နော်။ ဟိုဘက်မှာဆိုရင် ကျွန်တော်သိသလောက် ရောင်ကြီးဆေးဆိုတဲ့ ကောင်၊ ငှက်ပျောသီးထမ်းရောင်းနေတဲ့ကောင်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်က တော်တော်ဆိုးဆိုးဝါးဝါး အခြေအနေကို ရောက်နေပြီ။ ခေါင်းဖြတ်သတ်တယ်ဆိုတာ ကျွန်တော်တို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာမှာ အစဉ်အလာမှာ ရှိမှ မရှိဘဲဗျာ။ ကျွန်တော်တို့နှစ်ယောက် သွားတင်ပြတော့ ဗိုလ်ချုပ်မှူးကြီး စောမောင်က အေးကွာတဲ့၊ ဒါဖြင့်ရင်လည်း ကိုခင်ညွန့်တဲ့။ ဒါဆိုရင် တို့အေဒီလမ်းသွားကြရအောင်တဲ့။ ဒါ အဖြစ်မှန်ပါ။ အဲဒါ မင်းဆက်သွယ်လိုက်ကွာဆိုတော့ ကျွန်တော်က ဦးဆက်ထွန်းဆီကို ဆက်လိုက်တယ်။ ဖုန်းဆက်တဲ့အချိန်က ညနေ (၃)နာရီနဲ့ ၄ နာရီကြားပေါ့။ လမ်းပေါ် ပိတ်ဆို့ထားတာတွေ၊ အတားအဆီးတွေကြောင့် ည (၁၀)နာရီမှ ရောက်တယ်။ အဘိုးကြီးက အိမ်ပေါ်က ဆင်းလာတယ်။ ကဲ . . . ဘာပြောချင်သလဲ၊ ပြောကြစမ်းတဲ့။ ကျွန်တော်က အသေးစိတ်တင်ပြတဲ့အခါကျတော့ သူက ငါလည်း ထင်တော့ ထင်တယ်ကွတဲ့။ အေး အဲဒီလိုဆိုရင် ကွာတဲ့။ မနက်ဖြန်မနက်ကျရင် အဲဒီလူကြီးတွေ သွားပြောလိုက်ဦးတဲ့။ ဒါနဲ့ ကျွန်တော်တို့ အေဒီလမ်းအိမ်က ပြန်ထွက်လာတဲ့အခါမှာ (၁၂)နာရီကျော်သွားပြီဗျ။ နောက်တစ်နေ့ ဗိုလ်ချုပ်မှူးကြီး စောမောင်တို့ မနက် (၆)နာရီခွဲလောက် လူကြီးတွေဆီ သွားတင်ပြရအောင်တဲ့။ လူကြီးတွေဆိုတာက နှစ်ယောက်ပါပဲ။ ဗိုလ်ချုပ်ကြီး သူရကျော်ထင်ရယ်၊ ဗိုလ်ချုပ်ကြီး အေးကိုရယ်။ တွေ့ပြီးတော့မှ ညက အခြေအနေကို ရှင်းပြလိုက်တယ်။ အခြေအနေတွေ ရှင်းပြနေတုန်းမှာပဲ ဦးဆက်ထွန်းဆီက ဗိုလ်ချုပ်ကြီးအေးကိုဆီ ဖုန်းလာတယ်။ ဥက္ကာကြီးက ခေါ်နေပါတယ်။ (၉)နာရီလောက် လာပါ။ သူ ခေါ်ပြီးတာနဲ့ ကျွန်တော်တို့ တန်းထွက်လိုက်တယ်။ ကျွန်တော်တို့သွားတာ စက်တင်ဘာလ (၁၇) ရက်နေ့ညမှာ သွားလိုက်တာ။ ၁၈ ရက်နေ့မနက် (၉)နာရီအရောက် အေဒီလမ်းကို သွားတယ်။ အဲဒီကျတော့ အိမ်မှာ မဟုတ်တော့ဘူး။ ရုံးမှာ။ ဥက္ကဋ္ဌကြီးရုံးမှာ၊ ရုံးကိုသွားတော့ လူကြီးတွေက ဘယ်သူပါလဲဆိုရင် အဲဒီတုန်းက သမ္မတဒေါက်တာမောင်မောင်။ ဝန်ကြီးချုပ်က သူရဦးထွန်းတင်။ ဒုဝန်ကြီးချုပ်က ဗိုလ်ချုပ်သန်းတင်။ ပါတီအထွေထွေ အတွင်းရေးမှူးကတော့ ဗိုလ်ချုပ်ကြီးအေးကို။ တွဲဖက်က ဗိုလ်ချုပ်ကြီး သူရဦးကျော်ထင်။ နိုင်ငံခြားရေးဝန်ကြီးက ဦးရဲခေါင်။ အဲဒီ (၆) ယောက်နဲ့ ကျွန်တော်တို့ ၂ ယောက်ပဲ။

ရုံးမှာ ကျွန်တော်တို့လည်း စုံရော ဥက္ကဋ္ဌကြီးက သူ့အိမ်ကနေ ရုံးကို ထွက်လာတယ်။ ရုံးရောက်တော့ ဥက္ကဋ္ဌကြီးက စပြီးတော့ မင်းတို့လုပ်နိုင်လား၊ ထိန်းနိုင်လားတဲ့၊ ကျွန်တော်တို့ မထိန်းနိုင်ပါဘူးတဲ့။ မင်းတို့ ဘာပြောစရာ ရှိလဲတဲ့။ ဘာမှ မရှိပါဘူး။ ဥက္ကဋ္ဌကြီး အစီမံပါပဲတဲ့။ ဒါ ပြောတဲ့အတိုင်း မင်းတို့ လိုက်နာမလားတဲ့။ လိုက်နာပါ့မယ်ဆိုတော့ ကဲ . . . ကိုစောမောင်၊ ငါတို့ ဘာမှမလုပ်နိုင်တော့ဘူး။ မင်းတို့ စစ်တပ်က ပဲ တိုင်းပြည်ကို တာဝန်ယူလိုက်ကွာတဲ့။ မင်းတို့လုပ်တဲ့အခါမှာ ဥပဒေ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဆက်ပြီး လုပ်ပါတဲ့။ မင်းတို့ မသိတာတွေ ဥပဒေကြောင်းနဲ့ ညီညွတ်အောင် ဒေါက်တာမောင်မောင် ရှိတယ်။ မောင်မောင်၊ မင်း သူတို့အားလုံးကို ရှင်းပြပါ။ ကဲ . . သွားကြတော့ကွာတဲ့။

အဲဒီတော့ ကျွန်တော်တို့ ဘယ်သွားလဲဆိုတော့ ဝင်ဒါမီကို သွားတယ်။ သမ္မတရုံးပေါ့။ အဲဒီအချိန်တုန်းက သမ္မတရုံးမှာ သမ္မတ ညွှန်ကြားရေးမှူးချုပ်က ကိုကက်စိန်။ ကျန်းမာရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကက်စိန်ပေါ့။ အဲဒီရောက်တော့ လုပ်ရမယ့်ဥစ္စာတွေ ဒေါက်တာမောင်မောင်ကပဲ ဥပဒေနဲ့အညီ လုပ်ရမှာလေးတွေ။ ကဲ . . ကိုခင်ညွန့်လေးရေး လာကွာဆိုပြီး ကျွန်တော် သူပြောတာတွေ ရေးရတာပေါ့နော်။ အမိန့်နဲ့ ညွှန်ကြားချက် (၄)စောင် ကျွန်တော်က လိုက်ရေးတာပေါ့။ အဲဒီကနေ ကျွန်တော်တို့ ၂ နာရီခွဲလောက်မှာ ဝင်ဒါမီယာက ထွက်လာတယ်။ စစ်ရုံးရောက်တော့ လမ်းမှာပဲ ဗိုလ်ချုပ်ကြီးစောမောင်က ကိုခင်ညွန့် ခင်ဗျား တို့ ဒါတွေထုတ်ဖို့အတွက် ညနေ ၄ နာရီမှာ မြန်မာ့အသံက သတင်း ထုတ်ရမှာကိုးဗျ။ ကျွန်တော်တို့ စစ်ရုံးရောက်တော့ ကျွန်တော်က သတ်သတ်အခန်းမှာ အရာရှိတစ်ယောက် ခေါ်ပြီးတော့မှ ပြန်ပြီး အချော ပြန်ရိုက်ပေါ့ဗျာ။ အဲဒီတော့ သုံးနာရီခွဲလောက်မှာ ပြီးတယ်။ စာအိတ် လေးအိတ်ထဲကို တိုက်ရိုက်ထည့်၊ စာအိတ်နံပါတ်တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ပဲ တပ်ထားတယ်။ အဲဒီမှာ ဘယ်သူ့ကို ခေါ်ပြီး တာဝန်ပေးသလဲဆိုတော့ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးချုပ် မျိုးသန့်၊ နောက်တစ်ယောက်က စစ်ဥပဒေချုပ် ဗိုလ်မှူးကြီး သန်းဦး။ သူတို့နှစ်ယောက်ကို ခေါ်ပြီး စာအိတ်လေးအိတ်ကို မြန်မာ့အသံကို ယူသွား၊ စာတွေကို ကျွန်တော်က ချိတ်ပိတ်ထားလိုက်ပြီ။ နံပါတ်စဉ်အတိုင်းပဲ ဖွင့်ကြေညာ၊ တစ်ခုပြီးမှ တစ်ခု ဖွင့်ရမယ်လို့၊ ခင်ဗျားတို့က သူတို့ကြေညာတာ စောင့်ပြီးတော့ ကြည့်ပေါ့လို့ဆိုပြီး သူတို့နှစ်ယောက်ကို လွှတ်လိုက်တယ်။ ၄ နာရီ ခေါင်းခံနဲ့ ကျွန်တော်တို့ ကြေညာလိုက်တာပဲ။ အဲဒီဖြစ်စဉ်ဖြစ်ရပ်အမှန် ပဲ။ (စာ- ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆၊ ၉၇)

ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ထိုတာဝန်များပေးရန် မည်မျှအထိ ပြုစုပျိုးထောင်ခဲ့ရသည်တို့ကိုလည်းကောင်း၊ ထောက်လှမ်းရေးမှူးချုပ်ရုံးတွင် မည်သို့မျှ ခန့်အပ်၍ မရနိုင်သည့် ဗိုလ်ချုပ်ကြီး အဆင့်ရာထူးပေးနိုင်ရန် ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေး အရာရှိအထိ တိုးမြှင့်ခန့်ထားပေးသည်ကို လည်းကောင်း၊

<u>၆။ ဦးခင်ညွန့် အဖမ်းခံရ ဖုံးသူ့အမှုအကြောင်း</u>

ကျွန်တော် သံသယကို မရှိဘူး။ လေဆိပ်ရောက်တဲ့အခါကျတော့လည်း ကျွန်တော်က ပုံမှန်ပေါ့။ အဲဒီတုန်းက ကိုခင်အောင်ကြီးက လာကြိုတယ်လေ။ ကျွန်တော် ရုံးခန်းရောက်တယ်။ ကျွန်တော် ရုံးခန်းဝင်ပြီးတော့ တင်ပြမယ့်ဟာတွေ အစီအစဉ်လုပ်တယ်။ အဲဒီလို ပြင်ဆင်နေတုန်းမှာပဲ ဗိုလ်ချုပ်ကြီးမောင်အေးကနေ ဗိုလ်ချုပ်ခင်ညွန့်တဲ့။ ကျွန်တော့်အခန်းလာပါဦးဆိုတာနဲ့ သြော် . . . ကျွန်တော်ကတော့ သူတို့သိချင်တာတွေ မေးမယ်လို့များပေါ့။ ကျွန်တော် တင်ပြဖို့ဟာတွေပါ ယူသွားတယ်။ အခန်းရောက်တော့ အဲဒီမှာ ထူးဆန်းနေတယ်။ ကိုရွှေမန်းရယ်၊ ကိုသိန်းစိန်ရယ်၊ ဗိုလ်ချုပ်ကြီးမောင်အေးရယ်၊ နောက်ပြီးတော့ ကိုစိုးဝင်းရယ်။ သူတို့တစ်တွေ ရောက်နေတယ်။ ရောက်ရောက်ခြင်း သိပ်တောင် မကြာလိုက်ဘူး။ ဗိုလ်ချုပ်ခင်ညွန့်၊ ခင်ဗျား အိမ်ပြန်ပါတော့တဲ့။ ကျွန်တော်တို့ ခင်ဗျားနဲ့ ပတ်သက်ပြီးတော့ မေးမြန်းတာတွေ လုပ်နေပါတယ်။ အိမ်ပြန်ပါ။ ဘယ်မှလည်း မသွားပါနဲ့၊ တော်တော်ထူးဆန်းသွားတယ်။ ဘယ်လိုလဲပေါ့။ သြော် . . . ငါ့အရေးယူမယ် ထင်တယ်ဆိုပြီး စိတ်ထဲကပေါ့။ ဒါနဲ့ ကျွန်တော်က အေးပေါ့ဗျာ၊ ဝမ်းသာပါတယ်လို့ အဲဒီလိုပဲ ပြုံးပြုံးလေးနဲ့ ဝမ်းသာပါတယ်ဗျာလို့။ ကျွန်တော်ကတော့ ကျွန်တော့် အခန်း

www.burmeseclassic.com



ခဏဝင်မယ်လို့။ ငါးမိနစ်လောက်ဝင်ပါတဲ့။ ကျွန်တော့်အိတ်တွေ ဘာတွေ အကုန်သိမ်းကျုံးပြီး ထည့်ပြီးတော့ပေါ့။ စခန်းမှူးက ကျွန်တော် နဲ့ကပ်ပြီး ပါလာတယ်လေ။ စခန်းမှူးက ဗိုလ်မှူးချုပ်ပေါ့။ ကျွန်တော် သုံးစွဲနေတာလေးတွေပဲ ကောက်ထည့်ပြီး ကျွန်တော့်အိမ်ကို ပြန်လာခဲ့တာ။ စခန်းမှူးကလည်း ကျွန်တော့်ဘေးကပ်ထိုင်လိုက်လာတာ။ အဲဒီအချိန်မှာ တရားခံ ဖြစ်သွားတာပေါ့ဗျာ။ (စာ–၄၀)

ဗိုလ်ချုပ်ကြီးက ရဲမှန်ကနေ အင်းစိန်လား။

အင်းစိန်ကို တရားဆိုင်ဖို့ပဲ။

တရားရုံးမှာ ဖတ်ပြလား။

တရားရုံးမှာတော့ ပြောရရင်တော့ တရားခံပေါ့ဗျာ။ တရားခံ ဦးခင်ညွန့်ဆိုပြီးတော့မှ တရားသူကြီး သုံးယောက်ထိုင်ပြီးတော့ အဲဒီမှာ ၁၀ ရက်ကြာတယ်။ ဘာမှ စစ်ကြောတာ မရှိဘူး။ ကျွန်တော့်တပည့်တွေကနေ ထွက်ဆိုချက်အရ ကျွန်တော့်မှာ တာဝန်ရှိတယ်။ ကျွန်တော့်ကို တိုက်ရိုက်စွဲတင်တာ နှစ်ခုပဲ ရှိတယ်။ တစ်ခုက ကျွန်တော် ဒီအိမ်ကြီး ဆောက်တော့ ထောက်လှမ်းရေး ရန်ပုံငွေနဲ့ မီးဆိုင်းဝယ်ပေးတယ်ဆိုပြီးတော့ ဗိုလ်ချုပ်ကြီးအိမ်ကိုတဲ့ မီးဆိုင်းတွေ ပို့လိုက်မယ်ဆိုပြီး ပို့လိုက်တာ။ ကျွန်တော့်ရဲ့ ထောက်လှမ်းရေးတပ်မှူးတွေလည်း မဟုတ်ဘူး။ အဲဒါတစ်ခုပေါ့ဗျာ။ အဂတိလိုက်စားမှု ဆိုပြီးပေါ့။

နောက်တစ်ချက်ကရော–

မောင်းတောမှာ ကျွန်တော်က တပ်ရင်းမှူး လုပ်ခဲ့တော့ အဲဒီတုန်းက နဂါးမင်း စစ်ဆင်ရေးတို့ ခင်ဗျားသိလိမ့်မယ်။ အဲဒီတုန်းက တိုင်းမှူးက ဗိုလ်ချုပ်မင်းခေါင်၊ နဂါးမင်းစတော့ အကုန် ပြဿနာတွေ စပေါ်တာပဲ။ အစ္စလာမ်ဘာသာဝင် ဖမ်းဆီးတယ်။ ဟိုကလည်း စစ်သားတွေ ပြနေတယ်။ အချင်းချင်း ရခိုင်ရွာတွေကို ဝင်ပြီး မီးရှို့တယ်။ ဟိုဘက်နဲ့ ဒီဘက် ပဋိပက္ခတွေ ဖြစ်နေတော့ အကုန်ဖမ်းဟယ်၊ ဆီးဟယ် လုပ်ရတဲ့အချိန်–

နောက်တော့ သံတမန်နည်းနဲ့ ဟင်္သာစီမံချက်လုပ်တော့မယ်ဆိုပြီး တိုင်းမှူးက ကျွန်တော့်ဆီ ရဟတ်ယာဉ်နဲ့ ရောက်လာပြီး ဟေ့ ကောင်လေး။ ဟင်္သာစီမံချက်လုပ်တော့မယ်ကွ၊ မင်းနယ်မြေထဲက ထွက် ပြေးတာတွေ မင်းပဲ ပြန်ခေါ်ရမယ်တဲ့။ မင်းပဲ ဆက်ပြီး ချရမယ်ကွ၊ မင်း စခန်းတွေ တည်ဆောက်ဆိုပြီး လက်ခံစခန်း (၁၁)ခု။ မင်း အမြန်ဆုံး ဆောက်ကွာတဲ့။ မင်းကို ငါ ဘယ်နှရက်ပေးမလဲဆိုတော့ တစ်ပတ်ပေးမယ်တဲ့။ လက်ခံရေးစခန်းက ဝါးတဲတွေပေါ့။ ရခိုင်တွေ သိပ်မရှိဘူး။ အဲဒီအချိန်မှာ ကျွန်တော့်ကို တောက်လျှောက် ကူညီနေတဲ့သူ ရှိတယ်။ ဒီကုလားက ဟိုဘက်က ဝင်လာတဲ့ ကုလားမဟုတ်ဘူး။ ဒီဘက်မှာ မွေးတဲ့ ကုလား။ သူတို့ကလည်း တောင်းဆိုတယ်ပေါ့ဗျာ။ အဲဒီတုန်းက ဒုဝန်ကြီးက မောင်အောင်။ မောင်အောင်လို့ ငါ့တပည့်တွေ အရေးအခင်းကာလတုန်းကလို။ အဲဒီတုန်းက ဗျူဟာကျီတွေ။ ဘူးသီးတောင်ဘက်မှာ။ မင်းလည်းသိတာပဲလို့ ငါ့သတင်းပေးတွေလို့။ ငါ့အမာခံတွေ၊ အဲဒီကောင်တွေတော့ မှတ်ပုံတင်လေး ပေးလိုက်ပါဆိုတော့ သင့်တာကြည့်ပေး လိုက်လို့ ရပါတယ်တဲ့။ ကျွန်တော် လုပ်ပေးလိုက်မယ်တဲ့။ လုပ်ပေးလိုက် တာ မောင်အောင်လုပ်ပေးလိုက်တာဗျ။ လုပ်ပေးလိုက်တာမှာ ကျွန်တော့် စွဲချက်ထဲမှာ အဲဒါပါတယ်။ ဒီကုလားတွေကို ကျွန်တော် မှတ်ပုံတင်လုပ်ပေးတယ်လို့။ အဲဒါက စွဲချက်တစ်ခု။ အဲဒီစွဲချက်က ထောင်(၇)နှစ်။ စောစောက ထောင် (၇) နှစ်။

တစ်မှုချင်းလား။

အေး . . . နောက်တစ်ခုကတော့ ဗီအိုအေက ဒေါ်မြင့်မြင့်ဖော်။ သူ့မိသားစုနဲ့လည်း ကျွန်တော်က ရင်းနှီးတယ်။ ဒါပေမဲ့ သိတာက ကိုသောင်းက သံအမတ်။ ကိုသောင်းမိန်းမနဲ့ ဒေါ်မြင့်မြင့်ဖော်နဲ့က သူငယ်ချင်းဆိုတဲ့အခါကျတော့ ကိုသောင်းနဲ့ပတ်သက်ပြီးတော့မှ သံရုံး

သူ့အင်တာဗျူးအားလုံး
ဖုံးဖုံးဖိဖိ ပြောတာတွေများတယ်။
သူ ကောင်းပြောတာတွေချည်းပဲ။
ဒီကြားထဲ ဒီကနေ့ စာနယ်ဇင်းမှာ
ရေး နေတာတွေဟာ
ပရမ်းပတာနိုင်တယ်။

မှာ အဝင်အထွက်တွေ ရှိတယ်။ ဒီကနေ ကျွန်တော်နဲ့ ဆက်မိတာ။ ဆက်မိတဲ့အခါကျတော့ ကျွန်တော်ခေါ်တယ်။ ဒေါ်မြင့်မြင့်ဖော်လာပြီး ကျွန်တော်နဲ့ လျှောက်လည်တော့ ဗီအိုအေက တော်တော်လေး ပျော့ပြောင်းသွားတယ်။ ဒေါ်မြင့်မြင့်ဖော်ကို နောက်ပိုင်း ဗီအိုအေတာဝန်ရှိသူတွေက ဗမာဘက် ပင်းတယ်၊ ပါတယ်ဆိုပြီး သူ့ကို အလုပ်ဖြုတ်လိုက်ရော။ အဲဒီတော့ သူကနေ ဗိုလ်ချုပ်ကြီးတဲ့။ ကျွန်မလည်း အလုပ်လက်မဲ့ဖြစ်သွားပြီတဲ့။ မြန်မာနိုင်ငံလည်း ကျွန်မ လာချင်တယ်တဲ့။ လာတဲ့အခါမှာ နားနားနေနေ နေဖို့အတွက် အိမ်လေးတစ်လုံးလောက်တော့ ရချင်ပါတယ်တဲ့။ လာတဲ့အခါ နေဖို့ဆိုပြီး ကျွန်တော်က အဲဒါလေး စီစဉ်ပေးလိုက်တယ်။ အဲဒီစီစဉ်ပေးလိုက်တာ အမှုဖြစ်တယ်။

အဲဒါက (၇)နှစ်လား။

အဲဒါက ၇ နှစ်မကဘူးဗျ။ (၁၀)လောက်။ အားလုံးပေါင်း (၄၄)နှစ် ကျနိတာက တပည့်တွေနဲ့ ကျွန်တော့်ကို တိုက်ရိုက်စွဲတာက (၃) မှု။ (စာ– ၁၀၉၊ ၁၁၀၊ ၁၁၁)

အဲသလို အကျဉ်းချုံးတာတောင် စာမျက်နှာ တော်တော်များသွားပြီ။ အဲဒီမှာ ဘိန်းဘုရင်ခွန်ဆာက ဦးခင်ညွန့်နဲ့ဆက်ပြီး လက်နက်ချအလင်းဝင်တာတို့၊ ဗိုလ်မြနဲ့ ရင်းရင်းနှီးနှီးတွေ့ပြီး သူ့မွေးနေ့ကို ရန်ကုန်မှာ ကျင်းပပေးတာတို့၊ ဝတို့၊ ကိုးကန့်တို့နဲ့ ငြိမ်းချမ်းရေးယူတဲ့အကြောင်းကို စတဲ့ အကြောင်းတွေကို ချန်လုပ်ထားခဲ့ရပါတယ်။

ဆက်လက်ပြီး အခုဖော်ပြမယ့်အကြောင်းကတော့ သူတို့အင်တာဗျူးမှာ မပါတဲ့ ကီစ္စပါ။ ဒါကဘာလဲဆိုရင် 'ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ကုန်းမြင့်သာ ဗေဒ္ယာသီရိ ဗိမာန်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး

www.burmeseclassic.com

www.burmeseclassic.com

# Make It New နှင့် အယူလွဲမှု

ဇေယျာလင်း

တက်သစ်စလှုပ်ယက်ကဗျာ (ဆရာမများအပါအဝင်) ကဗျာဆရာများအတွက် ဖြစ်တတ်တဲ့ ပြဿနာတစ်ခုရှိပါတယ်။ အဲဒါကတော့ ရှိရင်းစွဲ နာမည်ရ ကဗျာဆရာတွေနဲ့ ကွဲပြားခြားနားအောင်ရေးသားချင်တာပါ။ တစ်နည်းအားဖြင့်ပြောရရင် 'အသစ်ပြုလုပ်ဖို့'ပေါ့။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်/လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စလို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒါကို အားပေးပါတယ်။ တက်သစ် လှုပ်ယက်ကဗျာဆရာတွေဟာ ရှိရင်းစွဲ နာမည်ရ ကဗျာဆရာတွေ ရေးကြသလို မရေးလိုကြဘူး။ ရှိရင်းစွဲ နာမည်ရ ကဗျာတွေရဲ့ လောင်းရိပ်အောက်မှာလည်း မနေလိုကြဘူး။ ရှိရင်းစွဲ နာမည်ရ ကဗျာဆရာတွေရဲ့ ဩဇာလွှမ်းမိုးမှုကလည်း လွတ်ကင်းချင်ကြတယ်။ ရှိရင်းစွဲ နာမည်ရ ကဗျာဆရာတွေရဲ့ အရေးအသား၊ အစုအဝေး တစ်ခုလုံးကို ဥပေက္ခာပြုလိုတယ်။ လုံးဝအသစ်ဆန်းတစ်ခုခုကို ပြုလုပ်ဖို့ စိတ်အားထက်သန်ကြတယ်။ လှုပ်ယက်သွေး၊ လှုပ်ယက်မာန်နဲ့။ ၂၀ ရာစု အစောပိုင်းက အနောက်တိုင်းကဗျာလောကမှာ ကဗျာဆိုင်ရာ မော်ဒန် ဝါဒ လှုပ်ရှားမှုကို ဦးဆောင်သူတွေထဲ တစ်ဦးပါဝင်ခဲ့တဲ့ အမေရိကန် ကဗျာဆရာ အက်ဇရာပေါင်း Ezra Pound (၁၈၈၅–၁၉၇၂) ရဲ့ Make It New [illegible] ဒါပေမဲ့ ဒီ Make It New ဆိုတဲ့ [illegible] နောက်ခံအကြောင်းအရာတွေကို သိထားရင် [illegible]

အနောက်တိုင်း [illegible] Make It New [illegible] ၁၉၃၄ [illegible] အသစ်ပြုလုပ်ကြဖို့ [illegible] ၂၀ ရာစုရဲ့ အစောပိုင်း [illegible] Modernism (modern ဖြစ်နေ/ခေတ်ပေါ်/ ခေတ်မီ/ ခေတ်နဲ့အညီ ဖြစ်နေ အနေအထားဝါဒကို ဆိုလိုပါတယ်။ အသစ်ဖြစ်နေတဲ့ [illegible] ခေတ်ကာလမှာ ပေါ်လာတဲ့ 'ကာလပေါ်' အနုပညာ [illegible]) ကို ဆိုလိုက်ရင် Make It New က [illegible] Make It New မလုပ်နိုင်ရင် modern မဖြစ်ဘူး [illegible] ဒါပေမဲ့ ဒီ Make It New ဆိုတဲ့ ကြွေးကြော်သံကိုယ်တိုင်က အသစ်မဟုတ်သလို၊ ပေါင်းထွင်လိုက်တဲ့ စကားလည်း မဟုတ်ပါဘူး။ ပေါင်းဟာ တရုတ်ဘာသာစကားနဲ့စာပေ (အထူးသဖြင့် ကွန်ဖြူးရှပ်ဝါဒ ဆိုင်ရာတွေ)ကို ချစ်ခင် [illegible] အတွေးစိတ်ဝင်စားသူ [illegible] ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာတွေ ဖတ်ရင်းနဲ့ရှန်း Shang မင်းဆက် (ဘီစီ ၁၈၀၀– ၁၁၂၂ ဘီစီ [illegible])ကို တည်ထောင်ခဲ့သူ Tang [illegible] တွေ့ခဲ့ပါတယ်။ [illegible] ဖြစ်ပါတယ်။ [illegible] အဲဒါကတော့ Day by day Make it New ဖြစ်ပါတယ်။ 'နေ့စဉ်နဲ့အမျှ အသစ်ဖြစ်အောင် ပြုလုပ်'ဖြစ်ပါတယ်။ ဒါကို ပေါင်းက [illegible] Cantos ကဗျာရှည်ထဲက Canto 53 မှာ [illegible] တွေ့ရပါတယ်။

Make It New

As the sun makes it new

Day by day make it new

Yet again make it new

အသစ်ဖြစ်အောင် ပြုလုပ်

နေလုံးဟာ အသစ်ဖြစ်အောင်ပြုလုပ်သလို

နေ့စဉ်နဲ့အမျှ အသစ်ဖြစ်အောင်ပြုလုပ်

နောက်ထပ်တစ်ဖန် အသစ်ဖြစ်အောင်ပြုလုပ်

Make It New 'အသစ်ဖြစ်အောင် ပြုလုပ်'လို့ ဆိုတဲ့ [illegible] ပေါင်းရဲ့ [illegible] 'အသစ်ဖြစ်အောင်လုပ်'လို့ ပြောတဲ့နေရာမှာ အသစ်ပြုလုပ်ကြဖို့ [illegible] it ဆိုတဲ့ object [illegible] it ဟာ [illegible] context [illegible] it ဟာ [illegible] Dana Levin [illegible] it က old [illegible] ဖြစ်ပါတယ်။ [illegible] Dana [illegible]

'နေလုံးဟာ အသစ်ဖြစ်အောင် ပြုလုပ်သလို' ဆိုတဲ့ [illegible]

'နေ့စဉ်နဲ့အမျှ အသစ်ဖြစ်အောင်ပြုလုပ်'မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ပေါ်တာ မဟုတ်ဘဲ အချိန်ကာလရဲ့ အပိုင်း/ အခြား/ အဆက်အစပ် တစ်ခုဖြစ်ပါတယ်။ အဲသလိုပဲ အသစ်ပြုလုပ်ခြင်းဟာ အဆက်အစပ်မရှိဘဲ မိုးပေါ်က ကျလာသလို၊ လေထဲက ထွက်လာသလိုမျိုး မဟုတ်ပါဘူး။ နေ့စဉ်နဲ့အမျှ တွေးတော၊ ကြံစည်၊ လေ့လာ၊ စမ်းသပ်နေရတာ ဖြစ်တဲ့ အတွက် ဒီလိုလုပ်ခဲ့တဲ့ အတိတ်နေ့ရက်တွေကအစ အခြားသူတွေလည်း ပြုလုပ်ဖန်တီးခဲ့ကြတဲ့ အတိတ်ကာလတစ်ခုလုံးကြီးရှိပါတယ်။

'နောက်ထပ်တစ်ဖန် အသစ်ဖြစ်အောင်ပြုလုပ်' ဆိုတဲ့နေရာမှာ အသစ်ဖြစ်အောင် ပြုလုပ်ခြင်းဟာ တစ်ကြိမ်တစ်ခါနဲ့ ပြီးသွားတဲ့ ကိစ္စ မဟုတ်တာကို ဆိုလိုတာ ဖြစ်ပါတယ်။ တစ်ခေတ်၊ တစ်ခါမှာ ပြုလုပ်ခဲ့တဲ့ အသစ်ဟာ တစ်ချိန်ချိန်မှာ အသစ်ဖြစ်ခြင်းရဲ့ အရည်အသွေးတွေ မှေးမှိန်သွားတတ်စမြဲပါ။ အချိန်ကာလရဲ့ နိယာမပါပဲ။ အဲဒီအချိန်မှာ ရှိပြီးသားကို အသစ်ပြုလုပ်ခဲ့ကြရသလို အသစ် 'အသစ်' ကို နောက်ထပ်တစ်ဖန် ပြုလုပ်ကြရမှာပဲ ဖြစ်ပါတယ်။ လူတစ်ယောက်အနေနဲ့ ပြုလုပ်ရတာ ဖြစ်သလို ခေတ်ကြီးတစ်ခုလုံး အနေနဲ့လည်း ပြုလုပ်ရတာ ဖြစ်ပါတယ်။ (အသစ်ဖြစ်အောင် ပြုလုပ်ဖို့ဟာ ခေတ်ရဲ့ တောင်းဆိုချက်ထဲ ပါတာလည်း ဖြစ်နိုင်တာပေါ့)။ အသစ်ပြုလုပ်ပြီးတာနဲ့ သာယာနေလို့ မရတဲ့ သဘောလည်း တွေ့ရပါတယ်။ ကိုယ်ကိုယ်တိုင်ဟာ အသစ်တစ်ခုခု ပြုလုပ်ကောင်း ပြုလုပ်ခဲ့ပေမယ့် တစ်ချိန်ချိန်မှာ အခြားတစ်ယောက်ယောက်ဟာ နောက်ထပ်အသစ်တစ်ခု၊ နောက်ထပ်တစ်ဖန် ပြုလုပ်(ရ)မှာပဲ ဖြစ်ပါတယ်။ အသစ်ပြုလုပ်ခြင်းဟာ တစ်ကြိမ်တစ်ခါ ဖြစ်တာမျိုးထက် ကွင်းဆက်တွေချိတ်တဲ့ ဖြစ်စဉ်ကြီးလည်း ဖြစ်ပါတယ်။

အဲဒီတော့ Make It New 'အသစ်ဖြစ်အောင် ပြုလုပ်ကြ' ဆိုတာဟာ အချို့ထင်သလို အဟောင်းအားလုံး စွန့်ပယ်ဖို့ မဟုတ်ပါဘူး။ Total transformation လုံးဝ ပြောင်းလဲပစ်လိုက်ဖို့ကို futurist သမားတွေ တောင်းဆိုခဲ့တာ ရှိပါတယ်။ ၂၀ ရာစု ဟိုဘက်ပိုင်းမှာ ရှိခဲ့တဲ့ အနုပညာရပ်တွေအားလုံး အပါအဝင် စာကြည့်တိုက်တွေ၊ ပန်းချီ ပြခန်းတွေ၊ ဂီတခန်းမတွေကိုပါ မီးရှို့ဖျက်ဆီးပစလိုက်ဖို့ မင်းမဲ့စရိုက်ဆန်ဆန် ကြွေးကြော်ခဲ့တာတွေ ရှိပါတယ်။ ပေါင်းအလိုအရတော့ ဒီလိုလုံးဝ ပြောင်းလဲရေးကို ဘယ်လောက်ပဲလိုလားပါစေ တကယ်လိုက်နာလို့မရပါဘူး။ ပေါင်းကိုယ်တိုင်ပင်လျှင် တကယ်လက်တွေ့မလုပ်နိုင်ခဲ့ပါဘူး။ ဒီ Make it New ဆိုတဲ့ ဆလိုဂင်ကိုယ်တိုင်ဟာ ဟိုးအတိတ် ကာလတစ်ခုကနေ သူရရှိခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ အနောက်တိုင်း ကလည်း မဟုတ်ဘူး။ အရှေ့တိုင်းက။ ပေါင်းရဲ့ လက်ရာတွေကို လေ့ လာရင် အတိတ်က ရေးသားထားခဲ့တဲ့၊ မှတ်တမ်းတင်ထားခဲ့တဲ့။ တော်ဝင်တန်းဝင်၊ စာကြီးပေကြီးအဖြစ် သတ်မှတ်ထားခဲ့တဲ့ အရေးအသား တွေထဲက ကောင်းပေ့ဆိုတဲ့ အပိုင်းအစတွေကိုယူငင်ပြီး သူလက်ခံထားတဲ့ ရေးသားဖွဲ့စည်းမှု ပုံစံ/ စနစ်ထဲ ထည့်သွင်းထားသို၊ စီစဉ်နေရာ ချဖွဲ့စည်းပြုလုပ်တာ ဖြစ်ပါတယ်။ အတိတ်က စာသားတွေ သူ ရွေးချယ် ယူငင်ပြီး သူ့ကဗျာထဲ ကိုးကားချက်အဖြစ် ထည့်သုံးသလို သူ့ခေတ်အခါအဖြစ်အပျက်တစ်ခုခုနဲ့ ပေါင်းစပ်တွဲချိတ်လိုက်တာလည်းရှိပါတယ်။ Quotation လုပ်ခြင်း၊ Combination လုပ်ခြင်းနဲ့ Arranging & Re-arranging လုပ်ခြင်းတို့ ဖြစ်ပါတယ်။ ဒီနည်းတွေဟာ သူ့ Cantos ကဗျာရှည်မှာ အထူးထင်ရှားပါတယ်။ The Serious Artist 'အနုပညာကို အလေးအနက်ထားတဲ့ အနုပညာရှင်' ဆောင်းပါးမှာ ပေါင်း ပြောခဲ့တာ ရှိပါတယ်။ "Major poets heap together and arrange and harmonize the results of many men's Labour. This very faculty for amalgamation is a parts of their genius" 'အလေး ထားရတဲ့ ကဗျာဆရာတွေဟာ အခြားသူတွေရဲ့ ပင်ပန်းစိုက်ထုတ်မှုတွေရဲ့ အကျိုးရလဒ်တွေကို ညီညီညွတ်ညွတ်နဲ့ သဟဇာတဖြစ်အောင် ပေါင်းစုပြီး ပြန်လည်စီစဉ်ထားသိုကြတာဖြစ်တယ်။ ဒီလိုပေါင်းစပ်တတ်တဲ့ စွမ်းအားသတ္တိပင်လျှင်ဟာ (သူတို့ရဲ့)ပါရမီရဲ့ အစိတ်အပိုင်းဖြစ်တယ်။

ပေါင်းရဲ့ Make it New ဟာ total transformation ထက် Recombination ပြန်လည် ပေါင်းစပ်မှုသဘောဖြစ်ပါတယ်။ ပေါင်း အတွက် အသစ်ဆိုတာဟာ historical recycling သမိုင်းဝင်အရာတွေကို ခေတ်နဲ့အညီ အသစ်တစ်ဖန်ပြုလုပ်တာဖြစ်ပါတယ်။ ဘယ်အသစ်မဆိုဟာ အဟောင်းရဲ့ ကျေးဇူးမကင်းပါဘူး။

အသစ်ဖြစ်အောင် ပြုလုပ်ခြင်းနဲ့ ဆက်စပ်နေတဲ့ ကိစ္စကတော့ originality ပဲ ဖြစ်ပါတယ်။ မူလ၊ အစပြုလုပ်ခြင်းပေါ့။ 'ကိုယ်ပိုင်'တို့ 'ရင်တွင်းဖြစ်'တို့ စတဲ့ အသုံးအနှုန်းတွေနဲ့လည်း တစ်နည်းမဟုတ် တစ်နည်းဆက်စပ်နေပါတယ်။ 'ပြည်တွင်းဖြစ်'တို့ 'အစစ်အမှန်' တို့နဲ့လည်း မကင်းရာမကင်းကြောင်းပါ။ ဒီအင်္ဂလိပ်စကားလုံးဖြစ်တဲ့ originality ဟာ လက်တင်စကားလုံးဖြစ်တဲ့ originality က လာပြီး originus က oriri ကလာတာ ဖြစ်ပါတယ်။ to rise နိုးထဖို့ မတ်ထဖို့ ဖြစ်ပါတယ်။ အရှေ့ဦးရဲ့ နေ့ဖူးပွင့်စနဲ့ ဆက်စပ်လို့ ရသလို 'အခြေခံ'၊ 'အုတ်မြစ်'၊ 'စတင်ရာအရပ်'တို့နဲ့လည်း ဆက်စပ်လို့ ရပါတယ်။ 'နိုးထ'ဖို့ဆိုရင် 'အိပ်စက်ခြင်း'နဲ့ ဆက်စပ်သလို 'မတ်ထဖို့'ဆိုရင် 'ထိုင်နေခြင်း။ လဲလျောင်းနေခြင်း'တို့နဲ့ ဆက်စပ်ပြီး မူလအနေအထားကနေ ပြောင်းလဲသွားတဲ့ သဘောသက်ရောက်ပါတယ်။ 'အသစ်'ဖြစ်ဖို့ 'အဟောင်း'ဆိုတာရှိရပါတယ်။ အဲဒီ 'အဟောင်း'ဟာလည်း တစ်ချိန် တုန်းက 'အသစ်'ပါပဲ။ ဘယ် 'အသစ်'မဆိုဟာ သူ့ချည်းသက်သက် 'သစ်'လို့ 'လွင်'လို့ 'လန်း'လို့ 'ဆန်း'လို့ မရပါဘူး။ သူ့ကို သစ်စေတဲ့ အကြောင်း တရားတွေ၊ သစ်ဖို့ တွန်းပို့တဲ့ အင်အားတွေ ရှိပါတယ်။ အဲဒါတွေက အဟောင်းရဲ့ တွန်းအားတွေ၊ ပံ့ပိုးမှုတွေ၊ မွေးထုတ်ပေးမှုတွေဖြစ်ပါတယ်။ ဘယ်လောက်ပဲ အဟောင်းတွေက ရှိန်းထွက်ပြီး ဘယ်လောက်ပဲဆန်းသစ်တီထွင်စေဦးတော့ ပေါင်းပြောခဲ့တာက original is not to be Sourceless 'မူလ၊ အစစ်အမှန်ဖြစ်ခြင်းဟာ နောက်ခံအကြောင်း တရားတို့၊ ဇစ်မြစ်တို့ ကင်းမဲ့ခြင်းမဟုတ်ဘူး'။

ဆက်စပ်ပြောရရင်တော့ online မှာ Sandra Simmonds ရဲ့ "Post-flarf discussion" ကို တွေ့မိပါတယ်။ Flarf ပြီးတော့ Post-flarf ကဗျာတွေအကြောင်း ဆွေးနွေးကြတဲ့ အခန်းကဏ္ဍလေးပါ။ အဲဒီမှာ ဝင်ရောက် ပါဝင်ဆွေးနွေးသူတစ်ဦးဖြစ်တဲ့ Bryan Coffelt ဆိုသူက ဟောသလို တင်လိုက်ပါတယ်။

Make it new (Modernism)
Make it fucked up (Flarf)
Stop Making it (Conceptualism)
& Post- Flarf is between the final two.
အသစ်ဖြစ်အောင် ပြုလုပ် (မော်ဒန်ဝါဒ)
လွဲချော်မှားယွင်းအောင် ပြုလုပ် (ဖလော့ဖ်)
ပြုလုပ်နေတာတွေ ရပ်လိုက် (ကွန်ဆပ်ချွလ်လစ်ဇင်)
ပို့စ်တ်၊ ဖလော့ဖ်ကတော့ နောက်ဆုံး ၂ ခုကြားမှာ ရှိတယ်-

ဒီနေရာမှာ it ကတော့ စာပေ၊ ကဗျာ၊ အနုပညာပေါ့။ ဒီဆွေးနွေးပွဲမှာပဲ မူလ flarf အဖွဲ့ဝင်ကဗျာဆရာမ Sharon Mesmer ဝင်ရောက်ဆွေးနွေးသွားတာက ပထမကမ္ဘာစစ်ကနေ မော်ဒန်နစ်ဇင် ရလိုက်တယ်။ ဒုတိယကမ္ဘာစစ်ကနေ ပြင်သစ်တွေက တစ်ဆင့် အတွေးအခေါ်အယူအဆအသစ်တွေ ရလိုက်တယ်။ အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ပွဲ ကနေ ဖလော့ဖ်ကို ရလိုက်တယ်။ ကွန်ဆက်ပ်ချွလ်ကတော့ Kenny (Kenny Goldsmith- Conceptualism စတင် တည်ထောင်သူ)ရဲ့ မှတ်ဆိတ်က လာတာဖြစ်တယ်။ ပို့စ်တ်ဖလော့ဖ်ကတော့ အဆုံးမရှိတဲ့ စစ်ပွဲက လာတာဖြစ်တယ်။ ဆိုလိုတာက တီထွင်ဆန်းသစ်မှုဟာ ကိုယ့်ရဲ့ ဉာဏ်တော်ချည်း သက်သက်က လာတာမဟုတ်သလို လောင်းရိပ်၊ ဩဇာ၊ နောက်ခံ အတိတ်ဟောင်းတို့နဲ့လည်း ကင်းလို့ မရခြင်းပါပဲ။ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေကြတဲ့ complexity ကြီး ဖြစ်ပါတယ်။

ဇေယျာလင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်မောင်၊ ကျုပ် တွေးလေ တွေးလေ ရှင့်ကို စိတ်ဆိုးလေပဲ သိလား။ ခု အိမ်မှာ စားဝတ်နေရေး ဘယ်လောက် ကသီလင်တ ဖြစ်ရသလဲ ရှင်မသိဘူး မဟုတ်လား။ ဆန်မရှိလည်း ပူရတာက ကျွန်မ။ ဆီမရှိလည်း ပူရတာက ကျွန်မ ရှင်ကတော့ မရှိအေးအေး ရှိအေးအေးပဲ။ မအေးနိုင်တဲ့ ကျွန်မက ပူနေရတယ် ရှင့်။ အဲဒီတော့ ရှင် ကျွန်မကို သတင်းအတင်း ပြောပြီး ဈေးရောင်းခွင့်ပေးတော့ . . . ဒါပဲ"

ဒီမိန်းမ ပွစိ ဗျစ်တောက်လုပ်နေတာ ကြာပါပြီ။ ပါးစပ်က ပေါက်ပေါက်ဖောက်သလို ပလီ ပလီလုပ်လိုက်၊ အိုးနဲ့ပန်းကန်ခွက်ယောက်တွေကို ဆောင့်ချကာ အသံထုတ်လိုက်၊ မျက်စောင်းကြီးကို ဝဲခနဲခဲကာ မကျေနပ်ကြောင်းကို ပုံစံအမျိုးမျိုးနဲ့ ဆန္ဒဖော်ထုတ်နေပေမယ့် ကိုတင်မောင် ဒီတစ်ခါ ကိုယ့်အပြစ်နဲ့ကိုယ်မို့ ပါးစပ်ပိတ်ပြီး တုံးအိုဘာဝေ နာစေးနေရတယ်။

ခါတိုင်းဆို ကိုတင်မောင်က မိန်းမဘာပြောပြော ငြိမ်ကုတ်ခံနေတတ်တဲ့ လူစားမျိုးမှ မဟုတ်တာ။ သူ့ကို အိမ်ထောင်ဦးကတည်းက အပြတ်ပြောပြီးသား။

"နင့်နဲ့ငါ လင်မယားဆိုပေမယ့် နင့်ကိုလည်း တိုင်းထွာဆဲရေးပြီး ငါ မပြောဘူး။ နင်လည်း အယုတ္တအနတ္တ စကားတွေနဲ့ ငါ့ကို အားမနာ ပြန်မပြောနဲ့။ ငါ ခွင့်လွှတ်မှာ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးရှိသေ၊ ဘုတ်ကျေးရှိသေ၊ အပြန်အလှန် လေးစားမှုမျိုးကိုပဲ ကြိုက်တယ်"

ကိုတင်မောင်နဲ့ ဒေါ်ဝင်းက ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်တွေ။ မိဘချင်းသဘောတူပြီး ဂဟေဆက်ပေးတော့ နှစ်ဦးနှစ်ဖက် မငြင်းကြဘူး။ နှစ်ယောက်စလုံးက လက်ဆွဲပြစရာ ရည်းစားသန့်ကလည်း မရှိဆိုတော့ လွယ်လွယ်ခေါင်းညိတ်ခဲ့ကြတာပဲ။

မိဘတွေ ပေးစားလို့ တည်ဆောက်ခဲ့ကြတဲ့ အိမ်ထောင်ဆိုပေမယ့် သာသာယာယာ ရှိပါတယ်။

ကိုတင်မောင်က မူလတန်းကျောင်းအုပ်ဆရာကြီးဆိုတော့ ဘာပဲပြောပြော လူရှိသေ၊ ရှင်ရှိသေ ရှိပါတယ်။ ဒါပေမဲ့ ဘာအပိုဝင်ငွေမှ မရှိတဲ့ လစာသီးသန့်သမား။ ရှင်းရှင်းပြောရရင် ကိုတင်မောင် ကျောင်းအုပ်ဆရာကြီးဝင်ငွေ ထက် ဒေါ်ဝင်းရဲ့ ရောင်းအားကောင်းလှတဲ့ မုန့်တီဆိုင်ဝင်ငွေက ၃ ဆလောက် သာပါ တယ်။ ငွေရှာတော်တဲ့ ဒေါ်ဝင်းက သဘော မနောလည်း ကောင်းတာမို့ သူ့ဝင်ငွေက ပိုတယ်၊ ငါ့ဝင်ငွေက မပိုဘူးဆိုတာမျိုးလည်း မပြောရှာပါဘူး။ ဒေါ်ဝင်းဆိုတာက သားကို သခင်၊ လင်ကိုဘုရားဆိုတဲ့ လူစားမျိုးပါ။ ကိုတင်မောင့်အပေါ် ဝတ္တရားကျေလှပါတယ်။

တစ်ရွာလုံးကလည်း ဆရာကြီး ဆိုပြီး အရိပ်တောင် ဖြတ်မသွားရဲလောက်အောင် လေးစားနေကြတာ သူက မလေးစားဘဲ နေပါ့မလား။ သူ့ကိုလည်း ဆရာကတော်ဆိုပြီး တလေးတစား ရှိကြတာကို ပီတိစား အားရှိနေ တာပါ။

ဒေါ်ဝင်းရဲ့ မုန့်တီဆိုင်ကလေးက အရောင်းသွက်လှပါတယ်။ ဆရာကတော် မုန့်တီဆိုင်ဆိုပြီး နာမည်က ခပ်ကြီးကြီး။ ဒီရွာမှာ ရှိသမျှ မုန့်တီဆိုင်တွေထဲ သူ့ရဲ့ မုန့်တီဆိုင်က သက်တမ်း အရှည်ဆုံးလို့ ပြောရမယ်။

ကိုတင်မောင်နဲ့ အိမ်ထောင်ကျစတုန်းကတော့ ဒေါ်ဝင်း မုန့်တီမရောင်းသေးပါဘူး။ ကျောင်းဆရာလစာ ၆၂ ကျပ်ကို အိမ်စရိတ်နှုတ်ပြီး ရွှေတောင် တစ်မူးတစ်ဖဲ့စုနိုင်ပါသေးတယ်။ သမီးကြီး ၅ တန်းတက်ရတဲ့ နှစ်ကျတော့ လစာက ၂၂၅ ကျပ်ပေမယ့် ကလေးကျောင်းစရိတ်တွေ ဘာတွေနဲ့ အလျင်မမီတော့။ တိုးပွားလာတဲ့ လူဦးရေနဲ့ မြင့်တက်လာတဲ့ ကုန်ဈေးနှုန်းကြောင့် သူက တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ဆိုပြီး အိမ်ရှေ့မှာ ရခိုင်မုန့်တီဆိုင်လေးဖွင့်ပြီး တစ်ရွက်တစ်ပိုး စီးပွားရှာရတယ်။

ကိုတင်မောင်တို့ အိမ်က လမ်းဆုံလမ်းခွ အချက်အချာနေရာကျသလို ရွာဈေးလေးနဲ့လည်း နီးဆိုတော့ ဈေးသွားဈေးပြန်တွေနဲ့ရောဘာရောနဲ့ အရောင်းသွက်လှပါတယ်။ ရောင်းကောင်းဆို လက်ကို မလည်ဘူးလေ။ ရောင်းကောင်းရုံမျှမက တစ်ရွာလုံး ရှိရင်းစွဲ မုန့်တီဆိုင်တွေ ပြုတ်ကုန်သလို နောက်ထပ်တိုးလာတဲ့ ဆိုင်တွေအားလုံးလည်း သူ့ဆိုင်ရဲ့ ဈေးကွက်ကို ထိုးမဖောက်နိုင်ပါဘူး။ ဒီရွာကလေးရဲ့ ရခိုင်မုန့်တီဈေးကွက်ကို ပိုင်ပိုင်နိုင်နိုင် ဖမ်းဆုပ်ထားတယ်လို့ ပြောရမယ်။

ဒေါ်ဝင်းက မုန့်တီကို ကောင်းကောင်းနိုင်တယ်။ငါးကို အလတ်ဆတ်ဆုံးဆိုတဲ့ ငါး ကို ဝယ်ပြီး သပ်သပ်ရပ်ရပ် တိုက်ချက်ဆေး တယ်။ မှုင်ငါးပိစစ်စစ်ကို ဘယ်လောက်ဈေး ကြီး ဈေးကြီး ဝယ်သုံးတယ်။ ငရုတ်ကောင်း၊ ကြက်သွန်ဖြူ နိုင်းချင်းထည့်တယ်။ ပဲဆီစစ် စစ်သုံးထားတဲ့ ဆီချက်နဲ့ အကြော်က ရွှတယ်။ မုန့်ဖတ်ဆို ညသိပ်မုန့်ဖတ်ကို မသုံးဘူး။ လတ် ဆတ်တဲ့ ရေခပ်ရွှဲရွှဲလေးနဲ့ လက်ညှစ်မုန့်တီဖတ် ကို သုံးတယ်။ ငရုတ်သီးခြောက်ကို ကိုယ်တိုင် မီးခဲမှုန်းမှုန်းလေးနဲ့ ရွှရွှလေး လှော်ပြီးထောင်းတယ်။ ဒီတော့ သူ့ရဲ့မုန့်တီလက်ရာက တစ်ခါစားမိပြီဆိုရင် တမ်းတမ်းစွဲ လျှာလည်သွားတော့တယ်။ အဲဒါက တစ်ချက် .. နောက်တစ်ချက်က တစ်ရွာလုံးက ရိုသေလေးစားရတဲ့ ဆရာကြီးကတော် ဖြစ်နေတာက တစ်ချက်ပါ။

ဒီအချက် နှစ်ချက်ကြောင့် ဒီရွာမှာ ဒေါ်ဝင်းရဲ့ မုန့်တီအောင်ပွဲခံနေတာလို့ ကိုတင်မောင် လိုရာဆွဲတွေးခဲ့တယ်။

ဒါပေမဲ့ ကိုတင်မောင်ထင်တာတွေ မဟုတ်သေးဘူးဆိုတာကိုလည်း အလုပ်က ပင်စင်ယူပြီး မကြာမတင်မှာပဲ သဘောပေါက်ခဲ့ရတယ်။

♛ ♛ ♛ ♛

ဒေါ်ဝင်းရဲ့ ပင်ကိုဗီဇအရည်အချင်း တစ်ရပ်က မျက်နှာချိုပြီး အပြောကောင်းတာပါပဲ။ စကားပြောရင် သိုင်းသိုင်းဝန်းဝန်းနဲ့ ဖွဲ့နွဲ့ပြောတတ်တယ်။ မျက်နှာ အမူအရာ အက်ရှင်ပါတယ်။ ဖာတ်နာအောင်လည်း အညွှန်အတက်ကလေးတွေ သုံးပြီး လိုသလို ချဲ့ကားပြောတတ်တယ်။ ကိုယ်ပြောတဲ့စကားကို လူတကာ စိတ်ဝင်စားအောင် မျက်တောင်မခတ် ငေးနေရလောက်အောင် ဆွဲဆောင်မှုရှိရှိ ပြောတတ်ပြီး တစ်ဖက်သား ပြောစကားကိုလည်း စိတ်ဝင်တစား ခေါင်းတညိတ်ညိတ် လက်ခံလေ့ ရှိတယ်။

ရခိုင်မုန့်တီဆိုတာကလည်း များသောအားဖြင့် အမျိုးသမီးတွေပဲ ရှုံ့ရှုံ့ရှဲ့ရှဲ့ လာစားကြတာမျိုး မဟုတ်လား။

ဒီတော့ သူ့ဆိုင်မှာ မုန့်တီလာစားတဲ့ အမျိုးသမီးတွေ အားလုံးက မုန့်စားပြီး ချက်ချင်း ထပြန်သွားခြင်းမျိုး မရှိဘဲ မုန့်တီတစ်ပန်းကန်စားပြီး သူ့နဲ့ အားအားယားယားထိုင် သတင်း ပလင်းစုံအောင် လေဖောကြ၊ ဟေးဟေးဟားဟား အော်ရယ်ကြ၊ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး မျက်နှာအက်ရှင်မျိုးစုံနဲ့ တောင်စဉ်ရေမရ စကားတွေ တဖောင်ဖောင် ပြောကြတယ်။ လျှာအညောင်းခံပြီး တစ်ရွာလုံးအကြောင်း စေ့စေ့ငုငု ဝေဖန်ချင်သလို ဝေဖန်ပြောဆိုသမျှကိုလည်း ဈေးသည်ဖြစ်တဲ့ သူ့ကို မထွိုင်ပြုပြီး ပြောကြတယ်၊ သူ့ဆိုင်က အမြဲတမ်း လူတရှန်းရှန်းနဲ့ ဆူညံစည်ကား လို့လေ။

ဒီမြင်ကွင်းကို ကြည့်ပြီး ကိုတင်မောင် အသက်ရှူဖို့ရာ မေ့လောက်အောင် ရင်မောသွားတယ်။ အံ့ဩလွန်းလို့ ပါးစပ်တောင် မစေ့နိုင်ဘူး။ ဒါတွေ အရင်တုန်းက သိမှ မသိခဲ့ဘဲကိုး။

ကိုတင်မောင် အလုပ်က ပင်စင်ယူပြီးနောက် တခြားအလုပ်လည်း မလုပ်တတ်တာမို့ အိမ်နောက်ဖေး တောအုပ်ထဲတက်ပြီး ထင်းခုတ် ခမောက်ရက်ရောင်းတယ်။ မနက်ရေနွေးကြမ်း တစ်အိုးနဲ့ အိမ်ကပြင်မှာထိုင် နီးဖြာရင်းကနေပြီး အမှတ်မထင် မိန်းမဆိုင်ကို [illegible] ကြည့်လိုက်တာပါ။

ဟိုးယခင်တုန်းကတော့ [illegible] ထ ဘုရားရှိခိုးပြီးရင် ခြံထဲက [illegible] ထဲ ဆင်းချင်ဆင်း။ မဟုတ်ရင် [illegible]

www.burmeseclassic.com



ဒီအနေအထားမှာ မိန်းမ ဘယ်လိုရှိနေမလဲလို့ လှမ်းရှိုးလိုက်တော့ အမယ် လက်နှစ်ဖက်ကို ကိုရီးယားကားထဲကလို ဟန်ပါပါ မြှောက်ပြီးတော့ "ရှင်တို့ ဆိုင်ပြင်ထွက်လုံးကြ၊ ကျုပ်ဆိုင် လာဘ်တိတ်တယ်"ဆိုပြီး မုန့်တီရောင်းမပျက်ဘူး။

ဖတ်၊ ပြီးတော့ သမီးကြီး ပြင်ဆင်ပေးတဲ့ ထမင်းဘူးကို ယူ၊ ကျောင်းကို ထွက်သွားလိုက်တာပါပဲ။ သူ့ဆိုင်ကို အရေးအရာလုပ်ပြီး မကြည့်မိပါဘူး။ သူ့အလုပ် သူလုပ်၊ ကိုယ်အလုပ် ကိုယ်လုပ် သမားရိုးကျနေခဲ့တယ်။ ခုမှ မထင်မှတ်ဘဲ မုန့်တီဆိုင်ကို အာရုံကျသွားရတာ။

"အမလေး မဝင်းရယ်၊ ပြောကို မပြောချင်ပါဘူး။ ထည့်စမ်းပါဦး၊ ဟင်းခါးရည်လေးနဲ့ တစ်ပန်းကန်လောက်၊ ပဲကြော်လေးပါ ထည့်"

အမျိုးသမီးတစ်ယောက် ဈေးခြင်းတောင်းကို ဘုတ်ခနဲ ပစ်ချ၊ မျက်လုံးလေးကလယ်ကလယ်နဲ့ စကားစလိုက်တာပါ။ 'ပြောကို မပြောချင်ဘူး 'ဆိုကတည်းက မဖြစ်မနေ ပြောကို ပြောတော့မယ်ဆိုတာ ကိုတင်မောင် နားလည်သွားပြီမို့ စက္ကူအာရုံနဲ့ သောတအာရုံကို အသာပဲ ဖွင့်ပြီး နားစွင့်ထားလိုက်တယ်။

"ပြောစမ်းပါဦးအေ၊ ဘယ်သူနဲ့ ဘာဖြစ်လာပြန်တာလဲ"

ကြည့်၊ အဲဒါကို မကြိုက်တာ။ ကိုယ့်ဘာသာ ရောင်းစရာရှိတာကို ရောင်းပေါ့။ သူကိုယ်က အဲလို ပြောလာသမျှ အတင်းတွေကို လက်ခံနားထောင်နေတာကိုး။ ဘယ်သူပဲလာလာ လက်ခံဆွေးနွေးဖို့ သူက တက်ကြွလွန်းလှတယ်။

"ခင်ကြွားစိန်ပေါ့အေ၊ တုလား၊ စစ်လားတော့ မသိဘူး၊ လက်ကောက်တွေ တစ်တောင်လောက် ဝတ်ပြီးတော့ မော့ခါနေတာပဲ။ငါကလည်း ကံဆိုးချင်တော့ ကြက်သားဆိုင်မှာ သွားဆုံတယ်။ ဟုတ်တာတွေရော မဟုတ်တာတွေပါ သူ ကြွားသမျှ နားထောင်ရတာ နားကိုငြီးရောပဲ"

ပြောသူက နှုတ်ခမ်းတလန် ပန်းတလန်နှင့် ပြောနေသလို ဒေါ်ဝင်းကလည်း မုန့်ပန်းကန်ကို လှမ်းပေးလိုက်ရင်းက . . .

"အိုအေ ပြာတဲ့အခါ ပြာပြီး ဝါတဲ့အခါ ဝါနေတာများ မသိတာမှတ်လို့။ ဒါနဲ့ ကြားပြီးပြီလား။ သူ့ယောက်ျားရဲ့ နှုတ်မှာအသည်းကိစ္စ"

"ဟေ"

သူ့စကားအဆုံး ဆိုင်မှာ ရှိသမျှ အမျိုးသမီးထုအားလုံးရဲ့ စိတ်ဝင်စားမှုက အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိသွားပါပြီ။ စကားဝိုင်းထဲ တစ်တပ်တစ်အား အားဖြည့်လိုက်ကြတာ တိုးတိုးရှုပ်ရှုပ်က တစ်မျိုး၊ ရွဲ့ရွဲ့မဲ့မဲ့က တစ်သွယ်ဖြင့် ပြောကြဆိုကြ ရှုံ့ကြမဲ့ကြ။ ဟီလာဟာလာ တိုက်ကြတယ်။

တစ်ယောက်ထသွားတော့ နောက် တစ်ယောက်ထိုင်၊ တစ်ဖွဲ့ထသွားတော့ နောက်တစ်ဖွဲ့ဝင်ဖြင့် တစ်မနက်ခင်းလုံး လူကအပြည့်။ အကြောင်းအရာတွေကလည်း တစ်မျိုးပြီး တစ်မျိုး မရိုးကြ။ လူတွေသာ ပြောင်းသွားတယ်။ အကြောင်းအရာတွေက မပြောင်း။ ဇာတ်လိုက်တစ်ယောက်ကို ဇာတ်ရုံတစ်ပြုံကြီး ဝိုင်းထားသလိုမျိုး။ သူက သတင်းဖြန့်ဝေရေး ဇာတ်လိုက်ကျော်ကြီးပေါ့။ ခေါင်းတလှုပ်လှုပ်ဖြင့် လက်ခံဆွေးနွေးလိုက်၊ လက်ကလည်း ဖယ်ဆက်သလို မုန့်ပွဲတွေ တရစပ် ပြင်ပေးလိုက် နဲ့ သူ့မှာ အလုပ်တွေ ရှုပ်လို့။

အင်း ဒီကိစ္စလက်ပိုက်ကြည့်နေလို့တော့ မဖြစ်တော့ဘူး။ တစ်သက်လုံးပေါင်းသင်းလာ တဲ့ မိန်းမ အရှည်အချင်းတွေ ဒီလောက်ပြည့်စုံ မှန်းမသိခဲ့ရိုး အမှန်ပါ။ လင်နဲ့မယားဆိုတာ ပါရမီဖြည့်ဖက်တွေမို့ မိန်းမရဲ့ ချွတ်ချော် တိမ်းစောင်းနေမှုကို တည့်မတ်ပေးရမှာ ကိုတင်မောင့်တာဝန် မဟုတ်လား။

နေထန်းတစ်ဖျား အရောက်မှာပဲ မုန့်တီဖတ် အချိန်တစ်ဆယ် ပြောင်ပြောင်ကုန်ပါပြီ။ မုန့်စားအတင်းပြောသူတွေလည်း ခြင်းတောင်းလေးတွေ ဆွဲပြီး အလှို့အလှို့ ပြန်ကြပြီ။ ဒေါ်ဝင်းကတော့ လပြည့်ဝန်းကြီးပမာ ပြုံးတုံ့တုံ့ မျက်နှာကြီးနဲ့ အမြတ်ငွေတွေကို တဖျတ်ဖျတ် ရေတွက်နေဆဲ။

ကိုတင်မောင် မုန့်ဆိုင်ဝိုင်းသိမ်းရင်း မိန်းမကို စည်းရုံးသိမ်းသွင်းမလို့ စကားစလိုက် တယ်။

"ဒီမယ် မဝင်း၊ မင်း မုန့်တီရောင်းတာ ရိုးရိုးသားသား ရောင်းစမ်းပါကွာ။ မင်းဟာက မုန့်ရောင်းတာက နည်းနည်း၊ စကားရောင်းတာက ပိုများနေသလားလို့"

ကိုတင်မောင် စကားအဆုံး မိန်းမက မျက်ခွံတစ်ချပ် လှပ်ပြီးကြည့်တယ်။ ပြီးတော့ မထေ့တထေ့ ပြုံးပြီး မေးငေါ့တယ်။

"အလိုတော်၊ ရှင်က ကျုပ်မုန့်တီဆိုင် ရောင်းကောင်းတာ ဘာကြောင့်လို့ ထင်သလဲ"

"ဘာကြောင့် ရမှာလဲကွ၊ မင်းမုန့်တီက လက်ရာကောင်းတယ်၊ သပ်ရပ်သန့်ရှင်းတယ်။ ပြီးတော့ ကျောင်းအုပ်ဆရာကြီးရဲ့ မိန်းမဆိုတဲ့ အရှိန်အဝါကလည်း ပါသပေါ့များ၊ ဟုတ်ဖူး လား"

မိန်းမက လှို့ဝှက်နက်နဲတဲ့ အပြုံးတစ်မျိုးကို ပြုံးရင်း လက်ကာတယ်။ ပြီးတော့ 'ရှင် ဘာသိလို့လဲ'ဆိုတဲ့ အကြည့်မျိုးနဲ့ မခိုးမခန့် ကြည့်တယ်။

"အိုး . . .နိုးနိုး ရှင်ထင်တာတွေ အားလုံး မှားတယ် ဆရာကြီးရဲ့။ ရှင် ပင်စင်ယူပြီးကတည်းက ရှင့်ရဲ့ အရှိန်အဝါတွေလည်း သုံးစားလို့ မရတော့ပါဘူး။ ကျုပ် မုန့်တီရောင်းကောင်းတာ ရုပ်သတင်း၊ ရွာသတင်း မီဒီယာအားကောင်းလို့ တော်ရေ့။ ခေတ်ကြီးက မီဒီယာခေတ်၊ ဝန်ဆောင်မှုခေတ်၊ ကျုပ်က ဘာစတန်မာတွေကို သတင်းဖြန့်ဝေမှုတွေနဲ့ ဆွဲဆောင်ထားရတာ၊ ရှင်းပလား"

www.burmeseclassic.com





သူက ခရားရေလွှတ် တတွတ်တွတ်ပြောပြီး ရေနွေးလက်ကျန်ကို ပက်ခနဲသွန်ချ ကာ ဆတ်တောက်တောက် ထသွားတော့ ကိုတင်မောင် ဒေါသတွေ ထွက်လိုက်တာမှ အလိပ်လိုက်။

ဟိုးအရင်တုန်းကလို ကိုတင်မောင် ဘာပြောပြော မော်မကြည့်ဝံ့တဲ့ မိန်းမ။ တစ်ခါတရံ စိတ်မထင်လို့ အော်ငေါက်ရင်တောင်မှ "ရှင်က ဆရာကြီးဆိုတော့ ကျုပ်ကို ရှင့်တပည့်လို့ မှတ်တယ်ထင်ပ့ါ" ဆိုပြီး ပြုံးတုံ့တုံ့နဲ့ပါ။ ကိုတင်မောင် ဝင်စင်ယူလိုက်ပြီးကာမှ ဒီမိန်းမ ဒီအချိုးချိုးနေတယ်လို့ နှင့်ခနဲတွေးလိုက်ရင်းကနေ တစ်ခွန်းတော့ ခပ်မာမာအော်ပစ်လိုက်ရော။

"အေး ရောင်းရောင်း၊ တစ်နေ့ မင်း ပြဿနာပေါ်မှ သိမယ်။ ဒီကိစ္စမျိုးဆိုတာ တစ်နေ့မဟုတ် တစ်နေ့ ပြဿနာပေါ်တတ်တယ် ကွ။ နားလည်လား"

ဒေါ်ဝင်းကတော့ နောက်နားက ကပ်ပါလာတဲ့ ကိုတင်မောင့်စကားကို မထီတရီနဲ့ ကိုယ်လုံးဝဝကြီးကို နိမ့်တုံမြင့်တုံ လှုပ်ခါရင်း အိပ်ခန်းထဲကို ဝင်သွားလေရဲ့။

မိန်းမကို ဒီတိုင်းတော့ ပြောလို့ အဆင်ချောမှာ မဟုတ်ချေတော့ဘူး။ သူက သူ့လုပ်ရပ်ကို အပြည့်အဝ ယုံကြည်နေပုံပါပဲ။ အကွက်ဝင်မယ့် တစ်နေ့ကို စောင့်ဆိုင်းဖို့ လိုမယ်လို့ တွေးမိတယ်။

♛ ♛ ♛ ♛

ဒီကနေ့ ရာသီဥတု မသာယာပါဘူး။ ကောင်းကင်တစ်ခွင်မှာ မိုးသားတွေ အလိပ် လိုက်၊ အလိပ်လိုက် မည်းလို့နေတယ်။ ထုံးစံ အတိုင်း ဒေါ်ဝင်းရဲ့ မုန့်တီဆိုင်လေးလည်း သက်ဝင်လှုပ်ရှားနေတယ်။ စားကြ၊ သောက်ကြ ပြောကြဆိုကြပေ့ါ။ ကိုတင်မောင်လည်း ခါတိုင်းလိုပဲ ရေနွေးကြမ်းအိုးကို ဘေးချပြီး နီးဖြာခမောက်ရက်ရင်း မိန်းမဆိုင်ကို တစေ့တစောင်း အကဲခတ်လျက်ပါ။

ထင်ထားတဲ့အတိုင်းပါပဲ။ ပြဿနာကတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာပါပြီ။ အမျိုးသမီးနှစ်ယောက် မုန့်စားရင်း စကားအချုပ်အချင်းတွေ ရှင်းကြပါတယ်။ 'နင်က ဒီလိုပြောတယ် မဟုတ်လား'၊ 'ဟေ့အေး မပြောဘူး' ဒီလိုမျိုးကစပြီး တစ်စတစ်စ ပွဲဆူလာကာ ဆံပင်ဖုတ်ဆွဲ ပါးချတဲ့အထိ ဖြစ်လာပါလေရော။ မုန့်စားနေတဲ့ ပရိသတ်က ဆွဲကြလွဲကြပါတယ်။ ဒါပေမယ့် လူကို ဖျဉ်လို့ရတယ်။ ဒေါသကို ဖျဉ်လို့ မရပါဘူး။

ကိုတင်မောင်လည်း ဘာတွေဆက်ဖြစ်လာဦးမလဲရယ်လို့ စိမ်ပြေနပြေကို ထိုင်ကြည့်နေလိုက်တယ်။ ဒီလို သင်ခန်းစာလေးရမှ ဒီမိန်းမ အချိုးပြင်မယ်လို့ တွေးထားတာကိုး။

ပွဲက အတော့်ကို စည်ပါတယ်။ ပထမတော့ အမျိုးသမီးနှစ်ဦးတည်း ချကြတာပါ။ နောက်တော့ တစ်ဦးစီရဲ့ ဆွေတွေမျိုးတွေထဲက အမျိုးသမီးတွေ ပါဝင်လာကာ အုပ်စုနှစ်စု ဆော်ကြ၊ ချကြ၊ အမယ်လေးလေး။ လင်သားတွေ၊ မောင်တွေ၊ အစ်ကိုတွေ ဝင်ပါမလာကြတာပဲ ကံကောင်းတယ်လို့ တွေးမိပါတယ်။ ကိုတင်မောင်အဖို့တော့ ဒါဟာ ပထမဆုံး အတွေ့အကြုံပါ။

ဒီအနေအထားမှာ မိန်းမ ဘယ်လိုရှိနေမလဲလို့ လှမ်းရှိုးလိုက်တော့ အမယ် လက်နှစ်ဖက်ကို ကိုရီးယားကားထဲကလို ဟန်ပါပါ မြှောက်ပြီးတော့ "ရှင်တို့ ဆိုင်ပြင်ထွက်လုံးကြ၊ ကျုပ်ဆိုင် လာဘ်တိတ်တယ်" ဆိုပြီး မုန့်တီရောင်းမပျက်ဘူး။ ရန်ဖြစ်တာကို လာစပ်စုချင်တဲ့ လူတွေကလည်း မုန့်တီလေး တစ်ခွက်တော့ လာအားပေးသကိုး။ မထင်မှတ်ဘဲ ဈေးဆိုင်ကြိတ်ကြိတ်တိုး စည်ကားသွားတာကြောင့် အိမ်ပေါ်က သမီးကို လှမ်းခေါ်ကာ မုန့်တီဖတ်တောင် ထပ်တိုးဝယ်ခိုင်းနေသေး။ သူ့အရပ် သူ့ဇာတ်တော့ အညမညကျလို့။

ရန်ပွဲကို ကြည့်နေရင်းက ကိုတင်မောင် ဇောချွေးတွေတောင် ပြန်လာပြီး ဆက်မမြင်ချင်တော့တာမို့ အိမ်ထဲကို အသာလစ်ခဲ့တယ်။ စိတ်တွေလည်း နောက်ကျိရှုပ်ထွေးနေပါပြီ။

ကိုတင်မောင်ကသာ ဒီကိစ္စ စိတ်ညစ်သွားတာပါ။ မိန်းမကတော့ ဆိုင်သိမ်းပြီး မုန့်တီ ၁၅ ပိသာဖိုး အမြတ်ငွေတွက် စိတ်ချမ်းသာလို့။ အံ့ဖွယ်သုတပါကလား။ ခါတိုင်း ၁၀ ပိသာရောင်းရတာမှ ခုတော့ ၁၅ ပိသာရောင်းရတာကိုး။ ဘာပဲဖြစ်ဖြစ် ဒီအချက်၊ ဒီအကွက်ကို လက်လွှတ်မခံနိုင်ဘူး။ ကိုတင်မောင် တင်းမာစွာနဲ့ ပြတ်ပြတ်သားသား အမိန့်ထုတ်တယ်။

"မုန့်ရောင်းရင် စကားမရောင်းရ၊ သူများလာပြောရင်လည်း လုံးဝလက်သင့်ခံ မပြောရ၊ ရောင်းသူနဲ့ ဝယ်သူအကြား အေးအေး ရှိုးသားတဲ့ ဆက်ဆံရေးမျိုးပဲရှိရမယ်"

ကိုတင်မောင့်အမိန့်ကို မိန်းမက နှုတ်ခမ်းတစ်ဖက်တွန့်ရင်း သိပ်တော့ မကျေနပ်ချင်၊ မျက်နှာညိုသွားပေမယ့် ပြန်တော့ မပြောရှာပါဘူး။ ကိုယ့်အပြစ်နဲ့ ကိုယ်ဆိုတော့လည်း မျက်စောင်းလေး ချီရင်း 'အင်းလေ . . ကြည့်ကြသေးတာပေ့ါ' တဲ့။

♛ ♛ ♛ ♛

တစ်ခါတစ်ရံတော့ လောကကြီးဟာ အံ့သြစရာကောင်းပါတယ်။ မိန်းမက ကိုတင်မောင့်စကားကို နားထောင်ပြီး ပါးစပ်ပိတ်ရောင်းပါတယ်။ ကိုတင်မောင်လည်း အိမ်ကပြင်မှာ ထိုင်ခမောက်ရက်ရင်း မိန်းမကို အလွတ်မပေး စောင့်ကြည့်တယ်။ လာကြပါတယ် မုန့်တစ်ဝန်းကန်စားပြီး တစ်နာရီလောက် အာလာပ သလ္လာပ လေလုံးထွားကြမယ့်သူတွေ။ သထင်ဦး

www.burmeseclassic.com



သီတင်းထူး ယူလာပေးကြသူတွေ။ သတင်း အန္တရာယ်ခံရောက်လာကြသူတွေ။

**ဒေါ်ဝင်း**က အတော်လေးကို သူ့စကား ကို **နားထောင်**ရှာပါတယ်။ ဘယ်သူဘာပြော ပြော ရေငုံနှုတ်ပိတ် ဘာတစ်ခွန်းမှ ဝင်မစွက် ဘူး။ ပြောလာသမျှ စကားတွေကို ခေါင်း ညိတ်လိုက်၊ ခေါင်းခါလိုက်နဲ့ နှုတ်ခမ်းတင်း တင်းစေ့ပြီး တုံ့ပြန်တယ်။

"မမဝင်း စကားနည်းလှချည့်လား"

"အင်း"

"ဒီနေ့ မမဝင်း စကားပြောတော့ တစ်ခု ခုလိုနေသလိုပဲ၊ ပျင်းစရာကြီး"

"အင်း"

"မမဝင်းရေ ကြားပြီးပြီလား၊ တောင် ပိုင်းက အပျိုကြီး လင်နောက်လိုက်ပြေးတဲ့ သတင်း"

"အင်း"

ဒေါ်ဝင်းမျက်နှာက ရီမှိုင်းမှိုင်းတွေတေ တေ။ သူတို့ပြောစကားတွေကို နားထောင်တာ ကလွဲပြီး ဝေဖန်ချက်လည်း မပေး။ ဆွေးနွေး ဖော်လည်း မရတဲ့ ဒေါ်ဝင်းကိုကြည့်ပြီး အားလုံး က နားမလည်နိုင်ပုံပါပဲ။ ခါတိုင်း အပေးအယူမျှ မျှ သဟဇာတ ကျလာတာကနေ ခုလို ရုတ် တရက် အသွင်ပြောင်းသွားတဲ့ သူ့ကို ဘယ်သူ မှ မနှစ်မြို့ကြ။ ဟိုစကားလေးနဲ့ ဆွဲခေါ်လိုက် ဒီစကားလေးနဲ့ အကဲဖမ်းလိုက် လုပ်ကြတော့ တစ်ခါတရံ သူက သတိလွတ်ပြီး စကားဝိုင်းထဲ ဝင်ပြောမယ် လုပ်ရော ဘယ်ရမလဲ။ ဒီအခြေ အနေမျိုးကို ရောက်မယ်ကြံတိုင်း ကိုတင်မောင် က 'အဟမ်း ,, အဟမ်း' ဆိုပြီး ခပ်ကျယ်ကျယ် ချောင်းဟန့်ပေးလိုက်တော့ တံကောင်ကို ဆားနဲ့ ပက်လိုက်သလို တွန့်ခနဲဖြစ်ပြီး မပြောရဲရှာတော့ ဘူး။

ကြာလာတော့ ဒေါ်ဝင်းမျက်နှာက အေး စက်စက် အပြုံးတွေနဲ့ ခေါင်းညိတ်လိုက်၊ ခေါင်း ခါလိုက် သံပတ်ပေးထားတဲ့ စက်ရုပ်နယ်။ တောင့်တောင့်ကြီးလေး ဒီလိုအခြေအနေကို အကျေနပ်ကြီး ကျေနပ်နေသူကတော့ ကိုတင် မောင်ရယ်ပါ။ ဒီလိုမှပေါ့။ ရောင်းစရာရှိတာ ရောင်း၊ ဝယ်စရာရှိတာ ဝယ်၊ ဆိုင်ကလေး အေးချမ်းပြီး ဘယ်လောက် ကျက်သရေရှိလဲ။ နောက်နေ့တွေဆို ဒီ့ထက်မင်္ဂလာရှိအောင် ဆောင်းဘောက်စ်လေး နှစ်လုံးနဲ့ ဆရာတော် ကြီးရဲ့က ပဋ္ဌာန်းခွေလေး ဖွင့်မယ်လို့တောင် စိတ်ကူးထားသေးတယ်။

"မိန်းမ၊ မင်းမုန့်ဆိုင်လေးကြည့်ရတာ ငါ စိတ်ချမ်းသာလှသကွာ။ မင်းက လက်ခံ မပြောတော့ ဟော မင်းကိုလည်း ဘယ်သူမှ လာပြီး မပြောတော့ဘူး မဟုတ်လား"

ကိုတင်မောင်စကားဆုံးတော့ မိန်းမက



ခုဆိုရင် ကိုတင်မောင်တို့ရဲ့ မုန့်တီဆိုင်လေး ပိတ်ထားရတာ တစ်လကျော် ပါပြီ။ ပင်စင်လစာ ကလေး ချောက်တီးချောက် ချက်က အိမ်စရိတ်နဲ့ဘယ်လိုမှ ဟန်ချက်မညီတော့။

ခပ်တင်းတင်းပုံစံနဲ့ မျက်လုံးလှန်ကြည့်တယ်။ မခံချိ၊ မခံသာ မျက်နှာပေးနဲ့ ရင်ထဲက စကား တွေကို ဝေါခနဲ သွန်ချတယ်။ သူ့ရင်ထဲမှာ တင်း ကျပ်နေပုံပါပဲ။

"ဒီမှာ မုန့်တီဆိုင်လေး အေးချမ်းတယ် ဟုတ်လား၊ ရှင်မို့ ပြောရက်တယ်။ အရင်တုန်း က တစ်ရက်ကို အချိန်တစ်ဆယ်ကုန်တယ်၊ ရှင့်ရဲ့ အတင်းမပြောရ၊ သတင်းမဖြန့်ရ အမိန့် ထုတ်ပြီးကတည်းက ၅ ပိဿာကို အနိုင်နိုင်။ ခု ဒီမနက် ၃ ပိဿာကို တစ်ဝက်သွန်ရတယ်။ ဒီအတိုင်းဆို မကြာခင် ကျုပ်တို့ဆိုင် ပိတ်ရ တော့မယ်ရှင့်၊ ရှင့်ပင်စင်လေးက ရှင်တစ် ယောက်ထဲတောင် ဝရဲ့လား"

"ဟော"

မိန်းမရဲ့ တဒက်ဒက် စက်သေနတ်ပစ် သံအဆုံး ကိုတင်မောင်ပါးစပ်အဟောင်းသား ပွင့်သွားတယ်။ သူ စဉ်းစားမရတာက မုန့်တီ ဆိုင်ကို လာတာ မုန့်စားဖို့လား၊ အတင်းပြော ဖို့လား၊ သတင်းယူဖို့လား။ မိန်းမပြောတာ မယုံတစ်ဝက် ယုံတစ်ဝက်။

♛ ♛ ♛ ♛

ခုဆိုရင် ကိုတင်မောင်တို့ရဲ့ မုန့်တီဆိုင် လေး ပိတ်ထားရတာ တစ်လကျော်ပါပြီ။ ပင် စင်လစာကလေး ချောက်တီးချောက်ချက်က အိမ်စရိတ်နဲ့ ဘယ်လိုမှ ဟန်ချက်မညီတော့။ စု ထားခဲ့ထားတာလေးတွေ ဖြိုဖျက်ပြီး မနိုင့်တနိုင် ကျားကန်ထားရတယ်။ သူတို့လင်မယား ဒီကိစ္စကြောင့် စကားဟက်ဟက်မပြောတာ ကြာပါပြီ။ စကားစပြောတော့လည်း ခုလို စကားလုံးရင့်ရင့်တွေသုံးပြီး ဈေးရောင်းခွင့် တောင်းတော့တာပါပဲ။

"ကိုတင်မောင်၊ ကျုပ် တွေးလေ၊ တွေးလေ ရှင့်ကို စိတ်ဆိုးလေပဲ သိလား။ ခုအိမ် မှာ စားဝတ်နေရေး ဘယ်လောက် ကသီလင်တ ဖြစ်ရသလဲ ရှင်မသိဘူး မဟုတ်လား။ ဆန်မရှိလည်း ပူရတာက ကျွန်မ။ ဆီမရှိလည်း ပူရတာက ကျွန်မ၊ ရှင်ကတော့ မရှိအေးအေး ရှိအေးအေးပဲ။ မနေနိုင်တဲ့ ကျွန်မက ပူနေရ တယ်ရှင်။ အဲဒီတော့ ရှင့်ရဲ့ ပါးစပ်တံခါးပိတ် ဥဒကို ပြန်ပြင်ပေး။ မီဒီယာခေတ်မှာ လွတ်လပ် စွာ သတင်းအတင်းပြောပြီး ဈေးရောင်းခွင့်ပေး တော့။ စကားတွေ ရှုပ်ပြီး ချကြတော့လည်း ကျုပ်ကတော့ မျက်ဖြူဆိုက်လေ ဆရာကြိုက် လေပဲရှင့်။ အဲဒီနေ့ မုန့်ဖတ်တောင် ထပ်တိုး ပြေးဝယ်ရဦးမယ်"

ကိုတင်မောင် တစ်သက်လုံး ကျောင်း ဆရာလုပ်လာခဲ့တာပါ။ ကျောင်းအုပ်ကြီး လုပ် တော့လည်း စည်းကမ်းပြတ်သားခဲ့ပါတယ်။ ဆုံး ဖြတ်ချက် ခိုင်မာခဲ့တယ်။ ခုကိစ္စမှာတော့ ခေါင်း ညိတ်ခေါင်းခါလုပ်ဖို့ အတော့်ကို ခေါင်းခဲရတဲ့ ကိစ္စ။ တင်းကျပ်ပြတ်သားတဲ့ စည်းကမ်းကို အိမ် စရိတ်က ဖိအားပေးခြင်း ခံနေရပြီ။ ထမင်းပေါ် ငါးပိရည်ဆမ်း။ တညင်းသီးဆားရည်စိမ်လေး မြုပ်ပြီး ထမင်းလုပ်ကို ပါးစပ်ထဲ သွင်းမယ့် အလုပ် အိပ်ခန်းထဲက ဒေါ်ဝင်းရဲ့ အော်ကလိ အာအသံနှုတ်ခြမ်းကွဲကြီးက ဆူဆူဟိန်းဟိန်း ထွက်လာတယ်။

"ဘဲဥကို တစ်ခြမ်းပဲစား"

**မေလှိုင်းမြ**

www.burmeseclassic.com

www.burmeseclassic.com





# လူငယ်နှင့် နိုင်ငံတော်သီချင်း

စောမဥ္ဇူ(ဖျာပုံ)

ဆရာ၊ မိဘတို့သည် လူငယ်များကို ယဉ်ကျေးအောင်၊ လိမ္မာအောင်၊ ထူးချွန်ထက်မြက်အောင် ဆုံးမသွန်သင်ကြလေသည်။ လူငယ်များကလည်း ဆရာ၊ မိဘ သွန်သင်မှုကို တသွေမတိမ်းလိုက်နာ လုပ်ဆောင်ကြပါသည်။ သို့သော် လူငယ်တိုင်းတော့ မဟုတ်ပေ။ ဒါလည်း သဘာဝကျပါတယ်။ နေရာတိုင်း အကောင်းနှင့်အဆိုး၊ အဖြူနှင့် အမည်း ဆန့်ကျင်ဘက်များ ရှိမြဲဖြစ်၏။ တစ်နေ့တွင် ကားပေါ်တွင် ကျောင်းသား ကလေးနှစ်ယောက်၏ စကားကို ကြားလိုက်ရသည်။

"အေးကွာ . . . နိုင်ငံတော်သီချင်းသင်တာ သုံးရက်ရှိပြီ။ ရပြီးသား ချည်းကို ထပ်တလဲလဲ သင်နေတာပဲ၊ ပျင်းစရာ ကောင်းလိုက်တာ"

"ဟုတ်တယ်ကွာ၊ သီချင်းဆိုရတာက ခဏလေးရယ်၊ သတိအနေ အထားရှိရမယ်။ လက်ကို ဘေးမှာ ကပ်ပြီး ဆန့်ချထားရမယ်။ ခါးက မတ်နေရမယ်။ မျက်နှာက တည့်တည့်နေ။ ဟာကွာ . . . လိုက်နာရမယ် ဆိုတဲ့ စည်းကမ်းချက်တွေကလည်း ပြောလို့ မပြီးတော့ဘူး"

သူတို့စကားကြောင့် စိတ်ဝင်စားသွားသည်။ ကျောင်းများတွင် ကျောင်းမတက်မီ 'နိုင်ငံတော်အလံ'ကို အလေးပြုကြရလေသည်။ နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်း သီဆိုကြရ၏။ စုဝေးခန်းမဆောင်တွင် ဆရာ၊ ဆရာမများသည် ကလေးတို့ သိသင့်သိထိုက်သော ဗဟုသုတများကို အလှည့်ကျ ပြောပြကြရလေသည်။ ကလေးနှစ်ဦးပြောသော အကြောင်းကို စိတ်ဝင်စားသွားကာ နားစွင့်နေမိသည်။ သို့သော် မှတ်တိုင်မှ တက်လာသောလူများကြောင့် ရှေ့သို့ တိုးပေးရင်းဖြင့် အကျိုးဖြူ၊ လုံချည်စိမ်းကလေးနှစ်ဦးနှင့် ဝေးသွားရလေသည်။

ကလေးနှစ်ဦးစကားကြောင့် 'နိုင်ငံတော်သီချင်း'ကို အမှတ်ရသွားကာ စိတ်ထဲမှ ရွတ်ဆိုနေမိ၏။ ကျွန်မတို့ ငယ်စဉ်ကလေးဘဝတုန်းကလည်း ဤကလေးကဲ့သို့ပင် စုဝေးခန်းမဆောင်၌ နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို သီဆိုကြရလေသည်။ ယခုအခါတွင် ဆရာ၊ ဆရာမတို့သည် နိုင်ငံတော်သီချင်းကို ဆိုနိုင်ရုံတင် မဟုတ်။ နိုင်ငံသီချင်း အဓိပ္ပာယ်အကြောင်း၊ ရည်ရွယ်ချက်၊ လိုက်နာရမည့် စည်းကမ်းစသည်တို့ကို သင်ကြားနေကြပါပြီ။ ပညာရေးစနစ်၏ တိုးတက်မှု အစီအစဉ်တစ်ရပ် ဖြစ်ပေသည်။

ကောင်းပေစွ . . . စိတ်ထဲရင်ထဲတွင် ကြည်နူးပီတိဖြစ်သွားသည်။ နိုင်ငံတိုင်းတွင် 'နိုင်ငံတော်သီချင်း'ဟူ၍ သတ်မှတ်ရာ နိုင်ငံ့အလိုက် ရှိမြဲ ဖြစ်ပါသည်။ နိုင်ငံတော်သီချင်းသည် နိုင်ငံတိုင်းအတွက် အလွန်

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးပါသည်။ လေးစားရပါသည်။ တန်ဖိုးထားရပါမည်။ နိုင်ငံသားတိုင်း လေးစားတန်ဖိုးထားတတ်အောင်၊ လိုက်နာရမည့်စည်းကမ်း၊ လိုက်နာရမည့်ကျင့်ဝတ်၊ လိုက်နာရမည့် ဥပဒေတို့ကို လူငယ်တိုင်း သိရှိရန် လိုပေသည်။ နားလည်ခံစားတတ်ရန် လိုပေသည်။ လေးစားတန်ဖိုးထားတတ်ရန် လိုပေသည်။ လူငယ်တို့အား လေ့ကျင့်ပျိုးထောင်ပေးရပါမည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ လူမျိုးချစ်စိတ်တို့ကို ငယ်နုစဉ်ကတည်းက ခိုင်မြဲရန် လိုပေသည်။

သင်ကြားရေး ရည်မှန်းချက်တစ်ခု ဖြစ်သည့် 'စာကိုလည်း သင်၊ လူပြုပြင်' ဟူသည့်အတိုင်း ဆရာ၊ ဆရာမများသည် အသိပညာ၊ အတတ်ပညာများပါ သင်ကြားပေးရုံ မဟုတ်ချေ။ အတွေးအခေါ် အယူအဆ မှန်ကန်အောင်၊ ဖွံ့ဖြိုးအောင် လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် လူငယ်တို့သည် အနာဂတ်ကာလ၏ မျှော်လင့်ချက်ဖြစ်၏။ လူငယ်များ တိုးတက်လျှင် အနာဂတ်တိုးတက်မည်ဖြစ်၏။ လူငယ်များ ဆုတ်ယုတ်လျှင် အနာဂတ်ကာလလည်း ဆုတ်ယုတ်ပေမည်။ လူငယ်နှင့် အနာဂတ်၊ အနာဂတ်နှင့် လူငယ်သည် ခွဲခြား၍ မရစကောင်းပေ။ ထို့ကြောင့် အနာဂတ်ကာလကို လက်ဆင့်ကမ်းတာဝန်ယူ ထုဆစ်ပုံဖော်ကြမည့် လူငယ်များသည် အသိပညာ၊ အတတ်ပညာသာမကချေ။ စိတ်ဓာတ်၊ အမူအကျင့် မှန်ကန်ထက်မြက်ရန် လိုသည်။ ကောင်းမြတ်ရန် လိုသည်။ သို့မှသာ နိုင်ငံတာဝန်ကို ချစ်မြတ်နိုးစွာ၊ နိုင်မာစွာ တည်ဆောက်နိုင်ကြပေမည်။

လူဆိုသည်မှာ မွေးကတည်းက အသွေး၊ အရောင်ပါ မလာကြပေ။ လေ့ကျင့်ရင်း၊ မိမိကိုယ် မိမိ ပျိုးထောင်ရင်းဖြင့် လူငယ်တို့တွင် အသွေးအရောင်၊ အရည်အချင်းတို့ဖြစ်တည်လာကြပေသည်။ အသိ အတွေး တိုးတက်လာကြပေသည်။ အမှားအမှန် ခွဲခြားတတ်လာပေမည်။ မိမိကိုယ်မိမိတန်ဖိုးထားသည့်စိတ်၊ မိမိအတန်းကို တန်ဖိုးထားသည့် စိတ်၊ မိမိကျောင်း၊ မိမိအရပ်၊ မိမိဒေသ၊ မိမိတိုင်းပြည်၊ မိမိနိုင်ငံ၊ မိမိ လူမျိုး... စသည်ဖြင့် တန်ဖိုးထားသည့်စိတ်၊ ချစ်မြတ်နိုးသည့်စိတ်၊ ကာကွယ်စောင့်ရှောက်လိုသည့်စိတ် စသည့်... စိတ်ကောင်း၊ စိတ်မြတ်များ ဖွံ့ဖြိုးလာကြစေရန် ပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးတို့အပေါ် ချစ်မြတ်နိုးသည့်စိတ်၊ တန်ဖိုးထားသည့်၊ ကာကွယ်စောင့်ရှောက်သည့်စိတ်ကြောင့် မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရခဲ့ခြင်း ဖြစ်ပေသည်။

လွတ်လပ်သော နိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝကို ရရှိခဲ့သည့်နေ့သည် (၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ဖြစ်၏။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၄) ရက်တွင် (၆၆)နှစ်ပြည့်မြောက်ပြီ ဖြစ်၏။ မိမိနိုင်ငံ၊ မိမိလူမျိုးတို့ လွတ်လပ်ရေးရသော နေ့ထူးနေ့မြတ်နေ့တွင် နယ်ချဲ့တို့၏ 'ယူနီယံဂျက်အလံ' ကို ဖြုတ်ချပြီး မြန်မာနိုင်ငံ၏ အလံတော်ကို လွှင့်တင်ရမည်ဖြစ်၏။ ယင်းသို့ 'မြန်မာနိုင်ငံတော်အလံ'ကို လွှင့်တင်ရမည့် အခမ်းအနားတွင် သီဆိုရန် သီချင်းတစ်ပုဒ်လိုအပ်၏။ ပညာရှင်များက နိုင်ငံတော်၏ တာဝန်ပေးအချက် ရေးသားကြလေသည်။ 'စန္ဒရားဦးစိန်မြမောင်'က 'YMB ဆရာတင်'၏ 'တို့ဗမာ'ဟူသော သီချင်း၏ သံစဉ်စာသားကို အခြေခံ၍ ရေးသားခဲ့လေသည်။ အဆင့်ဆင့် စိစစ်ပြီး ဝန်ကြီးအဖွဲ့နှင့် လွှတ်တော်နှစ်ရပ်က အတည်ပြုခဲ့ကြ၏။

'နိုင်ငံတော်သီချင်း' ဆိုသည်မှာ နိုင်ငံတိုင်း ရှိမြဲပင်။ မိမိနိုင်ငံ၊ မိမိတိုင်းပြည်၊ မိမိလူမျိုးတို့၏ ဇာတိမာန်၊ ဇာတိသွေးကို လှစ်ဟပြသော၊ အမွန်အမြတ် အလေးထားဂုဏ်ယူကာ ညွှန်းဆိုကြသော သီချင်းဖြစ်ပေသည်။ တစ်နည်းဆိုရသော် နိုင်ငံတော်သီချင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး၊ ဇာတိသွေး ဇာတိမာန် ရှုးလက်တောက်ပနေသော စိတ်ဓာတ်များ ထင်ဟပ်လျက် နေပါသည်။ စာသားများသည် အမျိုးသားရေးစိတ်ဓာတ်အပြည့် ထုံမွှမ်းလျက် ရှိပေသည်။

'နိုင်ငံတော်သီချင်း'သည် နိုင်ငံသားတိုင်းအတွက် အလွန်အရေးကြီးပါသည်။ နိုင်ငံအဝန်း၊ ရုံးများ၊ အဖွဲ့အစည်းများ၊ ကျောင်းများ၌ ပြုလုပ်သော အခမ်းအနားများတွင် နိုင်ငံတော်အလံလွှင့်တင်မှုနဲ့အတူ နိုင်ငံတော်သီချင်းသည် ထပ်ကြပ်မကွာ ပါဝင်ရ၏။ နိုင်ငံတော်၏ သီချင်းသီဆိုနေချိန်တွင် ကြားရာအရပ်၊ ရောက်ရာနေရာမှ ငြိမ်သက်စွာ ရပ်၍ အလေးပြုသော အကျင့်ကောင်းများ၊ ယနေ့တိုင် ရှိနေပါသေးသည်။ ထိုအကျင့်ကောင်းများကို လူငယ်တို့၏ စိတ်ထဲရင်ထဲ စွဲမှတ်ရန် လိုသည်။ တန်ဖိုးထား လေးစားရန် လိုသည်။

"ဒါ တို့ပြည်၊ ဒါ တို့မြေ၊ တို့ ပိုင်နက်မြေ"

ဟု ဆိုညွှန်းသော နိုင်ငံတော်သီချင်း၏ အနှစ်သာရကိုလည်း လူငယ်တိုင်း သိရှိရန် လိုသည်။ ဟို ဘိုးစဉ်ဘောင်ဆက်၊ အဆက်ဆက်ကနေ 'ဘိုးတွေ၊ ဘွား၊ ဘေး၊ ဘင်' တို့ ဖြူစင်စွာ ပိုင်ဆိုင်ခဲ့သည့် မြေပင်ဖြစ်သည်။ ဘိုးဘွားတို့၏ အမွေအစစ်ပင် ဖြစ်ပါသည်။ ဝယ်၍ရသောမြေလည်း မဟုတ်ပါ။ တစ်ပါးသူထံမှ နိုင့်ထက်စီးနင်း တိုက်ခိုက်ယူသော၊ သိမ်းပိုက်ယူသောမြေလည်း မဟုတ်ပါ။ ဟို ရှေးရှေးဘိုးများ၊ ဘွားများ ရိုးသားစွာ အမှန်တကယ် ပိုင်ဆိုင်သော လက်ဆင့်ကမ်းကာ စောင့်ရှောက်ထိန်းသိမ်းခဲ့သော 'အမွေစစ်'၊ 'အမွေမှန်'ပင် ဖြစ်ပါသည်။ ထို့ကြောင့် ချစ်မြတ်နိုးစွာ၊ တန်ဖိုးထားစွာ ထိန်းသိမ်းကြရပါမည်။ စောင့်ရှောက်ကြရပါမည်။ ဤခံယူချက်ဖြင့် ကြည်နူးစွာ၊ ပီတိဖြစ်စွာ ငံ့ငံ့စားစား သီဆိုကြရမည့် နိုင်ငံတော်သီချင်းပင် ဖြစ်ပါသည်။

**"တို့ပြည်... တို့မြေ +++ အကျိုးကို**
**ညီညာစွာတို့တတွေ+++ ထမ်းဆောင်ပါစို့လေ...**
**တို့တာဝန်ပေ ++++ အဖိုးတန်မြေ++++**
**ဒါ တို့ပြည်++++ တို့မြေ"**

ဆိုသည့် စာသားတစ်လုံးချင်းစီတွင် အဓိပ္ပာယ်လေးနက်မှု ရှိပေသည်။ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။ အဓိပ္ပာယ်လေးနက်လှသော မြန်မာနိုင်ငံ၏ 'နိုင်ငံတော်သီချင်း'ကို ကျောင်းများတွင် စနစ်တကျ သင်ကြားပေးနေခြင်းအတွက် ဝမ်းမြောက်ကျေနပ်မိပါသည်။ 'နိုင်ငံတော်သီချင်း' မှသည်... မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း စသောအသိ၊ အတွေးတို့ကို လူငယ်များ ရရှိနိုင်ပေသည်။

လွတ်လပ်သော နိုင်ငံများမှသာ မိမိနိုင်ငံ၏ 'အလံတော်'ကို လွှင့်ထူခွင့် ရှိ၏။ မိမိ 'နိုင်ငံတော်၏သီချင်း' ကို သီဆိုခွင့် ရှိ၏။ ဤအကျိုးတရားကို လူငယ်တိုင်း နားလည်ရန် လိုသည်။ တန်ဖိုးထားရန် လိုသည်။ နိုင်ငံတော်သီချင်း သီဆိုနိုင်ရခြင်းသည် ကြီးမြတ်သော အခွင့်အရေးကြီး တစ်ခုဖြစ်သည်။ လွတ်လပ်သော နိုင်ငံ၊ လွတ်လပ်သော လူမျိုးဖြစ်၍သာ မိမိနိုင်ငံ၏ 'နိုင်ငံတော်သီချင်း' ကို ဆိုခွင့်ရခြင်းဖြစ်သည်။ ဤသည်ကို လူငယ်တို့ နားလည်သဘောပေါက်ပါလျှင်+++++

**"တို့ဘိုးဘွား အမွေစစ်မို့+++ ချစ်မြတ်နိုးပေ+++**
**ပြည်ထောင်စုကို အသက်ပေးလို့+++ တို့ကာကွယ်မလေ**
**ဒါတို့ပြည်၊ ဒါတို့မြေ+++ တို့ပိုင်နက်မြေ+++"**

ဆိုသည့်အတိုင်း ဘိုးဘွားဘေးဘင်တို့၏ 'အမွေအစစ်'ကို တန်ဖိုးထားကာ ကာကွယ်စောင့်ရှောက်ကြမည့် လူငယ်များ ဖြစ်ထွန်းလာကြမည် ဖြစ်ပါသည်။

**...မာမဍ္ဂ (ဖျာပုံ)**

www.burmeseclassic.com

www.burmeseclassic.com





# အညာစကားပုံ၊ အညာဆိုရိုးစကား

ငြိမ်း(ရွှေလီ)

ယခုတလော လုပ်ချင်တာတွေ များနေသည်။

သစ်တောကြီးတွေ အကုန်ပြောင်အောင် ခုတ်ရောင်းပစ်ပြီး ဒေသခံပြည်သူတွေ ဖွံ့ဖြိုးရေးအတွက် လုပ်ပေးချင်သည်။ တစ်လက်စတည်း မြန်မာ့ရေမြေတောတောင်အလှဓာတ်ပုံတွေ ဝေဝေဆာဆာနှင့် သဘာဝ မဂ္ဂဇင်းလေးလည်း ထုတ်ချင်သည်။

တိုက်တွေ၊ ကားတွေ ရောင်းချကာ တိုင်းပြည်ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ချင်သည်။

လက်ပံတောင်းတောင် လယ်တီဆရာတော်ဘုရားကြီး၏ စေတီနှင့် သိမ်ကဲ့သို့ မြန်မာနိုင်ငံအနှံ့ တောင်ကုန်းတောင်ထိပ်များရှိ စေတီ၊ တန်ဆောင်း၊ သိမ်ကျောင်းများကို လက်ညှိုးထိုး၍ ရောင်းစားချင်လှသည်။

သတ္တုသိုက်ကြီးများရှိရာ တကောင်းတောင်၊ မြွေတောင်၊ ဇားတောင်တို့လို မြန်မာ့တောင်ကြောကြီးများကို ရောင်းစားချင်သည်။

မြစ်ကြီးဧရာဝတီကိုလည်း မြစ်ဆုံဒေသလို ပိုင်းပိုင်းပြီး ရောင်းစားချင်သည်။

အနောက်ဘက်နှင့် လူသိရှင်ကြား ရန်ဖြစ်သတ်ပုတ်နေသူကိုလည်း မိမိကို ဒေါင်လိုက်တစ်မျိုး၊ ကန့်လန့်တစ်မျိုး ကျောသပ်ခေါင်းသပ်နှင့် မီးရှာဖမ်းမျှနေသော ရှေ့ဘက်က နဂါးကြီးကို မြင်နိုင်အောင် နောက်စေ့မှာ မျက်လုံးအကြီးကြီး တပ်ပေးချင်လှသည်။

အို . . . ယုတ်စွအဆုံး မော်ဒယ်အေဂျင်စီပိုင်ရှင် ထွန်းလွင်လို (၂၈)သိန်းတန် ဖိနပ်တစ်ရံ ဘန်ကောက်အော်ဒါမှာပြီး စီးချင်စမ်းသည်။

ကျွန်မ အလွန်တရာ ညံ့ဖျင်းပါသည်။ ဘာတစ်ခုမျှ မလုပ်နိုင်ပါ။ အိပ်ရာထဲမှ လူနာတစ်ယောက်ဖြစ်၍ ၁၅ဝ/- တန် ဘောပင်တစ်ချောင်းသာ ပိုင်ဆိုင်သောကြောင့် တတ်သရွေ့၊ မှတ်သရွေ့ စာကလေး ရေးလိုက်ရုံသာပင်။

♛ ♛ ♛ ♛

၂၀၁၁ ခု၊ နိုဝ်ဘာလ 'အညာစကားပုံ၊ အညာဆိုရိုးစကား' စာအုပ်ကို ကျွန်မ ထုတ်ဝေခဲ့ပါသည်။ ဇာတိဖြစ်သော ကသာမြို့နယ် ဧရာဝတီ၊ ရွှေလီမြစ်ဆုံဒေသမှ မိဘဘိုးဘွားစဉ်ဆက် ပြောဆိုခဲ့ကြသော စကားပုံနှင့် ဆိုရိုးစကားများကို ကျွန်မက ရှာဖွေစုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ နိုင်ငံတော် မြန်မာစာအဖွဲ့မှ ထုတ်ဝေသော 'မြန်မာစကားပုံ'စာအုပ်နှင့် 'မြန်မာဆိုရိုးစကား' စာအုပ်များတွင် မပါဝင်သော စကားပုံ (၄၁၅) ခုနှင့် ဆိုရိုးစကား (၁၅၂) ခု ပါဝင်ပါသည်။ ယခုတစ်ခါ ထပ်မံစုစည်းမိသော စကားပုံနှင့် ဆိုရိုးစကားများကို တိမ်မြုပ်ပျောက်ကွယ်သွားမည် စိုးရိမ်၍ စာတစ်အုပ်အဖြစ် မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

'စကားပုံ' ဆိုသည်မှာ လူအများဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် ထိရောက်ကျစ်လျစ်စွာ ပုံနိုင်းပြောဆိုသည့်စကား (ဥပမာပေး တင်စားခြင်း) ဖြစ်ကာ . . .

'ဆိုရိုးစကား' ဆိုသည်မှာ မှတ်သားဖွယ်ရာအဖြစ် အစဉ်အလာ ပြောဆိုခဲ့သည့်စကား (သတ်မှတ်ချက်) ဖြစ်ပါသည်။

ယခုခေတ်တွင် စကားပုံ၊ ဆိုရိုးစကားများ ရေးသားပြောဆိုနိုင်သူ ရှားပါးသွားပြီ ဖြစ်သည့်အပြင် အများစုမှာ စကားပုံနှင့် ဆိုရိုးစကားကို ပင် ခွဲခြားမသိကြတော့ပါ။ များမကြာမီနှစ်များက အဝေးသင်တက္ကသိုလ် မြန်မာစာအထူးပြုဘာသာရပ်အတွက် 'မြန်မာစကားပုံကောက်နုတ်ချက်' စာအုပ်တွင် စကားပုံ (၁၀၀) ခု ဖော်ပြထားရာ (၄၈)ခုမှာ ဆိုရိုးစကားများ ဖြစ်နေပါသည်။ များစွာ စိတ်ဆင်းရဲရပါသည်။

ယခုဆောင်းပါးတွင် ထပ်မံတွေ့ရှိသော စကားပုံနှင့် ဆိုရိုးစကားများကို မပျောက်ပျက်၊ မတိမ်ကောသွားစေရန် မှတ်တမ်းတင်ထားပါ သည်။ မြန်မာစကားမြတ်နိုးသူများ မှတ်သားသုံးစွဲတော်မူကြပါကုန်။

## အညာစကား

၁။ ကြမ္မာငင် ဆင်ကောင်ဆိတ်ဖြစ်

ကံကြမ္မာက စီရင်ဖန်တီးလာလျှင် ဆင်ကဲ့သို့ ကြီးမားကြံ့ခိုင်သူ ဖြစ်ပါလျက် ဆိတ်ကဲ့သို့ သေးနုတ်သိမ်ငယ်သောအဖြစ်သို့ ရောက်ရ သည်။

"အေး . . . ကိုယ့်ကံနိမ့်တဲ့အခါ ကြမ္မာငင်ဆင်ကောင်ဆိတ်ဖြစ် ဆိုသလို ဒုက္ခရောက်တတ်တယ်။ သတိဝီရိယလည်း မပေါ့နဲ့၊ ဘုရားတရားလည်း မြဲကြ"

www.burmeseclassic.com



၂။ ကိုယ့်ပစ္စည်း သူတံဆိပ်

မိမိပိုင် ပစ္စည်းဖြစ်ပါလျက် သူတစ်ပါး၏ တံဆိပ်နှင့်ကပ်ခြင်းခံရသောအခါ မိမိမပိုင်တော့သကဲ့သို့ ဖြစ်ရသည်။

"ဟိုက ဆူဆူညံညံ၊ ဒီက ဆူဆူညံညံနဲ့ ကိုယ့်မြေပါ၊ ကိုယ့်ရေပါ၊ ကိုယ့်မြစ်ပါနဲ့ တောင်းဆိုသံတွေ မိုးလုံးညံနေပြီကော။ ခက်တာက ကိုယ့်ပစ္စည်း သူများတံဆိပ် ကပ်ခံထားရတာပဲ"

၃။ ငုံးများလို တစ်နေ့သော်လည်း အမြီးရှည်နိုး

ပင်ကိုက အမြီးတိုသော ငုံးသတ္တဝါအဖို့ အမြီးရှည်လာနိုးဖြင့် တစ်နေ့ပြီးတစ်နေ့ မျှော်လင့်နေသော်လည်း အမြီးရှည် မလာသကဲ့သို့ အမြဲမပြတ်မျှော်လင့်နေသော်လည်း အကောင်းဖြစ်မလာ။

"ငါ့မှာတော့ ငုံးများလို တစ်နေ့သော်လည်း အမြီးရှည်နိုးနဲ့။ မင်းကတော့ သားလည်း ဂရုမစိုက်၊ မယားလည်း ဂရုမစိုက် နေ့ရှိသရွေ့ အရက်နဲ့ ပျော်နေတော့တာပဲ"

၄။ စပ်တူဆို စပ်လုံချည်တောင် မဝတ်နဲ့၊ ချုပ်ရိုးက ပြတ်တတ်တယ်

အဝတ်စငယ် နှစ်စသုံးစ စသဖြင့် စပ်၍ ချုပ်စပ်ရာ၌ အစများကို တွဲစပ်သည့် ချုပ်ရိုးက စုတ်ပြဲသွားတတ်သကဲ့သို့ သူတစ်ပါးနှင့် ပေါင်းစပ်၍ အလုပ်လုပ်လျှင်လည်း မညီမညွတ် ချွတ်ယွင်းချက်ရှိသောကြောင့် ပြန့်ကွဲတတ်သည်။

"ငွေရေးကြေးရေး အလုပ်ဆိုတာ ကိုယ့်တစ်ဦးတည်း လုပ်တာပဲကောင်းတယ်။ စပ်တူဆို စပ်လုံချည်တောင် မဝတ်နဲ့၊ ချုပ်ရိုးက ပြတ်တတ်တယ်လို့ လူကြီးမိဘ ဆုံးမစကား ရှိသားပဲ"

၅။ တစ်ပြား၊ နှစ်ပြားမှတ်လို့ ခွာ

(ရှေးယခင်က သုံးစွဲခဲ့သော) ငွေပြားတစ်ပြားကို နှစ်ပြားဟု ထင်မှတ်ကာ ခွာယူနေသည်ဆိုသကဲ့သို့ ငွေကို အလွန်နှမြော တွန့်တိုစွာ သုံးစွဲသည်။ "ကဲ့ရဲ့ရင်လည်း ခံရုံပအေး။ ကိုယ့်မှ ဝင်ငွေမရှိတာ။ တစ်ပြား၊ နှစ်ပြားမှတ်လို့ ခွာနေရတာပဲ"

၆။ ထမီမှန်း သိပေမယ့် ချမ်းတော့လည်း ခြုံမိ

အမျိုးသမီးဝတ်သော လုံချည်မှန်း သိသော်လည်း ချမ်းသော ကြောင့် ခြုံထားမိသည်ဆိုသကဲ့သို့ မဖွယ်မရာသော ကိစ္စမှန်း သိပါလျက် မိမိ၏ အခက်အခဲကြောင့် ပြုလုပ်မိသည်။

"သူ့ခန္ဓာကိုယ်နဲ့ ရင်းထားတဲ့ငွေမှန်း သိပေမယ့် ငါ့မှာကလည်း ကျန်းမာရေးအတွက်ဆိုတော့ ချေးသုံးမိတော့တာပဲ။ ထဘီမှန်း သိပေမယ့် ချမ်းတော့လည်း ခြုံမိ ဆိုသလို ဖြစ်သွားပြီ"

၇။ နောက်လှည့်ကြည့်လို့မှ အရိပ်ရှိတယ်

မိမိနောက်သို့ ပြန်လှည့်ကြည့်လိုက်လျှင် မိမိအရိပ်သာရှိသည်ဆိုသကဲ့သို့ တစ်စုံတစ်ယောက်တွင် နောက်ခံအင်အားမရှိ၊ ကူညီမည့်သူ မရှိဟုဆိုလိုသည်။

"မှန်တယ်ဆိုတိုင်းလည်း စွတ်မလုပ်နဲ့။ အရေးဟဲ့ အကြောင်းဟဲ့ဆို ကိုယ့်မှာက နောက်လှည့်ကြည့်လို့မှ အရိပ်ပဲ ရှိတယ်"

၈။ လူသမုတ် သစ်ငုတ်စုန်းဖြစ်

လူတို့က ဝိုင်းဝန်းစွပ်စွဲကြလျှင် အသက်မရှိသော သစ်ငုတ်သည်ပင် စုန်းဖြစ်သွားရသကဲ့သို့ မိမိတွင် အပြစ်မရှိသော်လည်း အများက မဟုတ်ရာ ပြောဆိုလျှင် အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည်။

"ကိုယ်က ရိုးရိုးသားသား ပေါင်းပေမယ့် ပတ်ဝန်းကျင်က ကဲ့ရဲ့ခံရလိမ့်မယ်နော်။ လူသမုတ်၊ သစ်ငုတ်စုန်းဖြစ်"သတဲ့။

၉။ သမင်ဆယ်လှမ်း ကျားတစ်လှမ်း

သမင်၏ ခြေဆယ်လှမ်းအကွာအဝေးသည် ကျား၏ ခြေတစ်လှမ်းနှင့် ညီသည်ဆိုသကဲ့သို့ အင်အားကြီးသူ၏ အန္တရာယ်မှ လွတ်မြောက်ရန် အဆများစွာ ပို၍ ကြိုးပမ်းရမည်ဟု ဆိုလိုသည်။

"ဒီကိစ္စကို အလျှော့ပေးလို့တော့ မဖြစ်ဘူး။ ဒါပေမဲ့ သူတို့က အင်အားကြီးတော့ သမင်ဆယ်လှမ်းကျားတစ်လှမ်း ဆိုသလို ကိုယ်က အင်မတန် ဖျတ်လတ်ဖို့၊ အကင်းပါးဖို့တော့ လိုလိမ့်မယ်"

၁၀။ သရက်စေ့ထက်ခြမ်းခွဲ

တစ်ခြမ်းနှင့် တစ်ခြမ်း အစေ့အဆန်ရော အခွံပါ အရွယ်အစားတူညီသည့် သရက်စေ့ကို ထက်ခြမ်းခွဲလိုက်လျှင် အညီအမျှရသကဲ့သို့ တစ်စုံတစ်ခုကို ညီမျှစွာ ခွဲစေသည်။

"သံယောဇဉ်ကုန်ကြမှတော့ ကိုယ့်လမ်းကိုယ်လျှောက်ကြတာပဲကောင်းပါတယ်။ ရှိတဲ့ပစ္စည်းလည်း သရက်စေ့ထက်ခြမ်းခွဲပ"

၁၁။ သူကြီးလှေ မီးသေပြီးသား

သူကြီး၏လှေတွင် မီးဖို၍ ချက်ပြုတ်စားသောက်ရန် မလိုလောက်အောင် အများတကာက ထမင်းဟင်းစားသောက်ဖွယ်များ လာရောက်ပေးပို့ကြသည်ဆိုသကဲ့သို့ အကြီးအကဲဖြစ်သူအဖို့လည်း အပူအပင် အကြောင့်အကျ မရှိဘဲ အားလုံးပြည့်စုံသည်။

"သူတို့က သူကြီးလှေမီးသေပြီးသား ဆိုတဲ့ လူတန်းစားတွေကွ၊ ချွေးတစ်ပေါက်မကျဘဲ စိန်ပုံရွှေပုံပေါ် စံနေကြတာ"

၁၂။ သေမှ ဆင်ကြီးနှင့်ချ

လူတစ်ယောက်ကို မသေမီ မပြုစု၊ မစောင့်ရှောက်ဘဲ လျစ်လျူရှုထားက သေပြီးမှ အလောင်းကို ဆင်ကြီးနှင့် အသုဘချသည်ဆိုသကဲ့သို့ မိမိအပြစ်ကို ဖုံးကွယ်ရန် သူတစ်ပါးအထင်ကြီးအောင် လုပ်ဆောင်သည်။

"ဖအေအရင်းခေါက်ခေါက်ကြီး မကျန်းမာနေတုန်းကတော့ ပစ်ထားကြပြီး သေမှ ဆင်ကြီးနှင့်ချ နေကြတယ်။ အတော်ရှုံ့စရာကောင်းတဲ့ဟာတွေ"

၁၃။ သေမယ့်နှစ်မှ စစ်ထဲလိုက်

သေရမည့်နှစ်တွင်မှ စစ်ထဲသို့ လိုက်မိသည်ဆိုသကဲ့သို့ ဒုက္ခဖြစ်မည့်အချိန်တွင်မှ အန္တရာယ်ရှိရာသို့ သွားမိသည်။

"ရှေ့တောရှေ့တောနဲ့ အန္တရာယ်များတယ်နော်။ စဉ်းစဉ်းစားစား လည်းလုပ်ကြ၊ တော်နေ သေမယ့်နှစ်မှ စစ်ထဲလိုက် မိနေဦးမယ်။

၁၄။ သင်္ကန်းဝတ်တဲ့နှစ်မှ ဝါကြီးထပ်

ဒုလ္လဘ သင်္ကန်းဝတ်သူတစ်ယောက်အဖို့ သီတင်းဝါလကျွတ်လျှင် သင်္ကန်းချွတ်ရတော့မည်။ ရဟန်းဘောင်မှ ထွက်ရတော့မည်ဟု မျှော်လင့်စောင့်စားနေသော်လည်း ဝါကြီးထပ်သော နှစ်ဖြစ်၍ အချိန်တစ်လပိုကြာအောင် သင်္ကန်းဝတ်နှင့် နေရဦးမည်ကြောင့် စိတ်ညစ်ရသည်ဆိုသကဲ့သို့ မိမိ မလုပ်လိုတော့သော အလုပ်ကို လုပ်ရန် အကြောင်းဖန်လာသည်။

"အဆင်ပြေမလားလို့ ဝင်လုပ်မိပါတယ်။ အလုပ်ကလည်း အဆင်မပြေ၊ နောက်ထပ် အစီအစဉ်တစ်ခု တိုးလာပြန်တော့ ခွာပြန်ဖို့ ဝေးသွားပြန်ပြီ။ သင်္ကန်းဝတ်တဲ့နှစ်မှ ဝါကြီးထပ် ဖြစ်နေပြီ"

♛ ♛ ♛ ♛ ♛

## အညာဆိုရိုးစကား

၁။ ကံနဲ့လူ မပူနဲ့

ကံကောင်းသည့်သူအဖို့ အခိုက်အတန့်အားဖြင့် အခက်အခဲ ကြုံရသော်လည်း စိုးရိမ်ပူပန်ရန်မလို။ အချိန်တန်လျှင် ပြေလည်သွားလိမ့်မည်။

"ဒီလောက်လည်း စိတ်မဆင်းရဲပါနဲ့ကွယ်။ ကံနဲ့လူ မပူနဲ့လို့ စကားရှိသားပဲ။ စိတ်ကောင်းလေးသာ မွေး၊ အဆင်ပြေသွားမှာပါ"

၂။ 'စစ်'ဆို ရေတောင် စစ်မသောက်ချင်

စစ်ဘေးစစ်ဒဏ် ခံရဖန်များ၍ 'စစ်'ဆိုသည့်အသံကိုပင် မကြားလို၊ ရေကိုပင် စစ်မသောက်လိုဟု ဆိုလိုသည်။

"ဒီစစ်ကြောင့် ငါတို့မှာ ဘယ်နေ့သေမယ်မသိ၊ ကိုယ့်အိမ်ကိုယ့်ယာလည်း စွန့်ပြီး ထွက်ပြေးရ။ ကြာတော့ 'စစ်'ဆို ရေတောင် စစ်

www.burmeseclassic.com



မသောက်ချင်တော့ဘူး''

၃။ စိတ်ကိုသိချင် ငွေနဲ့တို့

လူတို့၏ စိတ်ရင်းစိတ်ထား အကောင်းအဆိုးကို သိလိုလျှင် ငွေနှင့်တို့ထိ စမ်းသပ်ကြည့်ရမည်။

''မိတ်ရင်းဆွေရင်းရယ်လို့ ငွေချေးပေးလိုက်မိပါတယ်။ ပြန်မဆပ်တဲ့အပြင် လူကိုတောင် ရန်လုပ်ချင်နေသေးတယ်။ စိတ်ကိုသိချင် ငွေနဲ့တို့ဆိုတာ မှန်လှပါလား''

၄။ တံငါမြေလျှိုး၊ ထန်းသမား မိုးမျှော်

တံငါလုပ်သူက ငါးအတွက်၊ ပိုက်အတွက် ရေထဲသို့ ငုပ်ရသောကြောင့် မြေလျှိုးသည်ဟု တင်စားကြသည်။ ထန်းသမားက ထန်းပင်အမြင့်သို့ မော့ကြည့်ရသောကြောင့် မိုးမျှော်သည်ဟု တင်စားကြသည်။ လုပ်ရမြဲ၊ ကိုင်ရမြဲ လုပ်ငန်းခွင်ဖြစ်သည်ဟု ဆိုလိုသည်။

''တံငါမြေလျှို၊ ထန်းသမားမိုးမျှော် တဲ့ ဆိုင်ရာဆိုင်ရာ လုပ်ကြရတာပဲ။ နင်က ယောင်တောင်ပေါင်တောင် လုပ်မနေနဲ့၊ ဘာလုပ်မယ်ဆိုတာ ဖောက်ချလုပ်တော့''

၅။ တန်ဆောင်မုန်းငါး ခွေးမစား

တန်ဆောင်မုန်းလတွင် မြစ်ချောင်းအင်းအိုင်များမှ ငါးများစွာရသဖြင့် လူများစား၍ မကုန်နိုင်၊ ခွေးများပင် ငါးစားရလွန်းသဖြင့် မစားကြတော့။

''ဟိုတုန်းကတော့ တန်ဆောင်မုန်းငါး ခွေးမစားတဲ့၊ ခုတော့ လူမစားဖြစ်သွားပြီ။ ငါးတွေ ရှားသွားလို့ လူတောင် မစားကြရတော့ ဘူး''

၆။ ဓားတုံးလျှင် သွေး၊ လူတုံးလျှင် သွေး

ဓားများ တုံးနေလျှင် ထက်အောင်သွေးပေးရမည်။ လူများဉာဏ်တုံး ထုံထိုင်းလျှင် သွက်လက်ထက်မြက်လာအောင် သွေးပေးရမည်။

''အသက်မရှိတဲ့ ဓားတောင် သွေးလျှင် ထက်သေးတာ။ ကိုယ်က အသက်နဲ့ ဦးနှောက်နဲ့ လူပဲ၊ ဖွဲ့နွဲ့ကြိုးစားလေ့ကျင့်ရင် တော်လာတတ်လာရမှာပေါ့။ ဓားတုံးလျှင် သွေး၊ လူတုံးလျှင် သွေးလို့ ရှေးလူကြီးတွေ မှာခဲ့တာပဲ''

၇။ နီလာစိမ်းရောင် ငှက်ခါးတောင် ပြောင်နှစ်ကျပ်ခွဲ မည်းပစ်လိုက်

ငှက်ခါးတောင်ကဲ့သို့ စိမ်းပြာပြာ အရောင်ရှိသော နီလာကျောက်သည် အရည်အသွေးတောက်ပြောင်လျှင်ပင် နှစ်ကျပ်ခွဲမျှသာ တန်၍ မည်းခြောက်ခြောက်ဆိုလျှင် လွှင့်ပစ်လိုက်ရုံသာ ရှိသည်။ နီလာကျောက်မျိုးမှာ များစွာ အဖိုးမတန်ဟု ဆိုလိုသည်။

''နီလာစိမ်းရောင် ငှက်ခါးတောင် ပြောင်နှစ်ကျပ်ခွဲမည်းပစ်လိုက် လို့ ဆိုရိုးရှိသကဲ့။ တို့ကတော့ နီလာလက်စွပ်လေးတောင် မဝတ်နိုင်ပါ ဘူးအေ။

၈။ နေဝင်မီးလက် စီးပွားတက်

မိမိတို့ အိမ်များတွင် နေဝင်၍ မှောင်စပျိုးသည်နှင့် မီးထွန်းသည့်အလေ့ ပြုကျင့်လျှင် တစ်နည်းအိမ်ကို မှောင်မှောင်မည်းမည်း မနေလျှင် စီးပွားတိုးတက် ချမ်းသာသည်။

''ရှေးကတော့ နေဝင်မီးလက် စီးပွားတက်တဲ့။ ခုခေတ်တော့ နေဝင်မီးပျက်စီးပွားတက်လို့ ပြင်လိုက်မှ ကောင်းမယ်။ မီးက အမြဲပျက်နေ တာ''

၉။ ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံး

ယောကျ်ားတို့တွင် လက်ရုံးစွမ်းရည်ကောင်းလျှင် ဘုန်းတန်ခိုးရှိ သည်။ မိန်းမတို့တွင် ဆံပင်ကောင်းလျှင် ဆံထုံးနှင့် ခံ့ခံ့ညားညားနေ တတ်လျှင် ဘုန်းကျက်သရေရှိသည်။

''ယောကျ်ားလေးတွေ ကြည့်လိုက်လျှင်လည်း ရှုနာရှိုက်ကုန်း၊ မိန်းမလေးတွေ ကြည့်လိုက်လျှင်လည်း ဆံပင်တို၊ ဆံပင်ကြောင်နဲ့ ဘယ်မှာ ကျက်သရေ ရှိတော့လို့လဲ။ ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံးဆိုတာနဲ့များ ဘာမှ မဆိုင်တော့ဘူး''

၁၀။ လူချင်းခင်ရင် ငွေချင်း မပေါင်းနဲ့

ခင်မင်သူမိတ်ဆွေများအကြားတွင် ငွေကြေးဆက်ဆံရောနှောခြင်း မပြုသင့်။ ပြုလျှင် ပြဿနာဖြစ်တတ်သည်။

''ကိုယ့်အချင်းချင်းတွေရယ်လို့ ယုံကြည်ပြီး ငွေချေးပေးလိုက်မိပါတယ်။ ပြန်ရဖို့ မလွယ်အောင်ဖြစ်နေပြီ။ လူချင်းခင်ရင် ငွေချင်းမပေါင်း နဲ့ဆိုတဲ့ စကားကို ငါမေ့သွားတယ်''

၁၁။ လူပျင်းရေသောက်၊ နွားပျင်းသေးပေါက်

အလုပ်လုပ်နေသော လူသည် အလုပ်ပျင်းလျှင် သက်သာရန် မကြာခဏ ရေထသောက်သည်။ အလုပ်လုပ်နေသော နွားသည် အလုပ်ပျင်းလျှင် သက်သာရန် အချိန်ကြာမြင့်စွာ သေးပေါက်သည်။

''နင့်ဟာကလည်း အလုပ်က တော်တော်၊ ရေချည်း ထထသောက်နေတယ်။ လူပျင်းရေသောက်၊ နွားပျင်းသေးပေါက် ဆိုသလိုပဲ''

၁၂။ လူသာအမျိုးရှိ ငွေမှာ အမျိုးမရှိ

လူနှင့် လူချင်းသာ အဆွေအမျိုး ဟူ၍ ခင်မင်မှု ရှိမည်ဖြစ်သော်လည်း ငွေနှင့်ပတ်သက်လာလျှင် သူစိမ်းကဲ့သို့ ပြုမူကြသည်။

'ငွေချေးသွားတုန်းကတော့ ဆွေရင်းမျိုးရင်းတွေပါပဲ။ ပြန်တောင်းတော့ သူစိမ်းတွေလို ဆက်ဆံတယ်။ လူသာအမျိုးရှိ ငွေမှာ အမျိုးမရှိလို့ လူကြီးမိဘတွေက သတိပေးခဲ့ကြတာ မှန်လိုက်လေ''

၁၃။ လင်းပိုင် ကမ်းပေါ်မှာ မဖျက်နဲ့

လင်းပိုင်အသေကောင်များကို မြစ်ကမ်းပါးပေါ်တွင် မဖျက်ကောင်း။ ဖျက်လျှင် ကမ်းပါးပြိုတတ်သည်။ တစ်နည်း လင်းပိုင်များကို မသတ်ရ၊ သတ်၍ ကမ်းသို့ ယူမလာရ။

''ရှေးလူကြီးတွေက လင်းပိုင်တွေကို သတ်မှာစိုးလို့ လင်းပိုင် ကမ်းပေါ်မှာ မဖျက်နဲ့လို့ တစ်ဖက်လှည့်နဲ့ သတိပေးခဲ့ကြတဲ့ကြားက လူတွေ စည်းမစောင့်ကြတော့ ခုဆို လင်းပိုင်တွေ မျိုးတုံးမတတ်ဖြစ်သွားပြီ''

၁၄။ အချစ်မပါတဲ့ အိမ်ထောင်ရေး ဆားမပါတဲ့ဟင်းလို ပေါ့ရွှတ်ရွှတ်

အချစ်မပါဘဲ တည်ဆောက်သည့် အိမ်ထောင်ရေးမှာ ဆားမပါသည့်ဟင်းကဲ့သို့ အရသာကောင်းမွန် လေးနက်ခြင်း မရှိ။

''မိဘပေးစားလို့ ယူခဲ့ရတဲ့ ယောကျ်ား၊ အဆင်တော့ပြေပါရဲ့။ ဒါပေမဲ့ ချစ်လို့ယူခဲ့ကြတာ မဟုတ်တော့ အချစ်မပါတဲ့ အိမ်ထောင်ရေး ဆားမပါတဲ့ဟင်းလို ပေါ့ရွှတ်ရွှတ်ပေါ့ကွယ်''

၁၅။ အစားချောင်လို့ ဘုရားယောင်

အစားအသောက်ကို အလွယ်တကူ အချောင်စားရသောကြောင့် ကျောင်းကန်ဘုရားအနီးသို့ ချဉ်းကပ်ကာ သူတော်ကောင်း ယောင်ဆောင်သည်။

''ဂေါပကလိုလို၊ ဖိုးသူတော်လိုလို၊ ဥပုသ်သည်လိုလိုနဲ့ ဒီလူဟာ ကျောင်းကကို မပြန်တော့ဘူး။ အစားချောင်လို့ ဘုရားယောင် နေတယ်။ အခွင့်အရေးကို သူတော်ကောင်းဟန်နဲ့ ယူတာမျိုးပေါ့''

၁၆။ အစားဆို လှည်းနဲ့တိုက်ခဲ့၊ အလုပ်ဆို ကျားလောက်ကြောက်ကဲ့

အစားအသောက်ကို လှည်းနှင့်တိုက်လာခဲ့လျှင်ပင် ကုန်အောင် စားပစ်မတတ် အစားကြီးသော်လည်း အလုပ်နှင့်တွေ့လျှင် ကျားကို တွေ့ရသကဲ့သို့ ကြောက်လန့်သည်၊ ရှောင်တိမ်းသည်။

''ရေလေးတစ်ပုံး ဆွဲပေးပါဆိုတာတော့ မလုပ်။ မုန့်တွေ ကျတော့ တစ်မျိုးပြီး တစ်မျိုး ရှာဖွေစားနေတယ်။ အစားဆို လှည်းနဲ့တိုက်ခဲ့၊ အလုပ်ဆို ကျားလောက်ကြောက်ကဲ့ဆိုတာ နင့်လို လူစားပဲ''

၁၇။ အစားအသောက် မီးလိုတောက်၊ အလုပ်အကိုင် ခွေးလိုမှိုင်

အစားအသောက်ကို မီးတောက်မီးလျှံကဲ့သို့ ဝါးမျိုစားသောက်ကာ အလုပ်အကိုင်ကို စိတ်ပါဝင်စားခြင်း မရှိဘဲ ခွေးကဲ့သို့ မှိုင်နေသည်။

''နင်းကတော့ အစားအသောက် မီးလိုတောက်၊ အလုပ်အကိုင် ခွေးလိုမှိုင် ဖြစ်နေပြီ။ အလုပ်ကျရင် ဘာမှ စိတ်မပါဘူး။ အစားကျတော့ တစွတ်စွတ်စား''

အပြစ်ကင်း၊ အဆင်းလှပါစေ။

ငြိမ်း (ရွှေလီ)

www.burmeseclassic.com

www.burmeseclassic.com

စင်တင်ပွင့်သစ်

# ကျွန်မ၏ မိတ်ဆွေသစ်ကလေးများ

နန်းကြာဖြူ (ဘားအံ)

အမေ့အိမ်သို့ ကျွန်မ ပြန်ရောက်လာချိန်တွင် အမေ့အိမ်ကလေးသည် ကျွန်မထင်ထားတာထက် ပိုမိုကာ ပင့်ကူအိမ်အထပ်ထပ်၊ ဖုန်အလိမ်းလိမ်းဖြစ်နေလေသည်။ ကျွန်းမှာရေး မကောင်းသော အဖေနှင့် ခါးအရိုးအက်ထားသောအမေ နှစ်ဦးစလုံးက အိမ်အပေါ်ထပ် လှေကားတက်ရန် အဆင်မပြေတာမို့ အိမ်အောက်ထပ်မှာပင် နှစ်အတော်ကြာနေခဲ့တာကြောင့် အိမ်အပေါ်ထပ်သည် လူမနေသော အိမ်အိုဟောင်းသဖွယ် ဖြစ်နေတော့သည်။

လှေကားထစ်တွေတက်စမှာ မသိသာလှသော်လည်း အိမ်အပေါ်ထပ်ကြမ်းခင်းကို ခြေချမိတော့ ဖုန်တွေက သိသာလွန်းလှစွာဖြင့် ခြေရာအကွက်လိုက်ထင်ကျန်စေတော့သည်။ ထို့ကြောင့် ဖုန်တွေအတန်ငယ်လျော့ပါးသွားစေဖို့ တံမြက်စည်းအရင်လှည်းလိုက်သည်။ နောက်ထပ် အချောလှည်းရဦးမည့်အပြင် ရေစိုအဝတ်ဖြင့် တိုက်ရန်လိုတာကိုလည်း သိလိုက်သည်။

သို့သော် ကျွန်မ ဦးဆုံးလုပ်ရမည့်အလုပ်ရှိသည်။ ၎င်းမှာ အခြားမဟုတ်။ ဘုရားဆောင် သန့်ရှင်းရေးပင်ဖြစ်သည်။ ဘုရားဆောင်လည်း အခြားနေရာများနည်းတူပင် ဖုန်အလိမ်းလိမ်း၊ ပင့်ကူအိမ်အထပ်ထပ်နှင့် ဖြစ်သည်။ မှန်ကျောင်းဆောင်ကလေးတွင် ပဒုအိမ်များပင် တွယ်ကပ်နေလေသည်။ အမေ တင်လှူထားသည့် ပန်းခြောက်ကလေးမှာ ကြာလွန်း၍ထင်သည်။ အရောင်အဆွင်း ပြယ်လွင့်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသောက်တော်ရေခွက်ကတော့ ချခန်းသည်မှာ အတော်ကြာပြီမို့ ခွက်အောက်ခြေတွင်ပင် ချိုးကပ်နေပါတော့သည်။ ဘုရားဆောင်၏ ညာဘက်ထောင့်တွင်ရှိသော ဘုရားသောက်တော်ရေထည့်သည့်စဉ့်ရေတကောင်းလေးကို မ,ကြည့်ရာ ပေါ့ပါးစွာ ပါလာပြန်တော့သည်။ သူလည်း ဖုန်အထပ်ထပ်ပင်။

ထိုစဉ့်မှာပင် ရေတကောင်းလေးအကွယ်မှာရှိနေသော ထူးဆန်းသည့် အရာလေးတစ်ခုကို ကျွန်မ တွေ့လိုက်ရတော့သည်။ Trio သကြားလုံးသာသာ ရှိသော ထိုမည်းမည်းအရာဝတ္ထုလေးသည် လှုပ်စိလှုပ်စိ ဖြစ်နေလေသည်။ မိစ်ကျွေး အကောင်ဗလောင်လေးများ မြင်တိုင်းသဘောကျစိတ်ဝင်စားတတ်သော ကျွန်မသည် ဘာအကောင်မှန်း မသိပါဘဲ ကိုင်ကြည့်ချင်နေတော့သည်။

ကျွန်မ၏ ထူးဆန်းသော ဝါသနာကိုက အကောင်ဗလောင်ပေါက်စဆိုလျှင် မွေးကာစကလေးငယ်မှအစ ခွေးပေါက် ကြောင်ပေါက် အလယ် အကောင်ပေါက် လူ ဘဲ ပုရွက်ဆိတ်ဥတွေအဆုံး မြွေပေါက်ကလေးများပါမကျန် မြင်လျှင် မကိုင်ရ မနေနိုင်အောင် ဖြစ်တတ်ပါသည်။ သို့သော် ကျွန်မ သေမလောက်ကြောက်သည့် တစ်ခုတည်းသော သတ္တဝါမှာလည်း အကောင်အငယ်စားလေးတစ်မျိုးပင် ဖြစ်သည်။

ထိုအကျင့်များကြောင့် ကျွန်မသည် ခွေးကိုက်ခံရဖူးသည်၊ မြွေစိမ်းမြီးခြောက် အကိုက်ခံရလုနီးပါး ဖြစ်ဖူးသည်။ မိသားစုဝင်များ၊ သူငယ်ချင်းများနှင့်လည်း မကြာမကြာ ပြဿနာတတ်ရသည်။ ယခုလည်း ကျွန်မ မျက်စိရှေ့တွင် မြင်နေရသော အရာလေးကို ခပ်ဖွဖွလေး တို့ထိကြည့်လိုက်သည်။ သူ့အမွေးတွေက နူးနူးညံ့ညံ့ ခပ်ပါးပါးလေးဖြစ်သည်။

ကျွန်မ ထိလိုက်တော့ သူက ပိုမို လှုပ်ရှားလာကာ တရွေ့ရွေ့ ရွေ့ဖို့ပြင်သည်။ ကျွန်မက နောက်တစ်ကြိမ်တွင် အသာဖိကြည့်လိုက်သောအခါ သူ့ထံမှ ခပ်စူးစူး အော်သံလေး ထွက်လာသည်နှင့်အတူ လျှင်မြန်သော လှုပ်ရှားတုံ့ပြန်မှုတစ်ခုကို မြင်လိုက်ရသည်။ ၎င်းမှာ သူ၏ အတောင်ပံသေးသေးလေးကို ဆတ်ခနဲ ထုတ်ပြီး ပြန်ရုပ်လိုက်ခြင်းပင် ဖြစ်သည်။ ကျွန်မကတော့ သူ ဘာအကောင်ဆိုတာ ချက်ချင်း နိုပ်မိလိုက်သည်။

ကျွန်မ ကလေးဘဝတုန်းက သူတို့ လိုဏ်ဂူရှိရာ ကျောက်တောင်စွန်းသို့ မောင်လေးဝမ်းကွဲများနှင့် အတူသွားကာ ကစားလေ့ရှိသည်။ နေ့ခင်းဘက် ထွက်လေ့မရှိသော သူတို့ကို မမြင်ရသော်လည်း ဂူအတွင်းမှ ပုံ့တင်ထွက်လာသော သူတို့အသံကို ဆူညံစွာ ကြားရတတ်သလို စိမ်းရှင်ရှင် ချေးနံ့ကို ရှူမြဲဖြစ်သည်။ တစ်ခါတရံတော့ အကောင်သေကလေးများ ကောက်ရတတ်သည်။

အခုတော့ အရှင်လတ်လတ် အကောင်ပေါက်ကလေးကို ကျွန်မ တွေ့နေရပြီဖြစ်သည်။ ပလတ်စတစ်အခင်းပေါ်တွင် ပြားဝပ်စွာ တွယ်ကပ်နေသော သူ့ကို ကျွန်မ ဆွဲယူလိုက်သောအခါ သူ့ဝမ်းဗိုက်များတွင် ညှိတွယ်ပါလာသော အမျှင်တန်းတစ်ခုကို တွေ့လိုက်ရသည်။ ဆွဲဖယ်လိုက်မည့် စိတ်ကူးဖြင့် ထိုအမျှင်တန်းကလေးကို ယပ်တောင်စွန်းဖြင့် မ,ရုံရှိသေး သူ့ထံမှ အသံစူးစူးကလေးက ထွက်ပေါ်လာပြန်သည်။

ထိုအခါမှပင် ကျွန်မ သေချာကြည့်မိသည်။ ထိုအမျှင်တန်းကလေးမှာ ပြင်ပမှ လာခြင်းမဟုတ်ဘဲ သူ့ဝမ်းဗိုက်၌ တွယ်ဆက်နေခြင်း ဖြစ်လေသည်။ ချက်ကြိုး။ မှန်ပေသည်။ မွေးကင်းစကလေးငယ်တွေမှာ ချက်ကြိုးပါလာသကဲ့သို့ သူတို့ထံတွင်လည်း ပါလာတတ်ခြင်း ဖြစ်မည်။ သို့ဆိုလျှင် ယင်းသတ္တဝါလေးကို လွန်ခဲ့သော နာရီအနည်းငယ်ကပင် မွေးခဲ့တာ သေချာပါသည်။

မိဘမဲ့တော့ မဖြစ်နိုင်။ စွန့်ပစ်ခဲ့တာလည်း မဖြစ်နိုင်။ လူကဲ့သို့ပင် နို့တိုက်သတ္တဝါဖြစ်တာမို့ သူ့မိခင်က သူ့ကို နို့လာတိုက်ရပေမည်။ ဒါမှမဟုတ် လာပြန်ခေါ်လိမ့်မည်။ သို့သော် ဒီအတိုင်း ဆက်ထားလို့တော့ မဖြစ်။ ကြောင်တွေ ကြွက်တွေက ကိုက်စားမည်၊ ဒါမှ မဟုတ် ပုရွက်ဆိတ်တွေ ဝိုင်းအုံကိုက်ခဲလိမ့်မည်။

ထို့ကြောင့် ကျွန်မသည် သူ့ကို စက္ကူကတ်ထူပြားလေးပေါ် တင်ပြီး ပြတင်းပေါက်အပေါ်ရှိ နံရံပေါ်သို့ တင်ထားပေးလိုက်တော့သည်။ ထို့နောက်တွင်တော့ အိမ်သန့်ရှင်းရေးလုပ်ရင်းဖြင့် သူ့ကို ကျွန်မ မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။ အမေ့အိမ်ဆိုသော်လည်း ကျွန်မအတွက်တော့ နေရာစိမ်းဖြစ်နေသည်မို့ နေသားကျအောင် ကြိုးစားရင်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေခဲ့သည်။

ကျွန်မကို အကြီးအကျယ် ဒုက္ခပေးသည်ကတော့ ညအချိန်ပင် ဖြစ်တော့သည်။ နဂိုကပင် အိပ်ရာပြောင်း အိပ်ရတိုင်း အအိပ်ခက်သည့် ကျွန်မ အမေ့အိမ်အပေါ်ထပ်တွင် တစ်ယောက်တည်း အိပ်ရသည့်အခါ ပိုမို အိပ်ရခက်ခဲလာသည်။ အိပ်ဆေးတွေလည်း မကယ်နိုင်ပါ။ အမိုးပေါ် ကျယ်လောင်စွာ ထိခတ်လာသည့် မိုးစက်သံများ၊ သွပ်မိုးအနားနှင့် ထိစပ်နေသည့် သရက်ကိုင်းများ၏ လေတိုးတိုင်း ပွတ်တိုက်သံများက ချောက်ချားစရာဖြစ်သည်။

အဆိုးဆုံးမှာ မိုးမရွာဘဲ တိတ်ဆိတ်သည့် ညသန်းခေါင်ယံအချိန်များတွင် ကြားရတတ်သည်။ လမ်းလျှောက်သံများပင် ဖြစ်သည်။ အခန်းတံခါးပိတ်၊ မီးဖွင့်အိပ်သော်လည်း အခန်းပြင်မှ ကြားနေရသော အသံများ။ အိပ်ရာ အပြင်ဘက် ကြမ်းခင်းပေါ်သို့ တဖောက်ဖောက် ကျနေသံများက ကျွန်မကို ထိတ်လန့်စိတ်ဖြင့် တစ်ရေးမှ မေးမရအောင် နှိပ်စက်နေပါတော့သည်။

တကယ်တော့ ကျွန်မက အကြောက်ကြီးသူတစ်ယောက် မဟုတ်ခဲ့ပါ။ လေးငါးရက်ခန့်အကြာတွင် ထိုအခြေအနေကို ကျွန်မ သည်း မခံနိုင်တော့ပါ။ မှောင်မိုက်တိတ်ဆိတ်သော တစ်ညတွင် အခန်းတွင်းရှိ မီးရောင်အောက်တွင် ငြိမ်သက်ရင်း အိပ်မပျော်နိုင်သော ကျွန်မ အလင်းအားကောင်းသော လက်နှိပ်မီး တစ်လက်ကို လက်ထဲတင်းတင်းဆုပ်ရင်း အသံထွက်ပေါ်လာရာသို့ နားစွင့်နေမိသည်။

မကြာပါချေ။ ခပ်ဖွဖွ ဖြတ်လျှောက်သွားသော ခြေသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် လက်နှိပ်မီးကို ဖွင့်၊ အိပ်ရာပြင်ထွက်၊ အခန်းတံခါးကို အမြန်ဆုံး ဆွဲဖွင့်ပြီး အသံလာရာအရပ်ဆီသို့ မီးထိုးကြည့်လိုက်သည်။ ညည်နက်သန်းခေါင် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသော ကျွန်မရယ်သံကြောင့် အောက်ထပ်မှာ အိပ်မောကျနေသော အမေပင် လန့်နိုးသွားသည်။

မီးရောင်အောက်တွင် ကျွန်မ မြင်လိုက်သည်မှာ ထိတ်လန့်တကြား ပြေးထွက်သွားသော အဝါရောင် ကြောင်ကြီးတစ်ကောင်ပင် ဖြစ်သည်။ ထိုညမှာပင် ကျွန်မသည် အခန်းမီးကို စတင်ပိတ်အိပ်တော့သည်။ လက်နှိပ်ဓာတ်မီးကိုတော့ လက်ထဲ ဆုပ်ကိုင်ထားဆဲပင်။ ခေါင်မိုးပေါ်မှ တဖောက်ဖောက် ကျသံကို အဖြေရှာရပေဦးမည်။

ဖောက်ခနဲ ကျသံကို စကြားမိသည်နှင့် ကျွန်မသည် အသံလာရာ အမိုးထုပ်တန်းဆီသို့ မီးထိုးကြည့်လိုက်သည်။ ကျွန်မ တရားခံကို ရှာတွေ့ပါပြီ။ ထုပ်တန်းတွင် ဇောက်ထိုးအနေအထားဖြင့် တွဲလွဲခိုနေသည့် လင်းနို့နှစ်ကောင်ပင် ဖြစ်သည်။ သူတို့နှစ်ယောက်ထံမှ ချေးတုံးကလေးတွေ တဖောက်ဖောက် ပြုတ်ကျနေခြင်း ဖြစ်သည်။

တချို့လူတွေအဖို့တော့ လင်းနို့ဟူသည် ကြောက်စရာ သတ္တဝါဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ ရုပ်ရှင်ဇာတ်ကားများတွင်လည်း လင်းနို့လူသားမှအစ ကျန်လင်းနို့အားလုံး၏ မကောင်းဆိုးဝါး ပုံရိပ်များပင် ဖြစ်သည်။ ကျွန်မတို့ရွာမှ လူများအဖို့တော့ လင်းနို့သည် စာကလေးမျှသာဖြစ်သည်။ ပို၍ အဖိုးတန်သည်မှာ သူတို့ ချေးများသည် တန်ဖိုးကြီး မြေဩဇာပင် ဖြစ်သည်။

နောက်ညများတွင်တော့ ကျွန်မသည် ဘာအသံကြားကြား အာရုံမစိုက်တော့ပါ။ အိပ်ရေးပျက်မခံတော့ပါ။ အိမ်အပေါ်ထပ်တွင် ရှိနေ

www.burmeseclassic.com



သော သက်ရှိမှာ ကျွန်မ တစ်ယောက်တည်း မဟုတ်ကြောင်း သိလိုက်ရပြီမို့ တွေးပြီးလည်း ကြောက်မနေတော့ပါ။ ကြောင်ဝါက နောက် ထပ်မလာရဲတော့သော်လည်း လင်းနို့နှစ်ကောင် ကတော့ ညတိုင်း ပုံမှန်လာကာ ချေးပါမြဲ ဖြစ် သည်။

တစ်ပတ်မျှအကြာတွင် ကျွန်မသည် အမေ့အိမ်၌ နေသားကျခဲ့ပြီ ဖြစ်သည်။ အနှစ် နှစ်ဆယ်ကျော် အနေဝေးခဲ့တာ မှန်သော်လည်း အခုတော့ ကိုယ့်အိမ်ကိုယ့်ရာ ဆိုသည့်အသိ က ကျွန်မကို နေပျော်စေခဲ့သလို နှစ်မြိုက်စွာ လည်း အိပ်မောကျစေခဲ့ပြီ ဖြစ်သည်။ မနက် ဆွမ်းတော်ကပ်ချိန်နှင့် ညအိပ်ရာဝင်ချိန် ဘုရား ရှိခိုးဝတ်မပျက်အောင်လည်း ကြိုးစားခဲ့သည်။

ဘုရားစင်ရှေ့ထိုင် ဘုရားရှိခိုးတိုင်း ကျွန်မ သတိထားနေမိသည်က ဘုရားစင် နံဘေးက အိမ်တိုင်တွင် ချိတ်ဆွဲထားသည့် ဆုံးမစာ ကတ်ပြားပင် ဖြစ်သည်။ လေတိုက်ခတ်သည့် ဖြစ်စေ၊ မတိုက်ခတ်သည်ဖြစ်စေ ထိုကတ်ပြား ကလေးသည် ငြိမ်နေသည်ဟူ၍ မရှိ၊ အမြဲပင် လှုပ်ခတ်နေသယောင် ထင်မိသည်။ တစ်ခါ တရံတော့ ထိုကတ်ပြားကလေးကို ငေးမောနေ မိသဖြင့် ကျွန်မ၏ ဘုရားရှိခိုးသည် ဘယ် ရောက်လို့ ဘယ်ပေါက်မှန်း မသိအောင် ဖြစ်ရ သည်။

နံနက်ခင်းများတွင် မသိသာလှသော် လည်း တိတ်ဆိတ်သောညမျိုးတွင်တော့ အရာ အားလုံး တိတ်ဆိတ်ငြိမ်သက်နေပါလျက် ထို ကတ်ပြားတစ်ပြားတည်း လှုပ်လှုပ်ရွရွနေခြင်းက ကျွန်မ၏ စိတ်ကို ဆွဲဆောင်နေပါတော့သည်။ အုတ်နံရံကြားရှိ အိမ်တိုင်တွင် သံရိုက်ထားပြီး ထိုသံတွင် ထိုကတ်ပြားကို ချိတ်ဆွဲထားခြင်း ဖြစ်သည်။

သာမန်ကြည့်လျှင်တော့ ထူးခြားမှု မရှိ သော်လည်း သေချာကြည့်မှပင် ထိုတိုင်သည် နံရံ၏ အနောက်သို့ ကူ(တစ်နည်း)အတွင်းဝင် နေသဖြင့် ထိုနေရာသည် အတန်ငယ် ချိုင့်ဝင် နေလေသည်။ ထို့ကြောင့် တစ်စုံတစ်ရာသည် ထိုကတ်ပြားနောက်တွင် ခိုအောင်းနေနိုင်သည် ဟု ကျွန်မ တွေးလိုက်မိသည်။ တစ်ညတော့ ကျွန်မသည် ဘုရားရှိခိုးရန် ထိုင်ချပြီးကာမှ စိတ် ၏ဆွဲဆောင်မှုအရ ထိုကတ်ပြားအရှေ့တွင် ရပ် မိသွားသည်။

သူကတော့ ထုံးစံအတိုင်း မသိမသာ လေး လှုပ်ခတ်မြဲပင်။ ထိုကတ်ပြားနောက်တွင် ဘာများရှိနိုင်မည်နည်း။ မြွေတော့ မဖြစ်နိုင်။ မြွေဆိုလျှင်တောင် ကျွန်မ မကြောက်။ ပိုးဟပ် လောက်လည်း အကောင်မသေးနိုင်။ ဖားပျံဆို လျှင်လည်း ပြဿနာမရှိ။ တစ်ခုတော့ ရှိသည်။ ကျွန်မ ကြောက်သော အကောင်ငယ်မျိုးဆို လျှင်တော့ ထိတ်လန့်ကာ ရှေ့ဖြစ်ပေလိမ့် မည်။

သက်ပြင်းရှည်ကြီး မှုတ်ထုတ်ပစ်လိုက် သည်။ ကိုယ့်စိတ်ကိုယ် အားတင်းပြီး ကတ်ပြား ကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်သော်လည်း သူက ပါမလာပါ။ ကြိုးစကို သုံးလေးပတ်ရစ်ထား သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကတ်ကြေး တစ်လက်ယူပြီး ကြိုးကို ဖြတ်ချလိုက်သောအခါ ကတ်ပြားက အောက်ပြုတ်ကျသွားတော့သည်။ ကျွန်မကိုယ်တိုင်ကတော့ နောက်ကွယ်မှ အရာ များကို မြင်မိချိန်တွင် အံ့သြမှင်သက်ပြီး ငြိမ် နေမိလေသည်။

လန့်သွားပုံရသော အကောင်ငယ်က လေးတွေက တစ်ကောင်ပေါ်တစ်ကောင် တိုး ဝှေ့ကုပ်တွယ်ရင်း ပုန်းခိုရန် ကြိုးစားနေကြ သောကြောင့် အကောင်အရေအတွက်ကို ခန့် မှန်းရခက်နေသည်။ ရုတ်တရက်မို့လား၊ ပထမ ဆုံးအတွေ့အကြုံမို့လား မသိ၊ လန့်ဖျပ်သွား ကြသော အကောင်ငယ်ကလေးများ၏ ခန္ဓာ ကိုယ်က တဆတ်ဆတ်တုန်ရင်နေကြသည်။

ကျွန်မစိတ်ထဲ ရှိုးရှိုးရွရွဖြစ်လာသည်။ မကိုင်ကြည့်ဘဲ မနေနိုင်သောကြောင့် လက်ညှိုး ကလေးနှင့် အသာလေးလိုက်တို့ကြည့်သော အခါ သူတို့အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်ကာ ထွက်ပြေးကြသောကြောင့် တကွဲတပြားဆီ ဖြစ် ကုန်ကြလေသည်။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင် . . . စုစုပေါင်း ငါးကောင်။ ကျွန်မ အသည်းယားအောင် ဆွဲဆောင်သည့် လင်းနို့ ပေါက်စလေး စုစုပေါင်း ငါးကောင်။

အကြီးအသေးကတော့ အရွယ်မညီပါ။ အသေးဆုံးကောင်လေးမှာ ကျွန်မ ရောက်စက တွေ့ခဲ့သောအကောင် ဖြစ်ပုံရသည်။ သူ့ဝမ်း ဗိုက်က ချက်ကြိုးတော့ မရှိတော့ပါ။ ဒီအတိုင်း သာ ကြာနေလျှင် ကလေးတွေ တကွဲတပြား ဖြစ်ကုန်ကာ ကြောင်စာ၊ ကြွက်စာ ဖြစ်ကုန် လိမ့်မည်။ ထို့ကြောင့် သူတို့လေးတွေ နေရာ ရောက်အောင် ပြန်တွန်းပို့ပေးပြီး ကတ်ပြားကို နေသားတကျ ပြန်ချိတ်ပေးလိုက်သည်။

ထိုညက ကျွန်မ အိပ်မပျော်ပြန်ပါ။ နို့ စို့အရွယ် လင်းနို့ပေါက်ကလေးတွေကို သူတို့ အမေက နို့လာတိုက်မှာလား၊ မတိုက်ဘူးလား ကျွန်မ အလွန်သိချင်နေသည်။ ထို့ကြောင့် ည သန်းခေါင် ကျွန်မ အခန်းထဲရောက်လာတတ် သော လင်းနို့နှစ်ကောင် လာချိန်ကို မှန်းပြီး လက်နှိပ်မီးတစ်လက်နှင့် အိပ်ရာထဲမှ ခိုးထွက် ခဲ့ပြန်သည်။ အဖြေကို မသိရမချင်း ကျွန်မ အိပ်ပျော်မည် မထင်ပါ။

ကျွန်မ မှန်းသည့်အတိုင်းပင်။ လင်းနို့ ကြီးနှစ်ကောင်မှာ ထိုနေရာသို့ ရောက်နေပြီး ကလေးများကိုတော့ မမြင်တော့ပါ။ မီးရောင် ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်မှပင် သူတို့ ဝမ်းဗိုက်အောက်မှ ကလေးများကို မြင်လိုက်ရ တော့သည်။ မိခင်လင်းနို့များသည် ညပိုင်း အစာရှာထွက်ရာသို့ လိုက်ပါမသွားသည့် ကလေးများအား နို့လာတိုက်ပုံရသည်။

စပ်စပ်စုစု ကျွန်မက မနေနိုင်ဘဲ ကတ် ပြားကို ဖြုတ်လိုက်ပြန်သောအခါ လင်းနို့အကြီး နှစ်ကောင်က လန့်ဖျပ်ကာ ပျံပြေးကြလေသည်။ တွယ်ကပ်နေစဉ်က စာကလေးခန့်ပင် မရှိသော သူတို့ ခန္ဓာကိုယ်တွေက တောင်ပံဖြန့်လိုက် သောအခါ တစ်ထွာခန့် ရှည်လျားသွားတာမို့ ညမှောင်မှောင် မီးရောင်ထဲ အရိပ်က လာဝင် သော လင်းနို့များနှင့် ကျွန်မကိုယ် 'သူ'လန့် သူ့'ကိုယ်'လန့်ကာ ထုပ်စီးထိုးကြရလေသည်။

လင်းနို့ကြီးများခမျာ ကလေးတွေကို လည်း စိတ်မချ၍ ထင်သည်။ အပြင်လည်း ပြန်မထွက်ဘဲ အိမ်ထဲမှာသာ ဝဲလှည့်နေလေ သည်။ ကျွန်မကကတော့ သိချင်သောအဖြေ ကို သိရပြီမို့ သူတို့ကို အလျော့ပေးကာ အရင် အိပ်ရာဝင်ခဲ့ပါသည်။ ထိုနေ့မှစ၍ ကျွန်မသည် တစ်နေ့လျှင် အနည်းဆုံး လေးကြိမ် ထိုကလေး တွေကို သွားချောင်းတတ်လေသည်။ ဓာတ်ပုံ လည်း ထောင့်စုံအောင် ရိုက်ခဲ့သေးသည်။

ကျွန်မအဖေက လင်းနို့သည် မှောင်ရိပ် ခိုအောင်းနေတတ်သော သတ္တဝါဖြစ်၍ သူတို့ ကိုယ်သည် နေမထိသောကြောင့် ကြွမ်းပိုးကဲ့သို့ ပိုးမွှားများစွာ တွယ်ငြိနေတတ်သည်ဟု ဆိုကာ ကလေးတွေကအစ အဝေးလွှင့်ပစ်လိုက်ဖို့ ပြော သည်။ မေမေကလည်း allergic ဖြစ်တတ် သော ကျွန်မအနေဖြင့် သူတို့အား မကြာခဏ ကိုင်တွယ်နေခြင်းကြောင့် ဒုက္ခရောက်မည်ဟု ဆိုပြန်သည်။

သို့တိုင်အောင် ကျွန်မသည် သူတို့အမေ များကို နှင်မထုတ်သလို ကလေးတွေကိုလည်း လွှင့်မပစ်ခဲ့ပါ။ အမေတွေမလာတုန်း ကလေး တွေကို ညင်သာစွာ ပွတ်သပ်ထိတွေ့မြဲ ဖြစ် သည်။ ညစဉ်ရောက်လာမည့် သူတို့အမေတွေ ထိတ်လန့်သွားအောင်ပင် မလုပ်တော့ပါ။ အမေ တွေ မလာ၍ ကလေးတွေ နို့ငတ်သွားမှာ စိုး ရိမ်သည်။

တစ်နေ့နေ့ သူတို့လေးတွေ ကြီးပြင်းလာ သည့်အခါ သူတို့ဆွေမျိုးများရှိရာ လိုဏ်ဂူသို့ သူတို့ ပျံသန်းသွားကြပါလိမ့်မည်။ ထိုအချိန် မတိုင်ခင်တော့ သူတို့ဘဝလေးတွေ အေးအေး ချမ်းချမ်း ရှိနေနိုင်ဖို့ ကျွန်မ ကူညီစောင့်ရှောက် ပေးချင်သည်။ အကြောင်းမှာ သူတို့သည် ကျွန်မအိမ်သို့ ခေတ္တရောက်ရှိနေသော ဧည့် သည်များဖြစ်ပြီး ကျွန်မကို ဒုက္ခမပေးသော ကြောင့် ဖြစ်သည်။

**နန်းကြာဖြူ(ဘားအံ)**

www.burmeseclassic.com

www.burmeseclassic.com



# ရေဒီယိုချစ်သူတစ်ဦး၏ အမြင်
## (မိုးပြာဆန်သည့် မေတ္တာကန်)

မှန်ဘီလူး

ကျွန်တော်တို့ ငယ်စဉ်က တေးသံရှင် ခေနုဖြူစိုးသိန်းသည် ဆရာ ဗိုလ်ကလေးတင့်အောင်၏ စာရေးကြီး၊ လူပျိုကြီး စသည့် ဟာသနွယ် သော သီချင်းများဖြင့် အလွန်နာမည်ကြီးခဲ့ပါသည်။ ၎င်းသီချင်းများမှာ ဟာသလည်း ပါ၊ ဘဝသရုပ်လည်း ပီပြင်သဖြင့် သီတင်းကျွတ်၊ တန် ဆောင်တိုင် ဖျော်ဖြေရေးစင်မြင့်များ၌ တေးသရုပ်ဖော် အစီအစဉ်များ တွင် မကြာခဏ ထည့်သွင်းတင်ဆက်လေ့ ရှိပါသည်။ တေးသံရှင်က လည်း အသားလတ်လတ်၊ မျက်ခုံးမျက်လုံးကောင်းကောင်း၊ နှာတံပေါ် ပေါ်နှင့် လက်ဟန်ခြေဟန် အမူအရာ အပြည့်အဝဖြင့် သီဆိုဖျော်ဖြေ လေ့ရှိပါသည်။

ခေနုဖြူစိုးသိန်းသည် ရေဒီယိုတေးများသာမက ရုပ်ရှင်သီချင်းများ ပါ အများအပြား သီဆိုအောင်မြင်ခဲ့သူ ဖြစ်ပါသည်။ 'ဒီကောင်မလေး'၊ 'ကိုယ်ထင်ခုတင်ရွှေနန်း' စသော ရုပ်ရှင်သီချင်းများမှာ ၎င်း၏ ဆိုဟန် နှင့် အထူးလိုက်ဖက်လှသော သီချင်းများ ဖြစ်ပါ၏။

၁၉၇၀ ပြည့်နှစ်ခန့်မှ စ၍ မြန်မာ့အသံတွင် 'နှစ် ၂၀ တေးသီချင်း များ' ကဏ္ဍကို ထုတ်လွှင့်ခဲ့ရာ ခေနုဖြူစိုးသိန်း၏ 'မိုးပြာဆန်သူ' (တေး ရေး– ကိုမျိုးဆက်) တေးသီချင်းများကို စတင် ကြားဖူးခဲ့ပါသည်။ နှောင်း ခေတ်ကာလက တေးတစ်ပုဒ်ပင် ဖြစ်သော်ငြား သံစဉ်မြူးကြွ သွက်လက် ၍ တူရိယာသံများ ခေတ်မီဆန်းသစ်ကာ အလွန်နားထောင်ကောင်းလှ သည်မို့ ကျွန်တော် ကြားကြားချင်း အလွန် ကြိုက်နှစ်သက်သွားပါသည်။

'မိုးမြင့်မှ မိုးပြာဆန်သူခင်
စိုးမိသမျှ တိုးလာဟန်မူသွင်
မြင်သူဌေး တွေးစရာပင်
ယှဉ်သူ ဝေး ဝေးပါလျှင်
နွဲ့လာ ပျောင်းသွဲ့သွဲ့ငဲ့ မြင်မြင်
ထင်မြင်ယောင် ဝိုးဝါး ယိုးမှားမိတဲ့သူပင်
နတ်မိနယ်သဏ္ဍာန် ဖန်သလားခင်'

သီချင်းအစတွင် တဖြည်းဖြည်းနှင့် အရှိန်လေး တက်လာပြီး ကိုမျိုး ဆက်၏ လှပသော နဘေထပ်လေးများကို တေးသံရှင်၏ ပီသကြည်မြ သည့်အသံဖြင့် သီဆိုသွားဟန်မှာ 'မိုးပြာဆန်သူ'၏ အလှကိုပင် မျက်စိ ထဲမှာ မြင်ယောင်လာစေပါသည်။ ဒုတိယပိုဒ်အစမှာ တေးသံရှင်၏ အသံ ဝါကြီးနှင့် အလွန်ပင် လိုက်ဖက်လှပြီး နားဆင်သူ၏ အာရုံကို တေးရေ ယာဉ်ကြောမှာ မျောပါသွားစေခဲ့ပါသည်။

''သံသရာလည်ဦး+++ ပြုံးအစဉ်++
တွေ့မြင်စမို့+++ အသည်းမှာ စွဲနေချင်++++
နေ့စဉ်+++ နေ့စဉ် လှသမို့ ဘုန်းမေခင်++++
နွဲ့လာပျောင်းသွဲ့သွဲ့ ငဲ့မြင်မြင်
သူသာ အလှချင်း ဖွဲ့ဆင်
မိုးပြာအတွင်း ဝင်းစိုလွှင်
ဖိုးလမင်း အဆင်းလိုပင်
အလင်းရောင် ပေး အေးမြကြည်လင်
ခင်မင်ကြင်နာမှုနှင့်++++ ယုယသူ မေခင်
မိုးမြင့်သူ+++ ဖြူဝါဝါ သွေးလွှင်++++''

သည်သီချင်းကို နှစ်သက်စွဲလမ်းမိခဲ့ပြီးနောက် အပြာရောင်ဝတ်စုံ ဆင်မြန်းထားသူ မိန်းကလေးလှလှလေးများကို တွေ့ရလျှင် 'မိုးပြာဆန် သူ' သီချင်းအပိုင်းအစလေးတွေ ခေါင်းထဲ ရောက်လာတတ်ပါသည်။ သီချင်းဟောင်း၊ သီချင်းကောင်းလေးတွေကို ပြန်လည် ဖော်ထုတ်လေ့ ရှိသူ တေးသံရှင် 'ရာဇာဝင်းတင့်' တစ်ယောက် သည်သီချင်းကို (သူ့ အသံနှင့်လည်း လိုက်ဖက်သဖြင့်) ပြန်ဆိုစေချင်ပါသည်။ သို့မှသာ နဘေ ထပ်ကောင်း၍ စာသားလှပြီး သံစဉ်မြူးကြွ ချိုလွင်သော သည်သီချင်း လေးကို နှောင်းလူတို့ ခံစားသိရှိကြပါလိမ့်မည်။

♛ ♛ ♛


---

''ပြုံးပြာပြာ အာကာထက်ဘွေ့ ပြေးတဲ့တိမ်ပုံ
အမိုးမပါ နှာဝါရွက်လှေလေးနှင့် အချိန်ကုန်
ပြုံးပြာပြာ အာကာထက်ဘွေ့ ပြေးတဲ့တိမ်ပုံ
အမိုးမပါ နှာဝါရွက်လှေလေးနှင့် အချိန်ကုန် . .

www.burmeseclassic.com



‘ မိုးပြာပြာ+++ ရောင်ပြန်ဟပ်လို့
တဖျတ်ဖျတ် ငွေလှိုင်းတွေခုန်
နီလာကြေးမုံ သာယာလိုက်ပုံက
ဖွင့်ဟာစရာမကုန် မြင်ရရုံလေးနှင့်တောင်မှ
တဖိုဖို လှုပ်ရှားခံစားကာတုန်
ငွေလှိုင်း ++++ ငွေလှိုင်းရွှေရင်အုံ’




၁၉၆၀ ဝန်းကျင်က ထင်ရှားကျော်ကြားခဲ့သော အမျိုးသမီးတေးသံရှင်များထဲဝယ် ‘စီလေး’သည်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။ စီလေး၏ ‘မေတ္တာကန်မွန်’၊ ‘အသည်းလမ်းလေးမှာ လျှောက်လာပါ’ နှင့် ‘ကြင်စဦး (သံပြိုင်တေး) တို့မှာ အထူးထင်ရှားလူကြိုက်များခဲ့ပါ သည်။ ထိုတေးသီချင်း သုံးပုဒ်လုံးကို တေးသံရှင်စိမ်းမို့မို့က ၁၉၉၀ ဝန်းကျင့်ခန့်တွင် မြန်မာ ရုပ်/သံ၌ ပြန်လည်သီဆိုခဲ့ရာ စိမ်းမို့မို့၏ အသံ နှင့်လည်း အလွန်ပင်လိုက်ဖက် နားထောင်ကောင်းလှပါတော့သည်။ ထိုသီချင်းများထဲမှ ‘မေတ္တာကန်မွန်’စာသားများကို တင်ပြပါရစေ။ (သုံး ပုဒ်လေး၏ ရေးဖွဲ့သူမှာ တက္ကသိုလ်မြတ်စိုး ဖြစ်ပါသည်။)

‘မိုးပြာပြာ+++ ရောင်ပြန်ဟပ်လို့
တဖျတ်ဖျတ် ငွေလှိုင်းတွေခုန်
နီလာကြေးမုံ သာယာလိုက်ပုံက ဖွင့်ဟာစရာ မကုန်
မြင်ရရုံလေးနှင့်တောင်မှ တဖိုဖို လှုပ်ရှား ခံစားကာတုန်
ငွေလှိုင်း ++++ ငွေလှိုင်း ရွှေရင်အုံ’

လှပအသော ကန်ရေပြင်ထက်သို့ ကောင်းကင်ပြာပြာ အရောင်ဟပ်ကာ လှိုင်းကြက်ခွပ်လေးတွေ ဖျတ်ဖျတ်ခုန်နေကြပုံကို အပြာရောင်မှန်သားပြင် (နီလာကြေးမုံ)နှင့် နှိုင်းယှဉ်တင်စားထားပါသည်။ ရေပြင် အလှကို ကြည့်ရှုခံစားနေရာ လှလွန်းသဖြင့် ရင်လှိုင်းသိမ့်သိမ့်တုန်သည် ထိပင် လွမ်းလာခဲ့ရပါသည်။ အဘယ်ကန်ရေပြင်ပါနည်း။

‘အင်းယားပါတဲ့ရှင့် နာမည်လေးက
ကဗျာမပီ တေးမကျ ဖြစ်ရှာပုံ
တင်စားချက် တစ်ရပ်အနေနှင့်
‘မေတ္တာကန်မွန်’ ကမ္ပည်းခြယ်သမှုန်
နှောင်းအတိတ်ခါ သစ္စာထန်လွန် မောင်ကြီးမယ်နှမဆုံ’

ဒုတိယပိုဒ်တွင်မှ လှပလွန်းသော ကန်သည် ကဗျာမဆန်သောနာမည်ပိုင်ရှင် ‘အင်းယား’ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့ရာတွင် အချို့ကတော့ ‘မေတ္တာကန်မွန်’ ဟု နာမည်လှလှလေးလေးထားကြ သည်။ သည်ကန်မွန်လေးတွင် လွန်ခဲ့သောအတိတ် တစ်ချိန်ဆီက သစ္စာတရားကြီးမား ပြင်းထန်လွန်းသည့် မောင်နှင့်မယ် ချစ်သူနှစ်ဦး အတူတကွဆုံတွေ့ခဲ့ကြဖူးပါသည်။

တတိယသံပြိုင်ပိုဒ်မှာတော့ နဘေထပ် အပြည့်ယူထားပုံလေးမှာ ချစ်စရာ ကောင်းလွန်းလှပါသည်။ စိမ်းမို့မို့၏ လိုက်လှဲဆို့နှင့်သော အသံကို တင်၍ သီဆိုလိုက်ပုံမှာလည်း နားထောင်ကောင်းလှပါသည်။

‘‘ပြိုးပြာပြာ အာကာထက်ဘွေ ပြေးတဲ့တိမ်ပုံ
အမိုးမပါ နာဝါရွက်လှေလေးနှင့် အချိန်ကုန်
ပြိုးပြာပြာ အာကာထက်ဘွေ ပြေးတဲ့တိမ်ပုံ
အမိုးမပါ နာဝါရွက်လှေလေးနှင့် အချိန်ကုန်
ကျွန်းဆွယ်ဝက်ပါ သံသရာဝဲ သံသရာလည်
ပုန်းဖမ်းလွှင့်ခဲ့ အဖုံဖုံ
ခွန်းလှယ်ဆင်ကာ ကန်သာထဲ ကန်သာဝယ်
ပြုံးပန်းပွင့်ခဲ့ အစုံစုံ
ခြော် . . . . ခုများမှာတော့
မေတ္တာကန်မွန် ခန်းလေတာကြုံ’

ချစ်သူနှစ်ဦးတို့သည် ကန်ရေပြင်ထက်ဝယ် နာဝါရွက်လှေငယ်လေးနှင့် ချစ်ကြည်နူးခဲ့သည်။ ကောင်းကင်မှာ တိမ်ကလေးတွေ ပြေးနေ (လွင့်မျောနေ)ကြသလို ရေလွှာပြင်မှာ ရွက်လှေလေး ရွက်ဖွင့်နေခဲ့သည်။ အင်းယားကန်ရေပြင် တည်ရှိရာ ကျွန်းဆွယ်လေးတွေထဲမှာ တဝဲလည်လည် လှည့်လည်သွားလာရင်း ပုန်းလိုက်ဖမ်းလိုက် ကစားခဲ့ကြသည်။ ချစ်စကားခွန်းတုံ့လှယ်ကာ အပြုံးပန်းပွင့်တွေ သီခဲ့ကြဖူးသည်။ သို့သော် ဒါတွေက သစ္စာတရား ကြီးမားခဲ့သည့်အတိတ်ဆီကပါ။

ခုအချိန်မှာတော့ တစ်ယောက်သောသူက သစ္စာပျက်ယွင်းခဲ့ပြီမို့ ကျန်နေသူ့ရင်မှာ ‘မေတ္တာကန်မွန်’ခန်းခြောက်သွားသလို ထင်ယောင်ခံစားနေရပါတော့သည်။

*(ကျွန်တော် ရေးသားခဲ့သော ‘ရေဒီယိုချစ်သူတစ်ဦး၏ အမြင်’ ဆောင်းပါးများကို စာဖတ်သူ တော်တော်များများကတော့ မိမိတို့ မသိကျွမ်းမသက်ဆိုင်သည့် အကြောင်းအရာတွေမို့ ကြိုက်နှစ်သက်ကြမည် မဟုတ်ပါ။ တစ်ခေတ်တစ်ခါက ရေဒီယိုကို တကယ်တမ်း နှစ်နှစ်ကာကာ နားထောင်ခဲ့သူတွေ၊ တေးသီချင်းတွေကို မြတ်နိုးခဲ့သူတွေအတွက် ရည်ရွယ်ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်ခင်ဗျား။)*

**မှန်ဘီလူး**

www.burmeseclassic.com



# ဇိုလာကို စာရေးဆရာဟု ခေါ်သည်

အောင်သန်းချစ်

အယ်မီလီဇိုလာကို ၁၈၄၀ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့က ပြင်သစ်နိုင်ငံ ပါရီမြို့မှာ မွေးဖွားခဲ့တယ်။ ပါရီမှာ မွေးပေမယ့် ဖခင်ဖြစ်သူ အင်ဂျင်နီယာနဲ့အတူ လုပ်ငန်းရှိတဲ့ ပြင်သစ်နိုင်ငံ တောင်ပိုင်းမှာ လိုက်လံပြောင်းရွှေ့နေထိုင်ခဲ့ရတယ်။ ၁၈၄၇ ခုနှစ်မှာ ဖခင် ကွယ်လွန်တော့ ဇိုလာဟာ ငယ်ငယ်ရွယ်ရွယ်နဲ့အလွန် ဆင်းဆင်းရဲရဲ၊ ချို့ချို့တဲ့တဲ့ ဖြစ်ခဲ့ရတယ်။



ပါရီမြို့တော်က လိုက်စ်စိန့်လူးဝစ်ကျောင်းမှာပညာဆည်းပူးခဲ့တယ်။ ၁၈၅၉ ခုနှစ်မှာ ဘဝရပ်တည်ရေးအတွက် အလုပ်လည်ရှာခဲ့ရတယ်။ အလုပ်လက်မဲ့ဘဝနဲ့ နှစ်ပေါင်း ၂၀ ကြာလောက်ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရတယ်။ တစ်ခါတစ်ရံမှာ ရှိတာလေးပေါင်နှံစားရတဲ့အပြင် ပြတင်းဝမှာလာနားတဲ့ စာကလေးတွေကိုတောင် ထောက်ချောက်ဆင်ဖမ်းပြီး စားသောက်ခဲ့ရတယ်။ ၁၈၆၂ခုနှစ်ရောက်မှ စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှာ စာရေးအ လုပ်ရခဲ့တယ်။ နောင်ကျတော့ ကြော်ငြာဌာနဆီရာထူးတိုးပေးတာ ခံရတယ်။ ဝင်ငွေအတွက်တော့ စာပေနယ်မှာပါ ခြေချနိုင်ဖို့အတွက် ခေတ်ပေါ်အဖြစ်အပျက်တွေကို ဆောင်းပါးစတင်ရေးသားခဲ့တယ်။ အဲဒီကာလမှာပဲ ဝတ္ထုတွေကိုလည်း စတင်ရေးသားတယ်။ ၁၈၆၅ ခုနှစ်မှာတော့ ဇိုလာရဲ့ပထမဆုံး လုံးချင်းဝတ္ထုကြီးဖြစ်တဲ့ 'ကလော်ဒီဝန်ခံချက်' ထွက်လာတယ်။ စာပေနယ်မှာ အောင်မြင်စပြုလာလို့ လခစားအလုပ်ကထွက်ခဲ့တယ်။

လုံးချင်းဝတ္ထုတွေ ရေးနေရင်း ဂျာနယ်တွေမှာလည်း ဆောင်းပါးတွေရေးခဲ့တယ်။ ၁၈၇၀ ခုနှစ်မှာရော ဂွန်အိမ်ထောင်စုရဲ့ ကံကြမ္မာ ဝတ္ထုတွဲကြီးရဲ့ ပထမအုပ်ကို ဇိုလာရေးပြီးခဲ့ပေမယ့် ပြင်သစ်နဲ့ဂျာမနီ စစ်ဖြစ်တာကြောင့် ၁၈၇၁ ခုနှစ်၊ အောက်တိုဘာလကျမှ ထုတ်ဝေနိုင်ခဲ့တယ်။ ၎င်းဝတ္ထုတွဲကြီးကို အုပ်ရေပေါင်း(၂၀)ထိ ရေးသားပြီးမှ နိဂုံးချုပ်ခဲ့တယ်။

၁၈၆၀–၁၈၇၀ နှစ်တွေမှာ ဇိုလာကဖေဆန့်၊ မင်နက်၊ အက်လာဒီဂတ်စ်နဲ့ နီးတို့ဖက်က ထောက်ခံတဲ့ ဆောင်းပါးတွေကို သတင်းစာမှာရေးခဲ့တယ်။ အဲဒီကာလတုန်းက ပန်းချီဆရာတွေ ဆုံလေ့ရှိတဲ့ ကဖီးဆိုင်တွေနဲ့ စတူဒီယိုတိုင်းလိုလိုဆီ ဇိုလာသွားလေ့ရှိခဲ့တယ်။

၁၈၇၀ မှာ ဂါဘရီလီအလက်ဇန့်ဒရိန်းမီလေးနဲ့ လက်ထပ်တယ်။ ၁၈၇၈ မှာတော့ မီဒန်ကဇိုလာအိမ်က မော့ပါဆွန်း၊ ဂျော်ရစ်ကားလ်ဟူးစ်မင် စတဲ့ ကမ္ဘာကျော်စာရေးဆရာတွေ အပါအဝင် ကလောင်ရှင်တွေရဲ့ စုရပ်ဖြစ်ခဲ့တယ်။ သူတို့တွေစုပေါင်းပြီး ဝတ္ထုတိုပေါင်းချုပ်တောင် ထုတ်ခဲ့ကြသေးတယ်။

သဘာဝဝါဒီများ လှုပ်ရှားမှုအဖွဲ့ကို ထူထောင်ခဲ့သူပီပီ စာပေသီဝရီတွေနဲ့ အနုပညာဆိုင်ရာ ဆောင်းပါးအမြောက်အမြားကိုလည်း ဇိုလာရေးခဲ့သေးတယ်။

အလက်ဇန်ဒရိန်းနဲ့ သက်ဆုံးတိုင်နေထိုင်ခဲ့ပေမယ့် ၁၈၈၈ ခုနှစ်ကတည်းက အိမ်စေမလေးနဲ့လည်း ပေါင်းသင်းခဲ့သေးတယ်။ **၁၈–၉၈ ခုနှစ်ရောက်တော့ ပြင်သစ်တပ်မတော်ထဲမှာ အမှုထမ်းနေတဲ့ ဂျူးလူမျိုး စစ်ဗိုလ်ဒရေးဖတ်စ်ကို သက်သေအထောက်အထား မခိုင်လုံဘဲ သေဒဏ်အပြစ်ပေးလိုက်တာကြောင့် ဇိုလာကအမှုနဲ့ ပတ်သက်တာတွေကို ထဲထဲဝင်ဝင်လေ့လာပြီး သတင်းစာထဲမှာ 'စွဲချက်တင်လိုက်သည်' ဆိုတဲ့ ဆောင်းပါးရေးခဲ့တယ်။ ဒါ့အပြင် အမှုနဲ့ပတ်သက်တဲ့ စစ်ရုံးကထိန်းချုပ်ထားတာတွေကိုပါ ဇိုလာကဖွင့်ချလိုက်တယ်။** ဒါကြောင့် အစိုးရက ဇိုလာ့ကိုဖမ်း ဝရမ်းထုတ်တော့တယ်။ ရေးဖော်ရေးဖက်တွေက တိုက်တွန်းတာကြောင့် ဇိုလာက လန်ဒန်မြို့ဆီရှောင်တိမ်းခဲ့တယ်။ တစ်ခါ ပြင်သစ်နိုင်ငံမှာတော့ ပြည်သူလူထုကြီးက ဆန္ဒပြတောင်းဆိုလာတာကြောင့် တရားလွှတ်တော်ချုပ်က ဒရေးဖက်စ်အမှုကို ပြန်လည်ကြားနာစစ်ဆေးခဲ့ရတယ်။ သက်သေအခိုင်အမာမရှိတာကြောင့် ဒရေးဖတ်စ်ကွင်းလုံးကျွတ် လွတ်သွားတယ်။

ဒီတော့မှ ဇိုလာလည်း ပြင်သစ်ကို ပြန်လာခဲ့တယ်။ အမိမြေပြန်ရောက်တဲ့ ၁၉၀၂ ခုနှစ်၊ စက်တင်ဘာလရဲ့ တစ်ညမှာ ဓာတ်ငွေ့တွေ အိပ်ခန်းမှာ ပြည့်နှက်နေပြီး ဇိုလာအိပ်လျက် အသက်ပျောက်ခဲ့ရတယ်။ တရားဝင်အဆိုအရတော့ မတော်တဆဝမ်းနည်းစရာဖြစ်ရပ်လို့ ထုတ်ပြန်ခဲ့ပေမယ့် ဒရေးဖတ်စ်အမှုရှုံးနိမ့်ခဲ့ရသူတွေက လုပ်ကြံတာလို့ မြို့သူမြို့သားတွေကထင်ကြေးပေးခဲ့ကြတယ်။

ဇိုလာကို အောင်မြင်တဲ့ ဥရောပစာရေးဆရာကြီးတစ်ဦးအဖြစ် သမိုင်းတင်ထားကြသလို အဖိနှိပ်ခံ ပြည်သူ့ဘက်တော်သား၊ အမှန်တရားအတွက် အသက်စွန့်ဝံ့သူအဖြစ်ပါ ချီးကျူးဂုဏ်ပြုကြတယ်။ သူ့အခေါင်းကို ကမ္ဘာကျော် ပုဂ္ဂိုလ်တွေကော လမ်းဘေးပလက်ဖောင်းနေ စုတ်စုတ်ပြတ်ပြတ် သူတွေကပါတန်းစီပြီး ဂါရဝပြုခဲ့ကြတယ်။ ၁၉၀၈ ခုနှစ်မှာတော့ ဇိုလာ့အခေါင်းကို ဘောလ်တဲယား၊ ရောက်ဆူး၊ ဗစ်တာဟူးဂိုးစတဲ့ အခြားကမ္ဘာကျော် စာရေးဆရာကြီးတွေကို မြှုပ်နှံထားတဲ့ သချိုင်းဆီပြောင်းရွှေ့ထားသိုခဲ့ကြတယ်။

**အောင်သန်းချစ်**

*REF: ENCYCLOPEDIA OF BRITAINICA PHOTOGRAPHIC HISTORY OF THE 20TH CENTURY.*

www.burmeseclassic.com

www.burmeseclassic.com



# စိန်ရတု လူထုကြီးပွားရေးစာအုပ်တိုက် စာအုပ်ကောင်း

အောင်မိုးဆောင်း

၁။ ဟံသာဝတီ ပုံနှိပ်တိုက်သမိုင်းနှင့် ယင်းတိုက်ထုတ်စာအုပ်များ စာစုစာရင်း (ပြုစုသူ– မခင်သီမာအေး၊ ၁၉၈၁)

၂။ သုဓမ္မဝတီ ပုံနှိပ်တိုက် သမိုင်းနှင့် ယင်းတိုက်ထုတ် စာအုပ်များစာစုစာရင်း (၁၉၄၃–၈၃) ပြုစုသူ–မောင်ဖေသိန်း၊ ၁၉၈၃

၃။ လူထုကြီးပွားရေးစာအုပ်တိုက်သမိုင်းနှင့် ယင်းတိုက်ထုတ်စာအုပ်များ စာစုစာရင်း (ပြုစုသူ– မောင်ဝင်းတင့်၊ ၁၉၉၃)

၄။ စာပေဗိမာန်သမိုင်းကြောင်းနှင့် ထုတ်ဝေသော စာအုပ်များ စာစုစာရင်း(၁၉၄၇–၆၂) (ပြုစုသူ– မဝါဝါဝင်းမြင့်၊ ၁၉၉၉)

၅။ ပုဂံစာအုပ်တိုက်သမိုင်းနှင့် ထုတ်ဝေသော စာအုပ်များစာစုစာရင်း (ပြုစုသူ– မယဉ်သွယ်လွင်၊ ၁၉၉၉)

၆။ စာပေလောကစာအုပ်တိုက် သမိုင်းနှင့် ထုတ်ဝေသော စာအုပ်များ စာစုစာရင်း (ပြုစုသူ – မအေးအေးနွယ်၊ ၁၉၉၉)

၇။ ရာပြည့်စာအုပ်တိုက်သမိုင်းအကျဉ်းနှင့် ယင်းတိုက်ထုတ်စာအုပ်များ စာစုစာရင်း (ပြုစုသူ – မသက်နွယ်ညွန့်၊ ၂၀၀၃)

၈။ တက္ကသိုလ်များ ပုံနှိပ်တိုက် သမိုင်းနှင့် ယင်းတိုက်မှ ထုတ်ဝေခဲ့သော စာအုပ်များ၏ စာစုစာရင်း (၁၉၅၉–၈၇) ၄ ပိုင်းခွဲ၍ လူလေးဦးက ပြုစုထားကြသည်။ ပြုစုသူများမှာ– မဆုမြတ်လေးဆွေ၊ မမိုးဖြူဖြူခိုင်၊ နန်းအေးအေးဝေးနှင့် မသန်းသန်းဌေးတို့ဖြစ်သည်။

၉။ ဘဝတက္ကသိုလ်စာအုပ်တိုက်ထုတ် စာအုပ်များ စာစုစာရင်း (ပြုစုသူ– မခိုင်မွန်မောင်မောင်၊ ၂၀၀၆)

၁၀။ တူဒေးစာအုပ်တိုက်ထုတ် စာအုပ်များ စာစုစာရင်း (၁၉၉၃–၂၀၀၆)၊ ပြုစုသူ– မနွယ်နီလှ၊ ၂၀၀၆။

ဤမှုဖြင့် ရန်ကုန်တက္ကသိုလ်၏ လက်ရှိ စာကြည့်တိုက်နှင့် သုတပညာဌာန (အမရဆောင်)တွင် အထက်ပါ စာအုပ်တိုက်များဆိုင်ရာ စာကြည့်တိုက်ပညာ ဘွဲ့လွန် ဒီပလိုမာစာတမ်း (ကျမ်းငယ်)များကို ပြုစုထားကြောင်း၊ လေ့လာရှုစမ်းနိုင်ကြောင်း သတင်းပေးဖော်ပြအပ်ပါသည်။ ဆိုလိုရင်းမှာ ကျွန်တော်တို့၏ မြန်မာစာပေလောကရှိ အထင်ကရနှင့် နာမည်ကျော်၊ နာမည်ရ စာအုပ်ထုတ်ဝေ၊ ပုံနှိပ်တိုက်တွေ ရှိခဲ့ပါကြောင်း သမိုင်းကောင်းတစ်စစီ၊ တစ်စစီတို့ကို ထုတ်နုတ်ရည်ညွှန်းပြနိုင်စရာအဖြစ် စာရင်းရေးပြမိပါသည်။ စာတမ်း(ကျမ်းငယ်) မပြုနိုင်သေးသော၊ ပြုပြီးသော်ငြား ကျွန်တော်(ဤစာရေးသူ) မသိ၊ မတွေ့ရှိမိခဲ့သည်




www.burmeseclassic.com

www.burmeseclassic.com



**၇၅-နှစ်ပြည့်စာအုပ်တိုက်တစ်တိုက်အတွက် အမှတ်တရ သက်သေကောင်းပြနိုင်စရာ စာကဗျာ(ကာတွန်း)တစ်ပုဒ်ပုဒ်စီ ပါရှိသောမန္တလေးထုတ်၊ မန္တလေးရိုက်၊ မန္တလေးဂုဏ်ဆောင် လူထုကြီးပွားရေး စာအုပ်တိုက်၏ ၇၅-နှစ်ပြည့် စာပေမှတ်တမ်းစာစုပါ စာကောင်းစာအုပ်တကိုတော့ မြန်မာ့စာအုပ်လောကတွင် အမှတ်ထင်ထင်သမိုင်းတင်ပြလိုက်လေပြီ . . .**

များလည်း ရှိကောင်းရှိနိုင်ပါလိမ့်မည်။ စာကြည့်တိုက်ပညာဌာန (၁၉၇၁ ခုနှစ်အစပြုခဲ့ မှ ဘွဲ့လွန်ဒီပလိုမာသင်တန်းမှသည် ယခုအခါ စာကြည့်တိုက်နှင့် သုတ ပညာ၊ ဘွဲ့လွန်ဒီပလိုမာ၊ မဟာနှင့် မဟာသုတေသနသာမက ယနေ့ ဆိုပါလျှင် ပါရဂူ Ph.D ဘွဲ့အထိပင် ပေးအပ်နိုင်ခဲ့ပြီ ဖြစ်သော စာကြည့် တိုက်ရေးရာ) စာကြည့်တိုက်အကြောင်းတို့သည် ရေးကောင်း၊ သိကောင်း၊ လေ့လာအပ်စရာကောင်းပါကြောင်း စာသမား အများစုနှင့် စာအုပ်စာပေ ချစ်ကြသူတိုင်း လက်ခံနားလည်နိုင်ကြလိမ့်မည် ထင်ပေသည်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာစာကြည့်တိုက်လောက၏ ဂုဏ်ထူးဆောင် ဘွဲ့မည်သော စာကြည့်တိုက်နှင့် သုတပညာ ပါရဂူ Ph.D ဘွဲ့ရပညာရှင်ငါးဦး (အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦး)တို့မှာ ရန်ကုန်တက္ကသိုလ်မှ မွေးဖွားပေးခဲ့လေပြီပါတကား။

ဤဆောင်းပါး၏ အဓိက ရည်ရွယ်ရင်းမှာ မြန်မာစာအုပ် ပုံနှိပ်ထုတ်ဝေ (ဖြန့်ချိ၊ စီစဉ်)ကြသူများကဏ္ဍတွင် အမှတ်ထင်ထင် ၇၅-နှစ်ပြည့် (စိန်ရတု) လူထုကြီးပွားရေး စာအုပ်တိုက် (မန္တလေး)၏ လက်ရှိအထိမ်းအမှတ် စာပေစုစည်းမှု စာအုပ်သစ်တစ်အုပ်အကြောင်းကို မီးမောင်းထိုးရေးပြလိုခြင်းမျိုးပါ။ ၇၅-နှစ် (စိန်ရတုကာလ)ဖြစ်၍ စာအုပ်တွေ ထုတ်ဝေခဲ့ကြောင်း၊ မည်သည့်စာအုပ်မျိုးများ ဖြစ်ပါကြောင်း စသည်ဖြင့် စာကြည့်တိုက် ပညာရပ်တို့၏ စာစုစာရင်းသဘောတော့ လုံးဝမဟုတ်ပါ။ ၇၅-နှစ်ပြည့်ကြီးပွားရေးစာအုပ်တိုက် (ဆောင်းပါးရှင်- အောင်မှူး)အရ ဘာသာရပ်ခွဲခြားမှုဖြင့် ကဗျာမှ အတ္ထုပ္ပတ္တိအထိ စာအုပ်ပေါင်း ၂၄၈ အုပ်သဘောကို ၁၉၃၈ မှ ၁၉၉၇ အထိ (စာအုပ်စာမျက်နှာ ၂၄၂-၂၄၇ တွင်) စာရင်းရေးပြထားသည်။ ဆက်လက်ပြုစုရပါဦးမည်။ ဆိုလို ရင်းမှာ စိန်ရတု (၇၅-နှစ်) ပြည့်သည့် ၂၀၁၃ အထိ ပါရှိသင့်ကြောင်းတည်း။

မည်သို့ဖြစ်စေ ၁၉၃၈-၂၀၁၃၊ ၇၅-နှစ်ပြည့်၊ လူထုကြီးပွားရေး အထိမ်းအမှတ် စာပေစုစည်းမှု စာအုပ်သစ် (၂၀၁၃- ဩဂုတ်လ၊ မန္တလေးမြို့ရှိ ကြီးပွားရေးစာအုပ်တိုက်ထုတ်၊ ၂၉၆ မျက်နှာ၊ တန်ဖိုး ၃၀၀၀/- ) အတွက် အမှတ်တရ ရေးဆက်ပါရစေ။ လူထုစိန်ရတုထုတ် ဝေသူရဲ့အမှာ (ရေးသား-သားသမီးများ) အစချီ၍ ကဗျာ ၂-ပုဒ်၊ ကာတွန်း ၁ ပုဒ်၊ မြန်မာဆောင်းပါး ၃၆ ပုဒ်၊ အင်္ဂလိပ်ဘာသာဆောင်း ပါး ၃ ပုဒ် (စုစုပေါင်း ၄၂ ပုဒ်) ပါရှိသော စက္ကူဖြူချော စာအုပ်သန့်သန့်လေး။ ရေးသားသူများအနက် မိတ္ထီလာတက္ကသိုလ်၊ စာကြည့်တိုက်မှူး (ဦး)ဝင်းတင့်၏ လူထုသတင်းစာခေါင်းကြီးများ )၁၉၄၆) ဆောင်းပါးသည်ကား တကယ့် သမိုင်းဝင် အမှတ်တရ ဖြစ်စရာများပါဟု ဆိုချင်ပါသည်။ စာသမား စာကြည့်တိုက်မှူးတစ်ဦးပီ လူထုကြီးပွားရေး စာအုပ်တိုက် သမိုင်းနှင့် ယင်းတိုက်ထုတ် စာအုပ်များ စာစုစာရင်း(၁၉၉၃)ကို ပြုစုတင်ပြ စာကြည့် တိုက်ပညာဘွဲ့လွန် ဒီပလိုမာ ရရှိထားခဲ့သူ၏ အတင်အပြများ။ အထူးသဖြင့် ၁၉၄၆ ကာလ (၁၉၄၅-၄၇ အမျိုးသား လွတ်လပ်ရေး သမိုင်းဝင်ကာလ)ရှိ လူထုသတင်းစာ (၃၄ ပတ်ထုတ်၏ ခေါင်းကြီးပေါင်း ၁၅၀ ကျော်)၏ ရည်ရွယ်ချက်(ဝါဒ)၊ ရပ်တည်လှုပ်ရှားမှုများကို ကောက်နုတ်သုံးသပ်ပြထားချက်တို့မှာ သမိုင်းနောက်ခံသိ သူတို့သာမက သမိုင်းနောက်ခံ မသိသူတို့ပါ အားရနားလည်သိရှိလိမ့်မည်ထင်သည်။ အထူးသဖြင့် လူထု ခေတ်ကြီး ခေါင်းစဉ်ငယ်အရ လူထုသီချင်း (မူရင်း လူထုဂျာနယ်- ၁၈-၉-၁၉၄၅) ကိုပင် ရှားပါးအထောက်အထားနှင့် ယှဉ်ပြီး သုံးသပ်ပြထားသည်။ ဥပမာ-

*"လူထုအညှော်အသွေးကို နားလည်တဲ့ ခေါင်းဆောင်ဟာ လင်ကွန်း ပြောသလို "Goverment of The people, By the people, For the people" ဆိုတာ ယုံကြည်တယ်၊ နိုင်ငံရေးသဘာဝကို နားမလည်၊ လူကဲခတ်ခွင့်လည်း မရတဲ့ လူထုဖြစ်ရင်တော့ ခေါင်းဆောင်က 'ချုနင်း' တာ ခံနိုင်တယ်။ ဒါပေမဲ့ ကြေးစားခေါင်းဆောင်တွေရဲ့ ဩဇာခံနဲ့ ထုတ်ဝေတဲ့သတင်းစာမျိုး မဟုတ်ဘဲ ခေါင်းဆောင်တွေရဲ့ လုပ်ရပ်တွေကို အကဲဖြတ်ပေးနေတဲ့ 'လူထုသတင်းစာတွေ' ရှိနေတာကြောင့် လူထုဟာ ဖဝေဖဝါ ဖြစ်စရာ အကြောင်း မရှိဘူး"* ဟူ၍ပင်ရေးပြထားသည်။

စစ်၊ ဂျပန်ငွေစက္ကူနဲ့ ကုန်ဈေးနှုန်း (ကုဋေ ၃၀၀ ပြသနာ)၊ ဒိုမေနီယန် တော်လောက်ပြီလော (နေသူရိန်ညီလာခံ- ၁၉-၈-၁၉၄၅၊ စက္ကူဖြူစီမံကိန်းအပါအဝင်) ဖဆပလအဓိပ္ပာယ်၊ ခလောက်ဆန်သခင်စိုး (လက်တွေ့မှာတော့ သခင်စိုးဟာ ကွန်မြူနစ်ပါတီရဲ့ သံမဏိစည်းမျဉ်းကို ခေါင်းမာစွာဖောက်ဖျက်သူပဲ အပါအဝင် ၂၁-၆-၁၉၄၆ ခေါင်းကြီးမှ စာသား)၊ ဗိုလ်ချုပ်ကို အကဲခတ်နိုင်ပြီ (နေသူရိန်အစည်းအဝေးမှတ်တမ်း၊ ၁၉၄၆၊ ၈-၁၉ နှင့် မြန်မာ့အလင်းသတင်းစာ ၂၆-၈-၁၉၄၅ အပါအဝင်) စသည်ဖြင့် အထောက်အထားများ ကိုးကားပြပြီးရေးထားပုံမှာ အားကျလောက်စရာဟုပင်ဆိုချင်သည်။ ဤသည်မှာ ထိုစဉ်(၁၉၄၆ ခုနှစ်)က လူထုသတင်းစာခေါင်းကြီးများကို ဆရာကြီးရွှေဥဒေါင်းက ဒိုင်ခံရေးသားသည်ဟု (ဝင်းတင့်က စာမျက်နှာ ၇၁ အရ)သိမှတ်ရသည်။ လူထုဦးလှ၊ ဒေါ်အမာ တို့ကရော ဝင်ရောက်ရေးသားခဲ့မှုရော မရှိနိုင်ပါဟု အပိုင်ပြောစရာလား။ အယ်ဒီတာအဖွဲ့ဝင်များသာဖြစ်ကြ၍ တစ်ပုဒ်တလေ ဝင်ရေးလေမလား။ ကလောင်ထက်သော ကာလများဖြစ်၍ ဖနီးမောင်နှံ (အကြောင်းကြောင်းကြောင့် ဆရာကြီး ရွှေဥဒေါင်း မအားလပ်၊ အဆင်မပြေဖြစ်သော် အယ်ဒီတာအာဘော်၊ ခေါင်းကြီးစာမျိုးဟူသည် ဒေါ်အမာရော၊ လူထုဦးလှပါ တစ်ပုဒ်တလေ ဝင်ရေးမရေး သမိုင်းသက်သေ အတိအကျသိချင်ပါဘိတကား၊ စကားချပ်အဖြစ်ပါ ကိုဝင်းတင့်၊ ကိုညိုတို့ခင်ဗျား)အတွက် အမှတ်တရ သတိရခြင်းမျိုးပါ။

"၁၉၃၈-၂၀၁၃၊ ၇၅ နှစ်ပြည့် လူထုကြီးပွားရေး အထိမ်းအမှတ် စာပေစုစည်းမှု' စာအုပ်တွင် (၈-၈၇ အရ) ဆရာကြီး ရွှေဥဒေါင်းသို့ အမှတ်ရချက်များ အမည်ရှိ ဆောင်းပါးအရ၊ တစ်ရေးနိုးသော် အကြံပေါ် အမည်ရှိ ရွှေဥဒေါင်း၏ ၁-၅-၁၉၆၉ ရက်စွဲပါ စာတိုလေးမှာလည်း လွမ်းလောက်စရာပါ။ အယ်ဒီတာချုပ် ရွှေဥဒေါင်း၏ လက်ထောက် အယ်ဒီတာ (စာရေးဆရာ မောင်နေဝင်း)၏ အမှတ်တရရေးပြထားချက်၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက် စတင်ထုတ်ဝေခဲ့သော လုပ်သားပြည်သူနေ့စဉ်သတင်းစာအယ်ဒီတာချုပ် ဘဝမှ အငြိမ်းစားယူလိုက်သော ဆရာကြီး ရွှေဥဒေါင်း၏ သံဝေဂ စာတိုလား၊ ဟမ်ထိုးလိုက်ခြင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်အားလျှော့ခြင်း မရှိမှုကို အမတ်ကြီး ဦးပေါ်ဦး၊ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် (ယောအတွင်းဝန် ဦးဘိုးလှိုင်)တို့၏ ထုံးကို နှလုံးမူခဲ့မှုစာတို၊ ထိုစဉ်ကာလ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌနှင့် ဆရာကြီး ရွှေဥဒေါင်း အကြောင်းတို့မှာ ရှာဖွေစူးစမ်းတတ်လျှင် သတင်းစာဆရာနှင့် စစ်အာဏာ ရှင်ထုံးကို နှလုံးသားရှိ စာသမား၊ သတင်းစာသမားတို့က ပိုမိုသိသာနိုင် ကြလိမ့်မည် ထင်သည်။

မည်သို့ဖြစ်စေ 'လူထုထဲက တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ် လူထုထဲ ကရှေ့နေ' အမည်ရှိ ဆောင်းပါး၊ ဘာသာပြန်ဆိုင်ရာ စာပေဆောင်းပါး၊ ရေးသားသူ– တရားလွှတ်တော် ရှေ့နေတစ်ဦး (မန္တလေး)ဟု ကလောင် အမည်ခံပြထားသော်လည်း (စာမူစာမျက်နှာ– ၁၆၃၊ လူထုဒေါ်အမာ ၏ ၂၆–၁၁–၈၅ ရက်စွဲပါ စာအရ) လူအမည် မောင်ထွန်းအောင်ကျော် ဟု မှတ်ယူနိုင်စရာပါ။ အဓိကမှာ ဘာသာပြန်စာအုပ်မှု ကွဲကိစ္စ (ဘဝချင်း မတူလေသည့် တရုတ်ပြည်– မူရင်းစာအုပ်မှုကွဲ၊ ထုတ်ဝေနှစ်၊ ထုတ်ဝေ တိုက် မတူမှုမှုတို့၏ reprint နှင့် edition။ စာကြည့်တိုက်သမား၊ စာအုပ်ချစ်သူများတို့က ပိုနားလည်ကြလိမ့်မည် ထင်သည်။ ထို့အပြင် abridge နှင့် Retold သဘောလည်း မူကွဲရှိတတ်ကြောင်း ရေးပြပါရ စေ။) ကို စာမသား၊ လေ့လာစူးစမ်းတတ်သူ၊ ၁၀၉–၁၁၀ ရှေ့နေကို လေးစားမိပါကြောင်း ညွှန်းပြရပါသတည်း။

အငြိမ်းနိဂုံးအဖြစ် စိန်ရတုလူထုကြီးပွားရေး အထိမ်းအမှတ် စာအုပ် ပါ စာအများစုမှာ လူထုဦးလှ၊ ဒေါ်အမာ အစပြု၍ လူထုသတင်းစာ၊ လူထုဂျာနယ်၊ ကြီးပွားရေးမဂ္ဂဇင်းအကြောင်း များမှသည် ကိုညို (ကိုငြိမ်း ချမ်းခေါ် စာရေးဆရာ ညီပုလေး) မတင်ဝင်းတို့အထိ ဖတ်မိစရာ စာ ကောင်းစာသန့်များသာ ဖြစ်ကြပါသည်။ ထူးခြားသည်ဟု ခံစားနားလည် မိသည်မှာ စာအုပ်စာမျက်နှာ ၁၄ ရှိ ကာတွန်း ရင် နှစ် ဝင်းသေ (၂၀– ၅–၁၉၃၆ ဖွား)နှင့် စာမျက်နှာ ၂၆၄–၂၇၇ ရှိ 'ကိုထံရေး၏ အောက်ကြီး အကြောင်း'၊ (ဝတ္ထုတို၊ ယနေ့ VOA ရှိ ဝင်းဖေ၏ ၁၉၆၈ ခန့်က ထောင်ကျခဲ့ ဝတ္ထုတို၊ မှတ်မိသမျှ ပြန်ရေးပြထားသော ပျောက်ခဲ့သည့် ဝတ္ထုတို၊ ဂုဏ်ပြုကန်တော့စာ ဝတ္ထုဖြစ်သည် ဟူ၏။ စကားချပ်) ဝတ္ထု ပိုင်ရှင် ဝင်းဖေ (ပန်းချီ၊ ကာတွန်း၊ အကယ်ဒမီဆုရ ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာ အသံလွှင့်ဆရာ၊ စွယ်စုံရ အနုပညာရှင်တဲ့လား) လေးစားစရာပါလေ။

မည်သို့ဖြစ်စေဟု အဆုံးမသတ်လိုပါ။ စာဖတ်သူ၊ စာအုပ်စာပေ ချစ်မြတ်နိုးသူတို့ မည်သည် ဤသို့သော ၅၅–နှစ်ပြည့် စာအုပ်တိုက်တစ် တိုက်အတွက် အမှတ်တရ သက်သေကောင်း ပြနိုင်စရာ စာကဗျာ (ကာတွန်း)တစ်ပုဒ်ပုဒ်စီ ပါရှိသော မန္တလေးထုတ်၊ မန္တလေးရိုက်၊ မန္တလေး ဂုဏ်ဆောင် လူထုကြီးပွားရေး စာအုပ်တိုက်၏ ၅၅–နှစ်ပြည့် စာပေ မှတ်တမ်းစာစုပါ စာကောင်းစာအုပ်တကိုတော့ မြန်မာ့စာအုပ်လောက တွင် အမှတ်ထင်ထင် သမိုင်းတင်ပြလိုက်လေပြီ။ သမိုင်းကောင်းဝင်၊ မဝင်နှင့် သမိုင်းတွင် အထင်ကရ နေရာရမရ ပြဿနာထက် လူထုကြီးပွား ရေးတိုက်ထုတ် စာစုစာရင်း အပြည့်အစုံတို့ မည်သည် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် စည်းစနစ်ကျနစွာပုံနှိပ်ထုတ်ဝေလာနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။ (အလားတူ မြန်မာစာအုပ်လောကရှိ စံနမူနာယူ စရာ၊ ယူအပ်စရာ၊ စာအုပ်ပုံနှိပ်ထုတ်ဝေ ဖြန့်ချိတိုက်ကောင်းတွေလည်း နိုင်ငံတကာ အဆင့်မီ စီစဉ်ထုတ်ဝေ ပုံနှိပ်တတ်ကြ၍ မြန်မာ့စာအုပ်ပုံနှိပ် ထုတ်ဝေရေးလောကတွင် စံတင်စံပြ ဘဝများဖြင့် သက်တမ်းရာကျော်ထာဝစ်း ရှိလာကြပါစေသတည်း။)

**အောင်မိုးဆောင်း**


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်၊
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည် (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်၊
- လိပ်ခေါင်းရောဂါသည် အနားယူကုသမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်၊

မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည်စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ပါ၊


နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာတော်ကြီးဦးလှမောင်၊ ဆရာမကြီး ဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)
ရန်ကုန်ဆေးခန်းဌာနခွဲ - အမှတ်(၅၀)၊ ၅-လွှာ၊ ၁၂၂ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၀ ၉၄၉၁
၁၃-၁၄ လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉၉၁၀၄၄၀၂၆

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မသည်စာကိုကြည့်နေရာမှ ဗိုလ်နန္ဒအား မေးလိုက်သည်။

"ဖတ်ပြီးပါပြီ။ ကျွန်တော့်ကို သုတ်သင်ပစ်ရမယ်ဆိုတာက အထူးအဆန်းမဟုတ်ပါဘူး"

"ဒါလား မထူးဆန်းတာ။ ပြီးတော့ ဒီမှာဆက်ဖတ်ကြည့်စမ်း။ ဘုရင်မဖြင့် အဓိပ္ပာယ်တောင် ကောင်းကောင်းနားမလည်ဘူး"

ဘုရင်မသည် ပုရပိုက်မှစာများကို ဗိုလ်နန္ဒအား ပြရင်းပြောလိုက်သည်။

"အဓိပ္ပာယ်သိဘို့ မသိဘို့ထက် ဒီပုရပိုက်ကို လာယူတဲ့သူလျှိုကို မိအောင်ဖမ်းဘို့က ပိုပြီးအရေး ကြီးပါတယ်။ ဒီပုရပိုက်ကို သူနေရာ မှာသူပြန်ထားပြီး ကျွန်တော်တို့ ပုန်းနေကြရင် ကောင်းမယ်ထင် တယ်"

ဗိုလ်နန္ဒသည် ဟိုဟိုဒီဒီကျိုးကန်းတောင်း မော့ကြည့်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ စာကိုဆုံးအောင် ဘတ်ပါရစေဦး"

ဘုရင်မသည် ဗိုလ်နန္ဒပြောသောစကား ကို ဂရုမစိုက်ဘဲ ပုရပိုက်တွင်ပါရှိသည့် စာကိုအသံထွက်အောင်ဘတ်၍နေပေသည်။

"ဗိုလ်နန္ဒ ခေါ် ရွှေပကို တွေ့ရာသင်းချိုင်း ဒါးမဆိုင်းစေနှင့်၊ ရွှေပသည် အကြီးဆုံးသောရန်သူဖြစ်၍ အသေတလျှင် သုတ်သင်ရှင်းလင်းပစ်ရမည်။ လဆုတ်ပက္ခ ၁၅ ရက် ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်ချိန်တွင် နန်းမြင့်မှ မီးရောင်ကို မြင်လိမ့်မည်။ ထိုအချိန်တွင် တမြို့လုံး မီးဟုန်းဟုန်းတောက်စေရမည်။ မြို့ရိုးတံခါးများ အတားအဆီးမရှိစေနှင့်၊ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်လျှင် အားလုံးအသင့်ရှိကြစေ"

ဘုရင်မသည် စာကို တလုံးချင်းဘတ်ပြီး အဓိပ္ပာယ်ကို နားမလည်သဖြင့် မျက်မှောင်ကုတ်ပြီး စဉ်းစားနေပေသည်။

"ဒီစာရဲ့အဓိပ္ပာယ်ကို ပြောပြစမ်းပါ"

"စာရဲ့အဓိပ္ပာယ်က အရေးမကြီးပါဘူး။ ဒီစာလာယူမဲ့ သူလျှိုကို မိအောင်ဖမ်းဘို့က ပိုပြီးအရေးကြီးပါတယ်။ ဒီစာကို သူ့နေရာမှာ သူပြန်ထားလိုက်ရင် ပိုကောင်းပါလိမ့်မယ်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ဒီစာကို လက်ဆုတ်လက်ကိုင်မိထားပြီး သားဥစ္စာ ဘာဖြစ်လို့ ပြန်ထားရမှာလဲ။ ခုချက်ချင်း သက်တော်ရှည်အမတ်ကြီးနဲ့ အတွင်းဝန်တွေကိုခေါ်ပြီး ဒီကိစ္စ ဘယ်လိုအရေးယူရမလဲဆိုတာ ဆွေးနွေးတိုင်ပင်ရမယ်"

ဘုရင်မသည် ပုရပိုက်ခေါက်ကို ပြန်မထားဘဲ လက်ထဲတွင် ဆုတ်ကိုင်ရင်းပြောလိုက်ရာ ဗိုလ်နန္ဒမှာ စိတ်မရှည်နိုင်တော့ဘဲ ဘုရင်မ၏လက်မှ ပုရပိုက်ခေါက်ကို လုယူလိုက်ပြီး ဘုရားစင်အောက်သို့ ပြန်သွင်းထားလိုက်သည်။

"လာ . . . သွားကြပါစို့၊ ကျွန်တော်တို့ကိုမြင်ရင် သူလျှိုတွေလာမှာ မဟုတ်ဘူး။ တနေရာမှာပုန်းပြီး ချောင်းဖမ်းကြရအောင်"

ဗိုလ်နန္ဒက ဘုရင်မအား အတင်းခေါ်၍နေပေသည်။

"ပုရပိုက်ခေါက်ကို ပြန်ပေးပါ။ ဘာဖြစ်လို့ ဘုရားစင်အောက်ကို ပြန်ထည့်လိုက်ရတာလဲ"

ဘုရင်မသည် စိတ်ဆိုးသည့် အမူအရာဖြင့် ခြေဆောင့်ပြီးပြောရင်း ပုရပိုက်ခေါက်ကို ဘုရားစင်အောက်မှ ထုတ်ယူရန်ဟန်ပြင်လိုက်သည်။

သို့ရာတွင် ဗိုလ်နန္ဒသည် ဘုရင်မ၏ရှေ့မှ တားဆီးထားလိုက်သည်သာမက ဘုရင်မပါးစပ်ကို လက်ဝါးဖြင့်ပိတ်ပြီး ခလေးငယ်အား မိခင်က ပွေ့ချီလိုက်သကဲ့သို့ ပွေ့ချီလိုက်ပြီးလျှင် အုတ်ဂူကလေး အပြင်ဘက်သို့ ခေါ်သွားပြီး ခြုံကွယ်တခုတွင် ၂ ယောက်သား ဝပ်၍နေကြပေသည်။

"အသံမပြုပါနဲ့၊ ဟိုမှာ လူတယောက်လာနေတာမြင်ရတယ်"

ဗိုလ်နန္ဒသည် ဘုရင်မအား သတိပေးလိုက်ရာ ဘုရင်မသည် အော်ဟစ်မည်ပြုရာမှ ခပ်လှမ်းလှမ်းမှ လာနေသူတယောက်ကို မြင်လိုက်သဖြင့် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ထိုသူအားစိုက်ကြည့်နေပေသည်။

ကမ္ဗဒ္ဒာန်းအုတ်ဂူကလေးရှိရာသို့ တောင်ကြည့်မြောက်ကြည့်နှင့် လာနေသူမှာ အခြားမဟုတ်၊ ဘုရင်မ၏ ဥယျာဉ်မှူး ပုဂံကျွဲဆိုသူဖြစ်နေသည်ကိုတွေ့ရသဖြင့် ပိုပြီးစိတ်ဝင်စားစွာစိုက်ကြည့်နေပေသည်။ ပုဂံကျွဲသည်လက်တွင် ပန်းစည်းများ ကိုင်လာသည်ကို သတိပြုမိပေသည်။

ပုဂံကျွဲသည် ကမ္ဗဒ္ဒာန်းအုတ်ဂူရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီး အုတ်ဂူအဝသို့ ရောက်သောအခါ တောင်မြောက်လေးပါး ကိုကြည့်ပြီးမှ အသာစေ့ထားသည့် အုတ်ဂူတံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်သွားသည်ကို တွေ့ရပေသည်။

ပုပုကွကွ ပုဂံကျွဲသည် ကမ္ဗဒ္ဒာန်းအုတ်ဂူအတွင်းသို့ ရောက်ရှိသည်နှင့်တပြိုင်နက် ဘုရားစင်အနီးသို့သွားပြီး ဘုရားစင်ရှေ့ရှိ ပန်းအိုးထဲတွင် မိမိယူလာသည့်ပန်းစည်းကို စိုက်ထားပြီး ဟိုဟိုဒီဒီ ကျီးကန်းတောင်းမှောက်ကြည့်ပြီး လူရိပ်လူခြေမမြင်သဖြင့် မီးသွေးဖြင့်ကြက်ခြေခတ်ထားသည့် နေရာတည့်တည့်ရှိ ဘုရားစင်အောက်သို့ အသာလက်နှိုက်ခါ ပုရပိုက်ခေါက်ကို ဆွဲထုတ်ယူလိုက်ကာ ခါးပိုက် ထဲသို့ ကပျာကယာထည့်လိုက်ပြီးလျှင် ဣန္ဒြေ မပျက်ထွက်၍လာခဲ့ပေသည်။ ကမ္ဗဒ္ဒာန်းအုတ်ဂူအပြင်ဘက်သို့ ရောက်သောအခါတံခါးကို ပြန်စေ့လျက် ဟိုဟိုဒီဒီကြည့်ကာ ဘုရင်မ၏ ဥယျာဉ်တော်ဘက်သို့ ထွက်လာမည်အပြုတွင် ခြုံကွယ်တွင် ပုန်းအောင်းနေသည့် ဗိုလ်နန္ဒသည် လွှားကနဲခုန်ထွက်ကာ သမင်ကို ကျားကအုပ်သလို ပုဂံကျွဲအား အုပ်၍ဖမ်းလိုက်ပြီး ၎င်း၏ခါးပိုက်မှ ပုရပိုက်ကို နှိုက်ယူလိုက်ပေသည်။

"ဒီစာကို ဘယ်သူ့ဆီယူသွားမလို့လဲ၊ မှန်မှန်ပြောစမ်း။ မှန်မှန်မပြောရင် ဒီနေရာမှာအသက်ထွက်သွားမယ်"

ဗိုလ်နန္ဒသည် ပုဂံကျွဲ၏ လည်ပင်းကို မိမိ၏သန်မာသော လက်မောင်းဖြင့် လိမ်ပြီးဖမ်းထားရင်း မေးလိုက်သည်။

"သစ္စာဖောက် နေနွှဲ၊ ငါ့ကိုလွှတ် အခုချက်ချင်းလွှတ်၊ မင်းဟာ သာယာရွှေပြည် သီဟရာဇာဘုရင်က လွှတ်လိုက်တဲ့ သူလျှိုဆိုတာ ငါသိတယ်။ ဘုရင်မကို လျှောက်တင်လိုက်ရင် မင်း ကြိုးစင်တက်ရလိမ့်မယ်ဆိုတာ နားမလည်ဘူးလား။ ငါ့ကိုလွှတ်မလား၊ မလွှတ်ဘူးလား ဒါပဲပြော"

ပုဂံကျွဲမှာ ပုပုကွကွနှင့် လူစင်မမီသူတဦးဟု ထင်ရသော်လည်း နာမည်နှင့်လိုက်အောင် ဗလကောင်းသူဖြစ်သဖြင့် ဗိုလ်နန္ဒ၏လက်မှ လွတ်အောင်ရုန်းကန်ရင်း ပါးစပ်မှ လည်းတတွတ်တွတ်နှင့် ဗိုလ်နန္ဒအား ခြိမ်းခြောက်နေပေသည်။

ထိုအခိုက်တွင် စန္ဒာဒေဝီဘုရင်မသည် ခြုံကွယ်တွင် ပုန်းအောင်းနေရာမှ ထွက်လာပေသည်။

"မောင်ရွှေပ သူ့ကို လွှတ်လိုက်ပါ၊ လူစဉ်မမီတဲ့သူကို ဒါလောက်တောင် မညှဉ်းဆဲချင်ပါနဲ့"

ဘုရင်မက ပုဂံကျွဲအား လွှတ်ရန်အမိန့်ပေးလိုက်သည်။ သို့ရာတွင် ဗိုလ်နန္ဒသည် ဘုရင်မအမိန့်ပေးနေသည်ကို မကြားသည့်အမူအရာဖြင့် ပုဂံကျွဲရဲ့လည်ပင်းကို အစ်သည်ထက်အစ်အောင် လက်မောင်းဖြင့် တအားညှစ်ထားလိုက်သည်။

"ကဲ . . . ခွေးမသား၊ ငါမေးနေတာကို ပြောစမ်း၊ ဒီစာ ဘယ်သူ့ကို သွားပေးမလို့လဲ"

ဗိုလ်နန္ဒသည် စောစောက မေးခွန်းကိုပင် ပြန်၍မေးလိုက်သည်။

ပုဂံကျွဲမှာမူ ဗိုလ်နန္ဒ၏မေးခွန်းကို မဖြေဘဲ ဗိုလ်နန္ဒ၏လက်မှ လွတ်မြောက်ရန် အတင်းရုန်းကန်နေရာမှ ခါးကြားတွင်ဝှက်ပြီးယူလာသည့် ဒါးမြှောင်ကို ရုတ်တရက်ဆွဲထုတ်လိုက်ပြီး မီးရာကို လှမ်းထိုးလိုက်ရာ ဗိုလ်နန္ဒ၏လက်မောင်းကိုထိသွားသဖြင့် လက်ကို အရုတ်လိုက်တွင် ပုဂံကျွဲသည် ဗိုလ်နန္ဒလက်မှ ရုန်းကန်ထွက်ပြေးလေသည်။

ဗိုလ်နန္ဒသည် လက်မှဒဏ်ရာကို ဂရုမစိုက်နိုင်ဘဲ ရှေ့မှထွက်ပြေးသော ပုဂံကျွဲ၏နောက်သို့ပြေးလိုက်ရင်း လက်ခေါက် ၂ ချက်ဆင့်ပြီး မှုတ်လိုက်ရာ ရှိုကနဲ အသံတသံကြားလိုက်ပြီး ပုဂံကျွဲ၏ခြေသလုံးကို မြှားတစင်းလာစိုက်သဖြင့် ပုဂံကျွဲသည် ရှေ့ဆက်မပြေးနိုင်ဘဲ မှောက်လျက်သား လဲကျသွားသည်ကို တွေ့ရပေသည်။

ပုဂံကျွဲ မြှားမှန်ပြီး လဲကျသွားသည်ကို မြင်လိုက်သောအခါ ဘုရင်မသည် လန့်ပြီး အော်လိုက်မိပေသည်။ မြှားလာရာသို့ မော့ကြည့်လိုက်သောအခါ ဘုရင်မ၏ဥယျာဉ်တော်အစွန်းရှိ မြင့်မားသော သစ်ပင်ကြီးပေါ်တွင် လေးကိုင်ကာထိုင်နေသည့် ဗိုလ်နေမျိုးကို မြင်လိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



''မောင်ရှုပ ရက်စက်လှချည့်လား။ လူစဉ်မမီတဲ့ ဥယျာဉ်မှူးကို ဘာဖြစ်လို့မြွေနဲ့ပစ်ပြီး အသက်ခိုင်းရတာလဲ''

ဘုရင်မက မိုလ်နန္ဒအား အပြစ်တင်လိုက်သည်။

''ဒါ ရက်စက်တာလား၊ ကျွန်တော့်ကို ဒါးနဲ့ထိုးသွားတာကိုလဲ ကြည့်ဦးမှပေါ့။ ပြီးတော့ ဘုရင်မရဲ့စေတုတ္တရာနိုင်ငံတော်ကို လုပ်ကြံဖို့ ကြံစည်နေတဲ့ သူလျှိုတယောက်ကို ဒီအတိုင်း လွှတ်ထားရမှာလား။ သူလျှိုတယောက်ရဲ့အသက်ထက် ဘုရင်မနဲ့တကွ အပြစ်မရှိတဲ့ ဘုရင်မရဲ့ နိုင်ငံတော်သူ နိုင်ငံတော်သားတွေရဲ့ အသက်ကို ငဲ့ကွက်ရမယ် မဟုတ်ဘူးလား။ သူ့ကို လွှတ်လိုက်ရင် တနိုင်ငံလုံး ဒုက္ခရောက်သွားနိုင်တယ်ဆိုတာကိုလဲ သတိထားဦးမှပေါ့''

မိုလ်နန္ဒက ပြန်ပြောလိုက်သည် ထိုအချိန်တွင် မြွေးထိပြီးလဲကျနေသော ပုဂံကျွဲသည် ခြေသလုံးမှ မြွေကိုဆွဲနှုတ်ပြီး ထပြေးမည်ပြုရာ မိုလ်နန္ဒသည် တရှိန်ထိုးပြေးသွားခါ ဖမ်းချုပ်ထားလိုက်ပြီးလျှင် မအော်နိုင်အောင် ပါးစပ်ကို လက်နှင့်ပိတ်ထားလိုက်သည်။

သစ်ပင်ပေါ်မှနေပြီး ကင်းစောင့်နေသော မိုလ်နေမျိုးသည် သစ်ပင်ပေါ်မှ ဆင်းလာကာ ပုဝံကျွဲအား လက်ပြန်ကြိုးတုပ်ပြီး မအော်နိုင်အောင် ပါးစပ်ကို အဝတ်နှင့်ဆို့ထားလိုက်ပြီးလျှင် စောစောက ဦးပဥ္စင်းဦးသံဝရအားထားခဲ့သည့် ထိုင်ခုံကလေးအောက်သို့ ထိုးသွင်းထားလိုက်ပြန်သည်။

စန္ဒာဒေဝီဘုရင်မမှာမူ ဘာမျှမပြောနိုင်တော့ဘဲ မိုလ်နန္ဒပြုလုပ်သမျှကို ငေးစိုက်ပြီး ကြည့်နေပေသည်။

''ဒီစာကို စောစောကနေရာမှာ ပြန်ထားပြီး ဒီစာလာယူမဲ့ သူလျှိုကို ချောင်းဖမ်းရဦး မယ်။ ဘုရင်မ အဆောင်တော်ပေါ်ကို ပြန် တက်နေရင် တောင်းလိမ့်မယ်ထင်တယ်''

မိုလ်နန္ဒသည် ဘုရင်မအား အဆောင်တော်သို့ ပြန်သွားရန် ပြောလိုက်သည်။

''ဘာလဲ၊ ဘုရင်မကို မောင်ရှုပက အမိန့်ပေးနေတာလား''

ဘုရင်မက ပြန်မေးလိုက်သည်။

''ဘုရင်မကို အမိန့်မပေးဝန့်ပါဘူး။ ဒါပေမဲ့ ဒီအလုပ်က မိန်းမသားရဲ့အလုပ် မဟုတ်လို့ အဆောင်တော်မှာပြန်ပြီး အေးအေးချမ်းချမ်းစံမြန်းနေရင်ကောင်းလိမ့်မယ်လို့ ပြောနေတာပါ''

''ဘာဖြစ်လို့ အဆောင်တော်မှာ အေးအေးချမ်းချမ်း စံမြန်းနေရမှာလဲ။ ဘုရင်မဆို တာ တိုင်းပြည်ပေါ်မှာ တာဝန်ရှိတယ်လို့ မောင်ရှုပဘဲ ပြောတယ်မဟုတ်လား။ တိုင်းပြည် အပေါ်မှာ တာဝန်ရှိရင် တိုင်းပြည်အတွက် အသေခံဘို့ အသင့်ရှိရမယ်မဟုတ်လား။ မိန်းမသားပင်ဖြစ်ပေမဲ့ ဘုရင်မဟာ ဘုရင်မဘဲလို့ မောင်ရှုပစောစောကပြောခဲ့တာ မေ့သွားပြီလား''

''မမေ့ပါဘူး၊ ဒါပေမဲ့ ရှေ့မှာဘယ်လိုရန်သူမျိုးနဲ့ တွေ့ရဦးမယ်ဆိုတာ ခန့်မှန်းလို့မရသေးဘူး။ ဘုရင်မရှေ့မှာ သွေးထွက်သံယိုမှုတွေဖြစ်ပွားရင် ဘုရင်မစိတ်မချမ်းသာဖြစ်မှာ စိုးလို့ပြောနေတာပါ''

''အို . . . ဒါတွေဟာ ဘုရင်မအဘို့ အဆန်းမဟုတ်ပါဘူး။ ဘုရင်မကိုယ်တိုင် ဒါးခုတ်လှံထိုး အမျိုးမျိုးကျွမ်းကျင်ပြီးသားဘဲ။ ဘုရင်မသတ္တိမခေပါဘူး။ ကဲ . . . လာသွားကြမယ်။ နေမျိုးလဲ ဘုရင်မနဲ့အတူလိုက်ခဲ့''

ဘုရင်မသည် ပြောပြောဆိုဆို ဥယျာဉ်တော်နှင့် ဘုရင်မ၏အဆောင်တော်အကြား ရှိ အုတ်နံရံပေါ်သို့ ကျဉ်းမြောင်းသော အုတ်လှေခါးမှ တဖြည်းဖြည်းတက်၍ ပြအိုးသင်္ချာန် ဆောက်လုပ်ထားသည့် ကင်းတဲရှိရာသို့သွားပေရာ မိုလ်နန္ဒနှင့်နေမျိုးသည် နောက်မှထပ်ကျပ်မကွာလိုက်သွားပေသည်။

''ဟောဒီ တဲတိုင်းပေါ်ကနေပြီးကြည့်ရင် ကမ္ဘဌာန်းအုတ်ဂူကို ကောင်းကောင်းကြီးမြင်နိုင်တယ်။ ပြီးတော့ ဒီနေရာက အကာအကွယ်လဲရှိတယ်''

ဘုရင်မသည် ပြောပြောဆိုဆို မိုလ်နန္ဒ နှင့် နေမျိုးအား ရှေ့မှလမ်းပြပြီး ခေါ်လာပေ သည်။

ပြအိုးသင်္ချာန် ဆောက်လုပ်ထားသည့် ကင်းတဲထဲတွင်မူကား အာဠာဝကနှင့် ကျော်ဖေယျတို့သည် မျက်နှာချင်းဆိုင်ထိုင်ကာ စစ်ဘုရင်ကစား၍ နေကြသည်ကို မြင်ရပေသည်။

ဘုရင်မ၏အသံကို ကြားလိုက်သည်နှင့် တပြိုင်နက် အာဠာဝကနှင့် ကျော်ဖေယျသည် စစ်ဘုရင်ကစားနေရာမှ ကပျာကရာထပြီး ဒူးထောက်ကာ အလေးပြုလိုက်ကြသည်။

ဘုရင်မသည် အာဠာဝကနှင့်ကျော်ဖေယျအား လှမ်းကြည့်လိုက်ရာ ကျော်ဖေယျ၏ နောက်နားတွင် လူတယောက်ကို ပါးစပ်တွင် အဝတ်နှင့်ဆို့ကာ လက်ပြန်ကြိုးတုပ်ထားသည်ကို ရုတ်တရက်မြင်လိုက်သဖြင့် အံ့အားသင့်သွားပုံရပေသည်။

''ဟိုဟာက ဘယ်သူလဲ၊ အလို ဘုရင်မရဲ့ အဆောင်မှူးဝေလုပါလား။ သူ့ကို ဘာဖြစ်လို့ လက်ပြန်ကြိုးတုပ်ပြီး ဖမ်းထားရတာလဲ''

ဘုရင်မက လှမ်းပြီးကြည့်ရင်းမေးလိုက်သည်။

''ဘုရင်မ အဆောင်မှူးဝေလုဆိုတာ မှန်ပါတယ်။ ဝေလုကို ခုလိုဖမ်းဆီးရတဲ့ အကြောင်းရင်းကတော့ တခြားမဟုတ် ခပ်စောစောက သုခနေ့ရဲ့ သူလျှိုဦးပဥ္စင်း ဦးသံဝရကမ္ဘဌာန်းအုတ်ဂူထဲ ဝင်သွားတုံး ဆရာနန္ဒကနောက်က ပြေးလိုက်သွားပြီး ဂူထဲဝင်မယ်အလုပ်မှာ ဦးပဥ္စင်းကို ဝေလုကအော်ဟစ်ပြီး သတိပေးဘို့ကြိုးစားလို့ သူ့ရဲ့ပါးစပ်ကိုပိတ်ဆို့ပြီး လက်ပြန်ကြိုးတုပ်ထားရခြင်းဖြစ်ပါတယ်''

ကျော်ဖေယျက ရှင်းပြလိုက်ရာ ဘုရင်မသည်မျက်မှောင်ကုပ်ပြီး စဉ်းစားနေပေသည်။

''ဒီအတိုင်း အမှန်ဘဲနော်''

ဘုရင်မက ပြန်မေးလိုက်သည်။

''အမှန်ပါ၊ ဘုရင်မကိုယ်တော်တိုင် စစ်ဆေးချင်တယ်ဆိုရင် စစ်ဆေးနိုင်ပါတယ်''

အာဠာဝက,က ဝင်ပြောလိုက်သည်။

''အင်း ဒီလိုဆိုရင်ခက်တာဘဲ၊ ဘုရင်မရဲ့အဆောင်ကို စောင့်ကြပ်တဲ့အဆောင်မှူးကို မှ မယုံရဘူးဆိုရင် ဘယ်သူ့ကိုယုံရတော့မှာလဲ''

ဘုရင်မက ညည်းညူလိုက်သည်။

''ဘုရင်မစိတ်ပူတော်မမူပါနဲ့။ ကျွန်တော်မျိုးတို့သုံးယောက်နဲ့ ဆရာနန္ဒအသက်နဲ့ခန္ဓာကိုယ်မြဲနေသေးသမျှ ဘုရင်မကို ဘယ်လိုရန်သူမျိုးကမှ လက်ဖျားနှင့်တို့ဘို့မဆိုထားနဲ့ မျက်စောင်းတောင် မထိုးစေရပါဘူး။ ဘုရင်မအပေါ်မှာ ဘယ်သူမှ သစ္စာမရှိစေကာမူ ကျွန်တော်မျိုးတို့ရဲဘော် ၃ ယောက်နဲ့ ဆရာနန္ဒတို့ကတော့ ဘုရင်မအပေါ်မှာ သစ္စာစောင့်သိ ရှိသေပါ့မယ်ဆိုတာ စိတ်ချတော်မူပါ''

ကျော်ဖေယျက ရင်ကော့ပြီးပြောလိုက်သည်။

''ဘုရင်မရဲ့ ခမည်းတော်လက်ထက်က ပြီး အမှုတော်ထမ်းလာခဲ့တဲ့ လူတွေကိုတောင် မယုံရဘူးဆိုရင် မနေ့တနေ့ကမှ တွေ့ဘူးမြင်ဘူးတဲ့ ကျော်ဖေယျတို့လူသိုက်ကို ဘုရင်မဘယ်လိုလုပ်ပြီး စိတ်ချယုံကြည်ရမှာလဲ။ ကျော်ဖေယျတို့လူစုဟာ ဘုရင်မကို အယုံသွင်းပြီး ဘုရင်မကို ပူးသတ်ဘို့ ဘုရင်မရဲ့ ရန်သူတယောက်က စေလွှတ်လိုက်တဲ့သူလျှိုဖြစ်နေမယ်ဆိုရင် သူခိုးကို ဒါးရိုးကမ်းသလို ဖြစ်မနေဘူးလား''

ဘုရင်မသည် စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေသဖြင့် စိတ်ထဲတွင် ရှိသမျှဖွင့်ပြောလိုက်သည်။

''ဘုရင်မတယောက်လုံးလုပ်နေပြီး ဒါလောက်မှ လူကဲမခတ်တတ်ဘူးလား။ ရန်သူကို ရန်သူမှန်းမသိ မိတ်ဆွေကိုမိတ်ဆွေမှန်းမသိတဲ့လူဟာ အရူးဘဲ''

မိုလ်နန္ဒက ဝင်ပြောလိုက်သည်။

''ဘုရင်မကို အရူးလို့ပြောလိုက်တာပေါ့လေ''

''အရူးလို့ မပြောဝံ့ပါ။ လူကဲခတ်မှားမှာစိုးလို့ သတိပေးလိုက်တာပါ''

မိုလ်နန္ဒက ပြန်ပြောလိုက်သည်။

''ဒီမှာ မောင်ရှုပ၊ ခုမောင်ရှုပတို့ ဖမ်းဆီးထားတဲ့ လူသုံးယောက်ဟာ ဘုရင်မရဲ့ယုံတော်တွေဖြစ်တဲ့အတွက် ဒီလူယုံတော်တွေကို ရှင်းလင်းသုတ်သင်ပစ်ဘို့ မောင်ရှုပတို့ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



တာကော မဖြစ်နိုင်ဘူးလား။ ဘုရင်မအနေနဲ့ တိုင်းပြည်အပေါ်မှာ တာဝန်ရှိတဲ့အတွက် ဘယ်သူ့ကိုမှ စိတ်ချလက်ချ မယုံကြည်နိုင်ဘူး။ ဘုရင်မစကားတခွန်း အပြောမှားရင် တိုင်းပြည်ကိုပါ ထိခိုက်နိုင်တယ်။ ဘုရင်မရဲ့အဆုံးအဖြတ်တခု မှားသွားရင် တိုင်းပြည်ပါ ငါးပါးမှောက်နိုင်တယ်။ ဒါကြောင့် ဘယ်နေရာမှာမှ မမှားနိုင်အောင် သတိရှိဘို့လိုတယ်''

စန္ဒာဒေဝီဘုရင်မက ပြန်ပြောလိုက် သည်။

''ဘုရင်မ မိန့်ကြားတဲ့စကားတွေဟာ အားလုံးမှန်ပါတယ်။ ဒါပေမဲ့ ဘုရင်မအတွက် အသက်ပေးပြီး ကာကွယ်နေတဲ့ ကျွန်တော်မျိုးတို့အပေါ်မှာ ဘုရင်မ ယုံမှားသံသယဖြစ်တယ် ဆိုတာကို ကြားရတော့ ကျွန်တော်မျိုးရဲ့ အသည်းနှလုံးကို ဓားနဲ့ခွဲကိုင်လှုပ်လိုက်သလို အခံရခက်လှပါတယ်''

ကျော်ဇေယျက ဝင်ပြောလိုက်သည်။

''ဘုရင်မရဲ့ လူယုံတော်တွေကို ဘုရင်မ အသိမပေးဘဲ ခုလိုဖမ်းလား၊ ဆီးလား၊ တုပ်လား၊ နှောင်လားလုပ်နေတာဟာ ကောင်းသလား။ ဘုရင်မအပေါ်မှာ သစ္စာရှိရိုးမှန်ရင် ဘုရင်မကို အကျိုးအကြောင်းနှင့်သာ သံတော်ဦးတင်ရမယ် မဟုတ်လား၊ ဖမ်းသင့်တဲ့လူကို ဘုရင်မအမိန့်နဲ့သာ ဖမ်းဘို့ရှိတယ် မဟုတ် လား။ ဘုရင်မကို အသိလဲမပေး၊ ဘုရင်မဆီမှာ အမိန့်လဲမတောင်းဘဲ ဘုရင်မရဲ့ လူတွေကို ကြက်ငှက်ဖမ်းသလို ဖမ်းနေတာဟာ နည်းလမ်းကျရဲ့လား''

ဘုရင်မက ပြန်ပြီးမေးလိုက်သည်။

''နည်းလမ်းကျတာ မကျတာကို စဉ်းစားနေဘို့ အချိန်မဟုတ်ပါ။ ရောဂါကြမ်းရင် ဆေးကြမ်းနဲ့ကုရမယ်ဆိုတဲ့စကားအရ သူလျှိုတွေကို ဖြစ်တဲ့နည်းနဲ့ ဖမ်းဆီးရခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စေတနာကို ဘုရင်မ သံသယဖြစ်တော်မူရင် ဘုရင်မရဲ့ လက်သုံးတော်ဓါးနဲ့ ကျွန်တော်တို့ကို ခုတ်သတ်လိုက်ပါ။ ဒါမှမဟုတ် ကျွန်တော်တို့နဲ့တကွ ကျွန်တော်တို့ဖမ်းဆီးထားတဲ့ လူ ၃ ယောက်ကို ထောင်သွင်းအကျဉ်းထားပြီး ပရိသတ်ဗိုလ်ပုံအလယ် မှာ ဘုရင်မကိုယ်တော်တိုင် စစ်ဆေးပါ''

ဗိုလ်နန္ဒက စိတ်ထဲတွင် မခံချိမခံသာ ဖြစ်လာသဖြင့် ပြောလိုက်သည်။

''ဒီအတွက်တော့ ဘာမှမပူပါနဲ့။ ဘုရင်မ ကိုယ်တိုင် အမှန်ကိုသိအောင် စစ်ဆေးတော်မူမယ်။ ဘုရင်မအပေါ်မှာ သစ္စာဖောက်တဲ့လူ ဆိုရင်လဲ ဘုရင်မရဲ့ လူယုံတော်ဘဲဖြစ်ဖြစ် ဘုရင်မရဲ့အသက်ကို ကယ်ဆယ်ခဲ့တဲ့လူဘဲဖြစ်ဖြစ် ဘယ်သူ့ကိုမှ ချမ်းသာမပေးနိုင်ဘူးဆိုတာ မှတ်ထားလိုက်ပါ''

ဘုရင်မသည် ခြေဆောင့်ပြီး ဒေါနှင့်မောနှင့် လှေခါးပေါ်မှ ဆင်းသွားကာ အဆောင်တော်ဘက်သို့ ခပ်သုတ်သုတ်ထွက်ခွာသွားသည်ကို ဗိုလ်နန္ဒတို့လူစုသည် အံ့အားသင့်သည့်အမူအရာဖြင့် ငေးစိုက်ကြည့်ရင်းကျန်ရစ်ခဲ့ပေသည်။

''ဘုရင်မတော့ စိတ်ဆိုးသွားပြီထင်တယ်။ ကျွန်တော်တို့အပေါ်မှာလဲ သံသယမကင်းဖြစ်သွားပုံရတယ်။ ဆရာပြောလိုက်တဲ့ စကားကြောင့် ဘုရင်မရဲ့စိတ်ကို ထိခိုက်သွားသလား မပြောတတ်ဘူး''

နေမျိုးသည် စိုးရိမ်မကင်းသည့်အမူအရာဖြင့် ပြောလိုက်သည်။

''ဆရာပြောတာက ဘာလွန်လို့လဲ။ စေတနာနဲ့ပြောနေတဲ့ ဥစ္စာဘဲ''

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

''စေတနာနဲ့ပြောပေမဲ့ ဝေဒနာဖြစ်သွားပြီထင်တယ်။ ဆရာပြောလိုက်တဲ့အတိုင်း ကျွန်တော်တို့ကို ထောင်သွင်းအကျဉ်းထားလိမ့်မယ်ထင်တယ်''

ကျော်ဇေယျက စိုးရိမ်တကြီး ပြောလိုက်သည်။

''ဒါလောက်တောင် မိုက်မဲရင် သူထိုက်နဲ့သူ့ကံပေါ့။ မိတ်ဆွေကို ရန်သူထင်ရင် သူသာဒုက္ခရောက်မှာပေါ့''

''သူဒုက္ခရောက်မှာကနောက် ကျွန်တော်တို့ဒုက္ခရောက်မှာက အရင်''

အာဋ္ဌာဝက,က ဝင်ပြောလိုက်သည်။

''အို . . . ဒါတွေစဉ်းစားပြီး ပူပန်မနေစမ်းပါနဲ့။ ဖြစ်ရမဲ့ ဥစ္စာဟာ ဖြစ်မှာဘဲ။ ဘယ်သူမှ တားဆီးလို့မရဘူး။ ဘဝက ဝဋ်ကြွေးမကုန်



www.burmeseclassic.com

www.burmeseclassic.com



သေးရင် ခံဦးပေါ့ကွာ။ ဘုရားတောင်ဝင့်တော်နဲ့ မကောင်းဘူး မဟုတ်လား''

ဗိုလ်နန္ဒက တပည့်များအား သတိပေး စကားပြောလိုက်သည်။

ထိုအခိုက်တွင် ဘုရင်မ၏စစ်သည်တော် ၁၅ ဦးသည် ဒါးလှံများစွဲကိုင်ကာ ဗိုလ်နန္ဒတို့ ရှိရာသို့ ရှေ့ရှု၍လာနေကြသည်ကို တွေ့ရပေသည်။

''ဟိုမှာ ဆရာ၊ ကျွန်တော်တို့ကို ဖမ်းဆို့ လာနေပြီထင်တယ်။ ဒီအတိုင်းအဖမ်းခံရမလား။ ဒါမှမဟုတ်လဲ အဖမ်းမခံဘဲ ခုခံပြီးထွက်ပြေး ရမလား''

နေမျိုးက မေးလိုက်သည်။

''ဘာမှခုခံမနေနဲ့ အေးအေးဆေးဆေး သာ အဖမ်းခံလိုက်ကြ''



ဗိုလ်နန္ဒက ပြန်ပြောလိုက်ရာ ဗိုလ်နန္ဒ၏ တပည့် သုံးယောက်သည် ဆရာ့အမိန့်ကိုနာခံ ကာ လက်နက်များချပြီး အေးအေးချမ်းချမ်း အဖမ်းခံလိုက်ကြလေသည်။

ဘုရင်မ၏ စစ်သည်တော်များသည် ဗိုလ်နန္ဒတို့လူစု ဖမ်းဆီးထားသည့် ဦးပဥ္စင်း ဦးသံဝရ၊ ဥယျာဉ်မှူးပုဂံကျွဲနှင့် ဘုရင်မ၏ အ ဆောင်မှူးဝေလုတို့ကိုပါ ဗိုလ်နန္ဒတို့လူစုနှင့်အတူ ဖမ်းဆီးပြီး ဗိုလ်နန္ဒတို့လူစုအား အကျဉ်းထောင် ၏ အခန်းတခန်းတွင် ချုပ်နှောင်ထားပြီး ဦး ပဥ္စင်းဦးသံဝရ၊ ပုဂံကျွဲနှင့်အဆောင်မှူး ဝေလု တို့အား အခြားအခန်းတခန်းတွင် ချုပ်နှောင် ထားလိုက်ပေသည်။

**အခန်း – ၂၀**

ဗိုလ်နန္ဒသည် အကျဉ်းထောင်အတွင်းရှိ ကုတင်ပေါ်တွင် တင်ပလ္လင်ခွေထိုင်ပြီး စိတ် ပုတီးစိပ်ရင်း အခန်းဒေါင့်တဒေါင့်တွင် ကြမ်း ပြင်ပေါ်၌ ကျားကွက်ရေးပြီး ကျားကစားနေကြ သည့်အာဠာဝကနှင့် ကျော်ဇေယျတို့အားငုံး ကျားကစားနေသည်ကို အနားမှ စိတ်ဝင်စား စွာ ကြည့်ရှုနေသော နေမျိုးအားရင်း တချက်, တချက် လှမ်းကြည့်လိုက်မိပေသည်။

''ဆရာနန္ဒဟာ နှလုံးရည်မှာရော လက် ရုံးရည်မှာပါ ထူးချွန်သလောက် ဒီလိုနေရာမျိုး ကျတော့ သိပ်ညံ့တာဘဲ။ ငါဖြင့် ဆရာနန္ဒ အတွက် ဘုရင်မကိုကပ်ပြီး လျှော်လိုက်ရတာ အမောဘဲ။ ဘုရင်မကလဲ ဟန်သာလုပ်နေတာ ဆရာနန္ဒကို တကယ်ကျနေတာကွ''

ကျော်ဇေယျက ကျားကွက်တကွက်ရွှေ့ ရင်း ပြောလိုက်သည်။

''ဘုရင်မက ဆရာနန္ဒအပေါ်မှာ ကျ,နေ တယ်ဆိုတာ မင်း ဘယ်လိုလုပ်ပြီးသိသလဲ''

အာဠာဝက,က ပြန်မေးလိုက်သည်။

''ဘုရင်မရဲ့ အရိပ်အကဲကိုကြည့်ပါလား ကွ။ မင်းလဲ သိပ်ညံ့သေးတာဘဲ''

ကျော်ဇေယျက ပြန်ပြောလိုက်သည်။

''ငါဖြင့် ဘုရင်မရဲ့အရိပ်အကဲကို ခတ် လို့ကိုမရဘူး။ တနေ့ရွှေ တနေ့ငွေဆိုသလို ဖြစ်နေတာပဲ''

နေမျိုးက ဝင်ပြောလိုက်သည်။

''မင်းက ဘာနားလည်လို့ ဝင်ပြောရ တာလဲ။ ဒီမှာနေမျိုး၊ ငါက ဘုရင်မနဲ့ ငယ် ငယ်ကလေးကထဲက အတူတူကစားဖော် ကစားဘက်ဖြစ်ခဲ့လို့ ဘုရင်မက ငါ့ကို ယုံယုံ ကြည်ကြည်နဲ့ဆက်ဆံတယ်ဆိုတာ မင်းမသိ ဘူးလား။ ငါတို့တတွေ နန်းတော်ထဲရောက် လာတဲ့အချိန်ကစပြီး ဘုရင်မအားရင် ငါ့ကိုခေါ် ပြီး ဆရာနန္ဒအကြောင်းချည်းဘဲ မေးနေတာ ဘဲ။ ငါကလဲ ဆရာနန္ဒ သူရသတ္တိရှိပုံ၊ ယောကျ်ား ပီသပုံ၊ နှလုံးရည်နဲ့ပြည့်ဝပုံတွေကို မိုးမဆုံးမြေ မဆုံး ချီးကျူးပြောလိုက်ရင် ပါးကလေးချိုင့် သွားအောင်ပြုံးပြီး မင်းတို့ဆရာဟာ လူကြား ကြီးပါလို့ ပြန်ပြောလေ့ရှိတယ်။ ဒါကိုထောက် ခြင်းအားဖြင့် ဘုရင်မက ဆရာနန္ဒအပေါ်မှာ ကျ,နေပြီဆိုတာ မထင်ရှားဘူးလား''

ကျော်ဇေယျက ဆက်ပြီးပြောလိုက်သည်။

''မင်းလဲ တော်တော်ကိုရူးတဲ့အကောင်ဘဲ။ မင်းတို့ဆရာ လူကြားကြီးပါလို့ ဘုရင်မက ပြန် ပြောတာကိုဘဲ ဘုရင်မက ဆရာနန္ဒအပေါ်မှာ ကျ,နေပြီဆိုတော့ ရယ်စရာကောင်းလိုက်တာ ကွာ။ ပြီးတော့ မင်းကဘာဖြစ်လို့ဆရာ့အကြောင်း တွေကို ဘုရင်မဆီမှာသွားပြီး မျှတ်နှာလိုမျက် နှာရသံတော်ဦးတင်ရတာလဲ''

အာဠာဝက,က ကျားကွက်ရွှေ့ရင်း ဝင် ပြောလိုက်သည်။

''မင်းတို့ နားမလည်ပါဘူး။ ငါက တ ကယ်သိလို့ ပြောနေတာ ဘုရင်မက ဆရာ့ အပေါ်မှာ တကယ့်ကို မျက်စေ့ကျ,နေတာကွ။ ငါလဲ ဒါလောက်တော့ အကင်းပါး,ပါတယ်။ ငါကလဲ ဆရာနန္ဒနဲ့ ဘုရင်မ နေရာကျသွားရင် မင်းတို့၊ ငါတို့ကအစ သုဝဏ္ဏနိုင်ငံတော်နှင့် တကွ စေတုတ္တရာနိုင်ငံတော်သူ နိုင်ငံတော် သားတွေပါ အားလုံး အကျိုးရှိမှာကိုမြင်လို့ ကြားကဝင်ပြီး လျှော်ပေးနေတာကွ။ ငါက လျှော်သလောက် ဆရာနန္ဒက ရှော်တာဘဲ။ ကြည့်ပါလား၊ မနေ့က တင်ဘဲ ဘုရင်မကို ဘုရင်မတယောက်လုံး လုပ်နေပြီး မိတ်ဆွေမှန်းရန်သူမှန်းမသိရင် အရူးဘဲလို့ လွှတ်ခနဲပြော လိုက်သေးတယ် မ ဟုတ်လား။ ဆရာက ဒီလိုပြောလိုက်တော့ခဲလေ သမျှ သဲရေကျဖြစ်ကုန်တာပေ့ါ''

ကျော်ဇေယျက ပြန်ပြောလိုက်သည်။

''ကျော်ဇေယျပြောမှ ငါတခု စဉ်းစားမိ တယ်။ ဆရာနန္ဒကိုယ်တိုင်ကလဲ ဘုရင်မအပေါ် မှာ အတော်ကလေးမျက်စေ့ကျနေပုံရတယ်။ ဘုရင်မအတွက်ဆိုရင် အသက်အသေခံဘို့ တောင် အသင့်ရှိနေတယ်ဆိုတာကို ငါကောင်း ကောင်းကြီးသိတယ်။ ဘုရင်မအပေါ်မှာသာ ဆရာနန္ဒ မေတ္တာသက်ဝင်ခြင်းမရှိဘူးဆိုရင် မင်းတို့ဘုရင်မ ခုလောက်ရှိရင် သီဟရာဇာ ဘုရင်ကြီးရဲ့ ခြေဘဝါးအောက် ရောက်နေတာ ကြာလှပြီ''

နေမျိုးသည် ကျော်ဇေယျဘက်မှ ဝင်ပြီး ထောက်ခံချက်ပေးလိုက်သည်။

ထိုသို့ အခြေအတင်ပြောနေကြသည်ကို ဗိုလ်နန္ဒသည် စိတ်ပုတီးစိပ်နေရာမှ တချို့တချို့ ကြားလိုက်သဖြင့် စိတ်ပုတီးကို ဖြောင့်အောင် မစိပ်နိုင်ဘဲ တပည့်သုံးဦးပြောနေသည့်စကား များကို အာရုံစိုက်ပြီး နားထောင်နေပေသည်။

''တပည့်တို့ ဘာစကားတွေပြောနေကြ တာလဲ။ ဝဋ်တုံ့ဝဋ်လှည့်ရှိမှ ခုလိုထောင်သွင်း

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းခံနေရတဲ့အချိန်မှာ ကုသိုလ်တရားကို သာ ပွားများကြမှပေါ့ ဘာဖြစ်လို့ အကျိုးမရှိတဲ့စကားတွေပြောပြီး အချိန်ကို အလဟဿ ဖြုန်းတီးချင်ရတာလဲ''

ဗိုလ်နန္ဒက လှမ်းပြီးပြောလိုက်သည့်အသံကိုကြားရသောအခါ တပည့်သုံးဦးသည် ကျား ကစားနေရာမှ ထလာကြပြီး ဗိုလ်နန္ဒ၏ကုတင်ဘေးတွင် ဝိုင်းထိုင်လိုက်ကြပေသည်။

''ဆရာ၊ အေးအေးဆေးဆေး စိတ်ပုတီး စိပ်ပါစေတော့ဆိုပြီး ကျွန်တော်တို့လည်း ဆိတ်ငြိမ်အောင် ကျားကစားနေတာပါ။ ဒီကြားထဲ မှာ ကျော်ဇေယျက ဆရာ့ကို ဘုရင်မနဲ့အောင် သွယ်ပေးနေပုံတွေပြောလို့ ကျွန်တော်က မခံချင်လို့ ပြန်ပြောနေတာပါ''

အာဠာဝက,က ဗိုလ်နန္ဒအား ရှင်းပြနေပေသည်။

''မဖြစ်နိုင်တာတွေကို လုပ်နေကြစမ်းပါ နဲ့။ ဘုရင်မအပေါ်မှာ ဆရာဘာ့ယ်လိုမှသဘော မထားပါဘူး။ နေမျိုးထင်သလို ဘုရင်မအပေါ်မှာ ဆရာမျက်စေ့ကျနေတယ်ဆိုတာလဲ မမှန်ပါဘူး။ အားနွဲ့တဲ့ မိန်းမသားတယောက်အနေနဲ့ ကြီးလေးတဲ့တာဝန်ကြီးကို ထမ်းရွက်နေရတာကို ကိုယ်ချင်းစာနာပြီး ဆရာတို့စွမ်းအားရှိသလောက် ကူညီနေတာပါ။ ဘုရင်မအပေါ်မှာ ဆရာထားရှိတဲ့ စေတနာမေတ္တာဟာ သန့်ရှင်းဖြူစင်တဲ့ စေတနာမေတ္တာသာ ဖြစ်ပါတယ်''

ဗိုလ်နန္ဒသည် တပည့်များအား ရှင်းပြနေပေသည်။

''ဆရာသာ ဘုရင်မအပေါ်မှာ မငဲ့ညှာဘူးဆိုရင် ဘုရင်မဟာ သီဟရာဇာဘုရင်ကြီးရဲ့ ခြေဘဝါးအောက် ရောက်နေတာကြာပြီလို့ နေမျိုးက ပြောသွားတယ်။ ဒီစကားကော မှန်သလား''

အာဠာဝက,က မေးလိုက်သည်။

''မှန်သင့်သလောက်တော့ မှန်တယ်ဆိုရမှာပေါ့။ ဒါပေမဲ့ ဒီလမ်းစဉ်ကိုသာ လိုက်မယ်ဆိုရင် အားနွဲ့တဲ့ မိန်းမသားအပေါ်မှာ အနိုင်ကျင့်ရာရောက်သွားစေမဲ့အပြင် ဓေတုတ္တရာနိုင်ငံတော်ကိုပါ သူများလက်အောက် ကျွန်သပေါက်အဖြစ် ရောက်သွားမှာ သေချာတယ်။ ဒါကြောင့် ဆရာကိုယ်တိုင် ဆရာအနစ်မွန်းခံ ပြီး ဘုရင်မအတွက် အသက်နဲ့လဲပြီးကူညီဘို့ ဆုံးဖြတ်ခဲ့တာပါ''

ဗိုလ်နန္ဒသည် တပည့်များအား ပြောသင့်သလောက် ဖွင့်ဟပြောဆိုလိုက်ပေသည်။

ထိုအတောအတွင်း အပြင်ဘက်မှ ခြေသံများကြားရပြီး အကျဉ်းထောင်တံခါးဖွင့်သည့်အသံများကိုပါ ဆက်၍ကြားရသဖြင့် ဆရာ တပည့် ၄ ဦးသည် တံခါးပေါက်ဘက်သို့ အာရုံစိုက်ပြီး ကြည့်လိုက်မိသည်။

''ကျွန်တော်တို့ကို ဘုရင်မက သေဒဏ်ပေးလိုက်လို့ ကြိုးပေးပြီး သတ်ဘို့လာခေါ်ပြီထင်တယ်''

နေမျိုးက စကားစ,လိုက်သည်။

''ဘုရင်မက ဘယ်သူ့ကိုမှ သူကိုယ်တိုင် မစစ်ဆေးဘဲ သေဒဏ်မပေးဘူးလို့ ပြောထားသားဘဲ''

ကျော်ဇေယျက ပြန်ပြောလိုက်သည်။

ထိုအခိုက်တွင် အကျဉ်းထောင်တံခါးပွင့်လာပြီး ထောင်မှူးကြီးချစ်ညိုနှင့် စစ်သည်တော်ရဲမက်များသည် ဗိုလ်နန္ဒ၏အခန်းတွင်းသို့ ဝင်လာကြပေသည်။

''အကြည်တော်ဗိုလ်နန္ဒ၊ အကြည်တော်အား ဘုရင်မ တရားလွှတ်တော်တွင် မှူးမတ်ပရိသတ်ဗိုလ်ပုံရှေ့မှောက်၌ စစ်ဆေးလိုကြောင်း အမိန့်တော်မြွက် ချမှတ်တော်မူလိုက်သဖြင့် အကြည်တော်နှင့်တကွ အကြည်တော်ရဲ့တပည့်များကို လာခေါ်ရခြင်းဖြစ်ပါတယ်။ ဘုရင်မအမိန့်အရ မလွန်ဆန်ဝံ့၍ အကြည်တော်တို့အား ထောင်သွင်းအကျဉ်းထားရသည်ကို ခွင့်လွှတ်လိမ့်မယ်လို့လဲယုံကြည်ပါတယ်။ အကြည်တော်တို့ လွတ်မြောက်ရေးအတွက် စစ်သူကြီးဇန္ဒကနဲ့ သက်တော်ရှည်အမတ်ကြီးက အစွမ်းကုန် ကြိုးစားလျက်ရှိသည်ကိုလည်း အကြည်တော်တို့ထံ စကားလက်ဆောင်ပါးလိုက်ပါ သည်။

ထောင်မှူးကြီးချစ်ညိုသည် ဗိုလ်နန္ဒ အပေါ်တွင် ကြည်ညိုရင်းစွဲရှိသည့်အတိုင်း ရိုသေစွာ နှုတ်ခွန်းဆက်လိုက်ပြီး ဘုရင်မရှေ့မှောက်သို့ စစ်သည်တော်ရဲမက်များ စောင့်ကြပ်၍ ခေါ်ဆောင်သွားပေသည်။

တရားလွှတ်တော်သို့ ရောက်ရှိသော အခါ ပရိသတ်ဗိုလ်ပုံ စုံလင်စွာရောက်ရှိနေ သည်ကို တွေ့ရပေသည်။

စန္ဒာဒေဝီဘုရင်မသည် အတွင်းဝန် အပြင်ဝန်နှင့် မြို့စားများခြံရံကာ တင့်တယ်စွာ စံနေတော်မူသည်ကိုငင်း၊ မိမိအားရှိသေစွာ ခ,စားလျက်ရှိသော ခေတ္တရာမြို့စားကြီး မောင်ဝဏ္ဏနှင့် ပြုံးပြုံးရယ်ရယ်နှင့်ဖော်ဖော်ရွေရွေ စကားလက်ဆုံကျနေသည်ကိုငင်း ဗိုလ်နန္ဒသတိပြုမိပေသည်။

ရန်အောင်မြို့စားကြီး မောင်ဒေဝမှာမူ ဘုရင်မနှင့် မလှမ်းမကမ်းတွင် မကြည်သာ သော မျက်နှာဖြင့် ခ,စားလျက်ရှိသည်ကို တွေ့ မြင်ရပြီး ဘုရင်မ၏အပါးတွင် သက်တော်ရှည် အမတ်ကြီး ဦးပန်းဝါသည် အတွင်းဝန်ကြီး ၂ ဦးနှင့်အတူ တီးတိုးတိုင်ပင်နေကြသည်ကို ဗိုလ်နန္ဒသတိပြုမိပေသည်။

''မောင်ရှုပနဲ့ အပေါင်းပါများ ရှေ့တော်မှောက်သို့ ရောက်ရှိကြောင်းပါ''

ထောင်မှူးကြီးချစ်ညိုက ဘုရင်မရှေ့တွင် ရိုသေစွာခ,စားပြီး လျှောက်တင်လိုက်သည်။

''ဘုရင်မရဲ့လူယုံတော် ၃ ဦးကို ဘုရင်မရဲ့အမိန့်မရဘဲ ဖမ်းဆီးလို့ ဘုရင်မကိုယ်တော်တိုင် ထောင်သွင်းအကျဉ်းချထားခဲ့တဲ့ မောင်ရှုပနဲ့ အပေါင်းပါတွေဆိုတာ သူတို့တတွေဘဲ။ ဘုရင်မရဲ့လူယုံတော်တွေကို ဘာဖြစ်လို့ဖမ်းဆီးတယ်ဆိုတာကို ခေတ္တရာမြို့စားကြီးကိုယ်တိုင် စစ်ဆေးစမ်းပါ''

စန္ဒာဒေဝီဘုရင်မသည် ဗိုလ်နန္ဒဘက်သို့ တချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီး မိမိနှင့်အနီးကပ်ဆုံး ခ,စားလျက်ရှိသော ခေတ္တရာမြို့စားကြီးမောင်ဝဏ္ဏအား အမိန့်ပေးလိုက်သည်။

ခေတ္တရာမြို့စားကြီးသည် စန္ဒာဒေဝီဘုရင်မက ယခုကဲ့သို့ မိမိအား အမှုကိုစစ်ဆေးရန် အာဏာလွှဲအပ်လိုက်သည်ကိုပင် ကြေနပ်သည့်အမူအရာဖြင့် ဘုရင်မအား ကျေးဇူးတင်သည့်မျက်နှာထားဖြင့် ခ,စားနေရာမှ ဗိုလ်နန္ဒတို့လူသိုက်ဘက်သို့ မျက်နှာမူလိုက်သည်။

''မောင်မင်းတို့လေးဦးသည် ဘုရင်မ အပေါ်တွင် သစ္စာရှိစွာဖြင့် အမှုတော်ထမ်းရွက်လျက်ရှိသော ဘုရင်မ၏ လူယုံတော်သုံးဦးအား ဘုရင်မအမိန့်မရဘဲ လက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးချုပ်နှောင်ခဲ့သည်ဆိုခြင်းမှာ မှန်ပါလော''

ခေတ္တရာမြို့စားကြီးသည် ဗိုလ်နန္ဒနှင့် တပည့်သုံးဦးအား မျက်မှောင်ကုပ်ပြီးကြည့်ရင်း မေးလိုက်သည်။

''ဘုရင်မအပါးတွင် ခ,စားပြီး ဘုရင်မ နှင့် နိုင်ငံတော်အပေါ်တွင် သစ္စာမဲ့သော သစ္စာဖောက်သုံးဦးအား ကျွန်ုပ်တို့ ဖမ်းဆီးချုပ်နှောင်ခဲ့သည်ဆိုခြင်းမှာ အမှန်ပင်ဖြစ်ပါသည်။ ၎င်းသစ္စာဖောက်သုံးဦး ယခု မည်သည့်နေရာတွင် ရှိသည်ကို သိခွင့်ရှိက သိလိုပါသည်''

ဗိုလ်နန္ဒသည် ရဲရင့်တည်ကြည်သောအမူအရာဖြင့် ခေတ္တရာမြို့စားကြီးအားမကြည့်ဘဲ ဘုရင်မကို စေ့စေ့ကြည့်ပြီး ပြန်ပြောလိုက် သည်။

''မောင်ရှုပ ဖမ်းဆီးခဲ့သူသုံးဦးကို ယခုအခါ၌ အကျဉ်းထောင်တွင် ချုပ်နှောင်ထားပါသည်။ မောင်ရှုပအား စစ်ဆေးပြီးသောအခါ ထိုသူသုံးဦးကို ဘုရင်မကိုယ်တော်တိုင် ခေါ်ယူစစ်ဆေးတော်မူပါလိမ့်မယ်''

ဘုရင်မအပါးတွင် ခ,စားလျက်ရှိသော သက်တော်ရှည်အမတ်ကြီးက ပြန်ပြောလိုက် သည်။

''၎င်းသုံးယောက်ကို အဘယ့်ကြောင့် သစ္စာဖောက်ဟု ပြောဆိုနိုင်ပါသနည်း။ သက်သေအထောက်အထားရှိပါသလော''

ခေတ္တရာမြို့စားကြီးမောင်ဝဏ္ဏက ဆက်လက်၍ မေးခွန်းထုတ်လိုက်သည်။

''သက်သေအထောက်အထား ပြည့်စုံစွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ယခုပင် တင်ပြပါမည်။ ကျွန်တော်ကိုယ်တိုင် ဖမ်းဆီးချုပ်နှောင်ခဲ့သည့် ဆရာတော် ဦးကိတ္တိ၏တပည့်ဦးပဥ္စင်းဦးသံဝရသည် သုမနေဘုရင်၏ သူလျှိုစင်စစ်ကေန်ဖြစ်ပါသည်။ သုမနေဘုရင်ထံမှ နန်းတော်တွင်းရှိ သူလျှိုများအား အကြောင်းကြားသည့် လျှို့ဝှက်စာကို ဦးပဥ္စင်းဦးသံဝရရှိ ကမ္ဗဒ္ဓာန်းအုတ်ဂူအတွင်းရှိ ဘုရားစင်အောက်တွင် လျှို့ဝှက်စွာထည့်ထားခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် လက်ပူးလက်ကြပ်မိသဖြင့် လျှို့ဝှက်စာနှင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်"

ဗိုလ်နန္ဒက ရဲရဲရင့်ရင့် ပြန်ပြီးပြောလိုက်သည်။

"လျှို့ဝှက်စာဆိုတာက ဘယ်မှာလဲ"

ခေတ္တရာမြို့စားကြီးက ဆက်ပြီးမေးလိုက်ပြန်သည်။

"လျှို့ဝှက်စာကို ပြပါမည်။ လျှို့ဝှက်စာကိုမပြမီ ကျန်သစ္စာဖောက် ၂ ဦးအား မည်သည့်အတွက် ဖမ်းဆီးရကြောင်းကို ကျွန်တော် ရှင်းပြလိုပါသေးသည်"

ဗိုလ်နန္ဒက ပြန်ပြောလိုက်သည်။

"ကောင်းပြီ ရှင်းပြစမ်း"

"ဦးပဥ္စင်းဦးသံဝရအား ဖမ်းဆီးပြီးနောက် ဦးပဥ္စင်းဦးသံဝရထားခဲ့သည့် လျှို့ဝှက်စာကို ပုဂ်ကျွဲဆိုသူ ဥယျာဉ်မှူးလာယူသည်ကို လက်ပူးလက်ကြပ်မိသဖြင့် ကျွန်တော်ကိုယ်တိုင် ဖမ်းဆီးပြီး သူ၏ခါးပိုက်အတွင်းမှ ပုရပိုက်ကို ပါလုယူထားလိုက်ပါသည်။ ဥယျာဉ်မှူး ပုဂ်ကျွဲမှာ ခေတ္တရာမြို့စားကြီးရဲ့ လူယုံတော်ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ ဘုရင်မ၏အဆောင်မှူး ဝေလုအကြောင်းကိုမူ ကျွန်တော်ရဲ့ရဲဘော်များက ရှင်းပြပါလိမ့်မည်"

"အဆောင်မှူးဝေလုသည် ဦးပဥ္စင်း ဦးသံဝရ၏နောက်သို့ ဆရာနန္ဒ လိုက်ပါသွားသည်ကို မြင်သောအခါ ဦးပဥ္စင်းအား အသံပြုပြီး သတိပေးရန်ကြိုးစားသဖြင့် မအော်နိုင် အောင် ကျွန်တော်ကိုယ်တိုင် ပါးစပ်ကိုပိတ်ထားပြီး ကျွန်တော်နှင့် ကျော်ဖေယျတို့ ဝိုင်းဖမ်းလိုက်ခြင်းဖြစ်ပါသည်"

အာဠာဝက,က ရှင်းပြလိုက်သည်။

"ကျွန်တော်တို့ဖမ်းထားတဲ့ သစ္စာဖောက်သုံးဦးဟာ သုမနေဘုရင်ဆီက ပေးပို့လိုက်တဲ့ လျှို့ဝှက်ညွှန်ကြားစာနဲ့ ဆက်စပ်သူတွေဖြစ်တဲ့ အတွက် သုမနေရဲ့ သူလျှိုများဖြစ်သည်မှာ ထင်ရှားပါသည်။ ဦးပဥ္စင်းဦးသံဝရမှတဆင့် နန်းတော်တွင်းရှိ သူလျှိုများထံ ပေးပို့လိုက်သည့် ညွှန်ကြားစာလွှာကို ယခုကျွန်တော်တင်ပြပါမည်။ ဖတ်ရှုကြည့်တော်မူကြပါ"

ဗိုလ်နန္ဒသည် ပုဂ်ကျွဲ၏ ခါးပိုက်ထဲမှ လုယူထားလိုက်သည့် ပုရပိုက်ကို ထုတ်ပေး ရင်းပြောလိုက်သည်။

ဗိုလ်နန္ဒ၏လက်မှပုရပိုက်ကို ခေတ္တရာမြို့စားကြီးက လှမ်းယူမည်အပြုတွင် စန္ဒာဒေဝီဘုရင်မသည် ခေတ္တရာမြို့စားကြီး၏လက်ကို တားလိုက်ပြီး မိမိလက်သို့ ကိုယ်တိုင်ဆက်သရန် ထောင်မှူးကြီးချစ်ညိုအား အမိန့်ပေးလိုက်သဖြင့် ထောင်မှူးကြီးချစ်ညိုသည် ဗိုလ်နန္ဒ၏လက်မှ ပုရပိုက်ကိုယူပြီး စန္ဒာဒေဝီဘုရင်မလက်သို့ ဆက်သလိုက်ပေသည်။

"ဒီပုရပိုက်ကို ဘုရင်မကိုယ်တိုင် ဘတ်ပြမယ်။ အားလုံးနာခံကြ"

ဘုရင်မသည် ကြည်လင်ပြတ်သားသည့် အသံဖြင့် ပြောလိုက်ပြီး ပုရပိုက်ခေါက်ကိုဖွင့်၍ အောက်ပါအတိုင်း တလုံးချင်းဘတ်ပြလိုက်သည်။

"ဗိုလ်နန္ဒခေါ် ငရှုပကို တွေ့ရာသင်းချိုင်းဒါးမဆိုင်းစေနှင့်။ ငရှုပသည် အကြီးဆုံးသောရန်သူဖြစ်၍ အဆောတလျှင် ရှင်းလင်းသုတ်သင်ပစ်ရမည်။ လဆုတ်ပက္ခ ၁၅ ရက် ခုနစ်စဥ်ကြယ်ပြောင်အမြီးထောင်ချိန်တွင် နန်းမြင့် မှ မီးရောင်ကို မြင်ရလိမ့်မည်။ ထိုအချိန်တွင် တမြို့လုံး မီးဟုန်းဟုန်းတောက်စေရမည်။ မြို့ရိုးတံခါးများ အတားအဆီးမရှိစေနှင့်။ ခုနစ်စဥ်ကြယ်ပြောင်အမြီးထောင်လျှင် အားလုံးအဆင်သင့်ရှိကြစေ"

ဘုရင်မသည် ပုရပိုက်တွင်ပါရှိသည့်စာများကို ကြည်လင်ပြတ်သားသည့် အသံဖြင့် ဘတ်ကြားပြီး ပရိသတ်ဗိုလ်ပုံအား လှမ်းကြည့်လိုက်သည်။

"မှူးကြီးမတ်ရာ သေနာပတိအပေါင်းတို့ ဘုရင်မ ဘတ်ကြားသည့် ပုရပိုက်စာများကို နာခံကြရပြီမဟုတ်လား။ ထိုစာကို မည်သို့မည်ပုံသဘောထားသည်ကို ဘုရင်မအား လျှောက်တင်ကြလော့"

ဘုရင်မက အမိန့်ပေးလိုက်သည်။

မှူးကြီးမတ်ရာ သေနာပတိအပေါင်းတို့ မှာ ထိုစာ၏ အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ နားလည်ကြဟန်မတူဘဲ အချင်းချင်းလက်ကုပ်ပြီး တီးတိုးဝေဘန်သူက ဝေဘန်၍ မျက်မှောင်ကုပ်ပြီး စဉ်းစားသူက စဉ်းစား၍နေကြပေသည်။

ခေတ္တရာမြို့စားကြီးမှာမူ ခေတ္တမျှ မျက်မှောက်ကုပ်ပြီး စဉ်းစားနေရာမှ ဟက်ဟတ်ပတ်ပက် ရယ်မောလိုက်သည်။

"ဒီစာဟာ အလကားစာပါ။ လူရှုပ်လူထွေတယောက်က ရွှေပေလွှာချတဲ့သဘောမျိုး ရေးသားထားခြင်းမျှသာ ဖြစ်ကြောင်းပါ။ တတကြောင်းနဲ့တကြောင်းလဲ အဓိပ္ပာယ်ဆက်စပ်လို့ မရကြောင်းပါ"

ခေတ္တရာမြို့စားပြီးက ဘုရင်မအား လျှောက်တင်လိုက်ရာ ဘုရင်မသည်ပုရပိုက်ကို သေသေချာချာကြည့်ပြီး လေ့လာနေရာမှ မျက်မှောင်ကုပ်လိုက်သည်။

"ဘုရင်မလဲ ခေတ္တရာမြို့စားကြီးပြော

**"ဗိုလ်နန္ဒအမည်ခံ မောင်ရှုပ လျှောက်တင်သွားသည့်စကားများကို အားလုံးကြားကြ ရပြီမဟုတ်ပါလော။ ဤအတိုင်းသာမှန်လျှင် ရှေ့အဘို့ မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက် သင့်သည်ကို ဘုရင်မအား အကြံဉာဏ်များ ပေးကြပါလော"**

www.burmeseclassic.com

www.burmeseclassic.com



သလိုဘဲ။ လူရှုပ်လူပွေတယောက်ယောက်က မဟုတ်တန်းတရားတွေ ရောက်ရေးထားတာ လို့ ထင်မိတာဘဲ။ ဒီစာထဲမှာ ဗိုလ်နန္ဒခေါ် ငရွှေပက်ကို တွေ့ရာသင်းချိုင်း ဒါးမဆိုင်းစေနဲ့ဆို တဲ့စာပိုဒ်ကို ဘုရင်မ စဉ်းစားလို့မရဘူး''

စန္ဒာဒေဝီဘုရင်မသည် ဗိုလ်နန္ဒအား မ ကြည့်ဘဲ ပြောလိုက်သည်။

''ဒါကတော့ အလွန်တရာမှပင် ရှင်းနေ ကြောင်းပါ။ ဤစာကိုရေးသူမှာ အခြားသူ မဟုတ် ဗိုလ်နန္ဒအမည်ခံ သီဟရာဇာဘုရင်၏ သူလျှို ငရွှေပသာလျှင် ဖြစ်ရပါမည်။ သူ့အပေါ် မှာ ဘုရင်မ မသင်္ကာဖြစ်နေတာကို ဖုံးကွယ်လိုတဲ့အကြံ အစည်နဲ့ ခုလိုရေးသားခြင်းဖြစ်တယ်လို့ ယူဆ စရာရှိကြောင်းပါ။ ကဲ ငရွှေပဒီစာဟာ မောင်မင်းရဲ့ လက်ချက်ဘဲ မဟုတ်လား။ ဟုတ်တိုင်းမှန်ရာကို မကွယ်မထောက် ဘဲရဲရဲကြီးဝန်ခံလိုက်စမ်းပါ''

ခေတ္တရာမြို့စားကြီးက ဗိုလ်နန္ဒအား စေ့ စေ့ကြည့်ပြီး ပြောလိုက်သည်။ ဗိုလ်နန္ဒကမူ တစုံတရာအဖြေမပေးဘဲ ခေတ္တရာမြို့စားကြီး အား စားမတတ် ဝါးမတတ်ကြည့်၍နေပေ သည်။

''ခေတ္တရာမြို့စားကြီးယူဆသလို မဖြစ် နိုင်ပါဘူး။ မောင်ရွှေပက သူ့အပေါ်မှာ ဘုရင်မ က ယုံကြည်သည်ထက် ယုံကြည်အောင် ဒီစာ ကို သူကိုယ်တိုင်ရေးတယ်ဆိုတာ ယုတ္တိမရှိပါ ဘူး။ ပြီးတော့ ဒီစာထဲမှာပါတဲ့ စကားတွေက စေတုတ္တရာနိုင်ငံတော်အတွက် ကောင်းတဲ့စကား တွေမဟုတ်ဘူး။ လဆုတ်ပက္ခ ၁၅ ရက်နေ့ည သန်းခေါင်အချိန်၌ နန်းမြင့်ကမီးရောင်ကိုမြင် ရလိမ့်မယ်။ ဒီအချိန်မှာ တမြို့လုံး မီးဟုန်းဟုန်း တောက်စေရမယ်ဆိုတဲ့ စကားလုံးတွေဟာ သူလျှိုအချင်းချင်း အချက်ပေးတာဖြစ်ရမယ်လို့ ယူဆစရာရှိပါတယ်''

သက်တော်ရှည်အမတ်ကြီးက ဝင်ပြီးပြော လိုက်သည်။

''သက်တော်ရှည်အမတ်ကြီးရဲ့ အယူ အဆဟာ ပိုပြီးခိုင်လုံတယ်လို့ ကျွန်တော်မျိုး ယူဆကြောင်းပါ။ သုဓနု၏သူလျှိုအချင်းချင်း ဆက်သွယ်တဲ့အခါမှာ 'ခုနစ်စဉ်' ဟူသော စကားလုံးကို သုံးစွဲလေ့ရှိတာကို သတိပြုတော် မူပါ။ သက်တော်ရှည်အမတ်ကြီးက ဒီစာပါ အချက်အလက်တွေကို ဉာဏ်မီသလောက်ရှင်းပြ စေလိုပါတယ်''

ညိုးငယ်သည့်မျက်နှာနှင့် ထိုင်နေသော ရန်အောင်မြို့စားကြီးက သက်တော်ရှည်အမတ် ကြီးဘက်မှ ဝင်ပြီးထောက်ခံလိုက်သည်။

''ဘုန်းတော်အလွန်တရာ ကြီးတော်မူ သော ဘုရင်မနှင့်တကွ မှူးကြီးမတ်ရာသေနာ ပတိအပေါင်းတို့ စေတုတ္တရာနိုင်ငံတော်ကြီး အား သုဓနုဘုရင်ယုတ်က ဝက်ဓူဉာဏ်ဖြင့် ကြံစည် လျက်ရှိနေသည်ဆိုသည့်အချက်မှာ ငြင်းချက် မထွက်ပါ။ စေတုတ္တရာ နိုင်ငံတော်အကြားရှိ ကျေးလက်တောရွာများကို သုဓနုဘက်တော် သားများက လုယက်ဖျက်ဆီးခြင်း ပြုလုပ်လျက် ရှိနေသည်မှာ ကာလအတန်ကြာ ကြောင်းသွားပြီ ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ ထိုမျှ သာမကသေး သုဝဏ္ဏနိုင်ငံနှင့် စေတုတ္တရာနိုင်ငံ တော်၏ နယ်ခြားဒေသဖြစ်သော သေလာဂီရိ တောင်ခြေရင်းအနီး အနားသို့ စေတုတ္တရာနိုင်ငံ သူနိုင်ငံသားများ မချဉ်းကပ်နိုင်အောင် ဘီလူး သဘက်ဖြင့် ခြောက်လှန့်ပြီး နယ်ကျွံလာသူ များကို ဘီလူးအသွင်ဆောင်သော လူယုတ်မာ တဦးက ချွန်ထက်သည့် သံလက်သည်းများဖြင့် ကုတ်ဖဲ့သတ်ဖြတ်လျက်ရှိသည်ကိုလည်း အားလုံး အသိပင်ဖြစ်ပါသည်။ ဘုရင်မ၏ လက်ရုံးသ ဘွယ် အားကိုးရသည့် စစ်သည်တော်ရဲမက် ဗိုလ်ပါ ၁၀ ဦးမှာလည်း လူတပိုင်း ဘီလူးတပိုင်း သတ္တဝါယုတ်၏လက်ချက်ဖြင့် သေဆုံးခဲ့ရပြီး ဖြစ်ပါသည်''

သက်တော်ရှည်အမတ်ကြီးသည် ဘုရင်မ ကို အမှူးထား၍ မင်းပရိသတ် အပေါင်းတို့ အား တည်ကြည်ရင့်ကျက်သည့် ဣန္ဒြေဖြင့်နောက် ကြောင်းပြန်လှည့်လိုက်ရာ စောစောက တ ယောက်တခွန်း တီးတိုးပြောဆိုနေကြသူများ အားလုံးမှာ မီးကိုရေနှင့်သတ်သလိုငြိမ်သက် စွာဖြင့်နားထောင်နေကြပေသည်။

ခေတ္တရာမြို့စားကြီး၏ မျက်နှာမှာမူကား ညှိုးမဲ၍ သွားပေသည်။

''ဘုန်းတော်အလွန်တရာ ကြီးတော်မူ သော ဘုရင်မ။ ဘုရင်မ၏ လက်ရုံးသဘွယ် အားကိုးရသည့် ရဲမက်စစ်သည်တော်များအား ရက်ရက်စက်စက်သတ်ဖြတ်ပြီး သေလာဂီရိ တောင်ခြေရင်းသို့ စေတုတ္တရာနိုင်ငံတော်မှ စစ် သည်တော်များ မချဉ်းကပ်နိုင်အောင် သုဓနု ဘုရင်ယုတ်ရဲ့ အကြံအစည်ပျက်ပြားအောင် ယခု ဘုရင်မ၏ရွှေတော်မှောက်သို့ ရောက်ရှိနေသော မောင်ရွှေပနှင့် အပေါင်းပါ ၃ ဦးတို့က အပြီးအပိုင် ရှင်းလင်းသုတ်သင်ခဲ့သည်ကို ကျွန်တော်မျိုး လျှောက်တင်ပါရစေ''

သက်တော်ရှည်အမတ်ကြီး ဦးပန်းဝါသည် ဘုရင်မအား ဆက်လက်၍ သံတော်ဦးတင်ရန် နိဒါန်းပျိုးလိုက်ပြီးလျှင် သေလာဂီရိတောင် ထွဋ်တွင် ကျက်စားနေသော ဘီလူးအသွင် ဆောင်နေသည့် ဦးကဝိအား အာဠာဝက၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရပုံနှင့်တကွ သေလာ ဂီရိတောင်ထွဋ်မှနေပြီး ဘုရင်မ၏ နန်းတော် အတွင်းသို့ ရောက်အောင် ဥမင်လိုဏ်ခေါင်း ဖောက်လုပ်လျက်ရှိပုံများကိုပါ အကျယ်တဝင့် လျှောက်တင်လိုက်ပေသည်။

သက်တော်ရှည်အမတ်ကြီး၏ စကားမဆုံး မီမှာပင် မှူးကြီးမတ်ရာ သေနာပတိများသည် လှုပ်လှုပ်ရှားရှားဖြစ်၍ လာပေသည်။

ခေတ္တရာမြို့စားကြီးမှာမူကား အံတကြိတ် ကြိတ်နှင့် ဖြစ်၍နေပေသည်။

''အားလုံးတိတ်စေ''

ဘုရင်မက အမိန့်ပေးလိုက်ရာ တရား လွှတ်တော်တခုလုံး ငြိမ်သက်တိတ်ဆိတ်၍သွား ပြန်သည်။

''ကဲ မောင်ရွှေပ၊ ဘာဖြစ်လို့ စကားမပြော တုံ့ဆိုဘောလုပ်နေရတာလဲ။ မောင်ရွှေပဟာ ပရိ ယာယ်ဝေ့စ်အရာမှာ ကျွမ်းကျင်လိမ္မာတယ်လို့ ကြားလုံးကြီးတဲ့လူတယောက်ဖြစ်တယ်။ ဟောဒီ ပုရပိုက်ဟာ မောင်ရွှေပပြောသလို သုဓနုရဲ့ သူလျှို တွေကို အချက်ပေးတဲ့စာဖြစ်တယ်ဆိုရင် ဒီစာ ထဲမှာပါတဲ့ စကားအဓိပ္ပာယ်ကို မောင်ရွှေပရှင်းပြ စမ်းပါလား''

စန္ဒာဒေဝီဘုရင်မသည် မိမိရှေ့တွင် တည် ငြိမ်စွာဖြင့်ရပ်၍နေသော ဗိုလ်နန္ဒအား စေ့စေ့ ကြည့်ရင်း ပြောလိုက်သည်။

''ဘုရင်မသိလိုလျှင် ကျွန်တော်ဉာဏ်မီ သလောက် ရှင်းပြဘို့အသင့်ရှိပါတယ်။ လဆုတ် ပက္ခ ၁၅ ရက်နေ့ည ခုနစ်စဉ်ကြယ်ပြောင် အပြီးထောင်ချိန်ဆိုတာက လာမဲ့ လကွယ်နေ့ ညသန်းခေါင်အချိန်ကို ဆိုလိုရင်းဖြစ်ပါတယ်။ ဒါကိုတော့ အားလုံးသဘောပေါက်ပြီး ဖြစ်ပါ လိမ့်မယ်။ နန်းမြင့်က မီးရောင်မြင်ရလိမ့်မည် ဆိုတဲ့စကားကတော့ လကွယ်နေ့ညသန်းခေါင် အချိန်မှာ ဘုရင်မရဲ့ နန်းမြင့်ခေါ် မျှော်စင်က နေပြီး အချက်ပေးမယ်လို့ဆိုတာလဲ ဖြစ်နိုင် တယ်။ ဒါမှမဟုတ်ရင် အဲဒီအချိန်မှာ နန်းမြင့် ဘက်ကိုအရောက် ဥမင်လိုဏ်ခေါင်းတူးဖောက် ပြီး နန်းမြင့်ကို မီးတင်ရှို့လိုက်မယ်ဆိုတဲ့ အဓိပ္ပာယ် လဲဖြစ်နိုင်ပါတယ်''

ဗိုလ်နန္ဒသည် ပုရပိုက်တွင်ပါရှိသည့်စာ များကို တပိုဒ်စီ အဓိပ္ပာယ်ရှင်းပြနေပေရာ ပရိသတ်အားလုံး ငြိမ်သက်စွာ နားထောင်နေ ကြသည်။ ခေတ္တရာမြို့စားကြီးမှာမူ မျက်နှာညို့ မဲနေပြီး အံတကြိတ်ကြိတ်နှင့်ဖြစ်၍နေပေသည်။

''ထိုအချိန်တွင် တမြို့လုံး မီးဟုန်းဟုန်း တောက်စေရမည်ဆိုတဲ့ အဓိပ္ပာယ်ကတော့ နန်းမြင့်ကနေပြီး မီးရောင်နဲ့ အချက်ပေးလိုက် တဲ့အခါမှာဖြစ်စေ ဒါမှမဟုတ် နန်းမြင့်ကို မီး တင်ရှို့လိုက်တဲ့အခါမှာဖြစ်စေ စေတုတ္တရာမြို့ တော်ကြီးကို မီးဟုန်းဟုန်းတောက်ပြီး ဖရိုဖရဲ ဖြစ်အောင် မီးရှို့ရမယ်လို့ဆိုလိုရင်းဖြစ်ပါတယ်။ အဲဒီလို မီးဟုန်းဟုန်းတောက်လောင်ပြီး ဖရိုဖရဲ ကစင့်ကလျားဖြစ်နေချိန်မှာ သုဓနုနဲ့ သုဓနု့ စစ်သည်တော်တွေ မြို့ထဲဝင်လာပြီး မြို့တော် ကိုသိမ်းပိုက်ဘို့ ကြံစည်ခြင်းဖြစ်သည်မှာ ထင် ရှားပါတယ်။ မြို့ရိုးတံခါးများ ... အဆီးမရှိ စေနှင့်ဆိုတဲ့စကားက မြို့တော်ကြီး မီးဟုန်းဟုန်း

www.burmeseclassic.com



တောက်လောင်ပြီး ဖရိုဖရဲဖြစ်နေချိန်မှာ သုခနေ့နဲ့ သူ့ရဲ့စစ်သည်တော်တွေ မြို့ထဲလွယ်လွယ်ကူကူနဲ့ဝင်နိုင်အောင် မြို့ရိုးတံခါးတွေအားလုံး ဖွင့်ထားဘို့ အချက်ပေးလိုက်ခြင်းဖြစ်တယ်လို့ ယူဆစရာရှိပါတယ်''

ဗိုလ်နန္ဒသည် တည်ကြည်သောမျက်နှာထား ပြတ်သားသောအသံဖြင့် ဘုရင်မနှင့် တကွ ပရိသတ်အားလုံးကြားအောင် ရှင်းပြလိုက်ရာ စောစောက ငြိမ်သက်စွာ နားထောင်နေကြသူများမှာ အချင်းချင်းလက်ကုပ်ခါ တီးတိုး, တီးတိုးပြောသူကပြော၊ လက်သီးဆုပ်သူကဆုပ်၊ ဒါးဆွဲသူကဆွဲနှင့် လှုပ်လှုပ်ရွရွဖြစ်၍ လာပေသည်။

ခေတ္တရာမြို့စားကြီးမှာလည်း ဖင်တကြွကြွ, ဒါးတကိုင်ကိုင်နှင့် ဖြစ်နေပေရာ ဘုရင်မသည် ခေတ္တရာမြို့စားကြီး၏ ပခုံးကိုကိုင်ပြီး မိမိ၏ဘက်သို့လှည့်၍ ခ,စားရန် အမိန့်ပေးလိုက်ပေသည်။

''မှူးကြီးမတ်ရာ သေနာပတိအပေါင်း တို့''

ဘုရင်မသည် သာယာကြည်လင်သည့် အသံဖြင့် အမိန့်တော်ရှိလိုက်ရာ စောစောက ဆူဆူညံညံအသံများ ကွယ်ပျောက်သွားပြီး တိတ်ဆိတ်ငြိမ်သက်၍ သွားပြန်သည်။

''ဗိုလ်နန္ဒအမည်ခံ မောင်ရှုပ လျှောက်တင်သွားသည့်စကားများကို အားလုံးကြားကြရပြီမဟုတ်ပါလော။ ဤအတိုင်းသာမှန်လျှင် ရှေ့အဘို့ မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်သင့်သည်ကို ဘုရင်မအား အကြံဉာဏ်များပေးကြပါလော''

စန္ဒာဒေဝီဘုရင်မက ဆက်လက်ပြီးမိန့်ကြားလိုက်ရာ ညှိုးမဲ့သောမျက်နှာဖြင့် ဘုရင်မအပါးတွင် ခ,စားလျက်ရှိသော ခေတ္တရာမြို့စားကြီးသည် ဘုရင်မ၏မျက်နှာကို မော်ဖူးလိုက်သည်။

''ကျွန်တော်မျိုး လျှောက်တင်ပါရစေ။ ဗိုလ်နန္ဒ အမည်ခံ ရှုပလျှောက်တင်သည့် အတိုင်းမှန်ကန်ပါက ဘုရင်မသည် ဤအတိုင်း လက်ပိုက်ပြီးကြည့်နေရန် မသင့်ကြောင်းပါ။ ဘုရင်မ၏ စစ်သည်ရဲမက်များအား ယခုချက်ခြင်း ဆင့်ခေါ်စုရုံးစေပြီးလျှင် သုဝဏ္ဏနိုင်ငံတော်ကို ချီတက်တိုက်ခိုက်ဘို့ အကြံပေးလိုကြောင်း ကျွန်တော်မျိုး လျှောက်တင်ဝန့်ပါသည်။ ကျွန်တော်မျိုးကြီးကိုယ်တိုင်လည်း ရှေ့ဆုံးမှ စစ်ချီတိုက်ခိုက်ရန် အသင့်ရှိကြောင်းပါ''

ခေတ္တရာမြို့စားကြီးသည် ဘုရင်မအား လျှောက်တင်လိုက်သည်။

''ခေတ္တရာမြို့စားကြီး စဉ်းစားတော်မူပါ။ သုဝဏ္ဏနိုင်ငံတော်ကို စစ်ချီတိုက်ခိုက်သည့်ကိစ္စမှာ မလွယ်ကူပါ။ အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်မည်ဆိုလျှင် သုခနေ့၏အလိုကျဖြစ်သွားမည်ကို သတိပြုပါ။ စေတုတ္တရာနိုင်ငံတော်မှ စစ်သည်တော်များ သုဝဏ္ဏနိုင်ငံတော်ကို ချီတက်တိုက်ခိုက်နေစဉ် အကာအကွယ်မရှိသော စေတုတ္တရာမြို့တော်ကို သုခနေ့ဘုရင်သည် နောက်ဖေးပေါက်မှဝင်ပြီး လွယ်လွယ်နှင့် သိမ်းယူသွားနိုင်မည်ကို သတိချပ်စေလိုပါတယ်''

ဗိုလ်နန္ဒက ဝင်ပြောလိုက်သည်။

''မောင်ရှုပပြောတဲ့ စကားဟာ သိပ်မှန်တယ်။ ထိုးစစ်ဆင်ဘို့ဆိုတာက သိပ်မလွယ်ဘူး။ ထိုးစစ်ထက် ခံစစ်က ပိုပြီးလွယ်တယ်။ သုဝဏ္ဏနိုင်ငံတော်ကို စစ်ချီတိုက်ခိုက်ရင်သုခနေ့အလိုကျဖြစ်သွားလိမ့်မယ်''

သက်တော်ရှည်အမတ်ကြီးက ဗိုလ်နန္ဒဘက်မှ ထောက်ခံလိုက်သည်။

''ဒီလိုဆိုရင် ကျုပ်တို့ ဘာလုပ်ကြမလဲ။ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့လဲမဖြစ်ဘူး''

ရန်အောင်မြို့စားကြီးသည် သက်တော်ရှည်အမတ်ကြီးအနီးသို့ ချဉ်းကပ်လာပြီးမေးခွန်းထုတ်လိုက်သည်။

''ဒီအတိုင်း လက်ပိုက်ကြည့်နေဘို့မလိုပါဘူး။ ကာလဒေသကိုကြည့်ပြီး အလုပ်လုပ်သွားရင် ဖြစ်နိုင်ပါတယ်။ လောလောဆယ် အချိန်မှာတော့ သုခနေ့ရဲ့ခြေလှမ်းကို မျက်ခြေမပြတ် စောင့်ကြည့်နေဘို့အရေးကြီးပါတယ်''

ဗိုလ်နန္ဒက ဝင်ပြီးပြောလိုက်ပြန်သည်။

''စောင့်ကြည့်ရမယ်၊ ဟုတ်လား။ ဘာကို စောင့်ကြည့်ရမှာလဲ''

ခေတ္တရာမြို့စားကြီးက မေးခွန်းထုတ်လိုက်သည်။

''စာထဲမှာပါတဲ့အတိုင်း လကွယ်နေ့ညသန်းခေါင်အချိန်ကို စောင့်ကြည့်ဘို့ပြောတာပါ။ သုခနေ့ရဲ့အကြံအစည်ကို ကြိုတင်ပြီးသိထားရင် ဘာမှကြောက်စရာမလိုဘူး။ သူ့စာထဲမှာပါတဲ့ အတိုင်းဆိုရင် လကွယ်နေ့ည သန်းခေါင်အချိန်မှာ သုခနေ့နဲ့ သူ့ရဲ့စစ်သည်တော်တွေဟာ သေလာကီရိတောင်ခြေရင်းမှာ စုရုံးပြီးသားဖြစ်နေမှာ သေချာတယ်။ အဲဒီအချိန်ကိုစောင့်ပြီး သုခနေ့ဘုရင်ချီတက်လာတဲ့အခါ ရှေ့နောက်ဝဲယာကနေပြီး သူ့တပ်ကို ပျက်အောင်ဖျက်လိုက်ရင် စေတုတ္တရာမြို့တော် မကျဆုံးဘဲ သုခနေ့ကို လက်ရဖမ်းနိုင်ပါလိမ့်မယ်။ ဒီအတောအတွင်း အရေးကြီးတာကတော့ သုခနေ့ရဲ့အကြံအစည် ပျက်အောင် သူတို့တူးဖောက်ထားတဲ့ ဥမင်လိုဏ်ခေါင်းကို ဖောက်ခွဲဖျက်ဆီးပစ်ဘို့အသင့်ပြင်ဆင်ထားဘို့ဘဲဖြစ်ပါတယ်''

ဗိုလ်နန္ဒက မိမိ၏ယူဆချက်ကို တင်ပြနေစဉ် တရားလွှတ်တော်အတွင်းသို့ ပါဒမြို့စားကြီးမောင်ဒီပသည် ရေးကြီးသုတ်ပြာဖြင့် ဝင်လာပြီး ဘုရင်မနှင့် မလှမ်းမကမ်းတွင် ပြားပြားဝပ်ခ,စား၍နေပေသည်။

''ဘုန်းတော်အလွန်တရာ ကြီးတော်မူသော ဘုရင်မနှင့်တကွ အတွင်းဝန်ကြီးများအား ကျွန်တော်မျိုး ပါဒမြို့စားဒီပ လျှောက်ထားအစီရင်ခံပါရစေ''

ပါဒမြို့စားကြီးက ဘုရင်မအားလျှောက်တင်လိုက်သည်။

''လျှောက်တင်စရာရှိရင် ရှေ့တော်တိုးခ,စားပြီး လျှောက်တင်စေ''

ဘုရင်မက အမိန့်ပေးလိုက်သဖြင့် ပါဒမြို့စားကြီးသည် ရှေ့သို့တိုး၍ ခ,စားလိုက် သည်။

''ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော ဘုရင်မ၊ ဘုရင်မ၏ စေတုတ္တရာနိုင်ငံတော်အပါအဝင် ကျွန်တော်မျိုးအား အပိုင်စားပေးသနားတော်မူထားသည့် ပါဒမြို့ကြီးအား သုခနေ့ဘက်တော်သားများ ဝင်ရောက်မီးရှို့ဖျက်ဆီးပြီး အနိုင်ကျင့်သွားကြောင်း ဘုရင်မအား လျှောက်ထားအစီရင်ခံပါသည်။ သုခနေ့ဘုရင်ယုတ်အား လက်စားချေရန် ဘုရင်မ၏စစ်သည်တော် ရဲမက်ဗိုလ်ပါအပေါင်းတို့အား ယခုချက်ခြင်း ဆင့်ခေါ်ပြီး သုဝဏ္ဏနိုင်ငံတော်ကို ချီတက်တိုက်ခိုက်ပါရန် အနူးအညွတ်လျှောက်ထားတောင်းပန်ဝန့်ကြောင်းပါ''

ပါဒမြို့စားကြီးမောင်ဒီပသည် ဘုရင်မအား ရိုသေစွာခ,စားရင်း လျှောက်တင်လိုက်ပေသည်။ မျက်စေ့ရှင်သော ဗိုလ်နန္ဒသည် ပါဒမြို့စား၏ လက်ဝဲဘက်လက်ကို သေချာစွာကြည့်လိုက်သောအခါ လက်ဝဲဘက်လက်သန်းမှာ အပေါ်ဆုံးအဆစ်မရှိဘဲ ပြတ်၍နေသည်ကို မြင်ရသဖြင့် ဗိုလ်နန္ဒ၏မျက်လုံးများသည် ပြူးကျယ်တောက်ပြောင်၍ လာပေသည်။

''ပါဒမြို့ကြီးကို သုခနေ့ဘက်သားများ ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးသွားသည်ဆိုလျှင် မြို့စားကြီးရဲ့ စစ်သည်ရဲမက်များနှင့် မြို့ကိုခုခံကာကွယ်ဘို့ တာဝန်ရှိတယ်ဆိုတာ မသိဘူးလား။ မြို့စားကြီး ဝတ္တရားပျက်ကွက်လှချည့်လား။ သုခနေ့ဘက်တော်သားတွေ စော်ကားတာကို ဘာဖြစ်လို့အရှုံးပေးခဲ့ရတာလဲ''

''အရှုံးပေးခြင်းမဟုတ်ပါ။ ကျွန်တော်မျိုးကိုယ်တိုင် ရှေ့ဆုံးမှထွက်ပြီး ခုခံကာကွယ်ကြောင်းပါ။ သို့ရာတွင် အင်အားချင်းမမျှသဖြင့် အရှုံးပေးလိုက်ရခြင်းဖြစ်ကြောင်းပါ''

ပါဒမြို့စားကြီးက လျှောက်တင်လိုက်သည်။

''ဒါလောက် ဒါးခုတ်လှံထိုးကျင်လည်ပါလျက် ရန်သူကိုနိုင်အောင်မခုခံဘဲ ထွက်ပြေးလာရသလား။ သတ္တိကြောင်လှချည်လား''

ဘုရင်မက ဒေါသသံနှင့်ပြောလိုက်သည်။

''မှန်လှပါ၊ ကျွန်တော်မျိုးကြီး အသက်သေရမှာကိုကြောက်၍ ထွက်ပြေးလာခြင်းမဟုတ်ကြောင်းပါ။ ဘုရင်မနှင့်တကွ စေတုတ္တရာနိုင်ငံ

www.burmeseclassic.com



တော်အတွက် စိုးရိမ်ပူပန်သဖြင့် ကြိုတင်သတိပေးနိုင်ရန် ကိုယ်လွတ်ရုန်းခဲ့ခြင်းဖြစ်ကြောင်းပါ။ သုဓနုဘက်တော်သားများရဲ့ ရမ်းကားမှုကိုလက်ပိုက်ပြီး ကြည့်နေတော်မမူပါနဲ့၊ ယခုချက်ချင်း ဘုရင်မရဲ့ စစ်သည်တော်ရဲမက် ဗိုလ်ပါများကို ဆင့်ခေါ်ပြီး သုဝဏ္ဏနိုင်ငံတော်အား ချီတက်တိုက်ခိုက်တော်မူပါ။ ဘုရင်မ လက်နှေးတော်မူလျှင် စေတုတ္တရာနိုင်ငံတော်ကို သုဓနုဘုရင် ချီတက်သိမ်းပိုက်မည်ကို စိုးရိမ်ရကြောင်းပါ''

ပါဒမြို့စားကြီးသည် ဘုရင်မအား ဆက်လက်၍ လျှောက်တင်လိုက်ပြန်သည်။

ပါဒမြို့စားကြီး၏ လျှောက်တင်ချက်ကို တလုံးမကျန် နားထောင်နေသော ဗိုလ်နန္ဒ သည် ပါဒမြို့စားကြီးလျှောက်တင်ပြီးသည်နှင့် တပြိုင်နက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရာ ပရိသတ်အားလုံးသည် ပါဒမြို့စားကြီးအား အာရုံစိုက်နေရာမှ ဗိုလ်နန္ဒဆီသို့ အာရုံရောက်၍ သွားပြန်သည်။

''ပါဒမြို့စားကြီးလျှောက်တင်သည့် စကားများကို ဘုရင်မ ယုံကြည်တော်မူလျှင် ငါးပါးသာမက သံဃာစင်ပါမှောက်ပါလိမ့်မယ်။ ပါဒမြို့စားကြီးမှာ သုဓနုဘုရင်ရဲ့ သူလျှိုစင်စစ်ကေန်ဖြစ်ပါတယ်''

ဗိုလ်နန္ဒသည် ကြည်လင်ပြတ်သားသည့် အသံဖြင့် ပြောလိုက်ရာ ပါဒမြို့စားကြီးသည် ဗိုလ်နန္ဒအား လှမ်းကြည့်လိုက်သည်။

BURMESE CLASSIC .com

''ခွေးမျိုး''

ပါဒမြို့စားကြီးသည် ပါးစပ်မှ ရှုတ်တရက် ထွက်သွားပြီး ဘုရင်မကိုပင် အရေးမစိုက်နိုင်တော့ဘဲ ဗိုလ်နန္ဒအနီးသို့ ချဉ်းကပ်သွားပြီးလျှင် ဗိုလ်နန္ဒအား ဒါးနှင့်ခုတ်ပိုင်းရန် ချိန်ရွယ်လိုက်သည်။

ဗိုလ်နန္ဒမှာ မျက်စေ့ရှင်သူဖြစ်၍ ပါဒမြို့စားကြီး၏ဒါးချက်ကို တိမ်းရှောင်လိုက်ပြီး ပါဒမြို့စားကြီး၏လက်ကို ဖမ်းကိုင်လိုက်ပြီးလျှင် တအားဆွဲ၍လိမ်လိုက်ရာ ပါဒမြို့စားကြီး၏ လက်မှဒါးမှာ လွတ်ကျသွားလျက် ဖင်ထိုင်ရက်သား လဲကျသွားပေသည်။ ပါဒမြို့စားကြီးလက်မှ ကျသွားသည့်ဒါးကို ဗိုလ်နန္ဒက ကောက်ယူထားလိုက်သည်။

''ခွေးသား၊ သစ္စာဖောက်''

ဘုရင်မအပါးတွင် ကပ်လျက်ခ,စားနေသော ခေတ္တရာမြို့စားကြီးသည် ပါးစပ်မှရေရွတ်ရင်း ဒါးကိုဆွဲပြီး ဗိုလ်နန္ဒအား ခုတ်မည်အပြုတွင် အာဋ္ဌဝက,က ခေတ္တရာမြို့စားကြီး၏လက်ကို တအားဖမ်းဆွဲလိုက်ပြီး မြို့စားကြီး၏လက်မှဒါးကို လုယူလိုက်ပေသည်။

တရားလွှတ်တော်တခုလုံးမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်၍သွားပေသည်။

''အားလုံးတိတ်စေ''

ဘုရင်မ၏ ကြည်လင်ပြတ်သားသည့် အသံကို ကြားလိုက်ရသောအခါကျမှ တရားလွှတ်တော်တခုလုံး ငြိမ်သက်၍သွားပြန်သည်။

''သစ္စာဖောက် ငရှုပကို ဒီအတိုင်းကြည့်မနေပါနဲ့၊ နှောင်ကြိုးတဲပြီး သေဒဏ်ပေးတော်မူပါ''

ပါဒမြို့စားကြီးက ဘုရင်မအား လျှောက်တင်လိုက်သည်။

''သစ္စာဖောက်သူမှန်သမျှ မည်သူ့ကိုမှ ဘုရင်မ ချမ်းသာပေးလိမ့်မည်မဟုတ်။ အားလုံးကိုယ့်နေရာမှာကိုယ် ငြိမ်သက်စွာ ခ,စားကြ''

စန္ဒာဒေဝီဘုရင်မက အာဏာသံဖြင့် ပြောလိုက်ရာ အားလုံးငြိမ်သက်စွာဖြင့် နာခံနေကြပေသည်။

''မောင်ရှုပ စောစောက မောင်ရှုပသည် ပါဒမြို့စားကြီးအား သုဓနု၏သူလျှိုဟု စွပ်စွဲပြောဆိုလိုက်သည်၊ မည်သည့်သက်သေအထောက်အထားရှိသဖြင့် ယခုကဲ့သို့ စွပ်စွဲလိုက်သနည်း။ သက်သေအထောက်အထားမပြနိုင်လျှင် မောင်ရှုပအား ဘုရင်မချမ်းသာပေးနိုင်မည်မဟုတ်''

စန္ဒာဒေဝီဘုရင်မသည် ဗိုလ်နန္ဒအား လှမ်းပြီးမေးလိုက်သည်။

''သက်သေပြပါမည်။ ပါဒမြို့စားကြီးရဲ့ လက်သန်းအပေါ်ဆုံးအဆစ် ပြတ်နေသည်ကို ဘုရင်မ ရှုစားတော်မူပါ''

ဗိုလ်နန္ဒကလျှောက်တင်လိုက်ရာ ဘုရင်မရှေ့တွင် ခ,စားနေသော ပါဒမြို့စားကြီးသည် လက်ဝဲဘက်လက်ကို ဝှက်ထားလိုက်ပြီး ထိုင်ရာမှ ကပျာကရာထကာ ခါးကြားတွင် ပါလာသော ဒါးမြှောင်ကိုထုတ်ပြီး ဗိုလ်နန္ဒအားထိုး ရန်ချိန်ရွယ်လိုက်ပေသည်။

ထိုအခိုက်တွင် ကျော်ဇေယျနှင့် အာဋ္ဌဝကသည် ပါဒမြို့စားကြီးအား ဝိုင်းဖက်ထားလိုက်ပြီး နေမျိုးက ပါဒမြို့စားကြီးလက်မှ ဒါးကိုလုယူရင်း အရှိုက်ကိုထိုးလိုက်ရာ ပါဒမြို့စားကြီးမှ ခွေလျက်သားကျသွားပေသည်။

''ဘုရင်မ ရှုစားတော်မူပါ။ ပါဒမြို့စားကြီးရဲ့ လက်ဝဲဘက်လက်သန်းအပေါ်ဆုံးအဆစ်ပြတ်နေသည်ကို ရှုစားတော်မူပါ''

အာဋ္ဌဝကသည် ပါဒမြို့စားကြီး၏လက်ဝဲဘက်လက်ကိုဆွဲကိုင်ပြရင်း ပြောလိုက်သည်။

''လက်သန်းပြတ်နေတာ ဘာဆိုင်လို့လဲ၊ လက်သန်းပြတ်တိုင်း သုဓနုရဲ့သူလျှိုလို့ ပြောနိုင်သလား''

ခေတ္တရာမြို့စားကြီးက လှမ်းပြီးမေးလိုက်သည်။

''လက်သန်းပြတ်တာနဲ့ ဘာဆိုင်သလဲဆိုတာ ကျော်ဇေယျက ဘုရင်မကိုရှင်းပြလိုက်စမ်းပါ''

ဗိုလ်နန္ဒက ဣန္ဒြေရရပင် အမိန့်ပေးလိုက်သည်။

''ကျွန်တော်မျိုး လျှောက်ထားပါမည်။ ရွှေနားဆင်တော်မူပါ။ ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ ရဲဘော်များဖြစ်သော အာဋ္ဌဝကနှင့် နေမျိုးသည် ဘုရင်မစံမြန်းတော်မူသည့် စေတုတ္တရာနိုင်ငံတော်နယ်ခြားဒေသဘက်သို့ ထွက်ခွာလာခဲ့ကြစဉ် လမ်းခရီးစမ်းချောင်းကလေးအလွန်တွင် လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် လူတစုနှင့်တွေ့ပြီး ထိုလူများက ကျွန်တော်မျိုးတို့အား ရန်မူမည်ပြုသဖြင့် ကျွန်တော်မျိုးတို့က ခုခံကာကွယ်ရာတွင် တောတွင်းသို့ လက်လွတ်ထွက်ပြေးကြပါသည်။ ၎င်းတို့အထဲတွင် ခေါင်းဆောင်နှင့်တူသောသူကိုမူ ကျွန်တော်မျိုးတို့ ၃ ဦးက ဝိုင်းဝန်းဖမ်းဆီးပြီး ချုပ်နှောင်ထားစဉ် ဆရာနန္ဒက လွှတ်ပစ်ရန်အမိန့်ပေးသဖြင့် လွှတ်ပစ်လိုက်ရပါသည်။ လွှတ်ပစ်လိုက်သည်နှင့် ထိုသူသည် ဆရာနန္ဒအား သစ်ကိုင်းနှင့်ရိုက်နှက်ပြီး ထွက်ပြေးသဖြင့် ကျွန်တော်မျိုးတို့လိုက်လံဖမ်းဆီးရာ ထိုသူကိုမမိဘဲ ထိုသူ၏ခါးပိုက်ထဲမှ ဘုရင်မ၏နန်းတော် မြေပုံပါရှိသည့် ငွေကျည်တောက်တခု ရလာခဲ့ပါသည်။ ထိုသူ၏လက်ဝဲဘက်လက်သန်း အပေါ်ဆုံးအဆစ်ပြတ်နေသည်ကို ကျွန်တော်မျိုးတို့ သတိထားလိုက်မိပါသည်။ ထိုသူမှာ အခြားသူမဟုတ် ဘုရင်မရှေ့တော်တွင် ခွေလဲနေသော ပါဒမြို့စားကြီးပင်ဖြစ်ကြောင်း ကျွန်တော်မျိုး ရဲရဲကြီး အာမခံဝန့်ကြောင်းပါ''

ကျော်ဇေယျသည် ဘုရင်မ၏ နန်းတော်မြေပုံရရှိခဲ့ပုံများကို ပြန်လည်၍ လျှောက်တင်လိုက်ရာ ဘုရင်မနှင့်တကွ တရားလွှတ်တော်အတွင်းရှိ ပရိသတ်အားလုံးသည် ပါဒမြို့စားကြီး၏ လက်ဝဲဘက်လက်သန်းကို အာရုံစိုက်ပြီး ကြည့်နေကြပေသည်။ တရားလွှတ်တော်တခုလုံးမှာလည်း ငြိမ်သက်တိတ်ဆိတ်လျက်ရှိပေသည်။

''အမိန့်တော်မှတ်မယ်၊ အမိန့်တော် နာခံ''

ဘုရင်မသည် ပါဒမြို့စားကြီး လက်ဝဲဘက်လက်သန်းကိုစိုက်ပြီး ကြည့်နေရာမှ ကြည်လင်ပြတ်သားသောအသံဖြင့် ပြောလိုက်ရာ ဘုရင်မ ချမှတ်မည့်အမိန့်သံကို ငြိမ်သက်စွာ နာခံနေကြပေသည်။

''သုဓနုဘုရင်ယုတ်၏ သူလျှိုပါဒမြို့စားကြီး မောင်ဒီပအား ယခုချက်ခြင်းထောင်သွင်းအကျဉ်းထားစေ။ နက်ဖြန်နံနက် အရုဏ်တက်ချိန်တွင် လည်ပင်းကြိုးတဲ၍ သတ်စေအမိန့်တော်''

*(ဆက်လက်ဖော်ပြပါမည်။)*

*(မူရင်းသတ်ပုံအတိုင်းဖော်ပြထားပါသည်။)*

မှဝ်

www.burmeseclassic.com

www.burmeseclassic.com





# ဆရာစံ ဇာတာတို၏

## ၇ ရက် သား သ မီး များ အ တွက် အ ဟော



**တနင်္ဂနွေနေ့မွေးသောသူများ**

နှစ်သစ်သို့ ကူးပြောင်းသည်နှင့် ကံသစ်ပွင့်ကာ အစစအရာရာအဆင်ပြေခြင်း၊ တိုးတက်ခြင်းဘက် ဦးတည်လာမည်။ မိမိရည်မှန်းချက်၊ လျာထားချက်အလုံးစုံပေါ်၌ အောင်မြင်အောင် ဖန်တီးနိုင်စွမ်းရှိမည်။ စိတ်ချမ်းမြေ့ဖွယ်သတင်းစကားများ ကြုံတွေ့ရမည်။ အလုပ်အဆင့် တိုးတက်ခြင်း၊ ငွေကြေးကံ ဘဝတက်လမ်း ကံပွင့်ထွန်းခြင်းရှိမည်။ မိသားစုတွင် အလုပ်စီးပွားတိုးတက်မည်။ ပျိုရွယ်သူများ၊ အချစ်ရေး မေတ္တာရေးကံကောင်းမည်။ သွားလေရာ ရောက်လေရာ စန်းပွင့်ခြင်းကြုံမည်။ လုပ်ငန်းခွင်အတွင်း ပြောရေးဆိုရေးအောင်မြင်ခြင်း၊ ဆောင်ရွက်မှုမှန်သမျှ တိုးတက်ခြင်းရှိမည်။ လွန်ခဲ့သော နှစ်လအတောအတွင်းရသင့်လျက် ကြန့်ကြာနေသည်များ၊ လက်လွှန်ထားသည်များ လက်ဝယ်ပြန်လည်ရရှိပိုင်ဆိုင်မည်။ မှန်းသည်ထက် ပိုရှိငွေဝင်ခြင်းကြုံမည်။

**ယတြာ– မြောက်အရပ်ကို မျက်နှာမူ၍ ဂျောက်ဂျက်တစ်ခုအား လှူပ်ခါပြီးလိုရာဆန္ဒပြုပါ။**

**တနင်္လာနေ့မွေးသောသူများ**



တစ်ပါးသူ မြောက်ပင့်ပြောဆိုနေသည်ကို သိလျက် သာယာကြည်နူးနေလိမ့်မည်။ ပကာသနအား ဦးစားပေးသော ဝန်းကျင်နှင့် ဆက်ဆံနေရမည်။ ဘာသာရေး လေးစားသယောင်နှင့် အတ္တများသော သူနှင့် တွေ့တတ်သည်။ အလုပ်သစ်၊ အကြံအစည်သစ်များကိုအခြေခံမှ စတင်ဆောင်ရွက်နေရမည်။ စတင်ဆောင်ရွက်သည့်ကိစ္စ မှန်သမျှလည်း ကောင်းသောအကျိုးဆက်ရမည်။ အပျော်အပါး မလိုက်စားပါနှင့်။ ငွေကြေးချွေတာပါ။ ဆံပင်ညှပ်လိုစိတ်၊ ဆံပင်ပုံစံပြုပြင်လိုစိတ် ပေါ်နေမည်။ ဆန္ဒရှိသည့်အတိုင်း ပြင်ဆင်လိုက်ပါ။ ရက်ပိုင်းအတွင်း ကံသစ်ပွင့်မည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စ စကားပြောဆိုမှုများ အဆင်ပြေမည်။ မိသားစုအတွက် အချိန်ပေး ဆောင်ရွက်မှုများမှ ကောင်းသောအကျိုးဆက်ရရှိမည်။

**ယတြာ – ကြာပန်းပွင့်နေပုံ ပန်းချီကားတစ်ခုအား မိမိအနီးဝန်းကျင်တွင် ထားရှိပေးပါ။**



**အင်္ဂါနေ့မွေးသောသူများ**

မထင်မှတ်ဘဲ ခရီးသွားရမည်။ အပြောင်းအလဲရှိမည်။ ခရီးတိုဖြစ်စေ၊ ခရီးရှည်ဖြစ်စေ သွားရောက်ခြင်းဖြင့် အကျိုးကောင်းရရှိမည်။ ကာလရှည်ကြာ လုပ်ကိုင်ထားသည့်ကိစ္စများမှ ကောင်းသောအကျိုး ဖြစ်ထွန်းမည်။ မိမိဘဝနှင့် လျော်ညီခြင်းမရှိသော မကြံအပ်၊ မစည်အပ်၊ မလုပ်သင့်သော အရာများကို လုပ်ကိုင်မိ၍ အချိန်ကုန်၊ ငွေကုန်ဖြစ်တတ်သည်။ မိသားစုအတွက် စိုးရိမ်ရမည်။ အိမ်မှသူတစ်ဦးအတွက် ရုံးရောက်ဂါတ်ရောက် လိုက်လံဖြေရှင်းရမည်။ ယခင်မြှုပ်နှံဆောင်ရွက်ထားသည့် ငွေကြေးများမှ အမြတ်အစွန်းကောင်း ရရှိမည်။ ချစ်သူမှ အထင်လွဲခြင်း၊ စွပ်စွဲခံရခြင်းမျိုး ကြုံတတ်သည်။

**ယတြာ – အနီရောင်သီးမွှေးဦးထုပ်တစ်လုံး ဝယ်ယူသုံးစွဲပါ။**

**ဗုဒ္ဓဟူးနေ့မွေးသောသူများ**



အတိတ်ကာလ၏ အငြိုးအတေးများကို ရင်ဆိုင်ဖြေရှင်းရမည်။ အိမ်တွင်းရေး အညံ့ရှိသည်။ ဦးတည်ချက်မဲ့သော အနှစ်သာရကင်းမဲ့သော ကိစ္စများနှင့် အချိန်ကုန်နေလိမ့်မည်။ လိုလားသောအရာကို မရရအောင် နည်းအမျိုးမျိုးနှင့် ကြံဆောင်ရယူလိမ့်မည်။ လက်ဝယ်ရရှိပါက တန်ဖိုးမထား၊ ချောင်းထိုးထားခြင်းမျိုးပြုလိမ့်မည်။ ကူညီသူ၊ ပေးကမ်းထောက်ပံ့သူ၊ မိမိအကျိုး အထောက်အကူပြုသူများ မည်မျှရှိစေ ဆန္ဒမပြည့်ဝသလို စိတ်တိုင်းမကျသလို ဖြစ်နေမည်။ မိမိမိုက်မဲမှု၊ တဇွတ်ထိုးလုပ်မှုကြောင့် စိတ်အနှောင့်အယှက်များ၊ စိတ်ရှုပ်ထွေး စရာများ ဖြစ်ပေါ်မည်။ ဘာသာရေးနှင့် ပတ်သက်သော လက်ဆောင်ပစ္စည်းတစ်ခု ရရှိလိမ့်မည်။ ထိုသို့ရရှိပြီး ထူးထူးခြားခြား ကောင်းခြင်း၊ ကံ မြင့်မားခြင်း၊ အဆင်ပြေခြင်းများ ဖြစ်ထွန်းမည်။

**ယတြာ – ကြေးဖြင့် ပြုလုပ်ထားသော ပန်းအိုးအတွင်း အဝါရောင်သစ်ခွပန်းထိုး၍ အမြင့်တစ်နေရာတွင် တင်ထားပါ။**

www.burmeseclassic.com

www.burmeseclassic.com





# ဆရာစံ ဇာဇီဘို၏

## ၇ ရက် သား သမီး များ အတွက် အဟော



**ရာဟုမွေးသောသူများ**

အတိုက်အခံအားလုံးကို ကျော်ပြီး အခက်အခဲများစွာကို ဖြေရှင်းနိုင်မည်။ မည်သူနှင့်မျှ မတိုင်ပင်ဘဲ ဆောင်ရွက်လိုက်သည့်ကိစ္စများ အဆင်ပြေသွားမည်။ ကိုယ်အမှန်တကယ်လုပ်သင့်သည်များကို ဘေးဖယ်ထားပြီး လူပြောသူပြောများသည့်ကိစ္စများကို လုပ်ခြင်း ကြောင့် အကုန်အကျများခြင်း၊ စိတ်ပင်ပန်းရခြင်းကြုံမည်။ ၎င်းအပြင် အဆုံးသတ်ချိန်ရောက်ကာမှ အလွဲလွဲ၊ အချော်ချော်ဖြစ်ခြင်း၊ အစမှပြန်လည်စတင်ရခြင်း ရှိတတ်သည်။ သူတစ်ပါးစကား နားမထောင်ဘဲလုပ်သင့်သည်ကို လုပ်ပါက အလုံးစုံအဆင်ပြေသွားမည်။ ချစ်သူက လမ်းခွဲစကားပြောလိမ့်မည်။ ရင်နှင့်အောင် ခံစားရလိမ့်မည်။ မစိုးရိမ်ပါနှင့်။ လက်တွေ့မကျပါ။ ခရီးကိစ္စ ဆောင်ရွက်မှုများ အဆင်ပြေမည်။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စ သတိနှင့်ဆောင်ရွက်ပါ။

**ယတြာ – သလင်း(သို့)ကြွေဖြင့်ပြုလုပ်ထားသော စုံတွဲရုပ်ထုကို အမြင့်တစ်နေရာတွင် တင်ထားပေးပါ။**



**ကြာသပတေးမွေးသောသူများ**

အောင်မြင်၊ အဆင်ပြေ၊ တိုးတက်၊ ကံပွင့်လိုရာပြည့်မည်။ မထင်မှတ်ဘဲ အလှူအတန်းကိစ္စ၊ ဘာသာရေးကိစ္စ တစ်ခုတွင် ပါဝင်ဆောင်ရွက်ပေးပြီး ရက်ပိုင်းအတွင်းကံမြင့်မားလာမည်။ ရည်မှန်းချက်ကြီးကြီးထားပြီး ရှေ့တိုးဆောင်ရွက်သင့်သည်။ စီးပွားထွန်း ကားမည်။ အကြီးအကဲများထံမှ အကူအညီရမည်။ အလုပ်အဆင်ပြေ၍အကြံအောင်မည်။ ပညာအတတ်နှင့် ပတ်သက်၍ အထူးအောင်မြင်မည်။ လုပ်ငန်းတိုးတက်ခြင်း၊ ရာထူးတိုး၊ လခတိုးခြင်း၊ ငွေအစုလိုက်ရခြင်းကြုံမည်။ ဤရက်ပိုင်းအတွင်း ဂါထာ၊ ပုံတော်၊ အဆောင်ပစ္စည်းတစ်ခုခု လက်ဆောင်ရလိမ့်မည်။ ရရှိပါက အမြင့်တစ်နေရာတွင် တင်၍ အမွှေးတိုင်ပူဇော်ပါ။ ထူးခြားအံ့၊ ဆန်းအလှူခံသူရောက်ရှိလာမည်။ လှူလိုက်ပါ။

**ယတြာ – ပုံပြင်စာအုပ်(၂)အုပ်ကိုဝယ်ယူပြီး ကိုယ်တိုင်တစ်အုပ်ဖတ်၍ တစ်အုပ်လက်ဆောင်ပေးပါ။**



**သောကြာနေ့မွေးသူများ** – ယှဉ်ပြိုင်မှု အလုံးစုံအောင်မြင်၍ အလိုပြည့်စုံ၊ ကံကောင်းတိုးတက်ခြင်းများ ဖြစ်ပေါ်မည်။ ဦးတည်လိုက်တိုင်း နေရာတိုင်း၌ အတိုက်အခံကြုံပြီးမှ အောင်မြင်မည်။ ကျန်းမာရေးအညံ့ရှိသည်။ မတော်တဆ ထိခိုက်မှုအန္တရာယ်ကြုံနိုင်သည်။ လုပ်ငန်းခွင်မှ သူများအဖို့နာမည်ပျက်၊ လုပ်ငန်းပျက်အောင် သိက္ခာကျအောင် လိုက်လံပြောဆို နှောင့်ယှက်သူများ ကြုံလိမ့်မည်။ ထိုသို့ကြုံဆဲ ဒုက္ခရောက်နေသူ သုံးဦးကိုကူညီရကိန်းရှိမည်။ အကူအညီပေးပြီး ရက်ပိုင်းအတွင်း အရာရာအဆင်ပြေသွားမည်။ ကိုယ်ပိုင် လုပ်ငန်းလုပ်သူများအဖို့ အမှန်တကယ်အကျိုးအမြတ်ရမည့်လုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီးမရှိ၍ စိတ်ရှုပ်နေဆဲ ကလေးသူငယ်များကို အကျွေးအမွေးပြုသော နေရာတစ်ခုသို့သွားရောက်ရခြင်းကြုံပြီး လက်တွဲပူးပေါင်းရန် ကမ်းလှမ်းလာသူ ပေါ်ပေါက်မည်။

**ယတြာ – ကြယ်ပွင့်ပုံ ရင်ထိုးဝယ်ယူသုံးစွဲပေးပါ။**



**စနေနေ့မွေးသောသူများ**

အညံ့အဆိုးများ ကင်းစင်၍ အလိုဆန္ဒရှိသည်များ စနစ်တကျ လုပ်ကိုင်နိုင်မည်။ သဘာဝကြောင့် ဖြစ်လာသော ဘေးအန္တရာယ်သတိရှိရမည်။ ဤရက်အတွင်း ရရှိသော ငွေစက္ကူများအနက် (၆)ဂဏန်းသုံးလုံးပါသော ငွေစက္ကူရပါက သိမ်းဆည်း ဆောင်ယူထားလိုက်ပါ။ ကံကောင်းလာဘ်ပွင့်စေမည်။ နေရာအကူးအပြောင်း ကိစ္စ ဆောင်ရွက်မှုအတွက် အဆင်ပြေမည်။ ရန်အားလုံးကို အောင်မြင်သွားမည်။ လုယူခံထားရသလို ဖြစ်နေသည်များ ယက်ဝယ်ပြန်လည် ရရှိမည်။ လျှာနှင့်လည်ပင်းတွင် အန္တရာယ်ရှိသည်။ ဂဏန်းကောင်ရုပ်ပုံပါသော ပစ္စည်းလက်ဆောင်ရရှိလိမ့်မည်။ ခရီးသွားစဉ် ဗျိုင်းဖြူတွေ့ပါက လမ်းတွင် အလှူဒါနပြုပြီးနောက် ချက်ချင်းထီထိုးပါ။ ထီဆိုင်၏ အခန်းအမှတ်၊ ဆိုင်အမှတ်အားအသုံးပြု၍ ထီထိုးပါ။

**ယတြာ– အဖြူရောင်ကြွေပန်းအိုးအတွင်း နှင်းဆီပန်း (၃)ပွင့် စိုက်ထိုးပါ။**

*ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည် / စံ–ဇာဇီဘို*

www.burmeseclassic.com